ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၈

(၆း၁၁၂) မှ (၇း၈၇) အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၈]
စူရာဟ် မာအေဒဟ်
ခဲဖွယ်ဘောဇဉ် (စားဖွယ်ရာ) ကဏ္ဍ

ဖ ၁၁၂ မှ ဖ ၁၁၄ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃

ဖ ၁၁၅ မှ ဖ ၁၁၈ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅
၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇

ဖ ၁၁၉ မှ ဖ ၁၂၂ အထိ

၅။ အာယသ်တော်များ၏ ဆက်စပ်ပုံ ၁၄
၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆
၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇

ဖ ၁၂၃ မှ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈
၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈
၁၀။ မုအ်မင်န်သည် ရှင်သန်လျက်ရှိပြီး ကာဖိရ်သည် သေဆုံးလျက်ရှိခြင်း ၁၉
၁၁။ အီမာန်သည် အလင်းရောင်၊ ကုဖ္ဖရ်သည် မှောင်မိုက်ခြင်းဟူသည့်အကြောင်း..... ၂၂
၁၂။ အီမာန်၏ရောင်ခြည်သည် အခြားသူများကိုလည်း အကျိုးဖြစ်ထွန်းစေခြင်း ၂၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

ဖ ၁၂၄ မှ ဖ ၁၂၆ အထိ

၁၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅

၁၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇

၁၅။ နဗူဝသ်နှင့် ရေစာလသ်သည် မည်သူမှလုပ်ယူ၍ရသော အရာမဟုတ်၍ ယင်းအား ချီးမြှင့်ရန် အခွင့်အရေးသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ်ရှိခြင်း ၂၈

၁၆။ သာသနာတော်တွင် သာသနာအတွက် စိတ်နှလုံးအား ဖွင့်ပေးခြင်းနှင့် ၎င်း၏ လက္ခဏာများ ၃၀

၁၇။ ဆွဟာဗာများကို သာသနာတွင် သာသနာအတွက် ရင်ဖွင့်ပေးခြင်းကို ရရှိထားကြသောသူများဖြစ်ကြသောကြောင့် ဒွိဟသံသယများနှင့် အနည်းအကျဉ်းသာ ရင်ဆိုင်ရခြင်း ၃၁

၁၈။ ဒွိဟသံသယများနှင့် ကင်းဝေးစေသည့် နည်းလမ်းအမှန်သည် ငြင်းခုံခြင်းမဟုတ်ဘဲ 'ရှရ်ဟေဆွဒရ်' ကို ရယူခြင်းပင်ဖြစ်ခြင်း ၃၁

ဖ ၁၂၇မှ ဖ ၁၂၉ အထိ

၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၃

၂၀။ သိမှတ်စရာများနှင့် ဓမ္မသတ်များ ၃၅

ဖ ၁၃၀ မှ ဖ ၁၃၃ အထိ

၂၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁

၂၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၂

၂၃။ 'ဟရ်ရ်' ကွင်းပြင်တွင် ကျင့်ကြံမှုများနှင့် စာရိတ္တများအပေါ် အခြေခံ၍ လူများ အုပ်စုအသီးသီး ဖြစ်သွားကြပြီး လောကီ၏ ပတ်သက်မှုအပေါ် အခြေခံ၍ ဖြစ်ရှိမည်မဟုတ်ခြင်း ၄၂

၂၄။ လောကတွင်လည်း ကျင့်ကြံမှုများနှင့် စာရိတ္တများသည် တစ်စည်းတစ်လုံးတည်း ဆောင်ရွက်ရသည့် ကိစ္စရပ်များ၌ ထိရောက်မှုရှိခြင်း ၄၂

၂၅။ မတရားသောသူတစ်ဦးသည် အခြားမတရားသောသူတစ်ဦး၏ လက်တွင်း ဒဏ်ခတ်ခြင်း ခံရတတ်ခြင်း ၄၄

၂၆။ 'ဂျင်န်' များ၌လည်း ရစူလ်ရှိပါသလော ၄၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၇။	ဟိန္ဒူများ၏ကိုးကွယ်ခံများသည် များသောအားဖြင့် 'ဂျင်န်'များဖြစ်ကြသည်။	
၂၈။	၄င်းကိုးကွယ်ခံများတွင် ရစ္စူလ် (သို့) နဗီ ဖြစ်နိုင်ချေရှိခြင်းအကြောင်း	၄၈
	ဝ ၊ ၁၃၄ မှ ဝ ၊ ၁၃၇ အထိ	
၂၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၀
၃၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၂
၃၁။	အလ္လာဟ်အသျှင်မြတ်သည် အားလုံးထက် ပြီးပြည့်စုံတော်မူသော အသျှင်ဖြစ်တော်မူ၍ စကြဝဠာကြီးအား ဖန်ဆင်းခြင်းသည် ထိုအသျှင်မြတ်၏ မဟာကရုဏာတော်၏ ရလဒ်ပင်ဖြစ်ခြင်း	၅၃
၃၂။	ထိုသတိပေးမိန့်ကြားချက်သည် ကာဖိရ်များအတွက် ဖြစ်သော်ငြားလည်း မွတ်စ္စလင်မ်များအတွက် သံဝေဂတရားဖြစ်ခြင်း	၅၈
	ဝ ၊ ၁၃၈ မှ ဝ ၊ ၁၄၁ အထိ	
၃၃။	အာယသ်တော်များ၏ ဆက်စပ်ပုံ	၆၀
၃၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၁
	ဝ ၊ ၁၄၂ မှ ဝ ၊ ၁၄၃ အထိ	
၃၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၄
၃၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၅
၃၇။	လယ်၊ ခြံမြေအပေါ် 'အုရှ်ရ်' ၏ ပညတ်ချက်	၆၈
	ဝ ၊ ၁၄၄ မှ ဝ ၊ ၁၄၅ အထိ	
၃၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၃
	ဝ ၊ ၁၄၆ မှ ဝ ၊ ၁၄၈ အထိ	
၃၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၅
	ဝ ၊ ၁၄၉ မှ ဝ ၊ ၁၅၁ အထိ	
၄၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၈

၆ း ၁၅၂ မှ ၆ း ၁၅၄ အထိ

၄၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၁

၄၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၂

၄၃။ အာယသ်တော်၏ အရေးကြီးသည့် ထူးခြားချက်များ ၈၄

၄၄။ ဤအာယသ်တော်များသည် တမန်တော်မြတ် ﷺ ၏ သေတမ်းစာပင်ဖြစ်ခြင်း... ၈၄

၄၅။ ပထမဦးဆုံး အကြီးမားဆုံး 'ဂိုနာဟ်' မှာ တုပနိူင်းယှဉ်ခြင်းဖြစ်ပြီး ယင်းကို 'ဟရာမ်' သတ်မှတ်ထားခြင်း ၈၅

၄၆။ ရှရစ်က်၏အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ၎င်း၏ အမျိုးအစားများ ၈၆

၄၇။ ဒုတိယပြစ်မှုဖြစ်သည့် မိဘများနှင့် ရိုင်းပျစွာ ဆက်ဆံခြင်း ၈၇

၄၈။ တတိယအချက်မှာ သားသမီးများကို သတ်ဖြတ်ခြင်းသည် ဟရာမ်ဖြစ်ခြင်း ၈၉

၄၉။ သားသမီးများကို ပညာရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ မသွန်သင်ပေးခြင်းနှင့်

၅၀။ သာသနာမဲ့ဖြစ်သွားရန်အတွက် လွတ်လပ်စွာ စွန့်လွှတ်ထားခြင်းသည်လည်း သားသမီးများကို သတ်ဖြတ်သည့်ပုံစံတစ်မျိုးပင် ဖြစ်ခြင်း ၉၀

၅၁။ စတုတ္ထမြောက်ဟရာမ်ဖြစ်ခြင်းမှာ အရှက်မဲ့စွာပြုမူဆောင်ရွက်ခြင်းပင်ဖြစ်ခြင်း... ၉၁

၅၂။ ပဥ္စမမြောက် 'ဟရာမ်' ဟု သတ်မှတ်ထားသော အရာမှာ မတရားသတ်ဖြတ်ခြင်းဖြစ်ခြင်း ၉၃

၅၃။ ဆဌမမြောက် 'ဟရာမ်'ပြုထားသော အရာမှာ ဖတဆိုးများ၏ ဥစ္စာပစ္စည်းများကို မတရားစားသောက်ခြင်း ၉၅

၅၄။ သတ္တမမြောက် 'ဟရာမ်'ပြုထားသော အရာမှာ ချိန်တွယ်ရာနှင့် တိုင်းထွာရာ၌ လျော့နည်းခြင်း ၉၆

၅၅။ အထက်လူကြီးများ၊ ဝန်ထမ်းများ၊ အလုပ်သမားများလည်း မိမိတာဝန်ချိန်၌ ပေါ့လျော့မည်ဆိုလျှင်လည်း ချိန်တွယ်တိုင်းထွာရာ၌ ပေါ့လျော့သည့်အဓိပ္ပါယ်၌ ပါဝင်မည်ဖြစ်ခြင်း ၉၇

၅၆။ အဌမမြောက် ပညတ်ချက်မှာ တရားမျှတမှုရှိရန်ဖြစ်၍ ၎င်းနှင့် ဆန့်ကျင်ဘက် ပြုလုပ်လျှင် မပိုင်ခြင်း ၉၈

၅၇။ နဝမမြောက်အမိန့်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ပြုထားသောကတိခံဝန်ချက်များ အပေါ် အပြည့်အဝလိုက်နာခြင်းမရှိဘဲ ကတိပျက်ခြင်းသည် ဟရာမ်ဖြစ်ခြင်း..... ၁၀၀

၆ း ၁၅၅ မှ ၆ း ၁၅၈ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၆
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၇

၆ း ၁၅၉

၆၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၉
၆၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၀

၆ း ၁၆၀မှ ၆ း ၁၆၁ အထိ

၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆
၆၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၆
၆၄။ သာသနာတော်တွင် တရားသစ်တီထွင်ခြင်းအပေါ် ပြင်းပြင်းထန်ထန်
ခြိမ်းခြောက်ထားခြင်း ၁၁၈

၆ း ၁၆၂ မှ ၆ း ၁၆၆ အထိ

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၄
၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၅
၆၇။ တစ်ပါးသူ၏ 'ဂိုနာဟ်' ဝန်ထုပ်ဝန်ပိုးကို အခြားသူတစ်ဦး ထမ်းရွက်ရမည်
မဟုတ်ကြောင်း ၁၂၉

ဆူရာဟ်အအ်ရာဖ်
ကြွင်းမျှားကဏ္ဍ

၇ း ၁ မှ ၇ း ၇ အထိ

၆၈။ စူရာဟ်တော်၌ပါရှိသော အကြောင်းအရာ၏အကျဉ်း ၁၃၃
၆၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၄
၇၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၅

၇ း ၈ မှ ၇ း ၁၀ အထိ

၅၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၈
၅၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၉
၅၃။ အမလ်ကျင့်ကြံမှုအား ချိန်တွယ်ခြင်းနှင့်စပ်လျဉ်း၍ သံသယတစ်ခုနှင့် ၄င်း၏အဖြေ ၁၄၁
၅၄။ 'အအ်မလ်' ချိန်တွယ်မှုသည် မည်သို့ ဖြစ်မည်နည်း။ ၁၄၄

၇ း ၁၁ မှ ၇ း ၁၈ အထိ

၅၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၀
၅၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၂
၅၇။ အီဗ်လီးစ်၏ ဒိုအာတောင်းခံခြင်းသည် 'ကေယာမသ်' နေ့တိုင် သက်တမ်း၏ တောင်းခံမှုကို လက်ခံခဲ့သနည်း။ (သို့) လက်မခံခဲ့သနည်း။ လက်ခံခဲ့သည့်ပုံစံဖြင့် အာယသ်နှစ်ခုရှိ ကွဲပြားနေသော စာလုံးများအား ညှိနှိုင်းခြင်း ၁၅၂
၅၈။ ကာဖိရ်၏ ဒိုအာသည်လည်း လက်ခံနိုင်ပါ၏လော ၁၅၄
၅၉။ အာဒမ် عليه السلام နှင့် အီဗ်လီးစ်တို့၏ အကြောင်းအရာ၌ အမျိုးမျိုးသော စာလုံးများ ၁၅၄
၆၀။ အီဗ်လီးစ်သည် အသျှင်မြတ်၏ ထံတော်ပါး၌ စည်းကမ်းမဲ့စွာဖြင့် ပြောဆိုရန် မည်သို့ သတ္တိရရှိခဲ့သနည်း။ ၁၅၅
၆၁။ ရှိုက်သွာန်၏ နှောင့်ယှက်မှုသည် လူသားအပေါ်၌ လေးဘက်လေးရံမှဟူ၍ သတ်မှတ်မထားဘဲ ဘက်ပေါင်းစုံမှ နှောင့်ယှက်နိုင်ခြင်း ၁၅၅

၇ း ၁၉ မှ ၇ း ၂၅ အထိ

၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၇
၆၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၉

၇ း ၂၆ မှ ၇ း ၂၇ အထိ

၆၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၀
၆၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၁
၆၆။ အဝတ်အစား၏ အကျိုးထူးနှစ်ရပ်အကြောင်း ၁၆၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၈၇။ ရှိုက်သွာန်၏ ပထမတိုက်ချက်သည် လူသားတို့အား ဝတ်လစ်စလစ်ပြုလုပ်သည့် ပုံစံမှဖြစ်ပြီး ယနေ့ခေတ် ကာလ၌လည်း လူသားတို့ကို ဝတ်လစ်စလစ် (သို့) အနည်းအကျဉ်း ချွတ်ဖော်မှုပြုလုပ်စေ၍ ရှိုက်သွာန်သည် နည်းလမ်းအသစ်ဖြင့် ပြုဆောင်နေခြင်းအကြောင်း ၁၆၃

၈၈။ အီမာန်သက်ဝင်ယုံကြည်မှု၏နောက် ဦးစွာ 'ဖွရ်ဇ်' တာဝန်သည် အရှက်ဖုံးခြင်းသာ ဖြစ်ခြင်းအကြောင်း ၁၆၄

၈၉။ အဝတ်အစား အသစ်ချုပ်သောအချိန် အဝတ်ဟောင်းအား 'ဆွဒ်ကာဟ်' ပေးလှူဒါန်းခြင်း၏ ကြီးမားသော 'စဝါးဗ်' ရမည့်အကြောင်း ၁၆၄

၉၀။ အရှက်ဖုံးအုပ်ခြင်းသည် မွေးဖွားသန့်စင်သည့်အချိန်မှအစပြု၍ လူသားတိုင်း၏ သဘာဝအလျောက် လုပ်ဆောင်ချက်ဖြစ်၍ တိုးတက်နေသော ခေတ်သစ် သိပ္ပံပညာရှင်တို့၏ အတွေးအခေါ်မှာ မှားယွင်းခြင်းအကြောင်း ၁၆၅

၉၁။ အဝတ်အစား၏ တတိယအမျိုးအစားတစ်ခု ၁၆၅

၉၂။ အပေါ်ယံအဝတ်အစား၏ အဓိကရည်ရွယ်ချက်သည်လည်း 'သက္ကဝါ' ရရှိရန် ဖြစ်ခြင်းအကြောင်း ၁၆၆

၇ း ၂၈ မှ ၇ း ၃၁အထိ

၉၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၉

၉၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၀

၉၅။ နမာဇ်တွင် အရှက်ဖုံးခြင်း 'ဖွရ်ဇ်' ဖြစ်၍ အရှက်မဖုံးလျှင် နမာဇ်မပိုင်ကြောင်း... ၁၇၆

၉၆။ နမာဇ်အတွက် ကောင်းသောအဝတ်အစား ၁၇၆

၉၇။ နမာဇ်တွင် အဝတ်အစားနှင့်ပတ်သက်၍ ဓမ္မသတ်အချို့ ၁၇၇

၉၈။ လိုအပ်သည်ခန့်စားခြင်း၊ သောက်ခြင်းသည် 'ဖွရ်ဇ်' ဖြစ်ခြင်း ၁၇၈

၉၉။ တစ်လောကလုံးရှိအရာများသည် မူရင်းဇစ်မြစ်တွင် ပြုနိုင်သောအရာများဖြစ်ပြီး၊ 'ဟရာမ်' ဖြစ်သည်ဟု တားမြစ်သည့် အထောက်အထားတစ်စုံတစ်ရာမရှိလျှင်

၁၀၀။ မည်သည့်အရာမှ 'ဟရာမ်' မဖြစ်ခြင်း ၁၇၈

၁၀၁။ စားသောက်ရာတွင် ဖြုန်းတီးခြင်း မပိုင်ခြင်း ၁၇၉

၁၀၂။ စားသောက်ခြင်းတွင် မျှတခြင်းသည်သာ လောကီနှင့်သာသနာတွင် အကျိုးရှိခြင်း ၁၇၉

၁၀၃။ အာယသ်တော်တစ်ခုမှ ရှရီအသ်၏ ဓမ္မသတ် (၈) ခု ၁၈၀

၇ း ၃၂ မှ ၇ း ၃၄ အထိ
၁၀၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၃
၁၀၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၄
၁၀၆။ ကောင်းသောအဝတ်အစားနှင့် အရသာရှိသောအစာများကို ရှောင်ကြဉ်ခြင်းသည် အစ္စလာမ်၏ သင်ပြမှု မဟုတ်ခြင်းအကြောင်း ၁၈၅
၁၀၇။ အဝတ်အစားနှင့်အစားအသောက်တွင် တမန်တော်မြတ် ﷺ ၏ ဆွန္နသ်အကြောင်း ၁၈၆

၇ း ၃၅ မှ ၇ း ၃၉ အထိ
၁၀၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၁

၇ း ၄၀ မှ ၇ း ၄၃ အထိ
၁၀၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၄
၁၁၀။ သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ ၁၉၅
၁၁၁။ တရားတော်၏ပညတ်ချက်များတွင် လွယ်ကူမှုကိုထောက်ထားခြင်းအကြောင်း... ၁၉၉
၁၁၂။ 'ဂျန္နသ်'သူ/သားများ၏ နှလုံးသားထဲမှ အချင်းချင်းထားရှိသော စိတ်ငြိုငြင်မှုများကို ထုတ်ပစ်တော်မူခြင်း ၂၀၀
၁၁၃။ 'ဟေဒါယသ်'၏ အဆင့်အတန်းများအသီးသီးရှိ၍ ယင်း၏နောက်ဆုံးအဆင့်မှာ
၁၁၄။ 'ဂျန္နသ်'အတွင်း ဝင်ရောက်ရခြင်းပင် ဖြစ်ခြင်း ၂၀၂

၇ း ၄၄ မှ ၇ း ၄၉ အထိ
၁၁၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၄
၁၁၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၆
၁၁၇။ 'အအ်ရာဖ်'၌ ရှိသောသူများမှာ မည်သူနည်း။ ၂၀၈
၁၁၈။ စလာမ်မေတ္တာပို့သခြင်း၏ 'ဆွန္နသ်'တော်စကားလုံး ၂၁၁

၇ း ၅၀ မှ ၇ း ၅၃ အထိ
၁၁၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၇ ႏ ၅၄	
၁၂၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၆
၁၂၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၆
၁၂၂။	မိုးကောင်းကင်နှင့် ပထဝီမြေအား ဖန်ဆင်းရာ၌ ခြောက်ရက်တာကာလ အဘယ်ကြောင့် ဖြစ်ရှိသနည်း။	၂၁၇
၁၂၃။	မိုးကောင်းကင်နှင့် မြေပထဝီ၊ နက္ခတ်တာရာများအား မဖန်ဆင်းမီအလျင် နေ့နှင့် ညဉ့်အား မည်သို့ ခွဲခြားသိရှိနိုင်မည်နည်း။	၂၁၇
	၇ ႏ ၅၅ မှ ၇ ႏ ၅၆ အထိ	
၁၂၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၂
၁၂၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၃
၁၂၆။	ပထဝီမြေ၏ ပြုပြင်ပြောင်းလဲခြင်းနှင့် ဖျက်ဆီးခြင်းဆိုသည်ကား အဘယ်နည်း။ ထို့အပြင် လူတို့၏အပြစ်ဒုစရိုက်များသည် ၄င်းအထဲ၌ မည်သို့ပတ်သက်သနည်း...	၂၂၈
၁၂၇။	ရောဂါဝေဒနာ တိုးပွားနေသကဲ့သို့ ဆေးဝါးများလည်း တိုးပွားနေခြင်း	၂၃၂
	၇ ႏ ၅၇ မှ ၇ ႏ ၅၈ အထိ	
၁၂၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၅
၁၂၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၆
	၇ ႏ ၅၉ မှ ၇ ႏ ၆၄ အထိ	
၁၃၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၂
၁၃၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၄
	၇ ႏ ၆၅ မှ ၇ ႏ ၇၂ အထိ	
၁၃၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၃
၁၃၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၅
၁၃၄။	အားဒ်နှင့် စမူဒ်၏ သမိုင်းအကျဉ်းချုပ်များ	၂၅၅
၁၃၅။	တမန်တော်ဟူးဒ် عليه السلام ၏ မျိုးရိုးစဉ်ဆက်နှင့် အချို့အခြေအနေများ	၂၅၆

ခဉ်	အကြောင်းအရာ	စာမျက်နှာ

၇ း ၇၃ မှ ၇ း ၇၆ အထိ

၁၃၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၂

၁၃၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၃

၁၃၈။ အမိန့်တော်များနှင့် ပညတ်ချက်များ ၂၆၈

၇ း ၇၇ မှ ၇ း ၇၉အထိ

၁၃၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၁

၁၄၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၂

၇ း ၈၀ မှ ၇ း ၈၄ အထိ

၁၄၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၇

၁၄၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၈

၇ း ၈၅ မှ ၇ း ၈၇အထိ

၁၄၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၈၅

၁၄၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၈၆

ပါရာ [၈]

ၶူရာဟ်မာအေဒဟ်

ခဲဖွယ်ဘောဇဉ် (စားဖွယ်ရာ) ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَلَوۡ اَنَّنَا نَزَّلۡنَاۤ اِلَيۡهِمُ الۡمَلٰۤـئِكَةَ وَكَلَّمَهُمُ الۡمَوۡتٰى وَ
حَشَرۡنَا عَلَيۡهِمۡ كُلَّ شَىۡءٍ قُبُلًا مَّا كَانُوۡا لِيُؤۡمِنُوۡۤا اِلَّاۤ اَنۡ يَّشَآءَ
اللّٰهُ وَلٰـكِنَّ اَكۡثَرَهُمۡ يَجۡهَلُوۡنَ ﴿۱۱۱﴾

၆ : ၁၁၂ ။ ။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့ထံ 'မလာအေကာဟ်' ကောင်းကင်တမန်များအား စေလွှတ်တော်မူခဲ့သည်ဖြစ်စေ၊ သူသေများသည် ၎င်းတို့နှင့် စကားပြောဆိုခဲ့ကြသည်ဖြစ်စေ၊ ငါအသျှင်မြတ်သည် ခပ်သိမ်းကုန်သော အရာဝတ္ထုအလုံးစုံတို့ကို ၎င်းတို့၏ ရှေ့မှောက်တွင် စုပေးတော်မူခဲ့သည်ဖြစ်စေ ၎င်းတို့သည် သက်ဝင်ယုံကြည်ခဲ့ကြမည်မဟုတ်ပေ။ သို့သော် အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိမှသာလျှင် (သက်ဝင်ယုံကြည်ကြမည် ဖြစ်သည်။) သို့ဖြစ်သော်ငြားလည်း ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် အသိတရား ကင်းမဲ့ကြလေသည်။

وَكَذٰلِكَ جَعَلۡنَا لِكُلِّ نَبِىٍّ
عَدُوًّا شَيٰطِيۡنَ الۡاِنۡسِ وَالۡجِنِّ يُوۡحِىۡ بَعۡضُهُمۡ اِلٰى بَعۡضٍ
زُخۡرُفَ الۡقَوۡلِ غُرُوۡرًا ؕ وَلَوۡ شَآءَ رَبُّكَ مَا فَعَلُوۡهُ فَذَرۡهُمۡ
وَمَا يَفۡتَرُوۡنَ ﴿۱۱۲﴾

၆ : ၁၁၃ ။ ။ စင်စစ် ငါအသျှင်မြတ်သည် လူရိုက်သွန်များနှင့် 'ဂျင်န်' ရိုက်သွန်များကို ဤနည်းလမ်းအတိုင်းပင် နဗီတမန်တော်တိုင်း၏ ရန်သူများအဖြစ် ပြုလုပ်ထားတော်မူခဲ့သည်။ ၎င်း (ရိုက်သွန်) တို့သည် လှည့်စားဖြားယောင်းရန်အလို့ငှာ

အပေါ်ယံ ဆီလျော်ဟန်ရှိ (အပြင်ပန်းလှ) သော စကားများကို အချို့သူတို့ (၏ စိတ်နှလုံးတွင်း) သို့ ထည့်သွင်းပေးလေ့ရှိကြသည်။ အမှန်စင်စစ် အကယ်၍သာ အသင်၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (ယင်းသို့ မဖြစ်စေရန်) အလိုရှိတော်မူခဲ့ပါလျှင် ၎င်း (ရှိုက်သွာန်) တို့သည် ယင်းသို့ ပြုလုပ်နိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့နှင့် ၎င်းတို့ လီဆယ်ပြောဆိုကြသည့် အရာများကို (လျစ်လျူရှု) စွန့်ပယ်ထားပါလေ။

وَلِتَصْغَىٰٓ إِلَيْهِ أَفْـِٔدَةُ ٱلَّذِينَ لَا يُؤْمِنُونَ
بِٱلْـَٔاخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُوا۟ مَا هُم مُّقْتَرِفُونَ ﴿١١٣﴾

၆ : ၁၁၃ ॥ ॥ ၎င်းပြင် (ယင်းတို့သည် အချင်းချင်း တစ်ဦးထံ တစ်ဦး) ထို (အပြင်ပန်းလှ) သော စကားများကို ပို့ပေးလေ့ရှိကြသည်မှာ 'အာခိရသ်' နောင်တမလွန်ဘဝကို မယုံကြည်ကြသော သူတို့၏ စိတ်နှလုံးများအား ထို (စကားများ) ဘက်သို့ ယိမ်းယိုင်သွားစေရန်အတွက်လည်းကောင်း၊ ထိုစကားများကို နှစ်သက်ကြစေရန်အတွက်လည်းကောင်း၊ ထိုသူတို့အား (ယခု) ပြုလုပ်လျက်ရှိသည်များကို ဆက်လက်ပြုလုပ်မြဲ ပြုလုပ်သွားစေရန်အတွက်လည်းကောင်း ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် အကယ်၍ လက္ခဏာတစ်ရပ်ဖြစ်စေ၊ များစွာသော ကြီးကျယ်သည့် လက္ခဏာများဖြစ်စေ ဖော်ထုတ်ပေးခဲ့သည်ရှိသော် ဥပမာ- ၎င်းတို့ထံ ဖရစ်ရှ်သာဟ်များ စေလွှတ်၍ဖြစ်စေ၊ ပမာဆိုရသော် ၎င်းတို့က-

لَوْلَآ أُنزِلَ عَلَيْنَا ٱلْمَلَٰٓئِكَةُ

ဟု ပြောဆိုကြသည်။ သို့မဟုတ် သေသူတစ်ဦးက ၎င်းတို့နှင့် စကားပြောဆိုသည်ဖြစ်စေ၊ ပမာဆိုရသော် ၎င်းတို့က فَأْتُوا بِآبَآئِنَا ဟု ပြောဆိုကြသည်။ သို့မဟုတ် تَأْتِىَ بِٱللَّهِ وَٱلْمَلَٰٓئِكَةِ قَبِيلًا ဟု ပြောဆိုမည်ဆိုလျှင်လည်း ငါအသျှင်မြတ်သည် ထိုမှလောကပင် လုံလောက်သည်ဟု မယူဆဘဲ အကွယ်၌ ရှိရှိသမျှသော အရာများကို (ယင်းအချက်၌ 'ဂျန္နသ်' နှင့် 'ဂျဟန္နမ်' လည်း ပါဝင်သွားပြီးဖြစ်သည်) ၎င်းတို့ ရှေ့မှောက်၌ မျက်ဝါးထင်ထင် မြင်တွေ့စေရန် စုစည်းပေးလိုက်လျှင်လည်း ထိုသူများသည် လုံးဝ အီမာန် သက်ဝင်ယုံကြည်လာကြမည် မဟုတ်ချေ။ သို့သော် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပြီး ၎င်းတို့၏ 'သက်ဒီးရ်' အား ပြောင်းလဲလိုက်လျှင် တစ်မျိုးဖြစ်သွားပေမည်။ သို့ရှိရာ ၎င်းတို့၏ ဆိုးသွမ်းမှု၏ အခြေအနေမှာ ဤသို့ ရှိပေသည်။ ၎င်းတို့ကိုယ်တိုင်ကလည်း ထိုအရာများကို သိရှိထားပြီး အီမာန်ယူလာရန် ဆန္ဒမရှိသည့်အတွက် ဖော်ပြပါလက္ခဏာများ တင်ပြမည်ဆိုလျှင်လည်း အချည်းအနှီးပင်ဖြစ်မည်။ သို့သော် ၎င်းတို့ထဲ၌ အသိဉာဏ်မဲ့သောစကားများ ပြောဆိုသူ များပြားလှပေသည်။ ၎င်းမှာ အီမာန်ယူလာရန် ဆန္ဒမရှိဘဲ လက္ခဏာ

များအား တောင်းဆိုခြင်းသည် အသိဉာဏ်ကင်းမဲ့ကြောင်း ထင်ရှားပေသည်။ ထိုသူများသည် အသင် ကိုယ်တော်နှင့် ဤသို့ ရန်ငြိုးထားကြသကဲ့သို့ ငါအလ္လာဟ်မြတ်သည် နဗီတိုင်း၏ ရန်သူများထဲမှ များစွာသော ရှိုက်သွာန်များ ဖန်ဆင်းခဲ့သည်။ ၄င်းတို့ထဲမှ အချို့သည် လူသားဖြစ်ပြီး အချို့သည် ဂျင်န်နှင့် အီဗ်လီစ်၏ သားစဉ်မြေးဆက်များ ဖြစ်သည်။ ယင်းတို့ထဲမှ အီဗ်လီးစ်နှင့် ၄င်း၏ စစ်တပ်သည် ကာဖိရ်များကို အချည်း အနှီးစကားများဖြင့် ဒ္ဓိဟဖြစ်အောင် လုပ်ကြသည်။ သို့မှသာ ၄င်းတို့အား လှည့်ဖြားနိုင်မည် ဖြစ်သည်။ ထိုစကားရပ်များမှာ 'ကုဖွရ်'ဖြစ်စေသော စကားရပ်များနှင့် အီမာန်နှင့် ဆန့်ကျင်ဘက်စကားရပ်များ ဖြစ်သည်။ အပေါ်ယံအားဖြင့် စိတ်နှလုံးသားမှ ကောင်းသည်ဟု သိရှိသော်ငြားလည်း အတွင်းပိုင်း၌ ပျက်စီးနေသည်။ ဤသည်ပင်လျှင် လှည့်ဖြားခံရခြင်းဖြစ်သည်။ ယင်းစကားရပ်များသည် အသစ်အဆန်းမဟုတ်သည့်အတွက် အသင်ကိုယ်တော်နှင့် ထိုသူများ ဆက်ဆံသည့် အနေအထားအပေါ် သောကမဖြစ်လေနှင့်။ ကေန်အမှန် ယင်းသို့ ဖြစ်ရခြင်း၌လည်း အချို့ဆင်ခြင်တုံတရားများ ရှိပေသည်။ ဤအတွက်ကြောင့် ၄င်းရှိုက်သွာန် များသည် ထိုသို့ လုပ်ဆောင်နိုင်စွမ်းရှိကြလေသည်။ အကယ်၍ ၄င်းတို့ ထိုသို့ လုပ်ဆောင်နိုင်စွမ်းမရှိရန် အလ္လာဟ် အလ္လာဟ်မြတ်က အလိုတော်ရှိခဲ့ပါမူ အလျှင်းလုပ်ဆောင်နိုင်မည်မဟုတ်ပေ။ သို့သော် အချို့ဆင်ခြင်တုံတရား များကြောင့် လုပ်နိုင်စွမ်းပေးထားတော်မူပေသည်။

သို့ရှိရာ ထိုသို့ ဆင်ခြင်တုံတရား ထားရှိသည့်အတွက် သာသနာတော်အား ဖျက်လိုဖျက်ဆီး လုပ်ကြသော သူများ၊ နဗီတမန်တော်အား ငြင်းပယ်သူများကို အသင်ကိုယ်တော် လက်လွှတ်လိုက်ပါလေ။ ၄င်းတို့နှင့်ပတ်သက်၍ မည်သို့မျှ သောကမထားပါနှင့်။ ငါအလ္လာဟ် မြတ်ကိုယ်တော်တိုင် သင့်လျော်သည့် အချိန်တစ်ချိန်၌ ၄င်းတို့အား ဒဏ်ခတ်တော်မူမည်။ ထိုဆင်ခြင်တုံတရားများထဲမှ တစ်ချက်မှာ ရှိုက်သွာန် များသည် ကာဖိရ်များကို ဒွိဟအတွင်း နစ်မွန်းစေမှသာလျှင် ရှိုက်သွာန်များ၏ လှည့်ဖြားသော စကား ရပ်များဘက်သို့ ၄င်းကာဖိရ်များ၏ နှလုံးသားများ ယိမ်းယိုင်သွားပြီး တမလွန်အပေါ် မယုံကြည်နိုင်မည် ဖြစ်သည်။ (ဆိုလိုသည်မှာ ကာဖိရ်များဖြစ်သည်။ ယင်းတို့သည် ကျမ်းရထားသောသူများ ဖြစ်သော်ငြားလည်း ၄င်းတို့သည် ယုံကြည်ချက်ထားသင့်သလောက် မထားကြချေ။ သို့မဟုတ်ပါက နဗီတမန်တော်အား ငြင်းဆန် မှုအပေါ် 'ကေယာမသ်'နေ့၌ ခံစားရမည့် ပြစ်ဒဏ်ကြောင့် ထိုသို့ အတင့်ရဲကြမည်မဟုတ်ပေ။) သို့မှသာ ထိုစကားများဘက်သို့ စိတ်နှလုံးသား ယိမ်းယိုင်ပြီးနောက် ယုံကြည်နစ်သက်သွားကြမည်ဖြစ်သည်။ ထိုသို့ ယုံကြည်ပြီးနောက် ၄င်းတို့ ပြုလုပ်လျက်ရှိသော အရာများကို ဆက်လက်ပြုလုပ်သွားကြမည် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ထို့နောက် နောက်ဆုံး အာယသ်တော်အထိ မွတ်စ္စလင်မ်တို့ နားလည်သဘောပေါက်စေရန် တင်ပြ မိန့်ဆိုနေသည်မှာ အသင်တို့၏ တာဝန်သည် မိမိတို့၏ မှန်ကန်သော သာသနာတော်အပေါ် ကိုယ်တိုင် ရပ်တည်၍ အခြားသူများကိုလည်း မှန်ကန်သော ပုံစံနည်းစနစ်ဖြင့် ယင်းလမ်းမှန်ပေါ်သို့ ပို့ပေးရန်ဖြစ်သည်။

ယင်းနောက်ပိုင်းလည်း ထိုသူများသည် မိမိတို့၏ ရပ်တည်ချက်အပေါ် ဆက်လက် ရပ်တည်ခဲ့ကြသည် ဆိုလျှင် ၎င်းတို့အတွက် သောကမထားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် မည်သူ့ကိုမှ အတင်းအကြပ် မွတ်စ္စလင်မ်ပြုလုပ်ရန် မလိုအပ်ပေ။ အကယ်၍ အတင်းအကြပ်ပြုလုပ်လိုပါက အလ္လာဟ်အသျှင်မြတ်ထက် ပိုပြီး စွမ်းဆောင်နိုင်သူ မည်သူရှိမည်နည်း။ ထိုအသျှင်မြတ်ကိုယ်တော်တိုင် အားလုံးကို မွတ်စ္စလင်မ်ပြုလုပ်လိုက်မည်ဖြစ်သည်။ ၎င်းနောက် ဖော်ပြပါ အာယသ်တော်များတွင် မွတ်စ္စလင်မ်တို့အား တည်ငြိမ်မှုရှိစေရန် အတွက် တင်ပြထားသည်မှာ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' များကို ရှင်းရှင်းလင်းလင်း တင်ပြလိုက်မည်ဆိုလျှင်လည်း အီမာန်ယူလာကြမည်မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် ထိုသူများ၏ ငြင်းဆန်ခြင်းသည် မသိနားမလည်ခြင်းကြောင့် မဟုတ်ပေ။ သို့သော်မက ရန်ငြိုးနှင့် မိမိတို့၏ စိတ်အလိုကျအတိုင်း ရပ်တည်လိုသည့် ဖွတ်တရွတ်နိုင်ခြင်းပင် ဖြစ်သည်။ ယင်းစိတ်ဓါတ်အား ကုစားရန် မည်သည့် 'မုအ်ဂျေဇာဟ်' မှ မရှိချေ။ နောက်ဆုံးအာယသ်တော်ဖြစ်သည့်

وَلَوْ اَنَّنَا نَزَّلْنَا اِلَيْهِمُ الْمَلٰٓئِكَةَ

၌ ဖော်ပြပါ အကြောင်းတရားများကို တင်ပြထားခြင်းဖြစ်သည်။ အကယ်၍သာ ငါအသျှင်မြတ်သည် ၎င်းတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' များကို ပြသလိုက်သည်ဖြစ်စေ၊ သို့သော်မက ဖရစ်ရှ်သာဟ်များနှင့် ၎င်းတို့အား တွေ့ဆုံပေးလိုက်သည်ဖြစ်စေ၊ သေဆုံးသူများနှင့် စကားပြောဆိုစေလိုက်သည်ဖြစ်စေ ထိုသူများ လက်ခံမည်မဟုတ်ပေ။ နောက်ပိုင်းအာယသ်တော်နှစ်ခုတွင် တမန်တော်မြတ် ﷺ အား ဖြေသိမ့်စကား ဆိုထားပေသည်။ ၎င်းမှာ အကယ်၍ ထိုသူများသည် အသင်ကိုယ်တော်နှင့် ရန်ငြိုးထားသည်ဆိုလျှင် လည်း မည်သို့မျှ အံ့သြစရာမဟုတ်ပေ။ အတိတ်၌လည်း နဗီတမန်တော်များ၏ ရန်သူများ ရှိခဲ့ပေသည်။ အသင်ကိုယ်တော် ယင်းအကြောင်းတရားကြောင့် စိတ်သောကမရောက်ပါနှင့်။

◇◇◇◇◇◇◇◇◇◇◇◇◇

اَفَغَيْرَ اللّٰهِ اَبْتَغِىْ حَكَمًا وَّهُوَ الَّذِىْٓ اَنْزَلَ اِلَيْكُمُ الْكِتٰبَ مُفَصَّلًا ؕ
وَالَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْلَمُوْنَ اَنَّهٗ مُنَزَّلٌ مِّنْ رَّبِّكَ
بِالْحَقِّ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ۞

၆ : ၁၁၄ ။ ။ (အို၊ နဗီတမန်တော်၊ အသင်သည် ဤသို့ ပြောကြားပါလေ။) ငါသည် အလ္လာဟ်အသျှင်မြတ်အပြင် အခြားသော တရားစီရင်ဆုံးဖြတ်မည့်သူ (တရားသူကြီး) ကို ရှာဖွေရပါမည်လော။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့ထံသို့ (အရာရာကို အသေးစိတ်) ရှင်းလင်းဖော်ပြထားသော ကျမ်းမြတ် (ကုရ်အာန်) ကို ချပေးတော်မူခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ငါအသျှင်မြတ်သည် (အသင်တို့အလျှင်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သော သူတို့သည်လည်း

ယင်းကျမ်းမြတ် (ကုရ်အာန်) သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ တိကျမှန်ကန်သော အကြောင်းအရာနှင့်တကွ ကျရောက်လာသည့် တရားကျမ်းဂန်ဖြစ်ကြောင်းကို သိရှိကြကုန်သည်။ သို့ဖြစ်ပေရာ အသင်သည် သံသယရှိသူတို့အနက်မှ အပါအဝင်မဖြစ်ပါလေနှင့်။

وَتَمَّتْ كَلِمَتُ رَبِّكَ
صِدْقًا وَّعَدْلًا ۚ لَا مُبَدِّلَ لِكَلِمٰتِهٖ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿١١٥﴾

၆ : ၁၁၆ ။ ။ ၄င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (ဤ) အာယသ်တော်သည် မှန်ကန်ခြင်း အရာ၌လည်းကောင်း၊ တရားမျှတခြင်းအရာ၌လည်းကောင်း ပြည့်ဝစုံလင်လှပေသည်။ ထိုအသျှင်မြတ်၏ အာယသ်တော်များကို ပြောင်းလဲနိုင်သူဟူ၍ကား အလျှဉ်းမရှိပြီ။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَاِنْ تُطِعْ اَكْثَرَ مَنْ فِى الْاَرْضِ يُضِلُّوْكَ عَنْ سَبِيْلِ اللّٰهِ ۗ
اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ وَاِنْ هُمْ اِلَّا يَخْرُصُوْنَ ﴿١١٦﴾

၆ : ၁၁၇ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် ကမ္ဘာမြေပေါ်ရှိ မြောက်မြားစွာသော သူတို့၏ စကားကို လိုက်နာခဲ့ပါလျှင် ၄င်းတို့သည် အသင့်အား အလ္လာဟ်အသျှင်မြတ်၏လမ်းမှ တိမ်းစောင်းလွဲချော်စေကြမည် ဖြစ်ပေသည်။ ထိုသူတို့သည် ထင်မြင်ယူဆချက်များမှအပ အခြားမည်သည့်ကိုမျှ လိုက်နာကြမည်မဟုတ်ပေ။ စင်စစ် ၄င်းတို့သည် တွေးခေါ်ရမ်းဆ ပြောဆိုသူများသာ ဖြစ်ကြပေသည်။

اِنَّ رَبَّكَ هُوَ اَعْلَمُ مَنْ يَّضِلُّ عَنْ سَبِيْلِهٖ ۚ وَهُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿١١٧﴾

၆ : ၁၁၈ ။ ။ ကေန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်၏ လမ်းတော်မှ မည်သူသည် လွဲမှားတိမ်းချော်နေသည်ကို ကောင်းစွာ သိရှိတော်မူသည့်အပြင် ထိုအသျှင်မြတ်သည်ပင် လမ်းမှန်ကို ရရှိထားသူတို့ကိုလည်း ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်ကိုယ်တော်၊ ပြောကြားပါလေ။ ငါကိုယ်တော်နှင့် အသင်တို့ကြား နဗီတမန်တော် စေလွှတ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိကြပေသည်။ ငါကိုယ်တော်သည် အသျှင်မြတ်၏ အမိန့်တော်နှင့် ထိုအမှု၏ တရားလိုဖြစ်ပေသည်။ အသင်တို့သည် ငြင်းဆန်သူများ ဖြစ်ကြပေသည်။ ယင်းအမှုအား အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်ဘက်မှ ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပေသည်။ ငါကိုယ်တော်ဘက်မှ ထိုသို့ နဗီဟု

ကြွေးကြော်ခြင်းအပေါ် အထောက်အထားပေါင်း များစွာကို (ဆိုလိုသည်မှာ ကုရ်အာန်နှင့် 'မုအ်ဂျေဇာဟ်') အသျှင်မြတ်ကိုယ်တော်တိုင် တင်ပြမိန့်တော်မူခဲ့ပြီး ဖြစ်သည်။ သို့သော်ငြားလည်း အသင်တို့ လက်မခံကြချေ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထိုဆုံးဖြတ်ချက်များကို မလုံလောက်ဟု ဆိုလိုစေသည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားတစ်ဦးအား ဆုံးဖြတ်ရန် ရှာဖွေရမည်လော။ စင်စစ်အမှန် ထိုအသျှင်မြတ်သည် ပြီးပြည့်စုံသည့် ဆုံးဖြတ်ချက်ချပေးတော်မူခဲ့ပြီး ပြည့်စုံကုံလုံသည့် ကျမ်းကြီးတစ်ဆူကိုလည်း အသင်တို့ထံသို့ ပို့ပေးခဲ့ပြီးဖြစ်သည်။ ယင်းကျမ်းသည် ပြည့်စုံကုံလုံသည့်အတွက် နဗီတမန်တော်ဖြစ်ကြောင်းအပေါ် အထောက်အထားပေးရန် လုံလောက်ပေသည်။

သို့ရှိရာ ထိုကျမ်း၏ ပြည့်စုံကုံလုံခြင်း၌ အချက်နှစ်ချက်ရှိသည့်အနက် ပထမအချက်မှာ ပြည့်စုံကုံလုံစွာဖြင့် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ကျရောက်လာခြင်းဖြစ်သည်။ ကျန်တစ်ချက်မှာ ယင်းအချက်မှအပ အခြားအကြောင်းခံများဖြင့်လည်း ပြည့်စုံကြောင်း သိရှိရသည်။ ထို့နောက် ယင်းကျမ်းဂန်၌ လမ်းညွှန်ထားချက်များနှင့် သင်ကြားထားချက်များနှင့် စပ်လျဉ်းသည့် အကြောင်းအချက်များသည် ထိုအရာများအတွက် လုံလောက်ပေသည်။ သို့ရှိရာ ပြည့်စုံကုံလုံသည့် တတိယအချက်မှာ ကျမ်းတော်မြတ်၌ သာသနာတော်နှင့် စပ်လျဉ်းသည့် အရေးပါသော အကြောင်းအရာများကို ကောင်းစွာ ရှင်းရှင်းလင်းလင်း တင်ပြမိန့်တော်မူထားပေသည်။ စတုတ္ထပြည့်စုံကုံလုံသည့် အရည်အသွေးမှာ ရှေးကျမ်းများတွင်လည်း ဤကျမ်းနှင့် ပတ်သက်၍ သတင်းပေးထားပြီးဖြစ်ပေသည်။ ဖော်ပြပါအချင်းလက္ခဏာများသည် ကျမ်းတော်မြတ်၏ ကြီးကျယ်ထွတ်မြတ်မှုပင် ဖြစ်ပေသည်။ သို့ရှိရာ အကြင်သူများအား ငါအသျှင်မြတ်သည် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းကို ချီးမြှင့်ခဲ့ပေသည်။ ၎င်းသူများသည် ကျမ်းတော်မြတ်အား အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ချပေးတော်မူကြောင်းကို ယုံကြည်ချက်ထားရှိကြပေသည်။ ယင်းအချက်အား အားလုံး သိရှိကြပေသည်။ သို့သော် အမှန်တရားကို ပြောဆိုနိုင်သည့် အရည်အသွေးရှိသူများသာလျှင် ထိုအကြောင်းအရာများကို ဖော်ထုတ်ပြောဆိုကြပေသည်။ ရန်ငြိုးထားရှိသူများမှာ ထိုအကြောင်းအား ဖော်ထုတ်ပြောဆိုခြင်း မရှိကြချေ။ သို့ရှိရာ အသင်ကိုယ်တော် ဒွိဟဖြစ်သောသူများ၌ မပါဝင်လေနှင့်။ ပဉ္စမမြောက် ပြည့်စုံကုံလုံသည့် အရည်အသွေးမှာ အသင်ကိုယ်တော်၏ အသျှင်မြတ်၏ ဤနှုတ်ကပါဠ်တော် ကိုက်ညီမှုနှင့် တရားမျှတမှုမှာ ပြည့်စုံကုံလုံလှပေသည်။ ဆိုလိုသည်မှာ ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် အသိပညာရပ်ဆိုင်ရာများတွင် ကိုက်ညီသင့်တင့်မှု ပါဝင်ပြီး အတွင်းပိုင်းနှင့် အပြင်ပိုင်းဆိုင်ရာ ကျင့်ကြံမှုများ၌ မျှတစွာ တင်ပြထားပေသည်။ ထို့နောက် ဆဋ္ဌမမြောက် ပြည့်စုံကုံလုံသည့် အရည်အသွေးမှာ ထိုအသျှင်မြတ်၏ ကျမ်းဂန်ကို မည်သူမှ အပြောင်းအလဲ မပြုလုပ်နိုင်ချေ။ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်၏ အပြောင်းအလဲပြုလုပ်ခြင်းမှ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းတော်မူထားပေသည်။

وَاِنَّا لَهٗ لَحٰفِظُوْنَ

ယင်းကဲ့သို့ ပြည့်စုံသည့် အထောက်အထားများ ရှိနေသော်ငြားလည်း ထိုသူများသည် စိတ်နှင့်သော်လည်းကောင်း၊ နှုတ်နှင့်သော်လည်းကောင်း လိမ်လည်ပြောဆိုကြပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ထိုသူများ၏ ပြောဆိုစကားများကို ကောင်းစွာ သိရှိတော်မူပြီး ၎င်းတို့၏ ယုံကြည်ချက်များကိုလည်း ကောင်းစွာ သိရှိတော်မူပေသည်။ အချိန်ကျရောက်လာသည်နှင့်အမျှ အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့အား ထိုက်တန်သည့် ပြစ်ဒဏ်ပေးတော်မူပေမည်။ ၎င်းနောက် ရှင်းလင်းပြတ်သား သည့် အထောက်အထားများ ရှိနေသော်ငြားလည်း လောကတွင်းရှိ လူအများစုမှာ လမ်းမှားလျက်ရှိပြီး ငြင်းပယ်နေကြပေသည်။ အကယ်၍ ၎င်းတို့ ပြောဆိုသော စကားများကို အသင်ကိုယ်တော် နားထောင်နေ မည်ဆိုလျှင် ထိုသူများသည် အသင်ကိုယ်တော်အား လမ်းမှားသို့ ခေါ်ဆောင်သွားလိမ့်မည်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ၎င်းတို့ကိုယ်တိုင် လမ်းမှားသို့ ရောက်ရှိနေသောသူများ ဖြစ်ကြသည်။ သို့ရှိရာ ၎င်းတို့၏ ယုံကြည်ချက်များသည်လည်း အခြေအမြစ်မရှိသည့် အတွေးအခေါ်များအတိုင်း ဖြစ်ကြသည်။ ထို့နောက် စကားပြောဆိုသောအခါ တွေးခေါ်သုံးသပ်ချက်အပေါ် ပြောဆိုလျက် ရှိကြပေသည်။ ၎င်းတို့နှင့် ဆန့်ကျင် ဘက်၌ အလ္လာဟ်အသျှင်မြတ်၏ အချို့သော 'ဗန္ဒာဟ်'များမှာ လမ်းမှန်ပေါ်၌ ရှိကြပေသည်။ မုချကေန် အသင်ကိုယ်တော်၏ အသျှင်မြတ်သည် ထိုသူများကိုလည်း ကောင်းစွာ သိရှိတော်မူသည်။ ထိုနည်းတူစွာပင် လမ်းမှားသို့ ရောက်သွားသောသူများကိုလည်း အလ္လာဟ်အသျှင်မြတ် ကောင်းစွာ သိတော်မူသည်။ သို့ရှိရာ လမ်းမှားသောသူများကို ပြစ်ဒဏ်ပေးတော်မူပြီး လမ်းမှန်သူများကို ဆုလာဘ်များ ပေးသနားတော်မူသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

အထက်ပါအာယသ်တော်များတွင် တင်ပြထားသည်မှာ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များသည် တမန် တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်၏ မှန်ကန်မှုနှင့် ထင်ရှားသည့် 'မုအ်ဂျေဇာဟ်'များ အထောက်အထား များကို တွေ့မြင်ရသော်ငြားလည်း ဖွတ်တရွတ်စိတ်ဖြင့် ဤသို့ တောင်းဆိုကြပေသည်။ ၎င်းမှာ ထိုကဲ့သို့ သော ထူးခြားသည့် 'မုအ်ဂျေဇာဟ်'များ ကျွန်ုပ်တို့အား ပြသတော်မူပါ။ သို့မှသာ ကျွန်ုပ်တို့ လက်ခံမည် ဖြစ်သည်။ ကျမ်းတော်မြတ်သည် ၎င်းတို့၏ ဤယုတ်ညံ့သည့် တောင်းဆိုချက်အား ဤသို့ အဖြေပေးခဲ့ ပေသည်။ ၎င်းမှာ ယခု ထိုသူများ မြင်တွေ့လိုသည့် 'မုအ်ဂျေဇာဟ်'အား ငါအသျှင်မြတ်အနေနှင့် ပြသရန် မည်သို့မှ အခက်အခဲမရှိချေ။ သို့သော် ဤဖွတ်တရွတ်ရှိသော သူများသည် ထို 'မုအ်ဂျေဇာဟ်'များကို မြင်တွေ့ပြီး သည့်နောက်ပိုင်းလည်း ဆိုးသွမ်းခြင်းမှ ရှောင်ရှားကြမည် မဟုတ်ပေ။ ၎င်းနောက် အလ္လာဟ်အသျှင် မြတ်၏ ဥပဒေအရ ၎င်းတို့အပေါ် 'အဇားဗ်' ကျရောက်လာမည်သာ ဖြစ်သည်။

ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထိုသူများ၏ တောင်းဆိုကြသော 'မုအ်ဂျေဇာဟ်'များကို ဖော်ထုတ်ပြသခြင်းမှ ကရုဏာစိတ်ဖြင့် ငြင်းပယ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့နောက် ယခုအချိန်အထိ ၎င်းတို့ ရှေ့မှောက်၌ ပြသခဲ့ပြီးသော 'မုအ်ဂျေဇာဟ်'များနှင့် အထောက်အထားများအပေါ် စဉ်းစားတွေးခေါ်ရန် ထိုသူများအား ဖိတ်ခေါ်ခဲ့ပေသည်။ ဖော်ပြပါ အာယသ်တော်များတွင် ကျမ်းတော်မြတ်၏ မှန်ကန်မှုနှင့် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်များဖြစ်ကြောင်း အထောက်အထားပြု တင်ပြထားပေသည်။

ပထမအာယသ်တော်၌ မိန့်တော်မူထားချက်မှ သိရှိရသည်မှာ ကျွန်ုပ်နှင့် အသင်တို့အကြား 'နဗူဝသ်' နှင့် (ရေစာလသ်) စေလွှတ်ခြင်း၌ ကွဲလွဲချက်များရှိရာ ကျွန်ုပ်သည် ယင်းနှင့်စပ်လျဉ်း၍ ကြွေးကြော်သူ ဖြစ်ပြီး အသင်တို့က ငြင်းပယ်သူများ ဖြစ်ကြသည်။ ယင်းအမှုသည် အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးတော်တွင် ကျွန်ုပ်ဘက်မှ ဤကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပေသည်။ ၄င်းမှာ ကျွန်ုပ်၏ ထိုကဲ့သို့ ကြွေးကြော်မှုအပေါ် ခိုင်လုံသည့် အထောက်အထားများဖြင့် ကျမ်းတော်မြတ်ကိုယ်တော်တိုင်က သက်သေထူနေပေသည်။ ယင်းကျမ်းတော်မြတ်၌ စကြဝဠာရှိ မျိုးနွယ်စုများအားလုံးကို စိန်ခေါ်မှုပြုထားသည်မှာ အကယ်၍ ကျမ်းတော်မြတ်ရှိ အာယသ်တော်များအား အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ကြောင်း၌ ဒွိဟသံသယရှိမည်ဆိုလျှင် ထိုနှုတ်ကပါဌ်တော်အတိုင်း သေးငယ်သည့် စူရာဟ်တစ်ပုဒ် (သို့) သေးငယ်သည့် အာယသ်တော်တစ်ပိုဒ်မျှ ယှဉ်ပြကြလော့။ ယင်းမေးခွန်းအား အဖြေပေးရန် အာရဗ်တစ်ခွင်လုံး မတတ်စွမ်းနိုင်ခဲ့ကြချေ။ ထို့နောက် တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာတော်အား အရေးနိမ့်အောင် မိမိတို့၏ အသက်စည်းစိမ် ဥစ္စာပစ္စည်း၊ သိက္ခာ အစရှိသည်တို့ကို စတေးလျက် ရှိကြသောသူများထဲမှ တစ်ဦးတစ်ယောက်မျှ ကျမ်းတော်မြတ်နှင့် ယှဉ်ပြိုင်ရန်အတွက် တစ်အာယသ်၊ နှစ်အာယသ်မျှပင် မပြုလုပ်နိုင်ခဲ့ကြချေ။ ယင်းသို့ ထင်ရှားလှသော 'မုအ်ဂျေဇာဟ်' သည် လက်ခံရန်အတွက် မလုံလောက်ပြီလော့။ အရေးအဖတ် မတတ်သူတစ်ဦး အနေနှင့် မည်သည့်နေရာမှ ပညာဆည်းပူးခြင်းလည်း မရှိဘဲ ၄င်းပုဂ္ဂိုလ်က တင်ပြသော ဗျာဒိတ်တော်များ ရှေ့၌ ယှဉ်ပြိုင်ရန် အာရဗ်ကမ္ဘာတစ်ခုလုံးပင်မက တစ်ကမ္ဘာလုံးကပင် လက်လျှော့လိုက်ရသည်။ ယင်းအချက်သည် အလ္လာဟ်အသျှင်မြတ်၏ ရုံးတော်မှ ချမှတ်သည့် ထိုအမှု၏ ထင်ရှားသော ဆုံးဖြတ်ချက်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်မှာ တမန်တော်မြတ် ﷺ သည် မှန်ကန်သော ရစူလ်ဖြစ်ကြောင်းနှင့် ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ပေသတည်း။

ထိုအချက်နှင့် ပတ်သက်၍ ပထမအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

أَفَغَيْرَ اللهِ أَبْتَغِى حَكَمًا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထိုသို့ ဆုံးဖြတ်ချက်ချပြီးသည့်နောက် အသင်တို့သည် အခြားထပ်မံ ဆုံးဖြတ်ချက်ချသူတစ်ဦးကို ရှာရန် လိုလားနေကြပါသလော။ ယင်းသည် မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့နောက် ကျမ်းတော်မတ်၏ အချို့ထူးခြားချက်များကို တင်ပြထားပေသည်။ ယင်းထူးခြားချက်များသးည် ကျမ်းတော်မြတ်၏ မှန်ကန်မှုနှင့် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ကြောင်းကို အထောက်အထား ဖြစ်စေသည်။ ဥပမာ- မိန့်တော်မူသည်မှာ-

هُوَ الَّذِى أَنْزَلَ إِلَيْكُمُ الْكِتٰبَ مُفَصَّلًا

ယင်းအာယသ်တော်တွင် ကျမ်းတော်မြတ်၏ ထူးခြားချက်လေးရပ်ကို တင်ပြထားပေသည်။

(၁) အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ချပေးတော်မူထားပေသည်။

(၂) ဤကျမ်းတော်မြတ်သည် ပြည့်စုံကုံလုံသည့် ကျမ်းတစ်ဆူနှင့် 'မုအ်ဂျေဇာဟ်' လည်း ဖြစ်သည်။

(၃) ယင်းကျမ်းတော်မြတ်တွင် အရေးကြီးပြီး အခြေခံကျသည့် အကြောင်းအရာများကို အကျယ်တဝင့်နှင့် အတိအလင်း တင်ပြထားပေသည်။

(၄) ကျမ်းတော်မြတ်အလျှင် ကျမ်းရထားသူများဖြစ်သော ယဟူဒီများနှင့် နဆွာရာများကလည်း ကျမ်းတော်မြတ်ကုရ်အာန်သည် အလ္လာဟ်အသျှင်မြတ် ထံတော်ပါးမှ ကျရောက်သော မှန်ကန်သည့် နှုတ်ကပါဌ် တော်ဖြစ်ကြောင်းကို ယုံကြည်ကြပေသည်။

တစ်ဖန် ၄င်းတို့ထဲမှ အမှန်တရားကို ပြောဆိုနိုင်သည့် အရည်အချင်းရှိသော သူများသည် ကျမ်းတော်မြတ်နှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုကြပေသည်။ သို့သော် ရန်ငြိုးထားသောသူများသည် ယုံကြည်သော်ငြားလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိကြချေ။

ကျမ်းတော်မြတ်၏ ထိုထူးခြားချက်လေးရပ်ကို တင်ပြပြီးသည့်နောက် တမန်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်တော်မူသည်မှာ-

فَلَا تَكُونَنَّ مِنَ الْمُمْتَرِينَ

ဆိုလိုသည်မှာ ထိုသို့ အတိအလင်း အထောက်အထားများ တင်ပြပြီးသည့်နောက် အသင်ကိုယ်တော်သည် ဒွိဟဖြစ်သောသူများထဲမှ မဟုတ်သကဲ့သို့ မဖြစ်နိုင်ကြောင်းမှာလည်း ထင်ရှားပေသည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်တော်မူထားချက်ကို အိဗ်နေကစီးရ်၏ သဖ်စီးရ်ကျမ်း၌ တင်ပြထားသည်မှာ ငါကိုယ်တော်သည် မည်သည့်အခါမှ သံသယမဖြစ်သကဲ့သို့ မည်သည့်အခါမှ မေးမြန်းခြင်းလည်း မရှိပေ။ ယင်းအချက်မှ သိရှိရသည်မှာ ဧကန်စင်စစ် စာလုံးအရကြည့်မည်ဆိုလျှင် အထက်ပါဝါကျမှာ အခြားသူများကို ပြောဆိုစေလိုသည့် ရည်ရွယ်ချက်ဖြစ်သည်။ တမန်တော်မြတ် ﷺ ဘက်သို့ ယခုလို ရည်ညွှန်းလိုက်ခြင်းသည် ပို၍ လေးနက်စေလိုခြင်းကြောင့် ဖြစ်သည်။ တမန်တော်မြတ် ﷺ အား ယင်းသို့ မိန့်ကြားခဲ့သည်ဆိုလျှင် အခြားသူများအနေနှင့် မည်သို့မျှ ဒွိဟဖြစ်ပိုင်ခွင့် ရှိနိုင်မည်နည်း။

ဒုတိယအာယသ်တော်တွင် ကျမ်းတော်မြတ်၏ အခြားထူးခြားချက်နှစ်ရပ်ကို သီးခြားတင်ပြထားပေသည်။ ၄င်းမှာ- ယင်းတင်ပြချက်၌ ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ကြောင်း လုံလောက်သည့် အထောက်အထားပါရှိသည်။ မိန့်တော်မူထားသည်မှာ-

وَتَمَّتْ كَلِمَةُ رَبِّكَ صِدْقًا وَّعَدْلًا لَا مُبَدِّلَ لِكَلِمٰتِهٖ

ဆိုလိုသည်မှာ အသင်၏ အသျှင်မြတ်၏ နှုတ်ကပါဌ်တော်သည် ပြည့်စုံကုံလုံပါ၏။ မှန်ကန်ခြင်း၊ တရားမျှတခြင်းနှင့် အလယ်အလတ်ရှိခြင်း၌လည်း ပြည့်စုံပါ၏။ ထိုအသျှင်မြတ်၏ နှုတ်ကပါဌ်တော်အား မည်သူမှ ပြောင်းလဲနိုင်သူ မရှိပေ။

تَمَّتْ ဟူသော စာလုံး၌ ပြည့်စုံကုံလုံခြင်းကို တင်ပြထားပေသည်။ **كَلِمَةُ رَبِّكَ** ၏ အလိုသဘောမှာ ကျမ်းတော်မြတ် ဖြစ်ပေသည်။ ကျမ်းတော်မြတ်ရှိ အကြောင်းအရာများအားလုံးသည် နှစ်မျိုးနှစ်စားဖြစ်ပြီး

တစ်မျိုးမှာ ကမ္ဘာ့သမိုင်း၏ သံဝေဂယူဖွယ်ရာအဖြစ်အပျက်များနှင့် အခြေအနေများ၊ ကောင်းမှု ပြုလုပ်သည့်အပေါ် အသျှင်မြတ်ထံပါးမှ ကတိတော်များနှင့် ပြစ်မှုကျူးလွန်သူများအတွက် ပြစ်ဒဏ်များ ချမှတ်ထားကြောင်းများကို တင်ပြထားပေသည်။ ကျန်တစ်မျိုးမှာ လူတို့၏ ကောင်းနိုးရာရာနှင့် အောင်မြင်မှုရစေရန်အတွက် ပညတ်ချက်များ တင်ပြထားပေသည်။ ထိုနှစ်မျိုးနှစ်စားနှင့် ပတ်သက်၍ ကျမ်းတော်မြတ်၏ အရည်အသွေး နှစ်ရပ်ကို صِدْقًا وَّعَدْلًا ဟု မိန့်တော်မူထားပေသည်။ ပထမအမျိုးအစားမှာ صدق နှင့် ပတ်သက်သည်။ ဆိုလိုသည်မှာ ကျမ်းတော်မြတ်အတွင်းရှိ တင်ပြထားသော ဖြစ်ရပ်များ၊ အခြေအနေ အရပ်ရပ်များ၊ ကတိတော်များနှင့် ပြစ်ဒဏ်ချမှတ်ထားခြင်းများအားလုံးသည် မှန်ကန်၏။ မှားယွင်းနိုင်စရာ အလျှဉ်းမရှိ။ ၎င်းနောက် ဒုတိယအမျိုးအစားမှာ عدل နှင့် ပတ်သက်သည်။ ယင်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ အားလုံးသည် တရားမျှတမှုအပေါ်၌ မူတည်ပေသည်။ ထို့နောက် عدل စာလုံး၏ အလိုသဘောမှာ နှစ်မျိုးနှစ်စားဖြစ်သည်။ တစ်မျိုးမှာ မည်သူတစ်ဦးတစ်ယောက်အပေါ်မှ မတရားပြုခြင်းနှင့် ရပိုင်ခွင့်ကို ချိုးဖောက်စေခြင်း မရှိသော တရားမျှတမှုပင် ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ သမာသမတ်လမ်းစဉ် ဖြစ်သည်။ ၎င်းမှာ လူသားတို့၏ စိတ်အလိုလိုက်ခြင်း လုံးဝမရှိသကဲ့သို့ လူသားတို့၏ စိတ်နေသဘောထားအရ သည်းမခံနိုင်ဖွယ်ရာလည်း မရှိပေ။ သို့ရှိရာ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များသည် တရားမျှတမှုရှိခြင်းနှင့် သမာသမတ်လမ်းစဉ်အပေါ် မူတည်လျက်ရှိပေသည်။ ယင်းပညတ်ချက်များတွင် မည်သူ့အပေါ်မှ မတရားပြုထားခြင်း မရှိသကဲ့သို့ လူသားတို့ သည်းမခံနိုင်လောက်သည့် အခက်အခဲများနှင့် ပြင်းထန်မှုများကို ချမှတ်ပေးထားခြင်းမရှိပေ။ ပမာဆိုရသော် အခြားနေရာ၌ မိန့်တော်မူထားသည်မှာ-

لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တစ်ဦးတစ်ယောက်ကိုမျှ တတ်နိုင်စွမ်းရှိသည်ထက် ပို၍ မည်သည့်ကျင့်စဉ်ကိုမှ ခက်ခက်ခဲခဲ ပြုပေးထားခြင်းမရှိပေ။ ယင်းနှင့်အတူ ဤအာယသ်တော်၌ تَمَّتْ ဟူသော စာလုံးကို ယူလာပြီး တင်ပြလိုက်သည်မှာ ကျမ်းတော်မြတ်တွင် မှန်ကန်မှုနှင့် တရားမျှတမှုရှိရုံမက ဖော်ပြပါ ထူးခြားချက်များမှာလည်း ပြည့်စုံကုံလုံမှု ရှိပေသည်။

၎င်းနောက် ကျမ်းတော်မြတ်၏ မိန့်ကြားချက်အားလုံးသည် တစ်ကမ္ဘာလုံးရှိ အုပ်စုများအတွက်နှင့် နောင် 'ကေယာမသ်'အထိ ပေါက်ဖွားလာမည့် မျိုးနွယ်စုများနှင့် ပြောင်းလဲလျက်ရှိသော အခြေအနေ အရပ်ရပ်အတွက် တရားမျှတမှုရှိသကဲ့သို့ သမာသမတ်ရှိလှပေသည်။ ယင်းအချက်အပေါ် အနည်းငယ်မျှ စဉ်းစားရုံဖြင့် ဤကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်သာဖြစ်ကြောင်းကို သိရှိနိုင်ပေသည်။ လောကရှိ ဥပဒေပညာရှင်များသည် ပစ္စုပ္ပန်နှင့် အနာဂတ်၌ ဖြစ်ပေါ်လာမည့် အခြေအနေများ အားလုံးကို အပြည့်အဝ ခန့်မှန်းနိုင်ခြင်း မရှိချေ။ ထိုအခြေအနေ အရပ်ရပ်ကို ထောက်ထားပြီး ဥပဒေပြုစု

နိုင်စွမ်းလည်း မရှိချေ။ နိုင်ငံတိုင်း၊ အုပ်စုတိုင်းသည် မိမိအုပ်စုများ၏ လက်ရှိအခြေအနေများအား ထောက်ရှု၍ ဥပဒေရေးဆွဲကြခြင်း ဖြစ်ပေသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များတွင်လည်း လေ့လာစမ်းစစ်ပြီးနောက် တရားမျှတမှုနှင့် သမာသမတ်နှင့် ဆန့်ကျင်နေကြောင်းကို များစွာ တွေ့ရှိရပေသည်။ ယင်းဆန့်ကျင်နေသော အချက်များကို ပြောင်းလဲရပေသည်။ ယင်းသို့ ပြောင်းလဲရာ၌လည်း အခြားအုပ်စုနှင့် အခြားနိုင်ငံများ (သို့) အနာဂတ်အခြေအနေများအား အပြည့်အဝ ထောက်ထားပြီး အုပ်စုတိုင်း၊ နိုင်ငံတိုင်းနှင့် အခြေအနေတိုင်းတွင် တရားမျှတမှုနှင့် သမာသမတ်ရှိမှုများကို ထည့်သွင်းရခြင်းသည် လူသားတို့၏ တွေးခေါ်ကြံဆခြင်းဖြင့် မရရှိနိုင်ပေ။ ယင်းအချက်သည် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်၌သာလျှင် ရရှိနိုင်ပေသည်။ ထို့ကြောင့် ကျမ်းတော်မြတ်၏ ပဋ္ဌမမြောက် ထူးခြားချက်၌ တင်ပြထားသော အတိတ်နှင့် အနာဂတ်၏ ဖြစ်ရပ်များအားလုံးနှင့် ကတိတော်များ၊ ပြစ်ဒဏ်ချမှတ်ထားခြင်းများမှာ အားလုံး မှန်ကန်မှုရှိ၏။ ယင်းသို့ တင်ပြထားချက်များတွင် ဖြစ်ရပ်နှင့် ဆန့်ကျင်ဘက် ဖြစ်နိုင်သည်ဟု အနည်းငယ်မျှပင် ဒွိဟဖြစ်နိုင်စရာ မရှိပေ။ ကျမ်းတော်မြတ်၌ တင်ပြထားသော အမိန့်တော်များအားလုံးသည် တစ်လောကလုံးနှင့် 'ကေယာမသ်'နေ့ အထိ ပေါက်ဖွားလာမည့် မျိုးနွယ်စုများအတွက် တရားမျှတမှုနှင့် သမာသမတ်ရှိခြင်းကိုလည်း မျက်ကွယ်ပြုထားခြင်း မရှိချေ။ ဤသည်ပင်လျှင် ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်ဖြစ်ကြောင်းကို အပြည့်အဝ အထောက်အထား တင်ပြထားပေသည်။

ဆဋ္ဌမမြောက်အရှည်အသွေးအား တင်ပြထားသည်မှာ-

لَامُبَدِّلَ لِكَلِمٰتِهٖ

အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်များကို မည်သူမှ ပြောင်းလဲနိုင်သူမရှိ။ ပြောင်းလဲသည်ဆိုသည့် ပုံစံတစ်ခုမှာ တစ်ဦးတစ်ယောက်က အမှားထောက်ပြသည့်အတွက် ပြောင်းလဲရခြင်းဖြစ်သည်။ (သို့) ရန်သူတစ်ဦးက အတင်းအဓမ္မ ပြောင်းလဲခိုင်းခြင်း၊ အလ္လာဟ်အသျှင်မြတ်၏ နှုတ်ကပါဌ်တော်များသည် ထိုအရာများမှ ကင်းစင်ပေသည်။ ထိုအသျှင်မြတ်က ကိုယ်တိုင် မိန့်တော်မူထားသည်မှာ-

اِنَّانَحْنُ نَزَّلْنَا الذِّكْرَ وَاِنَّا لَهٗ لَحٰفِظُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ် ကျမ်းတော်မြတ်ကို ချပေးတော်မူခဲ့ပြီး ငါအသျှင်မြတ်ကိုယ်တိုင် ကျမ်းတော်မြတ်အား ထိန်းသိမ်းတော်မူမည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းခြင်းကို ချိုးဖျက်ပြီး ထိုကျမ်းတော်မြတ်၌ အပြောင်းအလဲ လုပ်နိုင်သူ မည်သူရှိနိုင်မည်နည်း။ သို့ဖြစ်ပေရာ နှစ်ပေါင်းတစ်ထောင့်လေးရာ ကျော်ခဲ့ပြီးဖြစ်သော်ငြားလည်း ခေတ်တိုင်းခေတ်တိုင်းတွင် ကျမ်းတော်မြတ်အား လက်ခံသူများနှင့် ယှဉ်လျှင် ဆန့်ကျင်သူများပြားလှပေသည်။ စွမ်းအားများရှိသော်ငြားလည်း ကျမ်းတော်မြတ်၏ 'ဇဗရ်'၊ 'ဇေရ်'တွင်ပင် ပြောင်းလဲနိုင်စွမ်းမရှိကြချေ။ သို့သော် ပြောင်းလဲနိုင်သည့် တတိယပုံစံတစ်ခုမှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိမိဘက်မှ ဖျက်သိမ်းပြီး ပြောင်းလဲစေနိုင်သည်။ ထို့ကြောင့် ဟဇရတ်

အဗ်ဒုလ္လာဟ် အိဗ်နေအမ္ဗားစ် رضي الله عنه သခင်က မိန့်တော်မူသည်မှာ ဤအာယသ်တော်မှ ညွှန်ပြမိန့်တော်မူနေသည်မှာ တမန်တော်မြတ် ﷺ သည် နောက်ဆုံးနဗီဖြစ်ပြီး ကျမ်းတော်မြတ်သည် နောက်ဆုံးကျမ်းတော်ဖြစ်ပေသည်။ ၎င်းနောက်ပိုင်း ဖျက်သိမ်းရန် မည်သို့မျှ မဖြစ်နိုင်ပေ။ ပမာဆိုရသော် ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များတွင် ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ ဤသည်ထက်ပိုပြီး ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။

နောက်ဆုံးအာယသ်တော်တွင်

وَهُوَ السَّمِيْعُ الْعَلِيْمُ

ဟု မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ပြောဆိုသမျှ အားလုံးကို ကြားတော်မူသည်။ ၎င်းတို့၏ လုပ်ရပ်ဟူသမျှနှင့် အခြေအနေအရပ်ရပ်ကို သိရှိတော်မူသည်။ လူတိုင်းကို လုပ်ရပ်နှင့်အညီ အစားပေးသနားတော်မူမည်။

တတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား အသိပေးတော်မူထားသည်မှာ မြေပထဝီပေါ်၌ နေထိုင်လျက်ရှိကြသော လူအများစုမှာ လမ်းမှားပေါ်၌ရှိနေကြပေသည်။ ထို့အတွက် အသင်ကိုယ်တော် မစိုးရိမ်ပါနှင့်။ ၎င်းတို့၏ ပြောဆိုစကားများကို နားမစွင့်ပါနှင့်။ ကျမ်းတော်မြတ်၏ နေရာအနှံ့အပြားတွင် ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ တစ်နေရာ၌

وَلَقَدْ ضَلَّ قَبْلَهُمْ اَكْثَرُالْاَوَّ لِيْنَ

ဟု မိန့်တော်မူထားပြီး အခြားတစ်နေရာ၌

وَمَا اَكْثَرُ النَّا سِ وَلَوْحَرَصْتَ بِمُؤْ مِنِيْنَ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ လူသားတစ်ဦးအပေါ် အရေအတွက်များမှုကြောင့် ကြောက်စိတ်လွှမ်းမိုးသွားလေ့ရှိပေသည်။ ထို့ကြောင့် ၎င်းတို့၏ အမိန့်ကို နာခံသမှု ပြုကြပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား ရည်ရွယ်မိန့်ဆိုထားသည်မှာ 'လောက၌ ဤကဲ့သို့သော လူများစွာရှိပေသည်။ အကယ်၍ ထိုသူများ၏ ပြောဆိုမှုများကို နားစွင့်နေမည်ဆိုလျှင် ထိုသူများသည် အသင့်အား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲမှားအောင် ပြုလုပ်လိုက်ကြမည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ယုံကြည်ချက်များနှင့် အလေ့အခေါ်ပိုင်းဆိုင်ရာတွင် ထင်ယောင်ထင်မှား နောက်သို့ လိုက်ကြသောသူများသာ ဖြစ်ကြသည်။ ၎င်းနောက် အမိန့်တော်များတွင် ခန့်မှန်းချက်ဖြင့် လုပ်ဆောင်တတ်ကြပေသည်။ ယင်းသို့ လုပ်ဆောင်ခြင်း၏ အခြေခံအရင်းအမြစ်ဟူ၍ အလျဉ်းမရှိချေ။

အချုပ်ဆိုရသော် အသင်ကိုယ်တော်သည် ၎င်းတို့၏ အရေအတွက်များပြားမှုအပေါ် ကြောက်ရွံ့ပြီး ၎င်းတို့နှင့် ထပ်တူထပ်မျှ မတွေးခေါ်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စည်းမဲ့ကမ်းမဲ့နှင့်

လမ်းမှားသို့ လျှောက်လှမ်းသူများ ဖြစ်ပေသည်။ နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ 'မုချဧကန် အသင်ကိုယ်တော်၏ အသျှင်သခင်သည် ထိုသူများကို ကောင်းစွာ သိတော်မူသည်။ ၄င်းတို့သည် ထိုအသျှင်မြတ်၏ လမ်းမှန်မှ လမ်းမှားသို့ ရောက်ရှိသွားကြသည်။ ၄င်းအပြင် အကြင်သူများသည် အလ္လာဟ် အသျှင်မြတ်၏ လမ်းပေါ် လျှောက်လှမ်းနေသောသူများကိုလည်း သိတော်မူသည်။' သို့ရှိရာ လမ်းမှားသူများ ကို ပြစ်ဒဏ်ပေးမည်ဖြစ်သကဲ့သို့ လမ်းမှန်သူများကိုလည်း ဆုလာဘ်များ ရရှိမည် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

فَكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ إِن كُنتُم بِآيَاتِهِ مُؤْمِنِينَ ١١٩

၆ : ၁၁၉ ။ ။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် ထိုအသျှင်မြတ်၏ အမိန့်ပညတ်တော်များကို သက်ဝင်ယုံကြည်ကြသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို အကြင် (တိရစ္ဆာန်) ၏အပေါ် တသ (လျက် လှီးဖြတ်) ပြီးထားသော ၄င်း (တိရစ္ဆာန်၏ အသား) ကို စားသုံးကြလေကုန်။

وَمَا لَكُمْ أَلَّا تَأْكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ وَقَدْ فَصَّلَ
لَكُم مَّا حَرَّمَ عَلَيْكُمْ إِلَّا مَا اضْطُرِرْتُمْ إِلَيْهِ ۗ وَإِنَّ كَثِيرًا
لَّيُضِلُّونَ بِأَهْوَائِهِم بِغَيْرِ عِلْمٍ ۗ إِنَّ رَبَّكَ هُوَ أَعْلَمُ
بِالْمُعْتَدِينَ ١٢٠

၆ : ၁၂၀ ။ ။ ၄င်းပြင် အသင်တို့၌ အလ္လာဟ်အသျှင်မြတ်၏နာမတော် တသထားပြီးဖြစ်သော အကြင်အရာ (တိရစ္ဆာန်) ကို စားသုံးခြင်းမပြုရန် မည်သည့်အကြောင်း ရှိပါသနည်း။ စင်စစ်မှာ ထိုအသျှင်မြတ်သည် အသင်တို့အတွက် (အလွန့်အလွန်) မလွဲမရှောင်သာသော အချိန်အခါမျိုးမှအပ အခြားအချိန်အခါမျိုး၌ (စားသုံးခြင်းမပြုကြရန်) လုံးဝ 'ဟရာမ်'ဟူ၍ မိမိ တားမြစ်ထားတော်မူသည့် (တိရစ္ဆာန်များ) ကို အသေးစိတ် ရှင်းလင်းစွာ ခွဲခြား၍ ဖော်ပြတော်မူပြီး ဖြစ်သည်။ အမှန်စင်စစ် များစွာသော သူတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများ (ကို လိုက်စားခြင်း) ကြောင့် တစ်စုံတစ်ရာ သိနားလည်သည်မရှိဘဲ (သူတစ်ပါးတို့အား မှန်ကန်သော တရားလမ်းတော်မှ) လမ်းလွဲချွတ်ချော်စေကြကုန်သည်။ (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တရားစည်းကမ်း ကျူးလွန်ဖောက်ဖျက်သူတို့အား ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَذَرُوا ظَاهِرَ الْإِثْمِ وَبَاطِنَهُ ۚ إِنَّ الَّذِينَ يَكْسِبُونَ الْإِثْمَ سَيُجْزَوْنَ بِمَا كَانُوا يَقْتَرِفُونَ ﴿١٢٠﴾

၆ : ၁၂၀ ။ ။ အသင်တို့သည် ပေါ်လွင်ထင်ရှားစွာပြုသော ပြစ်မှုဒုစရိုက်ကိုလည်းကောင်း၊ လျှို့ဝှက်စွာပြုသော ပြစ်မှုဒုစရိုက်ကိုလည်းကောင်း စွန့်လွှတ်ကြလေကုန်။ ကေန်အမှန် ပြစ်မှုဒုစရိုက်များကို ဆည်းပူးကြကုန်သော သူတို့သည် မကြာမြင့်မီပင် မိမိတို့ (မှောက်မှား) ပြုလုပ်ခဲ့သမျှတို့၏ ဆိုးကျိုးကို ခံစားကြရပေမည်။

وَلَا تَأْكُلُوا مِمَّا لَمْ يُذْكَرِ اسْمُ اللَّهِ عَلَيْهِ وَإِنَّهُ لَفِسْقٌ ۗ وَإِنَّ الشَّيَاطِينَ لَيُوحُونَ إِلَىٰ أَوْلِيَائِهِمْ لِيُجَادِلُوكُمْ ۖ وَإِنْ أَطَعْتُمُوهُمْ إِنَّكُمْ لَمُشْرِكُونَ ﴿١٢١﴾

၆ : ၁၂၁ ။ ။ ၎င်းပြင် အသင်တို့သည် အကြင် (တိရစ္ဆာန်) အပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသ (၍ လှီးဖြတ်) ခြင်း မပြုခဲ့သော ၎င်း (တိရစ္ဆာန်၏ အသား) ကို စားသုံးမှုမပြုကြလေနှင့်။ ယင်းသို့ (စားသုံးမှု) ပြုလုပ်ခြင်းသည် အမှန်ပင် အမိန့်တော်ကို သွေဖည်ခြင်းသာ ဖြစ်၏။ ကေန်စင်စစ် ရှိုက်သွာန်တို့သည် မိမိတို့၏ အဆွေခင်ပွန်းများအား အသင်တို့နှင့် အချေအတင် အငြင်းအခုံပြုကြစေရန်အလို့ငှာ ပြင်ပ ပယောဂ (သံသယများ) ကို (လှုံ့ဆော်) သွင်းပေးလေသည်။ အကယ်၍ အသင်တို့သည် ၎င်းတို့၏ ပြောဆိုမှုကို လိုက်နာခဲ့ကြပါလျှင် မုချကေန် အသင်တို့သည်လည်း (အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့်) တွဲဖက် ကိုးကွယ်သူတို့တွင် အပါအဝင် ဖြစ်သွားပေမည်။

အာယသ်တော်များ၏ ဆက်စပ်ပုံ

အထက်၌ وَإِنْ تُطِعْ ၏ စာလုံးမှ လမ်းမှားသူများ၏ နောက်လိုက်သမှုပြုခြင်းအား လုံးဝ တားမြစ်တော်မူထားပေသည်။ ရှေ့ဆက်ပြီး ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အကြောင်းခံပြီး ထူးခြားသည့် လုပ်ရပ်တစ်ခု နောက်လိုက်ခြင်းမှ တားမြစ်တော်မူထားပေသည်။ ထိုဖြစ်ရပ်မှာ လည်လှီးထားသော သားကောင်နှင့် လည် မလှီးထားသော သားကောင်၏ အသားကို စားပိုင်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်သည်။ ဖြစ်ရပ်မှာ ကာဖိရ်များသည် မွတ်စ္စလင်မ်တို့အား သံသယဝင်စေရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသော သားကောင်များကို တော့ မစားသုံးကြဘဲ မိမိလက်နှင့် လည်လှီးထားသော သားကောင်များကို စားသုံးကြသည်။ ဟဇရသ် အိဗ်နေအဗ္ဗားစ် ၏ ဆင့်ပြန်ချက်ကို အဗူဒါဝူးဒ်ကျမ်း၌ တင်ပြထားသည်မှာ အချို့မွတ်စ္စလင်မ်များ သည် တမန်တော်မြတ် ﷺ ထံတော်ပါး၌ ထိုသို့ ဒွိဟဖြစ်ခြင်းကို ထုတ်ဖော်ပြောဆို တင်ပြကြသောအခါ 'အသင်တို့သည် မွတ်စ္စလင်မ်ဖြစ်သည့်အလျောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကိုလည်း ချမှတ် ခြင်း ခံကြရမည်။ အလ္လာဟ်အသျှင်မြတ်သည် ပိုင်ခြင်း၊ မပိုင်ခြင်းကို အကျယ်တဝင့် တင်ပြထားပေသည်။ သို့ရှိရာ ထိုအချက်အပေါ်၌ လျှောက်လှမ်းရမည်ဖြစ်သည်။ 'ဟလာလ်' အပေါ် 'ဟရာမ်' ဖြစ်နိုင်ခြင်းနှင့်

'ဟရာမ်'အပေါ် 'ဟလာလ်'ဖြစ်နိုင်သည်ဟူ၍ ဒွိဟမဖြစ်လေနှင့်။ ထို့နောက် မုရှ်ရစ်က်များ၏ ဒွိဟသံသယများဘက်သို့ ဂရုမပြုကြလေနှင့်။

ကေန်စင်စစ် ၎င်း၏အဖြေမှာ စည်းမျဉ်းများ ခိုင်လုံမှုရှိစေရန်အတွက် အသိဉာဏ်မှ ရရှိသည့် အထောက်အထားများ လိုအပ်ပေသည်။ ထို့နောက် စည်းမျဉ်းများ ခိုင်လုံမှု ရှိပြီးနောက် ကျင့်သုံးခြင်းဆိုင်ရာ အခန်းကဏ္ဍ၌ ဆင့်ကဲဆင့်ကဲ ကူးယူရရှိသည့် အထောက်အထားများသာ လုံလောက်၏။ အသိဉာဏ် မလိုအပ်ပေ။ သို့သာမက တစ်ခါတစ်ရံ အသိဉာဏ်ကြောင့် ဆုံးရှုံးနစ်နာစရာများပင် ဖြစ်သည်။ ၎င်းမှာ ဒွိဟသံသယဖြစ်စေသည့် တံခါးများ ပွင့်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် ပညတ်ချက်များ၏ အကိုင်းအလက်များတွင် ခိုင်လုံသည့် အထောက်အထားရှိရန် မလိုအပ်ပေ။ (အကယ်၍ အမှန်တရား လိုလားသူတစ်ဦး၏ ရှေ့မှောက်၌ ၎င်းသူ စိတ်ချမ်းသာမှု ရရှိရန်အတွက် တင်ပြမည်ဆိုလျှင် မည်သို့မျှ ကိစ္စမရှိ) သို့သော် ယင်းသို့ မဖြစ်နိုင်ပါက မငြင်းခုံဘဲ မိမိအလုပ်ကို မိမိ လုပ်နေသင့်သည်။ စောဒကတက်သူဘက်သို့ အာရုံမစိုက်သင့်ပေ။ အကယ်၍ စောဒကတက်သူသည် တရားတော်၏ အစိတ်အပိုင်းတစ်ခုအား တွေးခေါ်ဆင်ခြင်၍ ခိုင်လုံသည့် အထောက်အထားနှင့်တကွ ဆန့်ကျင်လိုပါလျှင် ထိုအရာနှင့်ပတ်သက်ပြီး အဖြေပေးရန် ကြွေးကြော်မှုပြုသူအပေါ် တာဝန်ရှိမည်။ သို့သော် မုရှ်ရစ်က်များ၏ ဒွိဟ၌ ထိုသို့ ဖြစ်နိုင်စရာအကြောင်းကို မရှိချေ။ ထို့ကြောင့် ၎င်းတို့အား အဖြေပေးခြင်းနှင့် စပ်လျဉ်း၍ မွတ်စ္စလင်မ်တို့အား အထက်ပါအတိုင်း ညွှန်ကြားမိန့်တော်မူထားပေသည်။ ၎င်းမှာ အချည်းအနှီးစကားရပ်များနှင့် လုပ်ဆောင်ချက်များကို ဂရုမပြုလေနှင့်။ အမှန်တရားအပေါ် ယုံကြည်သူဖြစ်ပြီး ကျင့်ကြံသူအဖြစ် ရပ်တည်သည်။

ထို့ကြောင့် ဤနေရာ၌ မုရှ်ရစ်က်များ၏ ဒွိဟအား အတိအလင်း အဖြေပေးထားခြင်း မရှိခြင်းကြောင့် ဒွိဟသံသယဖြစ်ရန်မလိုပေ။ သို့သော်ငြားလည်း ထိုဘက်သို့ ရည်ညွှန်း၍ မိန့်တော်မူထားသည်မှာ كُلُوْا ဟု မိန့်တော်မူထားသော နေရာ၌ ذُكِرَ اسْمُ اللّٰهِ နှင့် وَلَا تَأْكُلُوْا နေရာ၌ لَمْ يُذْكَرِ اسْمُ اللّٰهِ ဟု တင်ပြထားသည်။ ယင်းတင်ပြခြင်းနှင့် အခြားအထောက်အထားများမှ သိရသည်မှာ ذُكِرَ اسْمُ اللّٰهِ သည် လည်လှီးချိန်၌ ဖြစ်ပြီး لَمْ يُذْكَرِ اسْمُ اللّٰهِ ၏ သုံးသပ်ချက်အပေါ် ပုံစံနှစ်မျိုး ရရှိသည်။ ၎င်းမှာ လည်လှီးသည့်အချိန်နှင့် လည်လှီးချိန်၌ နာမတော်အား မဖတ်ခြင်းတို့ ဖြစ်သည်။ သို့ရှိရာ ဒွိဟအတွက် အဖြေရရှိခဲ့သည်မှာ ပိုင်ခြင်း၏ အခြေခံမူတည်ချက်သည် အချက်နှစ်ချက်အပေါ်၌ မူတည်ပေသည်။ တစ်ခုမှာ လည်လှီးခြင်းသည် မသန့်သည့် သွေးကို ထုတ်ပစ်ပြီး မသန့်ခြင်းမှ စင်ကြယ်အောင် ပြုလုပ်ခြင်း ဖြစ်ပေသည်။ ထိုမသန့်ခြင်းသာလျှင် တားမြစ်ရခြင်း၏ အကြောင်းခံဖြစ်သည်။ ကျန်တစ်ခုမှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်အား ဖတ်ရွတ်ခြင်းသည် ကောင်းသော မင်္ဂလာဖြစ်သည်။ သို့ရှိရာ သွေးရှိသော သတ္တဝါများအတွက် ထိုအချက်သည် ပိုင်စေသည့် စည်းမျဉ်းတစ်ရပ်ဖြစ်သည်။ ထို့နောက် အရာတစ်ခုကို ရရှိရန်အတွက် တားဆီးထားသော အရာအား ဝေးကွာအောင် ပြုလုပ်ခြင်းနှင့် စည်းမျဉ်းနှင့်တကွ ပြုကျင့်မှုဟူသော လုပ်ရပ်နှစ်ရပ် စလုံးရှိရန် အရေးကြီးသည်။ ထိုစည်းမျဉ်းနှစ်ရပ် ပြည့်စုံမှသာလျှင် ပိုင်မည်ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကာဖိရ်များနောက်လိုက်ခြင်းမှာ အပြစ်ရှိကြောင်း အထက်ဖော်ပြချက်များအရ သိရှိခဲ့ရပြီး ဖြစ်သည်။ သို့ရှိရာ စားပိုင်ခွင့်ရှိသော သားကောင်များအား လည်လှီးချိန်၌ အလ္လာဟ်အသျှင်မြတ်၏ နာမတော်အား ဖတ်ရွတ်ရမည်။ ထိုသို့ ဖတ်ရွတ်ပြီး လည်လှီးထားသော သားကောင်အား လွတ်လပ်စွာ စားသုံးနိုင်သည်။ အကယ်၍ အသင်သည် အသျှင်မြတ်၏ အမိန့်ပညတ်ချက်များအပေါ် ယုံကြည်ချက်ထားရှိသည်ဆိုလျှင် (အဘယ်ကြောင့်ဆိုသော် 'ဟလာလ်'ကို 'ဟရာမ်'ဟု နားလည်ခြင်းသည် အီမာန်နှင့် ဆန့်ကျင်ပေသည်) အသင့်အား မည်သည့်အကြောင်းအရာက ထိုကဲ့သို့သော သားကောင်များအား စားသုံးခြင်းမှ တားဆီးရန် အကြောင်းခံဖြစ်နိုင်ပါသနည်း။ အကြင်သားကောင်အား လည်လှီးချိန်၌ အသျှင်မြတ်၏ နာမတော်အား ဖတ်ရွတ်ခဲ့ပေသည်။ ကေန်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အခြားအာယသ်တော်တစ်ခု၌ ထိုသားကောင်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် တင်ပြထားရှိပေသည်။ အသင်တို့အတွက် 'ဟရာမ်'ဟု သတ်မှတ်ထားသော သားကောင်သည်လည်း အရေးကြုံသည့်အခါ 'ဟလာလ်'အဖြစ် သတ်မှတ်ပြုလုပ်ထားပေးသည်။ ထိုသို့ ရှင်းပြထားရာ၌ အသျှင်မြတ်၏ နာမတော်ဖြင့် လည်လှီးထားသော သားကောင်များ မပါဝင်ပေ။ တစ်ဖန် ထိုသားကောင်အား စားသောက်ရာ၌ ယုံကြည်ချက်အရ အဘယ်ကြောင့် ထိန်းချုပ်ထားပါသနည်း။ ၎င်းနောက် ထိုသူများ၏ ဒွိဟသံသယများဘက်သို့ လုံးဝ အာရုံစိုက်ခြင်း မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော် လူအများစုမှာ မိမိနှင့်အတူ အခြားသူများကိုပါ မိမိတို့၏ မှားယွင်းသည့် အတွေးအခေါ်များအပေါ် အထောက်အထားမဲ့စွာဖြင့် လမ်းမှားသို့ လျှောက်လှမ်းလျက်ရှိကြသည်။ သို့သော် ထိုသို့ မည်သည့်အချိန်အထိ လုပ်ဆောင်နေကြမည်နည်း။

အလ္လာဟ်အသျှင်မြတ်သည် ထိုသို့ အတိုင်းအတာထက် ကျော်လွန်သူ၊ ဘောင်ကျော်သူများကို မုချ ကောင်းစွာ သိတော်မူသည်။ သို့ရှိရာ တစ်ပြိုင်နက်တည်း အပြစ်ပေးတော်မူမည်။ အသင်တို့သည် အပြင်ပိုင်း ဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာ အပြစ်များကို စွန့်လွှတ်ကြပါ။ ဥပမာ- 'ဟလာလ်'ကို 'ဟရာမ်'ဟု ယုံကြည်ခြင်းသည် အတွင်းပိုင်းဆိုင်ရာ ပြစ်မှုဖြစ်သည်။ ထိုနည်းတူစွာ 'ဟရာမ်'ကို 'ဟလာလ်'ဟု ယုံကြည် ခြင်းသည်လည်း အတွင်းပိုင်းဆိုင်ရာ ပြစ်မှုဖြစ်သည်။ အပြစ်ကျူးလွန်သော သူများသည် မုချကေန် 'ကယာမသ်'နေ့၌ ပြစ်ဒဏ်ခတ်ခြင်း ခံရမည်ဖြစ်သည်။ ထို့နောက် ဤကဲ့သို့သော သားကောင်များအား မစားလေနှင့်။ အကြင်သားကောင်များအား လည်လှီးရာ၌ အသျှင်မြတ်၏ နာမတော် ရွတ်ဖတ်ထားခြင်း မရှိချေ။ ပမာဆိုရသော် မုရှ်ရစ်ကီများသည် ထိုကဲ့သို့သော သတ္တဝါများကို စားသုံးကြပေသည်။ ထိုသို့ အသျှင်မြတ်၏ နာမတော်နှင့် လှီးဖြတ်ထားခြင်းမရှိသော သားကောင်များအား စားသုံးခြင်းသည် အပြစ် ထိုက်၏။ နည်းစနစ်၌လည်း ထိုသူများ၏ နောက်လိုက်ခြင်း မပြုလေနှင့်။ လုပ်ရပ်၌လည်း အတုမခိုးလေနှင့်။ ထိုသူများ၏ ဒွိဟများဘက်သို့ အာရုံမစိုက်ရဟု ဆိုရခြင်းမှာ မုချကေန် ရှိုက်သွာန်သည် မိမိ၏ ထိုမိတ်ဆွေ များနှင့် နောက်လိုက်များအား ဤသို့ ဒွိဟများကို သင်ကြားပေးလေသည်။ သို့မှသာ ထိုသူများသည်

အသင်တို့နှင့် အလဟဿ အငြင်းပွားကြမည်ဖြစ်သည်။ ပထမအချက်မှာ ဤဒွိဟသည် ကျမ်းတော်မြတ်နှင့် ဆန့်ကျင်သည်။ ဒုတိယအချက်မှာ အငြင်းပွားရန်သက်သက်သာ ဖြစ်သည်။ ထို့ကြောင့် အာရုံမစိုက်သင့်ပေ။ အကယ်၍ အသင်သည် (အလ္လာဟ်အသျှင်မြတ် ထိုသို့ မပြုလုပ်ပါစေနှင့်။) လုပ်ရပ်၌သော်လည်းကောင်း၊ ယုံကြည်ချက်၌သော်လည်းကောင်း၊ ထိုသူများ၏ နောက်လိုက်မည်ဆိုလျှင် မုချကေန် အသင် မုရှိရစ်ကဖြစ်သွားပေမည်။ အလ္လာဟ်အသျှင်မြတ်၏ သင်ကြားပေးခြင်းထက် အခြားသူများ၏ သင်ကြားပေးခြင်းကို ဦးစားပေးရန် မဆိုထားနှင့်။ တန်းတူဟု ယူဆလျှင်ပင် ရှရစ်ကဖြစ်သည်။ ဆိုလိုသည်မှာ ထိုသူများ၏ နောက်လိုက်ခြင်းသည် အလွန်ဆိုးရွားသောအရာ ဖြစ်သည်။ ထို့ကြောင့် ထိုသူများနှင့် ရင်ဆိုင်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

مَا ذُكِرَ اسْمُ اللهِ عَلَيْهِ

တွင် ရည်ရွယ်၍ လည်လှီးခြင်းနှင့် လုံ၊ စွန်၊ ခွေးတို့နှင့် ဖမ်းယူရာတွင် ၎င်းသတ္တဝါများအား စေလွှတ်ချိန်၌ 'ဗိစ္စမိလ္လာဟ်' ဖတ်ရမည်။ ဤနေရာ၌ အမိန့်အရ အကျုံးဝင်သည့် 'ဇိကိရ်'နှင့် အရင်းခံ 'ဇိကရ်' နှစ်မျိုးစလုံး ပါဝင်သည်။ သို့ရှိရာ အေမာမ်အဗူဟနီဖာ (ရဟ) ထံတော်ပါးတွင် 'ဗိစ္စမိလ္လာဟ်' မေ့လျော့၍ ပြုလုပ်ခဲ့သည့် သားကောင်သည် مَا ذُكِرَ اسْمُ اللهِ عَلَيْهِ အမိန့်၌ ပါဝင်ပေသည်။ သို့သော် သိလျက်နှင့် လွှတ်ခဲ့သော အေမာမ်ကြီးထံတွင် 'ဟရာမ်' ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَمَن كَانَ مَيْتًا فَأَحْيَيْنَاهُ وَجَعَلْنَا لَهُ نُورًا
يَمْشِي بِهِ فِي النَّاسِ كَمَن مَّثَلُهُ فِي الظُّلُمَاتِ لَيْسَ بِخَارِجٍ
مِّنْهَا ۚ كَذَٰلِكَ زُيِّنَ لِلْكَافِرِينَ مَا كَانُوا يَعْمَلُونَ ⑫

၆ : ၁၂၂ ။ ။ အကြင်သူသည် သူသေ (ကာဖိရ်) ဖြစ်ခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ထိုသူ့အား အသက်ရှင် (လမ်းမှန်ကို ပြ) စေတော်မူခဲ့သည်။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် ထိုသူ့အဖို့ အီမာန်တည်းဟူသော အလင်းရောင် (ကုရ်အာန်) ကို ပြုလုပ်ပေးတော်မူခဲ့ရာ ထိုသူသည် ယင်းအလင်းရောင်နှင့်တကွ လူတို့တွင် သွားလာလျက်ရှိသည်။ ထိုသို့သောသူသည် အမိုက်မှောင် (ကုဖွ်ရ်) များအတွင်း ကျရောက်လျက်ရှိပြီး ယင်းအမိုက်မှောင်ထုထဲမှ မထွက်နိုင်ဘဲ ရှိနေသောသူနှင့် တူနိုင်ပါမည်လော။ ဤနည်းအတိုင်းပင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ အမြင်တွင် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များကို လှပတင့်တယ်အောင် (ရှိုက်သွာန်က) ပြုလုပ်ထားပြီးဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူသည် ဤကဲ့သို့သော လူတစ်ဦးဖြစ်သည်။ ပထမပိုင်း၌ သူသေ (လမ်းမှား) ခဲ့သည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုသူအား အသက်ရှင်အောင် (မွတ်စ္စလင်မ်) ပြုလုပ်ပေးတော်မူခဲ့သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ထိုသူ့အား ဤကဲ့သို့သော အလင်းရောင်ကို ပေးသနားတော်မူခဲ့သည်။ ထိုသူများသည် ယင်းအလင်းရောင်အား ရယူ၍ လူတို့အကြား လှည့်လည်လျက်ရှိကြသည်။ ဆိုလိုသည်မှာ အချိန်တိုင်း၌ ထိုအလင်းရောင်သည် ၎င်းနှင့်အတူ ရှိနေသည်။ ယင်းအလင်းရောင်ကြောင့် ထိုသူသည် အခက်အခဲဟူသမျှနှင့် လမ်းမှားဟူသမျှမှ လုံခြုံမှုကို ရရှိပြီး ငြိမ်းချမ်းစွာဖြင့် သောကကင်းမဲ့စွာနေလျက်ရှိသည်။ ထိုသူသည် လမ်းမှားခြင်း၏ အမှောင်ထုတွင်းထဲ၌ တဝဲလည်လည်နှင့် ထွက်ပေါက်မရှိကြသော သူများကဲ့သို့ ဖြစ်နိုင်မည်လော။ ဆိုလိုသည်မှာ ၎င်းသည် မွတ်စ္စလင်မ်မဖြစ်ကြသည့်အတွက် အံ့ဩစရာမလိုပေ။ ၎င်းမှာ ဖီဆန်ခြင်းကြောင့် ထိုသူ့အပေါ် အမှောင်ထုလွှမ်းမိုးနေသော်ငြားလည်း ယခုတိုင် အဘယ်ကြောင့် တည်မြဲနေပါသနည်း။ အကြောင်းမှာ အီမာန်ရှင်များသည် မိမိတို့၏ အီမာန်ကို အကောင်းဆုံးဟု ယူဆသကဲ့သို့ ကာဖိရ်များသည် မိမိတို့၏ ကျင့်ကြံမှုများကို ကောင်းသည်ဟု ထင်မြင်ယူဆကြပေသည်။ ထို့အတွက်ကြောင့် မက္ကာဟ်မြို့ရှိ ခေါင်းဆောင်များသည် တမန်တော်မြတ် ﷺ အား အခြေအမြစ်မရှိသည့် တောင်းဆိုချက်များနှင့် ဒွိဟဖြစ်စေသော စကားရပ်များကို တင်ပြလျက်ရှိကြသည်။ မိမိတို့၏ ဖီဆန်မှုများကို ကောင်းသည်ဟုယူဆ၍ ထိုအပေါ် ရပ်တည်လျက် ရှိကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

အထက်ဖော်ပြပါ အာယသ်တော်များတွင် တင်ပြထားသည်မှာ သာသနာတော်နှင့် ဆန့်ကျင်သော သူများသည် တမန်တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်၏ ထင်ရှားသော 'မုအ်ဂျေဇာဟ်'တော်များကို တွေ့မြင်ရသော်ငြားလည်း မိမိတို့၏ ဖွတ်တရွတ်စိတ်ဖြင့် 'မုအ်ဂျေဇာဟ်'အသစ်များ တောင်းဆိုလျက် ရှိကြသည်။ ထို့နောက် ကျမ်းတော်မြတ်မှ တင်ပြထားသည်မှာ အကယ်၍ ထိုသူများသည် အမှန်တရားကို တောင်းဆိုခဲ့သည်ရှိသော် 'မုအ်ဂျေဇာဟ်'များသည် ၎င်းတို့ရှေ့၌ မြင်တွေ့ရခဲ့ရပြီးဖြစ်သည်။ ယင်း 'မုအ်ဂျေဇာဟ်' များသည် အမှန်တရားကို ပြသရန်အတွက် လုံလောက်သည်ထက်ပင် သာပိုနေပေသည်။ တစ်ဖန် ထို 'မုအ်ဂျေဇာဟ်'များအား တင်ပြထားပေသည်။ ဖော်ပြပါအာယသ်တော်များတွင် တမန်တော်မြတ် ﷺ နှင့် ကျမ်းတော်မြတ်အပေါ် အီမာန်ယူလာသူများနှင့် သွေဖည်ငြင်းဆန်သူများ၏ အခြေအနေအချို့နှင့် အတွေးအခေါ်များအကြောင်း၊ ၎င်းနောက် ထိုနှစ်ဦးစလုံး၏ ကောင်းခြင်း၊ မကောင်းခြင်း၏ ရလာဒ်များကို တင်ပြပြီး မုအ်မင်န်နှင့် ကာဖိရ်များ၊ အီမာန်နှင့် ကုဖွရ်၏ အရင်းအမြစ်ကို ဥပမာများနှင့်တကွ တင်ပြမိန့်ဆိုထား၏။ မုအ်မင်န်နှင့် ကာဖိရ်၏ ဥပမာကို ရှင်ခြင်းနှင့် သေခြင်းဖြင့် တင်ပြထားပြီး အီမာန်နှင့် ကုဖွရ်ကို အလင်းရောင်နှင့် အမှောင်ထုဖြင့် တင်ပြထားပေသည်။ ဤကျမ်းတော်မြတ်ရှိ ဥပမာများသည် ကဗျာလင်္ကာမျိုး မဟုတ်ဘဲ အရင်းအမြစ်တစ်ခုကို ဖော်ထုတ်နေခြင်းဖြစ်သည်။

မူအ်မင်န်သည် ရှင်သန်လျက်ရှိပြီး ကာဖိရ်သည် သေဆုံးလျက်ရှိခြင်း

ထိုနိုင်းယှဉ်ချက်တွင် မုအ်မင်န်သည် ရှင်လျက် ကာဖိရ်သည် သေသည့်အလား ဖြစ်သည်ဟု တင်ပြထားပေသည်။ အကြောင်းမှာ လူသား၊ တိရစ္ဆာန်နှင့် ပေါက်ပင်များသည် ကေန်ဆိုလျှင် ရှင်နေခြင်းနှင့် သက်တမ်း၏ ပုံစံအမျိုးမျိုးနှင့် သဏ္ဌာန်အမျိုးမျိုး ရှိသည်။ သို့သော် ထိုသက်ရှိများ၏ သက်တမ်းတိုင်းသည် သီးသန့်ရည်ရွယ်ချက်တစ်ခုအတွက် ဖြစ်သည်ကို နားလည်သဘောပေါက်သော သူများ မည်သို့မျှ မငြင်းဆန်နိုင်ကြချေ။ ထို့နောက် အသျှင်မြတ်သည် ထိုသက်ရှိများ၌ ထားရှိသော ရည်ရွယ်ချက်ကို ရယူရန်အတွက် အရည်အချင်း အပြည့်အဝ ရှိပေသည်။ ကျမ်းတော်မြတ်၌

اَعۡطٰى كُلَّ شَیۡءٍ خَلۡقَهٗ ثُمَّ هَدٰى

တွင် ထိုအရာနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာရှိ အရာဟူသမျှကို ဖန်ဆင်းတော်မူပေသည်။ ထိုအရာများကို ဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်အောင် ၎င်းအရာများအား ပြည့်ပြည့်ဝဝ လမ်းညွှန်ထားပေသည်။ ယင်းပညတ်ချက်နှင့်အညီ အဖန်ဆင်းခံတိုင်းသည် မိမိတို့၏ဘဝသက်တမ်း၌ မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်လျက်ရှိကြပေသည်။ ဤလောကတွင် မြေပထဝီ၊ မိုးကောင်းကင်၊ လေနှင့် မီးသည် ထိုနည်းတူစွာပင် မိုးကောင်းကင်ရှိ အဖန်ဆင်းခံများသည် မိမိတို့၏ တာဝန်ကို အသီးသီး အပြည့်အဝသိရှိကြပြီး ဝတ္တရားများကို ကျေပွန်လျက်ရှိခဲ့ကြပေသည်။ ယင်းသို့ တာဝန်ကျေပွန်နေခြင်းသည်ပင်လျှင် ထိုအရာတိုင်း၏ သက်တမ်းရှိခြင်းအား အထောက်အထားဖြစ်စေသည်။ ၎င်းတို့ထဲမှ အရာတစ်ခုသည် မိမိတို့၏ ဝတ္တရာများ ကျေပွန်ခြင်းမရှိတော့လျှင် ယင်းအရာသည် ရှင်သန်ခြင်းမရှိတော့ဘဲ သေဆုံးသွားပေသည်။ ရေသည် အကယ်၍ မိမိ၏ ဝတ္တရားဖြစ်သည့် ရေငတ်ပြေခြင်းနှင့် အညစ်အကြေး များကို သန့်စင်ခြင်း မရှိတော့လျှင် ယင်းသည် ရေမဟုတ်တော့ဘဲ ရေဟု မခေါ်ထိုက်တော့ပေ။ မီးသည် တောက်လောင်ခြင်းနှင့် လောင်ကျွမ်းစေခြင်းကို မစွမ်းဆောင်နိုင်တော့လျှင် ယင်းသည် မီးမဟုတ်တော့ပေ။ အပင်သည်လည်း ပေါက်ရောက်ခြင်း၊ ဖွံ့ဖြိုးခြင်းနှင့် အသီးအပွင့်များ သီးပွင့်နိုင်စွမ်း မရှိတော့လျှင် ယင်းသည် အပင်မဟုတ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ ရှင်သန်ခြင်း၏ ရည်ရွယ်ချက်ကို စွန့်လွှတ်လိုက် ခြင်းကြောင့် အသက်မဲ့ပြီး သေဆုံးသွားသကဲ့သို့ ဖြစ်သွားပေသည်။

စကြဝဠာတစ်ခုလုံးအား အကျယ်တဝင့် လေ့လာစမ်းစစ်ပြီးသည့်နောက် အသိဉာဏ်ရှိသော လူသားတစ်ဦးသည် ထိုစကားရပ်များကို တွေးတောစဉ်းစားမည်သာ ဖြစ်သည်။ ၎င်းမှာ လူသား၏ ဘဝသက်တမ်း၏ ရည်ရွယ်ချက်မှာ မည်သို့နည်း။ ၎င်း၏ ဝတ္တရားများမှာ အဘယ်နည်း။ အကယ်၍ ထိုလူသားများသည် မိမိတို့၏ ဘဝရည်မှန်းချက်များကို အပြည့်အဝ ကျေပွန်နေသည်ဆိုလျှင် အကြင်သူအား ရှင်သန်လျက်ရှိသည်ဟု ခေါ်ဆိုထိုက်ပေမည်။ အကယ်၍ မကျေပွန်လျှင် ထိုသူသည် လူသေအလောင်းထက် ပို၍ မည်သည့်အကြောင်းမျှ ဖြစ်မည်မဟုတ်ပေ။

ယခု စဉ်းစားရမည်မှာ လူသား၏ ဘဝပန်းတိုင်သည် မည်သို့နည်း။ ဝတ္တရားများ မည်သို့ ရှိသနည်း ဆိုသည့် အချက်ပင် ဖြစ်သည်။ အထက်ပါတင်ပြချက်များသည် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဤသို့ သတ်မှတ်ထားပေသည်။ ၎င်းမှာ အကယ်၍ ထိုသူတို့သည် မိမိတို့၏ ဘဝရည်မှန်းချက်များနှင့် ဝတ္တရား ကို ကျေပွန်လျက်ရှိသည်ဆိုလျှင် ရှင်လျက်ရှိနေပေသည်။ သို့မဟုတ်ပါက လူသေဟု ခေါ်ဆိုထိုက်သွား ပေမည်။ ဤအမှန်တရားကို မြင်နိုင်စွမ်းမရှိသော သူများသည် လူသားအား လောက၌ မြက်စားသည့် သတ္တဝါ (သို့) သတိဝီရိယရှိသည့် သတ္တဝါတစ်မျိုးဟု သတ်မှတ်ထားကြပေသည်။ ၎င်းတို့ထံတွင် လူသား သည် မြည်း၊ ခွေးတို့နှင့် မည်သို့မျှ မခြားနားတော့ချေ။ ထိုသတ္တဝါများ၏ ဘဝရည်မှန်းချက်သည် မိမိ တို့၏ စိတ်အလိုအား ဖြည့်ဆည်းရန်သာ ဖြစ်သည်။ စားမည်။ သောက်မည်၊ အိပ်မည်၊ နိုးကြားမည်၊ တစ်ဖန် သေဆုံးသွားမည်ဟု သတ်မှတ် ထားကြသည်။ ယင်းသူများသည် အသိဉာဏ်ရှိသော သူများထံတွင် ရည်ညွှန်း ပြောဆိုထိုက်သူများပင် မဟုတ်ပေ။ လောက၌ အသိဉာဏ်ရှိသော သူများသည် မည်သည့်ဘာသာ သာသနာနှင့် ဆက်သွယ်မှုရှိသည်ဖြစ်ပါစေ ကမ္ဘာကြီး၏ အစကနဦးကပင် ယနေ့တိုင်အောင် လူသားသည် စကြဝဠာကြီးအား အသုံးတော်ခံထိုက်သူနှင့် အဖန်ဆင်းခံများတွင် အမွန်မြတ်ဆုံးဖြစ်ခြင်းအပေါ် တစ်ညီ တစ်ညွတ်တည်း ရှိခဲ့ကြပေသည်။ ၎င်းနောက် အမွန်မြတ်ဆုံးနှင့် အမြင့်မားဆုံး အဆင့်အတန်းဆိုသည်မှာ အကြင်အရာ၏ ဘဝရည်မှန်းချက်သည် အမြင့်မားဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်ခြင်းအပေါ် နားလည်သဘော ပေါက်ပြီးဖြစ်ကြောင်းမှာ ထင်ရှားပေသည်။

ထို့နောက် နားလည်သဘောပေါက်သူများအားလုံး သိရှိကြသည်မှာ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ နေထိုင်ခြင်း၊ ဝတ်စားဆင်ယင်ခြင်း စသည်တို့တွင် လူသားသည် အခြားတိရစ္ဆာန်များနှင့် အထူး တလည် ခြားနားခြင်းမရှိပေ။ သို့သာမက မြောက်မြားစွာသော တိရစ္ဆာန်များသည် လူသားထက်ပိုပြီး ကောင်းစွာ စားသောက်နိုင်ကြပေသည်။ လူသားတို့ထက် ပိုပြီး ကောင်းသော သဘာဝ၏ လေထုတွင်း နေထိုင်နိုင်ကြပေသည်။ အကျိုးဖြစ်ထွန်းခြင်းနှင့် ဆုံးရှုံးခြင်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြရမည်ဆိုလျှင် တိရစ္ဆာန်တိုင်းနှင့် သစ်ပင်တိုင်းသည် အတိုင်းအတာတစ်ခုအထိ အသိဉာဏ်ရှိကြပေသည်။ ကောင်းသော အရာများကို ရယူပြီး မကောင်းသော အရာများမှာ ရှောင်ကြဉ်သည့် အရည်အချင်းသည် ၎င်းတို့ထံ၌လည်း ရှိကြပေသည်။ ထို့နည်းတူစွာပင် အခြားသူများအား အကျိုးဖြစ်ထွန်းစေသည့် ကိစ္စရပ်များ၌လည်း တိရစ္ဆာန် များ အားလုံးနှင့် ပေါက်ပင်များအားလုံးသည် လူသားထက် ရှေ့ရောက်နေသည်ကို မြင်တွေ့ရပေသည်။ ၎င်းမှာ ထိုသက်ရှိများ၏ အသား၊ သားရေ၊ အရိုး စသည်တို့နှင့် အပင်များ၏ ပင်စည်များမှ အကိုင်းအလက်၊ အရွက်အထိ စသည့် အရာများအားလုံးသည် အဖန်ဆင်းခံများအတွက် အသုံးဝင်ပြီး ဘဝ၏ လိုအပ်ချက် များကို ဖော်ဆောင်ရာတွင် များစွာသော အကျိုးဖြစ်ထွန်းမှုများကို ရရှိပေသည်။ ယင်းအရာများနှင့် ဆန့်ကျင် ဘက်ဖြစ်သော လူသား၏ အသားသည် မည်သူ့အတွက်မှ အသုံးမဝင်သကဲ့သို့ သားရည်သည်လည်း အသုံး မဝင်ချေ။ ထို့နည်းတူစွာပင် အမွေးအမျှင်များနှင့် အရိုးများလည်း အသုံးမဝင်ပေ။

ယခု ကြည့်ရမည်မှာ ထိုအခြေအနေများတွင် လူသားသည် မည်သည့်အပေါ် မူတည်၍ စကြဝဠာ၏ အသုံးတော်ခံရသူဖြစ်ပြီး အဖန်ဆင်းခံများထဲ၌ အမွန်မြတ်ဆုံးဟု ကောက်ချက်ချရသနည်း။ ယခု လူသား၏ အရင်းအမြစ်ကို သိရှိနိုင်ရန်အတွက် အနည်းငယ်မျှ စဉ်းစားတွေးတောမည်ဆိုလျှင် သိရှိနိုင်မည်ဖြစ်သည်။ ထိုအရာများအထိ အသိဉာဏ်၏ ပေါက်ရောက်မှုသည် လက်ရှိဘဝ သက်တမ်း၏ ယာယီအကျိုးဖြစ်ထွန်းခြင်းနှင့် ဆုံးရှုံးခြင်းအထိ ဖြစ်ပေသည်။ ယင်းသက်တမ်း၌ပင် အခြားသူများအတွက် အကျိုးဖြစ်ထွန်းခြင်းကို မြင်တွေ့ရပေသည်။ ဤလောက၏ သက်တမ်းအလျင် မည်သို့ရှိသနည်း။ နောက်ပိုင်းတွင် မည်သို့ ဖြစ်လာနိုင်မည်နည်း။ ထိုအရာများနှင့် စပ်လျဉ်း၍ ပေါက်ပင်များနှင့် တွင်းထွက်ပစ္စည်းများကိုပင် မဆိုထားနှင့်။ အလွန်ကြီးမားပြီး ဖျက်လတ်သည့် တိရစ္ဆာန်များ၏ အသိဉာဏ်သည်လည်း အသုံးမဝင်ပေ။ ထို့နောက် ထိုအရာများထဲမှ မည်သည့်အရာသည် တစ်ဦးတစ်ယောက်အတွက် အသုံးဝင်သည့် အကျိုးရှိသည်ကို မသိရှိနိုင်ပေ။ သို့ရှိရာ ဤသည်ပင် စကြဝဠာကို အသုံးတော်ခံပြုသူနှင့် အဖန်ဆင်းခံများထဲတွင် အမွန်မြတ်ဆုံးသော လူသား၏ အလုပ်ဖြစ်သည်။ ယင်းအချက်သည်ပင်လျှင် အခြားအဖန်ဆင်းခံများနှင့် အတိအလင်း ခြားနားစေပေသည်။

သိရှိရသည်မှာ လူသား၏ ဘဝရည်ရွယ်ချက်၌ တစ်လောကလုံး၏ အစအဆုံးကို ရှေ့ဝယ်ထားပြီး အားလုံး၏ ရလဒ်နှင့် နောက်ဆုံးအခြေအနေအပေါ် လေ့လာသုံးသပ်ပြီး များသောအားဖြင့် မည်သည့်အရာက အကျိုးရှိသည်။ မည်သည့်အရာ၌ ဆုံးရှုံးမှုရှိသည်ကို သတ်မှတ်နိုင်မည်။ ထို့နောက် မည်သည့်အရာ၌ ဆုံးရှုံးမှုရှိပြီး မည်သည့်အရာက ဒုက္ခဖြစ်စေသည်ကို လေ့လာသုံးသပ်ပြီး မိမိကိုယ်တိုင် မိမိအတွက် ကောင်းသော အရာများကို ရယူပြီး ဆုံးရှုံးစေသော အရာများမှ ရှောင်ကြဉ်ရပေမည်။ အခြားသူများကိုလည်း ထိုကောင်းသော အရာများဘက်သို့ ခေါ်ဆောင်ပြီး မကောင်းသည့်အရာများမှ ရှောင်ကြဉ်စေရပေမည်။ သို့မှသာ ထာဝရ ငြိမ်းချမ်းမှုရှိသော ဘဝကို ရရှိနိုင်မည် ဖြစ်သည်။ ထို့နောက် လူသား၏ ဘဝရည်ရွယ်ချက်နှင့် ပြည့်စုံသည့် လူ့ဘဝ၏ အခြေခံကျလှသည့် အကျိုးအမြတ်များကို ကိုယ်တိုင် ရယူပြီး အခြားသူများကိုလည်း အကျိုးဖြစ်ထွန်းစေရမည်ဖြစ်သည်။ သို့ရှိရာ ယခု ကျမ်းတော်မြတ်၏ ဤဥပမာသည် မူရင်းပုံစံဖြင့် ရှေ့ဝယ်ရောက်ရှိလာသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ကိုယ်တော်မြတ် ﷺ အပေါ် အီမာန်ယူလာမှသာလျှင် အသက်ရှင်နေသည့် လူတစ်ဦးဖြစ်မည်။ ကမ္ဘာလောကကြီး စတင်ပေါ်ထွန်းခဲ့သည်မှ အစအဆုံးအထိ အကျိုးရှိခြင်းနှင့် ဆုံးရှုံးခြင်းများကို အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'တော်ရောင်ခြည်နှင့်ပင် ချိန်ထိုး၍ သိရှိနားလည်းရမည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့၏ ဉာဏ်အမြော်အမြင်နှင့် မည်သည့်အခါမှ ထိုအချက်ကို မဖျက်ဆီးနိုင်သကဲ့သို့ နောက်လည်း ဖျက်ဆီးနိုင်လိမ့်မည်မဟုတ်ပေ။ ကြီးကျယ်လှသည့် အသိပညာရှင်များနှင့် အတွေးအခေါ်ပညာရှင်များသည် နောက်ဆုံးတွင် ထိုအချက်ကို လက်ခံလိုက်ကြပေသည်။ ၎င်းနောက် ဘဝ၏ ရည်မှန်းချက်ပန်းတိုင်အရ 'ဝဟီ'တော်အပေါ် လိုက်နာခြင်းနှင့် အီမာန်ရှင်ဖြစ်မှသာလျှင် အသက်ရှင်သည် လူတစ်ဦးဖြစ်သည့်အတွက် အဆိုပါအတိုင်း မဟုတ်သောသူအား သေသူဟူ၍ ခေါ်ဆိုထိုက်ပေသည်။

မှုအိမင်နံသည် ရှင်သူဖြစ်ပြီး ကာဖိရ်သည် သေသူဖြစ်သည်ဟူသော ဥပမာအား ကျမ်းတော်မြတ်မှ တင်ပြထားခြင်း ဖြစ်ပေသည်။ ဒုတိယဥပမာမှာ အီမာန်နှင့် 'ကုဖွရ်'ကို အလင်းရောင်ခြည်နှင့် မှောင်မိုက်ခြင်းဖြင့် ပမာပေးမိန့်ဆိုထား၏။

အီမာန်သည် အလင်းရောင်၊ 'ကုဖွရ်'သည် မှောင်မိုက်ခြင်းဟူသည့်အကြောင်း

အီမာန်အား အလင်းရောင်ဖြစ်ပြီး၊ ကုဖွရ်သည် မှောင်မိုက်ခြင်း ဖြစ်သည်ဟု သတ်မှတ်ထားပေသည်။ စဉ်းစားကြည့်မည်ဆိုလျှင် ဤဥပမသည်လည်း အပေါ်ယံ တွေးခေါ်ထားခြင်းမျိုး မဟုတ်ဘဲ အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။ ဤနေရာ၌လည်း အလင်းရောင်နှင့် မှောက်မိုက်ခြင်း၏ အခြေအမြစ်အပေါ် စဉ်းစားတွေးတောမည်ဆိုလျှင် ဇစ်မြစ်တစ်ခု ပေါ်ထွက်လာပေမည်။ ဆိုလိုသည်မှာ အလင်းရောင်၏ အကြောင်းခံဖြင့် အဝေး၊ အနီးရှိ အရာများအား တွေ့မြင်နိုင်ပေသည်။ ဤသည်ပင်လျှင် အလင်းရောင်၏ အလိုသဘောပင်ဖြစ်ပေသည်။ ယင်းအလင်းရောင်ကြောင့် နစ်နာဆုံးရှုံးစေမည့် အရာများမှ ရှောင်ရှားနိုင်ပြီး အကျိုးရှိမည့် အရာများကို ရွေးချယ်ခွင့် ရရှိပေသည်။

ယခု အီမာန်ကိုကြည့်မည်ဆိုလျှင် အီမာန်သည် ရောင်ခြည်တစ်ခုဖြစ်သည်။ ယင်းအီမာန်၏ ရောင်ခြည်သည် မိုးကောင်းကင်နှင့် မြေပထဝီများ ၎င်း၏ အပြင်ဘက်တွင်ရှိသော အရာများအားလုံးအပေါ် လွှမ်းမိုးထားပေသည်။ ဤရောင်ခြည်တော်သာလျှင် ကမ္ဘာကြီး၏ နောက်ဆုံးရလာဒ်နှင့် ကိစ္စဟူသမျှ၏ မှန်ကန်သည့်ရလဒ်ကို ပြသနိုင်ပေသည်။ အကြင်သူနှင့်အတူ ယင်းရောင်ခြည်တော် ရှိနေမည်ဆိုလျှင် ထိုသူကိုယ်တိုင်က နစ်နာဆုံးရှုံးစေမည့်အရာများမှ ရှောင်ရှားနိုင်မည် ဖြစ်သကဲ့သို့ အခြားသူများကိုလည်း ကယ်တင်နိုင်မည်ဖြစ်သည်။ အကြင်သူအား ယင်းရောင်ခြည်တော် မရရှိပါက ကိုယ်တိုင်လည်း အမှောင်ထုအတွင်းရှိသလို ဘဝသက်တမ်းတစ်ခုလုံး၌ မည်သည့်အရာက အကျိုးရှိပြီး မည်သည့်အရာက ဆုံးရှုံးနစ်နာသည်ကို ခွဲခြားနိုင်မည်မဟုတ်ပေ။ မိမိအနီးအနားတွင်ရှိသော အရာများကိုသာ စမ်းစစ်ပြီး အနည်းအကျဉ်း သိရှိနိုင်မည်။ လက်ရှိ မျက်မှောက်ခေတ်သည် ထိုနည်းတူစွာ အနီးအနားရှိ ပတ်ဝန်းကျင်သာ ဖြစ်သည်။ ကာဖိရ်သည် ဤဘဝသက်တမ်း၏ အကျိုးနှင့် ဆုံးရှုံးခြင်းကိုသာ သိရှိနိုင်ပြီး နောက်ပိုင်းတွင် ရင်ဆိုင်ရမည့် ထာဝရသက်တမ်းနှင့် ပတ်သက်ပြီး မည်သို့မှ မသိရှိကြချေ။ ထိုထာဝရ ဘဝသက်တမ်း၏ အဆိုးအကောင်းကိုလည်း မသိရှိကြပေ။ ကျမ်းတော်မြတ်သည် အဆိုပါနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ–

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا وَهُمْ عَنِ الْاٰخِرَةِ هُمْ غَافِلُوْنَ

ဆိုလိုသည်မှာ ဤလူများသည် လောကီသက်တမ်း၏ အပေါ်ယံအဆိုးအကောင်းကိုသာ သိကျွမ်းနိုင်ခြင်းရှိပြီး တမလွန်နှင့် ပတ်သက်၍ လုံးဝ မေ့လျော့နေသူများဖြစ်ကြသည်။

ဒုတိယအာယသ်တော်တွင် အတိတ်ခေတ်၏ ငြင်းဆန်သူများနှင့် ကာဖိရ်များ၏ အကြောင်းကို တင်ပြပြီးသည့်နောက် ကျမ်းတော်မြတ်တွင် ဆက်လက်၍ မိန့်တော်မူထားသည်မှာ–

وَكَانُوا مُسْتَبْصِرِينَ

ဖြစ်သည်။ အဆိုသဘောမှာ တမလွန်ကိစ္စရပ်များနှင့် ပတ်သက်ပြီး မေ့လျော့နေခြင်းနှင့် အသိဉာဏ်မဲ့စွာ ပြုမူနေသူများသည် ဤလောကီ၌ အသိဉာဏ်မရှိသူ၊ အတွေးအခေါ်မရှိသူများ မဟုတ်ပေ။ သို့သော်မက အတွေးအခေါ် အမြော်အမြင်ရှိကြသူများ ဖြစ်သည်။ သို့သော် ထိုသို့ တွေးခေါ်ခြင်းသည် တိုတောင်းလှသည့် လောကီ သက်တမ်းအား တန်ဆာဆင်ခြင်း၌သာ အသုံးဝင်ပေသည်။ တမလွန်၏ ထာဝရသက်တမ်းအတွက် မည်သို့မှ အသုံးဝင်မည်မဟုတ်ပေ။

ဖော်ပြပါရှင်းလင်းချက်ကို ကြားသိရပြီးသည့်နောက် ကျမ်းတော်မြတ်၏ အောက်ဖော်ပြပါ အာယသ်တော်ကို ဖတ်ရှုတ်ကြပါလေ။

اَوَمَنْ كَانَ مَيْتًا فَاَحْيَيْنَاهُ وَجَعَلْنَا لَهُ نُوْرًا يَّمْشِيْ بِهٖ فِي النَّاسِ كَمَنْ مَّثَلُهُ

فِي الظُّلُمٰتِ لَيْسَ بِخَارِجٍ مِّنْهَا

အဆိုသဘောမှာ အကြင်သူသည် ပထမပိုင်းတွင် သေသူ (ကာဖိရ်) ဖြစ်ခဲ့သည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုသူအား ရှင်သူ (မွတ်စ္စလင်မ်) အဖြစ် ပြုပေးတော်မူသည်။ ထို့နောက် ယင်းသူသည် ငါအသျှင်မြတ် ချီးမြှင့်လိုက်သော အလင်းရောင်ကို ယူ၍ လူတို့အကြား လှည့်လည်နေ၏။ ဤလူသည် ထိုသူနှင့် တန်းတူရှိနိုင်၏လော။ ပမာအားဖြင့်ဆိုရလျှင် ထိုသူအား အမှောင်ထုအမျိုးမျိုးမှ ဝိုင်းရံထားမည်။ ယင်းအမှောင်ထုအတွင်းမှ ရုန်းထွက်နိုင်ခြင်းလည်း မရှိ။ ဆိုလိုသည်မှာ ကုဖ္ဖရ်၏ မိုက်မှောင်တွင်း၌ နစ်မွန်းနေမည်။ ထိုသူကိုယ်တိုင်ကလည်း အဆိုးအကောင်းကို မသိရှိနိုင်ဘဲ ပျက်စီးခြင်းမှ မရှောင်ရှားနိုင်သည့်အတွက် အခြားသူများကို မည်သို့ အကျိုးပြုနိုင်မည်နည်း။

အီမာန်၏ ရောင်ခြည်သည် အခြားသူများကိုလည်း အကျိုးဖြစ်ထွန်းစေခြင်း

ဤအာယသ်တော်တွင်

نُوْرًا يَّمْشِيْ بِهٖ فِي النَّاسِ

ဟု မိန့်တော်မူပြီး လမ်းညွှန်မှုပြုထားသည်မှာ အီမာန်၏ အလင်းရောင်သည် ဗလီ (သို့) ခေွရိပ်သာ (သို့) အခန်းထောင့်တစ်နေရာအတွက် သီးသန့်မဟုတ်ပေ။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ချီးမြှင့်သည့် ရောင်ခြည်တော်အား ယူ၍ နေရာအနှံ့အပြား လှည့်လည်သွားလာမည်ဆိုလျှင် နေရာတိုင်းတွင် ထိုရောင်ခြည်တော်မှ ကိုယ်တိုင်လည်း အကျိုးဖြစ်ထွန်းစေသကဲ့သို့ အခြားသူများကိုလည်း အကျိုးဖြစ်ထွန်းစေပေသည်။ အလင်းရောင်သည် မည်သည့်အမှောင်ထုကြောင့်မှ မှေးမှိန်သွားနိုင်စရာ မရှိပေ။ ပမာဆိုရသော် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော မီးခွက်သည် အမှောင်ထု၏ လွှမ်းမိုးခြင်းကို ခံရခြင်း မရှိ

ဆိုသည်မှာ လက်တွေ့ဖြစ်ပေသည်။ သို့သော် ထိုမီးခွက်၏ အလင်းရောင်သည် အဝေးထိတော့ မရောက်ပေ။ သို့သော် အလင်းရောင်သည် ထိန်လင်းနေမည်ဆိုလျှင် အဝေးထိ အလင်းရောင်ပြန့်သွားပေမည်။ အလင်းရောင် မှိန်မည်ဆိုလျှင် နေရာအနည်းအကျဉ်းမျှသာ လင်းဝင်းစေမည်။ မည်သို့ပင်ဖြစ်စေ အမှောင်ထုကိုတော့ လွှမ်းမိုးနိုင်ပေသည်။ အမှောင်ထုသည် ၎င်းမီးခွက်အား လမ်းမိုးနိုင်ခြင်းမရှိပေ။ အမှောင်ထု၏ လွှမ်းမိုးခြင်းခံရသော အလင်းရောင်အား အလင်းရောင်ဟုပင် မဆိုထိုက်ပေ။ ထိုနည်းတူစွာ 'ကုဖ္ဖရ်'၏ လွှမ်းမိုးခြင်းခံရသော အီမာန်အား အီမာန်ဟုပင် မဆိုထိုက်ပေ။ ဤအီမာန်၏ အလင်းရောင်သည် လူသားဘဝ၏ အခန်းကဏ္ဍတိုင်း အခြေအနေတိုင်းနှင့် ခေတ်တိုင်းတွင် အတူရှိသည်။

ထိုနည်းတူစွာ ဖော်ပြပါ ဥပမာတွင် ရည်ညွှန်းချက်တစ်ချက် ပါရှိသည်မှာ လူတိုင်း သတ္တဝါတိုင်းသည် ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်၍ဖြစ်စေ၊ အနည်းငယ်မျှပင် အလင်းရောင်၏ အကျိုးဖြစ်ထွန်းစေပေသည်။ အလင်းရောင်ရှိသောသူသည် အခြားသူများအား အကျိုးဖြစ်ထွန်းစေရန် မလိုလားသည်ဖြစ်စေ၊ အခြားသူများသည်လည်း ထိုသူ၏ အလင်းရောင်ဖြင့် အကျိုးဖြစ်ထွန်းစေခြင်းအလို့ငှာ ရည်ရွယ်၍ သွားလာခြင်းမျိုးလည်း မဟုတ်။ သို့သော် ယင်းအလင်းရောင်သည် တစ်ဦးတစ်ယောက်နှင့် အတူရှိမည်ဆိုလျှင် သဘာဝအလျောက် အားလုံးကို အကျိုးဖြစ်ထွန်းစေမည်မှာ မလွဲကေန် ဖြစ်ပေသည်။ ထိုနည်းတူစွာ အီမာန်ရှင်၏ အီမာန်သည် ၎င်းသူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အခြားသူများကိုလည်း မည်သို့မဆို အကျိုးဖြစ်ထွန်းစေလိုသည်။ အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

كَذَالِكَ زُيِّنَ لِلْكٰفِرِيْنَ مَا كَانُوْا يَعْمَلُوْنَ

အလိုသဘောမှာ ထိုသို့ ရှင်းရှင်းလင်းလင်း အထောက်အထားများ ရှိသော်ငြားလည်း ငြင်းပယ်သူများနှင့် ဖီဆန်သူများအနေနှင့် အဆိုပါစကားရပ်အား လက်မခံရခြင်း၏ အကြောင်းရင်းမှာ ရှိုက်သွာန်နှင့် စိတ်၏လိုအင်ဆန္ဒများသည် ထိုသူတို့၏ မျက်စိရှေ့ဝယ် မကောင်းသည့် လုပ်ရပ်များကို လှပအောင် ပြုလုပ်ပေးထားခြင်းကြောင့် ဖြစ်သည်။ ယင်းသည် အလွန်ကြီးမားသည့် မှားယွင်းမှုတစ်ရပ်ပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَكَذٰلِكَ جَعَلْنَا فِيْ كُلِّ قَرْيَةٍ اَكٰبِرَ مُجْرِمِيْهَا لِيَمْكُرُوْا فِيْهَا ۭ وَمَا
يَمْكُرُوْنَ اِلَّا بِاَنْفُسِهِمْ وَمَا يَشْعُرُوْنَ ۝

၆ : ၁၂၄ ။ ။ ၎င်းပြင် ထိုနည်းနှင်နှင် ငါအသျှင်မြတ်သည် မြို့တိုင်း၊ ရွာတိုင်းတွင် ထိုမြို့ရွာများ၏ အကြီးအကဲများကို (ပွင့်လေသမျှ နဗီတမန်တော်များအား) မကောင်းကြံစည်ကြရန် (တိုက်တွန်း နှိုးဆော်ခြင်းဖြင့်) ပြစ်မှုကျူးလွန်သူများ ဖြစ်စေတော်မူခဲ့သည်။ အမှန်စင်စစ် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိတို့သာလျှင် မကောင်းကြံစည်လျက် ရှိကြကုန်သည်။ သို့သော် ၎င်းတို့သည် (ဤသည်ကိုပင်) မသိနားမလည်ကြချေ။

وَإِذَا جَآءَتْهُمْ
ءَايَةٌ قَالُوا۟ لَن نُّؤْمِنَ حَتَّىٰ نُؤْتَىٰ مِثْلَ مَآ أُوتِىَ رُسُلُ ٱللَّهِ ۘ
ٱللَّهُ أَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهُۥ ۗ سَيُصِيبُ ٱلَّذِينَ أَجْرَمُوا۟
صَغَارٌ عِندَ ٱللَّهِ وَعَذَابٌ شَدِيدٌۢ بِمَا كَانُوا۟ يَمْكُرُونَ ﴿١٢٤﴾

၆ : ၁၂၄ ॥ ॥ ထို့ပြင် ၎င်းတို့ထံ အာယသ်တော်တစ်ပါးပါး (သက်သေအထောက်အထား တစ်စုံတစ်ရာ) ရောက်ရှိလာသောအခါ ၎င်းတို့က ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်များ ချီးမြှင့်ခြင်း ခံကြရသကဲ့သို့ ချီးမြှင့်ပေးသနားတော်မူခြင်း မခံကြရသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် အလျှင်း အီမာန်သက်ဝင် ယုံကြည်ကြမည်မဟုတ်ပေဟု ပြောဆိုကြလေသည်။ (အမှန်စင်စစ်) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိ၏ ရစူလ်တမန်တော်ဂုဏ်ကို မည်သူ့အား ချီးမြှင့်ရမည်ကို အသိဆုံး ဖြစ်တော်မူပေသည်။ မကြာမြင့်မီ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ပြစ်မှုကျူးလွန်သော သူတို့၌ ၎င်းသူတို့၏ မကောင်းကြံစည် လှည့်ဖြားမှုတို့၏အစား ဂုဏ်သရေ ယုတ်ညံ့သိမ်ဖျင်းမှုနှင့် ပြင်းထန်လှသော ပြစ်ဒဏ်သည် သက်ရောက်မည်ဖြစ်သည်။

فَمَن يُرِدِ ٱللَّهُ أَن يَهْدِيَهُۥ يَشْرَحْ صَدْرَهُۥ لِلْإِسْلَٰمِ ۖ
وَمَن يُرِدْ أَن يُضِلَّهُۥ يَجْعَلْ صَدْرَهُۥ ضَيِّقًا حَرَجًا كَأَنَّمَا
يَصَّعَّدُ فِى ٱلسَّمَآءِ ۚ كَذَٰلِكَ يَجْعَلُ ٱللَّهُ ٱلرِّجْسَ عَلَى ٱلَّذِينَ
لَا يُؤْمِنُونَ ﴿١٢٥﴾

၆ : ၁၂၅ ॥ ॥ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြင်သူတစ်ဦးတစ်ယောက်အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူရန် ရည်ရွယ်တော်မူခဲ့ပါလျှင် ထိုသူ၏ ရင် (စိတ်နှလုံး) ကို အစ္စလာမ်သာသနာတော် (အား ယုံကြည်လာနိုင်စေရန်) နှင့် စပ်လျဉ်း၍ ဖွင့်ပေးတော်မူ၏။ သို့ရာတွင် အကြင်သူအား လမ်းမှား၌ ရှိနေစေရန် ရည်ရွယ်တော်မူသော ၎င်းသူ၏ ရင် (စိတ်နှလုံး) ကိုမူကား ထိုသူသည် မိုးကောင်းကင်သို့ (ခက်ခဲစွာ) တက်နေရသည့်အလား အလွန့်အလွန် ကြပ်တည်း ကျဉ်းကြပ်စေတော်မူ၏။ ဤနည်းအတိုင်းပင် အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိသူတို့အပေါ်၌ (သွေဖည်ငြင်းပယ်မှု၏) အညစ်အကြေးများကို ပြုလုပ်ထားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ဤသည် စကားအသစ်အဆန်းတစ်ရပ် မဟုတ်ပေ။ မက္ကာဟ်မြို့ရှိ ကြွယ်ဝချမ်းသာသူများသည် ထိုသို့သော ပြစ်မှုများ၌ နစ်မွန်းနေကြသကဲ့သို့ ၎င်းတို့၏ စူးရှထိရောက်မှုကြောင့် အခြားသူများလည်း ထိုအထဲ၌ ပါဝင်သွားကြသည်။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ရှေးယခင် အွမ္မသ်များတွင် ရွာတိုင်းရှိ

ကြွယ်ဝချမ်းသာသောသူများကို ဦးစွာပထမ ပြစ်မှုဒုစရိုက်များ၌ နစ်မန်းစေပြီး တစ်ဖန် ၎င်းတို့၏ ရူးရူးမူးမူးဖြင့် လူထုများလည်း ပါဝင်ကြသည်။ သို့မှသာ ထိုသူများသည် ထိုနေရာရှိ နဗီတမန်တော်များကို ဒုက္ခပေးရန်အတွက် ဆိုးသွမ်းမှုပြုလာကြမည်။ ယင်းသို့ ဆိုးသွမ်းမှုကြောင့် ပြစ်ဒဏ်ထိုက်သူအဖြစ် ကောင်းစွာ သတ်မှတ်ခြင်းခံရပေမည်။ ထိုသူများသည် အခြားသူများကို ဒုက္ခပေးနေသည်ဟု တွေးထင်နေကြသော်လည်း စောင်းအမှန် မိမိကိုယ်မိမိ ဒုက္ခပေးနေခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်ကြောင့် ကျရောက်လာမည့် ဘေးဗလာများအား ကိုယ်တိုင် ခံစားရမည်သာ ဖြစ်သည်။ အသိဉာဏ်မဲ့ခြင်းကြောင့် ၎င်းတို့သည် ထိုသို့ ခံစားရမည်ကို မသိရှိကြချေ။ ၎င်းနောက် မက္ကာဟ်မြို့ရှိ ထိုကာဖိရ်များ၏ ဆိုးသွမ်းမှုသည် ဤမျှ မြင့်တက်သွားသည်မှာ ၎င်းတို့ထံ အာယသ်တော်တစ်ပိုဒ် ကျရောက်လာလျှင် နဗီဖြစ်ခြင်းအပေါ် လုံလောက်သည့် အထောက်အထားများ ရှိနေသော်ငြားလည်း ၎င်းတို့သည် ထိုနဗီအပေါ် အီမာန်ယူခြင်း မရှိကြချေ။ နဗီတမန်တော်များအား ချီးမြှင့်သည့်အရာများအား ကျွန်ုပ်တို့ကို ချီးမြှင့်မှု မရှိသရွေ့ကာလပတ်လုံး ကျွန်ုပ်တို့ အီမာန်ယူလာမည် မဟုတ်ဟု ပြောဆိုကြသည်။ ဆိုလိုသည်မှာ အသင် နဗီအပေါ် အီမာန်ယူရန် ကျွန်ုပ်တို့အပေါ် ပညတ်ချက် ပြဋ္ဌာန်းထားသည့် 'ဝဟီ' (သို့) ကျမ်းဂန်များဖြစ်သည်။ ထိုသို့ ပြောဆိုခြင်းသည် ကြီးမားသည့် ပြစ်ချက်ဖြစ်ခြင်းမှာ ပေါ်လွင်ပေသည်။ ယင်းသို့ ပြောဆိုရာ၌ လိမ်လည်ခြင်း၊ ရန်ငြိုးထားခြင်း၊ မာန်မာနနှင့် ရိုင်းပျခြင်းများ ပါဝင်ပေသည်။

ရှေ့ဆက်၍ အလ္လာဟ်အသျှင်မြတ်သည် ထိုစကားရပ်များကို ငြင်းပယ်တော်မူ၍ မိန့်တော်မူသည်မှာ 'ဝဟီ' တော်၏ အကြောင်းခံဖြင့် မိမိနှုတ်ကပါဋ်တော်များကို မည်သည့်နေရာ၌ ပို့ချရမည်ကို အလ္လာဟ် အသျှင်မြတ် အသိတော်မူဆုံးဖြစ်၏။ မည်သူမဆို ထိုမွန်မြတ်မှုအား ခံထိုက်ကြပြီလော။ ရှေ့ဆက်၍ ထိုပြစ်မှုကြီး၏ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ မုချဧကန် ထိုအပြစ်ကို ကျူးလွန်ကြသောသူများသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိပြီး သေးသိမ်ခြင်းနှင့် ရင်ဆိုင်ရကြမည် ဖြစ်သည်။ ၎င်းတို့သည် မိမိကိုယ်မိမိ နဗီနှင့် ယှဉ်၍ 'နဗူဝသ်'နှင့် သိက္ခာပိုရှိသည်ဟု ယူဆကြသည်။ ၎င်းတို့သည် ပြင်းထန်သည့် ပြစ်ဒဏ်များကို ခံစားရမည်ဖြစ်သည်။ ထိုသူများ၏ ဆိုးသွမ်းမှုများနှင့်ယှဉ်လျက် အထက်တွင် ဖော်ပြထားသည့် အီမာန်ရှင်နှင့် ကာဖိရ်တို့၏ အခြေအနေများမှ သိရှိရသည်မှာ အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် လွတ်မြောက်သည့်လမ်းပေါ် တင်ပေးလိုပါက ၎င်းသူ၏ နှလုံးသားအား အစ္စလာမ် သာသနာတော်ကို လက်ခံနိုင်ရန်အတွက် ကျယ်ဝန်းစေတော်မူပေသည်။ ထိုသို့ ကျယ်ဝန်းစေသည့်အတွက် အီမာန်လက်ခံရာတွင် ရှေ့တိုး၊ နောက်ဆုတ် မဖြစ်တော့ပေ။ ဤသည်ပင်လျှင် ဖော်ပြပါအလင်းရောင် ဖြစ်သည်။ အကြင်သူအား လမ်းလွဲစေလိုပါက အစ္စလာမ်သာသနာတော်အား လက်ခံခြင်းမှ ၎င်းသူ၏ နှလုံးသားကို အလွန်ကျဉ်းမြောင်းအောင် ပြုလုပ်ပေးလိုက်သည်။ ထိုသို့ ပြုလုပ်ခြင်းခံလိုက်ရသည့်အတွက် ထိုသူအနေနှင့် မိုးကောင်းကင်သို့ တက်နေရသည့်အလား အစ္စလာမ်သာသနာတော်အား လက်ခံရယူရန် အခက်အခဲနှင့် ရင်ဆိုင်ရတော့သည်။ ထိုသို့ မိုးကောင်းကင်သို့ မတက်နိုင်သည့်အတွက် စိတ်အနှောင့်အယှက်

ဖြစ်ရ၏။ အခက်အခဲဒုက္ခများနှင့် ရင်ဆိုင်ရ၏။ ယင်းသို့ မတက်နိုင်သကဲ့သို့ အလ္လာဟ်အသျှင်မြတ်သည် အီမာန်မယူလာသူများအပေါ် ၎င်းတို့၏ 'ကုဖ္ဖရ်' နှင့် ရှရစ်က်၏ အကြောင်းခံကြောင့် ဒဏ်ခတ်ခြင်း ခံရပေသည်။ ထို့ကြောင့် အီမာန်ယူလာနိုင်ခြင်း မရှိကြချေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဖော်ပြပါအာယသ်တော်၏ နောက်ဆုံးပိုင်း၌ ဤလောကကြီးသည် စမ်းစစ်သည့် နေရာဖြစ်သည်ဟု တင်ပြထားပေသည်။ ဤနေရာ၌ ကောင်းသည့် လုပ်ရပ်များနှင့်အတူ ကြိုးပမ်းအားထုတ်မှုနှင့် အခက်အခဲများ ရှိသည့်အတိုင်း အတားအဆီးများနှင့်လည်း ရင်ဆိုင်ရတတ်ပေသည်။ ထိုနည်းတူစွာ မကောင်းသည့် လုပ်ရပ်များနှင့်အတူ ရက်အနည်းငယ်မျှ စိတ်အာရုံခံစားရခြင်း၏ အရသာနှင့် ဖြစ်လိုသည့် ဆန္ဒများသည် လှည့်စားမှုတစ်ခုသာ ဖြစ်သည်။ ယင်းအရာသည် အရင်းအမြစ်နှင့် ရလဒ်ကို မေ့လျော့နေကြသူများ၏ အမြင်တွင် ထိုမကောင်းသော အရာများအား အလှခြယ်ပေးထားခြင်းပင် ဖြစ်ပေသည်။ လောကရှိ အလွန်အတွေးအခေါ်ကောင်းသည်ဆိုသည့် သူများသည်ပင်လျှင် ထိုသို့ အပေါ်ယံအလှဆင်ထားသည့် မကောင်းမှုများ၌ နစ်မွန်းနေကြ၏။

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် တင်ပြထားသည်မှာ ထိုသို့ စမ်းစစ်ခြင်း၏ ဦးတည်ရာအချက်တစ်ချက်သည် ကမ္ဘာအစကတည်းက ဤအတိုင်းပင် ဖြစ်ရှိခဲ့ပေသည်။ ၎င်းမှာ မြို့ရွာတိုင်းရှိ ကြွယ်ဝချမ်းသာသော သူများနှင့် ဂုဏ်သရေရှိသူများသည် အရင်းအမြစ်နှင့် ရလဒ်ကို မေ့လျော့၍ ရက်အနည်းငယ်မျှ ခံစားရပြီး ပျက်စီးသွားမည့် အရသာများအပေါ် မွေ့လျော်လျက် ပြစ်မှုများ ကျူးလွန်ကြသည်။ ထို့နောက် လူများ၏ အကျင့်တစ်ခု ရှိသည်မှာ ဂုဏ်သရေရှိသူများ၏ နောက်လိုက်ခြင်းနှင့် အတုယူ ပြုလုပ်ခြင်းကို မိမိတို့အတွက် ကောင်းခြင်းတရားများနှင့် အောင်မြင်မှုဟု ယူဆကြသည်။ နဗီတမန်တော်များနှင့် သာသနာ့ပညာရှင်များက ၎င်းတို့အား ထိုမကောင်းမှုများမှ တားဆီးမည်။ ထိုလုပ်ရပ်၏ ရလဒ်ဘက်သို့ မီးမောင်းထိုးပြသည်ရှိသော် ထိုဂုဏ်သရေရှိ လူကြီးများသည် အဆိုပါနဗီတမန်တော်များနှင့် သာသနာ့ပညာရှင်များကို ဆိုးဆိုးရွားရွား ဆန့်ကျင်ဘက်များ ပြုလုပ်ကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် ထိုနဗီတမန်တော်များကို စိတ်ထိခိုက်စေသည်ဟု ထင်ရသော်ငြားလည်း နောက်ဆုံးရလဒ်အနေနှင့် ဘေးဗလာဟူသမျှသည် ပြုလုပ်သူများအပေါ်သို့သာ ကျရောက်မည်ဖြစ်သည်။ လောကတွင်လည်း များသောအားဖြင့် ထိုနည်းတူစွာ တွေ့မြင်ရပေသည်။

ထိုမိန့်ကြားချက်၌ မွတ်စ္စလင်မ်ထုတစ်ရပ်လုံးကို သတိပေးစကားဆိုသည်မှာ လောကရှိ ကြွယ်ဝချမ်းသာသောသူများနောက်သို့ လိုက်တတ်သည့် အကျင့်ကို စွန့်လွှတ်ကြရမည်။ နောက်ဆုံးရလဒ်ကို တွေးတော၍ မဏ္ဍိုင်အဖြစ် လက်ကိုင်ထားပြီး အကောင်းအဆိုးကို ကိုယ်တိုင် သိရှိနားလည်ရမည်။

၎င်းနောက် တမန်တော်မြတ် ﷺ ကို နှစ်သိမ့်ရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ ၎င်းမှာ အသင့်အား ဆန့်ကျင်နေကြသော ကိုရိုက်ရှ်သူကြွယ်များကြောင့် အသင် မည်သို့မျှ စိတ်မကောင်းမဖြစ်

လေနှင့်။ ယင်းသို့ ဆန့်ကျင်ခြင်းသည် မည်သို့မျှ အသစ်အဆန်းမဟုတ်ပေ။ ရှေးယခင် နဗီတမန်တော်များသည်လည်း ထိုကဲ့သို့သော သူများနှင့် ရင်ဆိုင်ခဲ့ရပြီးဖြစ်သည်။ နာက်ဆုံးတွင် ထိုသူများပင် သေးသိမ်ခြင်းနှင့် ရင်ဆိုင်ကြရပြီး အသျှင်မြတ်၏ 'ကလေမာဟ်'တော်မှာ အရှိန်အဟုန်ဖြင့် တက်ခဲ့ရပေသည်။

ဒုတိယအာယသ်တော်တွင် ထိုကိုရိုက်ရှ် ခေါင်းဆောင်အနေနှင့် အမှန်တရားနှင့် ပတ်သက်ပြီး ပြောင်လှောင်ပြောဆိုချက်များကို တင်ပြထားပြီး တစ်ဖန် ထိုပြောဆိုချက်များအပေါ် ထုချေ ပြောဆိုထားပေသည်။

အေမာမ်ဗဂ်ဝီ (ရဟ) သည် ကသာဒဟ်၏ ဆင့်ပြန်ချက်ကို ကောက်နှုတ်တင်ပြထားရာတွင် ကိုရိုက်ရှ်တို့၏ အကြီးဆုံးခေါင်းဆောင်တစ်ဦး ဖြစ်သူ အဗူဂျဟလ်သည် တစ်ခါက ပြောဆိုသည်မှာ ဗနူ အဗ်ဒ်မနာဖ် (တမန်တော်မြတ် ﷺ ၏ မျိုးရိုးစဉ်ဆက်) နှင့် ကျွန်ုပ်သည် ဘက်ပေါင်းစုံမှ ယှဉ်ပြိုင်ခဲ့ပေသည်။ ယင်းသို့ ယှဉ်ပြိုင်ရာ၌ ကျွန်ုပ်သည် မည်သည့်အခါမှ ရှုံးနိမ့်ခဲ့ခြင်း မရှိပေ။ သို့သော် ၄င်းတို့က ယခုပြောဆိုသည်မှာ အသင်သည် ထွတ်မြတ်မှုတွင် ကျွန်ုပ်တို့နှင့် မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ မျိုးရိုးတွင် နဗီတစ်ပါး ပေါ်ထွန်းလာသည်။ ယင်းနဗီအပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ 'ဝဟီ'ကျရောက်၏။ တစ်ဖန် ရှေ့ဆက်ပြောဆိုသည်မှာ ကျွန်ုပ်သည် ထိုသူ၏ နောက်လိုက်မည်မဟုတ်ဟု အလ္လာဟ်အား ကျိန်ဆို၍ ပြောဆိုသည်။ ထိုသို့ နောက်မလိုက်ခြင်းသည် ကျွန်ုပ်ထံ ထိုကဲ့သို့ ဝဟီတော် မကျရောက်သရွေ့ ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင်

وَاِذَاجَآءَ تْهُمْ اٰيَةٌ قَالُوْالَنْ نُّؤْمِنَ حَتّٰى نُؤْتٰى مِثْلَ مَاۤاُوْتِىَ رُسُلُ اللّٰهِ

သည် အဆိုပါအလိုသဘောကို ဆိုထားခြင်းဖြစ်သည်။

'နဗူဝသ်'နှင့် 'ရေစာလသ်'သည် မည်သူမျှ လုပ်ယူ၍ရသော အရာမဟုတ်၍ ယင်းအား ချီးမြှင့်ရန် အခွင့်အရေးသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ် ရှိခြင်း

ကျမ်းတော်မြတ်သည် ဤအဆိုကို တင်ပြပြီးသည့်နောက် အဖြေပေးမိန့်ကြားသည်မှာ-

اَللّٰهُ اَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهٗ

အလိုသဘောမှာ မည်သူကို မိမိ၏ 'နဗူဝသ်'နှင့် 'ရေစာလသ်'အား ချီးမြှင့်ရမည်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။ အလိုသဘောမှာ ထိုအသိဉာဏ်မရှိသူသည် 'နဗူဝသ်'နှင့် 'ရေစာလသ်'ကို မိမိတို့၏ မျိုးရိုးမွန်မြတ်မှုနှင့် ကြွယ်ဝချမ်းသာမှုအပေါ် အကြောင်းခံပြီး ရယူနိုင်သည်ဟု အသိဉာဏ်ကင်းမဲ့စွာ နားလည်သဘောပေါက်ထားကြသည်။ စင်စစ်အမှန် 'နဗူဝသ်'သည် အလ္လာဟ်အသျှင်မြတ်၏ ကိုယ်စားလှယ်ရာထူးဖြစ်သည်။ ယင်းရာထူးအား ရယူခြင်းသည် မည်သူ၏ လုပ်ပိုင်ခွင့်၌ မရှိပေ။ မည်မျှပင်

ပြီးပြည့်စုံသူဖြစ်စေကာမူ မည်သူမှ မိမိ၏ အရည်အသွေးပြည့်ဝမှုကို အကြောင်းခံပြီး ထိုရာထူးကို ရယူနိုင်စွမ်း မရှိပေ။ ထိုရာထူးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ အထူးချီးမြှင့်သည့် ရာထူးဖြစ်သည်။ ထိုအသျှင်မြတ်အနေနှင့် မိမိနှစ်သက်သူကို ချီးမြှင့်တော်မူ၏။

ယင်းအချက်မှ သိရှိရသည်မှာ 'ရေစာလသ်' နှင့် 'နဗူဝသ်' သည် မည်သူမှ မိမိသဘောနှင့် ရှာဖွေရယူနိုင်သည့်အရာမဟုတ်ပေ။ ယင်းရာထူးကို ပညာအရည်အချင်း ပြည့်ဝသည့် ကျင့်ကြံမှုများ၊ (သို့) ကြိုးပမ်းအားထုတ်ခြင်းများဖြင့် ရယူနိုင်ခြင်း မရှိပေ။ တစ်ဦးတစ်ယောက်သည် အဆင့်အတန်း မည်မျှပင် မြင့်မားစေကာမူ ထို (နဗူဝသ်) ရာထူးကို ရယူနိုင်ခြင်း မရှိပေ။ သို့သာမက ယင်းရာထူးသည် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အသိနှင့် ဆင်ခြင်တုံတရားဖြင့် သီးသန့်ဗန္ဒာဟ်များကို ချီးမြှင့်တော်မူပေသည်။ သို့သော် မုချ သေချာသည်မှာ အကြင်သူအား အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင် ဤရာထူးကို ချီးမြှင့်ရန် သဘောတူလက်ခံထားပြီးဆိုပါက ၎င်းသူကို အစကနဦးကပင် ထိုရာထူးနှင့် ထိုက်တန်အောင် ဖန်ဆင်းတော်မူသည်။ ထိုသူ၏စာရိတ္တနှင့် ကျင့်ကြံမှုများအား အထူးတလည် သင်ကြားမွမ်းမံပေးတော်မူ၏။

အာယသ်တော်၏ နောက်ဆုံးတွင်

سَيُصِيبُ الَّذِينَ أَجْرَمُوا صَغَارٌ عِندَ اللَّهِ وَعَذَابٌ شَدِيدٌ بِمَا كَانُوا يَمْكُرُونَ

ဟု မိန့်တော်မူထားပေသည်။ အာယသ်တော်တွင် صَغَارٌ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ သေးသိမ်ခြင်းနှင့် သိက္ခာကျခြင်းတို့ဖြစ်သည်။ ထိုဝါကျ၏ အလိုသဘောမှာ အမှန်တရားနှင့် ဆန့်ကျင်ဘက်ပြုသူကို ယနေ့ မိမိအုပ်စု၏ ဂုဏ်သရေရှိသူ ကြွယ်ဝချမ်းသာ သူဟူ၍ ခေါ်ဆိုနေကြသော်လည်း မုချကေန် ထိုသူ၏ ကြီးကျယ်မှုနှင့် သိက္ခာရှိခြင်းသည် မြေခရမည် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ထံတော်ပါးမှ ထိုသူ့အပေါ် သေးသိမ်ခြင်းနှင့် သိက္ခာကျဆင်းမှုများ ကျရောက်တော့မည် ဖြစ်သည်။ ပြင်းထန်သည့် ပြစ်ဒဏ် ကျရောက်တော့မည်ဖြစ်သည်။

'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ' ဟု ဆိုခြင်း၏ အလိုသဘောမှာ 'ကေယာမသ်' နေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်သောအခါ သေးသိမ်စွာ သိက္ခာမဲ့စွာဖြင့် ဝင်ရောက်ရမည်ဖြစ်သည်။ တစ်ဖန် ၎င်းတို့ကို ပြင်းထန်သည့် 'အဇာဗ်' ပေးမည်ဖြစ်သည်။ အဓိပ္ပာယ်အခြားတစ်မျိုးမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ ၎င်းမှာ ဤအချိန်၌ အပေါ်ယံအားဖြင့် မည်မျှပင် သိက္ခာရှိသူ၊ ကြွယ်ဝချမ်းသာသူ ဖြစ်သော်ငြားလည်း အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ထိုသူ့အပေါ် အလွန်သေးသိမ်ခြင်းနှင့် သိက္ခာမဲ့ခြင်းများ ကျရောက်တော့မည် ဖြစ်သည်။ ယင်းဖြစ်ရပ်သည် လောကီ၌လည်း ဖြစ်နိုင်သကဲ့သို့ တမလွန်တွင်လည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် နဗီတမန်တော်များနှင့် ဆန့်ကျင်ဘက်ပြုခဲ့ကြသူများနှင့် ပတ်သက်ပြီး လောက၏ သမိုင်းတွင် အထင်အရှားပင် ဖြစ်ပေသည်။ ၎င်းဆန့်ကျင်ဘက်ပြုသူများ၏ နောက်ဆုံးရလဒ်မှာ လောကတွင် သေးသိမ်ခဲ့ရသည်။ ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ နှင့် အကြီးအကျယ် ဆန့်ကျင်ဘက်ပြုခဲ့ကြသူများသည် မိမိတို့၏ သိက္ခာပိုင်းဆိုင်ရာများကို အလွန် အလေးအနက်ထားကြသည်။

သို့သော် ၎င်းသူများအား တစ်ဦးချင်းတစ်ဦးချင်းကို သာသနာ့ဘောင်တွင်းသို့ ဝင်ရောက်စေခဲ့သည်။ (သို့) သေးသိမ်စွာဖြင့် ပျက်စီးဆုံးရှုံးကြရသည်။ အဗူဂျဟာလ်၊ အဗူလဟ်ဗ် စသည့် ကိုရိုက်ရှ်ခေါင်းဆောင်များ၏ အခြေအနေသည် လောကအလယ်၌ မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ မက္ကာဟ်မြို့အား အောင်နိုင်ခြင်းသည် ထိုသူများကို ခါးရိုက်ချိုးလိုက်ခြင်းပင် ဖြစ်သည်။

သာသနာတော်တွင် သာသနာအတွက် စိတ်နှလုံးအား ဖွင့်ပေးခြင်းနှင့် ၎င်း၏ လက္ခဏာများ

တတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ 'ဟေဒါယသ်' လမ်းမှန်တရား ရရှိသူများနှင့် လမ်းမှားပေါ် ရပ်တည်သူများ၏ အချို့အနေအထားနှင့် လက္ခဏာများကို တင်ပြထားပေသည်။ ၎င်းမှာ-

فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ

အလိုသဘောမှာ အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် 'ဟေဒါယသ်'ပေးသနားလိုပါက ၎င်းသူ၏ ရင်ခွင်ကို အစ္စလာမ်အတွက် ဖွင့်ပေးတော်မူလိုက်၏။

ဟာကင်မ်သည် မွတ်စ်သဒ်ရက်ကျမ်းတွင်၊ ဗိုင်ဟကီသည် ရှိုအဗွလ်အီမာန်ကျမ်းတွင် ဟဇရသ် အဗ်ဒွလ္လာဟ် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ ဤအာယသ်တော် ကျရောက်လာသောအခါ ဆွဟာဗာများသည် တမန်တော်မြတ် ﷺ ထံ 'ရှရ်ဟေဆွဒရ်' (ခ) သာသနာ အတွက် ရင်ဖွင့်ပေးလိုက်ခြင်း၏ ဖွင့်ဆိုချက်ကို မေးမြန်းလျှောက်ထားရာ တမန်တော်မြတ် ﷺ မှ မိန့်တော် မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်၏ နှလုံးသားအတွင်း အလင်းရောင်တစ်ခုကို ထည့်ပေး တော်မူ၏။ ယင်းအလင်းရောင်ကြောင့် ထိုသူ၏ နှလုံးသားသည် အမှန်တရားကို မြင်နိုင်၊ နားလည်နိုင်ပြီး လက်ခံနိုင်ရန်အတွက် ပွင့်သွားပေသည်။ (အမှန်တရားကို လွယ်လွယ်ကူကူနှင့် လက်ခံလာသည်။ အမှန် တရားနှင့် ဆန့်ကျင်သည့် အရာများအား မုန်းတီးပြီး ရွံရှာလာပေသည်။) ဆွဟာဗာများက လျှောက်ထား သည်မှာ အဆိုပါလူအား သိရှိနိုင်ရန် မည်သည့်လက္ခဏာများ ရှိသနည်း။ ထိုအခါ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ထိုသူ၏ စိတ်အာရုံသည် တမလွန်နှင့် တမလွန်၏ စည်းစိမ်များဘက်သို့သာ စူးစိုက် ခြင်းရှိမည်။ လောက၏ အချည်းအနှီး အရာသာများအား ကြောက်ရွံ့နေမည်။ သေခြင်းတရား မဆိုက်ရောက် မီအလျင် (သေခြင်းတရားနှင့် ရင်ဆိုင်ရန် ပြင်ဆင်ထားမည်။ ဤသည်ပင်လျှင် 'ရှရ်ဟေဆွဒရ်'ဖြစ်ခြင်း၏ သင်္ကေတများဖြစ်ပေသည်။ တစ်ဖန် မိန့်တော်မူသည်မှာ-

وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا يَصَّعَّدُ فِي السَّمَآءِ

အလိုသဘောမှာ အကြင်သူအား အလ္လာဟ်အသျှင်မြတ်သည် လမ်းမှား၌ ထားလိုပါက ၎င်းသူ၏ နှလုံးသားကို ကျဉ်းမြောင်းအောင် ပြုလုပ်တော်မူသည်။ ထိုသို့ ပြုလုပ်ခြင်းခံရခြင်းကြောင့် ၎င်းအနေနှင့်

အမှန်တရားကို လက်ခံခြင်း၊ ယင်းအပေါ် 'အမလ်'လုပ်ခြင်းသည် မိုးကောင်းကင်ပေါ် တက်ရသည့်အလား အလွန်ခက်ခဲသွားပေတော့သည်။

အကျယ်ဖွင့်ဆိုသည့် ပညာရှင်ကြီး ကလ်ဗီမှ မိန့်တော်မူသည်မှာ ထိုသူ၏ စိတ်နှလုံး ကျဉ်းမြောင်းသွားရခြင်း၏ အလိုသဘောမှ ထိုသူတွင် အမှန်တရားနှင့် ကောင်းခြင်းတရားများအတွက် မည်သည့်လမ်းမှ ရှိမည်မဟုတ်ပေ။ ဤအကြောင်းအရာသည် ဟဇရသ်အုမရ် (ရ) သခင်မှ ဆင့်ပြန်ထားသည်များလည်း လာရှိထားပေသည်။ ၄င်းနောက် ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေ အဗ္ဗားစ် (ရ) သခင်မှ မိန့်တော်မူထားသည်မှာ ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်'ကို ကြားရလျှင် ရှုံ့ရှာနေတတ်သည်။ ကုဖ္ဖရ်နှင့် ရှရစ်က်စကားများ ကြားရလျှင် ထိုသူသည် စိတ်ဝင်တစား နားထောင်တတ်သည်။

ဆွဟာဗာများကို သာသနာတွင် သာသနာအတွက် ရင်ဖွင့်ပေးခြင်းကို ရရှိထားကြသောသူများ ဖြစ်ကြသောကြောင့် ဒွိဟသံသယများနှင့် အနည်းအကျဉ်းသာ ရင်ဆိုင်ရခြင်း

ယင်းအကြောင်းခံကြောင့်ပင် ဆွဟာဗာများကို အလ္လာဟ်အသျှင်မြတ်သည် မိမိရစူလ်၏ ထိုင်ဖိုင်းတွင် တပည့်သားချင်းအဖြစ် တိုက်ရိုက်ရွေးချယ်တော်မူလိုက်သည်။ ၄င်းဆွဟာဗာများသည် သာသနာတော်၏ အဓိပ္ပာယ်ချက်များတွင် ဒွိဟသံသယများနှင့် အနည်းအကျဉ်းသာ ရင်ဆိုင်ရပေသည်။ သက်တမ်းတစ်လျှောက်တွင် ဆွဟာဗာများအနေနှင့် တမန်တော်မြတ် (ဆ) ထံ မေးမြန်းလျှောက်ထားချက်များမှာ အနည်းအကျဉ်းသာ ရှိသည်။ အကြောင်းမှာ တမန်တော်မြတ် (ဆ) ၏ ထိုင်ဖိုင်း၏ 'ဗရ်ကသ်'နှင့် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်ထွတ်မြတ်မှုနှင့် ချစ်စိတ်သည် ၄င်းဆွဟာဗာများ၏ နှလုံးသားတွင် အမြစ်တွယ်သွားခြင်းကြောင့် ဖြစ်ပေသည်။ ယင်းအတွက်ကြောင့် ၄င်းတို့သည် 'ရှရ်ဟေဆွဒရ်'၏ အဆင့်အတန်းကို ရရှိကြခြင်းဖြစ်သည်။ ၄င်းတို့၏ နှလုံးသား သည် အလိုအလျောက် အမှားနှင့် အမှန်၏ အခြေခံတရားများ ဖြစ်သွားတော့သည်။ အမှန်တရားကို ၄င်းတို့၏ နှလုံးသားက ချက်ချင်း လက်ခံလိုက်ပြီး မမှန်မကန်သည့် အရာများသည် ၄င်းတို့၏ နှလုံးသားတွင် မည်သို့မှ နေရာယူနိုင်ခြင်း မရှိချေ။ တစ်ဖန် တမန်တော်မြတ် (ဆ) ၏ မွန်မြတ်သည့် ခေတ်နှင့် ဝေးကွာသွားသည့်အလျောက် ဒွိဟသံသယများလည်း တစ်ဖြည်းဖြည်းနှင့် နေရာယူလာသည်။ ယုံကြည်ချက်ပိုင်းဆိုင်ရာ၌လည်း ကွဲလွဲမှုများ အစပျိုးလာပေသည်။

ဒွိဟသံသယများနှင့် ကင်းဝေးစေသည့် နည်းလမ်းအမှန်သည် ငြင်းခုံခြင်းမဟုတ်ဘဲ 'ရှရ်ဟေဆွဒရ်' ကို ရယူခြင်းပင် ဖြစ်ခြင်း

ယနေ့ မျက်မှောက်ခေတ်တွင် လောကကြီးတစ်ခုလုံးသည် ထိုဒွိဟသံသယများ၏ ဝိုင်းရံခံရခြင်း၌ နစ်မွန်းနေကြသည်။ ယင်းသံသယများကို ငြင်းခုံ၍ ဖြေရှင်းလိုကြသည်။ ဤသည် မှန်ကန်သည့် နည်းလမ်း မဟုတ်ပေ။

နည်းလမ်းအစစ်အမှန်မှာ ဆွဟာဗာများနှင့် ၎င်းတို့၏ နောက်လိုက်အမွှသ်များ ရွေးချယ်သည့်လမ်းပင် ဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်နှင့် ထိုအသျှင်မြတ်၏ ချီးမြှင့်ခြင်းများကို ရယူပြီး ထိုအသျှင်မြတ်၏ ကြီးကျယ်ထွတ်မြတ်မှုနှင့် ချစ်စိတ်ကို နှလုံးသားတွင် မွေးမြူထွေးပိုက်ထားရမည်ဆိုလျှင် ဒွိဟများသည် အလိုအလျောက် ပပျောက်သွားလိမ့်မည်။ ဤအတွက်ကြောင့် ကျွမ်းတော်မြတ်ကုရ်အာန်ကိုယ်တိုင်က ကိုယ်တော်မြတ် ﷺ အား ဤသို့ဂုဒိုအာပြုရန် နှိုးဆော်ထားသည်။ ၎င်းမှာ-

رَبِّ اشْرَحْ لِي صَدْرِي

အလိုသဘောမှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုး၏ ရင်ခွင်ကို ဖွင့်ပေးတော်မူပါ' ဟူ၍ ဖြစ်သည်။

အာယသ်တော်၏ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ-

كَذَالِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَى الَّذِيْنَ لَا يُؤْمِنُوْنَ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အီမာန်မယူလာသူများအပေါ်ကို အနှောင့်အယှက်များ ထည့်သွင်းပေးထားသကဲ့သို့ အမှန်တရားသည် ၎င်း၏ နှလုံးသားအတွင်း မထိုးဖောက်နိုင်ချေ။ ထို့နောက် မကောင်းမှုဟူသမျှဘက်သို့သာ အပြေးအလွှား သွားကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيْمًا ؕ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ ﴿١٢٧﴾

၆ : ၁၂၇ ။ ။ အမှန်စင်စစ် (အို၊ နဗီတမန်တော်၊ အသင် ရပ်တည်လျက်ရှိသော) ဤ (အစ္စလာမ်သာသနာတော်၏) တရားလမ်းသည်ပင်လျှင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်သည်။ မုချဧကန် ငါအသျှင်မြတ်သည် (မိမိ၏ သက်သေလက္ခဏာတော်များကို နာခံယူလိုသော သူတို့အဖို့ အသေးစိတ် ရှင်းလင်းစွာ မိန့်ကြားတော်မူပြီး ဖြစ်သည်။

لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٢٨﴾

၆ : ၁၂၈ ။ ။ ထိုသူ (အီမာန်ရှင်) တို့အဖို့ ၎င်းသူတို့၏ အသျှင်မြတ်ထံတော်တွင် ချမ်းမြေ့သာယာသော ('ဂျန္နသ်' သုခဘုံ) နန်းသည် အသင့်ရှိပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ၎င်းတို့၏ (မှန်ကန်စွာ) ကျင့်ဆောင်မှုများကြောင့် (၎င်းသူတို့အား စောင့်ရှောက်တော်မူသော) အဆွေခင်ပွန်း ဖြစ်တော်မူပေသည်။

وَيَوْمَ يَحْشُرُهُمْ جَمِيعًا يَٰمَعْشَرَ ٱلْجِنِّ قَدِ ٱسْتَكْثَرْتُم مِّنَ ٱلْإِنسِ ۖ وَقَالَ أَوْلِيَآؤُهُم مِّنَ ٱلْإِنسِ رَبَّنَا ٱسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَبَلَغْنَآ أَجَلَنَا ٱلَّذِىٓ أَجَّلْتَ لَنَا ۚ قَالَ ٱلنَّارُ مَثْوَىٰكُمْ خَٰلِدِينَ فِيهَآ إِلَّا مَا شَآءَ ٱللَّهُ ۗ إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ ﴿١٢٨﴾

၆ : ၁၂၈ ။ ။ ၄င်းပြင် အကြင်နေ့ကို (သတိရကြလေကုန်။) ထိုနေ့တွင် (အလ္လာဟ်အသျှင်မြတ်သည်) ၄င်း (အဖန်ဆင်းခံအားလုံး) တို့အား စုရုံးတော်မူမည်။ (ထို့နောက် အသျှင်မြတ်က ဤသို့ မိန့်ကြားတော်မူမည်။) 'အို၊ 'ဂျင်န်' အပေါင်းတို့၊ အသင်တို့သည် လူသားအပေါင်းတို့အား (လမ်းမှားသို့ သွေးဆောင်ရာ၌) များစွာ ပါဝင်ခဲ့ကြသည်။' ထိုအခါ လူသားတို့အနက်မှ ၄င်း 'ဂျင်န်' တို့၏ အပေါင်းအဖော် မိတ်ဆွေများဖြစ်ခဲ့ကြသော သူတို့က 'အို၊ ကျွန်ုပ်တော်မျိုးတို့၏ အသျှင်၊ ကျွန်တော်မျိုးတို့အနက် အချို့သည် အချို့ထံမှ (အသုံးပြု) အကျိုးခံစားခဲ့ကြပါသည်။ (ယခုသော် ကျွန်တော်မျိုးတို့နှင့်ပတ်သက်၍ အသျှင်မြတ် သတ်မှတ်ပိုင်းခြားထားတော်မူခဲ့သော အချိန် (ကေယာမသ်နေ့) ဆိုက်ရောက်လာခဲ့ကြပါပြီ' ဟူ၍ လျှောက်ထားကြမည်။ ထိုအခါဝယ် အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူမည်။ (အို၊ သွေးဖည်ငြင်းပယ်ကြသော 'ဂျင်န်' နှင့် လူအပေါင်းတို့) 'ဂျဟန္နမ်' ငရဲဘုံသည်သာလျှင် အသင်တို့၏ အမြဲထာဝစဉ် နေထိုင်ရာ နေရာထိုင်ခင်းဖြစ်သည်။ (သို့သော်) အလ္လာဟ်အသျှင်မြတ် (ထုတ်ရန်) အလိုရှိတော်မူသော အခါမှအပ (ယင်းငရဲဘုံမှ ကင်းလွတ်သောသူဟူ၍ ရှိမည်မဟုတ်ချေ။) စင်စစ် အသင်၏ အသျှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အထက်၌ အစ္စလာမ်သာသနာနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ ယင်းသာသနာတော်သာလျှင် အသင်၏ အသျှင်မြတ်မှ ပြသထားသော ဖြောင့်မတ်သည့်လမ်းပင် ဖြစ်သည်။ ယင်းသာသနာအပေါ် လျှောက်လှမ်းလျှင် လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်ဖြစ်သည်။ အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်း၍

فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ

၌ တင်ပြထားပေသည်။ ထိုဖြောင့်မတ်မှန်ကန်သည့် လမ်းအား အတိအလင်းဖြစ်စေရန်အတွက် ငါအသျှင်မြတ်သည် ဩဝါဒခံယူသူများအတွက် ထိုအာယသ်တော်များကို ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ယင်းအာယသ်တော်အပေါ် ယုံကြည်ချက် အပြည့်အဝထားပြီး အာယသ်တော်ပါ အကြောင်းအရာများအပေါ် ကျင့်သုံး၍ လွတ်ငြိမ်းချမ်းသာခွင့်ကို ရယူရမည်။ ဤသို့ ယုံကြည်ချက်ထားပြီး ကျင့်သုံးခြင်းသည်

သာလျှင် ဖြောင့်မတ်မှန်ကန်သော လမ်းဖြစ်သည်။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ဘက်ဖြစ်သူများမှာ ၎င်းတို့သည် ဩဝါဒခံယူရန် သောကလည်း မရှိသည့်အတွက်ကြောင့် ထိုသူအတွက် ဖော်ပြပါ အထောက်အထားများ မလုံလောက်သကဲ့သို့ အခြားအထောက်အထားများလည်း လုံလောက်မည် မဟုတ်ပေ။ ရှေ့ဆက်၍ လက်ခံသူများအတွက် ရရှိမည့် အကျိုးစဝါးဇ်များနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ အထက်၌ လက်မခံသူများနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်များကို တင်ပြထားသကဲ့သို့ လက်ခံသူများအတွက် အကျိုးစဝါးဇ်နှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ ထိုသူများအတွက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ငြိမ်းချမ်းသာယာမှု အပြည့်အဝရှိသည့် 'ဂျန္နသ်'သုခဘုံနန်းရှိ၏။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများ၏ ကောင်းမြတ်သော ကျင့်စဉ်များကြောင့် ၎င်းတို့အား ချစ်ခင်တော်မူမည်။ ထိုနေ့သည် မှတ်သားဖွယ်ကောင်းသည့် နေ့တစ်နေ့ဖြစ်မည်။ အကြင်နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံများတွင် အထူးသဖြင့် ကာဖိရ်များကို အခစားဝင်ရောက်စေပြီး ၎င်းတို့ထဲမှ ရှိုက်သွာန် 'ဂျင်န်'များအား ကျိန်းမောင်းမိန့်ဆိုထားသည်မှာ 'အို၊ ဂျင်န်အုပ်စုအပေါင်းတို့၊ အသင်တို့သည် လူသားများအား လမ်းမှားစေမည့် လုပ်ရပ်များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ လူသားများကို ကောင်းစွာ လှည့်ဖြားခဲ့ကြသည်။ (သို့) ထိုနည်းတူစွာ လူသားများအား မေးမြန်းတော်မူမည်မှာ–

اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِيْٓ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ

ဆိုလိုသည်မှာ 'ဂျင်န်'ရှိုက်သွာန်ကိုယ်တိုင် ဝန်ခံလိမ့်မည်။ ထိုရှိုက်သွာန်များနှင့် အဆက်အသွယ်ထားရှိခဲ့သော လူသားများကိုယ်တိုင်လည်း ဝန်ခံထွက်ဆိုမည်မှာ အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်သည် မှန်သောစကားကို မိန့်ဆိုတော်မူပါ၏။ ကေန်အမှန် ကျွန်ုပ်ထဲမှ တစ်ဦးနှင့်တစ်ဦးသည် ထိုလမ်းမှားမှုနှင့် လမ်းမှားအောင် ပြုမှုအပေါ်၌ စိတ်၏ လိုအင်ဆန္ဒများကို ရယူဖြည့်ဆည်းခဲ့ပေသည်။ သို့ရှိရာ လမ်းမှားသွားကြသော လူသားများသည် မိမိတို့၏ 'ကုဖ္ဖရ်'၊ ရှရစ်ကဲ၏ ယုံကြည်ချက်များအပေါ် အရသာခံစားရလေသည်။ လမ်းမှားအောင် ပြုသူ ရှိုက်သွာန်များကလည်း 'ငါတို့ ပြောဆိုသည့်အပေါ် လျှောက်လှမ်းကြသည်' ဟုဆိုကာ ပျော်ရွှင်ကြသည်။ ထို့နောက် ကေန်အမှန် ကျွန်ုပ်တို့သည် ထိုရှိုက်သွာန်များ၏ လှည့်ဖြားမှုကြောင့် 'ကေယာမသ်'နေ့ကို ငြင်းပယ်သူများ ဖြစ်သွားခဲ့ရသည်။ သို့သော် ထိုသို့ ငြင်းပယ်ခြင်းသည် မှားယွင်း၏။ သို့ရှိရာ ကျွန်ုပ်တို့အတွက် အလ္လာဟ်အသျှင်မြတ် သတ်မှတ်ထားသည့် အချိန်သည် ကျွန်ုပ်တို့ထံ ရောက်ရှိလာပြီးဖြစ်သည်။ ဆိုလိုသည်မှာ 'ကေယာမသ်'နေ့ရောက်ရှိလာပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားနှင့် 'ဂျင်န်'အားလုံးကို မိန့်တော်မူမည်မှာ အသင်တို့အားလုံး၏ ဌာနေမှာ 'ဂျဟန္နမ်' ဖြစ်သည်။ ယင်းနေရာ၌ ထာဝရနေရမည်။ ယင်းနေရာမှ ထွက်ရှိရန် မည်သည့်လမ်းစမှ မရှိပေ။ သို့သော် အလ္လာဟ်အသျှင်မြတ် ဆွဲထုတ်လိုပါက ထွက်နိုင်မည်။ သို့သော် မုချကေန် အလ္လာဟ်အသျှင်မြတ်သည် ထိုသို့ လိုလားမည် မဟုတ်သည့်အတွက် ထာဝရနေရမည်။ မုချကေန် အသင်၏ အသျှင်သခင်သည် အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံပြီး အလွန်သိတော်မူသော အသျှင်မြတ် ဖြစ်၏။ အသိတော်ဖြင့် ပြစ်မှုအားလုံးကို သိရှိတော်မူ၍ ဆင်ခြင်တုံတရားဖြင့် ထိုက်သင့်သည့် ပြစ်ဒဏ်များ ပေးတော်မူ၏။

သိမှတ်စရာများနှင့် စမ္ဘသတ်များ

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ရည်ညွှန်း မိန့်တော်မူသည်မှာ-

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيمًا

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ ဤလမ်းသည် အသင့် အသျှင်၏ ဖြောင့်မတ်သည့်လမ်းဖြစ်သည်။ ယင်းအာယသ်တော်တွင် هٰذَا ဟူသော စာလုံးသည် ဟဇရတ်အိဗ်နေမတ်စ်အူး‌ဒ် عليه السلام သခင်၏ အဆိုအရ ကျမ်းတော်မြတ်ဘက်သို့ ရည်ညွှန်းခြင်းဖြစ်ပြီး ဟဇရတ်အိဗ်နေ အဗ္ဗားစ် عليه السلام သခင်၏ အဆိုအရ အစ္စလာမ် သာသနာဘက်သို့ ရည်ညွှန်းထားခြင်းဖြစ်သည်။ အလိုသဘောမှာ ဤကျမ်းတော်မြတ် (သို့) အစ္စလာမ် သာသနာတော်အား အသင် ရစူလ်အား ချီးမြှင့်ခဲ့သည်။ ဤလမ်းသည် အသင့်အသျှင်၏ လမ်းဖြစ်သည်။ ဤနေရာ၌ 'လမ်း' ဟူသည်ကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်သွယ်ရည်ညွှန်းထားပြီး မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်ကိုယ်တော်အား ကျင့်ကြံမှု၏ မဏ္ဍိုင်အဖြစ် ကျမ်းတော်မြတ်နှင့် အစ္စလာမ် သာသနာတော်အား ပို့ချပေးခဲ့ပြီးဖြစ်သည်။ ယင်းအရာများအပေါ် ကျင့်သုံးခြင်းကြောင့် အလ္လာဟ်အသျှင် မြတ်ကို မည်သို့မျှ အကျိုးမဖြစ်ထွန်းဘဲ ကျင့်သုံးသူအတွက် အကျိုးဖြစ်ထွန်းခြင်းသည်လည်း အလ္လာဟ် အသျှင်မြတ်၏ အလိုတော်အပေါ်၌ မူတည်ပေသည်။ ယင်းအရာများ၏ အကြောင်းခံဖြင့် လူသားတို့အား သွန်သင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယင်းအချက်သည် ၄င်းသူများအတွက် ထာဝရအောင်မြင်၏ အာမခံ ချက်ဖြစ်သည်။

တစ်ဖန် ထိုအာယသ်တော်တွင် بِكَ မည်သော စာလုံးအား တမန်တော်မြတ် ﷺ ဘက်သို့ ဆက်နွယ် ပြီး တမန်တော်မြတ် ﷺ အပေါ် သီးသန့် မဟာကရုဏာပြုခြင်းကို ဖော်ထုတ်မိန့်တော်မူခြင်းပင် ဖြစ်သည်။ အကြောင်းမူကား အသင်ကိုယ်တော်၏ အလ္လာဟ်အသျှင်မြတ်သည် ဤလမ်းကို ရွေးချယ်တော်မူလိုက်သည်။ ထိုဆက်နွယ်မှုကို စိတ်ပါဝင်စားသူများသာ သိရှိနိုင်သည်။ ဗန္ဒာဟ်တစ်ဦးကို မိမိ၏ အသျှင်သခင်ဘက်မှ အနည်းငယ်မျှ ဆက်နွယ်မှုရရှိသွားခြင်းပင်သည် ဂုဏ်ယူစရာဖြစ်ပေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ် သည် အသင့်အတွက် ဖြစ်သည်ဟု မိန့်ဆိုခြင်းကြောင့် ထိုသူ၏ နဖူးစာမည်မျှ ကောင်းလိမ့်မည်နည်း။

ထို့နောက်ပိုင်းတွင် ကျမ်းတော်မြတ်၏ လမ်းစဉ်၏ **အခြေအနေကို** **مُسْتَقِيمًا** **စာလုံးဖြင့်** တင်ပြထားပေသည်။ ဆိုလိုသည်မှာ ဤလမ်းသည် ဖြောင့်မတ်သည့် လမ်းဖြစ်သည်။ ဤနေရာ၌လည်း مستقيم ကို صراط ၏ صفت (ဂုဏ်ပုဒ်) အဖြစ် ယူလာရမည့်အစား حال (အခြေအနေပြပုဒ်) အဖြစ် ယူလာပြီး ရည်ညွှန်းလိုက်သည်မှာ အလ္လာဟ်အသျှင်မြတ် ရွေးချယ်လိုက်သည့် လမ်းသည် ဖြောင့်မတ် မှန်ကန်သည့်လမ်းမှအပ အခြားမည်သည့်လမ်းမှ မဖြစ်နိုင်ပေ။

ထို့နောက် မိန့်တော်မူသည်မှာ-

قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ

အလိုသဘောမှာ ငါအသျှင်မြတ်သည် ဆုံးမစကားနာခံသူများအတွက် ထိုအာယသ်တော်များကို ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။

فَصَّلْنَا စာလုံးသည် تَفْصِيْلٌ စာလုံးမှ ဖြစ်လာသည်။ تفصيل ၏ မူရင်းအဓိပ္ပာယ်မှာ အကြောင်းအရာများကို သုံးသပ်ပြီး အခန်းကဏ္ဍတစ်ခုချင်းကို သီးခြားစီ တင်ပြထားခြင်းကို ခေါ်ဆိုပေသည်။ ထိုပုံစံဖြင့် အကြောင်း အရာအားလုံးကို မှတ်မိသွားစေသည်။ ထို့ကြောင့် ရှင်းရှင်းလင်းလင်း တင်ပြထားခြင်းကို تفصيل ဟု ခေါ်ဆိုသည်။ အလိုသဘောမှာ ငါအသျှင်မြတ်သည် အခြေခံကျသည့် မူရင်းပညတ်ချက်များကို ရှင်းရှင်းလင်းလင်း သီးခြားစီ တင်ပြထားပေသည်။ ယင်းသို့ တင်ပြထားရာတွင် မည်သို့မှ အကျဉ်းချုပ်နှင့် ဒွိဟဖြစ်နိုင်စရာ မရှိတော့ပေ။ ထိုအာယသ်တော်တွင် لِقَوْمٍ يَّذَّكَّرُوْنَ ဟု မိန့်တော်မူပြီး တင်ပြလိုက်သည်မှာ ကျမ်းတော်မြတ်၏ မိန့်ကြားချက်များသည် လုံးဝ အတိအလင်းနှင့် ရှင်းရှင်းလင်းလင်းဖြစ်သော်ငြားလည်း ဆိုဆုံးမခြင်းကို နာခံလိုသည့် ရည်ရွယ်ချက်ဖြင့် ကျမ်းတော်မြတ်အပေါ် စဉ်းစားတွေးတောသည့် သူများသာလျှင် ထိုအာယသ်တော်များမှ အကျိုးအမြတ် ရယူခံစားကြသူများ ဖြစ်သည်။ ဖွတ်တစ္ဆေ စိတ်နှင့် ဘိုးဘွားတို့၏ ရှေးရိုးထုံးစံ နောက်လိုက်ခြင်းသည် ထိုသူများအကြား အတားအဆီးမဖြစ်နိုင်ပေ။

ဒုတိယအာယသ်တော်၌

لَهُمْ دَارُ السَّلَامِ عِنْدَ رَبِّهِمْ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ အထက်၌ ဖော်ပြခဲ့သော သူများသည် ကျမ်းတော်မြတ်၏ လမ်းညွှန်ချက်များကို အာရုံကြည်လင်စွာဖြင့် ဆိုဆုံးမမှုကို ခံယူရန်အတွက် ရွတ်ဖတ်သည်၊ နားထောင်သည်ဆိုလျှင် ရလဒ်အနေနှင့် မုချကေန် ထိုလမ်းညွှန်ချက်များကို လက်ခံလေသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ထိုသူအတွက် ဆုလာဘ်များရှိနေပြီး ထိန်းသိမ်းတော်မူထား၏။ အာယသ်တော်တွင် دار စာလုံး၏ အဓိပ္ပာယ်မှာ အိမ်ဖြစ်ပြီး سلام ၏ အဓိပ္ပာယ်မှာ အခက်အခဲ ဒုက္ခအပေါင်းနှင့် ကြိုးပမ်းမှုများမှ ငြိမ်းချမ်းမှုရရှိမည်။ ထို့ကြောင့် دَارُ السَّلَامُ သည် ထိုအိမ်ကို ခေါ်ဆိုပေသည်။ ယင်းအိမ်တွင် မည်သည့်အခက်အခဲ ဒုက္ခနှင့် သောကဟူသမျှ မရှိပေ။ ထို့ကြောင့် ယင်းအိမ်သည် 'ဂျန္နသ်' မှအပ အခြားဖြစ်နိုင်ချေမရှိပေ။

ထို့နောက် ဟဇရသ်အဗ်ဒုလ္လာဟ် အိဗ်နေ အဗ္ဗားစ် ﷺ သခင် မိန့်သည်မှာ سلام သည် အလ္လာဟ် အသျှင်မြတ်၏ ဂုဏ်တော် ဖြစ်သည်။ ဤသို့ဖြင့် دار السلام သည် 'အလ္လာဟ့်အိမ်တော်' မည်၏။ အလ္လာဟ်အိမ်တော်သည် ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် ခညောင်းသည့်နေရာဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်၏ အလိုသဘောမှာ 'ဘက်ပေါင်းစုံမှ ငြိမ်းချမ်းသာယာမှုရှိသော အိမ်' ကို ခေါ်ဆိုပေသည်။ 'ဂျန္နသ်' ကို

دار السلام ဟု မိန့်တော်မူပြီး ရည်ညွှန်းလိုက်သည်မှာ လူသားများအတွက် အခက်အခဲဟူသမျှနှင့် ဒုက္ခအပေါင်းမှ ကင်းဝေးစေပြီး စိတ်နေသဘောထား၏ ဆန့်ကျင်ဘက်များမှ အပြည့်အဝကင်းစင်၍ ထာဝရငြိမ်းချမ်းမှုရှိသော နေရာမှာ 'ဂျန္နသ်'သုခဘုံသာလျှင် ဖြစ်သည်။ ယင်းငြိမ်းချမ်းမှုသည် လောကတွင် ကြီးကျယ်လှသည့် ဘုရင်ကိုပင် ရရှိခြင်း မရှိပေ။ ထိုနည်းတူစွာ ကြီးကျယ်လှသည့် နဗီတမန်တော်များကိုလည်း မရရှိခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် မတည်မြဲသည့် ဤလောကကြီးသည် အပြည့်အဝငြိမ်းချမ်းသည့်ဌာနေ မဟုတ်ပေ။

ဤအာယသ်တော်၌ တင်ပြထားသည်မှာ ထိုသူတော်ကောင်းများအတွက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် دار السلام ရှိသည်။ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ရှိသည်ဆိုခြင်းမှာ ဤ دار السلام အား ဤနေရာ၌ လက်ငင်းရရှိမည်မဟုတ်ပေ။ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်သွားသောအခါမှ ရရှိမည်ဖြစ်သည်။ အခြားထပ်မံသော အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်သည်။ ၎င်းမှာ دار السلام ၏ ကတိတော်မှာ မှားယွင်းနိုင်ချေမရှိ။ အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင် ယင်းအတွက် အာမခံချက်ပေးထားသည်။ အလ္လာဟ်အသျှင်မြတ် ထိန်းသိမ်းတော်မူထားသည်။ ယင်းသို့ဆိုရာ၌ ညွှန်ပြထားသည်မှာ ထို دار السلام ရှိ စည်းစိမ်များနှင့် ငြိမ်းချမ်းသာယာမှုကို မည်သူမျှ တွေးတောနိုင်ခြင်းမရှိပေ။ ဤဘဏ္ဍာတိုက်ကို ထိန်းသိမ်းထားသည့် အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်၏။

အခြားအလိုသဘောအရဆိုလျှင် ထိုဒါရွလ်စလာမ်အား ရရှိခြင်းသည် 'ကေယာမသ်'နေနှင့် တမလွန်အပေါ် မူတည်ခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ် နှစ်သက်သူကို ဤလောက၌ပင် ဒါရွလ်စလာမ် ချီးမြှင့်နိုင်ပေသည်။ ၎င်းမှာ ဒုက္ခနှင့် အခက်အခဲအပေါင်းမှ ကင်းဝေးစေပြီး ငြိမ်းချမ်းမှု ရရှိနိုင်သည်။ ဤသို့ဖြင့် လောကတွင် မည်သည့်အခက်အခဲ ဒုက္ခနှင့်မျှ ရင်ဆိုင်ရမည်မဟုတ်ပေ။ ပမာဆိုရသော် ရှေးယခင် နဗီတမန်တော်များနှင့် ဝလီသူတော်စင်များ၏ စံနမူနာများရှိပေသည်။ (သို့) တမလွန်၏ စည်းစိမ်များကို ထိုသူများ၏ ရှေ့ဝယ် ပြသပြီး ၎င်းတို့၏ အမြင်အာရုံတွင် အမှန်တရားကို ပြသလိုက်ပြီးဖြစ်သည့်အတွက် ရက်အနည်းငယ်မျှ၏ ဒုက္ခအခက်အခဲများသည် ထိုသူများအမြင်တွင် အသေးအဖွဲ့ပင် ဖြစ်ပေသည်။

လောကီ၏ ဒုက္ခများအတွက် ရရှိမည့် ဆုလာဘ်များအား ၎င်းတို့ရှေ့မှောက်တွင် မြင်တွေ့ရသည့်အတွက် ဤဒုက္ခများ ခံစားရခြင်းကိုပင် အရသာတွေ့လျက်ရှိသည်။ ဤသည် မည်သို့မျှ မဖြစ်နိုင်စရာမရှိပေ။ တမလွန်၏ ထာဝရ စည်းစိမ်များသည် အလွန်ကြီးမားပေသည်။ ဤပျက်စီးသွားမည့် လောကီ၏ ရက်အနည်းငယ်မျှ ခံစားရသည့် အေးချမ်းမှုသည် လူသားအတွက် အဘယ်ကဲ့သို့ အခက်အခဲဒုက္ခများကိုပင်လျှင် အရသာတွေ့စေသည့် အသနားခံခြင်းနှင့်၊ လာဘ်ပေးခြင်းပုံစံဖြင့် လွတ်လပ်သည့် အေးချမ်းသာယာမှုကို စတေးလိုက်ကြသည်။

၎င်းနောက် အိပ်စက်ခြင်းနှင့် အေးချမ်းခြင်းကိုပင် ပပျောက်စေသည့် ဝန်ထမ်းနှင့် အလုပ်ရရှိရန် ကြိုးပမ်းအားထုတ်ပြီး စိတ်ပါဝင်စားစွာ တောင်းဆိုကြသည်။ ထိုအလုပ်များကို ကြိုးစားပန်းစား ရရှိသည့်

အပေါ် အလွန်ပျော်ရွှင်၍ ကျေးဇူးတင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအလုပ်လုပ်ရသည့် ရက်ပေါင်း သုံးဆယ်တစ်ရက် ပြည့်သွားသောအခါ ရရှိမည့် လစာသည် အလွန်အရသာရှိသည်။ ထိုအရသာသည် အဆိုပါ အလုပ်အခက်အခဲဟူသမျှအား ချိုမြိန်စေသည်။ ကျမ်းတော်မြတ်တွင်

وَلِمَنْ خَافَ مَقَامَ رَبِّهٖ جَنَّـتٰنِ

၏ အကျယ်ဖွင့်ဆိုရာ၌ ဤသို့လည်း ဆိုထားပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ သောသူသည် 'ဂျန္နသ်'တော်နှစ်ခုစီ ရရှိမည်။ တစ်ခုသည် တမလွန်တွင်ဖြစ်ပြီး ကျန်တစ်ခုသည် လောကီတွင် ရရှိမည်။ လောကီ၏ 'ဂျန္နသ်'ခန့်ရာ၌ ဦးစွာပထမ ထိုသူ၏ လုပ်ရပ်ဟူသမျှတွင် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှု ပါဝင်လျက် ရှိနေမည်။ လုပ်ရပ်ဟူသမျှ၏ လွယ်ကူမှုကို တွေ့မြင်ရမည်။ တစ်ခါတစ်ရံ ရက်အနည်းငယ်မျှ ဒုက္ခအခက်အခဲ များနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး ဆုံးရှုံးမှုများနှင့်လည်း ရင်ဆိုင်ရမည်ဆိုလျှင် တမလွန်၏ စည်းစိမ်များနှင့် ယှဉ်၍လျှင် ထိုခံစားရသည့် အခက်အခဲများကိုပင်လျှင် ချိုမြိန်သည်ဟု ခံစားရမည်။ ယင်းသို့ ခံစားရခြင်းကြောင့် ထိုအခက်အခဲများသည်လည်း ငြိမ်းချမ်းသည့်အသွင် ဖော်ဆောင်သွားလေသည်။

အနှစ်ချုပ်ဆိုရသော် ဤအာယသ်တော်တွင် ကောင်းသောသူများအတွက် ထိုသူ၏ အသျှင်သခင်ထံ တွင် دار السلام ရှိကြောင်း တင်ပြထားပေသည်။ ယင်းဒါရုလ်စလာမ်သည် တမလွန်တွင် မုချရမည်ဟု သတ်မှတ်ထားပေသည်။ ထပ်မံ၍ ဖြစ်နိုင်ချေရှိသည်မှာ ဤလောကတွင်ပင် ထိုသူအား ဒါရုလ်စလာမ်၏ အရသာကို ရစေသည်။

အာယသ်တော်၏ နောက်ဆုံး၌

وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ ထိုသူတို့၏ ကောင်းသော ကျင့်စဉ်များကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား ထိန်းသိမ်းစောင့်ရှောက်သူဖြစ်သွား၏။ ထို့ကြောင့် ထိုသူများ၏ အခက်အခဲဟူသမျှသည် လွယ်ကူသွား၏။

တတိယအာယသ်တော်တွင် 'ဟရှရ်'ကွင်းပြင်၌ 'ဂျင်န်'နှင့် လူသားအပေါင်းကို စုရုံးစေပြီးနောက် အုပ်စုနှစ်စုလုံး၏ မေးခွန်းနှင့် အဖြေကို တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ဂျင်န်'ရှိုက်သွန် များကို မိန့်တော်မူ၍ ၎င်းတို့၏ ဖြစ်မှုများကို ဤသို့ ထုတ်ဖော်တော်မူမည်။ အသင်တို့သည် လူသားများကို လမ်းမှားစေရာ၌ များစွာ ပါဝင်ခဲ့ကြသည်။ ထိုအခါ 'ဂျင်န်'များက မည်သို့ အဖြေပေးပြောကြားမည်ကို ကျမ်းတော်မြတ်၌ တင်ပြထားခြင်းမရှိပေ။ သို့သော် အရာခပ်သိမ်းကို သိတော်မူသော အလ္လာဟ်အသျှင်မြတ် ရှေ့မှောက်တွင် ဝန်ခံခြင်းမှအပ အခြားဖြေစရာမရှိသည်မှာ ထင်ရှားပေသည်။ သို့သော် ထို 'ဂျင်န်'များ၏ ဝန်ခံခြင်းကို တင်ပြထားခြင်းမရှိသည့်အတွက် သိရှိရသည်မှာ ထိုသို့ မေးမြန်းခြင်းအပေါ် 'ဂျင်န်'များ နှုတ်ဆိတ်သွားကြမည်။ အဖြေပေးရန်အတွက် ဖွင့်ဟနိုင်မည်မဟုတ်ပေ။ *[ရူးဟွလ်မအာနီကျမ်း]*

ထို့နောက် شَيَاطِينَ الْاِنْسِ ဆိုလိုသည်မှာ ထိုသူများသည် လောကီ၌ ရှိုက်သွာန်၏ နောက်လိုက်များ ဖြစ်ကြသည်။ ၎င်းတို့သည် ကိုယ်တိုင်လည်း လမ်းမှားကြပြီး အခြားသူများ လမ်းမှားစေသည့် အကြောင်းခံလည်း ဖြစ်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ထိုသူများဘက်မှ ပေးလာမည့် အဖြေတစ်ခုကို တင်ပြထားပေသည်။ ကေန်အမှန် شَيَا طِينَ الْاِنْسِ အား မေးမြန်းခဲ့ခြင်း မရှိပေ။ သို့သော်လည်း အထက်ပါမေးမြန်းချက်၌ ၎င်းတို့သည် ပါဝင်နေကြခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်လည်း အပြစ်များ ပြန့်ပွားစေရန်အတွက် شَيَاطِينَ الْجِنِّ (ဂျင်န် ရှိုက်သွာန်) တို့ လုပ်ဆောင်ခဲ့သကဲ့သို့ ပြုလုပ်ခဲ့ကြသည်။ သို့ရှိရာ ရည်ညွှန်းရာ၌ ပါရှိသွားပေသည်။ ထိုသို့ ပါရှိသွားရခြင်းကြောင့် شَيَاطِينَ الْاِنْسِ (လူရှိုက်သွာန်) များမှ အဖြေပေးခဲ့ကြသည်။ သို့သော် လူသားအသွင်ဆောင်ထားသည့် ရှိုက်သွာန်များလည်း မေးမြန်းခြင်းခံရမည်မှာ ထင်ပေါ်ပေသည်။ သို့သော် ဤနေရာ၌ အတိအလင်း တင်ပြထားခြင်း မရှိပေ။ သို့သော် 'စူရာဟ်ယာစီးန်'၏ အာယသ်တော်တစ်ပိုဒ်တွင်

اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِىْٓ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ

ဟု တင်ပြမိန့်ဆိုထားပေသည်။ အလိုသဘောမှာ 'အို၊ လူသားအပေါင်းတို့၊ ရှိုက်သွာန်များ၏ နောက်လိုက်များမဖြစ်ကြရန် ငါအသျှင်မြတ်သည် နဗီတမန်တော်များမှတစ်ဆင့် မှာကြားမှု မပြုခဲ့သလော။ ယင်းအာယသ်တော်မှ သိရှိရသည်မှာ လူသားအသွင်ဆောင်ထားသည့် ရှိုက်သွာန်များလည်း မေးမြန်းခြင်းခံရပေမည်။ ထို့နောက် ထိုသူများက ဤသို့ ဝန်ခံထွက်ဆိုကြလိမ့်မည်။ 'မှချကေန် ကျွန်ုပ်တို့သည် ထိုပြစ်မှုများကို ကျူးလွန်ခဲ့ပါ၏။ ကျွန်ုပ်တို့သည် ရှိုက်သွာန်များ၏ စကားများကို နားထောင်ခဲ့ပါ၏။ ၎င်းနောက် မှချကေန် 'ဂျင်န်'ရှိုက်သွာန်များနှင့် ကျွန်ုပ်တို့သည် အပြန်အလှန် မိတ်ခွေဖွဲ့ကြပြီး အကျိုးအမြတ်များ ရယူခဲ့ကြပါသည်။' ရှိုက်သွာန်နောက်လိုက်ကြသော လူသားများသည် လောကီ၏ အရသာများနှင့် အကျိုးအမြတ်များ ရယူနည်းကို ထိုရှိုက်သွာန်တို့မှ ဆင့်ကဲ ရယူခဲ့ကြသည်။ တစ်ခါတစ်ရံ 'ဂျင်န်'ရှိုက်သွာန်များထံမှ တစ်နည်းနည်းဖြင့် အကူအညီကို ရယူကြသည်။ ပမာဆိုရသော် ရုပ်တုဆင်းတု၊ ကိုးကွယ်သော ဟိန္ဒူများ၊ သို့သာမက အသိဉာဏ်မဲ့ မွတ်စလင်မ်အများစုသည် အကြင်နည်းလမ်း၌ နစ်မွန်းနေကြသည်။ ယင်းနည်းလမ်း၏ အကြောင်းခံဖြင့် ရှိုက်သွာန်နှင့် 'ဂျင်န်'များမှ အချို့ ကိစ္စများတွင် အကူအညီ ရယူနိုင်ပေသည်။ ၎င်းနောက် 'ဂျင်န်'ရှိုက်သွာန်များသည် လူသားများမှ အမြတ်ထုတ်ခဲ့သည်မှာ ၎င်းတို့၏စကားကို လက်ခံစေသည့် လူသားကို မိမိနောက်လိုက်အဖြစ် ပြုလိုက်ရာ၌ အောင်မြင်ခဲ့သည်။ ယင်းသို့ နောက်လိုက်ဖြစ်သွားရခြင်းကြောင့် လူသားများ တမလွန်နှင့် သေခြင်းတရားကိုပင် မေ့လျော့ခဲ့သည်။ ထိုအချိန်အခါမှ အဆိုပါလူများက ဝန်ခံကြမည်မှာ ရှိုက်သွာန်၏ လှည့်ဖြားမှုကြောင့် ကျွန်ုပ်တို့ မေ့လျော့ခဲ့သည့် သေခြင်းတရားနှင့် တမလွန်သည် ယခု ရှေ့သို့ ရောက်လာပေပြီ။ ထိုအခါ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ-

اَلنَّارُ مَثْوٰكُمْ خٰلِدِيْنَ فِيْهَآ اِلَّا مَا شَآءَ اللّٰهُ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ

အလိုသဘောမှာ အသင်တို့ အုပ်စုနှစ်ခုလုံး၏ ပြစ်မှုများ၏ ပြစ်ဒဏ်များမှာ ယခု 'ဂျဟန္နမ်'မီးတွင် ထာဝရနေရမည် ဖြစ်သည်။ သို့သော် ထိုမီးတွင်းထဲမှ အလ္လာဟ်အသျှင်မြတ် နှစ်သက်သူမှသာလျှင် ထွက်ခွင့်ရှိသည်။ သို့သော် ကျမ်းတော်မြတ်၏ အခြားအာယသ်တော်မှ သိရှိရသည်မှာ အသျှင်မြတ်ကိုယ်တော်တိုင်က ထိုသို့ ထွက်ခွင့်ပြုရန် နှစ်သက်တော်မူမည်မဟုတ်ပေ။ ထို့ကြောင့် ထာဝရနေရမည် ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧

وَكَذٰلِكَ نُوَلِّيْ بَعْضَ الظّٰلِمِيْنَ بَعْضًۢا بِمَا كَانُوْا يَكْسِبُوْنَ ﴿١٢٩﴾

၆ : ၁၃၀ ။ ။ ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အချို့ မတရားကျူးလွန်သူတို့အား (ဤမျက်မှောက်လောကတွင် မကောင်းမှုများကို) အချို့ (မတရားကျူးလွန်) သောသူတို့နှင့် (ပူးပေါင်း၍) ရှာဖွေဆည်းပူးခဲ့ကြသောကြောင့် (အာခေရသ်နောင်တမလွန်ဘဝတွင်လည်း ပူးပေါင်း၍) နီးကပ်စေတော်မူမည်။

يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اَلَمْ يَاْتِكُمْ رُسُلٌ مِّنْكُمْ
يَقُصُّوْنَ عَلَيْكُمْ اٰيٰتِيْ وَيُنْذِرُوْنَكُمْ لِقَآءَ يَوْمِكُمْ
هٰذَا ۗ قَالُوْا شَهِدْنَا عَلٰٓى اَنْفُسِنَا وَغَرَّتْهُمُ الْحَيٰوةُ
الدُّنْيَا وَشَهِدُوْا عَلٰٓى اَنْفُسِهِمْ اَنَّهُمْ كَانُوْا كٰفِرِيْنَ ﴿١٣٠﴾

၆ : ၁၃၁ ။ ။ အို၊ 'ဂျင်န်'နှင့် လူသားအပေါင်းတို့၊ အသင်တို့ထံ အသင်တို့အနက်မှပင် ရစူလ်တမန်တော်များ ရောက်ရှိလာခဲ့ကြသည် မဟုတ်ပါလော။ ၎င်းတို့သည် အသင်တို့ရှေ့ဝယ် ငါအသျှင်မြတ်၏ အမိန့်တော်များကို ဖတ်ကြားခဲ့ကြလေသည်။ ၎င်းပြင် အသင်တို့ တွေ့ဆုံရင်ဆိုင်ကြရမည့် ဤ (ကေယာမသ်) နေ့နှင့် စပ်လျဉ်း၍လည်း အသင်တို့အား သတိပေး နှိုးဆော်ခဲ့ကြသည် (မဟုတ်လော။) ထိုအခါ ၎င်း (ဂျင်န်နှင့် လူသား) တို့က (မှန်လှပါသည်။) ကျွန်တော်မျိုးတို့သည် မိမိတို့နှင့် ဆန့်ကျင်၍ပင် (မိမိတို့ကိုယ်တိုင်) သက်သေထွက်ဆိုကြပြီဟူ၍ လျှောက်ထားကြပေလိမ့်မည်။ ပစ္စုပ္ပန် မျက်မှောက်လောကဘဝ၏ အသက်ရှင် (နေထိုင်) မှုသည် ယင်းသူတို့အား ဖြားယောင်းထားလျက် ရှိခဲ့လေသည်။ ၎င်းပြင် ထိုသူများသည် (ယင်းရှင်ပြန်ထရမည့်နေ့တွင်) ၎င်းတို့ကိုယ်တိုင် မိမိတို့နှင့် ဆန့်ကျင်၍ အမှန်ပင် ကာဖိရ် သွေဖည်ငြင်းပယ်သောသူများ ဖြစ်ခဲ့ကြပါသည်ဟူ၍ သက်သေထွက်ဆိုကြပေမည်။

ذٰلِكَ اَنْ لَّمْ يَكُنْ رَّبُّكَ مُهْلِكَ الْقُرٰى بِظُلْمٍ وَّاَهْلُهَا غٰفِلُوْنَ ﴿١٣١﴾

၆ : ၁၃၂ ။ ။ ယင်း (ကဲ့သို့ ရစူလ်တမန်တော်များကို စေလွှတ်တော်မူရခြင်း၏ အကြောင်းရင်း) မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော ငါအသျှင်မြတ်သည် မြို့ရွာတို့ကို ၎င်းမြို့ရွာတို့၌ နေထိုင်သော သူများသည် သတိမမူ ပေါ့လျော့မှု

ရှိနေခိုက် (ငါအသျှင်မြတ်၏ အမိန့်ပညတ်တော်ကို) မတရားမှု ပြု (သောအခါ၌လည်းကောင်း၊ တစ်နည်းတစ်ဖုံ ငါအသျှင်မြတ်၏ အမိန့်ပညတ်တော်ကို မသိရှိသေးသော အခြေအနေဝယ် ပြစ်ကျူးလွန်လျက် ရှိနေစဉ်အခါ၌လည်းကောင်း) မတရားသဖြင့် ဖျက်ဆီး (အပြစ်ဒဏ်ပေး) လိုတော်မမူခြင်းကြောင့် (ထင်ရှားစေရန်အလို့ငှာ) ဖြစ်ပေသည်။

وَلِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ۭ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُوْنَ ۝

၆ : ၁၃၂ ။ ။ အမှန်စင်စစ် (ဂျင်န်နှင့် လူသား) အသီးသီးတို့၌ ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များ၌ လျော်ညီစွာ အဆင့်အတန်းများ ရှိပေသည်။ စင်စစ် အသင်၏ အသျှင်မြတ်သည် ၎င်းတို့ ပြုမူလျက်ရှိကြသည်တို့ကို သတိမမူ လျစ်လျူရှုတော်မူသော အသျှင်မြတ်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

လောကတွင် လမ်းများရခြင်းကို ထောက်ထား၍ အားလုံးတွင် ပတ်သက်မှုနှင့် နီးစပ်မှုရှိသကဲ့သို့ 'ဂျဟန္နမ်' အတွင်း၌လည်း အချို့ကာဖိရ်များကို အချို့ကာဖိရ်များနှင့် အတူတကွ ထားရှိမည်။ ၎င်းတို့၏ 'ကုဖ္ဖရ်' လုပ်ရပ်များကြောင့် ယင်းတို့ အတူတကွ ထားရှိခြင်းခံရမည်။ ဤသည် အထက်ဖော်ပြခဲ့သော 'ဂျင်န်' နှင့် လူသားတို့၏ ပတ်သက်သည့် အခြေအနေအရ တင်ပြထားခြင်းဖြစ်သည်။ ရှေ့ဆက်ပြီး တစ်ဦးချင်းအလိုက် ပတ်သက်သည့် အခြေအနေများအပေါ် အထူးတလည် မိန့်မြွက်ပြောကြားသည်မှာ အို၊ 'ဂျင်န်' နှင့် လူသားအပေါင်းတို့၊ အသင်တို့ ဇီလာငြင်းဆန်နေကြသည့် အကြောင်းအား တင်ပြလော့။ အသင်တို့ထံ အသင်တို့ထံမှ နဗီတမန်တော် စေလွှတ်တော်မူခြင်း မရှိခဲ့သလော။ ယင်းတမန်တော်သည် ယုံကြည်ချက်ပိုင်းဆိုင်ရာ၌ ကျင့်ကြံခြင်းဆိုင်ရာများနှင့် ပတ်သက်သည့် ငါအသျှင်မြတ်၏ အမိန့်ပညတ်ချက်များ တင်ပြလေ့ရှိသည်။ အသင်တို့အား ယနေ့ကဲ့သို့ (ကေယာမသ်) နေ့မျိုး ရောက်ရှိလာမည်ဟုလည်း သတင်းပေးလေ့ရှိခဲ့သည်။ သို့သော်ငြားလည်း အသင်တို့သည် ဇီလာငြင်းဆန်ခြင်းမှ အဘယ်ကြောင့် မရှောင်ကြဉ်ကြသနည်း။ ထိုအခါ ၎င်းသူများအားလုံး လျှောက်ထားပြောဆိုကြမည်မှာ ကျွန်ုပ်တို့အားလုံးသည် အပြစ်များကျူးလွန်ခဲ့ကြောင်းကို ဝန်ခံပါ၏။ ကျွန်ုပ်တို့ထံတွင် လွတ်မြောက်ရန်အတွက် အကြောင်းပြချက် မည်သို့မျှ မရှိပေ။ ရှေ့ဆက်၍ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများကို ထိုသို့ ဒုက္ခရောက်ရခြင်း၏ အကြောင်းတရားများကို တင်ပြတော်မူမည်။ ထိုသူများကို ဤလောက၏ ဘဝသက်တမ်းကို မေ့လျော့ခြင်း၌ နစ်မွန်းစေခဲ့သည်။ လောကီ၏ အရသာများကို မိမိ၏ အကြီးမားဆုံး ပန်းတိုင်ဟု ယူဆထားကြသည်။ တမလွန်အတွက် သောထားခြင်း မရှိချေ။ ရလဒ်မှာ ၎င်းတို့အနေနှင့် ထိုနေရာ၌ ဝန်ခံကြမည်ဖြစ်သည်။ ထိုသူများ ကာဖိရ်ဖြစ်ကြသည်။ လမ်းမှားပေါ်၌ ရှိကြသည်။ သို့သော် ထိုနေရာသို့ ရောက်သောအခါမှ ဝန်ခံခြင်းကြောင့် မည်သို့မှ အကျိုးရှိမည်မဟုတ်ပေ။ အကယ်၍ လောကတွင် မေ့လျော့ခြင်းကို အနည်းငယ်မျှ ကင်းဝေးခဲ့မည်ဆိုလျှင် ယနေ့လို မကောင်းသည့်နေ့နှင့် ရင်ဆိုင်ရမည် မဟုတ်ပေ။ ရှေ့ဆက်၍ အထက်၌ တင်ပြခဲ့ပြီး

သည့်အတိုင်း နဗီတမန်တော်များကို စေလွှတ်ရာတွင် မိမိ၏ 'ရဟ်မသ်'တော်အား ထုတ်ဖော်မိန့်တော်မူသည်မှာ နဗီတမန်တော်များကို စေလွှတ်ရခြင်း၏ အကြောင်းကား အသင်၏ အသျှင်သခင်သည် မြို့ရွာ၌ နေထိုင်သူများကို ၎င်းတို့၏ 'ကုဖွ်ရ်'ကြောင့် လောကီ၌လည်း ဤကဲ့သို့ မဖျက်ဆီးခဲ့ချေ။ အကြောင်းမူကား အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များသည် ၎င်းတို့ထံ နဗီများမှတစ်ဆင့် မရောက်ရှိ မသိရှိကြချေ။ ထို့ကြောင့် တမလွန်၌ ခံစားရမည့် ပြင်းထန်လှသည့် ဒဏ်ခတ်ခြင်းမျိုးလည်း ရှိမည်မဟုတ်ပေ။ သို့ရှိရာ ၎င်းတို့အား ပြစ်မှုများနှင့် စပ်လျဉ်း၍ အသိပေးရန်အတွက် နဗီတမန်တော်များကို စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ တစ်ဖန် ပြစ်ဒဏ်ခံရသည်ဆိုလျှင်လည်း ထိုက်သင့်သည့်အတွက်ကြောင့်သာလျှင် ဖြစ်သည်။ သို့ရှိရာ ရှေ့ဆက် မိန့်တော်မူသည်မှာ နဗီတမန်တော်များ ရောက်ရှိလာပြီး အသိလည်း ပေးပြီးဖြစ်သည်။ တစ်ဖန် မည်သူ့ မည်မျှပင် ကျူးလွန်သည်ဖြစ်စေ၊ 'ဂျင်န်'ဖြစ်စေ၊ လူသားဖြစ်စေ၊ တစ်ဦးချင်းအတွက် ဆုလာဘ်များနှင့် ပြစ်ဒဏ်များသည် ၎င်းတို့၏ လုပ်ရပ်များကြောင့်ပင် ဖြစ်သည်။ ထို့နောက် အသင်၏ အသျှင်သခင်သည် ထိုသူများ၏ ကျင့်စဉ်များကို ကောင်းစွာ မသိရှိတော်မူသော အသျှင် မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် نُوَلِّي ဟူသော စာလုံးသည် အာရဗီအဘိဓါန်အရ အဓိပ္ပာယ်နှစ်မျိုးဖြစ်သည်။ တစ်မျိုးမှာ ပေါင်းစပ်ပေးခြင်း၊ နီးစပ်အောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ဒုတိယ တစ်မျိုးမှာ လွှမ်းမိုးခြင်းတို့ဖြစ်သည်။ သဖ်စီးရ်ပညာရှင်များ၊ ဆွဟာဗာများနှင့် သာဗေအီးန်များမှလည်း ဖော်ပြပါ အဓိပ္ပာယ်နှစ်မျိုးစလုံးနှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်များတွင် ဖွင့်ဆိုချက်များကို တင်ပြထားသည်။

'ဟရှ်ရ်'ကွင်းပြင်တွင် ကျင့်ကြံမှုများနှင့် စာရိတ္တများအပေါ် အခြေခံ၍ လူများ အုပ်စုအသီးသီး ဖြစ်သွားကြပြီး လောကီ၏ ပတ်သက်မှုအပေါ် အခြေခံ၍ ဖြစ်ရှိမည်မဟုတ်ခြင်း

ဟဇရသ်စအဒ် အိဗ်နေဂျုဗိုင်ရ်နှင့် ကသာဒဟ် (ရဟ) စသည်တို့သည် ပထမအဓိပ္ပာယ်ကို ရွေးချယ်ကြပြီး အာယသ်တော်၏ အလိုသဘောကို ဤသို့ သတ်မှတ်ခဲ့ကြသည်။ ၎င်းမှာ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ် ရှေ့တော်မှောက်၌ လူများ၏ အုပ်စုများသည် မျိုးရိုးစဉ်ဆက်၊ အသားအရောင်၊ အပြောအဆိုအပေါ် မူတည်၍ ပိုင်းခြားမည်မဟုတ်ပေ။ သို့သော်မက ကျင့်ကြံမှုများနှင့် စာရိတ္တအပေါ် မူတည်၍ ပိုင်းခြားမည်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံသူ မွတ်စ္စလင်မ်များသည် မည်သည့်နေရာ၌ပင် ရှိစေကာမူ ထိုသူများသည် မွတ်စ္စလင်မ်တို့နှင့်အတူ ရှိမည်။ ထိုနည်းတူစွာ အမိန့်ဖီဆန်သူ ကာဖိရ်များသည် မည်သည့်နေရာ၌ပင် ရှိစေကာမူ ထိုသူများသည် ကာဖိရ်များနှင့်အတူ ရှိမည်။ ထိုသူများ၏ မျိုးရိုးစဉ်ဆက်နှင့် အပြောအဆို၊ အရောင်အဆင်း မည်မျှပင် ခြားနားစေကာမူ အတူရှိမည်ဖြစ်သည်။

တစ်ဖန် မွတ်စလင်မ်များ၌လည်း ကောင်းမွန်သော သာသနာကိုင်းရှိုင်းသောသူများသည် သာသနာကိုင်းရှိုင်းသော သူများနှင့်အတူ ဖြစ်မည်။ အပြစ်ကျူးလွန်သူများနှင့် မကောင်းသောသူများသည် မကောင်းသောသူများနှင့်အတူ ရှိမည်။ 'စူရာဟ်ကူဝ်ဝေရသ်'၌

وَاِذَا النُّفُوْسُ زُوِّجَتْ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ လူအများအား အုပ်စုခွဲများ ပြုလုပ်တော်မူမည်။ ဆိုလိုသည်မှာ ကျင့်ကြံမှုများနှင့် စာရိတ္တအပေါ် မူတည်၍ 'ဟရှရ်'ကွင်းပြင်ရှိ လူများသည် အုပ်စုခွဲအသီးသီးများ ဖြစ်သွားကြပေမည်။

ဟဇရသ်ဖွာရူကေအအ်ဇွာမ် ﷺ သခင်သည် ထိုအာယသ်တော်အား အကျယ်ဖွင့်ဆိုရာ၌ မိန့်တော်မူထားသည်မှာ တစ်မျိုးတည်းသော ကောင်းမှု (သို့) မကောင်းမှု ပြုလုပ်သောသူများသည် တစ်နေရာတည်းတွင် အတူရှိမည်ဖြစ်ပြီး ကောင်းသောသူများသည် ကောင်းမှုများနှင့်အတူ 'ဂျန္နသ်'အတွင်း၌ နေရမည်ဖြစ်သည်။ ထိုအကြောင်းအရာအား လေးနက်မှုရှိရန်အတွက် ခိုင်လုံမှုရှိရန်အတွက် ဟဇရသ်ဖွာရူကေအအ်ဇွာမ် ﷺ သခင်သည် ကျမ်းတော်မြတ်၏ အာယသ်တော်ဖြစ်သည့်

اُحْشُرُوا الَّذِيْنَ ظَلَمُوْا وَاَزْوَاجَهُمْ

ဖြင့် အထောက်အထားပြု တင်ပြမိန့်တော်မူထားပေသည်။ ယင်း၏ အလိုသဘောမှာ 'ဇွာလိမ်'များကို ၄င်းနောက် ထို 'ဇွာလိမ်'များကဲ့သို့ ကျင့်ဆောင်သူများကို 'ဂျဟန္နမ်'တွင်း ခေါ်ဆောင်သွားကြရန် 'ကေယာမသ်'နေ့တွင် မိန့်တော်မူမည်ဖြစ်သည်။ ဖော်ပြပါအာယသ်တော်၏ အနှစ်ချုပ် အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် အချို့ 'ဇွာလိမ်'များကို အခြား 'ဇွာလိမ်'များနှင့် အဖော်ပြု၍ အုပ်စုတစ်စုပြုလုပ်လိမ့်မည်။ ယင်းသို့အကြား မျိုးနွယ်အရ မည်သို့ပင် ခြားနားစေကာမူ အတူထားရှိမည်ဖြစ်သည်။

အခြားအာယသ်တော်တစ်ပုဒ်တွင် ဤစကားရပ်ကို အတိအလင်း မိန့်တော်မူထားသည်မှာ 'ယနေ့လောကီတွင် မျိုးရိုးစဉ်ဆက်နှင့် အရောင်အဆင်းအရ လူတို့အကြား စုစည်းမှုရှိနေခြင်းသည် 'ဟရှရ်'နေ့၌ လုံးဝ ပြောင်းလဲသွားပေမည်။'

يَوْمَ تَقُوْمُ السَّاعَةُ يَوْمَئِذٍ يَّتَفَرَّقُوْنَ

အလိုသဘောမှာ 'ကေယာမသ်'နေ့တွင် အချင်းချင်း၌ စည်းလုံးညီညွတ်မှု ရှိနေသော သူများသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားကြမည်။

လောကတွင်လည်း ကျင့်ကြံမှုများနှင့် စာရိတ္တများသည် တစ်စည်းတစ်လုံးတည်း ဆောင်ရွက်ရသည့် ကိစ္စရပ်များ၌ ထိရောက်မှုရှိခြင်း

ဤလောကရှိ ဆွေမျိုးသားချင်းများနှင့် ဝလေ့ထုံးစံအရ တည်ရှိခဲ့သည့် ဆက်နွယ်မှုများသည် ပြတ်တောက်၍ 'ကေယာမသ်'နေ့တွင် ရှေ့သို့ အထင်အရှား ရောက်လာမည်ဖြစ်သည်။ သို့သော် လောကတွင်

လည်း ထိုပုံစံ၏ အနိမ့်ဆုံးသာဓကတစ်ခုကို နေရာအနှံ့ မြင်တွေ့ရသည်။ ၎င်းမှာ ကောင်းသောသူသည် ကောင်းသည့် သူများနှင့် ဆက်နွှယ်မှုရှိကြပြီး ထိုအုပ်စု၏ အသိုင်းအဝိုင်းနှင့်လည်း ဆက်စပ်မှု ရှိသွားကြသည်။ ထိုနည်းတူစွာ ကောင်းသည့် လုပ်ဆောင်မှုများတွင်လည်း ထိုသူအတွက် လမ်းပွင့်လာသည်ကို မြင်တွေ့ရမည်။ ထို့ကြောင့် ရည်ရွယ်ချက်များလည်း နိုင်မာလာသည်။ ထိုနည်းတူစွာ မကောင်းသောသူများသည် မိမိကဲ့သို့ မကောင်းသော သူများနှင့်သာ ပတ်သက်မှုရှိကြပြီး ခင်တွယ်တတ်ကြသည်။ ထိုသူများနှင့်သာ ထိုင်ဖော်ထိုင်ဖက် ပြုကြသည်။ ထိုသို့ အတူနေထိုင်ခြင်းကြောင့် ၎င်းတို့၏ မကောင်းသည့် လုပ်ရပ်များနှင့် စာရိတ္တဆိုးများတွင် တိုးပွားမှုများ ဖြစ်ရှိလာပြီးနောက် ကောင်းသည့်လမ်းများ ၎င်းတို့ရှေ့တွင် ပိတ်သထက် ပိတ်သွားသည်။ ဤသည် လောကတွင် မကောင်းမှုအစား ရရှိသည့် လက်ငင်းပြစ်ဒဏ် ဖြစ်သည်။

နိဂုံးချုပ်ဆိုရသော် ကောင်းခြင်းနှင့် မကောင်းခြင်း၏ ပြစ်ဒဏ်နှင့် ဆုလာဘ်များသည် တမလွန်၌ ရရှိမည်ဖြစ်သည်။ ဤလောက၌ ရရှိမည့် ပြစ်ဒဏ်များနှင့် ဆုလာဘ်များမှာ ဤသို့ ဖြစ်သည်။ ၎င်းမှာ ကောင်းသောသူသည် ကောင်းသည့် ချစ်မိတ်ဆွေ၊ သစ္စာသမာဓိရှိသည့် မိတ်ဆွေများ ရရှိပြီး ၎င်း၏ လုပ်ဆောင်ချက်များ ပို၍ အောင်မြင်စေပါသည်။ ၎င်းနောက် မကောင်းသောသူများအား မိမိကဲ့သို့ စိတ်ထား မကောင်းသူ မိတ်ဆွေများနှင့် ပတ်ဝန်းကျင်ကို ရရှိမည်ဖြစ်သည်။ ယင်းမိတ်ဆွေဆိုးများသည် ၎င်းသူအား ပို၍ ဒုစရိုက်တွင်း နက်စေပါသည်။

တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဘုရင်နှင့် အုပ်ချုပ်သူတစ်ဦးအား နှစ်သက်တော်မူပါက ၎င်းအား ကောင်းသည့် ဝန်ကြီးနှင့် အကောင်းဆုံး ဆောင်ရွက်သူများကို ချီးမြှင့်ပေးတော်မူ၏။ ထို့ကြောင့် အဆိုပါဘုရင်နှင့် အုပ်ချုပ်သူ၏ စီးပွားရေးဟူသမျှမှာ မှန်ကန်ပြီး တိုးတက်အောင်မြင်မှုကို ဖြစ်ထွန်းစေပါသည်။ ထို့နောက် တစ်ဦးတစ်ယောက်အား အလ္လာဟ်အသျှင်မြတ် မနှစ်သက်ပါမူ ၎င်းသူအား မကောင်းသည့် ဆောင်ရွက်သူများနှင့် မိတ်ဆွေများသာ ရရှိပါသည်။ မကောင်းသည့် အထက်အရာရှိများနှင့် ကြုံဆုံရပေသည်။ ထိုသူသည် အကယ်၍ ကောင်းသောအလုပ်ကို လုပ်ဆောင်လိုသည့် ဆန္ဒရှိသော်ငြားလည်း လုပ်ဆောင်နိုင်စွမ်း ရှိမည်မဟုတ်ပေ။

မတရားသောသူတစ်ဦးသည် အခြားမတရားသောသူတစ်ဦး၏ လက်တွင်း ဒဏ်ခတ်ခြင်း ခံရတတ်ခြင်း

ဖော်ပြပါအာယသ်တော်၏ အလိုသဘောသည် အဓိပ္ပာယ်အရ ဖြစ်သည်။ ၎င်းနောက် ဟဇရသ် အဗ်ဒုလ္လာဟ် အိဗ်နေအဗ္ဗားစ် ၊ အဗ်ဒုလ္လာဟ်အိဗ်နေ ဇိုဗိုင်ရ် ၊ မာလိက်အိဗ်နေဒီနားရ် သခင်စသည်တို့မှ ဤအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်ကို အဓိပ္ပာယ်တစ်မျိုးဖြင့် တင်ပြထားသည်မှာ အလ္လာဟ် အသျှင်မြတ်သည် အချို့မတရားသောသူများအပေါ် အခြားမတရားသောသူတစ်ဦးအား လွှမ်းမိုးစေသည်။ ထိုနည်းဖြင့် မတရားသူတစ်ဦးကို အခြားမတရားသူတစ်ဦး၏ လက်ဖြင့် ပြစ်ဒဏ်ပေးတော်မူ၏။ ဤအကြောင်းအရာသည်လည်း မိမိနေရာ၌ မှန်ကန်မှုရှိပြီး ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ အခြားမိန့်ကြားချက်များနှင့် တစ်ညီတစ်ညွတ်တည်း ရှိ၏။ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ–

كَمَاتَكُوْنُوْنَ كَذَالِكَ يُؤَمَّرُ عَلَيْكُمْ

အလိုသဘောမှာ အသင်တို့နည်းတူ အသင်တို့အပေါ် အုပ်ချုပ်သူများလည်း လွှမ်းမိုးလိမ့်မည်။ အသင်တို့ မတရားသူ၊ မကောင်းသူများ ဖြစ်မည်ဆိုလျှင် အသင်တို့အား အုပ်ချုပ်သူများမှာလည်း မတရားသူ၊ မကောင်းသည့်သူများလည်း ဖြစ်လိမ့်မည်။ အသင်တို့ ကောင်းရာကို ကျင့်ဆောင်သောသူများ ဖြစ်မည်ဆိုလျှင် အသင်တို့၏ အုပ်ချုပ်သူများလည်း ကောင်းမွန်ပြီး ကရုဏာရှိသူနှင့် တရားမျှတသူများကို ပြုလုပ်ဖန်တီးပေးတော်မူ၏။

ဟဇရသ်အဗ်ဒုလ္လာဟ် အိဗ်နေအဗ္ဗားစ် ﵄ သခင် မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အုပ်စုတစ်စု၏ ကောင်းရာကို လိုလားသည်ဆိုပါက ထိုအုပ်စုအပေါ် အကောင်းဆုံး အုပ်ချုပ်သူများကို လွှမ်းမိုးစေတော်မူ၏။ ထို့နောက် အုပ်စုတစ်စုအား မကောင်းကို လိုလားပါက ထိုအုပ်စုအပေါ် ဆိုးသွမ်းသည့် အာဏာရှင်များကို လွှမ်းမိုးစေတော်မူ၏။ *[သဖ်စီးရ်ဗဟ်ရေမှီဟီးသ်]*

သဖ်စီးရ် ရူးဟွလ်မအာနီ၌ တင်ပြထားသည်မှာ ခမ္မသတ်ပညာရှင်များက ဤအာယသ်တော်မှ အထောက်အထားပြု တင်ပြထားသည်မှာ တိုင်းသူပြည်သားများသည် အလ္လာဟ်အသျှင်မြတ်အား မျက်နှာလွှဲပြီး မတရားမှုများ၌ နစ်မွန်းနေမည်ဆိုလျှင် ထိုသူများအပေါ် မတရားသည့် အာဏာရှင်များအား လွှမ်းမိုးစေပြီး ၎င်းတို့၏ လက်ဖြင့် ထိုသူများအား ပြစ်ဒဏ်ပေးစေတော်မူသည်။

အိဗ်နေကစီးရ် (ရဟ) သည် အဗ်ဒုလ္လာဟ်အိဗ်နေမတ်စ်အူးဒ် ﵁ ၏ ဆင့်ပြန်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို ကောက်နှုတ်တင်ပြထားရာတွင်

مَنْ عَانَ ظَالِمًا سَلَّطَهُ اللّٰهُ عَلَيْهِ

အလိုသဘောမှာ အကြင်သူသည် မတရားသူတစ်ဦး၏ မတရားမှုတစ်ခု၌ ကူညီပံ့ပိုးမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုမတရားသူကို အကူအညီပေးသူအား ဒုက္ခရောက်စေရန်အတွက် လွှမ်းမိုးစေတော်မူ၏။ ၎င်းမတရားသူ၏ လက်ဖြင့် ထိုကူညီသူအား ဒဏ်ခတ်စေတော်မူ၏။

ဒုတိယအာယသ်တော်တွင် ‘ဟရှရ်’ ကွင်းပြင်၌ ‘ဂျင်န်’ နှင့် လူသားတို့အား အမေးအဖြေပြုလုပ်မည့် အကြောင်းကို တင်ပြထားပေသည်။ ၎င်းမှာ အသင်သည် ကုဖွရ်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်ခြင်း၌ အဘယ်ကြောင့် နစ်မွန်းနေခဲ့ပါသနည်း။ အသင်တို့ထံ ငါအသျှင်မြတ်ထံတော်ပါးမှ နဗီတမန်တော်များ မရောက်ရှိခဲ့သလော။ ထိုနဗီများသည် အသင်တို့၏ အုပ်စုများမှ မဟုတ်သလော။ နဗီများသည် ငါအသျှင်မြတ်၏ အာယသ်တော်များကို အသင်တို့ မဖတ်ရွတ်ပြခဲ့သလော။ ထိုနဗီများသည် ယနေ့ ငါအသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိပြီး စာရင်းစစ်ဆေးမည်ဆိုကြောင်းဖြင့် မခြောက်လှန့်ခဲ့သလော။ ယင်းမေးခွန်းများအား ဖြေကြားရာတွင် ၎င်းတို့ဘက်မှ နဗီတမန်တော်များ ရောက်ရှိခြင်းနှင့် မှန်ကန်သည့် နှုတ်ကပါဌ်တော်များကို ကြားနာရသော်ငြားလည်း ‘ကုဖွရ်’ နှင့် ဖီဆန်မှုများ၌ နစ်မွန်းနေကြောင်းကို ဝန်ခံ

ထွက်ဆိုကြမည် ဖြစ်သည်။ ၄င်းတို့ဘက်မှ ထိုမှားယွင်းခဲ့ရခြင်း၏ မည်သည့်အကြောင်းပြချက်ကိုမှ တင်ပြထားခြင်းမရှိပေ။ သို့သာမက အသျှင်မြတ်ကိုယ်တော်တိုင် ထိုအကြောင်းပြချက်ကို တင်ပြထားသည်မှာ-

وَغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا

ဆိုလိုသည်မှာ ထိုသူများကို လောကီ၏ သက်တမ်းနှင့် ချိုမြိန်ခြင်းများက လှည့်ဖြားထားခြင်းဖြစ်သည်။ ထိုသူများသည် ယင်းအရာများကို ပြည့်စုံသည်ဟု ထင်မြင်ယူဆကြသည်။ ဧကန်အမှန် ယင်းအရာများသည် လုံးဝ အခြေအမြစ်မရှိသော အရာများဖြစ်သည်။ ထိုသူများသည် တမလွန်အရေးကို မေ့လျော့နေတော့သည်။

ဤအာယသ်တော်တွင် စဉ်းစားသင့်သည့် အချက်တစ်ချက်မှာ အချို့အာယသ်တော်များတွင် တင်ပြထားရာ၌ 'ဟရှရ်'ကွင်းပြင်၌ မုရှ်ရစ်က်များအား ၄င်းတို့၏ ပြစ်မှုများနှင့်စပ်လျဉ်း၍ မေးမြန်းမည်ဆိုလျှင် ငြင်းဆန်ကြလိမ့်မည်ဟူ၏။ ထို့နောက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ၄င်းတို့သည် ကျိန်ဆိုပြီး လိမ်ညာပြောဆိုကြမည်မှာ-

وَاللّٰهِ رَبِّنَا مَاكُنَّا مُشْرِكِيْنَ

ဆိုလိုသည်မှာ ကျွန်ုပ်တို့ မုရှ်ရစ်က် လုံးဝ မဟုတ်ကြောင်းကို အလ္လာဟ်အသျှင်မြတ်အား ကျိန်ဆို၍ ပြောဆိုပေသည်။ သို့သော် ဤအာယသ်တော်မှ သိရှိရသည်မှာ ယင်းမုရှ်ရစ်က်များသည် ထိုအခါ၌ မိမိတို့၏ အပြစ်များကို ဝန်ခံကြလိမ့်မည်ဟူ၏။ ဖော်ပြပါအာယသ်တော်နှစ်ခု၌ ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု အပေါ်ယံအားဖြင့် သိရှိရပေသည်။ သို့သော် အခြားအာယသ်တော်တစ်ပုဒ်၌ ယင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်ကို ဤသို့ အတိအလင်း တင်ပြထားပေသည်။ ၄င်းမှာ ထိုသို့ မေးမြန်းရာတွင် အစပထမပိုင်း၌ ၄င်းတို့ ငြင်းဆန်ကြလိမ့်မည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် ထိုအချိန်၌ မိမိ၏ တန်ခိုးတော်ဖြင့် ၄င်းတို့၏ ပါးစပ်ကို ပိတ်စေလိုက်မည်။ လက်များ၊ ခြေထောက်များ အစရှိသည့် အခြားအစိတ်အပိုင်းများမှ ထွက်ဆိုချက်ကို ရယူမည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်နှင့် ယင်းအစိတ်အပိုင်းများကို ပြောဆိုနိုင်စွမ်း ပေးသနားတော်မူမည်။ ထိုအစိတ်အပိုင်းများသည် ၄င်းသူနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖြေကြားမည်ဖြစ်သည်။ ထိုအခါမှ လူသားနှင့် 'ဂျင်န်'တို့ သိရှိကြမည်မှာ မိမိတို့၏ လက်၊ ခြေ၊ နား၊ နှုတ် စသည့်အစိတ်အပိုင်းအားလုံးသည် တန်ခိုးတော်ရှင်၏ လျှို့ဝှက်ရဲများဖြစ်ကြသည်။ ယင်းအစိတ်အပိုင်းများသည် ကိစ္စဟူသမျှနှင့် အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန် တိတိကျကျ သက်သေထွက်ဆိုလိုက်ကြပြီး ဖြစ်သည့်အတွက် ယခု ၄င်းတို့သည် မည်သို့မှ ငြင်းဆန်ရန် အခွင့်အလမ်း မရှိတော့ပေ။ ထိုအခါမှ ၄င်းတို့သည် အတိအလင်း ဝန်ခံကြလိမ့်မည်ဖြစ်သည်။

'ဂျင်န်' များ၌လည်း ရစူလ်ရှိပါသလော၊

ဤနေရာ၌ စဉ်းစားရမည့်အချက်အလက်မှာ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် 'ဂျင်န်'များနှင့် လူတို့၏ အုပ်စုနှစ်စုစလုံးကို ဦးတည် မိန့်ကြားတော်မူနေသည့်မှာ ငါအသျှင်မြတ်၏ ရစူလ် တမန်တော်များသည် အသင်တို့ထံ မရောက်ရှိခဲ့ပါ၏လော။ ယင်းရစူလ်သည် အသင်တို့၏ အုပ်စုထဲမှ မဟုတ်ပါသလော။ ဤသို့ မေးမြန်းခြင်းမှ သိရှိရသည်မှာ လူသားတို့ထဲမှ ရစူလ်တစ်ပါးကို လူသားတို့ထံ စေလွှတ်ပေးခဲ့သကဲ့သို့ 'ဂျင်န်'တို့ထံ၌လည်း ရစူလ်တစ်ပါးအား 'ဂျင်န်'များထဲမှ စေလွှတ်ခဲ့၏။

ထိုအချက်နှင့် စပ်လျဉ်း၍ သဖ်စီးရ်ပညာရှင်များအကြား ကွဲလွဲချက်အဆိုများ ပါရှိပေသည်။ အချို့ ပညာရှင်များက ရစူလ်နှင့် နဗီသည် လူသားသာလျှင်ဖြစ်ပြီး လူသားသာလျှင် ဖြစ်လာလေ့ ရှိပေသည်။ 'ဂျင်န်'များထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ဆက်နွယ်လျက် မရှိဘဲ ရစူလ်ဖြစ်လာခြင်း မရှိပေ။ သို့သာမက ဖြစ်လေ့ရှိသည့်မှာ လူသားထဲမှ ရစူလ်ဖြစ်လာသော ပုဂ္ဂိုလ်၏ နှုတ်ကပါဌ်တော်များကို မိမိတို့ 'ဂျင်န်'အုပ်စု အတွင်း တစ်ဆင့် ပို့ဆောင်ပေးကြသော အချို့ 'ဂျင်န်'များလည်း ရှိကြပေသည်။ ယင်းသို့ နှုတ်ကပါဌ် တော်များကို ပို့ဆောင်ပေးကြသော 'ဂျင်န်'များသည် စကန်အမှန် ရစူလ်များ၏ သံတမန်များပင် ဖြစ်ကြ ပေသည်။ ပမာအားဖြင့် ၄င်းတို့ကိုလည်း ရစူလ်ဟု ခေါ်ဝေါ်ကြလေ့ ရှိပေသည်။ ထိုသို့ ပြောဆိုကြသော ပုဂ္ဂိုလ်များ၏ အထောက်အထားသည် ကျမ်းတော်မြတ်၏ အာယသ်တော်များပင် ဖြစ်သည်။ ယင်းအာယသ် တော်များတွင် 'ဂျင်န်'များသည် မိမိတို့၏ နဗီထံမှ မိန့်ကြားချက်များ (သို့) ကျမ်းတော်မြတ်၏ နှုတ်ကပါဌ် တော်များကို နားထောင်၍ မိမိတို့၏ အုပ်စုများထံ တစ်ဆင့် ပို့ဆောင်ပေးကြပေသည်။ ဥပမာ-

وَلَّوْا اِلٰى قَوْمِهِمْ مُّنْذِرِيْنَ

၄င်းနောက် 'စူရာဟ်ဂျင်န်'၏ အာယသ်တော်ဖြစ်သည့်

قَالُوْٓا اِنَّا سَمِعْنَا قُرْاٰنًا عَجَبًا يَّهْدِيْٓ اِلَى الرُّشْدِ فَاٰمَنَّا بِهٖ

ဟူ၍ ဖြစ်သည်။

သို့သော် ပညာရှင်အုပ်စုတစ်စုသည် ထိုအာယသ်တော်၏ အပေါ်ယံ အဓိပ္ပာယ်အရ ဤသို့လည်း ဆိုထားကြပေသည်။ ၄င်းမှာ နောက်ဆုံး မြတ်နဗီမပွင့်မီအလျှင်တွင် အုပ်စုတိုင်း၏ ရစူလ်သည် ထိုအုပ်စု အသီးသီးမှပင် ပေါ်ထွန်းလာခြင်း ဖြစ်ပေသည်။ လူသားတို့၏ အုပ်စုအသီးသီး၌ လူသားထဲမှ နဗီများ ပေါ်ထွန်းလာသကဲ့သို့ 'ဂျင်န်'များ၏ အုပ်စုအသီးသီး၌လည်း 'ဂျင်န်'များသာလျှင် ရစူလ်အဖြစ် ပေါ်ထွန်းလေ့ ရှိခဲ့ပေသည်။ သို့သော် ကိုယ်တော်မြတ် ﷺ ၏ ထူးခြားချက်မှာ မြတ်နဗီအား တစ်လောကလုံးရှိ လူသား များနှင့် 'ဂျင်န်'များ၏ တစ်ပါးတည်းသော ရစူလ်အဖြစ် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ စေလွှတ်ခံရခြင်း သည် ခေတ်ကာလတစ်ခုအတွက်သာ မဟုတ်ဘဲ 'ကေယာမသ်'နေ့တိုင် ပေါက်ဖွားလာမည့် လူသားများနှင့်

'ဂျင်န်'များသည် ကိုယ်တော်မြတ် ﷺ ၏ အမွေသိမ်းများသာဖြစ်ပြီး ကိုယ်တော်မြတ် ﷺ သာလျှင် အားလုံး၏ ရစူလ်ဖြစ်တော်မူ၏။

ဟိန္ဒူများ၏ ကိုးကွယ်ခံများသည် များသောအားဖြင့် 'ဂျင်န်' များ ဖြစ်ကြသည်၊ ၎င်းကိုးကွယ်ခံများ တွင် ရစူလ် (သို့) နဗီ ဖြစ်နိုင်ချေရှိခြင်းအကြောင်း

သမ်စီးရ်ပညာရှင်များထဲမှ ကလ်ဗီး (ရဟ) နှင့် မူဂျာဟိဒ် (ရဟ) စသည်တို့သည် အထက်ပါအဆို အား အတည်ပြုပြောဆိုကြပေသည်။ ထို့နောက် ကာဇ္ဇီစနာအွလ္လာပါနီပဿီ (ရဟ) ကလည်း မဇ္ဇ်ဟရီ သမ်စီးရ်ကျမ်း၌ အဆိုပါအတိုင်း အတည်ပြုပြောဆိုရင်း မိန့်တော်မူသည်မှာ 'အာဒမ် ﷺ မပွင့်မီအလျှင် 'ဂျင်န်'များ၏ ရစူလ်သည် ထို'ဂျင်န်'များ၏ အုပ်စုထဲမှ ဖြစ်သည်'ဟု အထက်ပါအာယသ်တော်မှ သိရှိရ ပေသည်။ အဘယ်ကြောင့်ဆိုသော် မြေပထဝီတွင် လူသားအလျှင် နှစ်ထောင်ပေါင်းများစွာက 'ဂျင်န်' များ နေထိုင်ခဲ့ကြသည်ဆိုခြင်းမှာ အတိအလင်းပင် ဖြစ်သည်။ ထို 'ဂျင်န်'များသည် ယခု လူသားများကဲ့သို့ တရားတော်၏ အမိန့်ပညတ်ချက်များနှင့် ဘောင်ခတ်ခြင်း ခံခဲ့ကြရသည်။ သို့ရှိရာ တရားနည်းလမ်းကျကျ စဉ်းစားကြည့်မည်ဆိုလျှင် ၎င်း 'ဂျင်န်'များထံ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ပို့ဆောင်ရန်အတွက် ရစူလ်များ မုချရှိမည်ဖြစ်သည်။

ဟဇရသ်ကာဇ္ဇီစနာအွလ္လာပါနီပဿီ (ရဟ) က မိန့်ဆိုသည်မှာ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူများသည် မိမိ တို့၏ 'ဝေးဒ်'ကျမ်း၏ သမိုင်းကြောင်းအား နှစ်ပေါင်းထောင်ကျော်အလျှင်ဟု ဆိုကြသည်။ မိမိတို့၏ ရှေးသူတော်စင်များကို 'အောင်သာရ်'ဟု ခေါ်ဆိုကြသည်။ ယင်းသူတော်စင်များသည် ထိုခေတ်အခါက များ ဖြစ်သည်ဟု တင်ပြခဲ့ကြသည်။ ထို့ကြောင့် ထိုသူတော်စင်များသည် 'ဂျင်န်'ရစူလ်များ ဖြစ်နိုင်ချေ ရှိခြင်းကို ဆိုခြင်းဖြစ်ပါသည်။ ထို့နောက် ထိုသူတော်စင်များ၏ ပြောဆိုဆုံးမစကားများနှင့် လမ်းညွှန်ချက် များကို စုစည်းပြီး ကျမ်းတစ်ဆူအသွင် ပြုလုပ်ကောင်း ပြုလုပ်ထားခြင်းဖြစ်မည်။ ဟိန္ဒူများ၏ 'အောင်သာရ်' များ၏ ပုံစံများ၊ ရုပ်တုများကို ၎င်းတို့၏ ဘုရားကျောင်းများတွင် ထားရှိကြသည်မှာ ထိုရှေးယခင် ပုံစံ အတိုင်းပင် ဖြစ်သည်။ အချို့မှာ မျက်နှာပေါင်းများစွာ ရှိပြီး အချို့တွင် လက်၊ ခြေ များစွာ ရှိကြသည်။ အချို့တွင် ဆင်ကဲ့သို့ နှာမောင်းရှည်ကြီးလည်း ရှိကြသည်မှာ အများသူငှာ လူပုံစံနှင့် အလွန်ပင် ခြားနား လွန်းလှပေသည်။ 'ဂျင်န်'များအနေနှင့် ဖော်ပြပါပုံစံအမျိုးမျိုးကို အသွင်ဆောင်ရန် မည်သို့မှ ခက်ခဲလှသည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့၏ 'အောင်သာရ်'များသည် 'ဂျင်န်'အုပ်စုများထဲမှ ပေါ်ထွန်းလာသည်ဆို ခြင်းမှာ မဖြစ်နိုင်စရာ မရှိပေ။ 'ဂျင်န်'အုပ်စုများထဲမှ ရစူလ် (သို့) ကိုယ်စားလှယ်အဖြစ်နှင့် ရောက်ရှိ လာခြင်းဖြစ်မည်။ ၎င်းတို့၏ 'ဝေးဒ်'ကျမ်းသည်လည်း ထို 'အောင်သာရ်'များ၏ လမ်းညွှန်ချက်များကို စုစည်းထားခြင်းပင် ဖြစ်မည်။ တစ်ဖန် တစ်ဖြေးဖြေးနှင့် အခြားကျမ်းဂန်များ၌ အပြောင်းအလဲများ ဖြစ်ရှိ လာသည်ဖြစ်မည်။ ထိုသို့ အပြောင်းအလဲများပြုလုပ်ပြီး တုပနိုင်းယှဉ်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းများကို ထည့်သွင်းလိုက်သည် ဖြစ်မည်။

မည်သို့ပင်ဖြစ်စေ၊ ထိုမူရင်းကျမ်းနှင့် ရစူလ်၏ မှန်ကန်သည့် လမ်းညွှန်ချက်များ ရှိနေမည်ဆိုလျှင်လည်း ကိုယ်တော်မြတ် ﷺ အားလုံးအတွက် ရစူလ်အဖြစ် စေလွှတ်ခြင်းခံရပြီးနောက် ထိုအရာများအားလုံးမှာ ပျက်ပြယ်သွားပြီး လိုက်နာကျင့်သုံးပိုင်ခွင့်လည်း ရှိမည်မဟုတ်ပေ။ ယခု အပြောင်းအလဲဖြစ်ပြီး ပယ်ဖျက်ခြင်းခံရပြီးနောက် ယင်းအပေါ် လိုက်နာကျင့်သုံးပိုင်ခွင့် မရှိခြင်းမှာ ပို၍ပင် ပေါ်လွင်ထင်ရှားနေပေသည်။

တတိယအာယသ်တော်တွင် တင်ပြထားသည်မှာ လူသားများနှင့် 'ဂျင်နို'များအတွင်း ရစူလ် စေလွှတ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ တရားမျှတမှုရှိခြင်းနှင့် မဟာကရုဏာတော်၏ အလိုတော်ပင် ဖြစ်သည်။ အကြောင်းမူကား ထိုအသျှင်မြတ်သည် မည်သည့်အုပ်စုကိုမဆို ၎င်းတို့အတွင်း ရစူလ်တစ်ပါး စေလွှတ်ပြီး မနိုးကြားသရွေ့ ကာလပတ်လုံး (သို့မဟုတ်) လမ်းမှန်တရား ရရှိရန်အတွက် ရစူလ် စေလွှတ်ခြင်း မရှိသရွေ့ ထိုအုပ်စုများအား 'အဇားဗ်'ပြစ်ဒဏ်ပေးတော်မူခြင်း မရှိချေ။

စတုတ္ထအာယသ်တော်၏ အလိုသဘောမှာ ထင်ရှားပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ် ထံတော်ပါးတွင် လူသားများနှင့် 'ဂျင်နာသ်'များ၌ အလွှာအသီးသီးမှ လူများ၏ အဆင့်အတန်းများကိုလည်း သတ်မှတ်ထားတော်မူပေသည်။ ယင်းအဆင့်အတန်းသည် ထိုသူများ၏ ကျင့်ကြံမှုပိုင်းဆိုင်ရာ မူတည်၍ သတ်မှတ်ထားခြင်း ဖြစ်ပေသည်။ ယင်းတို့ထဲမှ တစ်ဦးချင်းအလိုက် ပြစ်ဒဏ်နှင့် ဆုလာဘ်များသည် ၎င်းတို့၏ ကျင့်ကြံမှုနှင့်အညီပင် ဖြစ်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ ۚ
إِن يَشَأْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِن بَعْدِكُم مَّا يَشَاءُ كَمَا
أَنشَأَكُم مِّن ذُرِّيَّةِ قَوْمٍ آخَرِينَ ﴿١٣٣﴾

၆ : ၁၃၃ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လိုလားတောင့်တမှု လုံးဝ ကင်းရှင်းတော်မူသော အသျှင်၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ အကယ်၍သာ ထိုအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား အခြားသော လူမျိုးအဆက်နွယ် (သားသမီးများ) မှ ထွန်းကား ပေါက်ဖွားစေတော်မူသကဲ့သို့ပင် အသင်တို့အား ရုပ်သိမ်းတော်မူပြီး အသင်တို့ မရှိသည့်နောက် အသင်တို့နေရာတွင် မိမိအလိုရှိတော်မူသော သူတို့အား (နေရာချ) ဆက်ခံစေတော်မူမည်။

إِنَّ مَا تُوعَدُونَ لَآتٍ ۖ وَمَا أَنتُم بِمُعْجِزِينَ ﴿١٣٤﴾

၆ : ၁၃၄ ။ ။ ဧကန်စင်စစ် အသင်တို့အား ကတိထားရှိပြီးဖြစ်သော ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့နှင့် ပြစ်ဒဏ်တို့သည်) ဧကန်မလွဲ ဆိုက်ရောက်မည်သာ ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် (မိမိတို့၏ နည်းပညာဖြင့် အလ္လာဟ်အသျှင်မြတ်အား ထိုသို့) မစွမ်းဆောင်နိုင်ရန် တားဆီးနိုင်ကြသူများလည်း မဟုတ်ကြပေ။

قُلْ يَٰقَوْمِ ٱعْمَلُوا۟ عَلَىٰ
مَكَانَتِكُمْ إِنِّى عَامِلٌ ۖ فَسَوْفَ تَعْلَمُونَ مَن تَكُونُ لَهُۥ
عَٰقِبَةُ ٱلدَّارِ ۗ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿١٣٥﴾

၆ : ၁၃၆ ။ ။ (အို, နဗီတမန်တော်) အသင်သည် (ထိုကာဖိရ်တို့အား ဤသို့) ပြောကြားပါလေ။ 'အို, ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ နည်းလမ်းအတိုင်းသာ ပြုလုပ်ဆောင်ရွက်လျက် ရှိကြလေကုန်။ ငါသည်လည်း (မိမိ၏ စည်းကမ်းနည်းလမ်းအတိုင်းပင် ပြု) လုပ်ဆောင်ရွက်လျက် ရှိချေသည်။ နောက်ဆုံး စိတ်ချမ်းသာ ကောင်းမြတ်မှုသည် မည်သူ့အဖို့ ဖြစ်သည်ကို မကြာမြင့်မီ အသင်တို့ သိရှိကြပေလိမ့်မည်။ ကေန်မုချ မတရားကျူးလွန်သော သူတို့သည် အလျှင်း အောင်မြင်ကြလိမ့်မည် မဟုတ်ပေ။

وَجَعَلُوا۟ لِلَّهِ مِمَّا ذَرَأَ مِنَ ٱلْحَرْثِ وَٱلْأَنْعَٰمِ نَصِيبًا فَقَالُوا۟
هَٰذَا لِلَّهِ بِزَعْمِهِمْ وَهَٰذَا لِشُرَكَآئِنَا ۖ فَمَا كَانَ
لِشُرَكَآئِهِمْ فَلَا يَصِلُ إِلَى ٱللَّهِ ۖ وَمَا كَانَ لِلَّهِ فَهُوَ
يَصِلُ إِلَىٰ شُرَكَآئِهِمْ ۗ سَآءَ مَا يَحْكُمُونَ ﴿١٣٦﴾

၆ : ၁၃၇ ။ ။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပေါက်ရောက်စေတော်မူသော လယ်ယာ (ကောက်ပဲသီးနှံ) များနှင့် တိရစ္ဆာန်များအနက်မှ ထိုအသျှင်မြတ်အဖို့ ဝေစုဝေပုံကို သတ်မှတ်ထားကြသည်။ ထို့ပြင် မိမိတို့၏ ထင်မြင်ယူဆချက်အရ ဤ (ဝေစုဝေပုံ) သည် အလ္လာဟ်အသျှင်မြတ်အဖို့ ဖြစ်သည်။ ဤ (ဝေစုဝေပုံ) သည် ငါတို့၏ တွဲဖက်ကိုးကွယ်ရာများအဖို့ ဖြစ်သည်ဟူ၍လည်း ပြောဆိုကြလေသည်။ တစ်ဖန် ၎င်းတို့ တွဲဖက်ကိုးကွယ်ကြသော အရာများအဖို့ဖြစ်သည့် ဝေစုသည် အလ္လာဟ်အသျှင်မြတ်အတွက်ဖြစ်သော ဝေစုဝေပုံများဘက်သို့ ရောက်ရှိသည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်အဖို့ဖြစ်သော ဝေစုမှာမူ ၎င်းတို့၏ တွဲဖက်ကိုးကွယ်ရာများအဖို့ဖြစ်သော ဝေစုဝေပုံဘက်သို့ ရောက်သွားလေသည်။ ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်သည်ကား လွန်စွာ ဆိုးရွားလှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်ကိုယ်တော်၏ အသျှင်သခင်သည် ခဝပ်ခြင်းကို လိုအပ်နေသည့်အတွက် ရစူလ်များကို စေလွှတ်ခဲ့ခြင်း မဟုတ်ပေ။ ထိုအသျှင်မြတ်သည် ပြည့်စုံကုံလုံသော အသျှင် ဖြစ်တော်မူ၏။ သို့သာမက စေလွှတ်ရခြင်း အကြောင်းမှာ ထိုအသျှင်မြတ်သည် မဟာကရုဏာရှင် ဖြစ်တော်မူ၏။ မိမိ၏ မဟာကရုဏာတော်ဖြင့် ရစူလ်များကို စေလွှတ်ခဲ့ခြင်းသာ ဖြစ်၏။ သို့မှသာ ထိုနဗီများ၏ အကြောင်းခံဖြင့် လူများကို အကျိုးပြုမည့်အရာများနှင့် ဒုက္ခပေးမည့်အရာများကို သိရှိနိုင်မည် ဖြစ်သည်။ တစ်ဖန် အကျိုးရှိသည့်

အရာများမှ အကျိုးအမြတ်များကို ရယူခံစားနိုင်ပြီး ဒုက္ခပေးမည့်အရာများမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယင်းအခြေအနေနှစ်ရပ်စလုံး၌ လူသားများအတွက်သာ အကျိုးရှိသည်။ ထို့နောက် ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံမှုအရ ပြောရမည်ဆိုလျှင် အကယ်၍ အသျှင်မြတ်လိုလားပါက အသင်တို့အားလုံးကို လောကကြီးမှ ချက်ချင်းဆိုသလို ရုပ်သိမ်းပစ်တော်မူပြီး အသင်တို့နေရာ၌ လောကကြီးတွင် အခြားအဖန်ဆင်းခံများကို သာယာဝပြောစေနိုင်သည်။ ဤကဲ့သို့ ဥပမာများသည် အစကနဦးကတည်းက တည်ရှိခဲ့၏။ ပမာဆိုရသော် ယခု တည်ရှိနေသည့် အသင်တို့သည် အခြားမျိုးနွယ်စုတစ်စုမှ ပေါက်ဖွားလာခြင်းပင် ဖြစ်သည်။ သို့သော် ထိုမျိုးနွယ်စုမှာ ယခု မတည်ရှိသော်ငြားလည်း အသင်တို့သည် ထိုသူများ၏ နေရာတွင် အစားဝင်ရောက်နေပြီး ဖြစ်သည်။ ဤနည်းဖြင့် ယင်းအဆင့်ဆင့်မှ ဆင်းသက်လာခြင်းဖြစ်သည်။ သို့သော် ယင်းအစဉ်အလာသည် တစ်ဆင့်ပြီးတစ်ဆင့် တည်မြဲလျက်ရှိသည်။ အကယ်၍ ငါအသျှင်မြတ် အလိုရှိပါက အဆိုပါအတိုင်းကို ချက်ချင်းဆိုသလို ပြုလုပ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် မည်သူတစ်ဦးတစ်ယောက်မရှိသည့်အတွက် ငါအသျှင်မြတ်၏ မည်သည့်လုပ်ရပ်မှ ရပ်တန့်သွားသည်၊ နှောင့်နှေးသွားသည်ဟူ၍ အလျှင်းမရှိပေ။ သို့ရှိရာ ရစူလ်များအား ထောက်ခံပြီး ၎င်း၏နောက် ထပ်ချပ်မကွာ လိုက်ကာ ကောင်းခြင်းတရားများကို ရယူကြရမည်။ ယင်းရစူလ်များအား ဖီလာငြင်းဆန်ခြင်းမှ ရှောင်ကြဉ်ရမည်။ အဘယ်ကြောင့်ဆိုသော် ရစူလ်များ၏ အကြောင်းခံဖြင့် အကြင်အရာများနှင့်စပ်လျဉ်း၍ အသင်တို့အား ကတိပေးထားပြီးဖြစ်သည်။

ဆိုလိုသည်မှာ 'ကေယာမသ်'နှင့် 'အဇာဗ်'ဖြစ်သည်။ ယင်းအရာများသည် မုချကေန် ဆိုက်ရောက်လာမည်ဖြစ်သည်။ အကယ်၍ 'ကေယာမသ်'ဖြစ်ခဲ့သော် ကျွန်ုပ်တို့ တစ်နေရာရာ ထွက်ပြေးတိမ်းရှောင်သွားမည်ဟု ထင်မြင်ယူဆမည်ဆိုလျှင် လုံးဝ ဖြစ်လာနိုင်မည်မဟုတ်ပေ။ ပမာဆိုရသော် လောကတွင် အပြစ်ရှိသူတစ်ဦးသည် အုပ်ချုပ်သူ၏လက်မှ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မရှိချေ။ သို့ရှိရာ အသင်တို့ ကောင်းစွာမှတ်သားထားရမည်မှာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လက်တွင်းမှ လွတ်မြောက်အောင် တိမ်းရှောင်နိုင်ပြီး အလ္လာဟ်အသျှင်မြတ်အား လက်မှိုင်ချသွားအောင် အလျဉ်းပြုလုပ်နိုင်မည်မဟုတ်ပေ။ အမှန်တရားနှင့် စပ်လျဉ်း၍ အထောက်အထားများ ရှိနေသော်ငြားလည်း တစ်ဦးတစ်ယောက်က 'ကုဖ္ဖရ်၏နည်းလမ်းသာလျှင် ကောင်းမွန်ပြီး အစ္စလာမ်က မကောင်းသည့်အတွက် 'ကေယာမသ်' နေ့နှင့် ပတ်သက်ပြီး အဘယ်ကြောင့် စိုးရိမ်ရမည်နည်း'ဟု ပြောဆိုလာမည်ဆိုလျှင် ယင်းလူများအား အသင်ကိုယ်တော် ဤသို့အဖြေပေး ပြောကြားလော။ အို၊ ငါကိုယ်တော်၏ အုပ်စုအပေါင်းတို့၊ အသင်တို့သည် အကောင်းဆုံးကို သိရှိထားသည့်အတွက် မိမိတို့ သိရှိထားသည့်အပေါ် လိုက်နာကျင့်သုံးကြကုန်။ ကျွန်ုပ်လည်း မိမိနည်းစနစ်အတိုင်း လိုက်နာကျင့်သုံးမည်။ သို့ရှိရာ ယခု အသင်တို့ အမြန်ဆုံး သိရှိသွားမည်မှာ ဤလောကကြီးလည်ပတ်နေခြင်းသည် နောက်ဆုံးရလဒ်အနေနှင့် မည်သူ့အတွက် အကျိုးရှိမည်နည်း။ အသင်တို့အတွက် အကျိုးရှိမည်လော။ (သို့) ကျွန်ုပ်တို့အတွက် အကျိုးရှိမည်လော။ သို့သော် အမှန်တရားကို ဖီဆန်သူများ၏ နောက်ဆုံးရလဒ်သည် မည်သည့်အခါမှ အောင်မြင်ခြင်း မရှိဆိုသည်မှာ သေချာပေသည်။ အကြီးမားဆုံး ချိုးဖောက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားများကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

ယင်းအချက်အား မှန်ကန်သည့် အထောက်အထားများအပေါ် အနည်းငယ်မျှ စဉ်းစားတွေးတော ကြည့်လျှင် သိရှိနိုင်သည်မှာ ဝတ္တုရားချိုးဖောက်ခြင်းသည် အစ္စလာမ့်နည်းစနစ်လော။ (သို့) 'ကုဖွရ်'၏ နည်းစနစ်လော။ အကြင်သူသည် မှန်ကန်သည့် အထောက်အထားများအပေါ် စဉ်းစားတွေးခေါ်ခြင်း မရှိပါက ၎င်းသူအား فَسَوْفَ تَعْلَمُوْنَ ဟု ပြောဆိုလိုက်လျှင် လုံလောက်၏။ အလိုသဘောမှာ မုချဧကန် ထိုမကောင်းသော လုပ်ရပ်၏ ရလဒ်ကို အသင်အမြန်ဆုံး သိရှိသွားပေလိမ့်မည်။ ထို့နောက် အလ္လာဟ် အသျှင်မြတ်သည် လယ်ယာ စသည်တို့နှင့် ခြေလေးချောင်းသတ္တဝါများအား ဖန်ဆင်းပေးထားတော်မူ၏။ ထိုမုရှ်ရစ်ကျ်များသည် အဆိုပါ သတ္တဝါများထဲမှ အချို့ကို အလ္လာဟ်အသျှင်မြတ်အတွက် သတ်မှတ်ကြပြီး အချို့ကို ရုပ်တုများအတွက် သတ်မှတ်ကြသည်။ ဧကန်အမှန် မွေးမြူဖန်ဆင်းရာ၌ မည်သူမှ ပါဝင်ပတ်သက် ခြင်း မရှိချေ။ ၎င်းနောက် ဧည့်သည်များ၊ သူဆင်းရဲများ၊ ခရီးသည်များအတွက် သုံးစွဲခြင်းသည် အလ္လာဟ် အတွက် ဖြစ်သည်ဟု ၎င်းတို့ကိုယ်တိုင်က ပြောဆိုကြသည်။ သီးသန့်နေရာများတွင် သုံးစွဲခြင်းသည် ကျွန်ုပ် တို့၏ ကိုးကွယ်သော အရာများအတွက် ဖြစ်သည်။ တစ်ဖန် ၎င်းတို့ ကိုးကွယ်သည့် အရာများအတွက် အမည်ခံထားသော အရာများသည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ရောက်ရှိသွားခြင်း မရှိချေ။ အကယ်၍ မမျှော်လင့်ဘဲ ရောနှောသွားခဲ့လျှင်လည်း သီးခြား ဖယ်ထုတ်ပစ်လိုက်ကြသည်။ ထို့နောက် အလ္လာဟ့်အတွက် အမည်ခံထားသော အရာများသည် ၎င်းတို့ကိုးကွယ်သည့် အရာများ၏ အမည်ခံထားသော အစိတ်အပိုင်း နှင့် ရောနှောသွားလျှင် သီးခြားဖယ်ထုတ်ခြင်း မရှိကြချေ။ ၎င်းတို့သည် အဘယ်မျှ ဆိုးရွားလှသည့် နည်းစနစ်ကို ဖော်ဆောင်ထားကြပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားသော အရာများသည် အခြားအရာများအတွက်ဟု အဘယ်ကြောင့် ကင်ပွန်းတပ်ရမည်နည်း။ တစ်ဖန် ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်အတွက် ဖယ်ထုတ်ပေးသော ဝေစုထဲမှ အဘယ်ကြောင့် လျော့နည်းသွားရမည်နည်း။ အကယ်၍ ပြည့်စုံခြင်းနှင့် လိုအပ်ခြင်းကို ၎င်း၏ အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်လျှင် လိုအပ်သူဟု မှတ်ယူ၍ ကိုးကွယ်ထိုက်သူဟု ယူဆခြင်းသည် ပို၍ပင် အသိဉာဏ်မဲ့ခြင်း ပင် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ပါအာယသ်တော်၌ တင်ပြထားသည်မှာ 'ဂျင်န်'နှင့် လူသားတို့၏ အုပ်စုတိုင်းတွင် မိမိ၏ ရစူလ်နှင့် ညွှန်ကြားချက်များ ပို့ချပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အစဉ်အလာတစ်ခု ဖြစ်သည်။ ရစူလ်များ၏ အကြောင်းခံဖြင့် ၎င်းတို့အား အပြည့်အဝ သတိပေးမိန့်တော်မူခြင်းမရှိသည့် ကာလပတ်လုံး ၎င်းတို့၏ ဖီဆန်ခြင်းနှင့် တုပန္နိုင်းယှဉ်ခြင်း၊ အပြစ်များ ကျူးလွန်ခြင်းနှင့် အမိန့်ဖီဆန်ခြင်းများအပေါ် မည်သည့်အခါမှ ဒဏ်ခတ်တော်မူခြင်း မရှိပေ။

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် တင်ပြထားသည်မှာ ရစူလ်များနှင့် ကောင်းကင်ကျမ်းများအားလုံး၏ အစဉ်အလာသည် အလ္လာဟ်အသျှင်မြတ်အနေနှင့် ကျွန်ုပ်တို့၏ ခဝပ်

ကိုးကွယ်ခြင်းနှင့် အမိန့်နာခံခြင်းကို လိုလားတောင့်တခြင်းကြောင့် မဟုတ်ပေ။ (သို့) အလ္လာဟ်အသျှင်မြတ်၏ လုပ်ငန်းဆောင်တာများသည် ကျွန်ုပ်တို့အပေါ် မူတည်နေခြင်းကြောင့်လည်း မဟုတ်ပေ။ ထိုအသျှင်မြတ်သည် လုံးဝ ပြည့်စုံကုံလုံသည့်အသျှင် ဖြစ်တော်မူသည့်အလျောက် 'ရဟ်မသ်'ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံသည့် အသျှင် ဖြစ်တော်မူသည်။ ထို့နောက် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းပြီး တည်မြဲစေခြင်း၊ ယင်း၏အတွင်း အပြင်၊ ပစ္စုပ္ပန်နှင့် အနာဂတ်၏ လိုအပ်ချက်ဟူသမျှကို မတောင်းဆိုဘဲ ဖြည့်ဆည်းပေးနေခြင်းသည် 'ရဟ်မသ်'တော်ကြောင့်ပင် ဖြစ်သည်။ သို့မဟုတ်ပါက ဤလူသားသည် မိမိ၏ လိုအပ်ချက်များကို မိမိကိုယ်တိုင် ဖြည့်ဆည်းရန် မဆိုထားနှင့်။ မိမိ၏ လိုအပ်ချက်များကိုပင် မတောင်းဆိုတတ်ကြသောသူများပင် ဖြစ်ကြသည်။ အထူးသဖြင့် လောက၌ သက်တမ်းတစ်ခု ရှိုးမြင့်လိုက်ခြင်းသည်ပင်လျှင် မတောင့်တဘဲ ရရှိလိုက်ခြင်း ဖြစ်သည်မှာ ထင်ရှားပေသည်။ ဆိုလိုသည်မှာ မည်သည့်လူသားမှ မိမိတို့အား ဖန်ဆင်းပေးသနားတော်မူပါဟု တောင်းဆိုခဲ့ခြင်း မရှိပေ။ ထိုနည်းတူစွာ သက်တမ်းတစ်ခု မရရှိမီလျှင် တောင်းဆိုရန်လည်း မည်သို့မျှ မဖြစ်နိုင်ပေ။ ထိုနည်းတူစွာ လူသားအား အစိတ်အပိုင်းပေါင်းများစွာဖြင့် ဖန်ဆင်းတော်မူထားသည်။ မျက်စိ၊ နား၊ လက်၊ ခြေ၊ စိတ်၊ ဦးနှောက် အစရှိသည်တို့အား မည်သည့်လူသားက တောင်းဆိုခဲ့ပါသနည်း။ (သို့) တောင်းဆိုရန် အတွေးအာရုံနှင့် မည်သို့ တောင်းဆိုရမည်ကိုင် သိရှိကြ၏လော။ လုံးဝ မသိရှိပေ။

အလ္လာဟ်အသျှင်မြတ်သည် အားလုံးထက် ပြီးပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူ၍ စကြဝဠာကြီးအား ဖန်ဆင်းခြင်းသည် ထိုအသျှင်မြတ်၏ မဟာကရုဏာတော်၏ ရလဒ်ပင်ဖြစ်ခြင်း

မည်သို့ပင်ဖြစ်စေ ဤအာယသ်တော်တွင် رَبُّكَ الْغَنِيُّ ၏ စာလုံးဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံ ခြင်းကို တင်ပြလိုက်ပြီး တစ်ဆက်တည်းမှာပင် ذُو الرَّحْمَةِ စာလုံးကို ထပ်လောင်းအသုံးပြုပြီး တင်ပြလိုက်သည်မှာ ကေန်စင်စစ် ထိုအသျှင်မြတ်သည် အသင်တို့အားလုံးထက်သာမက စကြဝဠာကြီး တစ်ခုလုံးထက်ကိုပင် လုံးဝ ပြီးပြည့်စုံတော်မူသောအသျှင် ဖြစ်တော်မူ၏။ သို့သော်ငြားလည်း ထိုအသျှင်မြတ်သည် မဟာကရုဏာတော်ရှင် ဖြစ်တော်မူ၏။

အလ္လာဟ်အသျှင်မြတ်သည် မည်သည့်လူသားကိုမှ ပြည့်စုံကုံလုံစွာဖြင့် မဖန်ဆင်းထားပေ။ ထိုသို့ မဖန်ဆင်းရာ၌လည်း အလွန်လေးနက်သည့် ဆင်ခြင်တုံတရားရှိသည်။ လူသားသည် ထိုသို့ ပြည့်စုံကုံလုံခြင်း ရှိသွားပါက မတရားမှုများ ကျူးလွန်မည်ဖြစ်သည်။ ဤသည်ပင်လျှင် အသျှင်မြတ်၏ ပြည့်စုံခြင်းပင် ဖြစ်၏။ သို့မဟုတ်ပါက လူသားတို့၏ အကျင့်စလေ့ရှိကြသည်မှာ အကယ်၍ ထိုလူသားသည် အခြားလူများထက် ပြီးပြည့်စုံနေမည်ဆိုလျှင် ယင်းလူသားသည် အခြားလူများ၏ အကျိုးရှိခြင်း၊ ဆုံးရှုံးနစ်နာခြင်း၊ ငြိမ်းချမ်းခြင်းနှင့် စိတ်သောရောက်ခြင်းကို လုံးဝ ဂရုပြုမည်မဟုတ်သည့်အပြင် အခြားသူများအပေါ် နိုင်ထက်

စီးနင်းလုပ်ရန်ပင် အသင့်ဖြစ်သွားကြသည်။ ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပုဒ်၌ ယင်းအခြေအနေနှင့်စပ်လျဉ်း၍

إِنَّ الْإِنسَانَ لَيَطْغَىٰ أَن رَّآهُ اسْتَغْنَىٰ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ လူသားသည် မိမိကိုယ်မိမိ ပြီးပြည့်စုံသူတစ်ဦးဟု ယူဆမိပါက ထိုသူသည် ဆိုးသွမ်းခြင်းနှင့် ရိုင်းပျရန်အတွက် အသင့်ဖြစ်သွားကြသည်။ ထို့ကြောင့် အလ္လာဟ် အသျှင်မြတ်သည် လူသားတို့အား ဤကဲ့သို့သော လိုအပ်ချက်များနှင့် ချည်နှောင်ထားလေသည်။ အကြင် လူသားသည် အခြားသူများ၏ ကူညီပံ့ပိုးမှုမရှိဘဲ ပြည့်စုံနိုင်ခြင်း မရှိပေ။ ကြီးမားသထက် ကြီးမားသော ဘုရင်ပင်လျှင် အခြွေရံများ၊ အလုပ်သမားများ၊ သန့်ရှင်းရေးသမားများအား လိုအပ်လျက်ရှိသည်။ စက်ရုံပိုင်ရှင်ဖြစ်သည့် သူဌေးသူကြွယ်သည်လည်း အလုပ်သမားများကို လိုအပ်လျက်ရှိသည်။ နံနက်မိုးလင်းသည်နှင့် အလုပ်သမားတစ်ဦး (သို့) ဆိုက်ကားသမားတစ်ဦးသည် ငွေကြေးအချို့ ရယူပြီး မိမိ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ဝမ်းစာရှာထွက်သကဲ့သို့ လူအများက သူဌေးဟု ခေါ်ဆိုကြသော သူဌေးသည်လည်း အလုပ်သမား၊ ဆိုက်ကားသမား၊ ကားသမား အစရှိသည်တို့အား ရှာဖွေရန် ထွက်ရပါသည်။ တန်ခိုးတော်အသျှင်သည်ကား အားလုံးကို လိုအပ်ချက်ဟူသည့် သံကြိုးတစ်ချောင်းနှင့် ချည်နှောင်ထားခြင်း ဖြစ်သည်။ လူတိုင်းသည် တစ်ဦးနှင့်တစ်ဦး လိုအပ်လျက်ရှိကြသည်။ ထိုသို့ ချည်နှောင်ထားခြင်း မရှိပါက မည်သည့်ချမ်းသာသူတစ်ဦးကမျှ တစ်ဦးတစ်ယောက်ကို တစ်ပြားတစ်ချပ်လည်း ပေးမည်မဟုတ်ပေ။ မည်သည့်အလုပ်သမားမှ တစ်ဦးတစ်ယောက်၏ ဝန်ထုပ်ကို ပေးမည်မဟုတ်ပေ။ ဤသည် အလ္လာဟ် အသျှင်မြတ်၏ ပြည့်စုံသော ဂုဏ်ဒြပ်ပင် ဖြစ်သည်။ ၎င်းမှာ ပြည့်စုံကုံလုံခြင်း ရှိသော်ငြားလည်း မဟာကရုဏာတော်ရှင်လည်း ဖြစ်သည်။

ဤနေရာ၌ ذوالرحمة စာလုံးအစား အကယ်၍ رحمن (သို့) رحيم ဟူသည့် စာလုံးသုံးမည်ဆိုလျှင်လည်း ပြောလိုသည့် ရည်ရွယ်ချက် ပြည့်ဝသွားပေမည်။ သို့သော် غني ဖြစ်ခြင်းနှင့်အတူ 'ရဟ်မသ်'၏ ဂုဏ်ဒြပ်နှင့် ပေါင်းစပ်ပြီး အရေးပါသည့် ထူးခြားချက်တစ်ရပ်ကို ပေါ်လွင်စေရန်အတွက် ذوالرحمة ဆိုသည့် ခေါင်းစီးကို ရွေးချယ်မိန့်တော်မူလိုက်ခြင်းပင် ဖြစ်သည်။ အကြောင်းမှာကား ထိုအသျှင်မြတ်သည် ပြည့်စုံကုံလုံမှုရှိခြင်းနှင့်အတူ 'ရဟ်မသ်'၏ ဂုဏ်ဒြပ်၌လည်း ပြည့်ဝသည့် အသျှင်မြတ် ဖြစ်တော်မူ၏။ ယင်းဂုဏ်ဒြပ်တော်သည်ပင်လျှင် ရစူလ်များ၊ ကျမ်းဂန်များကို ပို့ချပေးရခြင်း၏ အကြောင်းခံဖြစ်သည်။

၎င်းနောက် ထိုအသျှင်မြတ်၏ မဟာကရုဏာမှာ ပြီးပြည့်စုံသကဲ့သို့ ထိုအသျှင်မြတ်၏ တန်ခိုးတော်သည်လည်း အရာအားလုံးအပေါ် လွှမ်းမိုးလျက်ရှိကြောင်းကို တင်ပြထားပေသည်။ အကယ်၍ ထိုအသျှင်မြတ်ဖြစ်လိုသည်ဆိုပါက အသင်တို့အားလုံးကို စက္ကန့်ပိုင်းအတွင်း ဖျက်ဆီးပစ်နိုင်၏။ တစ်လောကလုံးရှိ အဖန်ဆင်းခံအားလုံးကို ဖျက်ဆီးပစ်လိုက်ခြင်းကြောင့် ထိုအသျှင်မြတ်၏ တန်ခိုးစွမ်းအားတွင် စိုးစဉ်းမျှ ခြားနားသွားမည် မဟုတ်ပေ။ တစ်ဖန် အကယ်၍ ထိုအသျှင်မြတ်က အလိုရှိမည်ဆိုလျှင် တစ်လောကလုံး၌

တည်ရှိနေသည့် အရာဟူသမျှကို ဖျက်ဆီးပစ်ပြီး ယင်းအရာများနေရာ၌ အခြားအဖန်ဆင်းခံများကို ချက်ချင်း ဆိုသလို အစားထိုး ဖန်ဆင်းနိုင်တော်မူ၏။ ယင်းအဖြစ်အပျက်နှင့် စပ်လျဉ်းသည့် သာဓကများသည် ခေတ်တိုင်းတွင် လူသားတို့၏ အမြင်ပင် ဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ်တွင် ကုဋေပေါင်းများစွာသော လူတို့သည် ကမ္ဘာမြေပထဝီကြီး၏ နေရာအနှံ့အပြား၌ နေထိုင်ကြပြီး လုပ်ငန်းအသီးသီးအား ဆောင်ရွက် လုပ်ကိုင်လျက်ရှိကြသည်။ အကယ်၍ ရှေးနှစ်ပေါင်းတစ်ရာအလျင်၏ အခြေအနေကို စဉ်းစားကြမည့် ဆိုလျှင် အသင် သိရှိရမည်မှာ ထိုခေတ်ထိုအခါကလည်း ဤလောကကြီးသည် ဤအတိုင်းပင် [illegible] ရှိခဲ့ပြီး လုပ်ငန်းဟူသမျှ လည်ပတ်လျက်ရှိခဲ့သည်။ သို့သော် မျက်မှောက်ခေတ်လူသားများနှင့် ဆောင်ရွက် သူများ ထိုအခါက မရှိခဲ့ကြပေ။ အခြားလူမျိုးစုတစ်စု ရှိခဲ့သည်။ ယင်းလူများသည် ယခုအခါ မြေပထဝီ အတွင်း ရောက်ရှိသွားခဲ့ကြသည်မှာ အစအနပင် မကျန်ရှိတော့ပေ။ မျက်မှောက်ခေတ် လူသားများသည် ထိုရှေးယခင်လူသားများ၏ အစဉ်အဆက်ပင် ဖြစ်ပေသည်။ မိန့်တော်မူထားသည်မှာ-

اِنْ يَّشَاْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِنْ بَعْدِكُمْ مَّا يَشَاۤءُ

كَمَاۤ اَنْشَاَكُمْ مِّنْ ذُرِّيَّةِ قَوْمٍ اٰخَرِيْنَ

အလိုသဘောမှာ အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူလျှင် အသင်တို့အားလုံးကို ယူဆောင် သွားလိမ့်မည်။ ယူဆောင်သွားမည်ဟူသော အလိုသဘောမှာ အစအနပင်မကျန် ဖျက်ဆီးပစ်လိုက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ ဖျက်ဆီးလိုက်ခြင်း၊ သတ်ပစ်လိုက်ခြင်းဟု မိန့်ဆိုထားခြင်း မရှိဘဲ ယူဆောင်သွားခြင်းဟု မိန့်တော်မူထားပေသည်။ ယင်းသို့ မိန့်တော်မူရာ၌ အစအနပင်မကျန် ဖျက်ဆီး ပစ်လိုက်ခြင်းဘက်သို့ ရည်ညွှန်းထားခြင်း ဖြစ်သည်။

ဤအာယသ်တော်၌ ကြီးကျယ်မြတ်ထွတ်သည့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံခြင်း၊ တစ်ဖန် မဟာကရုဏာရှင်ဖြစ်ခြင်းနှင့် ပြီးပြည့်စုံသည့် တန်ခိုးတော်ရှင်ဖြစ်ကြောင်းကို တင်ပြပြီးသည့်နောက် ဒုတိယ အာယသ်တော်တွင် ဆန့်ကျင်သူများနှင့် အမိန့်ဖီဆန်သူများကို သတိပေး မိန့်တော်မူထားသည်မှာ-

اِنَّ مَا تُوْعَدُوْنَ لَاٰتٍ ۙ وَّمَاۤ اَنْتُمْ بِمُعْجِزِيْنَ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ဘက်မှ အသင်တို့အာ ခြောက်လှန့်ထားသော 'အဇားဗ်' အဖြစ် ဒဏ်များသည် မုချဧကန် ရောက်ရှိလာမည်ဖြစ်သည်။ ထိုရောက်ရှိလာသော ပြစ်ဒဏ်အား အသင်တို့အားလုံး စုပေါင်းပြီး ဖယ်ရှားမည်ဆိုပါက ဖယ်ရှားနိုင်မည် မဟုတ်ပေ။

တတိယအာယသ်တော်တွင် ထိုသူများကို မေ့လျော့နေခြင်းမှ သတိမူရန် အခြားနည်းလမ်းတစ်ခု ကို ရွေးချယ်ပြီး မိန့်တော်မူထားသည်မှာ-

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّىْ عَامِلٌ فَسَوْفَ تَعْلَمُوْنَ مَنْ تَكُوْنَ لَهٗ عَاقِبَةُ الدَّارِ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ

ယင်းအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ဦးတည်မိန့်ဆိုထားပေသည်။ ၎င်းမှာ အသင်ကိုယ်တော် ထိုမက္ကာဟ်မြို့သူ၊ မြို့သားများကို ပြောကြားပါလေ။ အို၊ ငါ၏ အုပ်စုအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါကိုယ်တော်၏ စကားအား လက်မခံဟုဆိုပါက အသင်တို့၏ သဘောသာလျှင် ဖြစ်သည်။ မိမိတို့၏ အခြေအနေအတိုင်း၊ နေမြဲအတိုင်း နေထိုင်ပြီး မိမိတို့၏ ယုံကြည်ချက်အတိုင်း ကျင့်သုံးနေထိုင်နိုင်သည်။ ကျွန်ုပ်သည်လည်း မိမိယုံကြည်ချက်နှင့်အညီ ကျင့်သုံး နေထိုင်သွားမည်ဖြစ်သည်။ ငါကိုယ်တော်အတွက် မည်သို့မျှ ဆုံးရှုံးနစ်နာခြင်း ရှိမည်မဟုတ်ပေ။ သို့သော် နောင်တမလွန်၌ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အောင်မြင်မှုကို မည်သူမည်ဝါ ရရှိမည်ကို အသင်တို့ မုချကေန် အမြန်ဆုံး သိရှိသွားကြလိမ့်မည်။ အမှန်တရားကို မျက်ကွယ်ပြုသူ၊ ဝတ္တရားမကျေပွန်သူ၊ 'ဇွာလိမ်' မတရားသောသူသည် မည်သည့်အခါမှ အောင်မြင်မှုကို ရရှိမည်မဟုတ်ကြောင်း အသင်တို့ ကောင်းစွာ မှတ်သားထားကြရပေမည်။

သဖ်စီးရ်ပညာရှင်ကြီး အိဗ်နေကဇီးရ်သည် ဤအာယသ်တော်အား အကျယ်ဖွင့်ဆိုရာ၌ ထိုဘက်သို့လည်း ညွှန်ပြမိန့်ဆိုထားသည်မှာ ဤနေရာ၌ مَنْ تَكُوْنَ لَهٗ عَاقِبَةُ الدَّارِ ဟု မိန့်တော်မူထားပေသည်။ عَاقِبَةُ الدَّارِ الْاٰخِرَةِ ဟု မိန့်တော်မူထားခြင်း မရှိပေ။ ယင်းအချက်မှ သိရှိရသည်မှာ တမလွန်ဘဝနှင့် ယှဉ်လျှင် လောကီ၌ပင် အောင်မြင်မှုဟူသမျှကို အလ္လာဟ်အသျှင်မြတ်၏ မွန်ရည်သည့် ဗန္ဒာဟ်များသာလျှင် ရရှိပေသည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာများ၏ အခြေအနေများသည် ထိုအချက်အပေါ် သက်သေထူနေခြင်းပင် ဖြစ်သည်။ အချိန်အနည်းငယ်အတွင်းမှာပင် စွမ်းအားရှိလှသည့် အုပ်ချုပ်သူများပင် ၎င်းတို့ရှေ့၌ သေးသိမ်ခဲ့ကြရသည်။ ၎င်းတို့၏နိုင်ငံများအား အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ တမန်တော်မြတ် ﷺ ၏ သက်တမ်းမှာပင် အာရေဗ်အင်ပါယာတစ်ခုလုံး ကိုယ်တော်၏ လက်အောက်သို့ ရောက်ခဲ့ရသည်။ ယမန်နိုင်ငံ ဗဟ်ရိုင်းမှ ဆီရီးယားနိုင်ငံ နယ်နိမိတ် ကိုယ်တော်၏ အုပ်ချုပ်မှု ကျယ်ပြန့်ခဲ့သည်။ တစ်ဖန်တမန်တော်မြတ် ﷺ ၏ ခလီဖွာများနှင့် ဆွဟာဗာများခေတ်တွင် တစ်လောကလုံးနီးပါး အစ္စလာမ့်လက်အောက်သို့ ရောက်ရှိခဲ့သည်။ သို့ရှိရာ

كَتَبَ اللّٰهُ لَاَغْلِبَنَّ اَنَا وَرُسُلِىْ

ဟူသော အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မှာ ပြည့်ဝခဲ့ပေသည်။ အဓိပ္ပာယ်မှာ ငါအသျှင်မြတ် လွှမ်းမိုးတော်မူမည်။ ထို့နောက် ငါ၏ ရစူလ် လွှမ်းမိုးတော်မူမည်ဟု အလ္လာဟ်အသျှင်မြတ် ရေးမှတ်ထားပြီးဖြစ်သည်။ ထိုနည်းတူစွာ အခြားအာယသ်တော်တစ်ပုဒ်၌ မိန့်တော်မူထားသည်မှာ-

إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا وَيَوْمَ يَقُومُ الْأَشْهَادُ

ငါအသျှင်မြတ်သည် မိမိ၏ရစူလ်များကို ကူညီစောင်မတော်မူမည်။ ယင်းရစူလ်များအပေါ် အီမာန်ယူလာသူများကိုလည်း ကူညီတော်မူမည်။ ယင်းသို့ ကူညီခြင်းသည် လောကီ၌သော်လည်းကောင်း၊ ကျင့်ကြံမှုများနှင့်စပ်လျဉ်း၍ စာရင်းရှင်းရာ၌ သက်သေထွက်ဆိုမည့်သူသည် သက်သေထွက်ဆိုရန်အတွက် မတ်တတ်ရပ်သောနေ့၌သော်လည်းကောင်း ဆိုလိုသည်မှာ 'ကေယာမသ်' နေ့တွင်လည်း ကူညီတော်မူမည်ဖြစ်သည်။

စတုတ္ထအာယသ်တော်တွင် အာရဗ်ရှိ မုရှ်ရစ်ကဲ်များ၏ ထူးခြားသည့် ပြစ်မှုကျူးလွန်ခြင်းနှင့် မကောင်းသည့် လုပ်ရပ်အပေါ် သတိပေး မိန့်တော်မူထားပေသည်။ အာရဗ်များ၏ ဓလေ့တစ်ခုရှိသည်မှာ လယ်ယာများ၊ ဥယျာဉ်များနှင့် ရောင်းဝယ်ဖောက်ကားခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များထဲမှ တစ်ပုံကို အလ္လာဟ့်အတွက်နှင့် တစ်ပုံကို မိမိတို့၏ ရုပ်တုများအတွက် ထုတ်လေ့ရှိကြသည်။ အလ္လာဟ့်အတွက် ထုတ်သော တစ်ပုံအား မရှိဆင်းရဲသားများအတွက် အသုံးချပြီး ရုပ်တုများအတွက် ထုတ်သော တစ်ပုံအား ဘုရားကျောင်းများရှိ ဘုန်းတော်ကြီးများနှင့် ထိန်းသိမ်းစောင့်ရှောက်သူများအတွက် သုံးစွဲကြပေသည်။

ဦးစွာပထမ ၎င်းတို့၏ မတရားလုပ်ရပ်အား ပြောရမည်ဆိုလျှင် အရာဟူသမျှ ဖန်ဆင်းရှင်မှာ အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်။ အရာတိုင်း၏ တိုးပွားမှုနှင့် ထွက်ရှိခြင်းအား အလ္လာဟ်အသျှင်မြတ်မှ ချီးမြှင့်ခြင်းပင် ဖြစ်သည်။ တစ်ဖန် ထိုအသျှင်မြတ်၏ ချီးမြှင့်မှုဟူသမျှတွင် ရုပ်တုများကိုပါ ထည့်သွင်းပါဝင်စေကြသည်။ ဤသည်ထက်ပို၍ မတရားပြုလုပ်ကြသည်မှာ အကယ်၍ တစ်ခါတစ်ရံ အသီးအနှံများ ထွက်ရှိမှု၌ လျော့နည်းသွားမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ပြည့်စုံတော်မူသော အသျှင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့၏ အရာများကို လိုလားတောင့်တခြင်း မရှိဟုဆိုကာ အလ္လာဟ်အသျှင်မြတ်အတွက် တစ်ပုံကို ဓလေ့အတိုင်း မထုတ်တော့ဘဲ ရုပ်တုများအတွက်သာ ဖြည့်ဆည်းပေးကြလေသည်။ ၎င်းနောက် တစ်ခါတစ်ရံ ဤသို့လည်း ပြုလုပ်ကြပေသည်။ ၎င်းမှာ ရုပ်တုများ၏ ဝေစုများထဲမှဖြစ်စေ၊ (သို့) မိမိတို့၏ ဝေစုထဲမှဖြစ်စေ အရာတစ်ခုခု အလ္လာဟ်အသျှင်မြတ်၏ ဝေစုအတွင်း၌ ပါဝင်နေမည်ဆိုလျှင် ထိုအရာအား ထုတ်ယူ၍ အထက်ပါဝေစုများ၌ ဖြည့်ဆည်းလိုက်ကြသည်။ အကယ်၍ အနေအထားမှာ အဆိုအတိုင်းမဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေလျှင် ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဝေစုထဲမှ အရာတစ်ခု မိမိတို့၏ ဝေစု (သို့) ရုပ်တုများ၏ ဝေစုတွင် ပါဝင်နေလျှင် အလ္လာဟ်အသျှင်မြတ်သည် ပြည့်စုံတော်မူသည့် အသျှင်ဖြစ်သည်ဟုဆိုကာ ယင်းအတိုင်းပင် ထားရှိလိုက်ကြသည်။ ထိုအသျှင်မြတ်၏ ဝေစု၌ လျော့နည်းနေမည်ဆိုလျှင်လည်း မည်သို့မှ ကိစ္စမရှိဟု ဆိုကြသည်။ ကျမ်းတော်မြတ်သည် ၎င်းတို့၏အဆိုပါ မကောင်းသည့် လုပ်ရပ်ကို တင်ပြမိန့်တော်မူသည်မှာ سَاءَ مَا يَحْكُمُونَ ဆိုလိုသည်မှာ ၎င်းတို့၏ ယင်းဆုံးဖြတ်ချက်သည် အဘယ်မျှ ဆိုးရွားပါသနည်း။ အကြင်အသျှင်မြတ်သည် ၎င်းတို့နှင့် ၎င်းတို့၏ အရာဟူသမျှကို ဖန်ဆင်းသည့် အသျှင်ဖြစ်သည်။ ဦးစွာပထမ ထိုအသျှင်မြတ်နှင့်အတူ အခြားသူများကိုပါ ယှဉ်တွဲလိုက်သည်။ တစ်ဖန် ထိုအသျှင်မြတ်၏ ဝေစုကိုလည်း အခြားဘက်သို့ နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းပစ်လိုက်ကြသည်။

ထိုသတိပေးမိန့်ကြားချက်သည် ကာဖိရ်များအတွက် ဖြစ်သော်ငြားလည်း မွတ်စ္လင်မ်များအတွက် သံဝေဂတရားဖြစ်ခြင်း

အဆိုပါမိန့်ကြားချက်သည် အာရဗ်ရှိ မုရှ်ရစ်ကျ်များ၏ မကောင်းသည့် လုပ်ရပ်အပေါ် သတိပေးမိန့်ကြားထားခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ထိုမွတ်စ္လင်မ်များအတွက် ဝမ်းနည်းစရာကောင်းသည့် သံဝေဂတရားဖြစ်သည်။ အကြင်မွတ်စ္လင်မ်များသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည့် ဘဝသက်တမ်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစွမ်းအစများကို နေရာအသီးသီး၌ မျှဝေလိုက်ကြသည်။ သက်တမ်းနှင့်အချိန်၏ အစိတ်အပိုင်းတစ်ခုကို အလ္လာဟ်အသျှင်မြတ်အတွက် 'အေဗာဒသ်'ပြုလုပ်ရန် သတ်မှတ်လိုက်ကြသည်။ ကျန်အမှန် သက်တမ်းတစ်ခုလုံးရှိ အချိန်အားလုံးသည် အလ္လာဟ်အသျှင်မြတ်အတွက် 'အေဗာဒသ်' ပြုလုပ်ရန် မြုပ်နှံလိုက်ရမည်ဖြစ်သည်။ ယင်းအချိန်များထဲမှ လူသားအလျောက် လိုအပ်ချက်များအတွက် အချို့အချိန်များကို ထုတ်ယူသင့်သည်။ ထိုသို့ဆိုလျှင်လည်း ထိုအသျှင်မြတ်အား ကျေးဇူးဆပ်နိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် ယခု ကျွန်ုပ်တို့၏ အခြေအနေမှာ ဤသို့ဖြစ်သည်။ ၎င်းမှာ နေ့၊ ည နှစ်ဆယ်လေးနာရီထဲမှ အလ္လာဟ်အသျှင်မြတ်အတွက် 'အေဗာဒသ်'လုပ်ရန် အချိန်တစ်ခု သတ်မှတ်လိုက်သော်ငြားလည်း အရေးကြုံလာမည်ဆိုလျှင် မိမိတို့လုပ်ငန်းအတွက် သတ်မှတ်ထားသည့်အချိန် အနားယူမည့် အချိန်ထဲမှ ခွဲသုံးခြင်းမရှိဘဲ အလ္လာဟ့်အတွက် 'အေဗာဒသ်'ပြုလုပ်ရန် သတ်မှတ်ထားသည့် အချိန်အား အသုံးချလိုက်ကြသည်။ ကိစ္စတစ်ခုခုကြောင့်ဖြစ်စေ၊ ရောဂါဘယကြောင့်ဖြစ်စေ၊ မည်သည့်လိုအပ်ချက်ကြောင့်ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'အတွက် သတ်မှတ်ထားသည့် အချိန်ကိုသော်လည်းကောင်း၊ 'သေလာဝသ်'အတွက် သတ်မှတ်ထားသည့် အချိန်ကိုသော်လည်းကောင်း၊ 'ဇိကိရ်'အတွက် သတ်မှတ်ထားသည့် အချိန်ကိုသော်လည်းကောင်း ဦးစွာပထမ ခွဲယူအသုံးချလိုက်ကြသည်။ ဤသည် အတာယ်မျှ မှားယွင်းသည့် ဆုံးဖြတ်ချက်ဖြစ်သနည်း။ မည်မျှ ကျေးဇူးကန်းရာ ရောက်သနည်း။ မည်မျှ ဝတ္တရားပျက်ကွက်ရာ ရောက်သနည်း။ အလ္လာဟ်အသျှင်မြတ် ကျွန်ုပ်နှင့် မွတ်စ္လင်မ်ထုတစ်ရပ်လုံးကို ယင်းအဖြစ်ဆိုးမှ ထိန်းသိမ်းတော်မူပါစေ။ (အာမီးန်)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَكَذٰلِكَ زَيَّنَ لِكَثِيْرٍ مِّنَ الْمُشْرِكِيْنَ قَتْلَ اَوْلَادِهِمْ
شُرَكَآؤُهُمْ لِيُرْدُوْهُمْ وَلِيَلْبِسُوْا عَلَيْهِمْ دِيْنَهُمْ
وَلَوْ شَآءَ اللّٰهُ مَا فَعَلُوْهُ فَذَرْهُمْ وَمَا يَفْتَرُوْنَ ﴿١٣٧﴾

၆ : ၁၃၇ ။ ။ ၎င်းပြင် ထိုနည်းတူစွာ ၎င်းတို့၏ တွဲဖက်ကိုးကွယ်ရာ (ရှိက်သွာန်) များက များစွာသော မုရှ်ရစ်ကျ်တို့၏အမြင်၌ ၎င်းတို့ကို ဖျက်ဆီးကြရန်အတွက်လည်းကောင်း၊ ၎င်းတို့အပေါ်၌ ၎င်းတို့၏ သာသနာကို ရှုပ်ထွေးစေရန်အတွက်လည်းကောင်း၊ ၎င်းတို့၏ သားသမီးများအား သတ်ဖြတ်ခြင်းကိုလည်းကောင်း လှပတင့်တယ်အောင် ပြုလုပ်ထားခဲ့ကြသည်။

စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ၎င်းသူတို့သည် ယင်းကဲ့သို့ ပြုလုပ်ကြမည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့နှင့် ၎င်းတို့၏ လုပ်ကြံလီဆယ် ပြောဆိုသည်တို့ကို စွန့်လွှတ်ထားပါလေ။

وَقَالُوا هَٰذِهِ أَنْعَامٌ وَحَرْثٌ حِجْرٌ لَا يَطْعَمُهَا إِلَّا مَنْ
نَشَاءُ بِزَعْمِهِمْ وَأَنْعَامٌ حُرِّمَتْ ظُهُورُهَا وَأَنْعَامٌ
لَا يَذْكُرُونَ اسْمَ اللَّهِ عَلَيْهَا افْتِرَاءً عَلَيْهِ ۚ سَيَجْزِيهِمْ
بِمَا كَانُوا يَفْتَرُونَ ﴿١٣٨﴾

၆ : ၁၃၈ ။ ။ ၎င်းပြင် ထိုသူတို့က မိမိတို့၏ ထင်မြင်ယူဆချက်အရ ဤတိရစ္ဆာန်များနှင့် ဤလယ်ယာ (များမှ ထွက်သော ကောက်ပဲသီးနှံ) တို့သည် ကျွန်ုပ်တို့ အလိုရှိသောသူတို့မှအပ အခြားမည်သူမျှ စားသုံးခြင်းမပြုရန် တားမြစ်ထားပြီး ဖြစ်သည်ဟူ၍လည်းကောင်း၊ ၎င်းပြင် (အချို့သော) ခြေလေးချောင်းတိရစ္ဆာန်များ (၏) ကျောကုန်း (ပေါ်ဝယ်) တက်စီးခြင်းနှင့် ဝန်စည်စလယ်များ (တင်ဆောင်ခြင်း) ကို တားမြစ်ထားပြီး ဖြစ်သည်ဟူ၍လည်းကောင်း ပြောဆိုကြလေသည်။ ၎င်းပြင် (အချို့သော) ခြေလေးချောင်းတိရစ္ဆာန်များကို (လှီးဖြတ်ရာ၌) ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသခြင်း မပြု (အပိုဟု ယူဆ) ကြပေသည်။ (ဤသည်တို့ကား) ထိုအသျှင်မြတ်အပေါ်၌ လီဆယ်စွပ်စွဲ ပြောဆိုခြင်းသာ ဖြစ်ပေရာ မကြာမြင့်မီ ထိုအသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ လီဆယ်စွပ်စွဲမှုကြောင့် အစား (အပြစ်) ပေးတော်မူပေမည်။

وَقَالُوا مَا فِي بُطُونِ هَٰذِهِ الْأَنْعَامِ
خَالِصَةٌ لِذُكُورِنَا وَمُحَرَّمٌ عَلَىٰ أَزْوَاجِنَا ۖ وَإِنْ يَكُنْ
مَيْتَةً فَهُمْ فِيهِ شُرَكَاءُ ۚ سَيَجْزِيهِمْ وَصْفَهُمْ ۚ إِنَّهُ حَكِيمٌ عَلِيمٌ ﴿١٣٩﴾

၆ : ၁၃၉ ။ ။ ထို့ပြင် ၎င်းတို့က ပြောဆိုကြသည်မှာ ဤတိရစ္ဆာန်များ၏ ဝမ်းဗိုက်အတွင်း၌ရှိသော အရာ (နို့ရည် သို့မဟုတ် ဗီး) သည် ငါတို့ ယောက်ျားများအဖို့သာ သီးသန့်ဖြစ်သည်။ ငါတို့၏ ဇနီးမိန်းမများအပေါ် စားသုံးခြင်း မပြုကြရန် တားမြစ်ထားပြီး ဖြစ်သည်။ သို့ရာတွင် (၎င်းတိရစ္ဆာန်၏ ဝမ်းဗိုက်အတွင်းရှိသော ဗီးမှာ) အသေဖြစ်ခဲ့လျှင် စားသုံးရာ၌ ၎င်း (ယောက်ျား၊ မိန်းမ) တို့နှင့် အတူတူ စားသုံးနိုင်ကြသည်။ ထိုအသျှင်မြတ်သည် မကြာမြင့်မီ ၎င်းတို့အား ၎င်းတို့ (ယင်းကဲ့သို့ မမှန်မကန်) ပြောဆိုမှုကြောင့် အစား (အပြစ်ဒဏ်) ပေးတော်မူမည် ဖြစ်သည်။ စင်စစ်မုချ ထိုအသျှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ (အရာခပ်သိမ်း) တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

قَدْ خَسِرَ الَّذِينَ قَتَلُوا أَوْلَادَهُمْ سَفَهًا
بِغَيْرِ عِلْمٍ وَحَرَّمُوا مَا رَزَقَهُمُ اللَّهُ افْتِرَاءً عَلَى اللَّهِ ۚ
قَدْ ضَلُّوا وَمَا كَانُوا مُهْتَدِينَ ﴿١٤٠﴾

၆ : ၁၄၀ ။ ။ အကြင်သူတို့သည် မိမိတို့၏ သားသမီးများကို အသိဉာဏ်မရှိဘဲ မိုက်မဲစွာ သတ်ဖြတ်ခဲ့ကြသည်။ ၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် အရာများကို (ထို) အလ္လာဟ်အသျှင်မြတ် အပေါ်၌ လီဆယ်စွပ်စွဲပြောဆိုခြင်းအားဖြင့် 'ဟရာမ်'ဟူ၍ တားမြစ်ထားပြီးဖြစ်သည်ဟု သတ်မှတ်ခဲ့ကြလေသည်။ ထိုသူတို့သည်ကား **မုချဧကန် နစ်နာဆုံးရှုံးခဲ့ကြလေပြီ။** အမှန်စင်စစ် ၄င်းတို့သည် (ယခင်မူလကတည်းက) လမ်းမှန်ရရှိခဲ့ကြသူများ မဟုတ်ကြပေ။

အာယသ်တော်များ၏ ဆက်စပ်ပုံ

ဖော်ပြပါအာယသ်တော်တွင် မုရှ်ရစ်ကဲ်များ၏ တုပန္နင်းယှဉ်ခြင်း၊ ဖီလာဆန့်ကျင်ခြင်း စသည့် ပျက်ပြားနေသည့် ယုံကြည်ချက်များနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်များတွင် ထိုမုရှ်ရစ်ကဲ်များ၏ မှားယွင်းသည့် လုပ်ဆောင်ချက်များနှင့် အသိဉာဏ်မဲ့သည့် ဓလေ့ထုံးစံများကို တင်ပြ ထားပေသည်။ ယင်းအသိဉာဏ်ကင်းမဲ့သည့် ဓလေ့များကို ဤအာယသ်တော်များတွင် တင်ပြထားသည်မှာ ဦးစွာပထမ အသီးအနှံများထဲမှ အချို့ဝေစုကို အလ္လာဟ်အသျှင်မြတ်၏ အမည်ဖြင့် ဖယ်ထုတ်ပြီး အချို့ဝေစု ကို ရုပ်တုများ၊ 'ဂျင်န်'များ၏ အမည်ဖြင့် ဖယ်ထုတ်ကြသည်။ တစ်ဖန် အကယ်၍ မမျှော်လင့်ဘဲ အလ္လာဟ် အသျှင်မြတ်၏ ဝေစုထဲမှ အချို့အစိတ်အပိုင်းသည် ရုပ်တုများ၏ ဝေစုနှင့် ရောနှောသွားလျှင် ထိုအတိုင်းပင် ထားလိုက်ကြသည်။ ယင်းသို့မဟုတ်ဘဲ အခြေအနေမှာ ပြောင်းပြန်ဖြစ်ပါက ရောနှောနေသည့် ဝေစုကို ထုတ်ယူ၍ ရုပ်တုများ၏ ဝေစုကို ဖြည့်ဆည်းပေးလေ့ရှိကြသည်။ ထိုသို့ ပြုလုပ်ပြီး အကြောင်းပြကြသည် မှာ အလ္လာဟ်အသျှင်မြတ်သည် ပြီးပြည့်စုံသော အသျှင်ဖြစ်၏။ ထိုအသျှင်မြတ်၏ ဝေစု၌ လျော့နည်းသွား သော်ငြားလည်း ထိုအသျှင်မြတ်အတွက် မည်သို့မျှ နစ်နာခြင်းမရှိ။ ရုပ်တုများက လိုအပ်၏။ ထို့ကြောင့် **ယင်းရုပ်တုများ၏ ဝေစု၌** မလျော့နည်းသင့်ပေ။ ထိုမကောင်းသည့် ဓလေ့ထုံးစံနှင့် စပ်လျဉ်း၍ ဤအာယသ် တော်များအလျှင် အာယသ်တော်များ၌ တင်ပြခဲ့ပြီးဖြစ်သည်။

ဒုတိယဓလေ့တစ်ခုမှာ 'ဗဟီရဟ်'၊ 'စာအေဗဟ်'ခေါ် တိရစ္ဆာန်များကို ရုပ်တုများအမည်ဖြင့် ဘေးမဲ့ လွှတ်လိုက်ကြပြီး အဆိုပါလုပ်ရပ်သည် အလ္လာဟ်အသျှင်မြတ် နှစ်သက်စေရန်အတွက် ပြုလုပ်ရခြင်းဖြစ်သည် ဟု ပြောဆိုကြသည်။ ယင်းသို့ ပြုလုပ်ရာ၌လည်း 'အေဗာဒသ်'သည် ရုပ်တုများ၏ အစိတ်အပိုင်းထဲမှ ဖြစ်ပြီး ထိုသို့ ပြုလုပ်ခြင်းကို အလ္လာဟ်အသျှင်မြတ် နှစ်သက်သည်ဟု နားလည်ယူဆခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ အပိုင်းထဲမှ ဖြစ်သည်။

တတိယဝေလေ့မှာ မိမိတို့၏ သမီးမိန်းကလေးများကို သတ်ပစ်ခြင်းဖြစ်သည်။

စတုတ္ထဝေလေ့မှာ လယ်ယာအချို့ကို ရုပ်တုများအမည်ခံရန် စွန့်လှူလိုက်ကြပြီး ပြောဆိုကြသည့်မှာ အဆိုပါ လယ်ယာများအား သုံးစွဲခံထိုက်သူမှာ အမျိုးသားများသာလျှင် ဖြစ်သည်။ အမျိုးသမီးများအား ပေးမည်၊ မပေးမည် ဆိုသည်မှာ ကျွန်ုပ်တို့၏ သဘောသာလျှင် ဖြစ်သည်။ ယင်းအမျိုးသမီးများသည် မိမိတို့၏ ရပိုင်ခွင့်ကို တောင်းဆိုခွင့် မရှိချေ။

ပဉ္စမမြောက်ဝေလေ့မှာ ထိုနည်းတူစွာ ကျက်စားသည့် တိရစ္ဆာန်များနှင့် ပတ်သက်၍ ကျင့်သုံးကြသည်။ အချို့သတ္တဝါများကို အမျိုးသားများအတွက်သာ သီးသန့်သတ်မှတ်လိုက်ကြသည်။

ဆဋ္ဌမ ဝေလေ့မှာ ရုပ်တုများအမည်ခံ၍ ဘေးမဲ့လွှတ်ထားသည့် ခြေလေးချောင်းသတ္တဝါများအား စီးနင်းခြင်း၊ ဝန်သယ်ခြင်းများကို 'ဟရာမ်'ဟု သတ်မှတ်ထားသည်။

သတ္တမဝေလေ့မှာ အချို့သီးသန့် သတ်မှတ်ထားသည့် ခြေလေးချောင်းသတ္တဝါများ ရှိသည်။ ယင်းသတ္တဝါများအား မည်သည့်အခါမှ အလ္လာဟ်အသျှင်မြတ် နာမတော်ကို ကိုင်တွယ်ခြင်းမရှိချေ။ နို့ညစ်သည့်အခါတွင် ဖြစ်စေ၊ စီးနင်းသည့်အခါတွင်ဖြစ်စေ၊ လည်လှီးသည့်အခါတွင်ဖြစ်စေ။

အဋ္ဌမဝေလေ့မှာ တိရစ္ဆာန်များကို 'ဗဟီရဟ်'၊ 'စာအေဗာဟ်'အမည်ဖြင့် ပသ၍ ရုပ်တုများအတွက် ဘေးမဲ့လွှတ်ကြသည်။ ယင်းသတ္တဝါများအား လည်လှီးချိန်တွင် အကယ်၍ ဝမ်းဗိုက်တွင်းမှ ကလေး အရှင်ထွက်ရှိလာပါက ယင်းကလေးကို လည်လှီးလိုက်ကြသည်။ သို့သော် ထိုတိရစ္ဆာန်ငယ်လေးအား အမျိုးသားများသာ သုံးစွဲပိုင်ခွင့်ရှိပြီး အမျိုးသမီးများအတွက် 'ဟရာမ်' ဖြစ်သည်။ အကယ်၍ ကလေးအသေထွက်ရှိလာပါက အားလုံးအတွက် 'ဟလာလ်'ဖြစ်သည်။

နဝမဝေလေ့မှာ အချို့သတ္တဝါများ၏ နို့သည် အမျိုးသားများအတွက်သာ 'ဟလာလ်'ဖြစ်ပြီး အမျိုးသမီးများအတွက် 'ဟရာမ်'ဖြစ်သည်။

ဒသမဝေလေ့မှာ 'ဗဟီရာဟ်'၊ 'စာအေဗာဟ်'၊ 'ဝဆီလာ'နှင့် 'ဟာမီ'အမည်ရှိ လေးမျိုးသော တိရစ္ဆာန်များအား အရှိအသေပေးခြင်းကို 'အေဗာဒသ်'ဟု ယူဆကြသည်။ ဖော်ပြပါ ဆင့်ပြန်ချက်များသည် ဒွရ်ရေ မန်စူးရ်နှင့် ရှူဟွလ်မအာနီကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၊ မူဂျာဟိဒ်၊ အိဗ်နေဇိုင်ဒ်နှင့် စဒီမှ ဇသန်ဒ် ရီးဂျေ အိဗ်နေမွန်ဇီးရ်၊ အိဗ်နေအဗီဟာသိမ်၊ အိဗ်နေအဗီရှိုင်ဗဟ်၊ အိဗ်နေဟိုမိုင်းဒ်မှ ဆင့်ပြန်ထားပေးသည်။ *[ဗယာနွလ်ကုရ်အာန်ကျမ်း]*

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုနည်းတူစွာ မုရှ်ရစ်က်အများစု၏ အတွေးတွင် ၎င်းတို့၏ ကိုးကွယ်သည့် ရိုက်သွာန်သည် မိမိတို့၏ သားသမီးများကို သတ်ဖြတ်ခြင်းအား အကောင်းဆုံးလုပ်ရပ်ဟု တင်ပြထားပေးသည်။ ပမာဆိုရသော် အမှောင်ခေတ်တွင် သမီးမိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်ပစ်သည့် ဝေလေ့ကဲ့သို့ဖြစ်သည်။

သို့မှသာ ထိုသို့ မကောင်းသည့်လုပ်ရပ်ကို ကျူးလွန်ခြင်းကြောင့် ထိုရှိုက်သွာန်သည် ၎င်းမုရှ်ရစ်က်များကို ပြစ်ဒဏ်ထိုက်အောင် ဖန်တီးပြီး ဖျက်ဆီးပစ်၏။ ဤနည်းဖြင့် ထိုသူများ ထာဝရ မှားယွင်းခြင်း၏ ဝဲဂယက်၌ နစ်မွန်းနေစေရန် မိမိ၏ နည်းစနစ်ကို ခိုင်မာအောင် ပြုလုပ်ခဲ့သည်။ သို့သော်ငြားလည်း အို့, ကိုယ်တော်၊ ထိုသူများ၏ ပြုမူဆောင်ရွက်ခြင်းအပေါ် အသင် မည်သို့မျှ မပူဆွေးလေနှင့်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့်ပတ်သက်ပြီး ကောင်းရာကို လိုလားပါက ဤသို့ ပြုမူဆောင်ရွက်ကြမည် မဟုတ်ပေ။ သို့ရှိရာ အသင်ကိုယ်တော်အနေနှင့် ၎င်းတို့နှင့် ၎င်းတို့က မိမိတို့အတွက် ကောင်းသည်ဟု ယူဆထားသည့် မှားယွင်းသော လုပ်ရပ်အပေါ် ဤအတိုင်းပင် စွန့်ထားလိုက်ပါလေ။ ထို့အတွက် မည်သို့မျှ သောကမဖြစ်လေနှင့်။ ငါအသျှင်မြတ် ကိုယ်တော်တိုင် ဆောင်ရွက်တော်မူလိမ့်မည်။ ၎င်းနောက် ထိုသူများသည် မိမိတို့၏ မကောင်းသည့် အတွေးအခေါ်ဖြင့် ပြောဆိုကြသည်မှာ ဤသည် သီးသန့်ကျက်စားသည့် သတ္တဝါများဖြစ်သည်။ ထို့နောက် ဤလယ်မြေလည်း သီးသန့်ဖြစ်သည်။ အဆိုပါက သတ္တဝါများနှင့် လယ်မြေသည် လူတိုင်း အသုံးပြုပိုင်ခွင့်နှင့် စားသုံးပိုင်ခွင့် မရှိပေ။ စတုတ္ထနှင့် ပဥ္စမဝေ့ များ၌ တင်ပြထားပြီးသကဲ့သို့ ကျွန်ုပ်တို့ အလိုရှိသူများသာ စားသုံးပိုင်ခွင့်ရှိသည်။ ထို့နောက် ဆက်လက် ပြောဆိုကြသည်မှာ ဤတိရစ္ဆာန်များသည်လည်း သီးသန့်ဖြစ်သည့်အတွက် ယင်းတို့အပေါ် ဝန်ထုပ်ဝန်ပိုး တင်ဆောင်ခြင်းသည် လူတိုင်းအတွက် မပိုင်ပေ။ ယင်းနှင့် စပ်လျဉ်း၍ ဆဋ္ဌမဝေ့၌ တင်ပြခဲ့ပြီး ဖြစ်သည်။

အဆိုပါစကားရပ်များသည် အလ္လာဟ်အသျှင်မြတ်အပေါ် စွပ်စွဲသည့်ပုံစံဖြင့် ပြောဆိုကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်များကြောင့် အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်သက်မှုကို ရရှိသည်ဟု ၎င်းတို့က ပြောဆိုကြသည်။ ဤသည်ပင်လျှင် စွပ်စွဲခြင်းတစ်ရပ်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ လိမ်လည်လှည့်ဖြားပြီး စွပ်စွဲခြင်းအပေါ် ယခု ပြစ်ဒဏ်ပေးတော်မူမည်။ ယခုဟု ဆိုရခြင်း အကြောင်းမှာ 'ကေယာမသ်' နေ့သည် ဝေးသည်မဟုတ်။ ရောက်ရှိလာတော့မည်ဖြစ်သည်။ အချို့အပြစ်ဒဏ်များသည် သေဆုံးသည်နှင့် တစ်ပြိုင်နက် အစပြုသွားမည်ဖြစ်သည်။ ၎င်းတို့က ဆက်လက် ပြောဆိုကြသည်မှာ ထိုတိရစ္ဆာန်၏ ဝမ်းဗိုက်တွင်းမှ ထွက်ရှိလာသော နို့ (သို့) ကလေးငယ်သည် ကျွန်ုပ်တို့ထဲမှ အမျိုးသားများအတွက် 'ဟလာလ်' ဖြစ်သည်။ အမျိုးသမီးများအတွက် 'ဟရာမ်' ဖြစ်၏။ အကယ်၍ ထိုဝမ်းဗိုက်တွင်းမှ ထွက်လာသော ကလေးငယ်မှာ အသေဖြစ်လျှင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံး တန်းတူ အကျိုးခံစားနိုင်သည်။ ပမာဆိုရသော် ဒသမဝေ့နှင့် နဝမဝေ့၌ တင်ပြထားသကဲ့သို့ ဖြစ်သည်။ ယခု အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ မှားယွင်းစွာ ပြောဆိုမှုအပေါ် ဒဏ်ခတ်တော်မူမည်။ မှားယွင်းသော ပြောဆိုမှုဆိုသည်မှာ အထက်၌ တင်ပြပြီးဖြစ်သည့် စွပ်စွဲခြင်းတစ်ရပ်ပင် ဖြစ်သည်။ ယခုအချိန် အထိ ပြစ်ဒဏ်မပေးရခြင်း၏ အကြောင်းမှာ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည့် အသျှင်ဖြစ်သည်။ အချို့အကြောင်းတရားများကြောင့် အချိန်ပေးထားခြင်း ဖြစ်သည်။ ယခု ပြစ်ဒဏ်မပေးသေးသည့်အတွက် ထိုအသျှင်မြတ် မည်သို့မျှ မသိရှိဟု အသင်တို့ မထင်ကြလေနှင့်။ အဘယ် ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် အလွန်တရာ သိတော်မူသော အသျှင်ဖြစ်သည်။ ထိုအသျှင်မြတ်သည် အားလုံး သိတော်မူ၏။

ရှေ့ဆက်ပြီး နိဂုံးချုပ်အနေနှင့် မိန့်တော်မူထားသည်မှာ ထိုသူများသည် မုချကေန် ပျက်စီးခြင်း၌ နစ်မွန်းသွားကြပြီး ဖြစ်သည်။ အကြင်သူများသည် ဖော်ပြပါလုပ်ဆောင်ချက်များကို နည်းစနစ်သဖွယ် ကျင့်သုံးကြသည်။ ၎င်းမှာ မိမိတို့၏ သားသမီးများကို လက်ခံနိုင်စရာ အထောက်အထား တစ်စုံတစ်ရာ မရှိဘဲ အသိဉာဏ်မဲ့စွာ သတ်ဖြတ်ပစ်ကြသည်။ စားသောက်ရန်အတွက် အလ္လာဟ်အသျှင်မြတ်မှ 'ဟလာလ်' အဖြစ် ပို့ချပေးသော အရာများကို ယုံကြည်ချက်အရ (သို့) ကျင့်ကြံမှုအရ 'ဟရာမ်' ပြုလုပ်လိုက်ကြသည်။ ယင်းနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ဓလေ့များကို အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် ဖော်ပြပါဓလေ့များအားလုံးသည် အလ္လာဟ်အသျှင်မြတ်အပေါ် စွပ်စွဲချက်သက်သက်သာလျှင် ဖြစ်သည်။ ပမာဆိုရသော် သားသမီးများအား သတ်ဖြတ်ခြင်းနှင့် တိရစ္ဆာန်များအား 'ဟရာမ်' အဖြစ် သတ်မှတ်ခြင်း၌ يَفْتَرُوْنَ ဟူသော စာလုံးအား သီးခြားစီ တင်ပြမိန့်တော်မူထားပေသည်။ မုချကေန် ထိုသူများသည် လမ်းမှား၌ နစ်မွန်းသွားကြပေပြီ။ ဤလမ်းများသည် အသစ်အဆန်းမဟုတ်ဘဲ လမ်းဟောင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစကနဦးကပင် မည်သည့်လမ်းမှန်မှ လျှောက်ခဲ့ကြခြင်း မရှိပေ။ သို့ရှိရာ ضلوا စာလုံးမှ ၎င်းတို့၏ နည်းလမ်းကို တင်ပြထားပြီး وماكانوا ဖြင့် ၎င်းတို့အား အလေးအနက် မိန့်တော်မူထားသည်။ ၎င်းနောက် خَسِرُوْا စာလုံးတွင် ဆိုးရွားသည့် ရလဒ်ကို တင်ပြမိန့်တော်မူထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَهُوَ الَّذِيٓ اَنْشَاَ
جَنّٰتٍ مَّعْرُوْشٰتٍ وَّغَيْرَ مَعْرُوْشٰتٍ وَّالنَّخْلَ وَالزَّرْعَ
مُخْتَلِفًا اُكُلُهٗ وَالزَّيْتُوْنَ وَالرُّمَّانَ مُتَشَابِهًا وَّغَيْرَ
مُتَشَابِهٍ ۭ كُلُوْا مِنْ ثَمَرِهٖٓ اِذَآ اَثْمَرَ وَاٰتُوْا حَقَّهٗ يَوْمَ
حَصَادِهٖ ڮ وَلَا تُسْرِفُوْا ۭ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ۝

၆ : ၁၄၂ ။ ။ ထို (အလ္လာဟ်) အသျှင်မြတ်သည်သာလျှင် (စင်ပေါ်သို့) နွယ်တက်သော အပင်များနှင့် နွယ်တက်ခြင်း မရှိသော အပင်များ၏ ခြံ၊ ဥယျာဉ်များကိုလည်းကောင်း၊ နွယ်ပင်ဥယျာဉ်၊ ပင်ထောင်ဥယျာဉ် အရသာအမျိုးမျိုးဖြင့် ပြည့်စုံသော စွန်ပလွံပင်များနှင့် ကောက်ပဲသီးနှံများကိုလည်းကောင်း၊ ဆင်တူရိုးမှားဖြစ်သော၊ ဆင်တူရိုးမှားမဖြစ်သော သံလွင်ပင်များနှင့် သလဲပင်များကိုလည်းကောင်း ပေါက်ရောက်စေတော်မူခဲ့လေသည်။ အသင်တို့သည် ထိုအပင်များ သီးပွင့်သောအခါ ယင်းတို့၏ အသီးအနှံများကို စားသုံးကြလေကုန်။ ထို့ပြင် အသင်တို့သည် ယင်းအသီးအနှံများကို ဆွတ်ခူးရိတ်သိမ်းသော နေ့၌ ၎င်း

(အသီးအနှံများနှင့် စပ်လျဉ်း၍ တရားတော်က ပေးဆောင်ရန် ပြဋ္ဌာန်းထားသော) တာဝန်ကို ပေးဆောင်ကြလေကုန်။ သို့ရာတွင် အသင်တို့သည် မဖြုန်းတီးကြလေနှင့်။ ကေန်အမှန် (ထိုအသျှင်မြတ်သည်) ဖြုန်းတီးသော သူတို့အား နှစ်သက်တော်မမူချေ။

وَمِنَ الْاَنْعَامِ حَمُوْلَةً وَّفَرْشًا ۚ كُلُوْا مِمَّا رَزَقَكُمُ اللّٰهُ وَ
لَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ۝

၆ : ၁၄၂ ။ ။ ၎င်းပြင် (ထိုအသျှင်မြတ် ဖန်ဆင်းထားတော်မူသော) တိရစ္ဆာန်များတွင် ဝန်တင်သော တိရစ္ဆာန်များနှင့် အရပ်နိမ့် (၍ ဝန်မတင်နိုင်ဘဲ နို့ရည်နှင့် အသားစားရန် ဖြစ်) သော တိရစ္ဆာန်များလည်း ရှိကြပေသည်။ အသင်တို့သည် မိမိတို့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သော အရာများကို စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့သည် ရှိုက်သွာန်၏ နောက်သို့ ဖဝါးခြေထပ် မလိုက်ကြလေနှင့်။ အကြောင်းမှာ ယင်းရှိုက်သွာန်သည် အသင်တို့၏ ထင်ရှားလှသော ရန်သူပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ထိုအသျှင်မြတ်သည်ပင်လျှင် စင်ပေါ်သို့ နွယ်တက်သော ဥယျာဉ်များကိုလည်းကောင်း၊ ဥပမာ– စပျစ်သီး၊ ထို့နောက် နွယ်မတက်သော ဥယျာဉ်များကိုလည်းကောင်း ယင်းသို မတက်ခြင်းသည် နွယ်ပင်မဟုတ်ဘဲ အကိုင်းမျိုးဖြစ်သည့်အတွက်ကြောင့် ဖြစ်မည်။ (သို့) နွယ်မျိုးဖြစ်သော်ငြားလည်း စင်ပေါ်တက်သည့် ဓလေ့မရှိခြင်းကြောင့် ဖြစ်မည်။ ဥပမာ– သခွားသီး၊ ဖရဲသီး စသည်တို့ဖြစ်သည်။ အရသာအမျိုးမျိုးနှင့် ပြည့်စုံလှသော စွန်ပလွံပင်များနှင့် ကောက်ပဲသီးနှံပင်များကိုလည်း ထိုအသျှင်မြတ်သာလျှင် ပေါက်ရောက်စေပါသည်။ ထိုနည်းတူစွာ သံလွင်ပင်များနှင့် သလဲသီးပင်များကိုလည်း ထိုအသျှင်မြတ်သာလျှင် ပေါက်ရောက်ဖြစ်ထွန်းစေတော်မူသည်။ အကြင်သလဲသီးအချင်းချင်း၌သော်လည်းကောင်း၊ သံလွင်သီးအချင်းချင်း၌သော်လည်းကောင်း အရောင်အဆင်းနှင့် အရသာ၊ ပုံသဏ္ဌာန်နှင့် အရွယ်အစားတို့သည် တစ်ခါတစ်ရံ ဆင်တူရိုးမှားများ ရှိကြပြီး တစ်ခါတစ်ရံ တစ်သီးနှင့်တစ်သီး၊ တစ်လုံးနှင့် တစ်လုံးမှာ အရည်အသွေးများ တူညီခြင်းမရှိကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာများကို ပေါက်ရောက်ဖြစ်ထွန်းစေပြီး သီးပွင့်လာသည်နှင့် တစ်ပြိုင်နက် မမှည့်မီအလျင်လည်း စားသုံးနိုင်သည်ဟု ခွင့်ပြုထားပါသည်။ သို့သော် ၎င်းအသီးအနှံများ ဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ၎င်းအသီးအနှံများနှင့် စပ်လျဉ်း၍ တရားတော်က ပြဋ္ဌာန်းထားသည့်အတိုင်း သူဆင်းရဲများကို ပေးလှူကြကုန်။ ထိုသို့ ပေးဆောင်ရာ၌ တရားစည်းဘောင်ကျော်လွန်ခြင်းလည်း မရှိစေရ။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် တရားစည်းဘောင် ကျော်လွန်သူများကို နှစ်သက်တော်မမူချေ။ ၎င်းနောက် ထိုအသျှင်မြတ်သည် ဥယျာဉ်များနှင့် ကောက်ပဲသီးနှံများကို ပေါက်ရောက်စေသကဲ့သို့ တိရစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။ ခြေလေးချောင်းတိရစ္ဆာန်တို့အနက် အရပ်အမောင်းကောင်းသော တိရစ္ဆာန်များကို ၎င်းအရပ်အမောင်းနိမ့်သော သားကောင်များကိုလည်း ထိုအသျှင်

မြတ်သာလျှင် ဖန်ဆင်းတော်မူ၏။ ယင်းတိရစ္ဆာန်များနှင့် စပ်လျဉ်း၍လည်း ဥယျာဉ်များနှင့် ကောက်ပဲသီးနှံများကဲ့သို့ ခွင့်ပြုတော်မူထားသည်။ အသင်တို့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော အရာများထဲမှ တရားတော်က 'ဟလာလ်'စားသုံးခွင့်ပြုထားသော သတ္တဝါများကို စားသုံးကြကုန်။ မိမိတို့ဘက်မှ 'ဟရာမ်' ပညတ်ချက်များကို တီထွင်ကြံဆပြီး ရှိုက်သွာန်၏ ခြေရာများကို မလိုက်ကြလေနှင့်။ မုချကေန် ထိုရှိုက်သွာန်သည် အသင်တို့အတွက် ထင်ရှားသော ရန်သူပင်ဖြစ်ချေသည်။ အကြောင်းမူကား မှန်ကန်ခိုင်လုံသည့် အထောက်အထားများ ရှိလင့်ကစား အသင်တို့ကို ထိုရှိုက်သွာန်သည် လမ်းမှားအောင် ပြုလုပ်လျက်ရှိသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ဖော်ပြပြီးသည့် အာယသ်တော်များတွင် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များ၏ လမ်းမှားခြင်းကို တင်ပြထားပေသည်။ ၄င်းမှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားသည့် တိရစ္ဆာန်များနှင့် ၄င်းတို့အား ချီးမြှင့်ထားသည့် စည်းစိမ်များအား ထိုမတရားသောသူများသည် မိမိတို့ကိုယ်တိုင် ထွင်းထုထားသော သက်မဲ့၊ အသိမဲ့ ရုပ်တုများကို အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲသတ်မှတ်ပြီး 'အေဗာဒသ်'အတွက် (သို့) အလှူဒါနအတွက် ထုတ်ယူထားသော အရာများထဲမှ တစ်ပုံကို အလ္လာဟ်အတွက်နှင့် တစ်ပုံကို ရုပ်တုများအတွက်ဟု ဆိုကာ ခွဲဝေထားလေ့ရှိကြသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်အတွက် ဖယ်ထားသော ဝေစုကိုလည်း အကြောင်းအမျိုးမျိုးပြပြီး ရုပ်တုများ၏ ဝေစုနှင့် ရောနှောလိုက်လေသည်။ ထိုနည်းတူစွာ များပြားလှသည့် အသိဉာဏ်မဲ့ ဓလေ့ထုံးစံများကို တရားတော်၏ ပြဋ္ဌာန်းချက်အဆင့်ထိ မှတ်ယူထားကြသည်။

ဖော်ပြပါအာယသ်တော်များအနက်မှ ပထမအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ပေါက်ပင်များနှင့် အပင်များ၏ အမျိုးအစားအသီးသီးနှင့် ယင်းတို့၏ အကျိုးရှိပုံနှင့် အသီးအနှံများကို ဖန်ဆင်းပေါက်ရောက်ရာတွင် မိမိ၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်၏ အံ့ဩလောက်အောင် ပြီးပြည့်မှုများကို တင်ပြမိန့်တော်မူထားသည်။ ထိုနည်းတူစွာ ဒုတိယအာယသ်တွင် တိရစ္ဆာန်များနှင့် ခြေလေးချောင်းသတ္တဝါများ၏ အမျိုးအစား အသီးသီးတို့အား ဖန်ဆင်းတော်မူကြောင်းကို တင်ပြထားပြီး ထိုသူများ၏ လမ်းမှားမှုအပေါ် သတိပေးမိန့်တော်မူထားသည်။ ၄င်းမှာ ထိုအသိဉာဏ်ခေါင်းပါးသော သူများသည် အဘယ်မျှ တန်ခိုးတော်နှင့် ပြည့်စုံပြီး အရာခပ်သိမ်းကို သိနိုင်တော်မူသော အသျှင်နှင့်အတူ အဘယ်မျှ အသက်မဲ့၊ အသိမဲ့ပြီး သိနိုင်စွမ်းမရှိ စွမ်းဆောင်နိုင်စွမ်းမရှိသည့်အရာများနှင့် တုပနှိုင်းယှဉ်ခြင်း ပြုလုပ်လိုက်ကြသည်။

တစ်ဖန် ထိုသူများကို ဖြောင့်မတ်မှန်ကန်ပြီး လမ်းမှန်တရားအပေါ် ကျင့်ကြံရန်ဘက်သို့ လမ်းညွှန်ပြသမိန့်တော်မူထားပေသည်။ ၄င်းမှာ ထိုအရာများကို ဖန်ဆင်းခြင်းနှင့် အသင်တို့အား ချီးမြှင့်ခြင်း၌ မည်သူမှ ပါဝင်ခြင်းမရှိသည့်အတွက် 'အေဗာဒသ်'ပြုလုပ်ရာ၌ ထိုအသျှင်မြတ်နှင့်အတူ အခြားအရာများကိုပါ ယှဉ်တွဲကိုးကွယ်ခြင်းသည် အလွန်ဆိုးရွားသည့် ကျေးဇူးကန်း၊ ဗီဆန်ခြင်းနှင့် မတရားမှုကြီးပင်ဖြစ်သည်။ ထိုအသျှင်မြတ်သည် အကြင်အရာများကို ဖန်ဆင်းပြီး အသင်တို့အား ချီးမြှင့်ခဲ့သည်။ ထို့နောက် အသင်တို့

လိုသလို အသုံးပြုနိုင်ရန်အတွက် ထိုအရာများကို အသင်တို့အတွက် အမိန့်နာခံစေခဲ့ပေသည်။ ထိုအရာများ အားလုံးကို အသင်တို့အတွက် 'ဟလာလ်'အဖြစ်လည်း သတ်မှတ်ပေးတော်မူခဲ့သည်။ သို့ရှိရာ အသင်တို့၏ ဝတ္တုရားမှာ ထိုအသျှင်မြတ် ချီးမြှင့်ထားသည့် စည်းစိမ်များမှ အကျိုးအမြတ်ခံစားရချိန်တွင် ထိုအသျှင်မြတ်၏ ကျေးဇူးတရားအပေါ် မည်သည့်ဝတ္တုရားများရှိသည်ကို သတိချပ်ပြီး ထိုဝတ္တုရားများကို ကျေပွန်ကြကုန်။ ရှိုက်သွာန်၏ အတွေးအခေါ်နှင့် အသိဉာဏ်မဲ့သည့် ဓလေ့ထုံးစံများကို မိမိတို့၏ သာသနာဟု မပြုလုပ်လေနှင့်။

ပထမအာယသ်တော်တွင် أنشأ ၏ အဓိပ္ပာယ်မှာ မွေးမြူဖန်ဆင်းခြင်းဖြစ်သည်။ ထို့နောက် مَعْرُوْشٰت စာလုံးသည် عرش စာလုံးမှ ဖြစ်လေသည်။ ယင်း၏ အဓိပ္ပာယ်မှာ မယူခြင်း၊ မြင့်အောင် လုပ်ခြင်းဖြစ်သည်။ 'မအ်ရူယှာသ်'၏ အလိုသဘောမှာ အပင်များရှိ နွယ်ခက်များကို စင်ပေါ်တို့ တင်ပေး လိုက်ခြင်းဖြစ်သည်။ ဥပမာ- စပျစ်သီးနှင့် အချို့စားပင်များဖြစ်သည်။ ယင်းနွယ်ပင်မျိုးများနှင့် ယှဉ်လျက် غَيْرَمَعْرُوْشٰت ၌ အပေါ်သို့ တွယ်တက်ခြင်း မရှိသော အပင်ဟူသမျှအားလုံး ပါဝင်သည်။ နွယ်မျိုး မဟုတ်သည့် အကိုင်းအလက်ရှိသော အပင်မျိုးဖြစ်စေ၊ (သို့) နွယ်ရှိသော်ငြားလည်း အပေါ်သို့ မတက်ဘဲ မြေကြီးပေါ်၌သာ ပြန့်သွားသည်ဖြစ်စေ ဥပမာ- ဖရဲသီး၊ သခွားသီး စသည်တို့ဖြစ်သည်။

၄င်းနောက် نخل ၏ အဓိပ္ပာယ်မှာ စွန်ပလွံပင်ဖြစ်သည်။ زرع သည် ကောက်ပဲသီးနှံပင်တိုင်း ကို ခေါ်ဆိုသည်။ زيتون သည် သံလွင်ပင်ကိုလည်း ခေါ်ဆိုသကဲ့သို့ သံလွင်သီးကိုလည်း ခေါ်ဆိုပေသည်။ رُمَّان သည် သလဲသီးကို ခေါ်ဆိုပေသည်။

ထိုအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် ဦးစွာပထမ ဥယျာဉ်ခြံများတွင် ပေါက်ရောက် ဖြစ်ထွန်းသည့် အပင်များ၏ အမျိုးအစားနှစ်မျိုးကို တင်ပြမိန့်တော်မူပေသည်။ တစ်မျိုးမှာ အပေါ်တက်သည့် နွယ်ပင်မျိုးဖြစ်ပြီး ဒုတိယတစ်မျိုးမှာ အပေါ်မတက်သည့် နွယ်ပင်မျိုးဖြစ်သည်။ ထိုသို့ ဖြစ်ရခြင်းသည် မိမိ၏ အနှိုင်းမဲ့ အမြော်အမြင်နှင့် တန်ခိုးတော်ဘက်သို့ ညွှန်ပြနေခြင်းဖြစ်သည်။ အကြောင်းမူကား မြေကြီး တစ်မျိုးတည်း၊ ရေတစ်မျိုးတည်းနှင့် လေတစ်မျိုးတည်းမှ များပြားလှသည့် အပင်ပုံစံအသီးသီးကို ပေါက် ရောက်စေတော်မူ၏။ တစ်ဖန် ထိုအပင်များ၏ အသီးများ အဆင့်ဆင့်ဖြစ်ခြင်း၊ စိမ်းလန်းစိုပြေခြင်းနှင့် ယင်းအသီးအနှံများတွင် များစွာသော ထူးခြားသည့် စူးရှမှုများကို ဖြစ်ထွန်းစေပြီး အချို့အပင်များဆိုလျှင် နွယ်အပေါ်သို့ မတက်သည့် ကာလပတ်လုံး အသီးပင် မသီးချေ။ နွယ်အပေါ်သို့ တက်လာပြီးဆိုလျှင်လည်း တစ်နေရာမကျန် သီးလေတော့သည်။ ဥပမာ- စပျစ်သီး စသည်တို့ဖြစ်သည်။ အချို့အပင်မျိုးဆိုလျှင် ၄င်း၏ နွယ်ကို အပေါ်သို့ တက်စေလိုလျှင်လည်း အပေါ်သို့ လုံးဝ တက်ခြင်းမရှိပေ။ အကယ်၍ အပေါ်သို့ တက် သွားပြီးဆိုလျှင် ယင်း၏ အသီးမှာ အောင်မြင်ခြင်း မရှိတော့ပေ။ ဥပမာ- ဖရဲသီး၊ သခွားသီး စသည်တို့ ဖြစ်သည်။ အချို့အပင်များကို ခိုင်မာသည့် အကိုင်းအလက်များဖြင့် တည့်မတ်စွာ ရပ်စေပြီး အလွန်မြင့်မား စေသည့် လူသားတစ်ဦး၏ စွမ်းဆောင်နိုင်စွမ်းဖြင့် ထိုမျှလောက် မြင့်မားအောင် ပြုလုပ်နိုင်လေ့ ရှိမည် မဟုတ်ပေ။ အပင်များ၏ ဖော်ပြပါအခြေအနေများသည် တိုက်ဆိုင်ခြင်းမျှသာ မဟုတ်သည့်အပြင် အလွန်တရာ

အမြော်အမြင်ကြီးစွာနှင့် ထိုအသီးအပွင့်များ၏ အနေအထားကို ဖန်ဆင်းထားခြင်းဖြစ်သည်။ အချို့အသီးများသည် မြေကြီးထဲမှာပင် ကြီးထွားပြီး မှည့်သွားကြသည်။ အချို့အသီးများသည် မြေကြီးထိသည့်အတွက် ပျက်စီးသွားကြသည်။ အချို့အသီးများသည် အကိုင်းအမြင့်များအပေါ်တွင် သီးပြီး ပုံမှန်လေထိရန် လိုအပ်ပြီး နေရောင်ခြည်နှင့် ကြယ်တာရာများ၏ တောက်ပမှုဖြင့် အရောင်ရရှိကြသည်။ အရာတိုင်းအတွက် တန်ခိုးရှင် အလ္လာဟ်အသျှင်မြတ်သည် သင့်လျော်ကိုက်ညီသည့် အစီအမံများ ပြုလုပ်ဖန်တီးတော်မူထားပေသည်။

فَتَبَارَكَ اللهُ اَحْسَنُ الْخَالِقِيْنَ

ထို့နောက်ပိုင်းတွင် အထူးသဖြင့် စွန်ပလွံပင်နှင့် လယ်ယာစိုက်ခင်းအကြောင်းကို တင်ပြထား ပေသည်။ စွန်ပလွံသီးသည် များသောအားဖြင့် စားသုံးကြသည်။ လိုအပ်သည့်အခါများတွင် အဟာရ ပြည့်ဝစေရန်အတွက်လည်း သုံးစွဲကြသည်။ လယ်ယာစိုက်ခင်းထဲမှ ရရှိသည့်အရာများသည် များသောအား ဖြင့် လူတို့၏ ရိဇ္ဇက်နှင့် တိရစ္ဆာန်တို့၏ အစာများ ရရှိပေသည်။ အဆိုပါအရာနှစ်ခုကို တင်ပြပြီးသည့်နောက် مُخْتَلِفًا اُكُلُه ဟု မိန့်တော်မူထားပေသည်။ ဤနေရာ၌ اُكُلُه ၏ ရည်ညွှန်းချက်သည် လယ်ယာဘက်သို့ ဖြစ်နိုင်သကဲ့သို့ စွန်ပလွံပင်ဘက်သို့လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ အလိုသဘောမှာ နှစ်မျိုးစလုံးအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ စွန်ပလွံသီးတွင် အမျိုးအစားအသီးသီးရှိပြီး အရသာလည်း သီးခြားစီဖြစ်သည်။ ထို့နောက် လယ်ယာစိုက်ခင်းတွင် အမျိုးအစားပေါင်း သန်းနှင့်ချီ ရှိသော်ငြားလည်း အမျိုးအစားတိုင်း၏ အရသာနှင့် အကျိုးဖြစ်ထွန်းခြင်းမှာ သီးခြားစီဖြစ်သည်။ လေ၊ မြေတစ်ခုတည်းမှ ထွက်ရှိသည့် အသီးအနှံများ ထဲတွင် ဤမျှ ကြီးမားလှသည့် ခြားနားချက်များနှင့် ၎င်းနောက် အမျိုးအစားတိုင်း၏ အကျိုးဖြစ်ထွန်းခြင်းနှင့် ထူးခြားချက်များ၏ အံ့သြစရာ ကွာခြားချက်များကို ကြည့်ပြီး အနည်းငယ်မျှ အမြော်အမြင်ရှိသည့် လူသား တစ်ဦးပင်လျှင် ဤအချက်အား လက်ခံသွားမည်ဖြစ်သည်။ ၎င်းမှာ ထိုအချင်းအရာများကို ဖန်ဆင်းတော် မူသော အလ္လာဟ်အသျှင်မြတ်၏ အသိနှင့် ဆင်ခြင်တုံတရားကို ခန့်မှန်းရန် လူသားတစ်ဦးအနေနှင့် မည်သို့မျှ မဖြစ်နိုင်ချေ။

ထို့နောက် အရာနှစ်ခုကို ထပ်မံ မိန့်တော်မူထားသည်မှာ زَيتُون နှင့် رُمّان ဖြစ်သည်။ ဆိုလိုသည်မှာ သလဲသီးနှင့် သံလွင်သီးတို့ ဖြစ်သည်။ ယင်းသည် အသီးလည်း ဖြစ်သကဲ့သို့ ဟင်းစားလည်း ဖြစ်သည်။ ယင်းသံလွင်ဆီသည် အခြားဆီများထက် ပို၍ သန့်ရှင်းစင်ကြယ်ပြီး ပိုမိုကောင်းမွန်ခြင်းနှင့်အတူ အကျိုး ထူးများစွာလည်း ရှိပေသည်။ ရောဂါပေါင်းများစွာအတွက် **အကောင်းဆုံးဆေးဝါးတစ်လက်** ဖြစ်သည်။ ထိုနည်းတူစွာ သလဲသီး၌လည်း အကျိုးများစွာရှိပြီး ထူးခြားချက်များစွာ ရှိပေသည်။ ယင်းအချက်များကို လူတန်းစားအသီးသီးက သိရှိပြီးဖြစ်သည်။ ထိုအသီးအနှစ်မျိုးကို ဖော်ပြပြီး

مُتَشَابِهًا وَّغَيْرَ مُتَشَابِهٍ

ဟု မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ ထိုအသီးများထဲမှ အချို့အသီးများသည် အရောင်နှင့် အရသာမှာ တူညီမှု အနည်းငယ်ရှိကြသည်။ အချို့အသီး၏ အရောင်နှင့် အရသာမှာ လုံးဝ သီးခြားစီဖြစ်သည်။

၎င်းနောက် အချို့အစေ့၏ အရောင်၊ အရသာနှင့် အရွယ်အစားမှာ တူညီမှုရှိပြီး အချို့မှာ ခြားနားသည်။ ယင်းတူညီမှုနှင့် ခြားနားခြင်းသည် သလဲသီး၌ တွေ့ရှိနေသကဲ့သို့ သံလွင်သီး၌လည်း တွေ့ရှိရပေသည်။

အဆိုပါသစ်ပင်အမျိုးအစားနှင့် အသီးအနှံများအကြောင်းကို တင်ပြပြီးသည့်နောက် ဤအာယသ်တော်တွင် လူသားတို့အား အမိန့်တော်နှစ်ရပ် ပြဌာန်းတော်မူထားပေသည်။ ပထမအမိန့်တော်မှာ မိမိတို့ကိုယ်တိုင် လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်ဖြစ်သည်။ ၎င်းမှာ-

كُلُوا مِنْ ثَمَرِهِ إِذَا أَثْمَرَ

ဟု မိန့်တော်မူထားပေသည်။ အလိုသဘောမှာ ထိုသစ်ပင်များနှင့် လယ်ယာများမှ အသီးများ မှည့်သွားသည့်အခါ အသင်တို့ စားသုံးကြကုန်။ ယင်းအချက်မှ ညွှန်ပြနေသည်မှာ ယင်းအပင်အမျိုးမျိုးကို ဖြစ်ထွန်းစေရာ၌ ဖန်ဆင်းရှင် အသျှင်မြတ်အနေနှင့် မိမိလိုအပ်ချက်များကို ဖြည့်ဆည်းရန် မဟုတ်သည့်အပြင် အသင်တို့ အကျိုးခံစားရစေရန်အတွက် ဖြစ်ထွန်းစေခြင်းသာ ဖြစ်သည်။ သို့ရှိရာ အသင်တို့အနေနှင့် ထိုအရာများကို စားသုံး၍ အကျိုးခံစားလိုက ခံစားနိုင်၏။ إِذَا أَثْمَرَ ဟု မိန့်တော်မူပြီး ညွှန်ပြနေသည်မှာ အပင်များ၏ အကိုင်းအလက်များမှ အသီးသီးခြင်းသည် အသင်တို့အနေနှင့် စွမ်းဆောင်နိုင်သည့်အရာ မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ထိုအသီးများ သီးပွင့်လာပြီးဆိုလျှင် မှည့်သည်ဖြစ်စေ၊ မမှည့်သည်ဖြစ်စေ၊ သီးလာသည်နှင့် တစ်ပြိုင်နက် စားသုံးပိုင်ခွင့် ရရှိသွားသည်။

လယ်၊ ခြံမြေအပေါ် 'အုရှ်' ၏ ပညတ်ချက်

ဒုတိယအမိန့်တော်မှာ وَآتُوا حَقَّهُ يَوْمَ حَصَادِهِ ဟု မိန့်တော်မူထားသည်။ အလိုသဘောမှာ آتُوا ၏အဓိပ္ပာယ်မှာ 'ယူလာကြကုန်' (သို့) 'ပေးဆပ်ကြကုန်' ဟုဖြစ်သည်။ ၎င်းနောက် حصاد ဆိုသည်မှာ လယ်ရိပ်သိမ်းချိန် (သို့) အသီးခြွေချိန်ကို ခေါ်ဆိုသည်။ ထို့နောက် حقه ၏ ရည်ညွှန်းချက်သည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း စားသုံးသည့် အရာတိုင်းဘက်သို့ ဦးတည်ပြီး အကျိုးသက်ရောက်မှုရှိသည်။ သို့ရှိရာ အဆိုပါအာယသ်တော်၏ အဓိပ္ပာယ်မှာ ထိုအရာများကို 'စားသောက်ကြ၊ သုံးစွဲကြ' ဟုဖြစ်သည်။ သို့သော် လယ်ရိပ်သိမ်းချိန် (သို့) အသီးခြွေချိန်၌ ထိုအရာများ၏ ဝတ္တရားများကို ကျေပွန်ရန် ပေးဆပ်ရန်လည်း သတိထားရမည် ဖြစ်သည်။ ဤနေရာ၌ ထိုအရာများ၏ ဝတ္တရားဟုဆိုရာတွင် မရှိဆင်းရဲသားများကို 'ဆွဒ်ကာဟ်' ပေးလှူခြင်းဖြစ်သည်။ ပမာဆိုရသော် အခြားအာယသ်တော်တစ်ခုတွင် အမိန့်ရှိထားသည်မှာ-

وَالَّذِينَ فِي أَمْوَالِهِمْ حَقٌّ مَّعْلُومٌ لِّلسَّائِلِ وَالْمَحْرُومِ

ဟူ၍ဖြစ်သည်။ အလိုသဘောမှာ တောင်းခံသောသူဖြစ်စေ၊ မတောင်းခံသောသူဖြစ်စေ မရှိဆင်းရဲသားများ၏ ရပိုင်ခွင့်အား ကောင်းမွန်သည့် ဗန္ဒာဟ်ကျေးကျွန်များ၏ ပစ္စည်းဥစ္စာများ၌ သတ်မှတ်ထား၏။

အဆိုပါ 'ဆွဒ်ကာဟ်'၏ အလိုသဘောမှာ မည်သည့်လျှဒါန်းခြင်းမဆိုကို ခေါ်ဆိုပြီး (သို့) လယ်မြေ၊ ခြံ၏ 'ဇကားသ်' (သို့) 'အုရှုရ်'မည်သော 'ဆွဒ်ကာဟ်'ဟုလည်း ခေါ်ဆိုပေသည်။ ယင်းနှင့်စပ်လျဉ်း၍ အကျယ်ဖွင့်ဆိုသည့် ပညာရှင်များဖြစ်ကြသော ဆွဟာဗာများနှင့် သာဗေအီးန်များ၏ အဆိုနှစ်ရပ် ရှိသည်။

အချို့ပညာရှင်များက ပထမအဆိုကို အတည်ပြုလက်ခံကြပြီး ယင်းသို့ လက်ခံရခြင်း၏ အကြောင်းမှာ ဤအာယသ်တော်သည် 'မက္ကီ'အာယသ်တော်ဖြစ်သည်။ 'ဇကားသ်ဖွရဇ်'ဖြစ်ခြင်းသည် မဒီနာမြို့သို့ ရောက်ရှိပြီး နှစ်နှစ်နောက်ပိုင်းမှ ကျရောက်ခဲ့သည်။ ထို့ကြောင့် ဤနေရာ၌ တာဝန်ရှိသည်ဟု ဆိုရာ၌ လယ်မြေအပေါ် ချမှတ်ထားသည့် 'ဇကားသ်' တာဝန်မဖြစ်နိုင်ပေ။ အချို့ပညာရှင်များသည် ဤအာယသ်တော်ကို 'မဒနီ'အာယသ်ဟု သတ်မှတ်ပြီး حق ၏ အလိုသဘောမှာ မြေ၏ 'ဇကားသ်'နှင့် 'အုရှုရ်'၏ ဖြစ်သည်ဟု သတ်မှတ်ထားပေသည်။

အကျယ်ဖွင့်ဆိုသည့် ပညာရှင်ကြီး အိဗ်နေကစီးရ် (ရဟ) သည် မိမိသဖ်စီးရ်၌ အိဗ်နေ အန်ရဗီ အွန်ဒလိုစီ (စပိန်နိုင်ငံသား) သည် အဟ်ကာမွလ်ကုရ်အာန်တွင် ယင်းအချက်နှင့်စပ်လျဉ်း၍ ဤသို့ ဆုံးဖြတ်မိန့်ဆိုထားပေသည်။ ၎င်းမှာ ဤအာယသ်တော်သည် မဒနီဖြစ်စေ၊ မက္ကီဖြစ်စေ ပုံစံနှစ်မျိုးစလုံးတွင် မြေ၏ 'ဇကားသ်' (သို့) 'အုရှုရ်'သာလျှင် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဇကန်စင်စစ် 'ဇကားသ်ဝါဂျိဗ်' ဖြစ်သည့် ပညတ်ချက်သည် မက္ကာဟ်မြို့၌ ကျရောက်ခဲ့ပြီးဖြစ်သည်ဟု ၎င်းတို့က ဆိုကြပေသည်။ 'စူရာဟ် မိုဇမ္မိလ်'၏ အာယသ်တော်များသည် 'ဇကားသ်'အမိန့်၌ အကျုံးဝင်သည်။ ယင်းစူရာဟ်သည် မက္ကီဖြစ်ကြောင်း၊ တစ်ညီတစ်ညွတ်တည်း ဆိုထားပေသည်။ သို့သော် 'ဇကားသ်'၏ အတိုင်းအတာနှင့် ပြည့်မီသည့် သတ်မှတ်ချက် စသည်တို့သည် 'ဟီဂျ်ရသ်'နောက်ပိုင်းမှ ကျရောက်ခဲ့သည်။ ဤအာယသ်တော်မှ စိုက်ပျိုးရရှိသည့်အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ တာဝန်တစ်ခု ချမှတ်ထားကြောင်းကိုသာ သိရှိရပေသည်။ ယင်းတာဝန်၏ အတိုင်းအတာ သတ်မှတ်ချက်ကို တင်ပြထားခြင်းမရှိချေ။ ထို့ကြောင့် ဤအာယသ်တော်သည် အတိုင်းအတာနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြထားသော အာယသ်တော်ဖြစ်သည်။ ထို့နောက် မက္ကာဟ်မြို့၌ ထိုအတိုင်းအတာအား သတ်မှတ်ရန် မလိုအပ်သည့် အကြောင်းအရင်းမှာ ထိုမြို့ရှိ မွတ်စ္စလင်မ်များအနေနှင့် လယ်ယာခြံမြေများမှ ထွက်ရှိသည့်အရာများကို လွယ်ကူစွာ ရယူနိုင်မည်ဟု မှန်းဆထားခြင်း မရှိချေ။ ထို့ကြောင့် ထိုခေတ်အခါကရှိခဲ့သည့် အစဉ်အလာတစ်ရပ်မှာ ရှေးယခင် သူမွန်သူမြတ်များ ကျင့်သုံးခဲ့သည့် လမ်းစဉ်အတိုင်း ကျင့်သုံးခဲ့ကြသည်။ ၎င်းမှာ လယ်ရိပ်သိမ်းပြီး (သို့) အသီးခြွေသည့်အချိန်တွင် စုရုံးလာသော သူဆင်းရဲသားများကို အနည်းအကျဉ်း ပေးကမ်း လှူဒါန်းလိုက်လေ့ ရှိသည်။ ထိုသို့ ပေးကမ်းရာ၌ မည်သည့်အတိုင်းအတာမျှ မရှိချေ။ အစ္စလာမ်သာသနာအလျှင် အခြားအုမ္မသ်များတွင် လယ်မြေနှင့် အသီးအနှံများအပေါ် ထိုနည်းတူစွာ 'ဆွဒ်ကာဟ်'ပေးလေ့ပေးထရှိကြောင်းကို ကျမ်းတော်မြတ်၏ အာယသ်တော်ဖြစ်သည့်

إِنَّا بَلَوْنَاهُمْ كَمَا بَلَوْنَا أَصْحٰبَ الْجَنَّةِ

၌ တင်ပြထားပေသည်။ 'ဟီဂျ်ရသ်'ပြုပြီး နှစ်နှစ်နောက်ပိုင်းတွင် အခြားဥစ္စာပစ္စည်းများ၏ 'နေဆွာဗ်' နှင့် 'ဇကားသ်'၏ အတိုင်းအတာများကို 'ဝဟီ'တော်၏ အကြောင်းခံဖြင့် တမန်တော်မြတ် ﷺ အား

အကျယ်တဝင့် တင်ပြမိန့်တော်မူခဲ့သကဲ့သို့ မြေနှင့် စပ်လျဉ်းသည့် 'ဇကားသ်'အကြောင်းကိုလည်း တင်ပြမိန့်တော်မူခဲ့ပေသည်။ ယင်းအကြောင်းအရာများအားလုံးကို ဟဇရသ် မုအာဇ်အိဗ်နေ ဂျဗလ် ﷺ၊ အိဗ်နေ အုမရ် ﷺ၊ ဂျာဗိရ် အိဗ်နေ အဗ်ဒုလ္လာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်မှ ဟဒီးစ်ကျမ်းပေါင်းများစွာတွင် တင်ပြထားပေသည်။

مَاسَقَتِ السَّمَاءُ فَفِيْهِ الْعُشْرُ وَمَاسُقِي بِالسَّانِيَةِ فَنِصْفُ الْعُشْرِ

ဆိုလိုသည်မှာ ရေသွင်းစိုက်ပျိုးရသည့် လယ်မြေမျိုးမဟုတ်ဘဲ မိုးရည်ကိုသာ အားထားပြီး စိုက်ပျိုးရသည့် လယ်မြေမျိုးမှ ထွက်ရှိသည့် ကောက်ပဲသီးနှံအပေါ် ဆယ်ပုံတစ်ပုံ 'ဇကားသ်'ထုတ်ရန် 'ဝါဂျိဗ်' ဖြစ်ပြီး ရေသွင်းစိုက်ပျိုးရသည့် လယ်မြေမှ ထွက်ရှိသည့် ကောက်ပဲသီးနှံအပေါ် **နှစ်ဆယ်ပုံတစ်ပုံသာ** 'ဇကားသ်'ပေးရန် 'ဝါဂျိဗ်'ဖြစ်သည်။

'ဇကားသ်'ဥပဒေပြဋ္ဌာန်းရာ၌ အစ္စလာမ့်တရားတော်အနေနှင့် အမျိုးအစားတိုင်း၏ 'ဇကားသ်' တွင် ဤအချက်ကို အခြေခံဥပဒေတစ်ရပ်အနေနှင့် ကျင့်သုံးထားပေသည်။ ၎င်းမှာ ကြိုးပမ်းမှုနှင့် စရိတ်နည်းပြီး ထွက်ရှိလာသည့်အပေါ် 'ဇကားသ်' အတိုင်းအတာမှာ ပိုများလာပြီး ကြိုးပမ်းမှုနှင့် စရိတ်များများ ကုန်ကျ၍ ထွက်ရှိလာသည့်အပေါ် 'ဇကားသ်'၏ အတိုင်းအတာမှာလည်း လျော့နည်းသထက် လျော့နည်းသွားပေသည်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် တစ်ဦးတစ်ယောက်ကို ဘဏ္ဍာတိုက်တစ်ခု ရရှိခဲ့လျှင်သော်လည်းကောင်း၊ (သို့) ရွှေတွင်း၊ ငွေတွင်း စသည်တို့ ရရှိခဲ့လျှင်သော်လည်းကောင်း၊ ထိုသူ့အပေါ် ငါးပုံတစ်ပုံ 'ဇကားသ်'ပေးရန် တာဝန်ထိုက်သွားပေသည်။ ထိုသို့ ပေးရခြင်းသည် ကြိုးပမ်းမှုနှင့် ကုန်ကျစရိတ်နည်းပါးပြီး ရရှိမှုမှာ များပြားသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့နောက် မိုးရေကို အားထားပြီး စိုက်ပျိုးရသည့် လယ်ယာမြေ၌ ကြိုးပမ်းမှုနှင့် ကုန်ကျစရိတ် အနည်းအကျဉ်းရှိသည့်အတွက် ၎င်း၏ 'ဇကားသ်'ကို ငါးပုံတစ်ပုံ၏ ထက်ဝက်၊ ဆယ်ပုံတစ်ပုံ ပေးရမည်ဟု သတ်မှတ်လိုက်သည်။ ထို့နောက် ရေဝယ်၍ ရေသွင်းစိုက်ပျိုးရသော လယ်ယာမြေ၌ ကြိုးပမ်းမှုနှင့် ကုန်ကျစရိတ် များပြားသည့်အတွက် ထိုမြေအပေါ် 'ဇကားသ်'ပေးရန် ထပ်မံ ထက်ဝက်လျှော့ပြီး ပုံနှစ်ဆယ်ပုံတစ်ပုံ ပေးရန် သတ်မှတ်လိုက်သည်။ ထို့နောက် အများအသုံးပြုသည့် ရွှေ၊ ငွေနှင့် အရောင်းအဝယ်ပစ္စည်းများ၊ ယင်းအရာများကို ရယူရန်နှင့် တိုးပွားစေရန်အတွက် များစွာ ကြိုးစားရပြီး ကုန်ကျစရိတ်လည်း များပြားသည်။ ထို့ကြောင့် ယင်းအရာများအပေါ် 'ဇကားသ်'ပေးရန် ထပ်မံ ထက်ဝက်လျှော့ပြီး အပုံလေးဆယ်လျှင် တစ်ပုံ ပေးရမည်ဟု သတ်မှတ်လိုက်သည်။

ဖော်ပြပါကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ဟဒီးစ်တော်များတွင် လယ်မြေမှ ထွက်ရှိသည့် အရာများအတွက် 'နေဆွာဗ်'တစ်ခုကိုမျှ သတ်မှတ်မိန့်တော်မူထားခြင်း မရှိချေ။ ထို့ကြောင့် အေမာမ်အဗူဟနီဖှာနှင့် အေမာမ်အဟ်မဒ် အိဗ်နေ ဟန်ဗလ် (ရဟ) တို့ထံတွင် လယ်မြေမှ ထွက်ရှိသည့်အရာများသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ထိုအတွက် 'ဇကားသ်'ထုတ်ရန် အရေးကြီးသည်။ ကျမ်းတော်မြတ်ရှိ 'စူရဟ်ဗကရာဟ်'၏ အာယသ်တော်တစ်ခုတွင် မြေကြီးအတွက် 'ဇကားသ်'ထုတ်ရန် တင်ပြထားသော်ငြားလည်း 'နေဆွာဗ်'အတိုင်းအတာတစ်ခုကို တင်ပြထားခြင်း မရှိပေ။ မိန့်တော်မူထားသည်မှာ-

اَنۡفِقُوۡا مِنۡ طَيِّبٰتِ مَا كَسَبۡتُمۡ وَمِمَّاۤ اَخۡرَجۡنَا لَكُمۡ مِّنَ الۡاَرۡضِ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'မိမိတို့ 'ဟလာလ်'နည်းနှင့် ရှာဖွေရရှိထားသော အရာများမှ သုံးစွဲကြကုန်။ ၎င်းနောက် ငါအသျှင်မြတ်သည် အသင်တို့အတွက် မြေကြီးထဲမှ ထုတ်ပေးထားသော အရာများမှလည်း သုံးစွဲကြကုန်။' ရောင်းဝယ်ဖောက်ကားသည့် ပစ္စည်းများနှင့် ခြေလေးချောင်းသတ္တဝါများအတွက် တမန်တော်မြတ် ﷺ သည် 'နေဆွာဗ်'အတိုင်းအတာများကို တင်ပြမိန့်တော်မူထားသည်။ ၎င်းမှာ ငွေထည် ငါးဆယ့်နှစ်တိုလာခွဲထက် နည်းလျှင် 'ဇကားသ်'ပေးရန် တာဝန်မရှိပေ။ ဆိတ်အကောင် လေးဆယ်၊ ကုလားအုတ်ငါးကောင်ထက် နည်းလျှင် 'ဇကားသ်'ပေးရန် မထိုက်ပေ။ သို့သော် မြေပေါ်မှ ထွက်ရှိသည့် အရာများနှင့် ပတ်သက်ပြီး ဖော်ပြပါဟာဒီးစ်တော်၌လည်း မည်သည့် 'နေဆွာဗ်'အတိုင်းအတာကိုမျှ တင်ပြထားခြင်းမရှိချေ။ ထို့ကြောင့် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ မြေပေါ်မှ ထွက်ရှိသည့်အရာများအပေါ် ဆယ်ပုံတစ်ပုံ၊ အပုံနှစ်ဆယ်ပုံ တစ်ပုံ 'ဇကားသ်'ထုတ်ရန် 'ဝါဂျိဗ်'ဖြစ်သည်။ အာယသ်တော်၏ နောက်ဆုံး အပိုဒ်၌ မိန့်တော်မူထားသည်မှာ-

وَلَا تُسۡرِفُوۡا ؕ اِنَّهٗ لَا يُحِبُّ الۡمُسۡرِفِيۡنَ

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ အတိုင်းအတာထက် ပိုသုံးစွဲခြင်း မပြုကြလေနှင့်။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အပိုသုံးစွဲသူများကို နှစ်သက်တော်မမူချေ။ ယခု ဤနေရာ၌ မေးမြန်းနိုင်ဖွယ် အချက်တစ်ချက်ရှိသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် အလ္လာဟ့်လမ်းတွင် မိမိ၏ ဥစ္စာပစ္စည်းအားလုံးသာမက အသက်ပင် သုံးစွဲခဲ့မည်ဆိုလျှင် အပိုသုံးစွဲခြင်းဟု ခေါ်ဆိုနိုင်သည့်အပြင် ဝတ္တရားကျေပွန်သည်ဟုလည်း ပြောဆိုရန် ခက်ခဲလှ၏။ တစ်ဖန် ဤနေရာ၌ အပိုသုံးစွဲခြင်းကို တားမြစ်ရခြင်း၏ အလိုသဘောမှာ အဘယ်နည်း။ ၎င်း၏ အဖြေမှာ သီးသန့်အခန်းကဏ္ဍတစ်ခု၌ အပိုသုံးစွဲခြင်းကြောင့် ရလဒ်မှာ အခြားအခန်းကဏ္ဍတွင် သုံးစွဲရာ၌ အားနည်းသွားလေ့ရှိပေသည်။ အကြင်သူသည် မိမိ၏ စိတ်အလိုလိုက်ပြီး အတိုင်းအတာထက် ပို၍ သုံးစွဲမည်ဆိုလျှင် များသောအားဖြင့် အခြားဝတ္တရားများ ကျေပွန်ရာ၌ အားနည်းသွားလေ့ရှိပေသည်။ ဤနေရာ၌ ထိုအားနည်းချက်ကိုပင် တားမြစ်ထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်သည် တစ်ဖက်တွင် မိမိ၏ ဥစ္စာပစ္စည်းအားလုံးကို အလ္လာဟ့်လမ်းတွင် သုံးစွဲလိုက်ပြီး လက်မဲ့ပြုလုပ်လိုက်မည်ဆိုလျှင် မိမိ၏ ဇနီး၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများကို မဆိုထားနှင့်၊ မိမိဝတ္တရားကိုပင် မည်သို့ ကျေပွန်အောင် ဆောင်ရွက်နိုင်မည်နည်း။ ထို့ကြောင့် လမ်းညွှန်ချက်ပြုထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရာတွင်လည်း မျှမျှတတဖြစ်ရမည်။ သို့မှသာ အားလုံး၏ ဝတ္တရားကိုလည်း ကျေပွန်နိုင်မည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

ثَمٰنِيَةَ أَزْوٰجٍ ۖ مِّنَ الضَّأْنِ اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ ۗ
قُلْ ءٰٓالذَّكَرَيْنِ حَرَّمَ أَمِ الْأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ
أَرْحَامُ الْأُنثَيَيْنِ ۖ نَبِّـُٔونِى بِعِلْمٍ إِن كُنتُمْ صٰدِقِينَ ﴿١٤٣﴾

၆ : ၁၄၃ ။ ။ (အသင်တို့သည် မိမိတို့၏ စိတ်ထင်ရာအတိုင်း စားသုံးပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ စားသုံးပိုင်ခွင့် မရှိဟူ၍လည်းကောင်း ထင်မြင်ယူဆ ပြောဆိုလျက် ရှိကြသော တိရစ္ဆာန်များအနက် ထိုအသျှင်မြတ်သည် အထီးအမဟူ၍) ရှစ်ကောင် (ကို ဖန်ဆင်းတော်မူခဲ့လေသည်။) သိုးများတွင် အထီးအမနှစ်ကောင်၊ ထိုနည်းတူစွာ ဆိတ်များတွင် အထီးအမ နှစ်ကောင် (ကို ဖန်ဆင်းတော်မူလေသည်။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ 'ထိုအသျှင်မြတ်သည် အထီးနှစ်ကောင်ကိုလည်းကောင်း၊ သို့မဟုတ် အမနှစ်ကောင်ကိုလည်းကောင်း၊ သို့မဟုတ် အမနှစ်ကောင် ၏ သားအိမ်များတွင် လွယ်ထားသော ကလေးများကိုလည်းကောင်း 'ဟရာမ်' ဟူ၍ တားမြစ်တော်မူပါသလော။) အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများ ဖြစ်ကြပါလျှင် ငါ့အား သက်သေအထောက်အထားနှင့်တကွ (တိကျမှန်ကန်စွာ) ပြောပြကြလေကုန်။

وَمِنَ الْإِبِلِ اثْنَيْنِ وَمِنَ الْبَقَرِ اثْنَيْنِ ۗ قُلْ ءٰٓالذَّكَرَيْنِ
حَرَّمَ أَمِ الْأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ أَرْحَامُ الْأُنثَيَيْنِ ۖ
أَمْ كُنتُمْ شُهَدَآءَ إِذْ وَصّٰىكُمُ اللَّهُ بِهٰذَا ۚ فَمَنْ أَظْلَمُ مِمَّنِ
افْتَرٰى عَلَى اللَّهِ كَذِبًا لِّيُضِلَّ النَّاسَ بِغَيْرِ عِلْمٍ ۗ إِنَّ اللَّهَ لَا
يَهْدِى الْقَوْمَ الظّٰلِمِينَ ﴿١٤٤﴾

၆ : ၁၄၄ ။ ။ ထိုနည်းတူစွာ (ထိုအသျှင်မြတ်သည်) ကုလားအုတ်များအနက်မှ အထီးနှင့် အမနှစ်ကောင်၊ ထို့အတူ နွားများအနက်မှ အထီးနှင့် အမနှစ်ကောင်ကို (ဖန်ဆင်းတော်မူလေသည်။ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆို မေးမြန်းပါလေ။ (အို၊ အချင်းတို့) ထိုအသျှင်မြတ်သည် အထီးနှစ်ကောင်ကိုလည်းကောင်း၊ သို့မဟုတ် အမ နှစ်ကောင်ကိုလည်းကောင်း၊ သို့မဟုတ် အမနှစ်ကောင်၏ သားအိမ်များတွင် လွယ်ထားသော ကလေးများကိုလည်းကောင်း 'ဟရာမ်' ဟူ၍ တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က အသင်တို့အား အမိန့်တော် ကို ချမှတ်ပေးတော်မူစဉ်အခါ၌ (သက်သေများအဖြစ်) ရှေ့တော်မှောက်တွင် ရှိခဲ့ကြပါသလော။ သို့ဖြစ်ပေရာ အသိပညာ (သက်သေသာဓက) မရှိဘဲလျက် လူခပ်သိမ်းတို့အား လမ်းမှားစေရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်အပေါ်၌ မုသားကို လီဆယ် ပြောဆိုသူထက် မတရားသောသူသည် မည်သူဖြစ်နိုင်ပါသနည်း။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (ယင်းကဲ့သို့) မတရားသောသူတို့အား လမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် 'ဟလာလ်'နှင့် 'ဟရာမ်'ပြုလုပ်ထားသော ခြေလေးချောင်းသတ္တဝါများတွင် အထီးနှင့် အမရှစ်ကောင် မွေးမြူဖန်ဆင်းထားသည်။ (ဆိုလိုသည်မှာ သိုးတွင် အထီးနှင့် အမနှစ်မျိုး၊ ဆိတ်တွင် အထီးနှင့် အမနှစ်မျိုးဟူ၍ဖြစ်သည်။) အသင်နဗီ ၎င်းတို့အား ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုသားကောင်နှစ်မျိုးစလုံး၏ အထီးများကိုသာ 'ဟရာမ်'ပြုလုပ်ထားသည်များ ရှိသလော။ (သို့) အမများကိုသာ 'ဟရာမ်'ပြုလုပ်ထားသည်များ ရှိသလော။ ရှိလျှင် ပြသကြကုန်။ (သို့) ထိုအမများ၏ ဝမ်းတွင်း လွယ်ထားသော ကလေးငယ်များကို 'ဟရာမ်'ပြုထားသည်များ ရှိသလော။ ဆိုလိုသည်မှာ ထိုသားကောင်ကလေးငယ်များသည် အထီးဖြစ်စေ၊ အမဖြစ်စေ၊ အသင်တို့သည် ပုံစံအသီးသီးဖြင့် 'ဟရာမ်' ဖြစ်သည်ဟု ကြွေးကြော်နေရခြင်းမှာ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟု မိန့်တော်မူခဲ့၏လော။ အကယ်၍ အသင်တို့၏ ကြွေးကြော်ချက်မှာ မှန်ကန်သည်ဆိုလျှင် ကျွန်ုပ်အား အထောက်အထား တင်ပြရမည်။ ဤသည် အရပ်နိမ့်သည့် သားကောင်များနှင့် ပတ်သက်ပြီး တင်ပြထားခြင်း ဖြစ်ပေသည်။ ရှေ့ဆက်ပြီး အရပ်မြင့်သည့် သားကောင်များနှင့် ပတ်သက်၍ တင်ပြပေမည်။ သိုးနှင့် ဆိတ်တို့တွင် အထီးနှင့် အမများ ဖန်ဆင်းထားသကဲ့သို့ ကုလားအုတ်တွင်လည်း အထီးနှင့် အမနှစ်မျိုး၊ နွားနှင့် ကျွဲတွင်လည်း အထီးနှင့် အမနှစ်မျိုး ဖန်ဆင်းထားပေသည်။ အသင်နဗီအနေနှင့် ယင်းသားကောင်းများနှင့် ပတ်သက်ပြီး မေးမြန်းကြည့်ပါလေ။

အကြောင်းမူကား အလ္လာဟ်အသျှင်မြတ်သည် အဆိုပါသားကောင်များ၏ အထီးများကိုသာ (သို့) အမများကိုသာ 'ဟရာမ်'ပြုလုပ်ထားပါ၏လော။ (သို့) ယင်းအမများ၏ ဝမ်းတွင်း လွယ်ထားသည့် သားကောင်ငယ်လေးများကို 'ဟရာမ်'ပြုထားပါ၏လော။ ထိုသားကောင်ငယ်လေးများသည် အထီးဖြစ်စေ၊ အမဖြစ်စေ အလိုသဘောမှာ အဆိုပါအတိုင်းပင် ဖြစ်သည်။ ၎င်းတို့မှာ အသင်တို့သည် ပုံစံအသီးသီးဖြင့် 'ဟရာမ်'ဖြစ်သည်ဟု ကြွေးကြော်နေခြင်းသည် အလ္လာဟ်အသျှင်မြတ်မှ 'ဟရာမ်'ပြုထားခြင်းကြောင့်လော။ ယင်းကြွေးကြော်မှုအပေါ် အထောက်အထား တင်ပြသင့်ပေသည်။ ယင်းနှင့်စပ်လျဉ်း၍ နည်းလမ်းနှစ်သွယ် သာလျှင် ရှိသည်။ တစ်ခုမှာ နဗီတစ်ပါး (သို့) ဖရစ်ရှိသာဟ်၏ အကြောင်းခံနှင့် ဖြစ်ရမည်။ ထိုသို့ဆိုလျှင် လည်း အသင်တို့သည် 'နဗူဝသ်'နှင့် 'ဝဟီ'အား ငြင်းဆန်ကြသူများဖြစ်ကြရာ ယင်းအချက်ကို အသင်တို့ လက်ခံနိုင်မည်မဟုတ်ပေ။ ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်က အသင်တို့ကို တိုက်ရိုက် အမိန့်များ ချမှတ်ပေးပြီး ကြွေးကြော်ရန်အတွက် သတ်မှတ်လိုက်ခြင်း ဖြစ်မည်။ ထိုသို့ဆိုလျှင် အလ္လာဟ် အသျှင်မြတ်သည် အသင်တို့ကို ထို 'ဟရာမ်'ဖြစ်ခြင်း၊ 'ဟလာလ်'ဖြစ်ခြင်းအမိန့်များကို ချမှတ်ပေးချိန်၌ ထိုနေရာတွင် အသင်တို့ ရှိနေကြ၏လော။ ထို့ကြောင့် ထိုသို့ ကြွေးကြော်နိုင်ခြင်း မရှိကြောင်းမှာ ပေါ်လွင် နေပေသည်။ သို့ရှိရာ ၎င်းတို့ထံတွင် မည်သည့်အထောက်အထားမျှ မရှိကြောင်းမှာ သေချာနေပေသည်။ ၎င်းတို့ထံ မည်သည့်အထောက်အထားမှ မရှိကြောင်း ခိုင်လုံသွားသည့်အတွက် မုချ ပြောဆိုနိုင်သည်မှာ ထိုသူများထက် ပိုပြီး လိမ်ညာသူ၊ မတရားပြုသူ မည်သူရှိနိုင်မည်နည်း။ အကြင်သူများသည် အလ္လာဟ် အသျှင်မြတ်နှင့် ပတ်သက်ပြီး အထောက်အထားမဲ့စွာ မဟုတ်မမှန် ပြောဆိုနေခြင်းမှာ လူသားများကို လမ်းမှားသို့ ရောက်စေရန်သာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အလွန်မတရားသည့်သူများသာ

ဖြစ်ကြပေသည်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် မတရားသောသူများကို နောင်တမလွန်ဘဝတွင် 'ဂျန္နသ်'၏ လမ်းကို ပြသတော်မူမည် မဟုတ်ပေ။ သို့သာမက 'ဂျဟန္နမ်'တွင်း ပို့ဆောင်တော်မူမည်သာ ဖြစ်သည်။ သို့ရှိရာ ၎င်းသူများသည် ဖော်ပြပါ ပြစ်မှု၏ အပြစ်ဒဏ်များ ခံစားရန်အတွက် 'ဂျဟန္နမ်'အတွင်း သို့ ဝင်ရောက်ရမည် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ لَّآ أَجِدُ فِىْ مَآ أُوْحِىَ إِلَىَّ
مُحَرَّمًا عَلٰى طَاعِمٍ يَّطْعَمُهٗٓ إِلَّآ أَنْ يَّكُوْنَ مَيْتَةً أَوْ
دَمًا مَّسْفُوْحًا أَوْ لَحْمَ خِنْزِيْرٍ فَإِنَّهٗ رِجْسٌ أَوْ فِسْقًا
أُهِلَّ لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَإِنَّ
رَبَّكَ غَفُوْرٌ رَّحِيْمٌ ﴿١٤٥﴾

၆ : ၁၄၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ယင်းသူတို့အား ဤသို့) ပြောကြားပါလေ။ ငါသည် မိမိထံသို့ (အသျှင်မြတ်ထံမှ) ကျရောက်လာသော 'ဝဟီ'အမိန့်တော်များတွင် (အဆိုပါ အငြင်းပွားလျက်ရှိသော တိရစ္ဆာန်များအနက်) မည်သည့်အရာကိုမျှ စားသုံးသူအပေါ်၌ စားသုံးခြင်းမပြုရန် 'ဟရာမ်'ဟူ၍ တားမြစ်ထားသည်ကို မတွေ့ရှိရပေ။ သို့ရာတွင် အသေကောင် သို့မဟုတ် စီးတွေလျက်ရှိသော သွေး၊ သို့မဟုတ် ဝက်တိရစ္ဆာန်၏ အသားဖြစ်ခဲ့လျှင် ယင်းအရာများသည် လုံးဝ မစင်ကြယ် မသန့်ရှင်း အညစ်အကြေးသာဖြစ်ခြင်းကြောင့် ('ဟရာမ်'ဟူ၍ တားမြစ်ထားခြင်း) ဖြစ်သည်။ ထို့ပြင် တရားတော်၏ စည်းကမ်းဥပဒေကို ချိုးဖောက်ကာ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြား (အရာ) ကို ရည်စူး၍ သတ်မှတ်ထားသော (သားကောင်၊ သို့မဟုတ် စားသောက်ဖွယ်ရာများသည် 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူလေသည်။) သို့သော်လည်း အကြင်သူသည် အရသာခံစားလိုခြင်း၊ တရားတော်၏ စည်းကမ်းကို ချိုးဖောက်လိုခြင်းမဟုတ်ဘဲ (ဆာလောင်မွတ်သိပ်မှုကြောင့်) မလွဲမရှောင်သာဖြစ် (၍ ဖော်ပြပါများအနက် တစ်စုံတစ်ရာကို အသက်မသေရုံမျှ စားသုံး) ခဲ့လျှင်မူ (အကြောင်းမဟုတ်ပေ။) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ဧကန်အမှန် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَعَلَى الَّذِيْنَ هَادُوْا حَرَّمْنَا كُلَّ
ذِىْ ظُفُرٍ ۚ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُوْمَهُمَآ

إِلَّا مَا حَمَلَتْ ظُهُورُهُمَآ أَوِ ٱلْحَوَايَآ أَوْ مَا ٱخْتَلَطَ
بِعَظْمٍ ۚ ذَٰلِكَ جَزَيْنَٰهُم بِبَغْيِهِمْ ۖ وَإِنَّا لَصَٰدِقُونَ ﴿١٤٦﴾

၆ : ၁၄၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ယဟူဒီဖြစ်ကြသော သူတို့အပေါ်၌ ခြေသည်း၊ လက်သည်းရှိသော တိရစ္ဆာန် အားလုံးကို 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့သည်။ ထို့ပြင် နွားများနှင့် ဆိတ်များ၏ အဆီများအနက် ကျောကုန်း၌ ကပ်လျက်ရှိသော သို့မဟုတ် အူများ၌ ကပ်လျက်ရှိသော သို့မဟုတ် အရိုးနှင့် ရောကပ်နေသော အဆီများမှအပ ထိုနွားနှင့် ဆိတ်တို့၏ အခြား (နေရာ) ထဲမှ အဆီများကိုမူ 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့သည်။ ဤ (သို့ တားမြစ်ရခြင်း) သည် ငါအသျှင်မြတ် ၎င်းတို့အား ၎င်းတို့၏ ဆိုးသွမ်းမှုမိုက်မဲမှုကြောင့် ပြစ်ဒဏ်ပေးတော်မူခြင်းပင် ဖြစ်ချေသည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် တိကျမှန်ကန်စွာ ပြောဆို မိန့်ကြားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

فَإِن كَذَّبُوكَ فَقُل رَّبُّكُمْ ذُو رَحْمَةٍ وَٰسِعَةٍ وَلَا يُرَدُّ
بَأْسُهُۥ عَنِ ٱلْقَوْمِ ٱلْمُجْرِمِينَ ﴿١٤٧﴾

၆ : ၁၄၇ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန် မုသားပြောဆိုသည်ဟူ၍ စွပ်စွဲကြသည်ရှိသော် အသင်သည် (၎င်းတို့အား) 'အသင်တို့၏ အသျှင်မြတ်သည် အလွန်တရာ ကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ သို့ရာတွင် ထိုအသျှင်မြတ်၏ ပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ဆုတ်ခွာ၍ (ရှေ့လျား) သွားလိမ့်မည် မဟုတ်ပေ'ဟူ၍ ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင် ပြောကြားလော့။ အကြင်သတ္တဝါများနှင့် ပတ်သက်၍ မိန့်ဆိုရာတွင် ယင်းတို့နှင့် စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များသည် 'ဝဟီ'တော်၏ အကြောင်းခံဖြင့် ငါကိုယ်တော်ထံသို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။ ထိုသို့ ရောက်ရှိလာခြင်း၌ ငါကိုယ်တော်အနေနှင့် 'ဟရာမ်'ဖြစ်သည့်အရာ တစ်စုံတစ်ရာမျှ မတွေ့ရပေ။ စားလိုသူများအတွက် ထိုအရာများကို အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ စားသုံးနိုင်၏။ သို့သော် အသေကောင်များသည် မုချ 'ဟရာမ်'ဖြစ်သည်ဟု ကျွန်ုပ်သိရှိရပါသည်။ ဆိုလိုသည်မှာ တရားတော်မှ သတ်မှတ်ထားသည့်အတိုင်း လည်မလှီးဘဲ သေဆုံးသွားသော သားကောင်များကို ဆိုခြင်းဖြစ်သည်။ (သို့) စီးတွေသော သွေးဖြစ်စေ၊ ဝက်သားဖြစ်စေ၊ အဘယ်ကြောင့်ဆိုသော် ဝက်သည် လုံးဝ မသန့်သည့် သတ္တဝါဖြစ်သည်။ ထို့ကြောင့် ယင်းသားကောင်၏ အစိတ်အပိုင်းဟူသမျှသည် မသန့်ဖြစ်ပြီး 'ဟရာမ်' ဖြစ်၏။ ထိုမသန့်မျိုးကို 'နဂျေဆွလ်အိုင်းန်'ဟု ခေါ်ဆိုပေသည်။ (သို့) တုပနိူင်းယှဉ်ခြင်းကို အကြောင်းခံထားသည့် သတ္တဝါဖြစ်မည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှုရလိုသည်ဟူသော ရည်ရွယ်ချက်ဖြင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာတစ်ခု၏ အမည်တပ်လိုက်ခြင်း စသည့် အရာများအားလုံး 'ဟရာမ်' ဖြစ်သည်။ သို့သော်ငြားလည်း ယင်းသတ္တဝါများနှင့် ပတ်သက်ပြီး ဤမျှ လွယ်ကူမှုတစ်ခုကို ချွင်းချက်

အဖြစ် ခွင့်ပြုထားပြန်သည်။ ၄င်းမှာ အလွန်အမင်း ဆာလောင်မွတ်သိပ်နေသူတစ်ဦးအနေနှင့် မခံမရပ်နိုင်သည့် အခြေအနေမျိုး၌ အရသာခံလိုသည့်စိတ်ဖြင့် မဟုတ်သကဲ့သို့ လိုသည်ထက် ပို၍ စားသုံးသူမဟုတ်ဟု ဆိုပါက ၄င်းသူအတွက် ထို 'ဟရာမ်' အရာများကို စားသုံးရာ၌ မည်သို့မျှ အပြစ်ထိုက်မည်မဟုတ်ပေ။ မုချကေန် အသင်၏ အသျှင်သခင်သည် ထိုသူအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အကြောင်းမူကား ထိုသို့ အခက်အခဲနှင့် ရင်ဆိုင်ရသည့် အချိန်အခါမျိုးတွင် 'ဂိုနာဟ်' ဖြစ်သည့် အရာပေါ်မှ 'ဂိုနာဟ်' ကို ပပျောက်စေပြီး ကရုဏာသက်တော်မူ၏။ ၄င်းနောက် ယဟူဒီများအပေါ် ငါအသျှင်မြတ်သည် လက်သည်းရှိသော သတ္တဝါများအား 'ဟရာမ်' ပြုလုပ်ထားတော်မူ၏။ ထို့နောက် နွားနှင့် ဆိတ်၏ အစိတ်အပိုင်းများထဲမှ အဆီများကို ၄င်းတို့အတွက် 'ဟရာမ်' ပြုလုပ်ထားတော်မူ၏။ သို့သော် အဆီများဟု ဆိုရာ၌ ထိုသတ္တဝါများ၏ ကျောကုန်းနှင့် အူများ၌ရှိသော အဆီများ၊ အရိုးနှင့် တွယ်ကပ်လျက်ရှိသော အဆီများ မပါဝင်ပေ။ ကျန်ရှိအဆီများအားလုံး 'ဟရာမ်' ဖြစ်သည်။

သို့သော် ထိုအရာများကို ပင်ကိုယ်၌ 'ဟရာမ်' ပြုရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ ၄င်းတို့၏ ဆိုးသွမ်းမှုများကြောင့် ငါအသျှင်မြတ် ပြစ်ဒဏ်ပေးထားခြင်းပင် ဖြစ်သည်။ ထို့နောက် ငါအသျှင်မြတ်သည် မှန်ကန်တော်မူ၏။ ဖော်ပြပါအရာများကို လေ့လာသုံးသပ်ပြီးသည့်နောက်ပိုင်းမှာလည်း ဤမုရှ်ရစ်ကဲများသည် အသင်ကိုယ်တော်ကို လူလိမ်ဟု ပြောဆိုကြသည်။ ယင်းသို့ ပြောဆိုရခြင်းမှာ ၄င်းတို့၏ လုပ်ရပ်အပေါ် 'အဖားဗ်' ကျရောက်ခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ သို့ရှိရာ အသင် ၄င်းတို့အား ဖြေကြားပါလေ။ အသင်တို့၏ အသျှင်မြတ်သည် မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ အချို့ဆင်ခြင်တုံတရားများကြောင့် လျင်မြန်စွာ ဒဏ်ခတ်တော်မူခြင်း မရှိချေ။ ထိုသို့ လျင်မြန်စွာ ဒဏ်ခတ်ခြင်းမရှိသည့်အတွက် အမြဲတမ်း ဤအတိုင်းပင် လွတ်မြောက်နေမည်ဟု မထင်မှတ်လေနှင့်။ သတ်မှတ်ထားသည့်အချိန် ရောက်လာမည်ဆိုလျှင် အပြစ်ရှိသူများအပေါ် ကျရောက်မည့် ပြစ်ဒဏ်သည် မည်သို့မျှ ဖယ်ရှားသွားမည်မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

سَيَقُولُ الَّذِينَ أَشْرَكُوا
لَوْ شَاءَ اللَّهُ مَا أَشْرَكْنَا وَلَا آبَاؤُنَا وَلَا حَرَّمْنَا مِن شَيْءٍ
كَذَٰلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِمْ حَتَّىٰ ذَاقُوا بَأْسَنَا
قُلْ هَلْ عِندَكُم مِّنْ عِلْمٍ فَتُخْرِجُوهُ لَنَا إِن تَتَّبِعُونَ
إِلَّا الظَّنَّ وَإِنْ أَنتُمْ إِلَّا تَخْرُصُونَ ﴿١٤٨﴾

၆ : ၁၄၈ ။ ။ အခြားအရာများကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြသော သူတို့သည် မကြာမြင့်မီ ပြောဆိုကြမည်မှာ 'အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့၏

ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည်လည်းကောင်း တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်၍ ကိုးကွယ်ကြမည်လည်း မဟုတ်ပါ။ တစ်စုံတစ်ရာကို 'ဟရာမ်'ဟူ၍ တားမြစ်ကြမည်လည်း မဟုတ်ပါ' (ဟူ၍ ပြောဆိုကြပေမည်။ ယင်းကဲ့သို့ ငြင်းပယ်ခြင်းသည် အထူးအဆန်းမဟုတ်ပေ။ အကြောင်းမှာ) ၎င်းတို့အလျှင် ရှိခဲ့ဖူးကြသော သူတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်များအား ဤနည်းအတိုင်းပင် မဟုတ်မမှန် ပြောဆိုသူများဟူ၍ စွပ်စွဲခဲ့ကြလေသည်။ နောက်ဆုံးတွင် ယင်းသူတို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရလေသည်။ (အို, နဗီတမန်တော်) အသင်သည် (ထိုသူတို့အား အို, အချင်းတို့) 'အသင်တို့ထံ တစ်စုံတစ်ရာ သက်သေသာဓက ရှိပါသလော။ ရှိခဲ့ပါလျှင် ငါတို့၏ရှေ့၌ ထုတ်ဖော်တင်ပြကြလေကုန်။ အသင်တို့သည် (သက်သေသာဓက အလျှဉ်းမရှိဘဲ မိမိတို့၏) ထင်မြင်ယူဆချက်ကိုသာ လိုက်နာကျင့်သုံးကြပေသည်။ ထို့ပြင် အသင်တို့သည် ရမ်းဆပြောဆိုသူများသာ ဖြစ်ကြပေသည်'ဟူ၍ ပြောကြားပါလေ။

قُلْ فَلِلّٰهِ الْحُجَّةُ الْبَالِغَةُ ۚ فَلَوْ شَآءَ لَهَدٰىكُمْ اَجْمَعِيْنَ ﴿١٥٠﴾

၆ း ၁၅၀ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ 'စင်စစ် (တိကျ) ပြည့်ဝစုံလင်သော သက်သေအထောက်အထားသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာလျှင် ရှိပေသည်။ သို့ရာတွင် အကယ်၍သာ ထိုအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့အားလုံးကို လမ်းမှန်ပေါ်သို့ ကေန်မုချ ရောက်စေတော်မူခဲ့ပြီး ဖြစ်ပေလိမ့်မည်။'

قُلْ هَلُمَّ شُهَدَآءَكُمُ
الَّذِيْنَ يَشْهَدُوْنَ اَنَّ اللّٰهَ حَرَّمَ هٰذَا ۚ فَاِنْ شَهِدُوْا
فَلَا تَشْهَدْ مَعَهُمْ ۚ وَلَا تَتَّبِعْ اَهْوَآءَ الَّذِيْنَ كَذَّبُوْا
بِاٰيٰتِنَا وَالَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ وَهُمْ بِرَبِّهِمْ
يَعْدِلُوْنَ ﴿١٥١﴾

၆ း ၁၅၁ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်က ဤအရာ (များ) ကို 'ဟရာမ်'ဟူ၍ တားမြစ်တော်မူသည်ဟု သက်သေခံကြမည့် အသင်တို့၏ သက်သေများကို ခေါ်ယူခဲ့ကြလေကုန်။ အကယ်၍ ၎င်း (သက်သေ) တို့သည် (မုသား) သက်သေခံကြသည့်တိုင်အောင် အသင်သည် ၎င်းတို့နှင့်အတူ သက်သေမခံပါလေနှင့်။ ၎င်းအပြင် အသင်သည် အကြင်သူများ၏ အလိုဆန္ဒများကို မလိုက်ပါလေနှင့်။ ထိုသူများသည် ငါအသျှင်မြတ်၏ အမိန့်တော်များကို မဟုတ်မမှန်ဟု ပြောဆိုကြသည်။ ၎င်းပြင် နောင်တမလွန်ဘဝကို မယုံကြည်ကြသည့်အပြင် (အခြားအရာများကိုလည်း) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တန်းတူထား၍ ကိုးကွယ်ကြသူတို့ (၏ အလိုဆန္ဒများကို) လည်း မလိုက်ပါလေနှင့်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤမုရှိရစ်ကျ်များက ပြောဆိုကြသည်မှာ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့ တုပနိုင်းယှဉ်ခြင်းနှင့် 'ဟရာမ်'ပြုလုပ်ခြင်းများ မလုပ်ရန် သဘောတူနှစ်သက်မည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် တုပနိုင်းယှဉ်ခြင်းနှင့် 'ဟရာမ်'ပြုလုပ်ခြင်းများ မပြုလုပ်ခြင်းကို နှစ်သက်တော်မူ၏။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် တုပနိုင်းယှဉ်ခြင်းနှင့် 'ဟရာမ်'ပြုလုပ်ခြင်းကို မနှစ်သက်ချေဟုဆိုလျှင် ကျွန်ုပ်တို့ တုပနိုင်းယှဉ်ခြင်း မပြုလုပ်သကဲ့သို့ ကျွန်ုပ်တို့၏ ဖခင်များနှင့် ဘိုးဘေးများလည်း ပြုလုပ်မည် မဟုတ်ပေ။ ၎င်းနောက် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ သူမွန်သူမြတ်များလည်း မည်သည့်အရာကိုမျှ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း 'ဟရာမ်'ပြုလုပ်လိမ့်မည် မဟုတ်ပေ။ ယင်းအချက်ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ရှရစ်ကျ်လုပ်ခြင်းနှင့် 'ဟရာမ်'ပြုလုပ်ခြင်းများအပေါ် စိတ်မဆိုးကြောင်းကို သိရှိရပေသည်။ ယင်းသို့ ပြောဆိုခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်မှ ပြန်လည်အဖြေပေး မိန့်ကြားသည်မှာ အဆိုပါအထောက်အထားများသည် မမှန်ကန်သည့် အထောက်အထားများဖြစ်သည်။ ယင်းသို့ ပြောဆိုခြင်းကြောင့် တမန်တော်မြတ် ﷺ အပေါ် လိမ်ညာပြောဆိုရာရောက်၏။ သို့ရှိရာ ထိုသူများသည် တမန်တော်မြတ် ﷺ အား လိမ်ညာပြောဆိုသူများ ဖြစ်ကြ၏။ ၎င်းကို ယခုပြုလုပ်ပြောဆိုကြသကဲ့သို့ ရှေးယခင် ကာဖိရ်များလည်း ပြုလုပ်ပြောဆိုခဲ့ကြပြီး ဖြစ်သည်။ ၎င်းကာဖိရ်များလည်း နဗီများကို လိမ်ညာပြောဆိုခဲ့ကြသူများ ဖြစ်ကြသည်။ ထိုသို့ ပြောဆိုနေရင်းနှင့်ပင် ငါအသျှင်မြတ်၏ ပြစ်ဒဏ်များကို မြည်းစမ်းခဲ့ရပြီးဖြစ်သည်။ ရှေးခေတ် ကာဖိရ်များအပေါ် များသောအားဖြင့် လောက၌ပင် ပြစ်ဒဏ်များ ကျရောက်ခဲ့ပြီးဖြစ်သည်။ (သို့) ကွယ်လွန်သေဆုံးပြီးနောက် ပြစ်ဒဏ်ခံစားရမည်မှာ ပေါ်လွင်ထင်ရှားပေသည်။

ယင်းအချက်မှ ညွှန်ပြနေသည်မှာ ထိုသူများ၏ ငြင်းဆန်ခြင်းအား တုန့်ပြန်ရန်အတွက် နှုတ်နှင့် အဖြေပေးရန် မလုံလောက်သည့်အပြင် ရှေးယခင် ကာဖိရ်များကဲ့သို့ လက်တွေ့ပြစ်ဒဏ်ပေးရမည် ဖြစ်သည်။ ယင်းပြစ်ဒဏ်သည် လောက၌ဖြစ်စေ၊ တမလွန် ၌ဖြစ်စေ ရှေ့ဆက်ပြီး အခြားပုံစံနှင့် ၎င်းတို့အား အဖြေပေးရန် မိန့်တော်မူသည်မှာ အသင်ကိုယ်တော် ၎င်းတို့အား ပြောကြားပါလေ။ ထိုခုံရုံး၌ ဖြေရှင်းရန် အသင်တို့၏ အထောက်များ ရှိကြပါ၏လော။ အကယ်၍ ရှိသည်ဆိုလျှင် ကျွန်ုပ်ရှေ့မှောက်၌ တင်ပြကြလော။ စကန်ဆိုလျှင် ၎င်းတို့ထံ မည်သည့်အထောက်အထားမျှ မရှိချေ။ အသင်တို့သည် မိမိတို့၏ တွေးခေါ်ကြံဆမှုအပေါ် လျှောက်လှမ်းနေကြသူများ ဖြစ်ကြသည်။ လုံး၀ တစ်ဖက်သက် ပြောဆိုနေကြခြင်းသာ ဖြစ်သည်။ အဆိုပါ ဖြေကြားချက်နှစ်ချက်မှ သိရှိရသည်ကို အသင်ပြောကြားရမည်မှာ အထောက်အထားဟူသမျှ အားလုံးသည် အလ္လာဟ်အသျှင်မြတ်ဘက်မှသာလျှင် ရှိ၏။ အသင်တို့၏ အထောက်အထားမှာ မမှန်ကန်သည့် အထောက်အထားသာဖြစ်သည်။ ထို့ကြောင့် အသင်တို့အနေနှင့် လမ်းမှန်တရားဘက်သို့ ပြန်လှည့်လာသင့်သည်။ သို့သော်လည်း ဤသည် အလ္လာဟ်အသျှင်မြတ် စွမ်းအားပေးမှုအပေါ်၌သာလျှင် ဖြစ်နိုင်မည် ဖြစ်သည်။ အကယ်၍ ထိုအသျှင်မြတ် လိုလားမည်ဆိုလျှင် အသင်တို့ကို လမ်းမှန်တရားဘက်သို့ ခေါ်ဆောင်

လာနိုင်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ဆင်ခြင်တုံတရားများစွာ ရှိပေသည်။ အချို့ကို စွမ်းအား ချီးမြှင့်တော်မူပြီး အချို့ကို မချီးမြှင့်ချေ။ သို့သော် အမှန်ကို ဖော်ထုတ်ခြင်းနှင့် ကောင်းရာကို ရွေးချယ်ခြင်း တို့သည် အားလုံးအတွက် တန်းတူဖြစ်သည်။ ရှေ့ဆက်ပြီး အထောက်အထား တောင်းဆိုရန်အတွက် မိန့်တော်မူထားပြန်သည်မှာ အသင်ကိုယ်တော် ထိုသူများကို ပြောကြားပါလေ။ အသင်တို့သည် မိမိတို့၏ ဉာဏ်စွမ်းအထောက်အထားများ၏ အခြေအနေကို သိရှိကြပြီးဖြစ်သည်။ ယခု ခိုင်လုံသည့် ဆင့်ကဲမိန့်ဆိုချက် အထောက်အထားများရှိမည်ဆိုလျှင် တင်ပြကြလော။ အဆိုပါစကားရပ်များအပေါ် သက်သေထွက်ဆိုမည့်သူ ရှိမည်ဆိုလျှင် တင်ပြလော။ အလ္လာဟ်အသျှင်မြတ်သည် ဖော်ပြပါအရာများကို 'ဟရာမ်' ပြုထားပါသည်ဟု အတိအကျ သက်သေထွက်ဆိုရမည်။ (သို့) ယုံကြည်နိုင်လောက်သည့် ခိုင်လုံသော အထောက်အထားများ ဖြစ်ရမည်။ ပမာဆိုရသော်

اَمْ كُنْتُمْ شُهَدَآءَ اِذْ وَصّٰكُمْ

အာယသ်တော်သည်လည်း အဆိုပါဘက်သို့ ညွှန်ပြနေခြင်းပင် ဖြစ်သည်။ အကယ်၍ မမှော်လင့်ဘဲ တစ်ဦးတစ်ယောက်ကို လိမ်ညာပြီး သက်သေထွက်ဆိုရန်အတွက် ခေါ်ဆောင်လာပြီး သက်သေထွက်ဆို နိုင်းမည်ဆိုလျှင်လည်း ထိုသူ၏ သက်သေထွက်ဆိုခြင်းသည် မုချဧကန် ခိုင်လုံခြင်းမရှိဘဲ အပြသဘောသာ ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် သက်သေထူသည့်အရာလည်း အလျှဉ်းမရှိသကဲ့သို့ အလားသဏ္ဍာန်လည်း လုံးဝ မရှိချေ။ ထို့ကြောင့် အသင်ကိုယ်တော်အနေနှင့် ထိုသက်သေထွက်ဆိုခြင်းကို နားထောင်ခြင်း မပြု လေနှင့်။ ၎င်းတို့ လိမ်ညာသူများ ဖြစ်သည်ဟု وَلَاحَرَّمْنَا နှင့် كَذٰلِكَ كَذَّبَ အာယသ်တော်များမှ ထောက်ပြနေသည်။ ထို့နောက် ၎င်းတို့သည် တမလွန်အား ငြင်းဆန်သူများဖြစ်ကြသည်ဟု များစွာသော အာယသ်တော်များမှ ထောက်ပြနေသည်။ ၎င်းနောက် မုရှ်ရစ်က်ဖြစ်သည်ဟု اَشْرَكْنَا မှ ထောက်ပြနေသည့် အတွက် ထိုကဲ့သို့ အတွေးအခေါ် ပျက်ပြားနေသည့်သူများနောက်ကို မလိုက်ကြလေနှင့်။ အကြင်သူများ သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်ညာပြောဆိုကြသည်။ တမလွန်အပေါ် အီမာန်လက်ခံ ယုံကြည်ကြခြင်း မရှိကြချေ။ ထို့ကြောင့် ၎င်းတို့သည် ရဲဝံ့စွာ အမှန်တရားကို ရှာဖွေခြင်းမရှိချေ။ ၎င်းနောက် ထိုသူများသည် ကိုးကွယ်ခံထိုက်သည့် မိမိ၏ အသျှင်မြတ်နှင့်အတူ အခြားအရာများကိုလည်း ယှဉ်တွဲ ကိုးကွယ်ကြသူများ ဖြစ်ကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ تَعَالَوْا أَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ أَلَّا
تُشْرِكُوا بِهِ شَيْئًا وَبِالْوَالِدَيْنِ إِحْسَانًا وَلَا تَقْتُلُوا
أَوْلَادَكُم مِّنْ إِمْلَاقٍ نَّحْنُ نَرْزُقُكُمْ وَإِيَّاهُمْ وَلَا تَقْرَبُوا
الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَلَا تَقْتُلُوا النَّفْسَ الَّتِي
حَرَّمَ اللَّهُ إِلَّا بِالْحَقِّ ذَٰلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَعْقِلُونَ ﴿١٥١﴾

၆ : ၁၅၁ ။ ။ (အို့, နဗီတမန်တော်) အသင်သည် (ထိုသူများအား ဤသို့) ပြောကြားပါလေ။ အသင်တို့ လာကြကုန်။ အသင်တို့၏ အသျှင်မြတ်က အသင်တို့အပေါ်၌ 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသော အရာများကို ကျွန်ုပ် ဖတ်ရွတ်ပြမည်။ (ထိုအရာများကား) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြလေနှင့်။ ၎င်းပြင် (အသင်တို့သည်) မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်း (ပြုကြလေကုန်။) ၎င်းပြင် အသင်တို့သည် မိမိတို့၏ သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြလေနှင့်။ ငါအသျှင်မြတ်သည် အသင်တို့ကိုလည်းကောင်း၊ ထိုသူ (သားသမီး) များကို လည်းကောင်း စားနပ်ရိက္ခာ ပေးတော်မူသည်။ ၎င်းပြင် အသင်တို့သည် ထင်ရှားစွာဖြစ်စေ၊ သို့မဟုတ် လျှို့ဝှက်စွာဖြစ်စေ စက်ဆုပ်ရွံရှာဖွယ်ရာ ညစ်ညမ်းမှုများ၏ အနီးသို့ပင် မချဉ်းကပ်ကြလေနှင့်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က (တားမြစ်ထားတော်မူသော အသက်ဝိညာဉ်ကို သတ်ဖြတ်ခြင်း မပြုကြလေနှင့်။ သို့ရာတွင် (အစ္စလာမ်) တရားတော်နှင့်အညီ (သတ်ဖြတ်ပိုင်ခွင့်မှာ ခြွင်းချက်ရှိပေသည်။) ထိုအသျှင်မြတ်သည် အသင်တို့ သိနားလည်ကြရန်အလို့ငှာ အသင်တို့အား ဤသည်တို့ကို လေးနက်စွာ အမိန့်ချမှတ်တော်မူသည်။

وَلَا تَقْرَبُوا مَالَ الْيَتِيمِ إِلَّا بِالَّتِي هِيَ أَحْسَنُ حَتَّىٰ
يَبْلُغَ أَشُدَّهُ وَأَوْفُوا الْكَيْلَ وَالْمِيزَانَ بِالْقِسْطِ لَا نُكَلِّفُ
نَفْسًا إِلَّا وُسْعَهَا وَإِذَا قُلْتُمْ فَاعْدِلُوا وَلَوْ كَانَ ذَا قُرْبَىٰ
وَبِعَهْدِ اللَّهِ أَوْفُوا ذَٰلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَذَكَّرُونَ ﴿١٥٢﴾

၆ : ၁၅၂ ။ ။ ထို့ပြင် အသင်တို့သည် ကောင်းမွန်သော နည်းလမ်းမှအပ မိဘမဲ့ ကလေးသူငယ်တို့နှင့် သက်ဆိုင်သော ဥစ္စာပစ္စည်းများ၏ အပါးသို့ပင် ၎င်းတို့ လူလားမြောက် အရွယ်ရောက်သည်အထိ မချဉ်းကပ်ရ။ ထို့ပြင် အသင်တို့သည် တောင်း၊ တင်းနှင့် အလေးများကို တရားမျှတစွာဖြင့် အပြည့် ချိန်တွယ်ပေးကြရမည်။ ငါသျှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိုသူ တတ်စွမ်းနိုင်သည်ထက် ပို၍ ဝန်တင်တော်မူသည် မဟုတ်။ ထို့နည်းတူ အသင်တို့သည် (တစ်စုံတစ်ရာကို သက်သေခံရာ၌ဖြစ်စေ၊ စီရင်ဆုံးဖြတ်ရာ၌ဖြစ်စေ) စကားပြောဆိုသောအခါ (အပြောခံရသောသူသည် မိမိ၏) ဆွေရင်းသားရင်း ဖြစ်သည့်တိုင်အောင် တရားမျှတစွာ ပြောဆိုကြရမည်။ ထို့အတူ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိတော်မူသော ကတိသစ္စာကိုလည်း တည်ကြရမည်။ ထိုအသျှင်မြတ်သည် အသင်တို့ မှတ်သားနိုင်ရန်အလို့ငှာ ဤအရာ (အချက်) တို့နှင့် စပ်လျဉ်း၍ အမိန့်ချမှတ်တော်မူလေသည်။

وَاَنَّ هٰذَا صِرَاطِىْ مُسْتَقِيْمًا فَاتَّبِعُوْهُ ۚ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ ۗ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ ۝

၆ : ၁၅၃ ။ ။ ထို့ပြင် (အသင် ပြောကြားပါလေ။) ဤသည်ပင်လျှင် ငါ၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းလမ်းစဉ်အတိုင်း လိုက်ကြလေကုန်။ ထို့ပြင် အခြားအခြားသော လမ်းစဉ်များကို မလိုက်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ယင်းလမ်းစဉ်များသည် အသင်တို့အား ထိုအသျှင်မြတ်၏ လမ်းတော်မှ (တိမ်းရှောင်၍) ကွဲကွာစေမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် အသင်တို့ (ပြစ်မှုဒုစရိုက်တို့မှ) ရှောင်ကြဉ်ကြရန်အလို့ငှာ ဤအရာ (အချက်) ထို့နှင့်စပ်လျဉ်း၍ အသင်တို့အား အမိန့်ချမှတ်တော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင် ၎င်းတို့အား ပြောကြားပါလေ။ ကျွန်ုပ်သည် အသင်တို့၏ အသျှင်မြတ်မှ အသင်တို့အပေါ် 'ဟရာမ်' ပြု မိန့်ထားသော အရာများကို တင်ပြပေမည်။ ၎င်းအရာများမှာ အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားအရာများကို တုပနှိုင်းယှဉ်ခြင်း မပြုလေနှင့်။ သို့ရှိရာ တုပနှိုင်းယှဉ်ခြင်းသည် 'ဟရာမ်' ဖြစ်၏။ ၎င်းနောက် မိဘများကို ကောင်းစွာ ပြောဆိုဆက်ဆံပါ။ သို့ရှိရာ မိဘများနှင့် ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံခြင်းမှာ 'ဟရာမ်' ဖြစ်သည်။ ထို့နောက် မိမိ၏ သားသမီးများကို ဆင်းရဲကြပ်တည်းသည့် အကြောင်းခံဖြင့် အမှောင်ခေတ်၏ ဓလေ့အတိုင်း မသတ်ဖြတ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင်တို့နှင့် ထိုသူများကို သတ်မှတ်ထားသည့်အတိုင်း ရိက္ခာပေးသနားတော်မူမည်။ အသင်တို့အတွက် သတ်မှတ်ထားသည့် ရိက္ခာ၌ ရောနှောခြင်းမရှိသည့်အတွက် အဘယ်ကြောင့် သတ်ဖြတ်ရမည်နည်း။ သို့ရှိရာ သတ်ဖြတ်ခြင်းမှာ 'ဟရာမ်' ဖြစ်၏။ ၎င်းနောက် မကောင်းမှုများနှင့် အရှက်မဲ့သည့် နည်းလမ်းဟူသမျှ၏ အနားပင် မသွားကြလေနှင့်။ သို့ရှိရာ 'ဇေနာ' ပြုခြင်းမှာ 'ဟရာမ်' ဖြစ်၏။ နည်းလမ်းဟူရာ၌ ပေါ်လွင်သည့်နည်းလမ်းနှင့်ဖြစ်စေ၊ ဖုံးကွယ်၍ဖြစ်စေ၊ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်မှ သတ်ဖြတ်ခြင်းကို 'ဟရာမ်' ဟု သတ်မှတ်ထားသော အရာများကို မသတ်ဖြတ်ကြလေနှင့်။ သို့သော် တရားတော်အရ မှန်ကန်မှုအပေါ် သတ်ဖြတ်ပိုင်ခွင့်ရှိသည်။ ဥပမာ- အသက်အစား အသက်သတ်ခြင်း၊ (သို့) ခဲပေါက်သတ်ခြင်း။

သို့ရှိရာ မတရားသဖြင့် သတ်ဖြတ်ခြင်းမှာ 'ဟရာမ်' ဖြစ်သည်။ ထိုအရာများအားလုံးနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား လေးလေးနက်နက် မိန့်တော်မူထားသည်။ သို့မှသာ အသင်တို့သည် အဆိုပါအရာများကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ နားလည်သဘောပေါက်ပြီး ကျင့်သုံးရမည်ဖြစ်သည်။ ၎င်းနောက် ဖတဆိုးများ၏ ဥစ္စာပစ္စည်း အနီးအနားကိုပင် မသွားကြလေနှင့်။ ဆိုလိုသည်မှာ ၎င်းတို့၏ ပစ္စည်းများထဲမှ မသုံးစွဲလေနှင့်။ သို့သော် တရားတော်မှ ပြသထားသည့် နည်းလမ်းအတိုင်း ဆိုလျှင် သုံးပိုင်ခွင့်ရှိသည်။ ဥပမာ- အလုပ်၌ သုံးစွဲထားခြင်း၊ ထိန်းသိမ်းထားခြင်း။ အချို့အုပ်ထိန်းသူများ

ကို ဖတာဆိုးများအတွက် စီးပွားရေးလုပ်ကိုင်ခွင့် ပေးထားသည်။ ယင်းလုပ်ပိုင်ခွင့်သည် ထိုကလေးများ အရွယ်ရောက်လာသည့်အချိန်အထိ ဖြစ်သည်။ ထိုအချိန်အထိ ဖော်ပြပါအတိုင်း သုံးစွဲခွင့်ပြုထားပေသည်။ ထို့နောက်ပိုင်းတွင် အလွဲသုံးစားမလုပ်ရဟူသော စည်းကမ်းချက်ဖြင့် ထိုကလေးထံ ပြန်လည်အပ်နှံလိုက်ရမည်။ သို့ရှိရာ တရားမဲ့စွာဖြင့် ဖတာဆိုးများ၏ ဥစ္စာပစ္စည်းများကို သုံးစွဲခြင်းမှာ 'ဟရာမ်'ဖြစ်၏။ ၎င်းနောက် ချိန်တွယ်သည့်အခါ အပြည့်အဝ ချိန်တွယ်ရမည်။ တရားမျှတစွာဖြင့် ချိန်တွယ်ကြရမည်။ မည်သူတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်မျှ မိမိထံ မကျန်ရှိစေရ။ သို့ရှိရာ ယင်းသို့ ချိန်တွယ်ရာ၌ လိမ်လည်လှည့်ဖြားခြင်းမှာ 'ဟရာမ်'ဖြစ်၏။ ဤပညတ်ချက်များအပေါ် လိုက်နာကျင့်သုံးရန် မည်သို့မျှ အခက်အခဲမရှိချေ။ အဘယ်ကြောင့်ဆိုသော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျင့်သုံးနိုင်သည်ထက် ပိုပြီး ပညတ်ချက်များကို သတ်မှတ်၍ ဒုက္ခပေးထားခြင်း မရှိချေ။ သို့ရှိရာ အဆိုပါပညတ်ချက်များအပေါ် လိုက်နာရာ၌ အဘယ်ကြောင့် အားနည်းချက်ရှိရမည်နည်း။ ၎င်းနောက် အသင်တို့ ဆုံးဖြတ်သည့်အခါမျိုးနှင့် သက်သေထွက်ဆိုသည့်အခါမျိုး၌ စကားပြောဆိုမည်ဆိုလျှင် တရားမျှတစွာဖြင့် ပြောဆိုရမည်။ ယင်းသို့ ယှဉ်၍ ပြောဆိုရာ၌ မိမိဆွေမျိုးသားချင်းပင် ဖြစ်လင့်ကစား တရားမျှတမှုကို ရှေးရှု၍ ပြောဆိုရမည်။ သို့ရှိရာ ယင်းနှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။

၎င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် ဝန်ခံကတိပြုထားသမျှကို အပြည့်အဝ ဖြည့်ဆည်းကြရမည်။ ဥပမာ- ကစမ်ကျိန်ဆိုခြင်းနှင့် 'နဇရ်'ကိုးခြင်းတို့ ဖြစ်သည်။ သို့ရှိရာ ယင်းအရာများကို မဖြည့်ဆည်းခြင်းမှာ 'ဟရာမ်'ဖြစ်၏။ အဆိုပါအရာများအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား လေးလေးနက်နက် မိန့်ကြားတော်မူထားသည်။ သို့မှသာ အသင်တို့ မှတ်သားထားနိုင်ပြီး ကျင့်သုံးနိုင်မည်ဖြစ်သည်။ ထို့နောက် အဆိုပါပညတ်ချက်များအားလုံးသည် ချွင်းချက်မရှိ အစ္စလာမ့်သာသနာတော်၏ ပညတ်ချက်များဖြစ်ပြီး ငါအသျှင်မြတ်၏ လမ်းစဉ်ဖြစ်ကြောင်းကို အသင် ပြောကြားလော့။ အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်ဖြင့် အကြင်လမ်းဘက်သို့ ကျွန်ုပ် ဖိတ်ခေါ်နေပါ၏။ ယင်းလမ်းသည် လုံးဝ ဖြောင့်မတ်မှန်ကန်သော လမ်းဖြစ်၏။ သို့ရှိရာ ယင်းလမ်းပေါ်၌သာ လျှောက်လှမ်းကြပြီး အခြားလမ်းပေါ်၌ မလျှောက်လှမ်းကြလေနှင့်။ ထိုအခြားလမ်းများသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်နှင့် ဝေးကွာစေမည့်လမ်းများပင် ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် လေးလေးနက်နက် မိန့်တော်မူထားပေသည်။ သို့မှသာ အသင်တို့ ထိုလမ်းတော်နှင့် ဆန့်ကျင်ဘက် လျှောက်လှမ်းခြင်းမှ ရှောင်ရှားကြလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ဤအာယသ်တော်အလျှင် ရှုကူအ်နှစ်ခုသုံးခုတွင် တစ်ဆက်တည်း တင်ပြထားသည်မှာ အသိဉာဏ်မဲ့သောသူများသည် မြေပထဝီနှင့် မိုးကောင်းကင်ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဥပဒေပြဌာန်းချက်များကို စွန့်လွှတ်ပြီး စိတ်ကြိုက်တီထွင်ထားသည့် မိရိုးဖလာ ဓလေ့ထုံးစံများကို သာသနာအဖြစ် မှတ်ယူလိုက်ကြသည်။ အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟု သတ်မှတ်ထားသော အရာများကို

'ဟလာလ်'ဟု မှတ်ယူ၍ အသုံးပြုကြသည်။ ထိုနည်းတူစွာ 'ဟလာလ်'ဟု ချမှတ်ထားသော အရာများကို မိမိတို့ဘက်မှ 'ဟရာမ်'ဟု သတ်မှတ်လိုက်ကြသည်။ အချို့အရာများကို အမျိုးသားများအတွက် 'ဟလာလ်' ဟု ဆိုကြပြီး အမျိုးသမီးများအတွက် 'ဟရာမ်'ဟု ဆိုကြသည်။ ထိုနည်းတူစွာ အချို့အရာများကို အမျိုးသမီးများအတွက် 'ဟလာလ်'ဟု ဆိုကြပြီး အမျိုးသားများအတွက် 'ဟရာမ်'ဟု ဆိုကြသည်။ ဤအာယသ်တော်သုံးခုတွင် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟု သတ်မှတ်ထားသော အရာများကို တင်ပြထားပြီး ကိုးမျိုးသော အရာကို အကျယ်တဝင့် တင်ပြထားပေသည်။ ထို့နောက် ဆယ်ခုမြောက် အမိန့်ကို ဤသို့ တင်ပြထားပေသည်။

هٰذَا صِرَاطِىْ مُسْتَقِيْمًا فَاتَّبِعُوْهُ

ဆိုလိုသည်မှာ ဤသာသနာတော်သည် ငါအသျှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းဖြစ်သည်။ ယင်းလမ်းပေါ်၌သာ လျှောက်လှမ်းကြကုန်။ ယင်းပညတ်ချက်တွင် တမန်တော်မြတ် ﷺ ယူဆောင်လာပြီး တင်ပြထားသော ရှရီအသ်တရားတော်ဘက်သို့ ညွှန်ပြပြီး 'ဟလာလ်'၊ 'ဟရာမ်'ပိုင်ခြင်း၊ မပိုင်ခြင်း၊ 'မက္ကရူးဟ်'၊ 'မွတ်စ်သဟဗ်'ဟူသမျှ၏ အကျယ်တဝင့်ကို တမန်တော်မြတ် ﷺ ထံ အပ်နှံလိုက်ပြီး တမန်တော်မြတ် ﷺ ၏ လမ်းစဉ်၌ 'ဟလာလ်'ဟု ပြဌာန်းထားသော အရာမှာ 'ဟလာလ်'ဖြစ်ပြီး 'ဟရာမ်'ဟု ပြဌာန်းထားသော အရာအား 'ဟရာမ်'ဟု နားလည်သဘောပေါက်ရမည်။ မိမိဘက်မှ 'ဟလာလ်'၊ 'ဟရာမ်'၏ ဆုံးဖြတ်ချက်များ မပြုလုပ်လေနှင့်။ တစ်ဖန် ဆယ်မျိုးသော အရာများကို အကျယ်တဝင့် တင်ပြထားသော အာယသ်တော်၏ မူရင်းရည်ရွယ်ချက်မှာ 'ဟရာမ်'များကို တင်ပြရန်ဖြစ်ပေသည်။ ယင်းအာယသ်တော်တွင် ထိုအရာများအားလုံးကို တားမြစ်ထားသည့် စာလုံးနှင့် တင်ပြထားပေသည်။ သို့သော် ကျမ်းတော်မြတ်၏ ထူးခြားစွာ တင်ပြလျက်ရှိသော နည်းပုံစံအတိုင်း ထိုအရာများထဲမှ အချို့အရာများကို အရေးကြီးသည့်အတွက် အမိန့်ပေးတင်ပြထားပေသည်။ ယင်းသို့ တင်ပြရခြင်း၏ အလိုသဘောမှာ ယင်းအမိန့်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ ယင်း၏ ဆင်ခြင်တုံတရားကို ရှေ့ဆက် သိရှိသွားမည်ဖြစ်သည်။ ဤအာယသ်တော်၌ 'ဟရာမ်'ပြုထားသော အရာဆယ်မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ခဝပ်ကိုးကွယ်ခြင်းနှင့် အမိန့်နာခံရန်တွင် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားအရာများကို တုပ နှိုင်းယှဉ်ခြင်း၊
(၂) မိဘများနှင့် ကောင်းမွန်စွာ မဆက်ဆံခြင်း၊
(၃) ဆင်းရဲကြပ်တည်းခြင်းကို ကြောက်ရွံ့ပြီး သားသမီးများကို သတ်ဖြတ်ခြင်း၊
(၄) အရှက်မဲ့သည့် လုပ်ရပ်များ လုပ်ဆောင်ခြင်း၊
(၅) တစ်ဦးတစ်ယောက်ကို မတရားသဖြင့် သတ်ဖြတ်ခြင်း၊
(၆) ဖတဆိုးများ၏ ပစ္စည်းဥစ္စာကို မပိုင်သည့်ပုံစံနှင့် ရယူစားသောက်ခြင်း၊
(၇) ချိန်တွယ်ရာ၌ လျှော့ပေါ့ခြင်း၊

(၈) သက်သေထွက်ဆိုခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အခြားပြောဆိုရာ၌ မတရားသဖြင့် ပြောဆိုခြင်း၊

(၉) အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသည့် ကတိကဝတ်များကို မဖြည့်ဆည်းခြင်း၊

(၁၀) အလ္လာဟ်အသျှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းကို စွန့်လွှတ်ပြီး၊ အခြားလမ်းကို ရွေးချယ်ခြင်းတို့ ဖြစ်ပေသည်။

အာယသ်တော်၏ အရေးကြီးသည့် ထူးခြားချက်များ

ကအစ်အဟ်ဗာရ် (ရဟ) သည် 'သောင်ရားသ်' ကျမ်းကို ကျွမ်းကျင်စွာ တတ်မြောက်ထားသည့် ပညာရှင်တစ်ဦးဖြစ်သည်။ ၎င်းသည် ပထမပိုင်း၌ ယဟူဒီဖြစ်ပြီး နောက်ပိုင်းမှ အီမာန်ယူလာခဲ့သည်။ ၎င်းမှ မိန့်တော်မူထားသည်မှာ ကျမ်းတော်မြတ်၏ ဤအာယသ်တော်များတွင် အချက်ဆယ်ချက်ကို 'ဟုရာမ်' ပြုထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကျမ်းစာတစ်စုဖြစ်သည့် 'သောင်ရားသ်' ကျမ်းတွင် 'ဗိစ္စမိလ္လာဟ်' ပြီးနောက် ယင်းအာယသ်တော်များဖြင့် အစပြုထားပေသည်။ ထို့နောက် ဆက်လက်ပြောဆိုသည်မှာ ယင်းအချက်ဆယ်ချက်သည် တမန်တော်မူစာ ﷺ ပေါ်သို့ ကျရောက်ခဲ့သော အချက်များပင် ဖြစ်ပေသည်။ ကျမ်းတော်မြတ်၏ သဖ်စီးရ်ပညာရှင် ဟဇရသ် အဗ်ဒုလ္လာဟ် အိဗ်နေ အဗ္ဗာစ် ﷺ သခင် မိန့်တော်မူသည်မှာ ဤအာယသ်တော်များသည် 'မုဟ်ကမားသ်' ခေါ် အမိန့်ပညတ်ချက်များ ချမှတ်ထားသော အာယသ်တော်များထဲမှ ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ 'စူရာဟ် အာလေအိမ်ရာန်' ၌ တင်ပြထားပေသည်။ ယင်းပညတ်ချက်များအပေါ် တမန်တော်အာဒမ် ﷺ မှစပြီး တမန်တော်မြတ် ﷺ ထိ ပွင့်လေသမျှသော နဗီတမန်တော်များအားလုံး၏ တရားလမ်းစဉ်မှာ တစ်ပြေးညီ ရှိခဲ့သည်။ ယင်းပညတ်ချက်များထဲမှ မည်သည့်အရာမှ မည်သည့်ရှရီအသ်အတွက် ပျက်ပြယ်ခဲ့သည်ဟူ၍ မရှိပေ။

ဤအာယသ်တော်များသည် တမန်တော်မြတ် ﷺ ၏ သေတမ်းစာပင်ဖြစ်ခြင်း

သဖ်စီးရ်အိဗ်နေကစီးရ်၌ ဟဇရသ် အဗ်ဒုလ္လာဟ် အိဗ်နေ မတ်စ်အူးဒ် ﷺ မှ ဆင့်ပြန်ထားပေသည်။ ၎င်းက မိန့်တော်မူထားသည်မှာ တမန်တော်မြတ် ﷺ ၏ တံဆိပ်တော် ရိုက်နှိပ်ထားသည့် သေတမ်းစာအား အကြင်မည်သူမဆို ကြည့်လိုသည်ဆိုပါက ထိုအာယသ်တော်များကို ဖတ်ရှုကြပါ။ ထိုအာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် တမန်တော်မြတ် ﷺ မှ အမွေသ်ထုကို ပေးသနားတော်မူခဲ့သည့် သေတမ်းစာ (မှာတမ်းစကားများ) ပါရှိပေသည်။

ထို့နောက် ဟာကီမ်သည် ဟဇရသ်အိုဗာဒဟ်အိဗ်နေဆွာမိသ် ﷺ ၏ ဆင့်ပြန်ချက်ကို တင်ပြထားပေသည်။ ၎င်းမှာ တမန်တော်မြတ် ﷺ သည် မိမိ၏ အဆွေတော်များကို မိန့်တော်မူသည်မှာ ဤအာယသ်သုံးအာယသ်တော်အပေါ် ကျွန်ုပ်နှင့် 'ဗိုင်အသ်' လုပ်မည့်သူ မည်သူရှိသနည်း။ တစ်ဖန် ဤသုံးအာယသ်ကို

ဖတ်ရွတ်၍ မိန့်တော်မူသည်မှာ အကြင်သူသည် ထို 'စိုင်အသ်' ကို ဖြည့်ဆည်းမည်ဆိုပါက ၎င်းသူအား အကျိုးစဝါးဗ်ပေးရန် အလ္လာဟ်အသျှင်မြတ်မှ တာဝန်ယူထားတော်မူသည်။ ယခု ထိုအချက်ဆယ်ချက်၏ အကျယ်တဝင့်နှင့် အာယသ်သုံးခု၏ အကျယ်တဝင့်ကို လေ့လာကြည့်ရှုပါ။ ထိုအာယသ်တော်များကို ဤသို့ အစပြုခဲ့ပေသည်။

قُلْ تَعَالَوْا اَتْلُ مَاحَرَّمَ رَبُّكُمْ عَلَيْكُمْ

ယင်းအာယသ်တော်တွင် تَعَالَوْا ၏ အဓိပ္ပာယ်မှာ 'လာကြကုန်' ဟူ၏။ ကေန်အမှန် ထိုစာလုံးအား ခေါ်သောသူသည် အမြင့်မှနေ၍ အောက်မှလူကို ခေါ်ဆိုသောအခါမျိုး၌ အသုံးပြုရသော စာလုံးဖြစ်ပေသည်။ ယင်းအာယသ်တော်မှ ညွှန်ပြနေသည်မှာ ထိုဖိတ်ခေါ်ခြင်းကို လက်ခံသောသူသည် အဆင့်အတန်း မြင့်မား ခြင်းနှင့် ထွတ်မြတ်မှုကို ရရှိမည်ဖြစ်သည်။ သို့ရှိရာ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သည်။ ၎င်းမှာ တမန်တော် မြတ် ﷺ ကို ရည်ညွှန်းမိန့်တော်မူသည်မှာ အသင်ကိုယ်တော် ထိုသူများအား ပြောကြားပါလေ။ ငါကိုယ်တော် သည် အလ္လာဟ်အသျှင်မြတ်မှ အသင်တို့အပေါ် 'ဟရာမ်' ပြုထားသော အရာများကို ဖတ်ပြပေမည်။ ဤသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ တိုက်ရိုက်ရောက်ရှိလာသော နှုတ်ကပါဌ်တော်များ ဖြစ်သည်။ ယင်းနှုတ် ကပါဌ်တော်များတွင် မည်သူတစ်ဦးတစ်ယောက်မှ တွေးတောကြံဆနိုင်ခွင့် မရှိချေ။ သို့မှသာ အသင်တို့သည် ထိုအရာများမှ ရှောင်ကြဉ်နိုင်ကြမည် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်မှ 'ဟလာလ်' ပြုလုပ်ထားသော အရာများကို မိမိဘက်မှ 'ဟရာမ်' မပြုလုပ်ကြလေနှင့်။ ထိုအာယသ်တော်၏ ရည်ညွှန်းခြင်းမှာ ကေန်အမှန် မက္ကာဟ်ရှိ မုရှ်ရစ်ကမ်များကို တိုက်ရိုက်ဆိုထားခြင်းဖြစ်သော်ငြားလည်း အကြောင်းအရာများမှာ အားလုံး အတွက်ဖြစ်သည်။ အီမာန်ရှင်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ အာရဗီမဟုတ်သူဖြစ်စေ၊ မျက်မှောက်၌ရှိသူဖြစ်စေ၊ အကွယ်၌ရှိသည်ဖြစ်စေ၊ (သို့) အနာဂတ်၌ ပေါက်ဖွားလာမည့် လူမျိုးစုများဖြစ်စေ၊ လူသားမျိုးနွယ်စု ဟူသမျှအားလုံး အဆိုပါ ပညတ်ချက်၌ ပါဝင်ပေသည်။ *[မဲဟ်ရိုမှဟီးသွ်]*

ပထမဦးဆုံး အကြီးမားဆုံး 'ဂိုနာဟ်' မှာ တုပနှိုင်းယှဉ်ခြင်းဖြစ်ပြီး ယင်းကို 'ဟရာမ်' သတ်မှတ်ထားခြင်း

စနစ်တကျ မိန့်တော်မူပြီး တားမြစ်ထားသော အရာများ၏ အမှတ်စဉ်တွင် ထိပ်ဆုံး၌ မိန့်တော်မူ သည်မှာ اَلَّا تُشْرِكُوْا بِهٖ شَيْئًا ဆိုလိုသည်မှာ ပထမဦးဆုံး ပြုကျင့်ရမည်မှာ အလ္လာဟ်အသျှင်မြတ်နှင့်အတူ မည်သူတစ်ဦးတစ်ယောက် ကိုမျှ တုပနှိုင်းယှဉ်ခြင်း မပြုရန် ဖြစ်သည်။ မုရှ်ရစ်ကမ်များကဲ့သို့ ရုပ်တုများကို မကိုးကွယ်ကြလေနှင့်။ ယဟူဒီနှင့် နဆွာရာများကဲ့သို့ နဗီတမန်တော်များကို အလ္လာဟ်အသျှင်မြတ် (သို့) အလ္လာဟ်အသျှင်မြတ်၏ သားတော်များဟု မပြောလေနှင့်။ ကောင်းကင်တမန်များကို အလ္လာဟ်အသျှင်မြတ်၏ သားသမီးများဟု မသတ်မှတ်ကြလေနှင့်။ အသိဉာဏ်မဲ့သူများကဲ့သို့ နဗီတမန်တော်များနှင့် သူမွန်သူမြတ်များ ကို တန်ခိုးစွမ်းအား၌ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူဖြစ်သည်ဟု မသတ်မှတ်ကြလေနှင့်။

ရှုရစ်က်၏အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ၎င်း၏ အမျိုးအစားများ

သဖ်စီးရ်မဖွဲ့ဟာရီ၌ ရေးသားထားသည့်မှာ شرك စာလုံး၏ အဓိပ္ပာယ်မှာ ဤနေရာ၌ ရှုရစ်က်၏ (ဂျလီ) ပေါ်လွင်ထင်ရှားသော ပုံစံ (သို့) (ခဖ္ဖီ) ဖုံးကွယ်၍ ရှုရစ်က်ပြုသည့် ပုံစံအားလုံးတွင် မနစ်မွန်း စေခြင်းကို ဆိုလိုပေသည်။ 'ရှုရစ်က်ဂျလီ' (ပေါ်လွင်ထင်ရှားသော ရှုရစ်က်) ဆိုသည်မှာ အားလုံး သိရှိကြသည့်အတိုင်း အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ကိုးကွယ်ခြင်းနှင့် အမိန့်နာခံခြင်း (သို့) ထိုအသျှင်မြတ်၏ သီးသန့်ဂုဏ်တော်များတွင် အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူ (သို့) ရှယ်ယာပါဝင်သည်ဟု သတ်မှတ်လိုက်ခြင်းတို့ ဖြစ်သည်။ 'ရှုရစ်က်ခဖ္ဖီ'(ဖုံးကွယ်နေသော ရှုရစ်က်) ဆိုသည်မှာ မိမိ၏ စီးပွားရေးနှင့် သာသနာရေး၊ လောကီရေး၊ ရည်ရွယ်ချက်များတွင်သော်လည်းကောင်း၊ အကျိုးရှိခြင်း၊ မရှိခြင်း၌သော်လည်းကောင်း ယုံကြည်ချက်အရ အလ္လာဟ်အသျှင်မြတ်သာလျှင် စွမ်းဆောင်နိုင်စွမ်း ရှိတော်မူသော အသျှင်ဟူ၍ ဆိုသော်ငြားလည်း လက်တွေ့ကျင့်သုံးရာ၌ အခြားအရာများကိုလည်း စွမ်းဆောင်နိုင်စွမ်းရှိသည်ဟု နားလည်သဘောပေါက် ယူဆထားခြင်း၊ ကြီးပမ်းမှုဟူသမျှကို အခြားအရာများနှင့် ဆက်သွယ်ထားရှိခြင်း၊ (သို့) 'အေဗာဒသ်'၌ ပြစ်မှားမှုပြုခြင်း၊ အခြားသူများကို ပြသရန်အတွက် နမာဇ် စသည့်အရာများကို မှန်မှန်ကန်ကန် ဖတ်ရွတ်ခြင်း၊ 'ဆွဒ်ကာဟ်'၊ 'ခိုင်ရားသ်'များကို အမည်ကျော်ကြားရန် အတွက် ပြုလုပ်ခြင်း၊ လက်တွေ့ကျင့်သုံးရာ၌ အကျိုးဖြစ်ထွန်းခြင်းနှင့် ဆုံးရှုံးခြင်း၏ ပိုင်ဆိုင်သူမှာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများဟု သတ်မှတ်ခြင်း၊ ရှိုက်ခ်စအ်ဒီသည် အဆိုပါအကြောင်းအရာများနှင့်ပတ်သက်ပြီး ဤသို့ မိန့်ဆိုထားပေသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် ကျွန်ုပ်အား ဇိုင်ဒ်မှ အကျိုးဖြစ်ထွန်းစေသည်။ (သို့) အိုမရ်မှ နစ်နာဆုံးရှုံးစေပါသည်ဟု မှတ်ယူမည်ဆိုလျှင် ယင်းအချက်၌လည်း ရှုရစ်က်၏ ပုံစံတစ်မျိုး ဖုံးကွယ်လျက်ရှိပေသည်။ သို့သော် စင်စစ်အမှန် အကျိုးဖြစ်ထွန်းခြင်းနှင့် ဆုံးရှုံးစေခြင်းသည် အလ္လာဟ်အသျှင်မြတ်ဘက်မှသာလျှင် ဖြစ်၏။ ခိုင်လုံသည့် ဟဒီးစ်တော်တစ်ပုဒ်၌ တင်ပြထားသည်မှာ အကယ်၍ တစ်လောကလုံးရှိ 'ဂျင်န်'နှင့် လူသားများ ပူးပေါင်းပြီး အသင့်အား အကျိုးဖြစ်ထွန်းစေလိုသော်ငြားလည်း အလ္လာဟ်အသျှင်မြတ်သည် အသင့်အတွက် ထိုအရာကို သတ်မှတ်မိန့်တော်မူ ထားခြင်းမရှိပါက မည်သူမှ အကျိုးဖြစ်ထွန်းအောင် ပြုလုပ်နိုင်စွမ်းရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ အကယ်၍ တစ်လောကလုံးရှိ 'ဂျင်န်'နှင့် လူသားအားလုံး ပူးပေါင်းပြီး အသင့်အား နစ်နာဆုံးရှုံးစေလိုသော်ငြားလည်း အလ္လာဟ်အသျှင်မြတ် အလိုတော်မရှိပါက မည်သူမှ ပြုနိုင်စွမ်းရှိမည်မဟုတ်ပေ။

အချုပ်ဆိုရသော် ရှုရစ်က်ဂျလီနှင့် ခဖ္ဖီနှစ်မျိုးစလုံးမှ အလွန်ရှောင်ကြဉ်ရမည်ဖြစ်သည်။ ရုပ်တုစသည်များကို ကိုးကွယ်ခြင်းသည် ရှုရစ်က်၌ ပါဝင်သကဲ့သို့ နဗီတမန်တော်များနှင့် သူမွန်သူမြတ် စသည်တို့ကို အသိပညာနှင့် စွမ်းအားအရာ၌ အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူဟူ၍ မှတ်ယူခြင်းသည်လည်း ရှုရစ်က်၌ ပါဝင်လေသည်။ (အလ္လာဟ်အသျှင်မြတ် ပြုလုပ်တော်မမူပါစေနှင့်။) အကယ်၍ တစ်ဦးတစ်ယောက်၏ ယုံကြည်ချက်သည် အဆိုပါအတိုင်း ဖြစ်မည်ဆိုလျှင် ရှုရစ်က်ခဖ္ဖီဖြစ်မည်။ ဤနေရာ၌ ဦးစွာပထမ

ရှုရစ်ကမ်မှ ရှောင်ကြဉ်ရန် လမ်းညွှန်မှာကြားထားပေသည်။ ထိုသို့ ဦးစွာပထမ တင်ပြရခြင်း၏ အကြောင်းမှာ ရှုရစ်ကမ်၏ ပြစ်မှုနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်မှ ဆုံးဖြတ်ထားသည်မှာ ယင်းအတွက် ခွင့်လွှတ်မှု လုံးဝ မရှိချေ။ ယင်းမှအပ အခြားပြစ်မှုများကို ပုံစံအသီးသီး၏ အကြောင်းခံဖြင့် ခွင့်လွှတ်မှုပြုနိုင်သည်။ ထို့ကြောင့် ဟဒီးစ်တော်များတွင် ဟဇရတ်အိုဗာဒဟ် အိဗ်နေဆွာမိတ် ؓ နှင့် ဟဇရတ်အဗူဒရ်ဒါးအ် ؓ မှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သူ့ကိုမျှ တုဖက်နှိုင်းယှဉ်ခြင်း မပြုကြလေနှင့်။ အကယ်၍ အသင်တို့အား အစိတ်စိတ်အမွှာမွှာ ပြုလုပ်လိုက်သည်ဖြစ်စေ၊ ကားစင်တင်၍ ကြိုးမိန့်ပေးလိုက်သည်ဖြစ်စေ၊ အရှင်လတ်လတ် မီးရှို့လိုက်သည်ဖြစ်စေ၊ တုပနှိုင်းယှဉ်ခြင်းကို မည်သည့်အခါမျှ မပြုလုပ်ရန် ဖြစ်သည်။

ဒုတိယပြစ်မှုဖြစ်သည့် မိဘများနှင့် ရိုင်းပျစွာ ဆက်ဆံခြင်း

ထို့နောက် ဒုတိယအချက်ကို မိန့်တော်မူထားသည်မှာ-

وَبِالْوَالِدَيْنِ اِحْسَانًا

ဆိုလိုသည်မှာ မိဘများနှင့် ကောင်းစွာ ပြောဆိုဆက်ဆံကြရမည်။ ဤနေရာ၌ မိန့်ကြားလိုသည့် ရည်ရွယ်ချက်မှာ မိဘများ၏ အမိန့်ကို ဖီဆန်ခြင်းမပြုလေနှင့်။ ၎င်းတို့ကို ဒုက္ခမပေးလေနှင့်။ သို့သော် ဆင်ခြင်တုံတရား ပြည့်ဝသည့်ပုံစံဖြင့် တင်ပြထားသည်မှာ မိဘများနှင့် ကောင်းစွာ ဆက်ဆံကြလေကုန်။ ယင်းအချက်မှ ရည်ညွှန်းတင်ပြနေသည်မှာ မိဘများနှင့် ပတ်သက်၍ ဝတ္တရားကျေပွန်ရာ၌ အမိန့်မဖီဆန်ခြင်းနှင့် ဒုက္ခမပေးရုံမျှနှင့် မလုံလောက်ပေ။ သို့သာမက ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံပြီး စိတ်ချမ်းမြေ့ပျော်ရွှင်အောင် ထားရန် 'ဖွရ်ဇ်'တာဝန်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်တော်မူသည်မှာ-

وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ

ဆိုလိုသည်မှာ ၎င်းတို့ရှေ့တွင် ရိုကျိုးသိမ်မွေ့စွာဖြင့် နေထိုင်ရမည်။ ဤအာယသ်တော်တွင် မိဘများကို ဒုက္ခပေးခြင်းအား ရှုရစ်ကမ်ပြု တုဖက်ခြင်း၏နောက် ဒုတိယကြီးမားသော အပြစ်ဖြစ်သည်ဟု သတ်မှတ်မိန့်တော်မူထားသည်။ ပမာဆိုရသော် အခြားအာယသ်တော်တွင် မိဘများ၏ အမိန့်နာခံခြင်းနှင့် စိတ်ချမ်းသာမှု ပေးရမည်ကို အလ္လာဟ်အရှင်မြတ်သည် မိမိအား 'အေဗာဒသ်'ပြုခြင်းနှင့်အတူ မိန့်တော်မူထားသည်မှာ-

وَقَضٰى رَبُّكَ اَلَّا تَعْبُدُوْٓا اِلَّآ اِيَّاهُ وَبِالْوَالِدَيْنِ اِحْسَانًا

ဆိုလိုသည်မှာ အသင်၏ အရှင်သခင်မှ ဆုံးဖြတ်မိန့်တော်မူသည်မှာ အလ္လာဟ်အရှင်မြတ်မှအပ မည်သူ့ကိုမှ ခဝပ်ကိုးကွယ်ခြင်း မပြုလေနှင့်။ ထို့နောက် မိဘများနှင့် ကောင်းစွာ ပြောဆိုဆက်ဆံကြလေကုန်။

ထို့နောက် အခြားတစ်နေရာ၌ မိန့်တော်မူထားသည်မှာ-

اَنِ اشْكُرْ لِىْ وَلِوَالِدَيْكَ وَاِلَىَّ الْمَصِيْرُ

ဆိုလိုသည်မှာ ငါအသျှင်မြတ်အား ကျေးဇူးသိတတ်ကြလေကုန်။ ၎င်းနောက် မိဘများ၏ ကျေးဇူးကိုလည်း သိတတ်ကြလေကုန်။ တစ်ဖန် ငါအသျှင်မြတ်ဘက်သို့သာ ပြန်လာကြရမည်ဖြစ်သည်။ အလိုသဘောမှာ အကယ်၍ ဆန့်ကျင်ဘက်ပြုလုပ်မည်ဆိုလျှင် ဒဏ်ခတ်ခြင်းခံရပေမည်။

ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်အဗ်ဒွလ္လာဟ် အိဗ်နေမတ်စ်အူးဒ် ﵁ သခင်၏ ဆင့်ပြန်ချက်၌ တင်ပြထားသည်။ ၎င်းတို့က တမန်တော်မြတ် ﷺ ထံ လျှောက်ထားသည်မှာ အားလုံးထက် အမွန်မြတ်ဆုံးနှင့် အကောင်းဆုံး 'အမလ်'မှာ မည်သည့် 'အမလ်'ဖြစ်သနည်း။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'နမာဇ်ကို 'မွတ်စ်သဟာဗ်'အချိန်တွင်း ဝတ်ပြုခြင်းပင်ဖြစ်သည်။ 'ကျွန်ုပ်တို့က တစ်ဖန် မေးမြန်းသည်မှာ 'ယင်းအမလ်နောက် အမွန်မြတ်ဆုံးမှာ မည်သည့် 'အမလ်'ဖြစ်သနည်း။' ထိုအခါ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'မိဘများနှင့် ကောင်းစွာ ဆက်ဆံပါ။' တစ်ဖန် ထပ်မံမေးမြန်းရာတွင် တမန်တော်မြတ် ﷺ က 'အလ္လာဟ့်လမ်း၌ 'ဂျိဟာဒ်'ထွက်ခြင်းဖြစ်သည်'ဟု မိန့်တော်မူသည်။ မွတ်စ္စလင်မ် ကျမ်း၌ ဟဇရတ်အဗူဟူရိုင်ရာဟ် ﵁ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တစ်နေ့၌ တမန်တော်မြတ် ﷺ သည်

رَغِمَ اَنْفُهٗ رَغِمَ اَنْفُهٗ رَغِمَ اَنْفُهٗ

ဟု သုံးကြိမ် မိန့်တော်မူခဲ့သည်။ ဆိုလိုသည်မှာ 'သေးသိမ်သွားပြီး'ဟု သုံးကြိမ် မိန့်တော်မူသည်။ ထိုအခါ ဆွဟာဗာများက လျှောက်ထားသည်မှာ အို, ကိုယ်တော်၊ မည်သူ သေးသိမ်သွားပါသနည်း။ မိန့်တော်မူသည်မှာ 'အကြင်သူသည် မိမိ၏ မိဘနှစ်ပါးကို (သို့) မိဘနှစ်ဦးထဲမှ တစ်ဦးကို ဇရာအိုသည့်အခါမျိုး၌ ရရှိခဲ့သော်လည်း ထိုသူသည် 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ရခြင်း မရှိပေ။ အလိုသဘောမှာ အသက်ကြီးရွယ်အို မိဘများအား ပြုစုခြင်းဖြင့် မုချ 'ဂျန္နသ်'ရရှိမည်ဖြစ်သည်။ ထို့ကြောင့် လွယ်လင့်တကူ 'ဂျန္နသ်' ရရှိမည့်အရေးကို လက်လွှတ်လိုက်သည့်အတွက် ထိုသူသည် အလွန် နဖူးစာဆိုးပြီး သေးသိမ်သူ ဖြစ်၏။ **လွယ်လင့်တကူမှာ ဆိုရခြင်းမှာ မိဘများသည်** သားသမီးများအပေါ် ပင်ကိုယ်စိတ်နေသဘောထားအရ အလိုအလျောက် ကရုဏာသက်ပြီးသား ဖြစ်သည်။ အနည်းငယ်မျှ ပြုစုလိုက်ရုံမျှဖြင့် မိဘများမှာ များစွာ ပျော်ရွှင်သွားကြရသည်။ ၎င်းတို့အား ပျော်ရွှင်မှုပေးရန်အတွက် ကြီးကြီးမားမား လုပ်ဆောင်ရန် မလိုအပ်ပေ။ အသက်ကြီးရွယ်အိုဆိုသည့် စည်းထားရခြင်း၏ အကြောင်းမှာ မိဘများ ကျန်းမာရေးကောင်းပြီး အားအင်ပြည့်ဖြိုးနေသည့်အချိန်၌ ၎င်းတို့သည် မိမိလိုအပ်ချက်များကို ကိုယ်တိုင် ဖြည့်ဆည်းသည့်အပြင် သားသမီးများကိုလည်း ဖြည့်ဆည်းပေးလေ့ရှိကြသည်။ ထိုအချိန်သည် ၎င်းတို့အတွက် ပြုစုမှုလိုအပ်သည့် အချိန်အခါ မဟုတ်ပေ။ သို့သာမက ထိုအချိန်၌ ပြုစုခြင်းသည် အချိန်မရှိလှချေ။ အသက်အရွယ် ကြီးပြင်းလာပြီး ပြုစုမှုကို လိုလားနေသည့် အချိန်အခါမျိုး၌ ပြုစုမည်ဆိုလျှင် ထိရောက်သည့် ပြုစုမျိုးပင် ဖြစ်သည်။

တတိယအချက်မှာ သားသမီးများကို သတ်ဖြတ်ခြင်းသည် 'ဟရာမ်'ဖြစ်ခြင်း

ဤအာယသ်တော်၌ တင်ပြထားသော 'ဟရာမ်'ဖြစ်သည့် အချက်မှာ သားသမီးများကို သတ်ဖြတ်ခြင်းပင် ဖြစ်သည်။ ယင်းအချက်နှင့် ဖော်ပြပါအချက်များအကြား ဆက်စပ်မှုရှိသည်မှာ ယင်းအချက်ထက် အလျှင် မိဘများအပေါ် ထားရှိရမည့် ဝတ္တရားများကို တင်ပြထားသည်။ ယင်းဝတ္တရားများသည် သားသမီးများအပေါ် တာဝန်ဖြစ်သည်။ ဤအချက်၌ သားသမီးများအပေါ် ထားရှိရမည့် မိဘတို့၏ ဝတ္တရားကို တင်ပြထားပေသည်။ သားသမီးများအပေါ် မိဘများဘက်မှ အဆိုးရွားဆုံး ဆက်ဆံခြင်းသည် အမှောင်ခေတ်အတွင်း သားသမီးများကို အရှင်လတ်လတ် မြေမြှုပ်သတ်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ ဖြစ်သည်။ ဤအာယသ်၌ ထိုအချက်ကို တားဆီးထားပေသည်။ မိန့်တော်မူထားသည်မှာ-

وَلَاتَقْتُلُوْا اَوْلَادَكُمْ مِّنْ اِمْلَاقٍ نَحْنُ نَرْزُقُكُمْ وَاِيَّاهُمْ

အလိုသဘောမှာ ဆင်းရဲကြပတည်းမှုကြောင့် မိမိသားသမီးများကို မသတ်ဖြတ်ကြလေနှင့်။ ငါအသျှင်မြတ်သည် အသင်တို့ကို ရိဇ္ဇာပေးတော်မူပြီး ထိုသားသမီးများကိုလည်း ရိဇ္ဇာပေးတော်မူမည်။

အမှောင်ခေတ်တွင် ကရုဏာတရားကင်းမဲ့ပြီး ကြမ်းကြုတ်လှသည့် ဆိုးရွားသော ဓလေ့ထုံးစံတစ်ခု ရှိခဲ့သည်။ သမီးမိန်းကလေး မွေးဖွားသော အိမ်တွင် တစ်ဦးတစ်ယောက်ကို သားမက်တော်ရမည်ကို စိုးရိမ်၍ အရှင်လတ်လတ် သမီးများကို မြေမြှုပ်သတ်လိုက်လေ့ ရှိကြသည်။ တစ်ခါတစ်ရံ သားသမီးများအတွက် ဘဝ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ခက်ခဲလှသည်ဟုဆိုကာ မိမိတို့၏ သားသမီးများကို မိမိတို့၏လက်ဖြင့် သတ်ပစ်လိုက်ကြသည်။ ကျမ်းတော်မြတ်သည် ထိုဓလေ့ထုံးစံကို ပယ်ဖျက်ပြီး အထက်၌ တင်ပြခဲ့သည့်အတိုင်း ၎င်းတို့၏ ဆိုးရွားလှသည့် အတွေးအခေါ်ကို ကုစားပေးခဲ့ပေသည်။ ကလေးများကို မည်သို့ ရှာဖွေကျွေးရမည်နည်းဟုဆိုကာ ထိုဆိုးရွားသည့် လုပ်ရပ်ကို ပြုမူမိကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်မှ တင်ပြလိုက်သည်မှာ ရိဇ္ဇာပို့ပေးပြီး ကျွေးမွေးသည့် တာဝန်ခံအရင်းအချာမှာ အသင်တို့ မဟုတ်ပေ။ ယင်းအလုပ်သည် အလ္လာဟ်အသျှင်မြတ်၏ တိုက်ရိုက်အလုပ်သာလျှင် ဖြစ်သည်။ အသင်တို့ကိုယ်တိုင်ပင် မိမိအတွက် ရိဇ္ဇာနှင့် စားသောက်ရန်အတွက် ထိုအသျှင်မြတ်ကိုသာ မျှော်ကိုးကြရသည်။ ထိုအသျှင်မြတ်ပေးမှသာလျှင် အသင်တို့လည်း ကလေးများအား ပေးကြရ၏။ အကယ်၍ ထိုအသျှင်မြတ် မပေးကမ်းပါမူက အသင်တို့ကိုယ်တိုင် ဂျုံစေ့တစ်စေ့၊ ဆန်စေ့တစ်စေ့ မဖန်တီးနိုင်သည့်အတွက် မည်သည့်စွမ်းအားဖြင့် ပေးစွမ်းနိုင်မည်နည်း။ မြေပထဝီထဲရှိ အစေ့မှ ရွက်နုများသည် မြေကြီးကို ခွဲထွက်ပေါ်ထွက်လာခြင်း၊ တစ်ဖန် ၎င်းအား အပင်တစ်ပင်အသွင် ပြုလုပ်လိုက်ခြင်း၊ တစ်ဖန် ယင်းသစ်ပင်ပေါ်၌ အသီးအပွင့်များ ဖြစ်ထွန်းစေခြင်းကို မည်သူက ပြုလုပ်နေပါသနည်း။ မိဘများကို ထိုသို့ဖြစ်အောင် ဖန်တီးနိုင်၏လော။ ယင်းအရာများအားလုံးသည် စွမ်းအားရှင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် ဆင်ခြင်တုံတရားပင် ဖြစ်ပေသည်။ ယင်းကိစ္စ၌ လူသားတို့၏ ဆောင်ရွက်ချက်တစ်စုံတစ်ရာ အလျဉ်းပါဝင်ခြင်း

မရှိချေ။ လူသားအနေနှင့် မြေကြီးကို နူးညံ့အောင် ပြုလုပ်ပြီး ပေါက်လာသည့် အပင်ကို ရေပေးနိုင်ရုံမျှသာဖြစ်သည်။ ၎င်းနောက် ထိုအပင်များကို ထိန်းသိမ်းမည်။ သို့သော် အသီးအပွင့်ဖြစ်ထွန်းရာ၌ ၎င်းလူသားတို့၏ မည်သည့်ဆောင်ရွက်ချက်မှ မပါဝင်ပေ။ ယင်းအချက်မှ သိရှိရသည်မှာ မိဘများအနေနှင့် ကလေးများကို ရိဇ္ဇာပေးနေသည်ဟု တွေးတောယူဆမည်ဆိုပါက မှား၏။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ ဘဏ္ဍာတိုက်မှ မိဘများကိုလည်း ရရှိနေခြင်းပင် ဖြစ်သည်။ ထိုနည်းတူစွာ သားသမီးများကိုလည်း ရရှိ၏။ ထို့ကြောင့် ဤနေရာ၌ မိဘအကြောင်းကို ဦးစွာပထမ တင်ပြ မိန့်တော်မူသည်မှာ ငါအသျှင်မြတ်သည် အသင်တို့ကို ရိဇ္ဇာပေးသကဲ့သို့ ကလေးများကိုလည်း ရိဇ္ဇာပေးတော်မူ၏။ ထိုသို့ ဦးစွာပထမ မိဘများကို တင်ပြပြီး ရည်ညွှန်းလိုက်သည်မှာ အသင်တို့ကို ရိဇ္ဇာပေးရခြင်း အကြောင်းမှာ အသင်တို့မှတစ်ဆင့် ကလေးများကို ပို့ပေးရန်ပင် ဖြစ်သည်။ ထိုနည်းတူစွာ ဟဒီးစ်တော်တစ်ပုဒ်၌ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

إِنَّمَا تُنْصَرُوْنَ وَتُرْزَقُوْنَ بِضُعَفَائِكُمْ

အလိုသဘောမှာ အသင်တို့၏ အားအင်ချိနဲ့သူများကို အကြောင်းခံပြီး အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ကူညီစောင်မတော်မူပြီး ရိဇ္ဇာလည်း ပေးတော်မူ၏။ ကျမ်းတော်မြတ်၏ 'စူရာဟ်အစ္စ်ရာအ်'၌လည်း ထိုအကြောင်းအရာကို တင်ပြထားတော်မူပေသည်။ သို့သော် ထိုနေရာ၌ ရိဇ္ဇာနှင့် ပတ်သက်ပြီး သားသမီးများကို ဦးစွာပထမ တင်ပြထားပေသည်။ မိန့်တော်မူထားသည်မှာ-

نَحْنُ نَرْزُقُهُمْ وَإِيَّاكُمْ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထိုကလေးများကို ရိဇ္ဇာပေးသကဲ့သို့ အသင်တို့ကိုလည်း ရိဇ္ဇာပေးတော်မူ၏။ ယင်းအာယသ်တော်တွင် ရည်ညွှန်းမိန့်တော်မူထားသည်မှာ ရိဇ္ဇာပေးရာ၌ ပထမဦးဆုံး ထိုက်တန်သူမှာ ငါအသျှင်မြတ်ထံတော်ပါး၌ ကိုယ်တိုင် မည်သို့မျှ မဆောင်ရွက်နိုင်သည့် အားအင်ချည့်နဲ့သော ကလေးငယ်များပင် ဖြစ်သည်။ ယင်းကလေးငယ်များကို အကြောင်းခံပြီး အသင်တို့အား ရိဇ္ဇာပေးသနားတော်မူခြင်းပင် ဖြစ်သည်။

သားသမီးများကို ပညာရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ မသွန်သင်ပေးခြင်းနှင့် သာသနာမဲ့ဖြစ်သွားရန်အတွက် လွတ်လပ်စွာ ခွင့်လွှတ်ထားခြင်းသည်လည်း သားသမီးများကို သတ်ဖြတ်သည့် ပုံစံတစ်မျိုးပင် ဖြစ်ခြင်း

သားသမီးများကို သတ်ဖြတ်ခြင်းသည် အလွန်ကြီးလေးသည့် ထို 'ဂိုနာဟ်'ဖြစ်ကြောင်း ဤအာယသ်တော်မှ တင်ပြမိန့်တော်မူထားပေသည်။ ယင်းအမိန့်သည် အပေါ်ယံသတ်ဖြတ်ခြင်းအတွက် ပေါ်လွင်ထင်ရှားသကဲ့သို့ လေးလေးနက်နက် စဉ်းစားတွေးတောကြည့်မည်ဆိုလျှင် သားသမီးများကို ပညာရည်နှင့် သွန်သင်ဆုံးမခြင်း မရှိခြင်းကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်နှင့် တမလွန်အား မေ့လျော့လျက်

ရှိကြမည်။ ၄င်းနောက် စာရိတ္တပျက်ပြားခြင်းနှင့် အရှက်မဲ့ခြင်းများ၌ နစ်မွန်းသွားခြင်းသည်လည်း သားသမီးများအား သတ်ဖြတ်ခြင်းထက် လျော့နည်းမည်မဟုတ်ပေ။ ကျမ်းတော်မြတ်ကုရ်အာန်၌ အလ္လာဟ်အသျှင်မြတ်ကိုလည်း မသိနားမလည်၍ ထိုအသျှင်မြတ်၏ အမိန့်နာခံခြင်းလည်း မရှိသောသူများကို လူသေများအဖြစ် သတ်မှတ် မိန့်ဆိုတော်မူထား၏။

اَفَمَنْ كَانَ مَيْتًا فَاَحْيَيْنَاهُ

ဟူသော အာယသ်တော်တွင် ထိုအကြောင်းကို တင်ပြ မိန့်တော်မူထား၏။ အကြင်သူများသည် မိမိ၏ သားသမီးများကို ကျင့်ကြံမှုများနှင့် စာရိတ္တပိုင်းဆိုင်ရာများကို ပြုပြင်ထိန်းသိမ်းရန် အာရုံမစိုက်ဘဲ လွှတ်လပ်စွာ လွှတ်ပေးထားကြသည်။ (သို့) သားသမီးများကို မှားယွင်းသည့် ပညာရပ်များပေး၍ ၄င်းတို့၏ သာသနာရေးနှင့် စာရိတ္တရေး၌ ပျက်ပြားစေမည်ဆိုလျှင် ဤသည်လည်း တစ်နည်းတစ်ဖုံ သားသမီးများကို သတ်ဖြတ်ရာရောက်၍ အပြစ်ဒဏ်ထိုက်သူ ဖြစ်မည်။ ထို့နောက် အပေါ်ယံသတ်ဖြတ်ခြင်းသည် ရက်အနည်းငယ်သာရှိသော သက်တမ်းကို သတ်ဖြတ်ခြင်းဖြစ်၍ စာရိတ္တပိုင်းနှင့် ပညာရေးအရ သတ်ဖြတ်ခြင်းသည် တမလွန်နှင့် ထာဝရသက်တမ်းကို ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်သည်။

စတုတ္ထမြောက် 'ဟရာမ်' ဖြစ်ခြင်းမှာ အရှက်မဲ့စွာ ပြုမူဆောင်ရွက်ခြင်းပင်ဖြစ်ခြင်း

ဤအာယသ်တော်၌ စတုတ္ထမြောက် 'ဟရာမ်' ပြုထားသော အရာမှာ အရှက်မဲ့စွာ ပြုမူဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ-

وَلَا تَقْرَبُوا الْفَوَاحِشَ مَاظَهَرَ مِنْهَاوَمَابَطَنَ

ဆိုလိုသည်မှာ အရှက်မဲ့သည့် နည်းလမ်းဟူသမျှ၏ အနားကိုပင် မသွားကြလေနှင့်။ ယင်းနည်းလမ်းသည် ဖုံးကွယ်သည့် နည်းလမ်းဖြစ်စေ၊ ပေါ်လွင်သည့်နည်းလမ်းဖြစ်စေ فَوَاحِش စာလုံးသည် فاحشه ၏ အများကိန်း စာလုံးဖြစ်သည်။ فحش ـــ فحشاء နှင့် فاحشه စာလုံးများသည် မူရင်းစာလုံးများ ဖြစ်ကြသည်။ ယင်း၏အဓိပ္ပာယ်မှာ 'အရှက်မဲ့ခြင်း'ပင်ဖြစ်သည်။ ထို့နောက် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ ဝေါဟာရတွင် ဤစာလုံးအား မကောင်းသည့်လုပ်ရပ်ဟူသမျှ၌ ခေါ်ဝေါ်သုံးစွဲကြသည်။ ယင်းမကောင်းမှု၏ စူးရှမှုသည်လည်း အတော်အတန် ခရီးပေါက်ပေသည်။ အေမာမ်ရာဂိဗ် (ရဟ) သည် မုဖ္ဖရဒါးသွလ်ကုရ်အာန်၌၊ အိဗ်နေအစီးရ် (ရဟ) သည် 'နေဟာယဟ်'၌ ဤအဓိပ္ပာယ်ကိုပင် တင်ပြထားပေသည်။ ကျမ်းတော်မြတ်တွင် နေရာအနှံ့အပြား၌ فحش နှင့် فحشاء အား တားမြစ်ထားသည်များ လာရှိထားပေသည်။ အာယသ်တော်တစ်ခု၌ မိန့်တော်မူထားသည်မှာ-

يَنْهٰى عَنِ الْفَحْشَآءِ وَالْمُنْكَرِ

တစ်နေရာ၌ မိန့်တော်မူထားသည်မှာ-

حَرَّمَ رَبِّيَ الْفَوَاحِشَ

စသည်တို့ဖြစ်သည်။ **فحش** နှင့် **فحشاء** ၏ အလိုသဘောၝ ကြီးလေးသည့် အပြစ်များအားလုံး ပါဝင်ပေသည်။ ယင်းအပြစ်များသည် နှုတ်နှင့် ပတ်သက်သည်ဖြစ်စေ၊ (သို့) လုပ်ဆောင်ချက်နှင့်ဖြစ်စေ၊ အပြင်ပိုင်းဆိုင်ရာ နှင့် ပတ်သက်သည်ဖြစ်စေ၊ အတွင်းပိုင်းဆိုင်ရာနှင့် ပတ်သက်သည်ဖြစ်စေ၊ မကောင်းမှု လုပ်ရပ်ဟူသမျှ သည် ထိုစာလုံး၏ အလိုသဘောၝ အားလုံး အကျုံးဝင်ပေသည်။ ထို့ကြောင့် ယင်းစာလုံးအား မကောင်းသည့် လုပ်ရပ်ဟူသော အဓိပ္ပာယ်၌ အများက သုံးစွဲခေါ်ဝေါ်ကြပေသည်။ ကျမ်းတော်မြတ်သည် ဤအာယသ်တော်တွင် မကောင်းမှုဟူသမျှ၏ အနားသို့ပင် မသွားရဟု တားမြစ်ထားပေသည်။ ယင်းအလို သဘောကို အားလုံးနေရာ၌ ခြုံငုံ၍ သုံးမည်ဆိုလျှင် မကောင်းသည့် စာရိတ္တဟူသမျှနှင့် အပြစ် 'ဂိုနာဟ်' များအားလုံး ပါဝင်ပေလိမ့်မည်။ ယင်းအပြစ်များသည် နှုတ်နှင့်ဖြစ်စေ၊ လုပ်ရပ်နှင့်ဖြစ်စေ၊ စိတ်နှင့်ဖြစ်စေ စသည်တို့အားလုံး ပါဝင်သည်။ အကယ်၍ အများကျော်ကြားသည့်အတိုင်း အရှက်ကင်းမဲ့ခြင်းဟူသည့် အဓိပ္ပာယ်အရဆိုလျှင် မကောင်းသည့်လုပ်ရပ်နှင့် ယင်း၏ အကြောင်းခံဟူသမျှအားလုံး အကျုံးဝင်မည် ဖြစ်သည်။ တစ်ဖန် ဤအာယသ်တော်၌ပင် **فواحش** ကို အကျယ်ဖွင့်ဆိုရာ၌ မိန့်တော်မူထားသည်မှာ-

مَا ظَهَرَ مِنْهَا وَمَا بَطَنَ

ပထမသဖ်စီးရ်နှင့်အညီ အပေါ်ယံဖွဝါဟိရ်၏ အလိုသဘောမှာ နှုတ်လျှာနှင့်၊ ခြေ၊ လက် အစရှိ သည်တို့နှင့် ပြုမူသော အပြစ်ဟူသမျှကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းနောက် အတွင်းပိုင်းဆိုင်ရာ ဖွဝါဟိရ်၏ အလိုသဘောမှာ စိတ်နှင့် ပတ်သက်သည့် အပြစ်များဖြစ်သည်။ ဥပမာ- မနာလိုဝန်တိုခြင်း၊ စိတ်ဝါတ် ညစ်ညမ်းယုတ်မာခြင်း၊ လောဘရမက်ထားခြင်း၊ ကျေးဇူးကန်းခြင်း၊ သည်းခံတရားမရှိခြင်း စသည်တို့ ဖြစ်သည်။ ထို့နောက် ဒုတိယသဖ်စီးရ်နှင့်အညီ အပေါ်ယံ 'ဖွဝါဟိရ်'၏ အလိုသဘောမှာ အရှက်မဲ့သည့် လုပ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ ယင်းကို ပေါ်လွင်အောင် ပြုလုပ်ကြသည်။ အတွင်းပိုင်းဆိုင်ရာဟု ဆိုရာ၌ ထိုအရာများကို ဖုံးကွယ်၍ ပြုလုပ်ကြသည်။ ထင်ပေါ်သည့် မကောင်းသော လုပ်ရပ်များတွင် မှခင်းများနှင့် ပြစ်မှုဟူသမျှအားလုံး ပါဝင်ပေသည်။ မကောင်းသောစိတ်ဖြင့် အမျိုးသမီးတစ်ဦးအား ကြည့်ရှုခြင်း၊ လက် စသည်များနှင့် ထိတွေ့ခြင်း၊ ထိုအမျိုးသမီးများနှင့် မဖွယ်မရာစကား ပြောဆိုခြင်း စသည်တို့ ပါဝင်ပေသည်။ အတွင်းပိုင်းဆိုင်ရာ အရှက်မဲ့သည့် လုပ်ဆောင်ချက်များမှာ ထိုကဲ့သို့ တွေးခေါ်ခြင်းများ၊ ထိုသို့ ပြုလုပ်ရန်နှင့် ရည်ရွယ်ချက်များထားခြင်း၊ အရှက်မဲ့သည့် လုပ်ရပ်များနှင့် မကောင်းမှုများကို လက်တွေ့ကျကျ ပြုလုပ် ဆောင်ရွက်ခြင်းများတွင် ပြုလုပ်ရသော အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ရန်နှင့် ဖြည့်ဆည်းရန်အတွက် တိတ်တိတ်ပုန်း ဆောင်ရွက်စီစဉ်ခြင်းများ ပါဝင်လေသည်။ ထို့နောက် အချို့သဖ်စီးရ်ပညာရှင်များမှ မိန့်တော် မူသည်မှာ အပေါ်ယံမကောင်းမှုများတွင် ထိုအရှက်မဲ့သည့် လုပ်ရပ်များကို ဆိုလိုခြင်းဖြစ်သည်။ ယင်းလုပ် ရပ်များသည် များသောအားဖြင့် မကောင်းသည့်လုပ်ရပ်ဖြစ်ကြောင်း သိရှိရပေသည်။ ထို့နောက် အတွင်းပိုင်း

ဆိုင်ရာ မကောင်းမှုများဟုဆိုရာ၌ ထိုအလုပ်များကို ခေါ်ဆိုပေသည်။ အကြင်အလုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ အရှက်မဲ့သော လုပ်ရပ်များဖြစ်သည်။ စေကန်အမှန် ထိုလုပ်ရပ်များကို လူအများက မကောင်းသည့်လုပ်ရပ်ဟူ၍ပင် မသိကြချေ။ (သို့) လူအများသည် ထိုအရာများ 'ဟရာမ်'ဖြစ်ကြောင်းကိုပင် မသိရှိကြပေ။ ဥပမာ ဇနီးသည်ကို 'သွလာက်'သုံးကြိမ်ပေးပြီးနောက် ဇနီးအဖြစ် ပြန်လည်ပေါင်းသင်းခြင်း၊ (သို့) တရားတော်အရ 'နေကာဟ်'ပြုပိုင်ခွင့်မရှိသော အမျိုးသမီးတစ်ဦးနှင့် 'နေကာဟ်'ပြုခြင်းတို့ ဖြစ်ပေသည်။

အချုပ်ဆိုရသော် فواحش အာယသ်တော်၏ အဓိကအလိုသဘောအရ အပေါ်ယံနှင့် အတွင်းပိုင်းဆိုင်ရာ ပြစ်မှုဟူသမျှနှင့် အများကျော်ကြားသည့် အလိုသဘောအရ မကောင်းမှုများနှင့် အရှက်မဲ့သည့်နည်းလမ်းဟူသမျှသည် ဖုံးကွယ်နေသည်ဖြစ်စေ၊ ပေါ်လွင်သည်ဖြစ်စေ အားလုံးပါဝင်၏။ ယင်းနှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ ထိုအရာများ၏ အနားသို့ပင် မသွားကြလေနှင့်။ အနားသို့ပင် မသွားရဟူသော အလိုသဘောမှာ အကြင်နေရာများနှင့် ထိုင်ဝိုင်းသို့ သွားရောက်ခြင်းကြောင့် ပြစ်မှုများ ကျူးလွန်သွားမည်ကို စိုးရိမ်ရသည်ဆိုလျှင် ထိုနေရာများနှင့် ထိုထိုင်ဝိုင်းများမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ၎င်းနောက် ထိုပြစ်မှုများအတွက် လမ်းစရရှိနိုင်သော လုပ်ရပ်ဟူသမျှမှလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

مَنْ حَامَ حَوْلَ حِمًى اَوْشَكَ اَنْ يَّقَعَ فِيْهِ

အလိုသဘောမှာ အကြင်သူသည် တားမြစ်ထားသော နေရာအနီးပတ်ဝန်းကျင်၌ လှည့်လည်နေမည်ဆိုလျှင် ထိုသူသည် ထိုအလုပ်၌ ပါဝင်သွားရန် မည်သို့မှ ဝေးမည်မဟုတ်ပေ။ ထို့ကြောင့် ရှောင်ကြဉ်ရန်လိုအပ်သည်မှာ တားမြစ်ထားသော နေရာများ၏ အနီးဝန်းကျင်၌ပင် မလှည့်လည်သင့်ပေ။

ပဉ္စမမြောက် 'ဟရာမ်'ဟု သတ်မှတ်ထားသော အရာမှာ မတရားသတ်ဖြတ်ခြင်း ဖြစ်ခြင်း

တားမြစ်ထားသော အရာများထဲမှ ပဉ္စမမြောက်အရာမှာ မတရားသတ်ဖြတ်ခြင်းပင် ဖြစ်သည်။ ယင်းနှင့် စပ်လျဉ်း၍

وَلَا تَقْتُلُوا النَّفْسَ الَّتِىْ حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ

ဆိုလိုသည်မှာ အကြင်သတ်ဖြတ်ခြင်းမျိုးကို အလ္လာဟ်အသျှင်မြတ်မှ 'ဟရာမ်'ဟု မိန့်ဆိုထားသည့်အတွက် ထိုသို့ မသတ်ဖြတ်ကြလေနှင့်။ သို့သော် တရားသဖြင့်ဆိုလျှင် သတ်ဖြတ်နိုင်၏။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး အကျယ်တဝင့်ကို တမန်တော်မြတ် ﷺ သည် ဟဒီးစ်တော်တစ်ပုဒ်၌ မိန့်တော်မူထားပေသည်။ ၎င်းဟဒီးစ်ကို ဟဇရသ်အဗ်ဒုလ္လာဟ် အိဗ်နေမတ်စ်အူးဒ် ؓ ဆင့်ပြန်ထားပြီး ဘုခါရီကျမ်းနှင့်

မွတ်စလင်မ်ကျမ်းတို့၌ တင်ပြထားပေသည်။ ၎င်းတွင် ကိုယ်တော်မြတ် ﷺ မှ မိန့်တော်မူသည်မှာ မွတ်စလင်မ် တစ်ဦးကို သတ်ဖြတ်ခြင်းသည် မပိုင်ပေ။ သို့သော် သုံးမျိုးသောလူအား သတ်ပိုင်ခွင့်ရှိ၏။

(၁) အိမ်ထောင်ရှင်ဖြစ်သော်ငြားလည်း 'ဇေနာ'ဖြစ်မှုကျူးလွန်ရာ၌ နစ်မွန်းနေသူ၊

(၂) တစ်ဦးတစ်ယောက်ကို မတရားသတ်ဖြတ်သည့်အတွက် အသေစားအပြစ် ပြန်လည်ပေးဆပ်ခြင်းခံရသူ၊

(၃) မိမိသာသနာကို စွန့်လွှတ်ပြီး 'မွရ်သဒ်'ဖြစ်သွားသူ၊

ဟဇရေသ်အွစ္စမာန်ဂနီ ؓ သည် သူပုန်များ၏ ဝိုင်းရံခြင်းကို ခံထားရသော အချိန်ဖြစ်သည်။ ထိုသူပုန်များကလည်း ဟဇရေသ်အွစ္စမာန်ဂနီ ؓ ကို သတ်ပစ်လိုကြသည်။ ထိုအချိန်၌လည်း ဟဇရေသ် အွစ္စမာန်ဂနီ ؓ သည် အဆိုပါဟဒီးစ်တော်အား လူများကို ဖတ်ပြလျက်ရှိသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်နှင့် ကျွန်ုပ်သည် အထက်ပါ ဟဒီးစ်တော်ပါ အချက်သုံးချက်နှင့် လွတ်ကင်းပေသည်။ ကျွန်ုပ်သည် သာသနာ့ဘောင်အတွင်းရောက်ပြီး နောက်ပိုင်း မဆိုထားနှင့်။ အမှောင်ခေတ်တွင်လည်း မည်သည့်အခါမှ မကောင်းမှုများ ကျူးလွန်ခဲ့ခြင်း မရှိပေ။ ထိုနည်းတူစွာ မည်သူ့ကိုမှလည်း သတ်ဖြတ်ခဲ့ခြင်း မရှိပေ။ ၎င်းနောက် မည်သည့်အခါမှလည်း မိမိသာသနာတော်အား စွန့်လွှတ်ရန် ဒွိဟပင်လျှင် မဖြစ်ခဲ့ပေ။ သို့ရှိရာ အသင်တို့ ကျွန်ုပ်အား မည်သည့်အချက်အပေါ် အခြေခံ၍ သတ်ဖြတ်ကြမည်နည်း။

၎င်းနောက် မွတ်စလင်မ်တစ်ဦးကို အကြောင်းမဲ့သတ်ဖြတ်ခြင်းသည် 'ဟရာမ်'ဖြစ်သကဲ့သို့ အစ္စလာမ် နိုင်ငံတွင် နိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ နေထိုင်ပြီး မွတ်စလင်မ်များနှင့်လည်း ကတိကဝတ်ပြုထားကြသည့် မွတ်စလင်မ်မဟုတ်သူများကိုလည်း သတ်ဖြတ်ခြင်းမှာ 'ဟရာမ်'ဖြစ်သည်။ သိရ်မေဇီကျမ်းနှင့် အိဗ်နေ မာဂျာဟ်ကျမ်းတွင် အဗူဟူရိုင်ရာဟ် ؓ ၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို တင်ပြထားပေသည်။ အကြင်သူသည် ဇိမ္မီ (ဖော်ပြပါ အတိုင်း အစ္စလာမ်နိုင်ငံ၌ နေထိုင်သူ) မွတ်စလင်မ် မဟုတ်သူကို သတ်ဖြတ်လိုက်သည်ဆိုပါက ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ ကတိကို ချိုးဖောက်ခြင်း ပင်ဖြစ်သည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ကတိကို ချိုးဖောက်ပါက ထိုသူသည် 'ဂျန္နသ်'၏ အမွှေးရနံ့ကိုပင် ရရှိမည်မဟုတ်ပေ။ စင်စစ်အမှန် 'ဂျန္နသ်'၏ အမွှေးရနံ့သည် နှစ်ပေါင်းခုနစ်ဆယ် ခရီးအကွာ အဝေးထိ ရောက်ရှိ၏။

ဖော်ပြပါအာယသ်တော် တစ်အာယသ်တည်းတွင် ဆယ်မျိုးသော အရာများထဲမှ ငါးမျိုးသောအရာ၏ 'ဟရာမ်'၊ 'ဟလာလ်'ဖြစ်ခြင်းကို တင်ပြပြီးသည့်နောက် မိန့်တော်မူသည်မှာ-

ذَٰلِكُمْ وَصَّٰكُم بِهِۦ لَعَلَّكُمْ تَعْقِلُونَ

အလိုသဘောမှာ ထိုအရာများနှင့် ပတ်သက်၍ အသင်တို့ နားလည်သဘောပေါက်စေရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်မှ လေးလေးနက်နက် မိန့်တော်မူထားပေသည်။

ဆဌမမြောက် 'ဟရာမ်'ပြုထားသော အရာမှာ ဖတဆိုးများ၏ ဥစ္စာပစ္စည်းများကို မတရားစားသောက်ခြင်း

ဒုတိယအာယသ်တော်တွင် ဆဌမမြောက်ပညတ်ချက်အဖြစ် ဖတဆိုးများ၏ ပစ္စည်းဥစ္စာများကို မတရားစားသောက်ခြင်းနှင့် ပတ်သက်၍ 'ဟရာမ်'ဟု မိန့်တော်မူထားပေသည်။

وَلَا تَقْرَبُوا مَالَ الْيَتِيمِ اِلَّا بِالَّتِى هِىَ اَحْسَنُ حَتّٰى يَبْلُغَ اَشُدَّهٗ

အလိုသဘောမှာ ဖတဆိုးများ၏ ပစ္စည်းဥစ္စာအနားသို့ပင် မသွားကြလေနှင့်။ သို့သော် ထိုကလေးများ အရွယ်ရောက်သည့်အချိန်အထိ ကောင်းသည့် ပုံစံနှင့် ယင်းတို့၏ ဥစ္စာပစ္စည်းများအား အသုံးပြုနိုင်သည်။ ထိုအမိန့်တွင် လူမမယ်ဖတဆိုးကလေးငယ်များအား ထိန်းသိမ်းသူနှင့် ပြုစုစောင့်ရှောက်သူများကို ရည်ညွှန်းမိန့်တော်မူထားပေသည်။ ၎င်းအုပ်ထိန်းသူများသည် ထိုကလေးငယ်များ၏ ပစ္စည်းဥစ္စာအား မီးဖြစ်သည်ဟု မှတ်ယူရမည်။ မဖိုင်သည့်ပုံစံနှင့် ၎င်းကလေးများ၏ ပစ္စည်းများအား ရယူစားသောက်ရန် အနားပင် မသွားကြလေနှင့်။ သို့သော် ထိုကလေးများအရွယ်ရောက်သည့် အချိန်အထိ ကောင်းသည့်ပုံစံနှင့် ယင်းတို့၏ ဥစ္စာပစ္စည်းများအား အသုံးပြုနိုင်သည်။ ထိုအမိန့်တွင် လူမမယ်ဖတဆိုးကလေးငယ်များအား ထိန်းသိမ်းသူနှင့် ပြုစုစောင့်ရှောက်သူများကို ရည်ညွှန်းမိန့်တော်မူထားပေသည်။ ၎င်းအုပ်ထိန်းသူများသည် ထိုကလေးငယ်များ၏ ပစ္စည်းဥစ္စာများအား ရယူစားသောက်ရန် အနားပင် မသွားကြလေနှင့်။ အခြားအာယသ်တော်တစ်ခုတွင် ထိုနည်းတူစွာပင် မိန့်တော်မူထားသည်။ ထိုဖတဆိုးများ၏ ပစ္စည်းများကို မတရားရယူစားသောက်သူသည် မိမိဝမ်းတွင် မီးခဲဖြည့်ဆည်းခြင်းပင် ဖြစ်သည်။ သို့သော် ဖတဆိုးများ၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပိုင်သည့် စီးပွားရေးတစ်ခုခုနှင့် လုပ်ငန်းတစ်ခုခုတွင် ၎င်းတို့၏ ငွေကြေးကို ထည့်သွင်း၍ တိုးပွားအောင် ပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများသည် များသောအားဖြင့် အဆုံးရှုံးမရှိဘဲ အန္တရာယ်ကင်းသည့် လုပ်ငန်းမျိုးဖြစ်ရမည်။ အဆိုပါနည်းလမ်းသည် အကောင်းဆုံးနှင့် အရေးကြီးသည့်အတွက် ဖတဆိုးများ၏ အုပ်ထိန်းသူများကို လိုက်နာဆောင်ရွက်သင့်ပေသည်။ ထို့နောက် ဖတဆိုးများ၏ ပစ္စည်းများ ထိန်းသိမ်းရန်နှင့် တာဝန်ယူရမည့် အတိုင်းအတာကို တင်ပြထားသည်မှာ-

حَتّٰى يَبْلُغَ اَشُدَّهٗ

ဆိုလိုသည်မှာ ထိုဖတဆိုးကလေးများ အရွယ်ရောက်သည့်အချိန်အထိ ဖြစ်သည်။ ထိုအချိန်ရောက်လျှင် အုပ်ထိန်းသူ၏တာဝန် ကုန်ဆုံးမည်ဖြစ်သည်။ ထိုကလေး၏ ပစ္စည်းများကို ၎င်းကလေးထံ ပြန်လည်အပ်နှံရမည်ဖြစ်သည်။ ဤနေရာ၌ اشد စာလုံး၏ မူရင်းအဓိပ္ပာယ်မှာ စွမ်းအားဖြစ်သည်။ ယင်းစွမ်းအားသည် ပညာရှင်အများစုထံ၌ အရွယ်ရောက်သည့် လက္ခဏာများဖြစ်ပေါ်လာသော အချိန်ဖြစ်မည်။ (သို့) အသက်တစ်ဆယ့်ငါးနှစ်ပြည့်သောအခါ တရားတော်အရ အရွယ်ရောက်ပြီးဟု သတ်မှတ်ရပေမည်။ သို့သော် အရွယ်ရောက်ပြီးသည့်နောက် ထိုကလေးတွင် မိမိပစ္စည်းကို ကောင်းစွာ ထိန်းသိမ်းနိုင်သည့် အရည်အချင်းနှင့်

မှန်မှန်ကန်ကန် သုံးစွဲနိုင်သည့် အရည်အချင်းရှိ၊ မရှိကို ကြည့်ရမည်။ အကယ်၍ အရည်အချင်းရှိသည် ဆိုလျှင် အရွယ်ရောက်သည်နှင့် ၄င်းကလေးထံ ပြန်လည်အပ်နှံလိုက်ရမည်။ အကယ်၍ အရည်အချင်းမရှိလျှင် ၄င်းကလေးအသက် နှစ်ဆယ့်ငါးနှစ်ပြည့်သည့်အထိ အုပ်ထိန်းသူ၏တာဝန် ဖြစ်သည်။ ယင်းစပ်ကြား၌ ထိုကလေးတွင် ထိန်းသိမ်းနိုင်သည့် အရည်အချင်းနှင့် လုပ်ငန်းလုပ်ကိုင်နိုင်သည့် အရည်အချင်းရှိလာပါက ပစ္စည်းများအား ၄င်းထံ ချက်ချင်း ပြန်လည်အပ်နှံလိုက်ရမည်။ အကယ်၍ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်သည့်အထိ ၄င်းကလေးတွင် အရည်အချင်းများမရှိလာပါက အေမာမ်အဗူဟာနီဖာ (ရဟ) ထံတွင် မည်သို့ပင်ဖြစ်စေ၊ ၄င်းထံ ပြန်လည်အပ်နှံလိုက်ရမည်။ သို့သော် ထိုသို့ အပ်နှံရာတွင် ၄င်းကလေး၏ အရည်အချင်း မပြည့်မဝခြင်းသည် ရူးသွပ်သည့်အဆင့်အထိ မရောက်စေရ။ အချို့အေမာမ်ကြီးများထံတွင် ထိုအချိန်၌လည်း ၄င်းထံ ပြန်လည်အပ်နှံခြင်း မပြုရပေ။ သို့သာမက တရားတော်အရ ဆုံးဖြတ်သောသူသည် ၄င်း၏ ပစ္စည်းများအား ထိန်းသိမ်းရန်အတွက် အခြားသူတစ်ဦးထံ အပ်နှံလိုက်ရမည်။ ဤအကြောင်းအရာများသည် ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပိုင်၊ နှစ်ပိုဒ်မှ ကောက်နှုတ်တင်ပြထားပြီး ဖြစ်သည်။ ၄င်းအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

فَاِنْ اٰنَسْتُمْ مِّنْهُمْ رُشْدًا فَادْ فَعُوْا اِلَيْهِمْ اَمْوَالَهُمْ

အလိုသဘောမှာ ဖတဆိုးကလေးများတွင် အရွယ်ရောက်ပြီးသည့်နောက် အကယ်၍ အသင်တို့အနေနှင့် အရည်အချင်းမြင်တွေ့ရပြီးဆိုလျှင် ပစ္စည်းများအား ၄င်းထံ အပ်နှံလိုက်ရမည်။ ထိုအာယသ်တော်မှ သိရှိရသည်မှာ ပစ္စည်းများအပ်နှံရန်အတွက် အရွယ်ရောက်ရုံမျှနှင့် မလုံလောက်သည့်အပြင် ပစ္စည်းများအား ထိန်းသိမ်းနိုင်စွမ်းနှင့် လုပ်ငန်းလုပ်ဆောင်နိုင်စွမ်း ရှိရန်လည်း အရေးကြီး၏။

သတ္တမမြောက် 'ဟရာမ်'ပြုထားသော အရာမှာ ချိန်တွယ်ရာနှင့် တိုင်းထွာရာ၌ လျော့နည်းခြင်း

သတ္တမမြောက် ပညတ်ချက်မှာ ချိန်တွယ်တိုင်းထွာရာ၌ မှုမျှတတ၊ မှန်မှန်ကန်ကန်ရှိရန် ဤအာယသ်တော်၌ မိန့်တော်မူထားပေသည်။ မှုမျှတတရှိရန်ဟူသော အလိုသဘောမှာ ပေးသူသည် ရှေလူ၏ ရပိုင်ခွင့်၌ မည်သို့မျှ လျော့နည်းအောင် မပြုလုပ်ရ။ ယူသောသူလည်း မိမိရပိုင်ခွင့်ထက် ပို၍ မယူရပေ။ အရာဝတ္ထုများအား အပေးအယူလုပ်ရာ၌သော်လည်းကောင်း၊ ချိန်တွယ်တိုင်းထွာရာ၌သော်လည်းကောင်း၊ အပိုအလိုပြုလုပ်ခြင်းအား ကျမ်းတော်မြတ်၌ ပြင်းပြင်းထန်ထန် 'ဟရာမ်'ဟူ သတ်မှတ်ထားပေသည်။ ယင်းနှင့် ဆန့်ကျင် ပြုလုပ်သူများကို 'စူရာဟ်မုသွဖ်ဖွေဖီးန်'၌ ပြင်းပြင်းထန်ထန် ခြိမ်းခြောက်ထားပေသည်။ သဖိစီးရ်ပညာရှင်ကြီးဖြစ်သူ ဟရေသ်အဗ်ဒုလ္လာဟ် အိဗ်နေအဗ္ဗားစ် ﵄ သခင် မိန့်ဆိုထားပေသည်။ တမန်တော်မြတ် ﷺ သည် စီးပွားရေး၌ ချိန်တွယ်တိုင်းထွာခြင်းကို ပြုလုပ်သူများအား ရည်ညွှန်း၍ မိန့်တော်မူသည်မှာ ချိန်တွယ်တိုင်းထွာရာ၌ မှုမျှတတမရှိခြင်းကြောင့် အသင်တို့ထက်အလျင် အုမ္မသ်များသည် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်' အပြစ်ဒဏ်ကြောင့် ပျက်စီးသွားခဲ့ပြီးဖြစ်သည်။ အသင်တို့အနေနှင့် ထိုလုပ်ရပ်တွင် အပြည့်အဝ သတိထားရမည်ဖြစ်သည်။

အထက်လူကြီးများ၊ ဝန်ထမ်းများ၊ အလုပ်သမားများလည်း မိမိတာဝန်ချိန်၌ ပေါ့လျော့မည်ဆိုလျှင်လည်း ချိန်တွယ်တိုင်းထွာရာ၌ ပေါ့လျော့သည့်အဓိပ္ပါယ်၌ ပါဝင်မည်ဖြစ်ခြင်း

မှတ်သားထားရမည်မှာ လျှော့နည်းစွာ တိုင်းထွာချိန်တွယ်ခြင်းနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်၌ မိန့်ထားသည်မှာ တိုင်းထွာခြင်းနှင့် ချိန်တွယ်ခြင်းအတွက် သီးသန့်မဟုတ်ပေ။ သို့သာမက တစ်ဦးတစ်ယောက်အပေါ် တစ်ပါးသူက ရရန်ရှိလျှင် လျှော့နည်းစွာ ပေးခြင်းသည်လည်း ကျမ်းတော်မြတ်ပါ အဓိပ္ပါယ်နှင့် ငြိစွန်းပေသည်။ ပမာဆိုရသော် ဟဇရသ်အေမာမ်မာလိက် (ရဟ) ၏ မူအသ်သွာအေမာမ်မာလိက်တွင် ဟဇရသ် အိုမရ် ﷺ ၏ အဆိုကို တင်ပြထားသည်မှာ ပုဂ္ဂိုလ်တစ်ဦးကို နမာဇ်၏ အစိတ်အပိုင်းများအား အပြည့်အဝ မဆောင်ရွက်ဘဲ လျှော့ပေါ့စွာ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသောအခါ အသင်သည် ဖြည့်ရမည့် ဝတ္တရားများကို အပြည့်အဝ မဖြည့်ဟု မိန့်တော်မူလေသည်။ ထိုဟဒီးစ်ကို တင်ပြပြီး အေမာမ်မာလိက် (ရဟ) က မိန့်တော်မူသည်မှာ-

لِكُلِّ شَيْءٍ وَفَاءٌ وَتَطْفِيفٌ

ဆိုလိုသည်မှာ ရပိုင်ခွင့်ကို အပြည့်အဝ ပေးခြင်းနှင့် လျှော့နည်းစွာ ပေးခြင်းသည် အရာတိုင်းအတွက် အကျုံးဝင်သည်။ ချိန်တွယ်တိုင်းထွာခြင်း၌သာလျှင် မဟုတ်ပေ။

ထိုအချင်းအရာများမှ သိရှိရသည်မှာ မိမိ၏ တာဝန်ချိန်ကို အပြည့်အဝ ထမ်းဆောင်ခြင်းမရှိသော ဝန်ထမ်းသည် အချိန်နိုးသည်ဖြစ်စေ၊ အလုပ်၌ ခိုသည်ဖြစ်စေ၊ ၄င်းသူသည် အထက်လူကြီးဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ၊ သို့မဟုတ် ရုံးတစ်ရုံး၌ အလုပ်လုပ်သူဖြစ်စေ (သို့) ပညာသင်ကြားရာ၌ဖြစ်စေ၊ မိမိတာဝန်နှင့် ပတ်သက်သည့် လျှော့နည်းချက်ရှိလျှင် စသည့်အရာများအားလုံး 'မုသွဖ်ဖွေဖီးန်'၌ ပါဝင်သည်။ ထို့နည်းတူစွာ အလုပ်သမားသည် မိမိအတွက် သတ်မှတ်ထားသော တာဝန်များ မကျေပွန်ပါက ဖော်ပြပါအချက်၌ ပါဝင်သည်။

ထို့နောက် မိန့်တော်မူသည်မှာ-

لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَا

အလိုသဘောမှာ ငါအသျှင်မြတ်သည် မည်သူ့ကိုမှ ၄င်း၏ ခံနိုင်ရည်စွမ်းအားထက် ပိုပြီး မည်သည့်အရာကိုမှ အမိန့်ပေး (ခိုင်းစေ) ထားခြင်းမရှိပေ။ အချို့ဆင့်ပြန်ချက်များမှ ၄င်း၏ အလိုသဘောကို တင်ပြထားသည်မှာ တစ်ဦးတစ်ယောက်သည် မိမိပြုနိုင်သမျှ အတိုင်းအတာအထိ ချိန်တွယ်တိုင်းထွာရာတွင် အပြည့်အဝ ချိန်တွယ်တိုင်းထွာသော်ငြားလည်း မထင်မှတ်ဘဲ အနည်းအကျဉ်း အပိုအလိုဖြစ်သွားမည်ဆိုလျှင် ခွင့်လွှတ်ချက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ အမှတ်မထင်ဖြစ်သွားခြင်းသည် မိမိ၏ လုပ်ပိုင်ခွင့်အတွင်း၌ မရှိခြင်းကြောင့် ဖြစ်သည်။ ထို့နောက် သဖ်စီးရ်မဇ္ဟရီ၌ ထိုဝါကျကို တိုးပြီး ရည်ညွှန်းမိန့်ဆိုထားသည်မှာ ပေးဆပ်ရာ၌ အသင် အနည်းငယ်မျှ ပိုပေးလိုက်ခြင်းသည် ပို၍ကောင်း၏။ သို့မှသာ လျှော့နည်းမည်ဟူသော ဒွိဟရှိမည်မဟုတ်တော့ပေ။ ပမာဆိုရသော် တမန်တော်မြတ် ﷺ သည် တစ်နေရာ၌ ချိန်တွယ်

နေသူတစ်ဦးအား မိန့်ကြားသည်မှာ အလိုသဘောမှာ 'ချိန်တွယ်ပါ။ ပိုသွားအောင် ချိန်တွယ်ပါ'ဟူ၏။ ထို့နောက် တမန်တော်မြတ် ﷺ ၏ ခလေ့တော်မှာလည်း တစ်ဦးတစ်ယောက်အား ပေးဆပ်ရန် ကိုယ်တော့် အပေါ် တာဝန်ရှိပါက ထိုအရာများကို ပေးဆပ်ချိန်တွင် ထိုသူ၏ ရပိုင်ခွင့်ထက် ပို၍ ပေးတော်မူခြင်းကို နှစ်သက်တော်မူ၏။ ထို့နောက် ဘိုခါရီကျမ်း၌ ဟဇရတ်ဂျာဗိရ် ﷺ ၏ ဆင့်ပြန်ချက်တစ်ပုဒ်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် အရောင်းအဝယ်လုပ်သည့်အချိန်၌ နူးညံ့သိမ်မွေ့ပြီး ရပိုင်ခွင့်ထက် ပို၍ ပေးမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အပေါ်သို့ 'ရဟ်မသ်' ကရုဏာပြုတော်မူမည်။ ထို့နောက် ဝယ်သည့်အခါလည်း နူးညံ့သိမ်မွေ့မှုရှိပြီး ရပိုင်ခွင့်ထက် ပိုယူခြင်းမရှိသည့် အပြင် အနည်းငယ်မျှ လျှော့နည်းခြင်းအပေါ်၌လည်း ယူရာ၌ သဘောတူညီမှု ရှိရမည်ဆိုလျှင် ထိုသူ့အပေါ်၌လည်း အသျှင်မြတ်၏ 'ရဟ်မသ်'တော်ရှိတော်မူ၏။

သို့သော် ဤအမိန့်သည် စာရိတ္တနှင့် ပတ်သက်၏။ ၎င်းမှာ ပေးရာ၌ ပိုပေးပြီး ယူရာ၌ လျှော့နေမည်ဆိုလျှင်လည်း ပြဿနာမလုပ်ရပေ။ ထိုသို့ လုပ်ကို လုပ်ရမည်ဟူ၍ ဥပဒေပြဋ္ဌာန်းထားခြင်းမျိုးမဟုတ်ပေ။ ယင်းအချက်အား ညွှန်ပြရန်အတွက် ကျမ်းတော်မြတ်မှ မိန့်တော်မူထားသည်မှာ ငါအသျှင်မြတ်သည် မည်သူ့ကိုမှ စွမ်းဆောင်နိုင်သည်ထက် ပိုပြီး တာဝန်မပေးချေ။ ဆိုလိုသည်မှာ အခြားသူအား ရပိုင်ခွင့်ထက် ပိုပေးပြီး အခြားသူထံမှ ရပိုင်ခွင့်ထက် လျှော့ယူရန် အတင်းအကြပ် ပြဋ္ဌာန်းထားခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူတိုင်း ထိုအချက်အပေါ် လိုက်နာရန် မလွယ်ကူပေ။

အငြမပြောက် ပညတ်ချက်မှာ တရားမျှတမှုရှိရန်ဖြစ်၍ ၎င်းနှင့် ဆန့်ကျင်ဘက်ပြုလုပ်လျှင် မပိုင်ခြင်း

မိန့်တော်မူထားသည်မှာ-

وَاِذَا قُلْتُمْ فَاعْدِلُوْا وَلَوْكَانَ ذَاقُرْبٰى

အလိုသဘောမှာ အသင်တို့ စကားပြောဆိုသည့်အခါ ရှေ့လူသည် မိမိဆွေမျိုးသားချင်းပင်ဖြစ်စေ၊ မှန်ကန်သည့် စကားများကိုသာ ပြောဆိုကြကုန်။ ဤနေရာ၌ သီးသန့်မိန့်ဆိုထားသော စကားမရှိပေ။ ထို့ကြောင့် သဖ်စီးရ်ပညာရှင်အများစုထံတွင် စကားတိုင်းကို ဆိုလိုခြင်းဖြစ်သည်ဟု ဆိုကြပေသည်။ ထိုစကားသည် ကိစ္စတစ်ခု၌ သက်သေထွက်ဆိုရသောအခါမျိုး၌ဖြစ်စေ၊ (သို့) တရားသူကြီးဘက်မှ ဆုံးဖြတ်သည့် စကားဖြစ်စေ၊ (သို့) အချင်းချင်း၌ ပြောဆိုသည့် စကားမျိုးဖြစ်စေ၊ အစရှိသည့် အရာအားလုံးတွင် ကျမ်းတော်မြတ်မှ မိန့်တော်မူထားသည်မှာ နေရာတိုင်း စကားတိုင်း၌ ပြောဆိုသည့်အခါ အမှန်တရားနှင့် တရားမျှတမှုကို သတိမူ၍ ပြောဆိုသင့်ပေသည်။ မည်သည့်အမှုတွင်မဆို သက်သေထွက်ဆိုခြင်း၌သော်လည်းကောင်း၊ (သို့) ဆုံးဖြတ်ရာတွင်လည်းကောင်း၊ အမှန်တရားနှင့် တရားမျှတမှုကို ဆောက်တည်ရမည်ဟူသော အလိုသဘောမှာ ပေါ်လွင်နေပေသည်။ ၎င်းမှာ သက်သေသည် မိမိအတိအကျ သိရှိထားသည့် အချက်အပေါ် တစ်လုံးတစ်ပါဒမျှ အပိုအလိုမရှိဘဲ သိရှိထားသည့်အတိုင်းကို ပွင့်ပွင့်လင်းလင်း ပြောဆိုလိုက်ရမည် ဖြစ်သည်။

ထိုသို့ ပြောဆိုရာ၌ မိမိဘက်မှ ဆုံးဖြတ်ချက်နှင့် ထင်မြင်ချက်များ မပါဝင်စေရပေ။ ထိုကဲ့သို့ အမှန်အတိုင်းကို ဖွင့်ဟပြောဆိုခြင်းကြောင့် မည်သူ့ကို အကျိုးဖြစ်ထွန်းစေမည်၊ မည်သူ့ကို နစ်နာစေမည်ဆိုသော အချက်ကို သောကမထားသင့်ပေ။ ထိုအနည်းအတိုင်း အမှုများကို ဆုံးဖြတ်မည်ဆိုလျှင် သက်သေများကို တရားတော်၏ စည်းမျဉ်းများနှင့်အညီ စမ်းစစ်ပြီးနောက်သော်လည်းကောင်း၊ သက်သေ၏ ထွက်ဆိုချက်ဖြင့် သော်လည်းကောင်း၊ ထို့နောက် အခြားအကြောင်းခံများနှင့်လည်း အခိုင်အမာ တည်ရှိရသည်ဆိုလျှင် ထိုအတိုင်းပင် ဆုံးဖြတ်လိုက်ရမည်။ သက်သေထွက်ဆိုချက်နှင့် ဆုံးဖြတ်ချက်နှစ်ခုစလုံးတွင် အမှန်တရားကို ပြောဆိုခြင်းမှ တားမြစ်သော မိတ်ဆွေနှင့် ချစ်ခင်သူဟူ၍ မရှိပေ။ ထိုနည်းတူစွာ ရန်သူဟူ၍လည်း မရှိပေ။ ထို့ကြောင့် ဤနေရာ၌ وَلَوْكَانَ ذَاقُرْبىٰ ဟူသော ဝါကျကို တိုးမြှင့်မိန့်တော်မူထားခြင်းပင် ဖြစ်သည်။ အလိုသဘောမှာ ကေန်အမှန် ထိုသူအနေနှင့် အမှုတစ်ခု၌ သက်သေထွက်ဆိုရမည်။ (သို့) ဆုံးဖြတ်ရမည်ဆိုလျှင် ရှေ့လူသည် အသင်တို့၏ ဆွေမျိုးသားချင်းဖြစ်လင့်ကစား အမှန်တရားနှင့် တရားမျှတမှုကို လက်မလွှတ်ဘဲ ဆုံးဖြတ် ရမည်ဖြစ်သည်။

ဤအာယသ်တော်၏ ရည်ရွယ်ချက်မှာ လိမ်ညာပြီး သက်သေထွက်ဆိုခြင်းနှင့် အမှန်တရားနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ခြင်းမှ တားမြစ်ထားပေသည်။ လိမ်ညာပြီး သက်သေထွက်ဆိုခြင်းနှင့် ပတ်သက်ပြီး အဗူဒါဝူးဒ်ကျမ်းနှင့် အိဗ်နေမာဂျာဟ်တွင် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ 'လိမ်ညာပြီး သက်သေထွက်ဆိုခြင်းသည် 'ရှရစ်က်'နှင့် တန်းတူဖြစ်သည်။ ယင်းမိန့်ကြားချက်ကို သုံးကြိမ် မိန့်တော်မူခဲ့သည်။ တစ်ဖန် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူ၏။

فَاجْتَنِبُوا الرِّجْسَ مِنَ الْاَوْثَانِ وَاجْتَنِبُوْا قَوْلَ الزُّوْرِ حُنَفَآءَ لِلّٰهِ

غَيْرَ مُشْرِكِيْنَ بِهٖ

အလိုသဘောမှာ ရုပ်တုများကို ကိုးကွယ်ခြင်း၏ မကောင်းသော ယုံကြည်ချက်များမှ ရှောင်ကြဉ်ကြကုန်။ ၄င်းနောက် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ကြကုန်။ အလ္လာဟ်အသျှင်မြတ်နှင့် မည်သူ့ကိုမှ တုပနှိုင်းယှဉ်ခြင်း မပြုလေနှင့်။ ထိုနည်းတူစွာ အမှန်တရားနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ချက်ချခြင်းနှင့် ပတ်သက်၍ အဗူဒါဝူးဒ်တွင် ဟဇရသ်ဗရိဒဟ် رضي الله عنه ၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ တရားသူကြီးသုံးမျိုးသုံးစား ရှိပေသည်။ ၄င်းတို့ထဲမှ တစ်ဦးသည် 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ရမည်။ ယင်းသည် အဖြစ်အပျက်၏ ဇစ်မြစ်ကို တရားတော်နှင့်အညီ အမှန်တရားကို သိရှိပြီး ယင်းနှင့်အညီ ဆုံးဖြတ်ခဲ့သည့်အတွက် ထိုသူသည် 'ဂျန္နသ်'အတွင်း ဝင်ရောက်ရမည်ဖြစ်သည်။ ဒုတိယလူမှာ 'ဂျဟန္နမ်'တွင်း ဝင်ရောက်ရမည်ဖြစ်သည်။ ၄င်းသူသည် စုံစမ်းစစ်ဆေးပြီး အမှန်တရားကို သိရှိသော်ငြားလည်း သိလျက်နှင့် ဆန့်ကျင်ဘက်ဆုံးဖြတ်ချက် ချမှတ်သည့်အတွက် 'ဂျဟန္နမ်'လားရမည်ဖြစ်သည်။ ထိုနည်းတူစွာ တတိယလူသည် ဇစ်မြစ်ကိုလည်း မသိ၊ (သို့) စုံစမ်းစစ်ဆေးရာ၌လည်းကောင်း၊ စဉ်းစား

တွေးတောရာ၌လည်းကောင်း၊ ပေါ့လျော့သည့်အတွက် ငွေအပြင် မသိဘဲနှင့် ဆုံးဖြတ်ချက် ချမှတ်လိုက်သည့်အတွက် 'ဂျဟာနမ်'သို့ လားရမည်ဖြစ်သည်။

ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များတွင် ထိုအကြောင်းအရာကိုပင် ပို၍ ရှင်းလင်းစွာနှင့် လေးနက်စွာ မိန့်တော်မူထားသည်မှာ သက်သေထွက်ဆိုရာနှင့် ဆုံးဖြတ်ချက်ပေးရာတွင် မိတ်ဆွေ၊ ဆွေမျိုးသားချင်း၊ ပတ်သက်ရာပတ်သက်ကြောင်းနှင့် ရန်သူ အစရှိသည်တို့အား အလျှဉ်းဂရုမမူသင့်ပေ။ တစ်နေရာ၌ မိန့်တော်မူသည်မှာ-

وَلَوْعَلٰى اَنْفُسِكُمْ اَوِالْوَالِدَيْنِ وَالْاَقْرَبِيْنَ

ဆိုလိုသည်မှာ အကြွင်စကားရပ်သည် မှန်ကန်ပါက ငွေးစကားရပ်ကို ပြောဆိုရာတွင် အသင်တို့ကိုယ်တိုင်နှင့်ဖြစ်စေ၊ အသင်တို့၏ မိဘများနှင့်ဖြစ်စေ၊ အသင်တို့၏ ဆွေမျိုးသားချင်းများနှင့်ဖြစ်စေ၊ ဆန့်ကျင်မှုဖြစ်နေပါကလည်း ငွေးစကားကို ပြောဆိုရန် မည်သည့်အရာမှ အတားအဆီး မဖြစ်သင့်ပေ။

ထိုနည်းတူစွာ အခြားအာယသ်တော်တစ်ခု၌ မိန့်တော်မူထားသည်မှာ-

وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰى اَلَّا تَعْدِلُوْا

အလိုသဘောမှာ အုပ်စုတစ်ခု၏ ရန်ငြိုးထားခြင်းသည် အသင်တို့အား တရားမျှတခြင်းနှင့် ဆန့်ကျင်၍ သက်သေထွက်ဆိုခြင်းနှင့် ဆုံးဖြတ်ချက်ပေးရန်အတွက် အသင့်မပြုလုပ်စေနှင့်။

သက်သေထွက်ဆိုခြင်းနှင့် ဆုံးဖြတ်ခြင်းမှအပ အချင်းချင်း ပြောဆိုရာတွင် အမှန်တရားနှင့် တရားမျှတမှုကို ဆောက်တည်ရမည်ဟူသော အလိုသဘောမှာ ယင်းနေရာမျိုး၌လည်း အလိမ်စကား မပြောဆိုရပေ။ အခြားသူ၏ အတင်းလည်း မပြောလေနှင့်။ အခြားသူများကို ဒုက္ခ၊ အခက်အခဲ (သို့) ထိခိုက်စေမည့် စကားမျိုး မပြောဆိုရပေ။ အခြားသူအား အသက်နှင့် ဥစ္စာပစ္စည်း ဆုံးရှုံးစေမည့် စကားများ မပြောဆိုရပေ။

နဝမမြောက်အမိန့်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ပြုထားသော ကတိစဝန်ချက်များအပေါ် အပြည့်အဝ လိုက်နာခြင်းမရှိဘဲ ကတိပျက်ခြင်းသည် 'ဟရာမ်' ဖြစ်ခြင်း

နဝမမြောက်အမိန့်နှင့် ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော အမိန့်များအပေါ် လိုက်နာရန်နှင့် ကတိပျက်ခြင်းမှ ရှောင်ကြဉ်ရန် မိန့်တော်မူထားပေသည်။

وَبِعَهْدِاللّٰهِ اَوْفُوْا

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော ကတိများအပေါ် လိုက်နာကြကုန်။ အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော ကတိဆိုရာ၌ ထိုကတိများလည်း ဖြစ်နိုင်ပေသည်။ အကြွင်ကတိများကို ဝိညာဉ်လောက၌ လူတိုင်းနှင့် ပြုထားသော ကတိဖြစ်သည်။ ယင်း၌ လူတိုင်းကို မိန့်ကြားသည်မှာ-

اَلَسْتُ بِرَبِّكُمْ

ငါအသျှင်မြတ်သည် အသင်တို့၏ အသျှင်သခင် မဟုတ်ပါလော။ ထိုအခါ အားလုံး بَلٰى ဟူ၍ ဖြေကြားခဲ့ပေသည်။ အလိုသဘောမှာ မုချကေန် အသျှင်မြတ်သာလျှင် ကျွန်ုပ်တို့၏ မွေးမြူဖန်ဆင်းရှင် ဖြစ်တော်မူပါ၏။ ထိုကတိ၏ အနှစ်သာရမှာ မွေးမြူဖန်ဆင်းရှင်၏ မည်သည့်အမိန့်ကိုမှ မဖီဆန်ရန် ဖြစ်သည်။ ယင်းကတိကို အလုပ်အားလုံးထက် ဦးစားပေးရမည်ဖြစ်ပြီး အရေးကြီးသည်ဟု မှတ်ယူရမည်။ တားမြစ်ထားသော အရာများ၏ အနားပင် မသွားကြလေနှင့်။ သံသယရှိသော အရာများမှ ရှောင်ကြဉ်လျက်နေရမည်။ ထိုကတိ၏ အနှစ်ချုပ်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်များကို အပြည့်အဝလိုက်နာရန်ဖြစ်သည်။

၄င်းနောက် ဖြစ်နိုင်ချေရှိသော ကတိများမှာ ကျမ်းတော်မြတ်၏ နေရာအသီးသီး၌ အထူးတလည် မိန့်ကြားထားသော ကတိများလည်း ဖြစ်နိုင်ပေသည်။ ယင်းနေရာများထဲမှ ယခု အသင်တို့ရှေ့မှောက်တွင် ရှိသော သုံးအာယသ်တော်၏ အကျယ်တဝင့်လည်း ပါဝင်သည်။ (၄င်းအကျယ်တဝင့်တွင် အမိန့်များဆယ်ခုကို လေးလေးနက်နက် တင်ပြမိန့်တော်မူထားပေသည်။) ပညာရှင်များမှ မိန့်တော်မူထားသည်မှာ ထိုကတိတော်များတွင် 'နဇရ်'ကိုးခြင်းများကို ဖြည့်ဆည်းရန်လည်း ပါဝင်ပေသည်။ ၄င်းမှာ လူသားသည် မိမိဘက်မှ အလ္လာဟ်အသျှင်မြတ်နှင့် ကတိပြုခြင်းဖြစ်သည်။ ၄င်းမှာ ထိုအလုပ်ကို ပြုလုပ်မည် (သို့) မပြုလုပ်မည်ဟူ၍ ကတိပြုခြင်းဖြစ်သည်။ ကျမ်းတော်မြတ်တွင် ယင်းနှင့်စပ်လျဉ်း၍ အခြားတစ်နေရာ၌ အတိအလင်း တင်ပြထားပေသည်။

يُوْفُوْنَ بِالنَّذْرِ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကောင်းသော ဗန္ဒာဟ်များသည် 'နဇရ်'ကိုးခြင်းများကို အပြည့်အဝ ဆောင်ရွက်ကြသည်။ အနှစ်ချုပ်ဆိုရသော် ဤနဝမအကြိမ်မြောက်အမိန့်သည် အရေးအတွက်အရ နဝမအကြိမ်ဖြစ်သည်။ သို့သော် ကေန်အမှန် ၄င်းအမိန့်သည် တရားတော်မှ ပညတ်ထားသော ပြုလုပ်ရန် အရေးကြီးသည့် အရာများနှင့် တားမြစ်ထားသော အရာများအားလုံးအပေါ် လွှမ်းမိုးလျက်ရှိသည်။

ဤဒုတိယအာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

ذٰلِكُمْ وَصّٰكُمْ بِهٖ لَعَلَّكُمْ تَذَكَّرُوْنَ

အလိုသဘောမှာ ထိုအလုပ်များကို အသင်တို့ မှတ်သားထားရန်အတွက် အလ္လာဟ်အသျှင်မြတ်မှ အလေးအနက် မိန့်တော်မူထားပေသည်။

တတိယမြောက် အာယသ်တော်တွင် ဒသမမြောက် အမိန့်တော်ကို တင်ပြထားပေသည်။

وَاَنَّ هٰذَا صِرَاطِىْ مُسْتَقِيْمًا فَاتَّبِعُوْهُ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ

အလိုသဘောမှာ ဤမိုဟမ္မဒ် ﷺ ၏ သာသနာတော်သည် ငါအသျှင်မြတ်၏ ဖြောင့်မတ်သောလမ်း ဖြစ်သည်။ သို့ရှိရာ ထိုလမ်းပေါ်သို့ လျှောက်လှမ်းကြကုန်။ အခြားလမ်းများအပေါ်၌ မလျှောက်လှမ်းကြလေနှင့်။ ယင်းလမ်းများသည် အသျှင်မြတ်၏ လမ်းနှင့် အသင်တို့အား ဝေးအောင် ပြုလုပ်လိမ့်မည်ဖြစ်သည်။

ထိုဝါကျတွင် هٰذَا ဆိုသော စာလုံး၏ ညွှန်းချက်မှာ အစ္စလာမ်သာသနာတော် (သို့) ကျမ်းတော်မြတ် ဖြစ်သည်။ ၎င်းနောက် စူရာဟ်အန်အာမ်ဘက်သို့ ညွှန်ပြနေသည်မှာလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဤစူရာဟ်တွင် သာသနာတော်၏ အခြေခံစည်းမျဉ်းအပြည့်အစုံနှင့် 'သောင်ဟီးဒ်'၊ 'ရေစာလသ်' တရားတော်၏ အခြေခံပညတ်ချက်များကို တင်ပြထားပေသည်။ ၎င်းနောက် مستقيم ဆိုသည်မှာ သာသနာ တော်ရှိ ထိုလမ်း၏ ဂုဏ်ဒြပ်ဖြစ်သည်။ ယင်းလမ်းပေါ်၌ရှိရန် အစ္စလာမ်သာသနာအတွက် အရေးကြီး၏။ ၎င်းနောက် ဆက်လက်မိန့်တော်မူသည်မှာ فاتبعوه အလိုသဘောမှာ ဤအစ္စလာမ်သာသနာတော်သည် ငါအသျှင်မြတ်၏ လမ်းဖြစ်ကြောင်းကို သိရှိရပြီးလျှင် ယခု ပန်းတိုင်သို့ရောက်မည့် လမ်းရရှိသွားပြီးဖြစ် သောကြောင့် ယင်းလမ်းပေါ်၌သာ လျှောက်လှမ်းကြကုန်။

တစ်ဖန် မိန့်တော်မူသည်မှာ-

وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيلِهِ

ဟူ၍ ဖြစ်သည်။ سُبُلُ စာလုံးသည် سبيل စာလုံး၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်မှာ လမ်းဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ထံ ရောက်ရှိနိုင်ပြီး ထိုအသျှင်မြတ်၏ သဘောတူ နှစ်သက်မှုကို ရယူနိုင်သောလမ်းဖြစ်သည်။ သို့သော် လောကတွင် လူများသည် မိမိတို့၏ အတွေးအခေါ် များဖြင့် လမ်းအသီးသီးကို ဖန်တီးထားကြသည်။ အသင်တို့သည် ထိုလမ်းမှအပ အခြားမည်သည့်လမ်းမှ မလျှောက်လှမ်းကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ယင်းလမ်းများသည် ကေန်အမှန် အလ္လာဟ်အသျှင်မြတ် အထိ မရောက်နိုင်သည့် လမ်းဖြစ်သည်။ ထို့ကြောင့် အကြင်လမ်းများအပေါ်၌ လျှောက်လှမ်းလိုက်မည် ဆိုလျှင် ထိုလမ်းများသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းမှ ဝေးကွာသွားမည်ဖြစ်သည်။

'သဖ်စီးရ်မဇ္ဇဟရီ'၌ မိန့်ဆိုထားသည်မှာ ကျမ်းတော်မြတ် ကျရောက်ခြင်းနှင့် တမန်တော်မြတ် ﷺ အား စေလွှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူများသည် မိမိတို့၏ အတွေးအခေါ်များ၊ မိမိတို့၏ ဆန္ဒများနှင့် အစီအစဉ်များကို ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များအပေါ် လိုက်နာစေရန်ဖြစ်သည်။ မိမိတို့၏ ဘဝ သက်တမ်းကို ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များမှ ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။ သို့သော် ယခု ဖြစ်ရှိနေသည်မှာ လူများသည် ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များကို မိမိတို့၏ အတွေးအခေါ်များ နှင့် အစီအစဉ်များ၏ ပုံစံခွက်တွင်း သွပ်သွင်းရန် ကြိုးပမ်းနေကြသည်။ အာယသ်တော်များနှင့် ဟဒီးစ်တော် များသည် မိမိ၏ ဆန္ဒနှင့် ဆန့်ကျင်ဘက် မြင်တွေ့ရပါက ထိုအာယသ်တော်များနှင့် ဟဒီးစ်တော်များကို အမျိုးမျိုး သုံးသပ်ပြီး မိမိတို့ဆန္ဒနှင့်အညီဖြစ်အောင် ဖန်တီးပြုလုပ်လိုက်ကြသည်။ ဤနေရာမှစပြီး အခြား လမ်းမှားစေသည့် လမ်းများပေါ်ထွန်းလာပေသည်။ ထိုလမ်းများသည် 'ဗိဒ်အသ်'နှင့် သံသယများ၏ လမ်း များပင် ဖြစ်သည်။ ယင်းလမ်းမှားမှ ရှောင်ကြဉ်ရန်အတွက် ဤအာယသ်တော်၌ လမ်းညွှန်ထားပေသည်။

မွစ်နဒေဒါရေမီတွင် ဟဇရေသ် အဗ်ဒွလ္လာဟ် အိဗ်နေ မတ်စ်အူးဒ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တစ်ခါက တမန်တော်မြတ် ﷺ သည် မျဉ်းကြောင်းတစ်ကြောင်းဆွဲပြီး မိန့်တော်မူ သည်မှာ ဤသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းဖြစ်သည်။ တစ်ဖန် ၎င်းမျဉ်းကြောင်း၏ ဘယ်၊ ညာ နှစ်ဖက်၌ မျဉ်းကြောင်းများဆွဲပြီး မိန့်တော်မူထားသည်မှာ ဤသည် سُبُلَ (လမ်းများ) ဖြစ်သည်။ ဆိုလို သည်မှာ ထိုလမ်းများအပေါ် လျှောက်လှမ်းခြင်းအား ဤအာယသ်တော်မှ တားမြစ်ထားသည်။ ထိုလမ်းများ၏ လမ်းတိုင်းတွင် ရှိုက်သွာန်က လွှမ်းမိုးလျက်ရှိသည်။ ယင်းရှိုက်သွာန်သည် လူများကို လမ်းမှန်တရားမှ ဖယ်ထုတ်ပြီး မိမိဘက်သို့ ခေါ်ဆောင်လေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် အထောက်အထား ဖြင့် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူခဲ့သည်။ အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူသည်မှာ-

ذَالِكُمْ وَصّٰكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာနှင့် ပတ်သက်ပြီး အသင်တို့ ရှောင်ကြဉ်နိုင်ရန် အတွက် လေးလေးနက်နက် မိန့်ကြားတော်မူထားပေသည်။

ဖော်ပြပါအာယသ်တော်သုံးအာယသ်၏ အကျယ်ဖွင့်ဆိုချက်နှင့် ယင်းအာယသ်တော်များ၌ တင်ပြ ထားသော အခြေခံစည်းမျဉ်း (၁၀) ချက်ကိုလည်း တင်ပြခဲ့ပြီးဖြစ်သည်။ နောက်ဆုံးတွင် ကျမ်းတော်မြတ်၏ တင်ပြခဲ့သော ပုံစံအပေါ် တစေ့တစောင်း ကြည့်မည်ဆိုလျှင် ဤနေရာ၌ အမိန့်ပညတ်ချက် (၁၀) ချက်ကို တင်ပြခဲ့ပေသည်။ ထိုအမိန့်များကို ယနေ့ခေတ်၏ ဥပဒေကျမ်းများကဲ့သို့ ပုဒ်မပေါင်း (၁၀) ချက်ဟူ၍ မရေးသားခဲ့ချေ။ သို့သာမက ပထမအမိန့် (၅) ချက်ကို တင်ပြပြီးသည့်နောက် မိန့်တော်မူသည်မှာ

ذَالِكُمْ وَصّٰكُمْ بِهٖ لَعَلَّكُمْ تَعْقِلُوْنَ

ဟူ၍ ဖြစ်သည်။ ၎င်းနောက် တစ်ဖန် အမိန့် (၄) ချက်ကို ထပ်မံတင်ပြပြီးနောက် ထိုဝါကျကိုပင်လျှင် အနည်းငယ်မျှ ခြားနားပြီး တင်ပြထားသည်မှာ تعقلون စာလုံးအစား تذكّرون ဟူ၍ သုံးနှုန်းထားပေသည်။ တစ်ဖန် နောက်ဆုံးအမိန့်တစ်ချက်ကို သီးသန့်တစ်အာယသ်တွင် တင်ပြထားပြီး ထပ်မံ၍ ထိုဝါကျကိုပင်လျှင် အနည်းငယ်ခြားနားကာ تذكّرون စာလုံးအစား تتّقون စာလုံးကို သုံးနှုန်းထားပေသည်။

ကျမ်းတော်မြတ်၌ ထိုသို့ ခြားနားစွာ သုံးစွဲတင်ပြထားရာ၌ ဆင်ခြင်တုံတရားများစွာ ရှိပေသည်။ ကျမ်းတော်မြတ်သည် လောကီဥပဒေများကဲ့သို့ အာဏာရှင်များ၏ အာဏာဆန်သော ဥပဒေများ မဟုတ်သည့် အပြင် အုပ်ထိန်းသူဆန်သော ဥပဒေများပင်ဖြစ်ပေသည်။ ထို့ကြောင့် ဥပဒေတိုင်းနှင့်အတူ ယင်းဥပဒေများပေါ် လိုက်နာရန် လွယ်ကူမှုရှိစေရန်အတွက် နည်းလမ်းများကိုလည်း တင်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်ကို သိခြင်းနှင့် တမလွန်၏ သောကသာလျှင် လူသားကို ဥပဒေများအပေါ် တစ်ဦးတစ်ယောက်တည်း ရှိနေသော အချိန်၌သော်လည်းကောင်း၊ အများသူငှာနှင့် ရောနှော၍နေသော အချိန်၌သော်လည်းကောင်း လိုက်နာရန်

စေနိုင်းသောအရာပင် ဖြစ်ချေသည်။ ထို့ကြောင့် အာယသ်တော်သုံးပိုဒ်နောက်ပိုင်းတွင် ဤကဲ့သို့သော ဝါကျကို တင်ပြထားခြင်း ဖြစ်သည်။ ယင်းဝါကျကြောင့် လူသားသည် လောကီဘက်သို့ ဦးတည်နေခြင်းမှလွဲပြီး အလ္လာဟ်အသျှင် မြတ်ဘက်သို့ ဦးတည်ကြမည်ဖြစ်သည်။

ပထမအာယသ်တော်တွင် အမိန့် (၅) ချက် တင်ပြထားပေသည်။ ၎င်းတို့မှာ-

(၁) တုပနိုင်းယှဉ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) မိဘများ၏ အမိန့်ဖီဆန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) သားသမီးများအား သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၄) အရှက်မဲ့သော လုပ်ရပ်များမှ ရှောင်ကြဉ်ခြင်း၊
(၅) သူတစ်ပါးအား မတရားသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်ပါသည်။

ယင်းအမိန့် (၅) ချက်ကို တင်ပြပြီးနောက် تَعْقِلُوْنَ ဟူသော စာလုံးကို သုံးနှုန်းမိန့်ဆိုထားသည်။ အဘယ်ကြောင့် ဆိုသော် အမှောင်ခေတ်၌ လူများသည် ဖော်ပြပါ ဖြစ်မှုများကို အပြစ်ဟူ၍ပင် မထင်မှတ်ကြချေ။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ ဘိုး၊ ဘေးများ၏ ဓလေ့များနှင့် အတွေးအခေါ်များကို စွန့်လွှတ်ပြီး အသိဉာဏ်ကို အသုံးချကြကုန်။

တစ်ဖန် ဒုတိယအာယသ်တော်တွင် အမိန့် (၄) ချက်ကို တင်ပြထားပေသည်။ ၎င်းတို့မှာ-

(၁) ဖတာဆိုးများ၏ ဥစ္စာပစ္စည်းများကို မတရားစားခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) တိုင်းထွာချိန်တွယ်ရာ၌ လျှော့နည်းခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊
(၃) ပြောဆိုရာ၌ မှန်သောစကားကို ပြောဆိုခြင်း၊
(၄) အလ္လာဟ်အသျှင်မြတ်နှင့် ထားရှိသော ကတိကို ဖြည့်ဆည်းခြင်း တို့ဖြစ်သည်။

ဖော်ပြပါအချက်များသည် အရေးကြီးသည့် အချက်များဖြစ်ကြောင်းကို အသိဉာဏ်မဲ့သူများပင် သိရှိကြပေသည်။ ယင်းအချက်အပေါ် အချို့သူများလည်း လိုက်နာကြပြီး အများစုမှာ မေ့လျော့နေကြသည်။

ထိုမေ့လျော့ခြင်းအား تذكر ဖြင့် ကုစားထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် တမလွန်အား သတိရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်တွင် နောက်ဆုံး၌ تذكرون ဟူသော စာလုံးကို သုံးနှုန်းမိန့်ဆိုထားသည်။

တတိယအာယသ်တော်တွင် ဖြောင့်မတ်မှန်ကန်သော လမ်းကို ရွေးချယ်ရန်နှင့် ယင်းနှင့် ဆန့်ကျင်ဘက်လုပ်ပြီး အခြားလမ်းများမှ ရှောင်ကြဉ်ရန် လမ်းညွှန်ထားပေသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်သာလျှင် လူသားကို မိမိအတွေးအခေါ်နှင့် ဆန္ဒများမှ ရှောင်ကြဉ်ရန် မှန်ကန်သည့် အကြောင်းခံတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ နောက်ဆုံးတွင် لَعَلَّكُمْ تَتَّقُوْنَ ဟူ၍ မိန့်တော်မူထားသည်။

၄င်းနောက် သုံးနေရာစလုံးတွင် وصيت စာလုံးတွင် သုံးနှုန်းထားပေသည်။ ယင်းစာလုံးသည် လေးနက်သည့် မိန့်ကြားချက်၌ သုံးနှုန်းရပေသည်။ ထို့ကြောင့် အချို့ဆွဟာဗာများမှ မိန့်တော်မူထားသည်မှာ အကြင် မည်သူမဆို တမန်တော်မြတ် ﷺ ၏ တံဆိပ်တုံးရိုက်နှိပ်ထားသော သေတမ်းစာကို ကြည့်ရှုလိုပါက ဖော်ပြပါ အာယသ်တော် သုံးပိုဒ်ကို ဖတ်ရှုတ်ပါလေ။

◆◆◆◆◆◆◆◆◆◆◆◆◆◆

ثُمَّ اٰتَیْنَا مُوْسَى الْكِتٰبَ تَمَامًا عَلَى الَّذِیْۤ اَحْسَنَ وَتَفْصِیْلًا لِّكُلِّ شَیْءٍ وَّهُدًى وَّرَحْمَةً لَّعَلَّهُمْ بِلِقَآءِ رَبِّهِمْ یُؤْمِنُوْنَ ﴿۱۵۴﴾

၆ : ၁၅၅ ။ ။ တစ်ဖန် (အသင် ပြောကြားပါလေ။) ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား (သောင်ရာသ်) ကျမ်းဂန်ကို ကောင်းမြတ်စွာ လိုက်နာကျင့်သုံးသူအဖို့ ပြည့်စုံစေသော ကျေးဇူးတော်အဖြစ်လည်းကောင်း၊ အလုံးစုံသော အရာများကို ရှင်းလင်းဖော်ပြသော (ကျမ်းဂန်) အဖြစ်လည်းကောင်း၊ တရားလမ်းမှန်ကို ညွှန်ပြသော (တရားတော်) အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ (ယင်းသို့ ချပေးသနားတော်မူခြင်းမှာ ထိုမူစာ၏ အမျိုးသားတို့သည်) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို ယုံကြည်ကြစေရန်အတွက် ဖြစ်သည်။

وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ فَاتَّبِعُوْهُ وَاتَّقُوْا لَعَلَّكُمْ تُرْحَمُوْنَ ﴿۱۵۵﴾

၆ : ၁၅၆ ။ ။ ထို့နည်းတူစွာ ဤသည် ငါအသျှင်မြတ် ချပေးတော်မူသော ကျမ်းမြတ် (ကုရ်အာန်) ဖြစ်သည်။ (ယင်းကျမ်းမြတ်သည်) ကောင်းချီးမင်္ဂလာ (အဖြာဖြာ) တို့နှင့် ပြည့်စုံသော ကျမ်းမြတ်ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းကျမ်းမြတ် (၏ ညွှန်ကြားချက်တို့) ကို လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် (ယင်းကျမ်းမြတ်၌ တားမြစ်ထားသော အမှုကိစ္စတို့မှလည်း) ရှောင်ကြဉ်ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏) ကရုဏာပြုတော်မူခြင်းကို ခံစားနိုင်ကြပေမည်။

اَنْ تَقُوْلُوْۤا اِنَّمَاۤ اُنْزِلَ الْكِتٰبُ عَلٰى طَآئِفَتَیْنِ مِنْ قَبْلِنَا ۪ وَاِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِیْنَ ﴿۱۵۶﴾

၆ : ၁၅၇ ။ ။ အသင်တို့က ('ကေယာမသ်'နေ့တွင်) 'ကျွန်တော်မျိုးတို့အလျှင် ရှိခဲ့ကြသော (ယဟူဒီနှင့် ခရစ်ယာန်) အုပ်စုနှစ်စုအပေါ်၌သာလျှင် ကျမ်းဂန်များ ကျရောက်လာလေသည်။ ကျွန်တော်မျိုးတို့မှာမူ ၄င်းတို့ ဖတ်ကြားလေ့လာသည် (များ) ကို (လည်း) မသိနားမလည်ခဲ့ကြချေ' ဟူ၍ မပြောဆိုနိုင်ကြရန် (ငါအသျှင်မြတ်သည် ဤကျမ်းမြတ်ကို ချပေးသနားတော်မူခဲ့လေသည်။)

أَوْ تَقُولُوا
لَوْ أَنَّا أُنزِلَ عَلَيْنَا الْكِتَٰبُ لَكُنَّا أَهْدَىٰ مِنْهُمْ ۚ فَقَدْ
جَاءَكُم بَيِّنَةٌ مِّن رَّبِّكُمْ وَهُدًى وَرَحْمَةٌ ۚ فَمَنْ أَظْلَمُ
مِمَّن كَذَّبَ بِـَٔايَٰتِ اللَّهِ وَصَدَفَ عَنْهَا ۗ سَنَجْزِي الَّذِينَ
يَصْدِفُونَ عَنْ ءَايَٰتِنَا سُوءَ الْعَذَابِ بِمَا كَانُوا يَصْدِفُونَ ﴿١٥٧﴾

၆ : ၁၅၇ ။ ။ (သို့တည်းမဟုတ်) ဤလောကတွင်လည်း အသင်တို့က 'အကယ်၍သာ ကျမ်းဂန်တော်သည် ကျွန်တော်မျိုးတို့ထံ ကျရောက်ခဲ့ပါမူ မုချဧကန် ကျွန်တော်မျိုးတို့သည် ၎င်း (မုအ်မင်န်) တို့ထက် ပိုမို၍ လမ်းမှန်ကို ရရှိသူများပင် ဖြစ်ကြပါမည်'ဟူ၍ မပြောဆိုနိုင်ကြရန် (ဤကျမ်းတော်မြတ်ကို ငါအသျှင်မြတ်သည် ချပေးတော်မူခဲ့ခြင်း) ဖြစ်သည်။ သို့ဖြစ်ပေရာ ယခုမူ အသင်တို့ထံ အသင်တို့၏ အသျှင်မြတ်ထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာသည်လည်းကောင်း၊ တရားလမ်းမှန် ညွှန်ကြားချက်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ရောက်ရှိလာခဲ့လေပြီ။ သို့ပါ၍ အကြင်သူထက် ပိုမို၍ မတရားသောသူသည် မည်သူရှိပါသနည်း။ ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာများကို (မိမိကိုယ်တိုင်) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ရုံသာမက (အခြားသူတို့အားလည်း) ထိုသက်သေလက္ခဏာများ (ကို ယုံကြည်ခြင်း) မှ တားမြစ်လေသည်။ မကြာမြင့်မီ ငါအသျှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာတော်များ (ကို ယုံကြည်ခြင်း) မှ တားမြစ်သောသူတို့အား ၎င်းသူတို့၏ တားမြစ်မှုအတွက် အလွန်ဆိုးဝါးသော ပြစ်ဒဏ်ကို အစားပေးတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တစ်ဖန် မှားယွင်းသည့် ရှရစ်ကလုပ်ရပ်များအကြောင်းကို တင်ပြပြီးသည့်နောက် ငါအသျှင်မြတ်သည် 'နဗူဝသ်'နှင့်ပတ်သက်ပြီး ပြောဆိုမည်ဖြစ်သည်။ အကြောင်းမူကား ငါအသျှင်မြတ်သည် အသင်တစ်ဦးတည်းကိုသာလျှင် နဗီအဖြစ်ဖန်ဆင်းတော်မူခြင်း မဟုတ်ပေ။ ယင်းအချက်အပေါ်သာလျှင် အကြင်သူများအနေနှင့် ဆူညံပူညံ ပြုခဲ့ကြပေသည်။ သို့သာမက အသင့်အလျှင် ငါအသျှင်မြတ်သည် မူစာ ﷺ ကို နဗီအဖြစ် စေလွှတ်၍ 'သောင်ရားသ်'ကျမ်းကို ချီးမြှင့်ခဲ့ပေသည်။ ယင်းကျမ်းအပေါ် ကောင်းစွာ ကျင့်သုံးသူများအပေါ် ငါအသျှင်မြတ်၏ စည်းစိမ်များ ဖြည့်ဆည်းပေးတော်မူပြီး လက်ခံသူများအပေါ် 'ရဟ်မသ်' ဖြစ်စေတော်မူသည်။ ငါအသျှင်မြတ်သည် ထို ဂုဏ်ဒြပ်ရှိသော ကျမ်းစာအုပ်ကိုပေးရခြင်း၏ အကြောင်းမှာ ဗနီအိစ္စရာအီလ်များအနေနှင့် မိမိအသျှင်မြတ်နှင့် တွေ့ဆုံခဲ့ရခြင်းအပေါ် ယုံကြည်လာရန်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ဆုံတွေ့ရမည်ဟူသော ယုံကြည်ချက်နှင့် အမိန့်များအပေါ် လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ ၎င်းနောက် ထိုနဗီနှင့် 'အင်န်ဂျီလ်'ကျမ်း၏ ခေတ်ကုန်ဆုံးပြီးနောက် ဤကျမ်းတော်မြတ်ကုရ်အာန်အား

ငါ့အသျှင်မြတ်သည် အသင်ကိုယ်တော်ထံ ပို့ချပေးတော်မူခဲ့သည်။ ယင်းကျမ်းတော်မြတ်သည် ကောင်းချီးမင်္ဂလာများနှင့် မင်္ဂလာရှိသော ကျမ်းတစ်ဆူဖြစ်သောကြောင့် ထိုကျမ်းတော်မြတ် နောက်လိုက်ကြကုန်။ ထိုကျမ်းတော်မြတ်နှင့် ဆန့်ကျင်ဘက်ပြုရာ၌ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ သို့မှသာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ 'ရဟ်မသ်'တော်များ ကျရောက်ပါမည်။

၎င်းနောက် ငါ့အသျှင်မြတ်မှ ဤကျမ်းတော်မြတ်ကို ပို့ချပေးရခြင်း၏ အကြောင်းမှာ အသင်တို့အနေနှင့် 'ကေယာမသ်'နေ့တွင် ဤကျမ်းတော်မြတ် မကျရောက်ရခြင်းကြောင့် ဗီဆန်ခြင်းနှင့် တုပန္နိင်းယှဉ်ခြင်းအတွက် ပြစ်ဒဏ်ခံစားရသည့်အခါတွင် ပြောဆိုကြမည်မှာ ကောင်းကင်ကျကျမ်းများသည် ကျွန်ုပ်တို့အလျင် ယဟူဒီနှင့် အီစာအီအုပ်စုနှစ်စုအပေါ် ကျရောက်ခဲ့ပြီးဖြစ်သည်။ ယင်းကျမ်းတော်များအား ကျွန်ုပ်တို့အနေနှင့် 'သောင်ဟီးဒ်'၏ စစ်မှန်မှုကို မသိရှိခဲ့ရပေ။ (သို့) ရှေးယခင် အီမာန်ရှင်များကို စဝါးဇ်ရှိသည့်အခါ ထိုသူများသည် ပြောဆိုကြမည်မှာ အကယ်၍ ကျွန်ုပ်တို့အပေါ် ကျမ်းဂန်တစ်ဆူ ကျရောက်လာမည်ဆိုလျှင် ကျွန်ုပ်တို့လည်း ထိုရှေးယခင် အီမာန်ရှင်များထက် ပို၍ လမ်းမှန်တရားပေါ်၌ ရှိမည်ဖြစ်သည်။ ၎င်းနောက် ယုံကြည်ချက်များနှင့် ကျင့်ကြံသည့်အပိုင်းမှာလည်း ထိုသူများထက် ပို၍ ပြည့်ဝမှုကို ရရှိပြီး စဝါးဇ်နှင့် ထိုက်တန်သူဖြစ်မည်ဖြစ်သည်။ သို့ရှိရာ ယခု အသင်တို့အနေနှင့် မှတ်သားထားရမည်မှာ အသင်တို့ထံ မည်သည့်အကြောင်းခံမှ မရှိတော့ပေ။ အသင်တို့ထံလည်း အသင်တို့၏ အသျှင်မြတ်ထံမှ အမိန့်ပညတ်ချက်များကို အတိအလင်း တင်ပြထားသော ကျမ်းတစ်ဆူကို ပို့ချပေးခဲ့ပြီးဖြစ်သည်။ အကြင်ကျမ်းသည် လမ်းပြသဖွယ်ဖြစ်သည်။ အသျှင်မြတ်၏ 'ရဟ်မသ်'လည်း ကျရောက်ခဲ့ပြီးဖြစ်သည်။ သို့ရှိရာ ဤကဲ့သို့ ပြည့်စုံကုံလုံလှသည့် ကျမ်းတစ်ဆူ ကျရောက်ခဲ့ပြီးနောက် အကြင်သူသည် ငါ့အသျှင်မြတ်၏ ထိုအာယသ်တော်များကို လိမ်လည်ပြောဆိုမည်ဆိုလျှင် ၎င်းသူထက် ပို၍ မတရားသောသူ ရှိမည်မဟုတ်တော့ပေ။ ၎င်းနောက် အခြားသူများကိုလည်း ထိုကျမ်းတော်မြတ်နောက်လိုက်ခြင်းမှ တားဆီးမည်ဆိုလျှင် ငါ့အသျှင်မြတ်သည် တမလွန်တွင် ငါ့အသျှင်မြတ်၏ အာယသ်တော်များမှ တားဆီးသောသူကို ထိုသို့ တားဆီးခြင်းကြောင့် ပြင်းထန်သည့် ပြစ်ဒဏ်ပေးတော်မူမည်။ ယင်းပြင်းထန်မှုသည် ထိုတားဆီးခြင်းထက် ပိုမည်။ (သို့မဟုတ်ပါက) လိမ်လည်ခြင်းအတွက် ဒဏ်စတ် ခြင်းခံရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

မေ့လျော့ရခြင်းအကြောင်းမှာ 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းသည် အာရဗီအဘိဓါန်၌ မဟုတ်ခြင်းကြောင့် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အဓိပ္ပာယ်ဖြင့် အကြောင်းအရာများကို မုချ သိရှိနိုင်ပေသည်။ သို့သာမက အကြောင်းခံမှာ ဤသို့ဖြစ်ပေသည်။ ၎င်းမှာ ကျမ်းရထားသောသူများသည် အာရဗီများ၏ သင်ကြားမှုနှင့် 'သောင်ဟီးဒ်'အပေါ် တစ်စိုက်မတ်မတ် မရှိခဲ့ကြပေ။ မမျှော်လင့်ဘဲ ရုတ်တရက် 'သောင်ဟီးဒ်'နှင့် ပတ်သက်သည့် အကြောင်းအရာတစ်ခုခု ကြားမိခြင်းသည် များသောအားဖြင့် သတိမူရာ၌ ထိရောက်မှု

နည်းပါးလှပေသည်။ သို့ရှိရာ ထိုမျှမက သတိမူခြင်းအပေါ် 'သောင်ဟီးဒ်'အား ရှာဖွေခြင်းနှင့် တွေးခေါ်ခြင်းသည် ထိုသူ့အပေါ် 'ဝါဂျိဗ်'ဖြစ်သွားပေသည်။ ယင်းအချက်အပေါ် မူတည်၍ 'သောင်ဟီးဒ်'အား စွန့်လွှတ်ခြင်းအပေါ် 'အဇားဗ်'ခံရနိုင်ပေသည်။ ထို့အတွက်ကြောင့် တမန်တော်မူစာနှင့် တမန်တော်အိစာ ﷺ အား စေလွှတ်ခြင်းအပေါ် စောဒကတက်နိုင်ဖွယ် အလျဉ်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် 'သောင်ဟီးဒ်'၏ အခြေခံတရားများနှင့် ဆင့်ပွားပညတ်ချက်များ ပြန့်ပွားရန်အတွက် တမန်တော်မြတ် ﷺ ကို အထူးသဖြင့် စေလွှတ်ခဲ့ခြင်း ဖြစ်ပေသည်။ (သို့မဟုတ်ပါက) နဗီအပေါင်း၏ နောက်လိုက်ရန် အဖန်ဆင်းခံများအားလုံးအပေါ် တာဝန်ရှိပေသည်။ ယင်းအချက်အပေါ် မူတည်၍ 'အဇာဗ်'ကျရောက်စေပါမည်။ သို့သော် ထိုသို့အနည်းငယ်မျှ 'သောင်ဟီးဒ်'နှင့် ပတ်သက်ပြီး ကြားရခြင်းအား အမြင်ကျယ်သောသူများရှေ့၌ တင်ပြနိုင်ပေသည်။ ယခု အလ္လာဟ်အသျှင်မြတ်၏ စီမံချက်အပေါ် မည်သို့မျှ စောဒကတက်နိုင်ဖွယ်ရာ အခွင့်အလမ်းမရှိတော့ပေ။ အလ္လာဟ်အသျှင်မြတ်ဘက်မှ အထောက်အထားများလည်း ပြီးပြည့်စုံသွားပြီးဖြစ်သည်။

ငှင်းနောက်

لَوْ اَنَّا اُنْزِلَ عَلَيْنَا الْكِتٰبُ لَكُنَّا اَهْدٰى مِنْهُمْ

နှင့်ပတ်သက်ပြီး အမေးအဖြေတစ်ခု လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည့်သူအပေါ် မူတည်၍ 'စူရာဟ်မာအေဒဟ်'၏ သုံးရှုကူအ်မြောက်၏ နောက်ဆုံးတွင် တင်ပြခဲ့ပြီး ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

هَلْ يَنْظُرُوْنَ اِلَّآ اَنْ تَاْتِيَهُمُ الْمَلٰٓئِكَةُ اَوْ يَاْتِيَ رَبُّكَ اَوْ يَاْتِيَ
بَعْضُ اٰيٰتِ رَبِّكَ ۭ يَوْمَ يَاْتِيْ بَعْضُ اٰيٰتِ رَبِّكَ لَا يَنْفَعُ نَفْسًا
اِيْمَانُهَا لَمْ تَكُنْ اٰمَنَتْ مِنْ قَبْلُ اَوْ كَسَبَتْ فِيْٓ اِيْمَانِهَا خَيْرًا ۭ قُلِ
انْتَظِرُوْٓا اِنَّا مُنْتَظِرُوْنَ ۝١٥٨

၆ : ၁၅၈ ။ ။ ငှင်းတို့သည် မိမိတို့ထံသို့ 'မလာအေကာဟ်' ကောင်းကင်တမန်များ ရောက်ရှိလာသည်ကိုလည်းကောင်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော (အလ္လာဟ်) အသျှင်မြတ်ကိုယ်တော်တိုင် ကြွလာတော်မူသည်ကိုလည်းကောင်း၊ အသင့်အား မွေးမြူတော်မူသော အသျှင်မြတ်၏ ကြီးကျယ်ထင်ရှားလှစွာသော လက္ခဏာတစ်စုံတစ်ရာ ရောက်ရှိလာသည်ကိုလည်းကောင်း စောင့်ဆိုင်း၍ နေကြပါသလော။ (အမှန်စင်စစ်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (ကြီးကျယ်သော) အချို့လက္ခဏာတော် ရောက်ရှိလာသောနေ့တွင် ယခင်မှုလက သက်ဝင်ယုံကြည်ခြင်းမရှိခဲ့သော သူသည်လည်းကောင်း၊ သို့တည်းမဟုတ် မိမိ၏ အီမာန်သက်ဝင်ယုံကြည်မှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ကောင်းမှုပြုခဲ့ခြင်းမရှိခဲ့သော သူသည်လည်း

ကောင်း၊ ထိုသူ၏ အီမာန်သက်ဝင်ယုံကြည်မှုသည် မည်သို့မျှ အကျိုးဖြစ်ထွန်းစေမည်မဟုတ်ပေ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) အသင်တို့သည် စောင့်ဆိုင်း၍ နေကြလေကုန်။ ငါတို့သည် (လည်း အသင်နှင့်အတူ) စောင့်ဆိုင်းလျက်ပင် ရှိပါသည်ဟူ၍ ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤလူများသည် ကျမ်းဂန်များနှင့် ရှင်းလင်းသည့် အထောက်အထားများ ကျရောက်ပြီးသော်လည်းကောင်း၊ အမှန်တရားများ အတိအလင်းကျရောက်ပြီးသည့်နောက်လည်းကောင်း အီမာန်မယူလာကြပေ။ မိမိအီမာန်ယူလာရန်အတွက် ထိုအမိန့်ကိုသာ စောင့်ဆိုင်းနေကြသည်ဟု သိရှိရပေသည်။ ဆိုလိုသည်မှာ အရာတစ်ခုကို စောင့်ဆိုင်းနေသည့်အလား ငြိမ်သက်လျက် ရှိကြသည်။ အကြောင်းမူကား ၎င်းတို့ထံ ဖရစ်ရှ်သာဟ်များ ရောက်လာရမည်။ (သို့) ၎င်းတို့ထံ အသင်၏ အလ္လာဟ်အသျှင်မြတ် ရောက်ရှိလာရမည်။ (ပမာဆိုရသော် 'ကေယာမသ်'နေ့တွင် စာရင်းရှင်းသည့်အခါ၌ ရင်ဆိုင်ရမည်ဖြစ်သည်။) (သို့) အသင်၏ အသျှင်သခင်၏ ကြီးမားသော နိမိတ်လက္ခဏာတစ်ခု ('ကေယာမသ်'၏ နိမိတ်လက္ခဏာများမှ) ဖြစ်ပေါ်လာမည်။ အလိုသဘောမှာ ထိုကြီးမားသော နိမိတ်လက္ခဏာများထဲမှ တစ်ခုဖြစ်သော နေမင်းသည် အနောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့ရှိရာ အလိုသဘောမှာ အီမာန်ယူလာရန်အတွက် 'ကေယာမသ်' ဖြစ်ရှိရန်နှင့် (သို့) 'ကေယာမသ်'နီးလာသည့် နိမိတ်လက္ခဏာများ ပေါ်ထွက်လာမည်ဆိုလျှင် ထိုနေ့တွင် ဤကဲ့သို့သော လူများ၏ အီမာန်သည် ထိုသူများအတွက် အသုံးဝင်မည်မဟုတ်ပေ။ အကြင်သူများသည် အစကနဦးကပင် အီမာန်ယူလာခြင်းမရှိဘဲ ထိုနေ့မှ အီမာန်ယူလာကြမည်။ (သို့) အစကနဦးကပင် အီမာန်ယူလာခဲ့သော်ငြားလည်း ထိုသူသည် မိမိအီမာန်ယူလာသည့်အပေါ် ကောင်းမှုများ မပြုလုပ်ထားသည့်အပြင် မကောင်းမှုများ၌ နစ်မွန်းနေခဲ့သူဖြစ်ပြီး ထိုနေ့မှ ယင်းမကောင်းမှုများမှ 'သောင်ဗာဟ်'ပြုလုပ်၍ ကောင်းမှုများကို စတင်ပြုလုပ်မည်ဆိုလျှင် ၎င်းသူ၏ 'သောင်ဗာဟ်'သည် လက်ခံသဘောတူခြင်း ခံရမည်မဟုတ်ပေ။ ထိုနေ့ထက်အလျင် အပြစ်များမှ အကယ်၍ 'သောင်ဗာဟ်'ပြုလုပ်ခဲ့မည်ဆိုလျှင် အီမာန်ရှင်ဖြစ်သည့် 'ဗရ်ကသ်'ဖြင့် ထို 'သောင်ဗာဟ်'အား လက်ခံလိုက်သည်ဆိုလျှင်လည်း ထိုသို့ သဘောတူခြင်းခံရမှုသည် အီမာန်၏ အကျိုးများထဲမှ အကျိုးအမြတ်တစ်ခု ဖြစ်သည်။ သို့သော် ထိုအချိန်တွင် အီမာန်သည် ထိုထူးခြားသော အကျိုးအမြတ်ကို ပေးမည်မဟုတ်ပေ။ 'ကေယာမသ်'၏ နိမိတ်လက္ခဏာများသည် အီမာန်ယူလာရန်နှင့် 'သောင်ဗာဟ်'ပြုရန်အတွက် အတားအဆီးဖြစ်သည်ဆိုလျှင် စင်စစ်အမှန် 'ကေယာမသ်'ဖြစ်သောအခါ ပို၍ပင် ယင်းအရာများပြုလုပ်ရန်အတွက် အတားအဆီးဖြစ်ပေသည်။ သို့ရှိရာ မည်သည့်အရာများကို စောင့်ဆိုင်းနေကြသနည်း။ အကယ်၍ ထိုသို့ ခြိမ်းခြောက်ပြောဆိုသော်ငြားလည်း ထိုသူများအနေနှင့် အီမာန်မယူလာပါက အသင့်အနေနှင့် ဤသည်ထက်ပို၍ သတိပေးမိန့်ကြားတော်မူပါ။ ၎င်းမှာ ကောင်းလေစွ။ အသင်တို့အနေနှင့် ထိုအမိန့်များကို စောင့်ဆိုင်းမည်ဆိုလျှင် စောင့်ဆိုင်းကြကုန်။ မွတ်စလင်မ် မဖြစ်လိုက မဖြစ်လေနှင့်။ ငါကိုယ်တော်လည်း ထိုအမိန့်များကို စောင့်ဆိုင်းတော်မူမည်။ ထိုအခါ အသင်တို့အပေါ်

အခက်အခဲများ ကျရောက်လာလိမ့်မည်။ ၎င်းနောက် ကျွန်ုပ်တို့ အီမာန်ရှင်များမှာ အလ္လာဟ်အသျှင်မြတ် အလိုတူမည်ဆိုလျှင် လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိကြမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

'စူရာဟ်အန်အာမ်'၏ အစိတ်အပိုင်း အများစုသည် မက္ကာဟ်မြို့နေသူများနှင့် မုရှစ်ကိမ်များ၏ ယုံကြည်ချက်များ၊ လုပ်ဆောင်ချက်များအား ပြုပြင်ခြင်းနှင့် ၎င်းတို့၏ ဒွိဟများနှင့် မေးခွန်းများ၏ အဖြေပေးရာတွင် ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုစူရာဟ်တစ်ပုဒ်လုံးနှင့် အထူးသဖြင့် နောက်ပိုင်းအာယသ်တော်များတွင် မက္ကာဟ်နှင့် အာရစ်နိုင်ငံတွင် နေထိုင်သူများ၊ အတိအလင်းတင်ပြလိုက်သည်မှာ အသင်တို့သည် မြတ်နဗီ၏ 'မုအ်ဂျေဇာဟ်' များနှင့် ရှင်းလင်းသည့် အထောက်အထားများကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ရှေးကျမ်းဂန်များနှင့် တမန်တော်မြတ် ﷺ နှင့် ပတ်သက်သည့် ရှေးနဗီတမန်တော်များ၏ အနာဂတ်ဟောကိန်းများကိုလည်း ကြားခဲ့ကြပြီးဖြစ်သည်။ တစ်ဖန် အရေးအဖတ် မတတ်သူ အွမ္မီ၏ နှုတ်မှ ကျမ်းတော်မြတ်၏ ရှင်းလင်းသည့် အာယသ်တော်များကိုလည်း ကြားခဲ့ရပြီးဖြစ်သည်။ ယင်းကျမ်းတော်မြတ်သည် သီးခြား 'မုအ်ဂျေဇာဟ်' တစ်ခုအဖြစ် ကျရောက်လာပေသည်။ ယခု မှန်ကန်သောလမ်းများ အသင်တို့ရှေ့မှောက်၌ ပွင့်သွားခဲ့ပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားများ အသင်တို့အပေါ် ပြည့်စုံစွာ တင်ပြခဲ့ပြီးဖြစ်သည်။ ယခု အီမာန်ယူလာရန် မည်သည့်အရာအား စောင့်ဆိုင်းနေကြပါသနည်း။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဖော်ပြပါအာယသ်တွင် အလွန်ပြည့်စုံစွာဖြင့် တင်ပြထားသည်မှာ-

هَلْ يَنظُرُونَ اِلَّا اَنْ تَاْتِيَهُمُ الْمَلٰٓئِكَةُ اَوْ يَاْتِيَ رَبُّكَ اَوْ يَاْتِيَ بَعْضُ اٰيٰتِ رَبِّكَ

အလိုသဘောမှာ ဤလူများသည် အီမာန်ယူလာရန်အတွက် သေမင်း၏ ဖရစ်ရှ်သာဟ်များ ၎င်းတို့ထံ ရောက်ရှိလာမည့် အချိန်ကို စောင့်မျှော်နေကြပါသလော။ (သို့) စာရင်းရှင်းပြီး ဒဏ်ခတ်ခြင်းနှင့် အစားပေးခြင်းကို ဆုံးဖြတ်ပေးရန် အလ္လာဟ်အသျှင်မြတ် ရောက်ရှိလာမည့် 'ဟရှ်ရ်'ကွင်းပြင်အား စောင့်ဆိုင်းနေကြပါသလော။ (သို့) 'ကေယာမသ်'နေ့၏ အချို့နိမိတ်လက္ခဏာများ ပေါ်ထွန်းလာမည့်အချိန်ကို စောင့်မျှော်နေကြပါသလော။ 'ကေယာမသ်'ကမ္ဘာတရားခွင်နေ့တွင် ဆုံးဖြတ်ရန်အတွက် အလ္လာဟ်အသျှင်မြတ် ကြွမြန်းတော်မူလာမည်ဆိုကြောင်းကို ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာတွင် တင်ပြထားပေသည်။ 'စူရာဟ်ဗကရာ'တွင် ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး မိန့်တော်မူထားသည်မှာ-

هَلْ يَنظُرُونَ اِلَّآ اَنْ يَّاْتِيَهُمُ اللّٰهُ فِىْ ظُلَلٍ مِّنَ الْغَمَامِ وَالْمَلٰٓئِكَةُ وَقُضِىَ الْاَمْرُ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် မိုးတိမ်များ၏ အရိပ်အောက်တွင် ၎င်းတို့ထံ ကြွမြန်းလာခြင်းကိုလည်းကောင်း၊ ဖရစ်ရှ်သာဟ်များ ရောက်ရှိလာခြင်းကိုလည်းကောင်း၊ လူများအတွက် 'ဂျန္နသ်' နှင့် 'ဂျဟန္နမ်'၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းကိုလည်းကောင်း ဤသူများ စောင့်ဆိုင်းနေကြပါသလော။

'ကေယာမသ်'ကမ္ဘာတရားခွင်နေ့တွင် အလ္လာဟ်အသျှင်မြတ် ကြွမြန်းတော်မူလာခြင်းသည် မည်သည့်အသွင်နှင့် ကြွမြန်းလာမည်ကို လူသား၏ အသိဉာဏ်နှင့် ခြုံငုံသိမြင်နိုင်ခြင်း အလျှဉ်းမရှိပေ။ ထို့ကြောင့် ဆွဟာဗာများနှင့် ရှေးသူမွန်များ၏ လမ်းစဉ်အရ ထိုကဲ့သို့သော အာယသ်တော်များနှင့် ပတ်သက်၍ မိန့်ဆိုထားသည်မှာ ကျမ်းတော်မြတ်၌ တင်ပြထားသည့်အတိုင်း အီမာန်ယူလာကြပြီး ယုံကြည်ရမည် ဖြစ်သည်။ ကြွမြန်းလာမည့်အသွင်နှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်၏ အသိတော်ကိုသာ ပုံအပ်ရမည်ဖြစ်သည်။ ဥပမာ- ဤအာယသ်တော်အပေါ် ဤကဲ့သို့ ယုံကြည်ရမည်ဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'ကမ္ဘာတရားခွင်နေ့တွင် ပြစ်ဒဏ်များနှင့် အစားပေးရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ကြွမြန်းလာတော်မူမည်။ ယင်းနှင့် စပ်လျဉ်း၍ မည်သည့်ပုံစံ၊ မည်သည့်အသွင်နှင့် ကြွမြန်းလာမည်ဟူသော အချက်အပေါ် သောကမထား၊ မငြင်းခုံသင့်ပေ။

ဤအာယသ်တော်၌ပင် ရှေ့ဆက် သတိပေးမိန့်တော်မူထားသည်မှာ-

يَوْمَ يَأْتِي بَعْضُ اٰيٰتِ رَبِّكَ لَا يَنْفَعُ نَفْسًا اِيْمَانُهَا لَمْ تَكُنْ اٰمَنَتْ مِنْ قَبْلُ اَوْ كَسَبَتْ فِيْ اِيْمَانِهَا خَيْرًا

အလ္လာဟ်အသျှင်မြတ်၏ အချို့နိမိတ်လက္ခဏာများ ရှေ့သို့ ရောက်လာပြီးနောက် 'သောင်ဗာဟ်' တံခါး ပိတ်သွားမည်ဖြစ်သည်။ အကြင်သူသည် အစကနဦးက အီမာန်မယူလာဘဲ ယခုမှ အီမာန်ယူလာမည်ဆိုလျှင် သဘောတူလက်ခံမှု ပြုမည်မဟုတ်ပေ။ ၎င်းနောက် အကြင်သူသည် အီမာန်ယူလာသော်ငြားလည်း ကောင်းမှုတစ်ခုမှ မပြုလုပ်ဘဲ 'သောင်ဗာဟ်'ပြုလုပ်ပြီး ကောင်းမှုများ စလုပ်မည်ဆိုလျှင်လည်း ၎င်းသူ၏ 'သောင်ဗာဟ်'ကိုလည်း သဘောတူလက်ခံမည် မဟုတ်ပေ။ အချုပ်ဆိုရသော် ကာဖိရ်သည် မိမိ၏ ဖီဆန်ခြင်းနှင့် (သို့) ဖွာစီက်သည် မိမိ၏ ဖီစ်က်နှင့် ပြစ်မှုများမှ အကယ်၍ ထိုအချိန်မှ 'သောင်ဗာဟ်'လုပ်မည်ဆိုလျှင် ထိုသူ၏ 'သောင်ဗာဟ်'ကိုလည်း လက်ခံသဘောတူမည် မဟုတ်ပေ။

အကြောင်းမှာ အီမာန်နှင့် 'သောင်ဗာဟ်'သည် လူသားတို့ ပြုလုပ်နိုင်စွမ်းရှိသော အချိန်အထိ သဘောတူ လက်ခံနိုင်သည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များနှင့် တမလွန်၏ အမှန်တရားများ မြင်တွေ့ရသောအခါ လူတိုင်း၏ အီမာန်ယူလာခြင်းနှင့် အပြစ်များမှ ရှောင်ကြဉ်ရန် အလိုအလျောက် မလွဲမရှောင်သာ ပြုရခြင်း၏ အီမာန်နှင့် 'သောင်ဗာဟ်'ကို သဘောတူလက်ခံခြင်း မရှိချေ။ ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာ၌ တင်ပြထားသည်မှာ 'ဂျဟန္နမ်'သူ၊ 'ဂျဟန္နမ်'သားများ 'ဂျဟန္နမ်' တွင်း ရောက်ပြီး လျှောက်ထား၍ ကတိများပြုကြမည်မှာ 'ကျွန်ုပ်တို့သည် နောက်တစ်ကြိမ် လောကကြီးသို့ ပြန်လည် စေလွှတ်ခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် အီမာန်ယူလာပြီး ကောင်းမှုများ ပြုလုပ်ခြင်းမှအပ အခြား ပြုလုပ်တော့မည် မဟုတ်ပေ။ သို့သော် အားလုံးကို ယခု အီမာန်နှင့် ကောင်းမှုပြုလုပ်ရမည့်အချိန် ကုန်ဆုံးသွားပြီးဟူ၍သာ အဖြေပေးတော်မူသည်။ ယခု အသင်တို့ ပြောဆိုနေကြသော စကားများသည် မလွှဲမရှောင်သာကြောင်း ပြောဆိုနေခြင်းသာ ဖြစ်သည့်အတွက် မည်သို့မှ တရားမဝင်ချေ။'

ထိုအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်တွင် တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ 'ကေယာမသ်'၏ နိမိတ်လက္ခဏာများမှ လက္ခဏာတစ်ခုဖြစ်သော နေမင်းကြီးသည် အရှေ့ဘက်မှ ထွက်ရမည့်အစား အနောက်ဘက်မှ ပေါ်ထွက်ခြင်းကို မြင်တွေ့ရပြီး လောကရှိ ကာဖိရ်များအားလုံး 'ကလေမာဟ်' ဖတ်ရွတ်လျက်ရှိကြမည်။ ဖိဆန်သူများအားလုံး နာခံသူများ ဖြစ်ရှိသွားကြမည်။ သို့သော် ထိုအချိန်၌ ယူလာသော အီမာန်နှင့် ပြုလုပ်သော 'သောင်ဗာဟ်'အား လက်ခံမည်မဟုတ်ပေ။ ယင်းဟဒီးစ်တော်အား ဟဇရသ်အဗူဟူရိုင်ရာဟ် ﵁ မှတစ်ဆင့် ဆင့်ပြန်ထားပေသည်။

ဤအာယသ်တော်မှ အတိအလင်း တင်ပြထားသော အချက်တစ်ချက်ကို သိရှိရသည်မှာ အချို့ **နိမိတ်လက္ခဏာများ** ပေါ်ထွက်လာပြီးနောက် 'သောင်ဗာဟ်'တံခါး ပိတ်သွားမည်ဖြစ်သည်။ မည်သည့် ကာဖိရ်နှင့် ဖွာစိက်၏ 'သောင်ဗာဟ်'ကိုမှ လက်ခံမည်မဟုတ်ပေ။ သို့သော် ကျမ်းတော်မြတ်၌ ယင်းနိမိတ်လက္ခဏာနှင့် ပတ်သက်၍ အတိအလင်း တင်ပြထားခြင်းမရှိပေ။

ဘိုခါရီကျမ်းတွင် ထိုအာယသ်တော်၏ သဖ်စီးရ်၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ﵁ သခင် ဆင့်ပြန်ထားသော ဟဒီးစ်တော်တစ်ပုဒ်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ ၎င်းမှာ နေမင်းကြီးသည် အနောက်အရပ်မှ မထွက်သည့်အချိန်အထိ 'ကေယာမသ်'ဖြစ်မည်မဟုတ်ပေ။ ယင်းနိမိတ်လက္ခဏာကို မြင်တွေ့ရသောအခါ လူများ အီမာန်ယူလာကြမည်။ ဤအချိန်နှင့် စပ်လျဉ်း၍သာ ကျမ်းတော်မြတ်၌ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ ထိုအချိန်တွင် အီမာန်ယူလာပါက မည်သူ့အတွက်မှ အကျိုးဖြစ်ထွန်းစေမည်မဟုတ်ပေ။

ယင်းနှင့်စပ်လျဉ်းသည့် အကျယ်တဝင့်ကို မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်ဟိုဇိုင်ဖွာ အိဗ်နေအိုစိုင်ဒ် ﵁ သခင်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တစ်ခါက ဆွဟာဗာများသည် 'ကေယာမသ်'၏ နိမိတ် လက္ခဏာများအား အချင်းချင်း၌ တင်ပြလျက်ရှိခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ ကြွမြန်းတော်မူလာပြီး မိန့်တော်မူသည်မှာ (၁၀) ခုသော နိမိတ်လက္ခဏာများကို မမြင်တွေ့ရသရွေ့ 'ကေယာမသ်' ဖြစ်ရှိမည်မဟုတ်ပေ။ ၎င်းမှာ-

(၁) နေမင်းကြီး အနောက်အရပ်မှ ပေါ်ထွက်လာခြင်း၊
(၂) **မီးခိုးတစ်မျိုး** ပေါ်ထွက်လာခြင်း၊
(၃) မြေကြီးထဲမှ သတ္တဝါတစ်ကောင် ထွက်ပေါ်လာခြင်း၊
(၄) 'ယာဂျူဂျ်' နှင့် 'မာဂျူဂျ်'ထွက်ပေါ်လာခြင်း၊
(၅) တမန်တော်အီစာ ﵇ ဆင်းသက်လာခြင်း၊
(၆) 'ဒဂ်ဂျာလ်'ထွက်ပေါ်လာခြင်း၊
(၇) သုံးနေရာ၌ မြေပြိုခြင်း၊ ၎င်းမှာ အရှေ့ဘက်၌ တစ်နေရာ
(၈) အနောက်ဘက်၌ တစ်နေရာ

(၉) အာရဗ်ကျွန်းစု၌ တစ်နေရာ
(၁၀) မီးသည် မြေအောက်တွင်းထဲမှ ထွက်ရှိပြီး လူများကို ရှေ့သို့ မောင်းနှင်လျက် ရှိခြင်းတို့ ဖြစ်သည်။

၎င်းနောက် မွစ်နဒ်အဟ်မဒ်တွင် အိဗ်နေအိုမရ်၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ထိုအာယသ်တော်များမှ ဦးစွာပထမ အနောက်ဘက်မှ နေထွက်ခြင်းနှင့် မြေကြီးထဲမှ သတ္တဝါတစ်ကောင် ထွက်ရှိမည်ဆိုကြောင်းကို တင်ပြထားပေသည်။ အေမာမ်ကုရ်သုဗီး (ရဟ) သည် 'သဇ်ကေရဟ်'တွင် ၎င်းနောက် ဟာဖိဇ်အိဗ်နေဟဂျရ်သည် ဘိုခါရီကျမ်း၏ ရှင်းလင်းချက်တွင် ဟဇရတ်အဗ်ဒုလ္လာဟ်အိဗ်နေအိုမရ် ؓ ၏ ဆင့်ပြန်ချက်ကို အသီးသီး တင်ပြထားကြသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားပေသည်။ အနောက်ဘက်မှ နေထွက်ပြီး နောက်နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်တိတိ ကမ္ဘာကြီး တည်မြဲနေပေလိမ့်မည် ဖြစ်သည်။

ထိုအကျယ်ဖွင့်ဆိုချက်ကို တင်ပြပြီးနောက် ဤနေရာ၌ မေးမြန်းနိုင်ဖွယ် အချက်ရှိသည်မှာ တမန်တော်အီစာ ؑ ဆင်းသက်လာသောအခါ (ခိုင်လုံသော ဆင့်ပြန်ချက်များမှ သိရှိရသည်မှာ) တမန်တော်အီစာ ؑ သည် လူများကို အီမာန်ဘက်သို့ ဖိတ်ခေါ်မည်။ လူများလည်း အီမာန်လက်ခံလာကြမည်။ ဤသို့ဖြင့် ကမ္ဘာတစ်ခွင်၌ အစ္စလာမ့်လမ်းစဉ် ပြန့်နှံ့သွားမည်ဖြစ်သည်။ အကယ်၍ ထိုအချိန် ယူလာသော အီမာန်သည် လက်ခံခြင်းမရှိဟုဆိုလျှင် ဤသို့ လူများကို သာသနာဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် လူများ သာသနာဘောင်တွင်း ဆိုက်ရောက်လာခြင်းမှာ မှားနေကြောင်း ပေါ်လွင်နေပေသည်။ ယင်းမေးခွန်း၏ အဖြေကို သဖ်စီးရ်ရှုဟုလ်မအာနီကျမ်းတွင် ဤသို့ ဖြေကြားထားပေသည်။ ၎င်းမှာ အနောက်အရပ်မှ နေထွက်ခြင်းသည် တမန်တော်အီစာ ؑ ကွယ်လွန်းလာပြီး ခေတ်ပေါင်းများစွာ နောက်မှ ဖြစ်မည်။ ထိုအခါမှ သာလျှင် 'သောင်ဗာဟ်'တံခါး ပိတ်သွားမည်ဖြစ်သည်။

သုခမိန်ကြီး ဗလ်ကီနီ (ရဟ) စသည်တို့မှ မိန့်တော်မူသည်မှာ ဤအချက်သည် 'ကေယာစ်'နှင့် သုံးသပ်ကြည့်မည်ဆိုလျှင် အီမာန်နှင့် 'သောင်ဗာဟ်'အား လက်ခံခြင်းမရှိဟူသော အမိန့်သည် အနောက်ဘက်မှ နေထွက်လာသည့်အချိန်၌သာ ဖြစ်ပြီး နောက်ဆုံးအချိန်အထိ ကျန်ရှိနေခြင်းမရှိဘဲ အချိန်ကာလ အနည်းငယ်မျှ နောက်ပိုင်းတွင် ယင်းအမိန့်ပြောင်းလဲသွားပြီး အီမာန်နှင့် 'သောင်ဗာဟ်'အား လက်ခံလျက်ရှိမည် ဖြစ်သည်။

အချုပ်ဆိုရသော် ဖော်ပြပါအာယသ်တော်တွင် မည်သည့်နိမိတ်လက္ခဏာ ပေါ်ထွက်ပြီးနောက် 'သောင်ဗာဟ်'တံခါးပိတ်သွားမည်ကို အတိအလင်း တင်ပြထားခြင်းမရှိပေ။ သို့သော် မြတ်နဗီ၏ မိန့်ကြားချက်မှ အတိအလင်း သိရသည်မှာ ယင်းနိမိတ်လက္ခဏာသည် အနောက်ဘက်မှ နေထွက်ခြင်းပင် ဖြစ်သည်။ ကျမ်းတော်မြတ်မှ ယင်းအချက်ကို အဘယ်ကြောင့် အတိအလင်း မတင်ပြထားပါသနည်း။ သဖ်စီးရ်ဗဟ်ရေမိုဟီးသ်၌ တင်ပြထားသည်မှာ ဤနေရာ၌ ကျမ်းတော်မြတ်၏ လျှို့ဝှက်ချက်သာလျှင် မေ့လျော့နေကြသော လူသားများကို ထိတ်လန့်စေရာတွင် ပို၍ ထိရောက်စေပါသည်။ ၎င်းတို့ကို ဖြစ်ပေါ်လာသည့် အသစ်အဆန်းဖြစ်ရပ်များသည် သတိပေးသကဲ့သို့ ဖြစ်စေပြီး လျင်မြန်စွာ 'သောင်ဗာဟ်'လုပ်ကြမည်ဖြစ်သည်။

ထိုမှတစ်ပါး ယင်းလျှို့ဝှက်ချက်နှင့် အကျဉ်းချုပ်ကြောင့် ထပ်မံအကျိုးရှိသည့် အချက်မှာ ၎င်းတို့အတွက် သတိမူစရာ အချက်ဖြစ်သွားပေသည်။ ၎င်းမှာ ကမ္ဘာကြီးတစ်ခုလုံးအတွက် အနောက်ဘက်မှ နေထွက်ခြင်းကြောင့် 'သောင်ဗာဟ်'တံခါးပိတ်သွားသကဲ့သို့ ယင်းနှင့်တူညီသည့် အခြားနမူနာတစ်ခုမှာ လူတိုင်းအတွက် 'သောင်ဗာဟ်'တံခါးပိတ်သွားသော အချိန်သည် ထိုလူသားများအပေါ် သေမင်းရောက်လာသောအချိန် ဖြစ်သည်။

ကျမ်းတော်မြတ်၏ အာယသ်တော် တစ်ပိုဒ်တွင် ထိုအချက်ကို အတိအလင်း တင်ပြမိန့်တော်မူထားပေသည်။

وَلَيْسَتِ التَّوْبَةُ لِلَّذِيْنَ يَعْمَلُوْنَ السَّيِّـئَاتِ حَتّٰى اِذَا حَضَرَ اَحَدَهُمُ الْمَوْتُ قَالَ اِنِّىْ تُبْتُ الْئٰنَ

အလိုသဘောမှာ အပြစ်များကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသောသူ၏ 'သောင်ဗာဟ်'ကို လက်ခံသဘောတူတော်မူမည်မဟုတ်ပေ။ ထိုသို့ လက်မခံခြင်းသည် ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်အပေါ် သေမင်းရောက်ရှိလာချိန်မှ ယခု ကျွန်တော်မျိုးတို့ 'သောင်ဗာဟ်'ပြု အမှားဝန်ခံပါပြီးဟု ပြောဆိုသည့်အချိန်အထိ ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်အား ရှင်းလင်းချက်တင်ပြရာတွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اِنَّ تَوْبَةَ الْعَبْدِ تُقْبَلُ مَالَمْ يُغَرْغِرْ

ဆိုလိုသည်မှာ အသက်ဝိညာဉ်သည် အာခေါင်အထိ ရောက်ရှိလာပြီး သေလုဆဲဆဲအချိန် မရောက်လာခင် အချိန် 'သောင်ဗာဟ်'ပြုမည်ဆိုပါက ၎င်းသူ၏ 'သောင်ဗာဟ်'ကို လက်ခံတော်မူမည်ဖြစ်သည်။

ထိုအချက်မှ သိရှိရသည်မှာ အသက်ထွက်မည့်အချိန် နောက်ဆုံး အသက်ရှူချိန်ရောက်လာသောအခါ ဖရစ်ရှ်သာဟ် (အသက်နှုတ်မည်) ရှေ့သို့ ရောက်လာလျှင် ထိုအချိန်၌ 'သောင်ဗာဟ်'လက်ခံမည်မဟုတ်တော့ပေ။ ယင်းအချက်သည်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ အရေးပါးလှသော နိမိတ်လက္ခဏာ တစ်ခု ဖြစ်ပေသည်။ ထို့ကြောင့် ဖော်ပြပါအာယသ်တော်တွင် بَعْضُ اٰيٰتِ رَبِّكَ ၌ သေဆုံးမည့်အချိန်လည်း ပါဝင်ပေသည်။ ပမာဆိုရသော် သဖ်စီးရ်ဗဟ်ရေမိုဟီးသ်တွင် အချို့ပညာရှင်များက ယင်းအဆိုကို တင်ပြထားပေသည်။ ၎င်းနောက် အချို့သူတော်စင်များက မိန့်ဆိုထားသည်မှာ-

مَنْ مَّاتَ فَقَدْ قَامَتْ قِيَامَتُهٗ

ဆိုလိုသည်မှာ လူတစ်ဦး သေဆုံးသွားသည်နှင့် ထိုအချိန်မှာပင် ထိုသူ၏ 'ကေယာမသ်'ဖြစ်ရှိသွားပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျင့်သုံးရမည့်နေရာ ကုန်ဆုံးသွားပြီး ကျင့်ကြံခြင်း၏ အစားအား 'ကဗရ်'သင်္ချိုင်းမှာပင် နမူနာအနည်းငယ် စတင်သွားမည်ဖြစ်သည်။

ဤနေရာ၌ အာရဗီစကားအရ ဤအချက်သည်လည်း စဉ်းစားဖွယ်ရာဖြစ်ပေသည်။ ၎င်းမှာ ဖော်ပြပါ အာယသ်တော်၌ ဦးစွာပထမ

اَوْيَاْتِيَ بَعْضُ اٰيٰتِ رَبِّكَ

တစ်ဖန် ထိုဝါကျကို ပြန်လည်မိန့်ကြားတော်မူသည်မှာ-

يَوْمَ يَاْتِيْ بَعْضُ اٰيٰتِ رَبِّكَ لَايَنْفَعُ نَفْسًا اِيْمَانُهَا

ယင်းဝါကျမှ သိရှိရသည်မှာ ပထမဝါကျတွင် بَعْضُ اٰيٰت ဟု တင်ပြထားခြင်းမှာ သီးခြားဖြစ်သည်။ ဒုတိယဖွင့်ဆိုချက်ဘက်သို့ ညွှန်ပြထားခြင်းမျိုး ဖြစ်နိုင်သည်။ ၎င်းဖွင့်ဆိုချက်အား အထက်၌ အသင် စာဖတ်သူအနေနှင့် ဟဇရသ်ဟိုဇိုင်ဖဟ အိဗ်နေအိုစိဒ် ﷺ သခင်၏ ဆင့်ပြန်ချက်၌ 'ကေယာမသ်'၏ နိမိတ်လက္ခဏာဖြစ်သော အနောက်ဘက်မှ နေထွက်ခြင်းသည် 'သောင်ဗာဟ်'အား ဖြတ်တောက်စေသော လက္ခဏာတစ်ခု ဖြစ်သည်။

အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

قُلِ انْتَظِرُوْا اِنَّا مُنْتَظِرُوْنَ

ယင်းဝါကျ၌ တမန်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်တော်မူထားခြင်း ဖြစ်သည်။ ၎င်းမှာ အသင် ကိုယ်တော် ထိုသူများအား ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်၏ အထောက်အထားများ ပြည့်ဝသွားပြီးနောက်လည်း အကယ်၍ အသင်တို့အနေနှင့် သေဆုံးခြင်းနှင့် 'ကေယာမသ်'အား စောင့်ဆိုင်းနေသည် ဆိုလျှင် ဤအတိုင်း ဆက်လက် စောင့်ဆိုင်းနေပါ။ ငါကိုယ်တော်လည်း ထိုအချိန်အခါကို စောင့်ဆိုင်းနေတော်မူမည်။ ဆိုလိုသည်မှာ အသင်တို့အား အသင်၏ အသျှင်မြတ်မှ မည်သို့ ဆက်ဆံမည်ကို စောင့်ဆိုင်းနေမည်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇

اِنَّ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا
لَّسْتَ مِنْهُمْ فِيْ شَيْءٍ ۚ اِنَّمَآ اَمْرُهُمْ اِلَى اللّٰهِ ثُمَّ يُنَبِّئُهُمْ بِمَا كَانُوْا يَفْعَلُوْنَ ﴿١٥٩﴾

၆ : ၁၆၀ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် မိမိတို့၏ သာသနာကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဂိုဏ်းဂဏအုပ်စု အသီးသီး ကွဲခဲ့ကြကုန်သည်။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မပတ်သက်ပေ။ ကေန်စင်စစ် ၎င်းတို့၏ အမှုကိစ္စသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့သာလျှင် လွှဲအပ်ပြီးဖြစ်ချေသည်။ ၎င်းနောက် ထိုအသျှင်မြတ်သည် ပင်လျှင် ၎င်းတို့ ပြုမူခဲ့သည်တို့ကို ၎င်းတို့အား အသိပေးစေတော်မူမည်။

مَنْ جَآءَ بِالْحَسَنَةِ فَلَهُۥ عَشْرُ أَمْثَالِهَا ۖ وَمَن جَآءَ
بِالسَّيِّئَةِ فَلَا يُجْزَىٰٓ إِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُونَ ﴿١٦٠﴾

၆ : ၁၆၀ ။ ။ မည်သူမဆို (အလ္လာဟ်အသျှင်မြတ်ထံတော်သို့) ကောင်းမှု (တစ်ခု) ကို ယူဆောင်ခဲ့ပါမူ ထိုသူသည် ယင်းကောင်းမှု၏ (အစား၊ ကောင်းကျိုး) 'ဆယ်ဆ' ရရှိပေမည်။ ၎င်းပြင် မည်သူမဆို မကောင်းမှုကို ယူဆောင်ခဲ့ပါမူ **ယင်းမကောင်းမှုနှင့် ထပ်တူထပ်မျှသော** အစား (အပြစ်) ပေးခြင်းကို ခံရမည်ဖြစ်သည်။ (အပြစ်ရှိသည်ထက် ပို၍ ခံရမည် မဟုတ်။) **အမှန်စင်စစ်** ထိုသူတို့သည် မတရားပြုမူခြင်းကို ခံကြရမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မုချကေန် အကြင်သူများသည် မိမိသာသနာကို (အကြင်သာသနာ၏ ပညတ်ချက်ကို ထိုသူများခံရသည်။) သီးခြားစီ ပြုလုပ်လိုကြသည်။ (ဆိုလိုသည်မှာ သာသနာအမှန်ကို အပြည့်အဝ လက်မခံကြချေ။ အားလုံးကို စွန့်လွှတ်လိုက်သည်။ (သို့) အချို့ကို စွန့်လွှတ်လိုက်ကြသည်။ အခြားနည်းများဖြင့်လည်း ရှုရစ်က် နှင့် 'ကုဖွရ်'၊ 'ဗိဒ်အသ်'များကိုလည်း ရွေးချယ်ခဲ့ကြသည်။) ၎င်းနောက် အုပ်စုကွဲအသီးသီးများ ဖြစ်သွားကြသည်။ အသင်ကိုယ်တော်နှင့် ၎င်းတို့မှာ မည်သို့မှ ပတ်သက်ခြင်းမရှိချေ။ ဆိုလိုသည်မှာ အသင်ကိုယ်တော် ၎င်းတို့နှင့် ပတ်သက်၍ ကင်းရှင်းပေသည်။ အသင့်အပေါ်သို့ ၎င်းတို့နှင့် ပတ်သက်၍ မည်သို့မှ စွပ်စွဲနိုင်စရာ မရှိချေ။ အကောင်းအဆိုးသည် ၎င်းတို့၏တာဝန်သာ ဖြစ်သည်။ ထိုသူများနှင့် ပတ်သက်သည့် ကိစ္စများသည် အလ္လာဟ့်လက်တော်ဝယ် ဖြစ်၏။ ထိုအသျှင်မြတ်သည် ထိုသူများ၏ အခြေအနေအရပ်ရပ်ကို မြင်တွေ့နေတော်မူ၏။ တစ်ဖန် 'ကေယာမသ်'နေ့တွင် ၎င်းတို့၏ ပြုခဲ့သမျှသော အရာများကို ပြသတော်မူမည်။ အထောက်အထားများ တင်ပြပြီး ပြစ်ဒဏ်ထိုက်ကြောင်းကို ထုတ်ဖော်တော်မူမည်။ အကြင်သူသည် ကောင်းရာကို ပြုကျင့်မည်ဆိုလျှင် ထိုသူအား အနိမ့်ဆုံး ဆယ်ပုံရရှိမည်ဖြစ်သည်။ အလိုသဘောမှာ ထိုသူသည် ကောင်းမှုကို (၁၀) ကြိမ် ပြုလုပ်ခဲ့သည့်အလား ဖြစ်သည်။ ၎င်းနောက် ကောင်းမှုတစ်ခုအပေါ် 'စဝါးဗ်'ရမည့် အတိုင်းအတာမျှ ကောင်းမှု (၁၀) ခုအပေါ်လည်း ထိုနည်းတူစွာ ရရှိမည်ဖြစ်သည်။ အကြင်သူသည် မကောင်းမှု ပြုလုပ်မည်ဆိုပါက **ထိုသူအား လုပ်သည့်နှင့်အမျှ ပြစ်ဒဏ်ခံစေမည်ဖြစ်သည်။** ပို၍ ခံစားရမည်မဟုတ်ပေ။ **ထိုသူများအပေါ်** (အပေါ်ယံသဘောဖြင့်လည်း) မတရားပြုမည်မဟုတ်ပေ။ ဆိုလိုသည်မှာ မည်သည့်ကောင်းမှုမှ မရေးမှတ်သလို၊ မကောင်းမှုများ ပို၍ ရေးမှတ်ခြင်းမျိုးလည်း ပြုမည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်အာန်အာမ်'၏ အများဆုံးအပိုင်းမှာ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များကို ရည်ညွှန်းမိန့်တော်မူ၍ ၎င်းတို့၏ မေးခွန်းနှင့် အဖြေများကို တင်ပြထားပေသည်။ ယင်းတင်ပြချက်များတွင် ၎င်းတို့အား လမ်းညွှန်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဖြောင့်မတ်သော လမ်းသည် ကျမ်းတော်မြတ်နှင့် တမန်တော်

မြတ် ﷺ ၏ နောက်လိုက်ခြင်းအပေါ်သာ မူတည်ပေသည်။ တမန်တော်မြတ် ﷺ အလျှင် နဗီတမန်တော်များ၏ ခေတ်များတွင် ၎င်းနဗီများနှင့် ကျမ်းဂန်များ ရှရီအသ်များအပေါ် လိုက်နာခြင်းသာလျှင် လွတ်ငြိမ်းချမ်းသာခွင့် ရရှိမှုအတွက် အဓိကကျသကဲ့သို့ ယနေ့ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ ရှရီအသ်အပေါ် လိုက်နာခြင်းသည်လည်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန်အတွက် သော့ချက်ဖြစ်သည်။ အသိဉာဏ်ကို အသုံးချပြီး ထိုဖြောင့်မတ်သောလမ်းကို စွန့်လွှတ်၍ ဘေးဘယ်ညာရှိ မှားယွင်းသော လမ်းများကို မရွေးချယ်ကြလေနှင့်။ (သို့မဟုတ်ပါက) ထိုလမ်းများသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းနှင့် ဝေးကွာအောင် ပြုလုပ်လိုက်မည်ဖြစ်သည်။

ဖော်ပြပါအာယသ်တော်များအလျှင် အာယသ်တော်တွင် အားလုံးကို ခြုံငုံ၍ ရည်ညွှန်းမိန့်ဆိုထားသော မိန့်ကြားချက်တစ်ချက်ရှိသည်။ ယင်းမိန့်ကြားချက်တွင် အာရဗ်မုရှိရစ်ကများနှင့် ယဟူဒီများ၊ နစ္စရာများနှင့် မွတ်စ္စလင်မ်များအားလုံး ပါဝင်ပေသည်။ ထိုသူများအားလုံးကို ဦးတည်၍ မိန့်ကြားထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဖြောင့်မတ်သောလမ်းမှ မျက်နှာလွှဲသူများ၏ ဆိုးကျိုးများကို တင်ပြထားပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ အား လမ်းညွှန်ထားသည်မှာ ထိုမှားယွင်းသော လမ်းများအပေါ် လျှောက်လှမ်းသူများနှင့် အသင်ကိုယ်တော် မည်သို့မှ မပတ်သက်သင့်ပေ။ တစ်ဖန် ဖြောင့်မတ်မှန်ကန်သော လမ်းနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော လမ်းများသည် မှားယွင်းသော လမ်းများသာဖြစ်သည်။ ပမာဆိုရသော် မုရှိရစ်ကများနှင့် ကျမ်းရထားသောသူများ၏ လမ်းများဖြစ်သည်။ ၎င်းနောက် ဆန့်ကျင်ဘက်လမ်းများ မဟုတ်သော်လည်း လမ်းမှန်တရားအား ဖယ်ရှားပြီး ဘယ်ညာလမ်းများအပေါ် ခေါ်ဆောင်သွားသောအရာများဖြစ်သည်။ ၎င်းမှာ သံသယများနှင့် 'ဗိဒ်အသ်'၏ လမ်းများသာဖြစ်သည်။ ယင်းလမ်းများသည် လူသားကို လမ်းမှားသို့ ပို့ဆောင်ပေးသော လမ်းများဖြစ်သည်။

မိန့်တော်မူထားသည်မှာ-

إِنَّ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا
شِيَعًا لَّسْتَ مِنْهُمْ فِي شَيْءٍ إِنَّمَا أَمْرُهُمْ إِلَى اللَّهِ ثُمَّ يُنَبِّئُهُمْ بِمَا كَانُوا يَفْعَلُونَ

အလိုသဘောမှာ ထိုသူများသည် မိမိ၏ သာသနာတော်တွင် လမ်းသစ်များ ဖော်ထုတ်ကြသည်။ ထို့ကြောင့် အုပ်စုကွဲများ ဖြစ်သွားကြသည်။ ထိုသူများနှင့် အသင်ကိုယ်တော် မည်သို့မှ မပတ်သက်ချေ။ ၎င်းတို့နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်ထံ အပ်နှံလိုက်ပါ။ တစ်ဖန် ထိုအသျှင်မြတ်မှ ၎င်းတို့ ပြုခဲ့သမျှသော အရာများကို ပြသတော်မူမည်။

ထိုအာယသ်တော်တွင် မှားယွင်းသော လမ်းများအပေါ် လျှောက်လှမ်းသူများနှင့် ပတ်သက်ပြီး ဦးစွာပထမ တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်သည် ၎င်းတို့နှင့် ပတ်သက်၍ ကင်းစင်၏။ တမန်တော်မြတ် ﷺ နှင့် ၎င်းတို့ မည်သို့မှ မပတ်သက်ချေ။ ထိုအသျှင်မြတ်သာလျှင် 'ကေယာမသ်'နေ့တွင် ၎င်းတို့ကို ပြစ်ဒဏ်ပေးတော်မူမည်။

သာသနာတော်တွင် အုပ်စုကွဲအောင် ပြုလုပ်ခြင်းနှင့် အုပ်စုကွဲများ ဖြစ်သွားခြင်းများကို ဖော်ပြပါ အာယသ်တော်၌ တင်ပြထားပေသည်။ ယင်းဖော်ပြချက်၏ အလိုသဘောမှာ နောက်လိုက်ခြင်းအား စွန့်လွှတ်ပြီး မိမိ၏ အတွေးအခေါ်များနှင့် စိတ်အလိုနောက်လိုက်ခြင်း (သို့) ရှိုက်သွာန်၏ လှည့်ဖြားမှု၌ နစ်မွန်းပြီး သာသနာတော်၌ အသစ်အဆန်းများ ထည့်သွင်း၍ အချို့အရာများကို စွန့်လွှတ်လိုက်ခြင်းအား ဆိုလိုခြင်း ဖြစ်ပေသည်။

သာသနာတော်တွင် တရားသစ်တီထွင်ခြင်းအပေါ် ပြင်းပြင်းထန်ထန် ခြိမ်းခြောက်ထားခြင်း

သဖ်စီးရ်မဇ္ဇဟာရီကျမ်း၌ ထိုသူများတွင် ရှေးယခင် အုမ္မသ်များလည်း ပါဝင်သည်ဟု ဆိုထားသည်။ ၎င်းတို့သည် မိမိသာသနာ၏ အခြေခံတရားများကို စွန့်လွှတ်၍ မိမိဘက်မှ အချို့အရာများကို ထည့်သွင်းခဲ့ကြသည်။ ၎င်းနောက် ထိုအုမ္မသ်၏ တရားသစ်တီထွင်သူများသည် မိမိတို့ဘက်မှ အခြေအမြစ်မရှိသော အရာများကို ထည့်သွင်းလျက်ရှိခဲ့ကြသည်။ တမန်တော်မြတ် ﷺ သည် ဟဒီးစ်တော်တစ်ပုဒ်တွင် ထိုအကြောင်းအရာများကို အတိအလင်း မိန့်ကြားထားပေသည်။ ၎င်းမှာ ငါကိုယ်တော်၏ အုမ္မသ်များသည် ဗနီအိစ္စရာအီလ်များ ကြုံတွေ့ရသည့် အခြေအနေအတိုင်း ကြုံတွေ့ကြရမည်ဖြစ်သည်။ ၎င်းဗနီအိစ္စရာအီလ်များ မကောင်းမှုများ၌ နစ်မွန်းခဲ့ကြသကဲ့သို့ ငါကိုယ်တော်၏ အုမ္မသ်များလည်း နစ်မွန်းကြရမည်ဖြစ်သည်။ ဗနီအိစ္စရာအီလ်တို့အတွင်း အုပ်စု (၇၂) စု ကွဲပြားသွားခဲ့သည်။ ငါကိုယ်တော်၏ အုမ္မသ်၌ (၇၃) သင်း ကွဲသွားကြမည်ဖြစ်သည်။ ယင်းအသင်းများထဲမှ တစ်သင်းမှအပ ကျန်အသင်းများအားလုံး 'ဂျဟန္နမ်'သို့ ဝင်ရောက်ရမည်ဖြစ်သည်။ ထိုအခါ ဆွဟာဗာများက လျှောက်ထားကြသည်မှာ ထိုလွတ်ငြိမ်းချမ်းသာခွင့်ရမည့် အသင်းသည် မည်သည့်အသင်း ဖြစ်သနည်း။ မြတ်နဗီက မိန့်တော်မူသည်မှာ-

مَا اَنَا عَلَيْهِ وَاَصْحَابِىْ

ဆိုလိုသည်မှာ ထိုအုပ်စုသည် ငါတမန်တော်၏ လမ်းစဉ်နှင့် ငါ၏ အဆွေတော်များ၏ လမ်းစဉ်အပေါ် လိုက်နာသော အုပ်စုဖြစ်သည်။ ယင်းဆင့်ပြန်ချက်ကို သိရ်မေဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်းတို့တွင် တင်ပြထားပြီး အိဗ်နေအုမရ် ؓ မှ ဆင့်ပြန်ထားပေသည်။

၎င်းနောက် သွဗ်ရာနီကျမ်းတွင် ဟဇရသ်အုမရ် ؓ ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ ၎င်းသည် ဟဇရသ်အာအေရှာဟ် ؓ မှ တစ်ဆင့် မိန့်တော်မူထားပေသည်။ ၎င်းမှာ ထိုအာယသ်တော်တွင် တင်ပြထားသော အုပ်စုများမှာ 'ဗိဒ်အသ်'အုပ်စုနှင့် မိမိ၏ စိတ်အလိုလိုက်ပြီး အတွေးအခေါ်ပေါ် လိုက်နာကာ နည်းသစ်များ တီထွင်ကြသူများဖြစ်ကြသည်။ ဤအကြောင်းကိုပင် ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ မှ ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြထားပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် သာသနာတော်တွင် နည်းသစ်များ မိမိဘက်မှ တီထွင်ခြင်းကို လေးလေးနက်နက် တားမြစ်ထားတော်မူပေသည်။

အေမာမ်အဟ်မဒ်၊ အဗူဒါဝူးဒ်၊ သိရ်မေဇီ စသည်တို့သည် အရ်ဗာသ္ဗ်အိဗ်နေစာရိယာ ﷺ ၏ ဆင့်ပြန် ချက်ကို တင်ပြထားပေသည်။ ၎င်းမှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ အသင်တို့ထဲမှ အကြင် သူများသည် ငါကိုယ်တော်နောက်ပိုင်း အသက်ထင်ရှား ရှိခဲ့ကြသည်ဆိုလျှင် ထိုသူများသည် ကွဲလွဲချက် များစွာကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ငါကိုယ်တော်အနေနှင့် မှာတမ်းစကား မိန့်ခြွေလိုသည်မှာ အသင်တို့သည် ငါကိုယ်တော်၏ လမ်းစဉ်နှင့် ခလီဖှာကြီးများ၏ လမ်းစဉ်များကို ခိုင်မြဲစွာ ဆုပ်ကိုင်ထား ကြကုန်။ အဘယ်ကြောင့်ဆိုသော် သာသနာတော်၌ နည်းသစ်များ ထွက်ပေါ်လာသည့် အရာတိုင်းသည် 'ဗိဒ်အသ်'ဖြစ်သည်။ 'ဗိဒ်အသ်'တိုင်းသည် လမ်းမှားများသာ ဖြစ်ချေသည်။

ဟဒီးစ်တော်တစ်ပုဒ်၌ မိန့်တော်မူထားသည်မှာ အကြင်သူသည် မှန်ကန်သောအုပ်စုနှင့် တစ်ထွာမျှ ဝေးကွာသွားပြီဆိုပါက ထိုသူသည် သာသနာတော်၏ ကြိုးကွင်းကို မိမိလည်ပင်းမှ ချွတ်လိုက်ခြင်းပင် ဖြစ်သည်။ ယင်းဟဒီးစ်တော်အား အဗူဒါဝူးဒ်ကျမ်းနှင့် မွစ်နဒ်အဟ်မဒ်၌ တင်ပြထားပေသည်။

သဖ်စီးရ်မဇ္ဇဟရီ၌ တင်ပြထားသည်မှာ အထက်ပါဟဒီးစ်တော်၌ လမ်းမှန်သော အုပ်စုဟူ၍ ဆိုထား ရာတွင် အလိုသဘောမှာ ဆွဟာဗာများ၏ အုပ်စုဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ ကို ရစူလ်အဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ရစူလ်အား ကျမ်းတော်မြတ် ချီးမြှင့်တော်မူခဲ့သည်။ ယင်းကျမ်းတော်မြတ်မှအပ အခြားဝဟီတော်များလည်း ချီးမြှင့် တော်မူခဲ့သည်။ ယင်းဝဟီတော်များကို စွန္နသ် (သို့) ဟဒီးစ်ဟု ခေါ်ဆိုပေသည်။ တစ်ဖန် ကျမ်းတော်မြတ် တွင် ခက်ခဲပြီး အကျဉ်းချုပ်ကာ ဖုံးကွယ်ထားသော အာယသ်တော်များစွာ ရှိပေသည်။ ယင်းအာယသ်တော် များကို အကျယ်ဖွင့်ဆို၍ တင်ပြရန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်အား အကြောင်းခံ၍ တင်ပြရန် ကတိပြုထားပေသည်။ ثُمَّ اِنَّ عَلَيْنَا بَيَانَهٗ ၏ အလိုသဘောမှာ အဆိုပါအတိုင်းပင် ဖြစ်သည်။

တမန်တော်မြတ် ﷺ သည် ကျမ်းတော်မြတ်၏ ခက်ခဲသော အာယသ်တော်များနှင့် အလိုသဘော ကို ဖုံးကွယ်ထားသော အာယသ်တော်များ၏ အကျယ်ဖွင့်ဆိုချက်နှင့် မိမိ၏ စွန္နသ်များ၏ အကျယ်တဝင့် များကို မိမိ၏ တိုက်ရိုက်တပည့်များ ဖြစ်သော ဆွဟာဗာများကို မိမိ၏ နှုတ်ဖြင့်သော်လည်းကောင်း၊ ကျင့်ကြံမှုဖြစ်သော်လည်းကောင်း သင်ကြားပေးတော်မူခဲ့၏။ ထို့ကြောင့် ဆွဟာဗာအများစု၏ ကျင့်သုံးခြင်း သည် တရားတော်မှ အကျယ်တဝင့် ဖွင့်ဆိုထားချက်များနှင့် အပြည့်အဝ ကိုက်ညီမှုရှိပေသည်။ ထို့ကြောင့် လုပ်ရပ်တိုင်းအား ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ လမ်းစဉ်ပေါ် လိုက်နာကျင့်သုံးမှုသာလျှင် မွတ်စ္စလင်မ်တို့အတွက် ကောင်းကျိုးများ ရှိမည်ဖြစ်သည်။ ထို့နောက် အကြင်အာယသ်တော်များနှင့် ဟဒီးစ် တော်များ၏ အလိုသဘောအား ဝေခွဲမရဘဲ သံသယဖြစ်နေပါမူ ထိုအာယသ်တော် (သို့) ဟဒီးစ်တော်အပေါ် လိုက်နာကျင့်သုံးရာတွင် ဆွဟာဗာအများစု၏ လမ်းစဉ်အပေါ် လိုက်နာရမည်ဖြစ်သည်။

ထိုမှန်မြတ်လှသည့် အခြေခံတရားကို မျက်နှာလွှဲပြီး လျှောက်လှမ်းမည်ဆိုပါက သာသနာတော်တွင် အဖွဲ့ကွဲအသီးသီး ဖြစ်ရှိသွားပေမည်။ ဆွဟာဗာများနှင့် အကျယ်ဖွင့်ဆိုသော ပုဂ္ဂိုလ်များ၏ လမ်းစဉ်ကို

မျက်နှာလွှဲပြီး မိမိတို့ဘက်မှ ဖြစ်လိုသည်များကို ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ အလိုသဘောဟူ၍ သတ်မှတ်လိုက်ကြသည်။ ဤသည်ပင်လျှင် ထိုလမ်းမှားများဖြစ်ပေသည်။ အကြင်လမ်းများနှင့် ပတ်သက်ပြီး ကျမ်းတော်မြတ်မှ တားဆီးထားပြီး တမန်တော်မြတ် ﷺ လည်း ဘ၀တစ်လျှောက်လုံး လေးလေးနက်နက် တားမြစ်တော်မူခဲ့ပေသည်။ ထိုတားမြစ်ချက်နှင့် ဆန့်ကျင်သောသူများအပေါ် 'လအ်နသ်'ပြုတော်မူခဲ့ပေသည်။

ဟဇရသ်အာအေရှာဟ် ﷺ သခင်မ မိန့်ဆိုထားပေသည်။ တမန်တော်မြတ် ﷺ မှ မိန့်တော်မူထားသည်မှာ ခြောက်ဦးသောသူအပေါ် ငါကိုယ်တော် 'လအ်နသ်'ပြုတော်မူ၏။ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှလည်း 'လအ်နသ်' ကျရောက်တော်မူခဲ့လေသည်။ ၎င်းခြောက်ဦးမှာ-

(၁) အကြင်သူသည် ကျမ်းတော်မြတ်တွင် မိမိဘက်မှ အချို့ကို ထည့်သွင်းလိုက်သည်။ ဆိုလိုသည်မှာ အချို့ဝါကျများ ထည့်သွင်းလိုက်သည်။ (သို့) အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဆွဟာဗာများ၏ အကျယ်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်၍ ဖွင့်ဆိုကြသောသူများ ဖြစ်သည်။

(၂) အကြင်သူသည် အလ္လာဟ်အသျှင်မြတ်မှ သတ်မှတ်ထားသော 'သက္ကဒီးရ်'ကို ငြင်းဆိုကြသောသူဖြစ်သည်။

(၃) အလ္လာဟ်အသျှင်မြတ်မှ သေးသိမ်မှုပြုထားသူကို သိက္ခာပေးရန်နှင့် သိက္ခာပေးထားသူကို သေးသိမ်အောင်ပြုလုပ်ရန် အမှုသည်အပေါ် မတော်မတရားပြုသူ ဖြစ်သည်။

(၄) အကြင်သူသည် အလ္လာဟ်အသျှင်မြတ်မှ 'ဟရာမ်'သတ်မှတ်ထားသောအရာကို 'ဟလာလ်' ဟု မှတ်ယူခြင်း။ ဆိုလိုသည်မှာ မက္ကာဟ်မြို့၌ သတ်မှတ်ထားသော 'ဟရာမ်'နယ်နိမိတ်အတွင်း သတ်ဖြတ်ခြင်း၊ (သို့) အမဲလိုက်ခြင်း စသည်တို့ ဖြစ်သည်။

(၅) အကြင်သူသည် ငါကိုယ်တော်နှင့် ငါကိုယ်တော်၏ အိမ်သူအိမ်သားများကို စော်ကားသူဖြစ်သည်။

(၆) အကြင်သူသည် ငါကိုယ်တော်၏ 'စွန္နသ်'လမ်းစဉ်ကို စွန့်လွှတ်သောသူဖြစ်သည်။

ဒုတိယအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

مَنْ جَآءَ بِالْحَسَنَةِ فَلَهُ عَشْرُ اَمْثَالِهَا وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزٰى اِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُوْنَ

ပထမအာယသ်တော်တွင် ဖြောင့်မတ်မှန်ကန်သော လမ်းမှ မျက်နှာလွှဲသွားကြသော သူများကို 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်မှ ၎င်းတို့၏ လုပ်ရပ်အပေါ် ပြစ်ဒဏ်ပေးတော်မူမည်ဟု တင်ပြထားပေသည်။ ဤအာယသ်တော်တွင် တမလွန်၌ အစားရရှိခြင်းနှင့် ပြစ်ဒဏ်ရရှိခြင်းကို ဤကဲ့သို့ ကရုဏာသက်စွာဖြင့် မိန့်တော်မူထားပေသည်။ ၎င်းမှာ အကြင်သူသည် ကောင်းမှုတစ်ခုကို ပြုလုပ်မည်ဆိုလျှင်

ထိုသူအား ကောင်းမှုကုသိုလ်ဆယ်ခု၏ အစားပေးတော်မူမည်ဖြစ်၍ အကြင်သူသည် မကောင်းမှုအကုသိုလ် ပြုကျင့်ပါက ၄င်းကို အပြစ်တစ်ခုသာလျှင် ဒဏ်ခတ်တော်မူမည်ဖြစ်သည်။

ဘိုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း၊ နစာအီကျမ်းနှင့် မွတ်စနဒ်အဟ်မဒ်ကျမ်းများတွင် တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ ၄င်းမှာ အသင်တို့၏ အရှင်သခင်သည် မဟာကရုဏာတော်ရှင် ဖြစ်တော်မူ၏။ အကြင်မည်သူမဆို ကောင်းမှုတစ်ခု ပြုလုပ်ရန် ဆန္ဒပြုရုံမျှဖြင့် ထိုသူအတွက် ကောင်းမှုတစ်ခု ရေးမှတ်တော်မူသည်။ ယင်းဆန္ဒအပေါ် ကျင့်သုံးခြင်း မရှိသော်ငြားလည်း ရေးမှတ်တော်မူသည်။ တစ်ဖန် ထိုကောင်းမှုကို အကောင်အထည်ဖော်ကာ ကျင့်သုံးလိုက်သည်ဆိုလျှင် ထိုသို့ ကျင့်သုံးသည့်အပေါ် အကျိုးစဝါးဗ် 'ဆယ်ဆ' ရေးမှတ်တော်မူသည်။ ထို့နောက် မကောင်းမှုပြုရန် ဆန္ဒပြုပြီး ယင်းအပေါ် ကျင့်သုံးခြင်းမရှိပါက ကောင်းမှုတစ်ခုကို ရေးမှတ်တော်မူသည်။ အကယ်၍ ကျင့်သုံးလိုက်မည်ဆိုလျှင် မကောင်းမှုတစ်ခုအစား အပြစ်တစ်ခုသာ ရေးမှတ်တော်မူသည်။ (သို့) ယင်းအပြစ်ကိုလည်း ပယ်ဖျက်လိုက်တော်မူမည်ဖြစ်သည်။ ထိုသို့ ကရုဏာသက်ခြင်းနှင့် ခွင့်လွှတ်ခြင်းများ ရှိနေပါလျက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် အကြင်သူသာလျှင် ပျက်စီးနိုင်၏။ ထိုသူသည် ပျက်စီးရန်အတွက် စိတ်ဆုံးဖြတ်ထားသောသူပင်ဖြစ်မည်။ *[အိဗ်နေကစီးရ်ကျမ်း]*

ဟဇရသ်အဗူဇရ် ﵁ သခင်၏ ဆင့်ပြန့်ချက်ဖြင့် ဟဒီးစ်ကူဒူစီတစ်ပုဒ်၌ တင်ပြထားသည်မှာ အကြင်မည်သူမဆို ကောင်းမှုတစ်ခု ပြုလုပ်မည်ဆိုလျှင် ထိုသူအား ကောင်းမှုဆယ်ခု၏ အကျိုးစဝါးဗ် ရရှိမည်ဖြစ်သည်။ ထို့ထက်မကလည်း ရရှိနိုင်သည်။ ၄င်းနောက် အကြင်သူသည် အပြစ်တစ်ခု ကျူးလွန်မည်ဆိုလျှင် ထိုသူ၏ အပြစ်ဒဏ်မှာ အပြစ်တစ်ခုနှင့်အညီ ရရှိမည်ဖြစ်သည်။ (သို့) ခွင့်လွှတ်ကောင်း ခွင့်လွှတ်လိမ့်မည်။ အကြင်သူသည် မြေပထဝီအပြည့် 'ဂိုနာဟ်'များ ပြုလုပ်၍ ငါအသျှင်မြတ်ထံ ရောက်လာပြီး လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံမည်ဆိုလျှင် ထိုမျှလောက်ပင် ခွင့်လွှတ်တော်မူပြီး ၄င်းအား လက်ခံတော်မူမည်။ အကြင်သူသည် ငါအသျှင်မြတ်အနားသို့ တစ်ထွာတိုးလာလျှင် ငါအသျှင်မြတ်သည် ထိုသူဘက်သို့ တစ်တောင်တိုးသွားမည် ဖြစ်သည်။ ငါအသျှင်မြတ်ဘက်သို့ လျှောက်လာမည်ဆိုလျှင် ငါအသျှင်မြတ်သည် ထိုသူဘက်သို့ ပြေးသွားမည်ဖြစ်သည်။

ထိုဆင့်ပြန့်ချက် ဟဒီးစ်များမှ သိရှိရသည်မှာ ကောင်းမှု၏ အစားအား ဤဖော်ပြပါ အာယသ်၌ 'ဆယ်ဆ'ထိ တင်ပြထားသည်မှာ အနိမ့်ဆုံးအတိုင်းအတာကို တင်ပြထားခြင်းဖြစ်ပေသည်။ အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် ထိုထက်မက ပိုပေးနိုင်ပေသည်။ ပေးမည်လည်းဖြစ်ပေသည်။ ပမာဆိုရသော် အခြားဆင့်ပြန့်ချက်များတွင် အစပေါင်းခုနှစ်ဆယ် (သို့) အစပေါင်း ခုနှစ်ရာထိ တင်ပြထားသည်။ ထိုအာယသ်တော်၏ ဝါကျများတွင် စဉ်းစားစရာအချက်ရှိသည်မှာ ဤနေရာ၌ جَاءَ بِالْحَسَنَةِ ဟူ၍ မိန့်တော်မူထားပြီး عَمِلَ بِالْحَسَنَةِ ဟူ၍ မိန့်တော်မမူထားချေ။ သဖ်စီးရ်ဗဟ်ရေ မိုဟီးသ်၌ ထိုအာယသ်တော်မှ ရည်ညွှန်းထားသည်ကို တင်ပြထားရာမှ မည်သည့်ကောင်းမှု (သို့) မကောင်းမှု ပြုလုပ်သည့်အပေါ် စံစား၊ ခံစားပေးမည်

မဟုတ်ပေ။ သို့သာမက ပြစ်ဒဏ်နှင့် ကောင်းသည့် အစားပေးရန်အတွက် ကွယ်လွန်သည့်အချိန်အထိ ထိုကောင်းခြင်း၊ မကောင်းခြင်း၏ လုပ်ရပ်အပေါ် ရပ်တည်နေရန် အရေးကြီးသည်။ ယင်း၏ ရလဒ်မှာ တစ်ဦးတစ်ယောက်သည် ကောင်းသည့် 'အမလ်'ကို ပြုလုပ်၏။ သို့သော် တစ်ဖန် အပြစ်တစ်ခုခုကို ဆိုးရွားမှုကြောင့် ၎င်းသူ၏ 'အမလ်'မှာ ပျက်စီးသွားရသည်ဆိုလျှင် ထိုသူသည် ၎င်းကောင်းမှုအပေါ် အကျိုး'စဝါးဗ်' ရထိုက်မည်မဟုတ်ပေ။ ပမာဆိုရသော် 'ကုဖွရ်' နှင့် ရှရစ်က်သည် ကောင်းမှုဟူသမျှကို ဖျက်ဆီးပစ်လိုက်၏။ ထိုမှတစ်ပါး အချို့ကောင်းမှုများကို ပျက်စီးစေသည့် ပြစ်မှုများစွာရှိသည်။ ယင်းနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်၌ لَا تُبْطِلُوْا صَدَقٰتِكُمْ بِالْمَنِّ وَالْاَذٰى အလိုသဘောမှာ အသင်တို့သည် မိမိတို့၏ 'ဆွဒ်ကာဟ်'လှူဒါန်းမှုများကို ဂုဏ်ဖော်၍ (သို့) ဒုက္ခပေး၍ မဖျက်ဆီးကြလေနှင့်။

ယင်းအချက်မှ သိရှိရသည်မှာ 'ဆွဒ်ကာဟ်'ပြုခြင်းဆိုသော ကောင်းသောကျင့်စဉ်သည် ဂုဏ်ဖော်ခြင်း၊ (သို့) ဒုက္ခပေးခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားရ၏။ ထိုနည်းတူစွာ ဟဒီးစ်တော်၌ ဗလီဝတ်ကျောင်းတော်၌ လောကီစကားများ ပြောဆိုခြင်းသည် ထင်းကို မီးစားသည့်အလား ကောင်းမှုများကို စားပစ်လိုက်သည်။ ထိုအချက်မှ သိရှိရသည်မှာ ဗလီဝတ်ကျောင်းတော်တွင် ကောင်းမှုကုသိုလ်များဖြစ်သော 'နဖိလ် အေဗာဒသ်'များနှင့် 'သက်စ်ဗီးဟ်'စသည်တို့ ပြုလုပ်ခဲ့သော ကောင်းမှုများသည် လောကီစကားများ ပြောဆိုခြင်းကြောင့် ပျက်စီးသွားရ၏။

ထိုနည်းတူစွာ အကယ်၍ မကောင်းမှုများမှ 'သောင်ဗာဟ်'ပြုလိုက်သည်ဆိုလျှင် မကောင်းသည့် စာရင်းမှ ပယ်ဖျက်ခြင်း ခံရပေမည်။ ကွယ်လွန်သည့်အချိန်အထိ ကျန်ရှိမနေတော့ပေ။ ထို့ကြောင့် ဤအာယသ်တော်၌ 'မည်သူမဆို ကောင်းမှု (သို့) မကောင်းမှုပြုကျင့်မည်ဆိုပါက ထိုသူအား ပြစ်ဒဏ် (သို့) အကျိုးစဝါးဗ်ရရှိမည်ဟူ၍ မိန့်တော်မူထားခြင်းမျိုး မဟုတ်ဘဲ အကြင်သူသည် ငါအသျှင်မြတ်ထံတော်ပါးသို့ ကောင်းမှုတစ်ခုယူလာမည်ဆိုလျှင် ၎င်းအား 'ဆယ်ဆ' အကျိုးစဝါးဗ်ရရှိမည်ဖြစ်သည်။ မကောင်းမှုယူလာမည်ဆိုလျှင် မကောင်းမှုတစ်ခုအစား ပြစ်ဒဏ်တစ်ခုသာ ရရှိမည်ဖြစ်သည်။' အလ္လာဟ်အသျှင်မြတ်အထိ ယူဆောင်သွားနိုင်ရန်အတွက် နောက်ဆုံးအချိန်ထိ ယင်း 'အမလ်'အပေါ် ရပ်တည်နေရမည် ဖြစ်သည်။ ကောင်းမှုများကို ပျက်စီးစေမည့် အရာတစ်ခုခုအား မကျူးလွန်စေရပေ။ ၎င်းနောက် မကောင်းမှုများမှ 'သောင်ဗာဟ်'ပြုလုပ်ခြင်းဖြစ်မည်။

အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ- وَهُمْ لَا يُظْلَمُوْنَ

အလိုသဘောမှာ ထိုတရားမျှတမှုရှိသော ရုံးတော်၌ မည်သူမှ မတရားပြုခြင်း ခံရမည်မဟုတ်ပေ။ မည်သူ၏ ကောင်းမှုအား အစားပေးရာ၌ လျှော့နည်းနိုင်ဖွယ်ရာ မဖြစ်နိုင်သကဲ့သို့ မကောင်းမှုများအား ဒဏ်ခတ်ရာ၌ ပိုသွားနိုင်စရာလည်း အကြောင်းမရှိပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قُلْ إِنَّنِي هَدَانِي رَبِّي إِلَىٰ صِرَاطٍ مُّسْتَقِيمٍ دِينًا قِيَمًا مِّلَّةَ إِبْرَاهِيمَ
حَنِيفًا ۚ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٦١﴾

၆ : ၁၆၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ 'ကေန်အမှန် ငါ၏ အသျှင်မြတ်သည် ငါ့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ပို့ဆောင်တော်မူခဲ့လေပြီ။ (ထိုတရားလမ်းမှာ) အလွန်တည်တံ့ခိုင်ခံသော သာသနာတော်ပင်ဖြစ်သည်။ တည်ကြည်ဖြောင့်မတ်သော (နဗီတမန်တော်) အိဗ္ဗရာဟီမ်၏ (တရား) လမ်းစဉ်ပင်ဖြစ်သည်။ စင်စစ် ထို (ထိုနဗီတမန်တော်) အိဗ္ဗရာဟီမ်သည် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်သော သူတို့တွင် ပါဝင်ခဲ့သည် မဟုတ်ပေ။

قُلْ إِنَّ صَلَاتِي وَنُسُكِي وَمَحْيَايَ وَمَمَاتِي لِلَّهِ رَبِّ الْعَالَمِينَ ﴿١٦٢﴾

၆ : ၁၆၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ကေန်အမှန် ငါ၏ 'ဆွလာသ်' ဝတ်ပြုမှုသည်လည်းကောင်း၊ ငါ၏ ('ကုရ်ဗာနီ' နှင့်တကွ အခြားသော) ခဝပ်ကိုးကွယ် ဆည်းကပ်မှု ဟူသမျှတို့သည်လည်းကောင်း၊ ငါ၏ အသက်ရှင်ခြင်းနှင့် အသက်သေဆုံးခြင်းသည်လည်းကောင်း (အလုံးစုံမှာ) စကြဝဠာအပေါင်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ် နှစ်သက်တော်မူရန်သာလျှင် ဖြစ်ပေသည်။

لَا شَرِيكَ لَهُ ۖ وَبِذَٰلِكَ أُمِرْتُ وَأَنَا أَوَّلُ الْمُسْلِمِينَ ﴿١٦٣﴾

၆ : ၁၆၄ ။ ။ ထိုအသျှင်မြတ်၌ တွဲဖက်ဟူ၍ အလျဉ်းမရှိချေ။ ငါသည် ဤသည်နှင့် စပ်လျဉ်း၍ (လိုက်နာရန်) အမိန့်ပေးတော်မူခြင်းကို ခံခဲ့ရသည်။ ၎င်းပြင် ငါသည် အမိန့်တော်ကို လိုက်နာသောသူတို့တွင် ပထမဦးဆုံးပင် ဖြစ်ပေသည်။

قُلْ أَغَيْرَ اللَّهِ أَبْغِي رَبًّا وَهُوَ رَبُّ كُلِّ شَيْءٍ ۚ
وَلَا تَكْسِبُ كُلُّ نَفْسٍ إِلَّا عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ۚ ثُمَّ إِلَىٰ
رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ ﴿١٦٤﴾

၆ : ၁၆၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ ငါသည် အလ္လာဟ်အသျှင်မြတ်မှ တစ်ပါး အခြား (အရှင်) ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အဖြစ် ရှာဖွေရပါမည်လော။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ၎င်းပြင် မည်သူမဆို မိမိရှာဖွေဆည်းပူးခဲ့သမျှကို မိမိသာလျှင် သယ်ပိုးထမ်းဆောင်ရမည်သာဖြစ်သည်။ စင်စစ် သယ်ပိုးထမ်းဆောင်သူ မည်သူမျှပင် သူတစ်ပါး၏ ဝန်ကို သယ်ပိုထမ်းဆောင်လိမ့်မည်မဟုတ်။ ထို့နောက် အသင်တို့အားလုံးမှာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့သာလျှင် ပြန်ကြရမည်ဖြစ်သည်။ ထိုအခါ ထိုအသျှင်မြတ်သည် အသင်တို့၌ အသင်တို့ ကွဲပြားလျက်ရှိခဲ့ကြသော ကိစ္စရပ်များကို သိစေတော်မူမည်။

وَهُوَ الَّذِي جَعَلَكُمْ خَلَٰٓئِفَ الْأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَٰتٍ لِّيَبْلُوَكُمْ
فِي مَآ ءَاتَىٰكُمْ ۗ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُۥ لَغَفُورٌ رَّحِيمٌ ﴿١٦٥﴾

၆ : ၁၆၆ ။ ။ ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ပထဝီမြေပြင်၌ ကိုယ်စားလှယ်များအဖြစ် ချီးမြှင့်တော်မူခဲ့လေသည်။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား မိမိချီးမြှင့်ထားတော်မူခဲ့သော ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူရန် အလို့ငှာ အသင်တို့အနက် အချို့ကို အချို့ထက် အဆင့်အတန်းများစွာ မြှင့်တင်စေတော်မူခဲ့သည်။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လျင်မြန်စွာ ပြစ်ဒဏ်ပေးတော်မူသော အသျှင်၊ ၄င်းပြင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်ပြောကြားလော။ ငါကိုယ်တော်အား ငါ၏ အသျှင်မြတ်မှ ဖြောင့်မတ်မှန်ကန်သော လမ်းကို ပြသခဲ့ပြီးဖြစ်သည်။ ထိုလမ်းမှန်တရားသည် ခိုင်လုံသော အထောက်အထားများအရ ခိုင်လုံသော သာသနာတော်တစ်ခု ဖြစ်သည်။ ယင်းသာသနာ့နည်းလမ်းသည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ စင်ကြယ်သော နည်းလမ်းပင်ဖြစ်သည်။ ထိုတမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် ရှုရစ်ကဲလုပ်သူများထဲမှ မဟုတ်ပေ။ ၄င်းနောက် အသင်ကိုယ်တော်အနေနှင့် ဖော်ပြပါသာသနာတော်နှင့် ပတ်သက်ပြီး အတော်အတန် အကျယ်တဝင့် တင်ပြတော်မူပါ။ ၄င်းမှာ မုချဧကန် ငါကိုယ်တော်၏ နမာဇ်များ၊ 'အေဗာဒသ်'များနှင့် ငါကိုယ်တော်၏ ရှင်ခြင်း၊ သေခြင်းဟူသမျှအားလုံးသည် အလ္လာဟ်အတွက်သာ သီးသန့်ဖြစ်သည်။ အကြင်အသျှင်မြတ်သည် စကြဝဠာတစ်ခုလုံးကို စိုးပိုင်တော်မူ၏။ ထိုအသျှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သူဟူ၍ မည်သူမှ မရှိပေ။ ငါကိုယ်တော်အား ထိုဖော်ပြပါ သာသနာတော်အပေါ် ရပ်တည်ရန် မိန့်တော်မူခဲ့ပေသည်။ ထိုအမိန့်တော်နှင့်အညီ ယင်းသာသနာဝင်များတွင် လက်ခံသူများအားလုံးထဲမှ ပထမဦးဆုံး လက်ခံသူမှာ ငါကိုယ်တော်ပင် ဖြစ်သည်။ အသင်ကိုယ်တော်အနေနှင့် မကောင်းမှုများဘက်သို့ ဖိတ်ခေါ်နေကြသော ထိုသူများကို [illegible]တော်မူပါ။ ၄င်းမှာ စစ်မှန်သော သာသနာတော်နှင့် 'သောင်ဟီးဒ်'၏ အရင်းအမြစ်များ အတိအလင်း [illegible]လာပြီးသည့်နောက်လည်း အသင်တို့၏ ပြောဆိုချက်အရ ကျွန်ုပ်အနေနှင့် အလ္လာဟ်အသျှင်မြတ်မှအပ တစ်ပါးသူအား မိမိ၏ အသျှင်သခင်အဖြစ် ပြုလုပ်ရန် ရှာဖွေရမည်လော။ ဆိုလိုသည်မှာ (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏။) ရှုရစ်ကဲလမ်းကို ရွေးချယ်လိုက်ရမည်လော။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် အရာခပ်သိမ်းကို စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အရာခပ်သိမ်းသည် ထိုအသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်း၌သာ ရှိ၏။ ပိုင်ဆိုင်ခြင်းခံရသော အရာသည် ပိုင်ဆိုင်သူနှင့်အတူ ပါဝင်နိုင်ခြင်း မရှိပေ။ အသင်တို့ ပြောဆိုသည့်အတိုင်း အသင်တို့၏ ပြစ်မှုများသည် ကျွန်ုပ်အပေါ်၌သာ ကျရောက်မည်ဆိုသော

စကားသည် အချည်းအနှီးဖြစ်သည်။ အပြစ်ကျူးလွန်သူက ကင်းရှင်းပြီး ၎င်း၏ ပြစ်ဒဏ်ကို အခြားသူ ခံရမည်ဆိုသည်မှာ အချည်းအနှီးဖြစ်သည်။ သို့သာမက ကေန်အမှန် 'အမလ်'ပြုလုပ်သူသာလျှင် ထို 'အမလ်' ၏ တာဝန်ခံသာဖြစ်သည်။ တစ်ပါးသူ၏ အပြစ်ကို မည်သူမှ တာဝန်ယူရမည် မဟုတ်ပေ။ မိမိအပြစ် မိမိ ခံစားရမည်သာ ဖြစ်ပေသည်။ တစ်ဖန် အာလုံး 'အမလ်'ပြုကျင့်ပြီးသည့်နောက် အသင်တို့အားလုံး မိမိတို့ ၏ အသျှင်သခင်ထံ သွားကြရမည်ဖြစ်သည်။ ၎င်းနောက် ထိုအသျှင်မြတ်က အသင်တို့ ဆန့်ကျင်ခဲ့သမျှ အရာအားလုံးကို ပြသတော်မူမည်။ တစ်ဦးက သာသနာတစ်ခုကို မှန်သည်ဟု ပြောဆိုပြီးနောက် တစ်ဦး တစ်ယောက်က အခြားသာသနာတစ်ကို မှန်သည်ဟု ပြောဆိုခဲ့ကြသည်။ ထိုနေရာ၌ ကျင့်ကြံမှုများအပေါ် မူတည်၍ ဆုံးဖြတ်ပေးတော်မူမည်။ မှန်သောသူကို အောင်မြင်မှု ပေးသနားတော်မူပြီး မမှန်သောသူကို ဒဏ်ခတ်တော်မူမည်။ ထိုအလ္လာဟ်အသျှင်မြတ်သည် မြေပထဝီတွင် အသင်တို့အား လုပ်ပိုင်ခွင့်များ ပေးထား ကြသည်။ ထိုအခွင့်အရေးတွင် အားလုံးတန်းတူဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အရာအသီးသီးတွင် အဆင့် အတန်းကို တိုးပေးတော်မူမည်။ ထိုချီးမြှင့်မှုတွင် အနိမ့်အမြင့်ရှိမည်ဖြစ်သည်။ သို့မှသာ ထိုချီးမြှင့်မှုများဖြင့် အသင်တို့အား စမ်းသပ်မှုပြုမည်ဖြစ်သည်။ ဖော်ပြပါ 'နေ့အ်မသ်'တော်များ အသင်တို့အား ချီးမြှင့်၍ စမ်းသပ်မှ သာလျှင် မည်သူက ထို 'နေ့အ်မသ်'များကို တန်ဖိုးထားပြီး ချီးမြှင့်သူ အသျှင်မြတ်၏ အမိန့်နာခံခြင်း ရှိသည်၊ မရှိသည်ကို စမ်းသပ်ပြီး အချို့က နာခံသူများဖြစ်ကြ၍ အချို့က ဖီဆန်သူများ ဖြစ်ကြမည်။ ယင်းအခြေအနေ နှစ်ရပ်အပေါ် မူတည်၍ သင့်လျော်သလို ဆက်ဆံမည်ဖြစ်သည်။ အာယတ်ကြောင့်ဆိုသော် မုချကေန် အသင်ကိုယ်တော်၏ အသျှင်သခင်သည် အမြန်ဆုံး ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ထိုအသျှင် မြတ်သည် မုချကေန် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ မဟာကရုဏာတော် ရှင်လည်း ဖြစ်တော်မူ၏။ သို့ရှိရာ ဖီဆန်သူများအတွက် ဒဏ်ခတ်မည်ဖြစ်ပြီး နာခံသူများအတွက် 'ရဟ်မသ်' ရှင်လည်း ဖြစ်တော်မူ၏။ ထို့နောက် ဖီဆန်သည့်ဘက်မှ နာခံသည့်ဘက်သို့ ရောက်လာကြသောသူများ အတွက် ခွင့်လွှတ်မှုလည်း ရှိ၏။ ထို့ကြောင့် ပညတ်ခြင်းခံရသောသူများအတွက် အရေးကြီးမှာ ၎င်းတို့ အနေနှင့် မုချမှန်ကန်သည့် သာသနာတော်၏ အန္တတာခံရမည်ဖြစ်သည်။ မှန်ကန်မှုမရှိဘဲ ဆန့်ကျင်ခြင်းမှ ရှောင်ရှားရမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဤသည် 'စူရာဟ်အန်အာမ်'၏ နောက်ဆုံးခြောက်အာသ်တော်ဖြစ်သည်။ အကြင်သူများသည် စစ်မှန်သည့် သာသနာတွင် လိုတိုးပိုလျှော့လုပ်ပြီး သာသနာအသီးသီး ပြုလုပ်လိုက်ကြသည်။ ၎င်းတို့ကိုယ်တိုင် လည်း အုပ်စုအသီးသီး၌ ကွဲလွဲသွားကြသည်။ ဖော်ပြပါ ခြောက်အာယသ်တော်ထဲမှ ပထမအာယသ်တော် တွင် ၎င်းတို့နှင့်ယှဉ်လျက် စစ်မှန်သော သာသနာ၏ ပုံရိပ်ကို ဖော်ပြထားပြီး ယင်းသာသနာတော်၏ အခြေခံ စည်းမျဉ်းများနှင့် အချို့အရေးကြီးသော နောက်ဆက်တွဲပညတ်ချက်များကို တင်ပြထားပေသည်။ ပထမအာယသ်တော်နှစ်ပုဒ်တွင် အခြေခံစည်းမျဉ်းများကို တင်ပြထားသည်။ တတိယမြောက်အာယသ်

တော်တွင် ထိုသာသနာတော်၏ အရေးကြီးသော နောက်ဆက်တွဲပညတ်ချက်များကို တင်ပြထားသည်။ ယင်းအချက်နှစ်စလုံးအား တမန်တော်မြတ် ﷺ ကို ရည်ညွှန်းမိန့်တော်မူထားသည်မှာ ထိုသူများကို အဆိုပါ အချက်များ တင်ပြရန်ဖြစ်သည်။

ပထမအာယသ်တော်၌ မိန့်တော်မူထားသည်မှာ-

قُلْ اِنَّنِىْ هَدٰنِىْ رَبِّىْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ

အလိုသဘောမှာ အသင် ပြောကြားပါလေ။ ၄င်းမှာ ငါကိုယ်တော်အား ငါကိုယ်တော်၏ အသျှင်မြတ်မှ လမ်းမှန်ကို ပြသခဲ့ပြီးဖြစ်သည်။ ယင်းအချက်မှ ညွှန်ပြနေသည်မှာ ငါကိုယ်တော်သည် အသင်တို့ကဲ့သို့ မိမိတို့၏ အတွေးအခေါ်များနှင့် ဘိုးဘွားများ၏ ဓလေ့လမ်းစဉ်ကို နာခံသူမဟုတ်ပေ။ သို့သာမက ငါကိုယ်တော်၏ အသျှင်မြတ်သည် ငါကိုယ်တော်အား ဤမှန်ကန်သော လမ်းကို ပြသခဲ့ပြီးဖြစ်သည်။ ၄င်းနောက် رَبِّىْ စာလုံးမှ ညွှန်ပြနေသည်မှာ ထိုအသျှင်မြတ်ဘက်မှ လမ်းမှန်တရားပြသခြင်းသည် အသျှင်မြတ်၏ ဂုဏ်အင်လက္ခဏာပင် ဖြစ်ချေသည်။ အသင်တို့အနေနှင့်လည်း အကယ်၍ လိုလားသည်ဆိုပါက ထိုအသျှင်မြတ်ဘက်သို့ ရောက်စေမည့် လမ်းမှန်တရားသည် အသင်တို့အတွက် အသင့်ရှိနေခဲ့ပြီးဖြစ်သည်။

ဒုတိယအာယသ်တော်တွင် မိန့်ကြားထားသည်မှာ-

دِيْنًا قِيَمًا مِّلَّةَ اِبْرٰهِيْمَ حَنِيْفًا وَمَا كَانَ مِنَ الْمُشْرِكِيْنَ

ယင်းအာယသ်တော်တွင် قِيَمٌ စာလုံးသည် မူရင်းစာလုံးဖြစ်ပြီး အဓိပ္ပာယ်မှာ ရပ်ခြင်းဖြစ်သည်။ အလိုသဘောမှာ ရပ်တည်လျက်ရှိသော သူသည် ခိုင်မြဲသည့်သူဖြစ်သည်။ ဆိုလိုသည်မှာ ခိုင်မြဲသော သာသနာတော်ဖြစ်သည်။ ယင်းသာသနာတော်သည် အလ္လာဟ်အသျှင်မြတ်ဘက်မှ လာသော ခိုင်မြဲသည့် အခြေခံတရားများပေါ်၌ ရပ်တည်လျက် ရှိသည့် သာသနာဖြစ်သည်။ တစ်ဦးတစ်ယောက်၏ အတွေးအခေါ်များ မဟုတ်ပေ။ သာသနာတော်အသစ်တစ်ရပ်လည်း မဟုတ်ပေ။ ဒွိဟဖြစ်စေသော သာသနာလည်း မဟုတ်ပေ။ သို့သာမက ရှေးယခင် နဗီအပေါင်း၏ သာသနာသည်လည်း ဤသာသနာတော်ပင် ဖြစ်၏။ အထူးသဖြင့် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ အမည်ကို တင်ပြရခြင်း၏ အကြောင်းမှာ လောကရှိ အုပ်စုထဲမှ ယဟူဒီများနှင့် နဆွဲရာများ၊ မုရှ်ရစ်က်များအကြား မည်မျှပင် အုပ်စုအသီးသီး ကွဲပြားနေစေကာမူ တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ မြင့်မြတ်မှုအပေါ် အားလုံး တစ်ညီတစ်ညွတ်တည်း ရှိကြသည်။ ဤသည်ပင်လျှင် အလ္လာဟ်အသျှင်မြတ်ဘက်မှ အထူးသဖြင့် ချီးမြှင့်သည့် ရှေ့ဆောင်ကြီးပင်ဖြစ်ချေသည်။

اِنِّىْ جَاعِلُكَ لِلنَّاسِ اِمَامًا

တစ်ဖန် ထိုအုပ်စုများမှ အုပ်စုတိုင်းသည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သာသနာအပေါ် ရပ်တည်နေပါသည်ဟူ၍ ကြိုးစားတင်ပြကြပေသည်။ ကျွန်ုပ်တို့သည်သာလျှင် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏

သာသနာအပေါ်ရှိသည်ဟု ဆိုကြသည်။ ၎င်းတို့၏ ထိုမှားယွင်းချက်ကို ဖယ်ရှားရန်အတွက် မိန့်တော်မူထားသည်မှာ တမန်တော်အိဗ္ဗရာဟီမ် عليه السلام သည် အလ္လာဟ်အရှင်မြတ်မှအပ အခြားအရာများအား ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်သူဖြစ်ပြီး တုပနှိုင်းယှဉ်ခြင်းအား မုန်းတီးသူဖြစ်သည်။ ဤသည်ပင်လျှင် ၎င်းနဗီ၏ မြင့်မြတ်မှုပင်ဖြစ်သည်။ အသင်တို့သည် ရှုရှစ်ကိ၌ နစ်မွန်းနေကြသူများ ဖြစ်ကြသည်။ ယဟူဒီများသည် ဟဇရတ်အိုဇိုင်ရ် عليه السلام ကိုလည်းကောင်း၊ နဆွာရာများသည် ဟဇရတ်အီစာ عليه السلام ကိုလည်းကောင်း၊ အာရဗ်ရှိ မုရှ်ရိစ်ကိမ်များသည် ထောင်ပေါင်းများစွာသော ကျောက်တုံးများကိုလည်းကောင်း အရှင်မြတ်နှင့် တုပနှိုင်းယှဉ်ကြသည်။ သို့ရှိရာ ၎င်းတို့အနေနှင့် တမန်တော်အိဗ္ဗရာဟီမ် عليه السلام နောက်လိုက်များဖြစ်သည်ဟူ၍ မပြောဆိုထိုက်ပေ။ သို့သော် ယင်းသို့ ပြောဆိုခြင်းသည် 'ကုဖွရ်'နှင့် ရှုရှစ်ကိကို ရွံမုန်းကြသော မွတ်စ္စလင်မ်များသာ ပြောဆိုရမည်ဖြစ်သည်။

တတိယအာယသ်တော်တွင် မိန့်ကြားထားသည်မှာ-

قُلْ اِنَّ صَلٰوتِىْ وَنُسُكِىْ وَمَحْيَاىَ وَمَمَاتِىْ لِلّٰهِ رَبِّ الْعَالَمِيْنَ

ဟူ၍ ဖြစ်သည်။ ယင်းအာယသ်တော်တွင် نُسُك စာလုံး၏ အဓိပ္ပာယ်မှာ စွန့်လှူခြင်းဖြစ်သည်။ ထိုနည်းတူစွာ 'ဟဂ်ျ'၏ လုပ်ရပ်ဟူသမျှကို نُسُك ဟု ခေါ်ဆိုပြီး 'ဟဂ်ျ'၏ ကျင့်စဉ်များအားလုံးကို **مناسك** ဟု ခေါ်ဆိုကြပေသည်။ ထို့နောက် ဤစာလုံးအား 'အေဗာဒသ်'ဟူသမျှ၌ သုံးစွဲကြပေသည်။ ထို့ကြောင့် **ناسك** ကို **عابد** ဟုလည်း ခေါ်ဆိုကြပေသည်။ ဤနေရာ၌ ဖော်ပြပါအဓိပ္ပာယ်များထဲမှ အဓိပ္ပာယ်တိုင်းအတွက် အလိုသဘော ကောက်ယူနိုင်ပေသည်။ ၎င်းနောက် သဖ်စီးရ်ပညာရှင် ဆွဟာဗာများနှင့် သာဗေအီးန်များမှလည်း ဖော်ပြပါဖွင့်ဆိုချက်များကို တင်ပြထားကြပေသည်။ သို့သော် ဤနေရာ၌ 'အေဗာဒသ်'ဟူသော အဓိပ္ပာယ်သာလျှင် သင့်လျော်မည်ဟု ထင်ပေသည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ ငါကိုယ်တော်၏ နမာဇ်များနှင့် 'အေဗာဒသ်'များ၊ ၎င်းနောက် ငါကိုယ်တော်၏ သက်တမ်းတစ်ခုလုံးနှင့် သေခြင်းတရား ဟူသမျှသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်တော်မူ၏။

ထိုအာယသ်တော်တွင် ဆင့်ပွားကျင့်စဉ်များထဲမှ ဦးစွာပထမ နမာဇ်ကို တင်ပြထားပေသည်။ ယင်းနမာဇ်သည် ကောင်းသော ကျင့်စဉ်ဟူသမျှ၏ ဝိညာဉ်ဖြစ်ပြီး သာသနာတော်၏ မဏ္ဍိုင်လည်းဖြစ်သည်။ ၎င်းနောက် ကျင့်ကြံမှုများအားလုံးနှင့် 'အေဗာဒသ်'များအားလုံးကို အကျဉ်းချုပ်၍ တင်ပြမိန့်တော်မူထားပေသည်။ တစ်ဖန် ရှေ့ဆက်၍ ဘဝသက်တမ်းတစ်ခုလုံး၏ ကျင့်ကြံမှုများနှင့် အခြေအနေများကို တင်ပြထားပြီး နောက်ဆုံးတွင် သေခြင်းတရားနှင့် ပတ်သက်ပြီး တင်ပြထားသည်။ အဆိုပါ အရာများအားလုံးကို တင်ပြပြီးသည့်နောက် မိန့်တော်မူသည်မှာ ငါကိုယ်တော်၏ ဤအရာများအားလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်သည်ဟူ၍ မိန့်ဆိုထားပေသည်။ ထိုအရှင်မြတ်နှင့် တန်းတူဟူ၍ မရှိပေ။ ဤသည်ပင်လျှင် အီမာန်ပြည့်ဝခြင်းနှင့် စာရိတ္တပြည့်ဝခြင်း၏ ရလဒ်ပင်ဖြစ်ချေသည်။ လူသားသည် မိမိသက်တမ်း၏

အခြေအနေတိုင်းနှင့် လုပ်ရပ်တိုင်းတွင် ကျွန်ုပ်နှင့် စကြဝဠာကြီးအား ဖန်ဆင်းရှင်မှာ တစ်ဆူတည်းဖြစ်ကြောင်းကို ရှေ့တန်းတင်ရမည်ဖြစ်သည်။ ထိုအသျှင်မြတ်၏ ကျေးကျွန်ဖြစ်ပြီး အချိန်တိုင်း ထိုအသျှင်မြတ်ကိုသာ ရင်ဝယ်ပိုက်ထားရမည်ဖြစ်သည်။ ကျွန်ုပ်၏ စိတ်၊ ဦးနှောက်၊ မျက်စိ၊ နား၊ နှုတ်၊ ခြေ၊ လက် စသည့် အရာများအားလုံးသည် ထိုအသျှင်မြတ်၏ နှစ်သက်မှုနှင့် ဆန့်ကျင်ဘက် မဖြစ်စေသင့်ပေ။ ဤသည်ပင်လျှင် အာရုံခံခြင်းတစ်မျိုး ဖြစ်ပေသည်။ အကယ်၍ လူသားသည် ၎င်းအား မိမိ၏ စိတ်အာရုံဟူသမျှ၌ စုစည်းလိုက်မည်ဆိုလျှင် စစ်မှန်သည့် လူသားတစ်ဦးနှင့် ပြည့်စုံသည့် လူသားတစ်ဦး ဖြစ်သွားပေသည်။ ပြစ်မှုဒုစရိုက်များသည် ၎င်းအနားမှပင် ကပ်နိုင်မည်မဟုတ်ပေ။

သဖ်စီးရ်ဒူရ်ရေမန်စူးရ်တွင် ထိုအာယသ်တော်အား အကျယ်ဖွင့်ဆိုထားရာတွင် ဟဇရသ်အဗူမူစာ အရ်အရီ၏ မိန့်ဆိုချက်ကို တင်ပြထားသည်မှာ မွတ်စ္စလင်မ်တိုင်းသည် ထိုအာယသ်တော်အား အကြိမ်ကြိမ် ဖတ်ရွတ်နေခြင်းကို ကျွန်ုပ် လိုလားပေသည်။ ယင်းအာယသ်တော်ကို ဘဝအတွက် 'ဝဇီဖွာ'အဖြစ် သတ်မှတ်လိုက်ခြင်းကို လိုလားပေသည်။

ဤအာယသ်တော်တွင် နမာဇ်နှင့် 'အေဗာဒသ်'ဟူသမျှကို အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်ရမည်ဆိုသည်မှာ ပေါ်လွင်နေပေသည်။ ထိုအရာများတွင် အခြားအရာများကိုပါ ယှဉ်တွဲပြီး လောကီ၏ အကျိုးအမြတ်များ မပါဝင်စေရဟူသော အလိုသဘောလည်း သက်ရောက်ပေသည်။ တစ်ဖန် သက်တမ်းနှင့် သေခြင်းတရားလည်း အလ္လာဟ်အသျှင်မြတ်အတွက်ဖြစ်ရန် မိန့်ဆိုထားပေသည်။ ၎င်း၏ အလိုသဘောမှာ ငါကိုယ်တော်မြတ်၏ သက်တမ်းနှင့် သေခြင်းတရားသည်လည်း အလ္လာဟ်အသျှင်မြတ်၏ လက်တော်ဝယ် ရှိသည်ဟူ၍ ဖြစ်သည်။ သို့ရှိရာ သက်တမ်း၏ ကျင့်စဉ်များနှင့် 'အေဗာဒသ်'များအားလုံးလည်း ထိုအသျှင်မြတ်အတွက်သာ ဖြစ်ရှိသွားခြင်းဖြစ်သည်။ အခြားထပ်မံ ဖြစ်နိုင်သည့် အလိုသဘောမှာ ဘဝနှင့် ဆက်စပ်နေသည့် ကျင့်စဉ်များအားလုံးလည်း အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် ဖြစ်၏။ ပမာဆိုရသော် နမာဇ်၊ 'ရိုဇာဟ်'နှင့် လူများနှင့် သက်ဆိုင်သည့် ဝတ္တရားများ စသည်တို့ဖြစ်သည်။ ၎င်းနောက် သေခြင်းတရားနှင့် ဆက်စပ်သည့် ကျင့်စဉ်များဖြစ်သည်။ ဆိုလိုသည်မှာ သေတမ်းစာမှာကြားခြင်းနှင့် မိမိကွယ်လွန်ပြီးနောက်ပိုင်းအတွက် ဖြစ်သည်။ ၎င်းမှ လူတိုင်း၏ စီမံမှုများနှင့် စဉ်းစားချက်များသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်ပြီး ထိုအသျှင်မြတ်၏ အမိန့်ကိုသာ နာခံရန်ဖြစ်သည်။

တစ်ဖန် မိန့်တော်မူသည်မှာ- وَبِذٰلِكَ اُمِرْتُ وَاَنَا اَوَّلُ الْمُسْلِمِيْنَ

ဆိုလိုသည်မှာ ကျွန်တော်မျိုးအား အလ္လာဟ်အသျှင်မြတ်ဘက်မှ ထိုပြောဆိုဝန်ခံချက်များနှင့် ပြည့်ဝသည့် စာရိတ္တပြုစင်မှုရှိစေရန် မိန့်ကြားထားခဲ့ပေသည်။ ၎င်းနောက် ကျွန်ုပ်သည် ဦးစွာပထမ အမိန့်နာခံသော မွတ်စ္စလင်မ်တစ်ဦးဖြစ်ပေသည်။ အလိုသဘောမှာ ဤအုမ္မသ်၌ ဦးစွာပထမ မွတ်စ္စလင်မ်ဖြစ်သူမှာ ကျွန်ုပ်သာလျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အုမ္မသ်တိုင်းတွင် ဦးစွာပထမ မွတ်စ္စလင်မ်ဖြစ်သူမှာ နဗီ (သို့) ရစူလ်ကိုယ်တိုင် ဖြစ်ပေသည်။ ယင်းနဗီ (သို့) ရစူလ်အပေါ် ဝဟီတော်များ ကျရောက်ခဲ့ပေသည်။

၎င်းနောက် ဦးစွာပထမ မွတ်စ္စလင်မ်ဖြစ်သည်ဟု ဆိုရာ၌ ရည်ညွှန်းထားသည်မှာ အဖန်ဆင်းခံများ တွင် ဦးစွာပထမ တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော ရောင်ခြည်တော်ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် မိုးကောင်းကင်များ၊ မြေပထဝီများနှင့် ကျန်ရှိ အဖန်ဆင်းခံများကို ဖန်ဆင်းတော်မူခဲ့၏။ ပမာဆို ရသော် ဟဒီးစ်တော်တစ်ပုဒ်၌ တင်ပြထားသည်မှာ اَوَّلُ مَاخَلَقَ اللهُ تَعَالٰى نُوْرِىْ ဟူ၍ဖြစ်သည်။

တစ်ပါးသူ၏ 'ဂိုနာဟ်'ဝန်ထုပ်ဝန်ပိုးကို အခြားသူတစ်ဦး ထမ်းရွက်ရမည်မဟုတ်ကြောင်း

စတုတ္ထမြောက်အာယသ်တော်တွင် မက္ကာဟ်ရှိ မုရှ်ရစ်ကဲများထဲမှ ဝလီးဒ်အိဗ်နေမိုဂီရဟ် စသည်တို့၏ ထိုစကားများ၏ အဖြေဖြစ်သည်။ ၎င်းမှာ ထိုသူများသည် တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်ထုကို ပြောဆိုလေ့ရှိသည်မှာ အသင်တို့ ကျွန်ုပ်တို့၏ သာသနာတွင်းသို့ ပြန်လာကြမည်ဆိုလျှင် အသင်တို့၏ အပြစ် များအားလုံးကို ကျွန်ုပ်တို့ ထမ်းရွက်ကြမည်။ ယင်းအချက်အပေါ် မိန့်တော်မူထားသည်မှာ-

قُلْ اَغَيْرَ اللهِ اَبْغِىْ رَبًّا وَّهُوَ رَبُّ كُلِّ شَىْءٍ

ယင်းအာယသ်တော်၌ တမန်တော်မြတ် ﷺ အား မိန့်တော်မူထားသည်မှာ 'အသင် ထိုသူများအား ပြောကြားပါလေ။ ကျွန်ုပ်လည်း အသင်တို့ကဲ့သို့ ထိုအသျှင်မြတ်မှအပ အခြားအသျှင်အား ရှာဖွေခြင်းကို အသင်တို့အနေနှင့် လိုလားပါသလော။ စင်စစ်အမှန် ထိုအသျှင်မြတ်သည်သာလျှင် စကြဝဠာကြီးတစ်ခုလုံး အား ဖန်ဆင်းတော်မူသော အသျှင်ဖြစ်သည်။ ထိုလမ်းမှားမျိုးအတွက် ကျွန်ုပ်ဘက်မှ မျှော်လင့်ချက် မထား ကြလေနှင့်။ ၎င်းနောက် အသင်တို့၏ အပြစ်များကို ထမ်းရွက်မည်ဟူသော ပြောဆိုချက်သည် အသိဉာဏ်မဲ့ သော စကားပင်ဖြစ်သည်။ ကျူးလွန်သူများအပေါ်၌သာ အပြစ်များကို ရေးမှတ်ခြင်းဖြစ်သည်။ ၎င်းသူ သာလျှင် ထိုအပြစ်များ၏ ပြစ်ဒဏ်များကို ခံထိုက်သူဖြစ်သည်။ အသင်တို့ကဲ့သို့ ပြောဆိုရုံမျှဖြင့် အပြစ် များ မည်သို့ ပြောင်းရွှေ့ ရေးမှတ်နိုင်မည်နည်း။ အကယ်၍ ကျူးလွန်သူအပေါ်၌သာ ပြစ်မှုများ ရေးမှတ်ပြီး သို့သော် 'ဟရှရ်'ကွင်းပြင်တွင် ထိုသူ့အပေါ် ကျရောက်မည့် ပြစ်ဒဏ်များကို ကျွန်ုပ်တို့ ခံစားပါမည်' ဟူ၍ တွေးခေါ်မည်ဆိုလျှင်လည်း ထိုတွေးခေါ်ချက်ကို ရှေ့အာယသ်တော်ရှိ

لَاتَزِرُ وَازِرَةٌ وِّزْرَاُخْرٰى

ဟူသော ဝါကျမှ ပယ်ဖျက်ထားပေသည်။ ဆိုလိုသည်မှာ 'ကေယာမသ်'နေ့တွင် မည်သူမှ အခြားသူ၏ 'ဂိုနာဟ်'ဝန်ထုပ်ဝန်ပိုး ထမ်းရွက်ရမည်မဟုတ်ပေ။

ထိုအာယသ်တော်၌ မုရှ်ရစ်ကဲများ၏ အချည်းအနှီး ပြောဆိုစကားများအား ဖြေကြားထားပေသည်။ တစ်ဆက်တည်းမှာပင် မွတ်စ္စလင်မ်များကို တင်ပြထားသည်မှာ 'ကေယာမသ်'၏ ကိစ္စဝဝကို လောကီနှင့် နှိုင်းယှဉ်သုံးသပ် တွေးခေါ်ခြင်း မပြုကြလေနှင့်။ အကြောင်းမူကား ဤလောကတွင် တစ်ဦးတစ်ယောက်

သည် ပြစ်မှုကျူးလွန်ပြီး အခြားသူ၏ ခေါင်းပေါ်ပုံနိုင်၏။ အထူးသဖြင့် ထိုသို့ ခေါင်းပုံခံရခြင်းကို အခြားသူ အနေနှင့်လည်း သဘောတူညီမှုရရှိ၏။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးတွင် ထိုသို့ ဖြစ်နိုင်စရာ အလျဉ်းမရှိပေ။ ထိုခုံရုံးတွင် တစ်ဦး၏ အပြစ်တွင် အခြားသူ လုံးဝ အဖမ်းခံရမည်မဟုတ်ပေ။ ဤအာယသ် တော်အား အထောက်အထားပြု၍ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဇေနာ'နှင့် ရရှိသော ကလေး အပေါ် မိဘများ၏ အပြစ်သည် မည်သို့မှ ထိခိုက်နိုင်မည်မဟုတ်ပေ။ ဤဟဒီးစ်တော်အား ဟာကီမ်သည် ခိုင်လုံသော ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အာအေရှာဟ် ﷺ မှတစ်ဆင့် ဆင့်ပြန်ထားပေသည်။

'မိုင်ယသ်'တစ်ခု၏ 'ဂျနာဇာဟ်'၌ ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေ အိုမရ် ﷺ သည် တစ်ဦး တစ်ယောက်အား ငိုကြွေးနေသည်ကို မြင်တွေ့ရသောအခါ မိန့်တော်မူသည်မှာ ရှင်နေသူများ၏ ငိုကြွေးခြင်း ကြောင့် သေသူအား 'အဇားဗ်'ပြစ်ဒဏ်ခံရမည်ဖြစ်သည်။ အိဗ်နေအဗီမိုလိုင်ကာဟ်မှ ပြောဆိုသည်မှာ ကျွန်ုပ် သည် ထိုစကားကို ဟဇရသ်အာအေရှာဟ်သခင်မ၏ ရှေ့မှောက်၌ တင်ပြသောအခါ ဟဇရသ် အာအေရှာဟ် ﷺ သခင်မမှ မိန့်တော်မူသည်မှာ အသင်သည် ဤကဲ့သို့သော လူတစ်ဦး၏ ပြောဆိုစကားကို တင်ပြနေခြင်း ဖြစ်သည်။ အကြင်သူသည် မည်သည့်အခါမှ လိမ်ညာပြောဆိုခြင်း မရှိ။ ၎င်း၏ မှန်ကန်မှု၌လည်း မည်သို့မျှ ဒွိဟဖြစ်စရာလည်း မရှိပေ။ သို့သော် တစ်ခါတစ်ရံ အကြားမှားတတ်ပေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျမ်းတော်မြတ်၏ ယတိပြတ်ဆုံးဖြတ်ချက်မှာ အသင့်အတွက် လုံလောက်ပေသည်။ ၎င်းမှာ-

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰی

ဆိုလိုသည်မှာ တစ်ဦး၏အပြစ်သည် အခြားတစ်ဦးပေါ်သို့ မရောက်ရှိနိုင်ပေ။ သို့ရှိရာ ရှင်နေသော လူတစ်ဦး၏ ငိုကြွေးခြင်းကြောင့် ကွယ်လွန်သူအပေါ် မည်သို့ 'အဇားဗ်'ကျရောက်နိုင်မည်နည်း။

နောက်ဆုံးအာယသ်တော်တွင် မိန့်ကြားထားသည်မှာ အသင်တို့အားလုံးသည် နောက်ဆုံး မိမိ အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရမည်ဖြစ်သည်။ ထိုနေရာ၌ အသင်တို့၏ ပြဿနာဟူသမျှကို ဆုံးဖြတ်ပေးတော်မူမည်။ အလိုသဘောမှာ ငြင်းခုံခြင်း၊ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ပြောဆိုခြင်းမှ ရှောင်ရှား ကြကုန်။ မိမိတို့၏ ရလဒ်နှင့် ပတ်သက်၍ သောကထားကြကုန်။

ပဉ္စမမြောက်နှင့် ဆဋ္ဌမမြောက်အာယသ်တော်များတွင် ပြည့်စုံကျစ်လစ်သည့် ဩဝါဒတော်ဖြင့် 'စူရာဟ် အန်အာမ်'အား အဆုံးသပ်ထားပေသည်။ ၎င်းမှာ အတိတ်ခေတ် မျိုးနွယ်စုများ၏ အဖြစ်အပျက်များကို တင်ပြပြီး မိမိတို့၏ အနာဂတ်ဘက်သို့ မီးမောင်းထိုးပြ၍ မိန့်တော်မူထားသည်မှာ-

وَهُوَ الَّذِیْ جَعَلَكُمْ خَلٰٓئِفَ الْاَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجٰتٍ

ယင်းအာယသ်တော်တွင် خَلَآئِفَ စာလုံးသည် خليفه စာလုံး၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ တစ်ဦးတစ်ယောက်၏ အရိုက်အရာခံခြင်းဖြစ်သည်။ သို့ရှိရာ အာယသ်တော်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် အသင်တို့ကို အသင်တို့ထက်အလျင် မျိုးနွယ်စုများ၏ အရိုက်အရာခံအဖြစ်

သာယာဝပြောစေပါသည်။ ယနေ့ အသင်တို့အနေနှင့် မိမိပိုင်သော မြေကြီး၊ မိမိပိုင်သော အိမ်ဟူ၍ ပြောဆိုနေကြသော အရာများသည် မနက်ဖြန် အခြားသူများ မပိုင်ဆိုင်နိုင်ဟူ၍ မပြောဆိုနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူများကို ဖယ်ရှားပြီး ၎င်းတို့နေရာတွင် အသင်တို့အား နေရာပေးတော်မူခဲ့သည်။ ၎င်းနောက် ဤအချက်သည်လည်း အချိန်တိုင်း စဉ်းစားရမည့်အချက်ပင် ဖြစ်သည်။ ၎င်းမှာ အသင်တို့အားလုံးသည် တန်းတူမဟုတ်ပေ။ အချို့မှာ ဆင်းရဲသည်ဆိုလျှင် အချို့မှာ ကြွယ်ဝချမ်းသာသည်။ အချို့ သေးသိမ်သည်ဆိုလျှင် အချို့မှာ သိက္ခာရှိသည်။ ၎င်းနောက် အကယ်၍ ကြွယ်ဝချမ်းသာခြင်းနှင့် သိက္ခာရှိခြင်းသည် လူသားတို့ကိုယ်တိုင် ဖန်တီးရယူနိုင်သည်ဆိုလျှင် မည်သူမှ ဆင်းရဲခြင်းနှင့် သေးသိမ်ခြင်းကို မည်သူမှ ရွေးချယ်မည် မဟုတ်ကြောင်းမှာ ပေါ်လွင်ပေသည်။ ဤကဲ့သို့ အဆင့်အတန်း ကွာခြားခြင်းသည်လည်း အသင်တို့အား သတင်းပေးနေသည်မှာ ထိုအချင်းအရာများသည် တန်ခိုးတော်ရှင်၏ လက်တော်၌ ရှိတော်မူ၏။ ထိုအသျှင်မြတ်သည် လိုလားသလို ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းကို ပေးသနားတော်မူပြီး၊ လိုလားသလို သိက္ခာနှင့် သေးသိမ်ခြင်းကို ပေးသနားတော်မူ၏။

အာယသ်တော်၏ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ- لِيَبْلُوَكُمْ فِي مَا آتَاكُمْ

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ အသင်တို့အား အခြားသူများ၏ နေရာကို ပေးခြင်းနှင့် ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ပိုင်ဆိုင်သူအဖြစ် ပြုပေးတော်မူခဲ့သည်။ ၎င်းနောက် သိက္ခာနှင့် စည်းစိမ်အရ အဆင့်အတန်းအသီးသီး ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ အသင်တို့ အမြင်ကျယ်ရန်အတွက် ဖြစ်သည်။ ၎င်းနောက် အသင်တို့အား ချီးမြှင့်ထားသော စည်းစိမ်များသည် ရှေးလူများကို ဖယ်ပြီး အသင်တို့အား ချီးမြှင့်ထားခြင်း ဖြစ်သည်။ ယင်းချီးမြှင့်ထားခြင်းအပေါ် အသင်တို့ မည်သို့ ဆောင်ရွက်ကြပါသနည်း။ ကျေးဇူးတရား သိတတ်ကြသလော။ (သို့) အမိန့်နာခံကြပါသလော။ ကျေးဇူးကန်းပြီး အမိန့်ဖီဆန်ကြပါသလော။ ယင်းအချက်များကို စမ်းစစ်ရန်သာ ဖြစ်ပေသည်။

ဆဋ္ဌမမြောက်အာယသ်တော်တွင် ဖော်ပြပါအခြေအနေနှစ်ရပ်၏ ရလဒ်ကို တင်ပြထားသည်မှာ-

إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ

အလိုသဘောမှာ အသင်ကိုယ်တော်၏ အသျှင်မြတ်သည် ဖီဆန်သူများအပေါ် အမြန်ဆုံး ပြစ်ဒဏ်ချမှတ်တော့မည်ဖြစ်သည်။ ၎င်းနောက် နာခံသူများအတွက် ခွင့်လွှတ်ခြင်းနှင့် ကရုဏာတရားများ ရှိ၏။

'စူရာဟ်အန်အာမ်' အား ချီးမွမ်းခြင်းနှင့်အစပြုပြီး ခွင့်လွှတ်ခြင်းဖြင့် အဆုံးသတ်ထားသည်။ 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အားလုံးကို ချီးမွမ်းခြင်းပြုနိုင်သည့် စွမ်းအားနှင့် ခွင့်လွှတ်နိုင်သည့် စွမ်းအားများ ပေးသနားတော်မူပါစေ။'

ဟဒီးစ်တော်၌ တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။ ၎င်းမှာ 'စူရာဟ်အန်အာမ်' သည် တစ်ပုဒ်လုံး တစ်ကြိမ်တည်း ကျရောက်ခဲ့၏။ ယင်းစူရာဟ်အား ဖရစ်ရှ်သာဟ်ပေါင်း

ခုနစ်သောင်းသည် 'သက်စ်မီးဟ်'များ ရွတ်ဖတ်လျက် ဂုဏ်ယူဝံ့ကြွားစွာဖြင့် သယ်ဆောင်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဟဇရသ်အိုမရ် ﷺ မိန့်ဆိုသည်မှာ 'စူရာဟ်အန်အာမ်'သည် ကျမ်းတော်မြတ်၏ အမွန်မြတ်ဆုံး၊ အမြင့်ဆုံးစူရာဟ်များထဲမှ ဖြစ်ပေသည်။

အချို့ဆင့်ပြန်ချက်များတွင် ဟဇရသ်အလီ ﷺ သခင် မိန့်တော်မူထားသည်မှာ ဤစူရာဟ်အား မည်သည့်ရောဂါသည်ကိုမဆို ဖတ်ရွတ်ပေးပါက ထိုရောဂါသည်၏ ဝေဒနာကို အလ္လာဟ်အသျှင်မြတ်ဘက်မှ ပျောက်ကင်းစေတော်မူမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အအ်ရာဖ်

ကြဋ္ဌနီးများကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

الٓمّٓصٓ ①

၇ : ၁ ။ ။ အလစ်ဖ်၊ လာမ်…မ်၊ မီမ်….၊ ဆွာဒ်…..။

كِتٰبٌ اُنۡزِلَ اِلَيۡكَ فَلَا يَكُنۡ فِىۡ صَدۡرِكَ حَرَجٌ مِّنۡهُ لِتُنۡذِرَ بِهٖ وَذِكۡرٰى لِلۡمُؤۡمِنِيۡنَ ②

၇ : ၂ ။ ။ ဤသည် ကျမ်းဂန်တစ်စောင်ပင် ဖြစ်သည်။ အသင်သည် ဤကျမ်းဂန်ဖြင့် (လူသားတို့အား) သတိပေးနှိုးဆော်ရန်အလို့ငှာ အသင့်ထံသို့ ချပေးခြင်း ခံခဲ့ရလေသည်။ သို့ဖြစ်ပေရာ ဤကျမ်းဂန်ကြောင့် အသင်၏ စိတ်တွင်းဝယ် ကျဉ်းကြပ်မှု လုံးဝမရှိစေရာ။ ၄င်းပြင် (ဤကျမ်းဂန်သည်) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ ဆုံးမတရားလည်း ဖြစ်ပေသည်။

اِتَّبِعُوۡا مَاۤ اُنۡزِلَ اِلَيۡكُمۡ مِّنۡ رَّبِّكُمۡ وَلَا تَتَّبِعُوۡا مِنۡ دُوۡنِهٖۤ اَوۡلِيَآءَ ؕ قَلِيۡلًا مَّا تَذَكَّرُوۡنَ ③

၇ : ၃ ။ ။ အသင်တို့သည် မိမိတို့၏ အသျှင်မြတ်ထံတော်မှ မိမိတို့ထံ ကျရောက်လာသော တရားတော်များကိုသာ လိုက်နာကြလေကုန်။ ၄င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်မှတစ်ပါး အခြားအဆွေခင်ပွန်းတို့ (၏ ပြောစကားများ) ကို မလိုက်နာကြလေနှင့်။ အမှန်စင်စစ် အသင်တို့သည် ဆုံးမတရားများကို အနည်းငယ်မျှသာ လက်ခံနာယူကြပေသည်။

وَكَمْ مِّنْ قَرْيَةٍ أَهْلَكْنَاهَا فَجَاءَهَا بَأْسُنَا بَيَاتًا أَوْ هُمْ قَائِلُونَ ④

၇ : ၄ ။ ။ ငါအသျှင်မြတ်သည် များစွာသော မြို့ရွာများကို ဖျက်စီးတော်မူခဲ့လေသည်။ ထိုသို့ ဖျက်ဆီးရာတွင် ငါအသျှင်မြတ်၏ အပြစ်ဒဏ်သည် ထိုမြို့သူမြို့သားများများ၊ ရွာသူရွာသားများအပေါ်တွင် ညဥ့်အချိန်၌သော်လည်းကောင်း၊ နေ့လည်အချိန်၌ (၄င်းသူတို့) အပန်းဖြေအနားယူ (အိပ်စက်) နေကြသော အခါ၌သော်လည်းကောင်း ဆိုက်ရောက်ခဲ့လေသည်။

فَمَا كَانَ دَعْوَاهُمْ إِذْ جَاءَهُمْ بَأْسُنَا إِلَّا أَنْ قَالُوا إِنَّا كُنَّا ظَالِمِينَ ⑤

၇ : ၅ ။ ။ သို့ဖြစ်ပေရာ ထိုသူတို့ထံ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် ဆိုက်ရောက်လာသောအခါ ထိုသူတို့က 'ကျွန်ုပ်တို့သည်သာလျှင် မတရားကျူးလွန်သူများ ဖြစ်ကြပါသည်' ဟူ၍ ပြောဆိုခြင်းမှအပ အခြားမည်သို့မျှပင် (ဆင်ခြေပေး) ပြောဆိုနိုင်ခဲ့ကြသည် မရှိချေ။

فَلَنَسْأَلَنَّ الَّذِينَ أُرْسِلَ إِلَيْهِمْ وَلَنَسْأَلَنَّ الْمُرْسَلِينَ ⑥

၇ : ၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်များအား စေလွှတ်ခြင်းခံကြရသော သူတို့ကိုလည်း မုချကေန် စစ်ဆေးမေးမြန်းတော်မူမည်။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ထိုရစူလ်တမန်တော်ကိုလည်း မုချကေန် စစ်ဆေးမေးမြန်းတော်မူမည်။

فَلَنَقُصَّنَّ عَلَيْهِمْ بِعِلْمٍ وَمَا كُنَّا غَائِبِينَ ⑦

၇ : ၇ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် (ကေယာမသ်နေ့တွင်) ၄င်းတို့ရှေ့ဝယ် (အလုံးစုံတို့ကို) အကြွင်းမဲ့ သိရှိတော်မူသည့်အတိုင်း (ပြန်လည်၍) မိန့်ကြားတော်မူမည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် (မည်သည့်အခြေအနေ၊ အချိန်အခါ၌မျှ ၄င်းတို့ထံမှ) ပျောက်ကွယ်၍ နေတော်မူခဲ့သည် မဟုတ်ချေ။

စူရာဟ်တော်၌ ပါရှိသော အကြောင်းအရာ၏အကျဉ်း

စူရာဟ်တစ်ပုဒ်လုံးအပေါ် ကြည့်ရှုခြင်းဖြင့် သိရှိသည်မှာ ထိုထဲတွင် အများဆုံးသော အကြောင်းအရာများသည် 'အာခေရသ်' နှင့် ပတ်သက်၍လည်းကောင်း၊ 'ရေစာလသ်' နှင့် ပတ်သက်၍လည်းကောင်း ဖြစ်သည်။ ပထမဦးဆုံးအာယသ်တော် كِتَٰبٌ أُنزِلَ တွင် 'နဗူဝသ်' နှင့်ပတ်သက်၍လည်းကောင်း၊ ဆဋ္ဌမမြောက်အာယသ်တော် فَلَنَسْأَلَنَّ الَّذِينَ တွင် 'အာခေရသ်' ၏ စမ်းစစ်မှုပြုသော အကြောင်းအရာဖြစ်သည်။ ထို့ပြင် စတုတ္ထမြောက် ရှကူအ်၏တစ်ဝက်မှ ဆဋ္ဌမမြောက်အဆုံးထိ 'အာခေရသ်' ၏ အကြောင်းအရာများသာ ဖြစ်သည်။ တစ်ဖန် အဋ္ဌမရှကူအ်မှ နှစ်ဆယ့်တစ်ရှကူအ်အထိ နဗီတမန်တော်များနှင့် ၄င်းတို့၏ အုမ္မသ်သားများနှင့် ပတ်သက်သည့် အကြောင်းအရာများသာ ဖြစ်သည်။ ဤအကြောင်းအရာ

အားလုံးသည် 'ရေစာလသ်'နှင့်သာ ပတ်သက်သည်။ ထိုအကြောင်းအရာများနှင့်အတူ 'ရေစာလသ်'ကို ငြင်းပယ်သောသူများ၏ ပြစ်ဒဏ်များအကြောင်းလည်း ပါဝင်လေသည်။ သို့မှသာလျှင် ယနေ့ ငြင်းပယ်သောသူများသည်လည်း ၎င်းဖြင့် သံဝေဂတရား ရယူနိုင်၏။ ထို့ပြင် (၂၂) ရုကူအ်၏ တစ်ဝက်မှ (၂၃) ရုကူအ်အဆုံးထိ တစ်ဖန် 'အာခေရသ်'အကြောင်းဖြစ်ပြီး၊ သတ္တမရုကူအ်နှင့် (၂၂) ရုကူအ်၏ အစပိုင်းတွင်သာလည်းကောင်း၊ (၂၄) ရုကူအ်၏ နောက်ဆုံး အများပိုင်းတွင်လည်းကောင်း 'သောင်ဟီးဒ်'နှင့်ပတ်သက်၍ သီးသန့်တင်ပြထားပေသည်။ စူရာဟ်၏ ကျန်ရှိသော အကြောင်းအရာ အနည်းငယ်သည် အချို့သော ကျင့်ကြံမှုဆိုင်ရာ အမိန့်ပညတ်ချက်များကို သင့်တော်မည့်ပုံစံဖြင့် ဖော်ပြထားပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

المٓصٓ၊ (၎င်း၏ အဓိပ္ပာယ်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် သိရှိတော်မူသည်။) အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်၏ ရစူလ်တမန်တော်မြတ် ﷺ ၏ ကြားဝယ် လျှို့ဝှက်ချက်တစ်ခု ရှိပေသည်။ ၎င်းလျှို့ဝှက် ချက်အား အွမ္မသ်သားများ အသိမပေးခဲ့ပေ။ သို့သာမက ၎င်းအား ရှာဖွေစူးစမ်းခြင်းကိုလည်း တားမြစ်ခဲ့ ပေသည်။

كِتٰبٌ اُنْزِلَ اِلَيْكَ

ဤသည် (ကုရ်အာန်) ကျမ်းဂန်တစ်စောင်ဖြစ်၏။ ဤကျမ်းဂန်သည် (အလ္လာဟ်အသျှင်မြတ်ထံတော်မှ) အသင့်ထံသို့ ချပေးခြင်းခံခဲ့ရလေသည်။ အသင်သည် ယင်းဖြင့် (လူသားတို့အား အမိန့်ဖီဆန်မှု၏ အစားပေးမှုကို) သတိပေးနိုးဆော်ရန်အလို့ငှာ ဖြစ်၏။ သို့ဖြစ်ပေရာ အသင်၏ စိတ်အတွင်းဝယ် (မည်သူမျှ လက်မခံခဲ့ပါလျှင်) မည်သို့မျှ ကျဉ်းကြပ်မှု မဖြစ်စေရပေ။ (အဘယ်ကြောင့်ဆိုသော် မည်သူတစ်ဦးတစ်ယောက်မျှ လက်မခံလျှင်ပင် အသင်၏ အဓိကရည်ရွယ်ချက်သည် ပို့ချမှုသာဖြစ်၍ မှန်ကန်သော စကားသည်သာ ပို့ချရပေမည်။ မည်သို့မျှ ဆုံးရှုံးနစ်နာမရှိပေ။ သို့ဖြစ်ပေရာ အသင်သည် အဘယ်အတွက် စိတ်ကျဉ်းကြပ်မှုဖြစ်ပါသနည်း။) ၎င်းအပြင် ဤ (ကုရ်အာန်သည် သီးသန့်အနေဖြင့်) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ ဆုံးမဩဝါဒလည်း ဖြစ်ပေသည်။ (ဆက်လက်၍ အွမ္မသ်သားများကို ပြောကြားသည်မှာ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်မှုဖြစ်ကြောင်း အတည်ဖြစ်ရှိခဲ့သော်) အသင်တို့သည် ထို (ကုရ်အာန်ကျမ်းမြတ်) ၏ နောက်လိုက်ကြလေကုန်။ ၎င်းသည် မိမိတို့၏ အသျှင်မြတ်ထံတော်ပါးမှ မိမိတို့ထံ ကျရောက်လာခဲ့ခြင်းဖြစ်သည်။ (ကျမ်းမြတ်ကုရ်အာန်၏ နောက်လိုက်ဟု ဆိုရာဝယ် စိတ်နှလုံးအတွင်းမှ ထောက်ခံမှုပြု၍လည်းကောင်း၊ ၎င်းအပေါ် 'အမလ်'ကျင့်ကြံမှုပြုခြင်းတို့ ဖြစ်ပေသည်။) ၎င်းအပြင် အသင်တို့သည် ထိုအသျှင်မြတ်မှတစ်ပါး (အသင်တို့ လမ်းမှန်ရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်က ကုရ်အာန်ကျမ်းမြတ် ချပေးခဲ့၏။) အခြားမိတ်ဆွေများ ပြောဆိုစကားကို မလိုက်နာကြကုန်လေနှင့်။ (ထိုသူတို့သည်

အသင့်အား လမ်းမှားရောက်ရှိစေမည် ဖြစ်သည်။ ပမာဆိုရသော် ရှိုက်သွာန်၊ လူနှင့် 'ဂျင်န်'တို့ ဖြစ်သည်။ သို့သော် ထိုသို့ နူးညံ့သိမ်မွေ့သော ဆုံးမစကားများ ရှိသော်ငြားလည်း) အသင်တို့သည် ဆုံးမတရားများကို အနည်းငယ်မျှသာ လက်ခံနာယူကြပေသည်။

ငါအလ္လာဟ်အသျှင်မြတ်သည် များစွာသော မြို့ရွာများကို (အလိုမှာ ထိုမြို့ရွာတွင် နေထိုင်သော သူများသည် ကုဖွ်ရ်ငြင်းပယ်မှုနှင့် လိမ်လည်သည့်အတွက်) ဖျက်ဆီးတော်မူခဲ့လေသည်။ ထိုသို့ ဖျက်ဆီးရာတွင် အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်သည် ညဥ့်အချိန် ၌သော်လည်းကောင်း၊ (အိပ်စက်အနားယူ၊ အပန်းဖြေသောအချိန်) သို့မဟုတ် ဤသို့ အခြေအနေတွင် ဆိုက်ရောက်စေမည်။ နေ့လည်အချိန် အနားယူနေကြသော အခါ၌လည်းကောင်း၊ (အလိုမှာ မည်သူ့ကို မည်သည့်အချိန်အခါ၌လည်းကောင်း၊ မည်သူ့ကို မည်သည့်အခါ၌လည်းကောင်း) သို့ဖြစ်ပေရာ ထိုသူတို့ထံ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် ဆိုက်ရောက်လာသောအခါ ထိုသူတို့က ကျွန်ုပ်တို့သာလျှင် မတရားကျူးလွန် (မှားယွင်း) သူများ ဖြစ်ကြပါသည်ဟူ၍ ပြောဆိုခြင်းမှအပ အခြားမည်သို့မျှပင် ပြောဆိုနိုင်ခဲ့ကြသည် မရှိပေ။ (အလိုမှာ ဤသို့ ဝန်ခံမှုပြုသော အချိန် ကုန်ဆုံးခဲ့သောအခါမှ ဝန်ခံမှုပြုခဲ့လေသည်။ ဤသည် လောကီ၏ 'အဇားဗ်' ပြစ်ဒဏ်ဖြစ်၏။) တစ်ဖန် (ထို့နောက် အာခေရသ်တွင်လည်း 'အဇားဗ်'ပြစ်ဒဏ် ခံရပေမည်။ 'ကေယာမသ်'နေ့၌) စင်စစ် ငါအလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်များ စေလွှတ်ခြင်းခံကြသော သူတို့ကိုလည်း မုချဧကန် စစ်ဆေးမေးမြန်းတော်မူမည်။ (အသင်သည် တမန်တော်များ၏ ပြောဆိုမှုကို လက်ခံခဲ့သည်လော။ (သို့) လက်မခံသလော။) ထိုနည်းတူစွာ ငါအလ္လာဟ်အသျှင်မြတ်သည် ထိုရစူလ်တမန်တော်တို့ကိုလည်း မုချဧကန် စစ်ဆေးမေးမြန်းတော်မူမည်။ (အသင်၏ အွမ္မသ်သားများက အသင် ပြောဆိုမှုကို လက်ခံမှု ရှိသည်လော။ (သို့) လက်မခံသည်လော။

يَوْمَ يَجْمَعُ اللّٰهُ الرُّسُلَ فَيَقُوْلُ مَاذَا اُجِبْتُمْ

မေးခွန်းနှစ်ခုစလုံး၏ အဓိကရည်ရွယ်ချက်သည် ကာဖိရ်များကို သတိပေးခြင်းဖြစ်သည်။) ထို့နောက် ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ရှေ့ဝယ် အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူသည့်အတိုင်း (အားလုံးသော သူတို့၏ ကျင့်စဉ်များကို မျက်ဝါးထင်ထင်) ပြန်လည်ပြသတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် (ကျင့်ကြံသော အချိန်နှင့် နေရာမှ) ပျောက်ကွယ်နေတော်မူမည် မဟုတ်ချေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်တစ်ပုဒ်လုံးအား ကြည့်ရှုခြင်းဖြင့် သိရှိရသည်မှာ ၎င်းစူရာဟ်ရှိ အကြောင်းအရာများသည် များသောအားဖြင့် အလိုမှာ 'အာခေရသ်'၊ 'နဗူဝသ်'၊ 'ရေစာလသ်'တို့နှင့် ပတ်သက်သည့် အကြောင်းအရာများသာ ဖြစ်သည်။ သို့ရှိရာ စူရာဟ်၏အစမှ ရှုကူအ် (၆) အထိ အကြောင်းအရာများသည် 'အာခေရသ်' အကြောင်းများ ဖြစ်သည်။ တစ်ဖန် အဋ္ဌမမြောက်ရှုကူအ်မှ (၂၁) ရှုကူအ်အထိ ရှေးယခင် နဗီတမန်တော်

များ၏ အခြေအနေနှင့် ၄င်းတို့ အွမ္မသ်သားများ၏ 'ဝါကေအာဟ်'အဖြစ်အပျက်များ၊ ၄င်းတို့၏ အစားရခြင်းနှင့် 'အဇားဗ်' ပြစ်ဒဏ်၊ ထိုသူတို့ပေါ် ကျရောက်သော ပြစ်ဒဏ်များ၏ ဒဏ်ခတ်မှုကို အကျယ်တဝင့် တင်ပြထား၏။

فَلَا يَكُنْ فِى صَدْرِكَ حَرَجٌ

ပထမအာယသ်တော်တွင် တမန်တော်မြတ် ﷺ ကို ရည်ညွှန်း၍ ဤသို့ မိန့်ဆိုထားသည်မှာ ဤကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းဂန်ဖြစ်သည်။ ထိုကျမ်းသည် ကိုယ်တော်မြတ် ﷺ အပေါ် ချပေးခြင်းခံခဲ့ရလေသည်။ ကိုယ်တော်မြတ်အား ၄င်းအတွက်ကြောင့် စိတ်အတွင်းဝယ် ကျဉ်းကြပ်မှု လုံးဝ မရှိစေရပေ။ စိတ်ကျဉ်းကြပ်မှု၏ အလိုသဘောမှာ ကျမ်းမြတ်ကုရ်အာန်နှင့် ထိုကျမ်းမြတ်ပါ အမိန့်ပညတ်တော်များ၏ဘက်သို့ ဖိတ်ကြားရာတွင် အသင်တမန်တော် မည်သူ့ကိုမျှ ထိုစကားရပ်နှင့် ပတ်သက်၍ စိုးရိမ်မှုနှင့် တားမြစ်ပိတ်ပင်မှု မရှိရန် လိုအပ်ပေသည်။ ၄င်းမှာ လူများသည် ထိုကျမ်းတော်မြတ်ကို ငြင်းပယ်လိုက်ကြမည်။ ထို့ပြင် အသင့်အား ဒုက္ခပေးမည်။

ထိုစကားရပ်၏ ရည်ညွှန်းချက်မှာ အလ္လာဟ်အသျှင်မြတ်က တမန်တော်မြတ် ﷺ အပေါ် ဤကျမ်းမြတ်ကုရ်အာန် ချပေးတော်မူခဲ့လေသည်။ ထိုအသျှင်မြတ်က ကိုယ်တော့်အား အကူအညီနှင့် စောင့်ရှောက်မှုကိုလည်း စီစဉ်မှုပြုထားလေသည်။ ဤအတွက်ကြောင့် အသင်တမန်တော် စိတ်ကျဉ်းကြပ်မှု အဘယ်ကြောင့်ဖြစ်နေပါသနည်း။ အချို့သော သဖ်စီးရ်ပညာရှင်များက အမိန့်ရှိသည်မှာ ဤနေရာတွင် စိတ်ကျဉ်းကြပ်မှု၏ အလိုသဘောမှာ ကျမ်းမြတ်ကုရ်အာန်နှင့် အစ္စလာမ်အမိန့်ပညတ်ချက်များ ကြားနာ၍လည်း အကြင်သူများ မွတ်စ္စလင်မ် မဖြစ်ခဲ့ရာ ဤသည် တမန်တော်မြတ် ﷺ အပေါ် သနားကြင်နာမှုရှိသည့်အတွက် ဒုက္ခဖြစ်စေခဲ့၏။ ထိုအချက်ကိုသာ စိတ်ကျဉ်းကြပ်မှုဟု ဆိုထားပေသည်။ ထို့ပြင် ဤအချက်ကိုသာ ဖော်ပြလိုက်သည်မှာ အသင်တမန်တော် အဓိကလုပ်ဆောင်ရမည့် အချက်မှာ 'သဗ်လီးဂ်'ဖိတ်ခေါ်မှုပြုရန်သာ ဖြစ်၏။ အသင်တမန်တော်က ဤအရာကို ပြုကျင့်လိုက်သောအခါ ယခု မည်သူမွတ်စ္စလင်မ်ဖြစ်လာသည်၊ မဖြစ်လာသည်မှာ အသင်တမန်တော် ﷺ တွင် တာဝန်မရှိတော့ပေ။ ထိုသို့ရှိရာ အသင်တမန်တော် ﷺ အဘယ်ကြောင့် စိတ်ကျဉ်းကြပ်နေရသနည်း။

فَلَنَسْئَلَنَّ الَّذِيْنَ اُرْسِلَ اِلَيْهِمْ وَلَنَسْاَ لَنَّ الْمُرْسَلِيْنَ

အလိုသဘောမှာ 'ကေယာမသ်'နေ့၌ 'အဝါးမ်'သာမန်လူများကို စစ်ဆေးမေးမြန်းမည်မှာ ငါအလ္လာဟ်အသျှင်မြတ်က အသင်တို့ထံ မိမိ၏ ရစူလ်နှင့် ကျမ်းဂန်များ ချပေးတော်မူခဲ့သည်။ အသင်တို့သည် ထိုအရာများနှင့် ပတ်သက်၍ မည်သို့ ကျင့်ကြံမှု ပြုခဲ့ကြသနည်း။ တစ်ဖန် ရစူလ်တမန်တော်များကိုလည်း စစ်ဆေးမေးမြန်းမည်မှာ အကြင် အမိန့်တော်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များပေး၍ ငါအသျှင်မြတ်က အသင်တို့ကို စေလွှတ်ခဲ့ရာ အသင်တို့သည် မိမိတို့၏ အွမ္မသ်သားများထံသို့ ပို့ချပေးခဲ့သလော။ (သို့) မပို့ချခဲ့သလော။

မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရတ်ဂျာဗိရ် ﷺ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'ဟဂ်ျဂျတွလ်ဝေဒါ' (နောက်ဆုံးဟဂ်ျခရီး) ၏ 'ခွသ်ဗာဟ်'ပေးရာတွင် လူများအား မေးမြန်းတော်မူခဲ့လေသည်။ 'ကေယာမသ်'နေ့တွင် အသင်တို့အား ငါကိုယ်တော်နှင့် ပတ်သက်၍ မေးမြန်းမည်ဖြစ်သည်။ ကျွန်ုပ်က အသင်တို့အား အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ချခဲ့သလော။ (သို့) မပို့ချခဲ့သလော။

فَمَا اَنْتُمْ قَا ئِلُوْنَ

အလိုသဘောမှာ ထိုအချိန် အသင်တို့သည် ၎င်း၏ အဖြေတွင် မည်သို့ ပြောဆိုမည်နည်း။ အားလုံးသော ဆွဟာဗာများက လျှောက်ထားသည်မှာ ကိုယ်တော်မြတ် ﷺ သည် ကျွန်ုပ်တို့ထံ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ချခဲ့သည်ဟု ကျွန်ုပ်တို့ ဖြေကြားမည်။ အလ္လာဟ်အသျှင်မြတ်၏ 'အမာနသ်'၏ တာဝန်ကိုလည်း ကျေပွန်ခဲ့လေသည်။ ထို့ပြင် အုမ္မသ်များနှင့်လည်း ကောင်းမွန်စွာ ဆက်ဆံမှု ပြုခဲ့လေသည်ဟု ဖြေကြားမည်။ ဤလျှောက်ထားချက်အား ကြား၍ တမန်တော်မြတ်မှ အမိန့်ရှိသည်မှာ-

اَللّٰهُمَّ اشْهَدْ

အလိုသဘောမှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ် သက်သေဖြစ်တော်မူ၏။'

အဟ်မဒ်၏ ဆင့်ပြန်မှုတွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား မေးမြန်းမှုပြုမည်မှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လူသားများထံ ပို့ချခဲ့သလော။ ထိုအခါ ကျွန်ုပ် ဖြေကြားလျှောက်ထားမည်မှာ ကျွန်ုပ် ပို့ချခဲ့ပါသည်။ ဤအတွက်ကြောင့် ယခု အသင်တို့အားလုံး ၎င်းနှင့် စပ်လျဉ်း၍ စီစဉ်မှုပြုရမည်မှာ အသင့်ရှိသော သူများသည် အကွယ်ရှိ သူများထံသို့ ငါကိုယ်တော်၏ အမိန့်ပညတ်တော်များကို ပို့ချလိုက်ပါလေ။

[မစ္နဒ်အဟ်မဒ်ကျမ်း]

အကွယ်ရှိသူများ၏ အလိုသဘောမှာ ထိုအချိန်ကာလအတွင်း ရှိခဲ့သော်လည်း ထိုထိုင်ဝိုင်း၌ အသင့်မရှိသော သူတို့ကို ခေါ်ဆိုပေသည်။ ထို့ပြင် ၎င်းတို့နောက် ပေါက်ဖွားလာမည့်သူများကိုလည်း ဆိုလိုပေသည်။ ထိုသူတို့ထိတိုင်အောင် တမန်တော်မြတ် ﷺ ၏ အမိန့်ပညတ်ချက်တော်များကို ရောက်ရှိစေခြင်း၏ အလိုသဘောမှာ ခေတ်ကာလအဆက်ဆက်ရှိ လူတို့နှင့် နောက်ပေါက်ဖွားလာမည့် လူသားများထံ ထိုအမိန့်တော်များကို ပို့ချခြင်းအား စဉ်ဆက်မပြတ် ထားရှိခြင်းဖြစ်သည်။ သို့မှသာ 'ကေယာမသ်'နေ့တိုင် ပေါက်ဖွားလာမည့် လူသားမျိုးနွယ်စုအားလုံးကို ဤအမိန့်တော်များ ရောက်ရှိသွားရန်အတွက်သာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇

وَالْوَزْنُ يَوْمَئِذٍ الْحَقُّ ۚ فَمَن ثَقُلَتْ مَوَازِينُهُ فَأُولَٰئِكَ هُمُ الْمُفْلِحُونَ ⑧

၇ : ၈ ။ ။ စင်စစ် ထို (ကေယာမသ်) နေ့တွင် (ကုသိုလ်နှင့် အကုသိုလ်တို့ကို) ချိန်တွယ်မည်မှာ (လည်း) လုံးဝ အမှန်ဖြစ်သည်။ သို့ဖြစ်ပေရာ မည်သူမဆို ၎င်း၏ ချိန်တွယ်ခြင်းခံရသော (ကောင်းမှုသည်) အချိန်စီးခဲ့ပါလျှင် ထိုကဲ့သို့သော သူများသည် အောင်မြင်မှုရရှိသူများ ဖြစ်ကြပေမည်။

وَمَنْ خَفَّتْ مَوَازِينُهُ فَأُولَٰئِكَ الَّذِينَ خَسِرُوا أَنفُسَهُم بِمَا كَانُوا بِآيَاتِنَا يَظْلِمُونَ ⑨

၇ : ၉ ။ ။ သို့ရာတွင် မည်သူမဆို ၎င်း၏ ချိန်တွယ်ခြင်းခံရသော (ကောင်းမှုသည်) အလေးချိန်ပေါ့ပါးခဲ့လျှင် ထို (ကဲ့သို့သော) သူတို့သည် မိမိတို့ကိုယ်ကို (မိမိတို့ပင်) နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ကြသူများ ဖြစ်ကြသည်။ အကြောင်းမှာ ၎င်းတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) များနှင့်စပ်လျဉ်း၍ မတရားပြုလုပ်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်။

وَلَقَدْ مَكَّنَّاكُمْ فِي الْأَرْضِ وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ ۗ قَلِيلًا مَّا تَشْكُرُونَ ⑩

၇ : ၁၀ ။ ။ မုချဧကန် ငါအသျှင်မြတ်သည် အသင်တို့အား ပထဝီမြေပြင်၌ (တန်ခိုးအာဏာ အပြည့်အစုံတို့နှင့်တကွ) နေထိုင်ရန် နေရာထိုင်ခင်း ချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့အဖို့ ထိုပထဝီမြေပြင်၌ တရားသဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုရန် (လိုအပ်သည့်) အကြောင်းကိစ္စများကိုလည်း ပြုလုပ် (စီမံ) ပေးသနားတော်မူခဲ့လေသည်။ (သို့ရာတွင်) အသင်တို့ (တွင်) မူကား အနည်းငယ်မျှသာလျှင် ကျေးဇူးသိတတ်ကြသူများ ဖြစ်ကြပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုနေ့တွင် (အလိုမှာ ကေယာမသ်နေ့တွင် ပြုကျင့်မှုနှင့် ယုံကြည်မှုကို) ချိန်ဆက်မည်မှာ လုံးဝ မှန်ကန်၏။ (သို့မှသာလျှင် အများအားဖြင့် တစ်ဦးတိုင်း၏ အခြေအနေသည် ပေါ်လွင်သွားပေမည်။) တစ်ဖန် (ချိန်ဆက်ပြီးသည့်နောက်) အကြင်သူ၏ အလေးချိန်သည် (အီမာန်) အချိန်စီးမှု (ဆိုလိုသည်မှာ ၎င်းမှအီမင်န် ဖြစ်ခဲ့သည်) ရှိသော် ထိုကဲ့သို့သော သူများသာ အောင်မြင်သောသူများ ဖြစ်မည်။ (အလိုမှာ လွတ်မြောက် အောင်မြင်မည်ဖြစ်သည်။) ထို့ပြင် အကြင်သူ၏ အလေးချိန်သည် (အီမာန်၏) အချိန်ပေါ့ပါးမှု (အလိုမှာ ၎င်းကာဖိရ်ဖြစ်ပါသော်) ထိုကဲ့သို့သော သူတို့သည်သာလျှင် မိမိတို့ကိုယ်ကို မိမိတို့ပင်လျှင် နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့သော သူများဖြစ်ကြမည်။ အကြောင်းမှုကား ၎င်းတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ များနှင့် စပ်လျဉ်း၍ မတရားပြုလုပ်ခဲ့သောကြောင့်သာလျှင် ဖြစ်သည်။ မုချဧကန် ငါအလ္လာဟ်အသျှင်မြတ်

သည် အသင်တို့အား ပထဝီမြေပြင်၌ နေထိုင်ရန် နေရာထိုင်ခင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ငါအသျှင်မြတ်သည် အသင်တို့အဖို့ ဤမြေပထဝီ၌ အသက်မွေးဝမ်းကျောင်းမှုပြုရန် ကိစ္စများကိုလည်း ပြုလုပ်၍ ပေးသနားတော်မူခဲ့လေသည်။ (၄င်း၏ လိုလားချက်မှာ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတင်ရန်အတွက် အမိန့်နာခံမှု ပြုရပေမည်။ သို့သော်) အသင်တို့သည်ကား အနည်းငယ်မျှသာ သိတတ်ကြကုန်၏။ (၄င်း၏ အလိုသဘောမှာ အမိန့်နာခံမှုဖြစ်သည်။ ထို့ပြင် အနည်းငယ်ဟူ၍ ဤအတွက်ကြောင့် မိန့်တော်မူထား၏။ အနည်းငယ်မျှသော ကောင်းမှုကုသိုလ်လုပ်ရပ်သည် လူသားတိုင်း လုပ်လေ့ရှိသည်။ သို့သော် အီမာန်သက်ဝင်ယုံကြည်မှု မရှိသည့်အတွက် လက်မခံနိုင်ပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ပထမအာယသ်တော်တွင် အမိန့်ရှိသည်မှာ-

وَالْوَزْنُ يَوْمَئِذِنِ الْحَقُّ

အလိုသဘောမှာ အကောင်းအဆိုး ကျင့်ကြံမှုတို့၏ ချိန်တွယ်ခြင်းသည် ထိုနေ့၌ အမှန်ပင် ဖြစ်ရှိပေမည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်သံသယမှ မဖြစ်နိုင်ပေ။ ယင်းဖြင့် ထိုအချက်ဘက်သို့ ရည်ညွှန်းသည်မှာ လူတို့သည် ၄င်းနှင့် ပတ်သက်၍ အချိန်အတွယ်၊ ချင်ခြင်းတို့သည် လေးလံသော အရာများနှင့် ထုထည်ကြီးသော အရာများကိုသာ ချိန်တွယ်ကြလေသည်။ လူသားတို့၏ ကျင့်ကြံမှုကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ၄င်းသည် မည်သို့မျှ ခိုင်ခံ့ထုထည်ရှိ၍ မည်သို့ ချိန်တွယ်ကြမည်နည်း။ တစ်ဖန် ကျင့်ကြံမှု၏ ချိန်တွယ်မှုသည် မည်သို့ ဖြစ်မည်နည်းဟူသော လှည့်စားမှုထဲတွင် မရောက်ရှိသွားလေနှင့် အဘယ်ကြောင့်ဆိုသော် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်သည် المَلِكُ مَالِكُ နှင့် قادِرٌ مُطلَق အရာတိုင်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ အကြင်အရာကို ငါအလ္လာဟ် အသျှင်မြတ် မချိန်တွယ်နိုင်ပေဟူ၍ ဖြစ်နိုင်၏လော။ ထို့ပြင် ယနေ့ခေတ်ကာလတွင် တစ်လောကလုံး၌ ချိန်တွယ်မှုပြုရန်အတွက် အသစ်အဆန်း ကိရိယာများ ထွက်ပေါ်လျက်ရှိပေ၏။ ၄င်းဖြင့် ချိန်တွယ်ရန်ပင် မလိုတော့ပေ။ ချိန်ခွင်လည်း မလိုပေ။ မြတ်တော့ကို၊ ခေါက်ကျိုးရန်ပင်းမလိုတော့ပေ။ ယနေ့ခေတ်တွင် ဤသို့ စက်ကိရိယာအသစ်များဖြင့် ထိုသို့သော အရာများကိုပင် ချိန်တွယ်၍ နေကြပေသည်။ ၄င်းကို ယခင်က ချိန်တွယ်နိုင်သည့်အရာဟူ၍ မည်သူကမျှ မစဉ်းစားခဲ့ပေ။ လေတိုက်ခတ်မှုနှင့် လျှပ်စီးလက်သည်တို့ကို ချိန်တွယ်တိုင်းတာမှု ပြုလာကြပေသည်။ အပူချိန်ကို မီတာဖြင့် တိုင်းတာလာကြလေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်ဝသော စွမ်းအားဖြင့် လူသား၏ ကျင့်ကြံမှု ချိန်တွယ်လိုက်သော် ၄င်းသည် မည်သို့ဆန်းကြယ်သနည်း။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ 'အမလ်' (ကျင့်ကြံမှု) ကို မည်သည့်အချိန်တွင် တန်ဖိုးရှိသော ပုံသဏ္ဍာန်ကို တီထွင်လိုက်ခြင်းနှင့် ပတ်သက်၍

သည်း စွမ်းဆောင်နိုင်ပေသည်။ ဟဒီးစ်တော်အမြောက်အမြားမှ သိရှိရသည်မှာ 'ဗရ်ဇခ်' (တမလွန်လောက)၊ 'မဟ်ရှရ်' (ဟရှရ်) ကွင်းပြင်တွင် လူသားတို့၏ ကျင့်ကြံမှုများသည် သီးသန့်ပုံသဏ္ဌာန်များဖြင့် လာကြမည်။ 'ကဗရ်'လောက၌ လူသား၏ မကောင်းသော ကျင့်ကြံမှုသည် လှပသော ပုံသဏ္ဌာန်ဖြင့် ၎င်း၏ မိတ်ဆွေမှန် ဖြစ်သွားပေမည်။ ထို့ပြင် မကောင်းသော ကျင့်ကြံမှုများသည် မြွေ၊ ကင်းများဖြစ်၍ ၎င်းအား ရစ်ပတ်တော့ပေမည်။ ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ အကြင်သူသည် ဥစ္စာပစ္စည်း၏ 'ဇကားသ်' (ဒါနကြေး) မပေးဆောင်ခဲ့ပါမူ ထိုဥစ္စာပစ္စည်းသည် အဆိပ်ပြင်းသော မြွေတစ်ကောင်သဏ္ဌာန်ဖြင့် ၎င်း၏ 'ကဗရ်'၌ ရောက်ရှိ၍ ၎င်းကို ကိုက်၊ ပေါက်နေမည်။ ထို့ပြင် ပြောဆိုမည်မှာ ကျွန်ုပ်သည် အသင်၏ ဥစ္စာပစ္စည်းနှင့် အသင်၏ ရှာဖွေစုဆောင်းထားသော ဥစ္စာစုများသာ ဖြစ်သည်။

ဤကဲ့သို့ပင် ခိုင်လုံသော ဟဒီးစ်တော်တွင် လာရှိသည်မှာ 'ဟရှရ်'ကွင်းပြင်၌ လူသား၏ ကောင်းသော ကျင့်ကြံမှုများသည် ထိုသူအတွက် အစီးအနင်းဖြစ်သွားပေမည်။ ထို့ပြင် မကောင်းသော ကျင့်ဆောင်မှုတို့သည် ဝန်ထုပ်သဖွယ်ဖြစ်၍ ထိုသူ၏ ဦးခေါင်းအပေါ် သယ်ပိုးစေမည်သာဖြစ်မည်။

ဆွဟီးဟ်ဟဒီးစ်တော်တစ်ပုဒ်၌ လာရှိသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ 'စူရာဟ်ဗကရာ'နှင့် 'စူရာဟ် အားလေ့အိမ်ရာန်'ကို ဖတ်ရွတ်မှုပြုသောသူများအပေါ်သို့ 'ဟရှရ်'ကွင်းပြင်၌ ထူထပ်သော မိုးတိမ်နှစ်ခုသဖွယ် လာရောက်ကာ အရိပ်အမြုံပေးမည်ဖြစ်သည်။ ဤကဲ့သို့ပင် မြောက်မြားစွာသော ခိုင်လုံသည့် 'စနဒ်' များနှင့်တကွ ဆင့်ပြန်ချက်များ လာရှိထား၏။ ၎င်းဖြင့် သိရှိရသည်မှာ ဤလောကီသက်တမ်း ကုန်ဆုံးသွားပြီးသည့်နောက် ကျွန်ုပ်တို့၏ ဤအားလုံးသော ကျင့်ကြံမှုသည့် ကောင်းမှု၊ မကောင်းမှု ဟူသရွေ့ တို့သည် သီးခြားပုံစံများနှင့်အတူ ပေါ်ထွက်လာပေမည်။ ထို့ပြင် တန်ဖိုးရှိသော ပုံသဏ္ဌာန်ဖြင့် 'ဟရှရ်' ကွင်းပြင်၌ ပေါ်ထွက်လာပေမည်။

ကျမ်းမြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များဖြင့် ၎င်းနှင့် ပတ်သက်၍ လေးနက်မှုများ လာရှိထားသည်မှာ-

وَوَجَدُوْا مَاعَمِلُوْا حَاضِرًا

အလိုသဘောမှာ လူသားများသည် လောက၌ ပြုကျင့်ခဲ့သော **'အမလ်'ကျင့်ကြံမှုများအားလုံးကို နောင်တမလွန်၌ အသင့်တွေ့ရှိရပေသည်။ အာယသ်တော်တစ်ခုတွင် အမိန့်ရှိ**သည်မှာ-

مَنْ يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَّرَه وَمَنْ يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَّرَه

အလိုသဘောမှာ အကြင်သူသည် အနည်းငယ်မျှ ကောင်းမှုတစ်ခုပြုခဲ့သော် 'ကေယာမသ်'နေ့တွင် ထိုအရာအား မြင်တွေ့ရပေမည်။ အနည်းငယ်မျှပင် မကောင်းမှုတစ်ခု ပြုခဲ့သော် 'ကေယာမသ်'နေ့၌ ၎င်းကိုလည်း တွေ့မြင်ရပေမည်။ ၎င်းဖြင့် သိရှိရသည်မှာ လူသား၏ ကျင့်ကြံမှုတို့သည် အရာဝတ္ထု ပုံသဏ္ဌာန် နှင့်အတူ ထိုသူ၏ ရှေ့မှောက်တွင် ရောက်ရှိလာပေမည်။ ၎င်းဖြင့် အခြားအခြားသော အလိုသဘောယူရန်

အလိုမှာ 'ကေယာမသ်'နေ့၌ ငါအလ္လာဟ်အသျှင်မြတ်သည် မည်သည့်အလေးချိန်ကိုမျှပင် ၎င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည်မဟုတ်ပေ။

ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် မတ်စ်အူးဒ် ؓ သခင်၏ 'မနာကိဗ်'တွင် ဤဟဒီးစ်တော် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ ၎င်း၏ ခြေများသည် အပေါ်ယံအားဖြင့် မည်သို့ပင် သေးသွယ်ပိန်ချုံးစေပါမူ ကျွန်ုပ်၏ အသက်ဝိညာဉ်အား ပိုင်ဆိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ 'ကေယာမသ်'နေ့တွင် တရားမျှတသော ချိန်ခွင်တွင် ၎င်းသူ၏ အလေးချိန်သည် 'အုဟူဒ်'တောင်ထက်ပင် သာပို၍ အချိန် သာစီးပေမည်။

အေမာမ်ဘိုခါရီသခင်သည် မိမိစာအုပ်တွင် ဟဇရသ်အဘူဟိုရိုင်ရာဟ် ؓ သခင်၏ ဆင့်ပြန်မှုဖြင့် အဆုံးသတ်ထားရာ ၎င်းဟဒီးစ်တော်တွင် ပါရှိသည်မှာ စာလုံးနှစ်လုံးသည် ဤသို့ဖြစ်ပေသည်။ ၎င်းကို ဖတ်ရွတ်ရာ၌ နှုတ်လျှာတွင် အလွန်ပေါ့ပါး၍ သို့သော် 'မီဇာန်'ချိန်ခွင်၌ အလွန်တရာမျှ အလေးချိန်စီးပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင်လည်း အနှစ်သက်ဆုံးဖြစ်၏။ ၎င်းမှာ

سُبْحَانَ اللهِ وَبِحَمْدِهِ سُبْحَانَ اللهِ الْعَظِيْم

ဟူ၍ ဖြစ်သည်။ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် အုမရ် ؓ သခင်မှ ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ سُبْحَانَ اللهِ ရွတ်ဆိုခြင်းဖြင့် 'မီဇာန်'ချိန်ခွင်၏ ချိန်ခွင်တစ်ဝက် ပြည့်သွားလေသည်။ ထို့ပြင် الحمد لله ဖြင့် ကျန်ရှိသော ချိန်ခွင်တစ်ဝက် ပြည့်သွားလေသည်။ အဘူဒါဝူးဒ်ကျမ်း၊ သိရ်မေဇီကျမ်း၊ အိဗ်နေဟဗ္ဗာန်ကျမ်းတွင် တိကျသော စနဒ်များနှင့်အတူ ဟဇရသ်အဘူဒရ်ဒါ ؓ သခင်ထံမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'မီဇာန်'ချိန်ခွင်တွင် စာရိတ္တကောင်းမွန်ခြင်းနှင့် သာပို၍ အခြားမည်သည့် 'အမလ်'မျှ အချိန်သာစီးမှု မရှိနိုင်ပေ။

ထို့ပြင် ဟဇရသ်အဘူဇရ်ဂဖ္ဖာရီအား တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အသင့်အား ဤသို့ အလုပ်နှစ်ခု တင်ပြပေမည်။ ၎င်းကို ကျင့်ကြံရန် လူသားအတွက် ခက်ခဲမှုမရှိပေ။ ၎င်းသည် 'မီဇာန်'ချိန်ခွင်တွင် အားလုံးထက် သာပို၍ အလေးချိန် အသာစီးမည်ဖြစ်သည်။ ပထမတစ်ခုမှာ ကောင်းမွန်သော စာရိတ္တနှင့် ဒုတိယတစ်ခုမှာ မလိုအပ်ဘဲ စကားမပြောဆိုရန်သာ ဖြစ်သည်။

အေမာမ်အဟ်မဒ် (ရဟ) သည် كتاب الزهد ကျမ်းတွင် ဟဇရသ်ဟာဇင်မ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ရေးသားထားသည်မှာ ကိုယ်တော်မြတ် ﷺ ထံတော်ပါးတွင် တစ်ခါသော် ဟဇရသ်ဂျိဗ္ဗရီးလ် ؑ ကြွမြန်းလာရာ ထိုနေရာရှိ လူတစ်ဦးသည် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ဖြင့် ငိုကြွေးနေ၏။ သို့ရှိရာ ဟဇရသ်ဂျိဗ္ဗရီးလ် ؑ က မိန့်ကြားသည်မှာ လူသား၏ ပြုမူဆောင်ရွက်ချက်တိုင်းသည် ချိန်တွယ်ခံရမည်သာဖြစ်သည်။ သို့သော် အလ္လာဟ်နှင့် အာခေရသ်၏ ကြောက်စိတ်ဖြင့် ငိုကြွေးခြင်းသည် ချိန်တွယ်ခြင်းခံရမည့် 'အမလ်'မဟုတ်ပေ။ သို့သာမက မျက်ရည်စက်တစ်ပေါက်တိုင်းသည်ပင်လျှင် 'ဂျဟန္နမ်'ငရဲဘုံရှိ ကြီးသည်ထက်ကြီးသော မီးကိုပင် ငြိမ်းသက်စေမည်ဖြစ်၏။ */ မဇ္ဇဟရီးကျမ်း /*

ဟဒီးစ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ 'ဟာရုရ်' ကွင်းပြင်တွင် လူတစ်ဦးရောက်ရှိလာမည် ဖြစ်သည်။ အကြင်အခါဝယ် ၎င်း၏ ကျင့်ဆောင်မှုများကို ရှေ့ဝယ်သို့ ယူဆောင်လာရာ ၎င်းသည် မိမိ၏ ကောင်းမှု ကျင့်စဉ် နည်းပါးနေသည်ကို တွေ့မြင်၍ ထိတ်လန့်နေမည်ဖြစ်သည်။ ထိုအခါ၌ပင် ရုတ်တရက်နှင့် တိမ်တိုက် သဖွယ် အရာဝတ္ထုတစ်ခု ပေါ်ထွက်လာကာ ၎င်း၏ ကောင်းမှုချိန်ခွင်ဘက်တွင် ကျရောက်သွားမည်။ ထို့ပြင် ၎င်းအား ပြောကြားမည်မှ ဤအရာသည် အသင်၏ ထိုကျင့်ဆောင်မှု၏ ရလဒ်ပင်ဖြစ်သည်။ ထိုအရာကို အသင်လောကီ၌ရှိစဉ် လူများအား အသိပညာများနှင့် အမိန့်ပညတ်ချက်များကို သင်ကြားပြသခဲ့လေသည်။ ထို့ပြင် အသင်၏ ဤသင်ရိုးသည် ရှေ့ဆက် အောင်မြင်လာရာ အကြင်သူတို့သည် ထိုအရာအား ကျင့်ဆောင်ခဲ့သည်။ ၎င်းတို့အားလုံး ကျင့်ဆောင်သော အရာများထဲမှာ အသင်၏ ဝေစုလည်း ပါဝင်ခဲ့သည်။

[မဇ္ဇဟရီးကျမ်း]

သွဗ်ရာနီကျမ်းရှင်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်တစ်ခုကိုတွင် ရေးသား ထားသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်သူသည် 'ဂျနာဇဟ်' နှင့်အတူ 'ကဗရ်' သုသာန်သို့ သွားရောက်ခဲ့ပါမူ ၎င်း၏ ကောင်းမှု ချိန်တွယ်ရာတွင် 'မီဇာန်' ချိန်ခွင်၌ 'ကီရာသ်' နှစ်ခု ထည့်ချိန်တွယ်မည်ဖြစ်သည်။ အခြားဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ ထို 'ကီရာသ်' သည် 'အုဟုဒ်' တောင်နှင့် အညီမျှ ရှိမည်။

သွဗ်ရာနီသည် ဟဇရသ် ဂျာဗိရ် ﷺ သခင်၏ ဆင့်ပြန်ချက်ကို ဖော်ပြထားသည်မှာ တမန်တော် မြတ် ﷺ မိန့်တော်မူထားသည်မှာ လူသား၏ ကျင့်ဆောင်မှုများကို 'မီဇာန်' ချိန်ခွင်၌ ချိန်တွယ်ရာတွင် ဦးဆုံးထား၍ ချိန်တွယ်မည့် 'အမလ်' မှာ မိမိ၏ မိသားစုသားချင်းများအတွက် အသုံးပြု သုံးစွဲထားသော 'အမလ်' နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော 'အမလ်' များသာ ဖြစ်မည်။

အေမာမ်ဇဟ်ဘီ (ရဟ) သခင်က ဟဇရသ်အိမ္မရာန် ဗင်န် ဟစ္စိုးန် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ 'ကေယာမသ်' နေ့၌ အိုလမာသာသနာ့ပညာရှင်များ၏ ကလောင်မှ မင်စက်၊ ၎င်းဖြင့် ထိုသူတို့သည် သာသနာ့ပညာနှင့် သာသနာ၏ အမိန့်ပညတ်ချက်များကို ရေးခဲ့ကြလေသည်။ ရှဟီဒ်များ၏ သွေးကို ချိန်တွယ်လိုက်ပါမူ အိုလမာသာသနာ့ပညာရှင်များ၏ မင်စက်၏ အလေးချိန်သည် ရှဟီဒ်များ၏ သွေး၏ အလေးချိန်ထက် သာစီးသွားမည်။

ဤကဲ့သို့ 'ကေယာမသ်' နေ့၌ 'အအ်မာလ်' ချိန်တွယ်မှုနှင့်ပတ်သက်၍ ဟဒီးစ်ဆင့်ပြန်ချက် မြောက် မြားစွာ လာရှိပေသည်။ ဤနေရာတွင် အချို့ဟဒီးစ်တော်များကို ဤအတွက်ကြောင့် တင်ပြထားသည်။ ၎င်းဖြင့် သီးသန့် 'အအ်မာလ်' များ၏ ထွတ်မြတ်မှုနှင့် တန်ဖိုးမဖြတ်နိုင်ကြောင်း ခန့်မှန်းနိုင်ပေသည်။ ထို အားလုံးသော ဟဒီးစ်ဆင့်ပြန်မှုများဖြင့် သိရှိရသည်မှာ 'အအ်မာလ်' ကျင့်ကြံမှုများကို ချိန်တွယ်ရာတွင် ပုံစံအမျိုးမျိုးဖြင့် ချိန်တွယ်မည်ကို သိရှိရသည်။ အချို့ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ 'အမလ်' ကျင့်ကြံ သူအား ချိန်တွယ်ခြင်း ခံရပေမည်။ ထိုသူသည် မိမိ၏ ပြုကျင့်မှုနှင့်အညီ ပေါ့ပါးခြင်းနှင့် အချိန်အသာစီး

လေးလံခြင်း ဖြစ်ပေမည်။ ထို့ပြင် အချို့ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ ၎င်း၏ ကောင်းမှု၊ မကောင်းမှုများကို ချိန်တွယ်မည် ဖြစ်သည်။ ၎င်းပြင် အချို့ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ ကျင့်ကြံမှုသည်ပင် အစိုင်အခဲဖြစ်သွားပေမည်။ ထိုအရာကို ချိန်တွယ်မှုပြုပေမည်။ အေမာမ်သဖ်စီးရ် အိဗ်နေကစီးရ်သခင်က ဤအားလုံးသော ဆင့်ပြန်ချက်များကို ဆင့်ပြန်ပြီးသည့်နောက် အမိန့်ရှိသည်မှာ ချိန်တွယ်မှုသည် ပုံစံအမျိုးမျိုးဖြင့် ကြိမ်ဖန်များစွာ ပြုပေမည်။ ၎င်းနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်မည်ကို စင်စစ် အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူ၏။ ထို့ပြင် ကျင့်ကြံရန်အတွက် ၎င်းဆောင်ရွက်မည့် ဖစ်မြစ်ကို သိရှိရန် အရေးမကြီးပေ။ ကျွန်ုပ်တို့၏ 'အမလ်'ကျင့်ဆောင်မှုများအား ချိန်တွယ်မည်ကိုသာ သိရုံဖြင့် လုံလောက်ပေသည်။ ကောင်းမှုကုသိုလ်များကို ချိန်တွယ်ရာ ၎င်းဘက်မှ ပေါ့ပါးသွားသော အပြစ်ဒဏ်ထိုက်ပေမည်။ အလ္လာဟ်အသျှင်မြတ်သည် တစ်ဦးတစ်ယောက်အား မိမိ၏ အသနားတော်ဖြင့် (သို့) ဖြင့် နဗီတစ်ပါးပါး၏ (သို့) ဝလီသူတော်စင်၏ အသနားခံပေးမှုဖြင့် ၎င်းပြစ်ဒဏ်ကို ခွင့်လွှတ်လိုက်မည်ဆိုသော် ထိုသူသည် 'အဇာ:ဗ်'အပြစ်ဒဏ်မှ လွတ်မြောက်အောင်မြင်သွားမည်။ ဤသည် သီးခြားအကြောင်းအရာတစ်ခု ဖြစ်သည်။

အချို့သော ဆင့်ပြန်ချက်တွင် လာရှိသည်မှာ အချို့သောသူများကို 'ကလေမာဟ်'၊ အီမာန်၏ အကြောင်းခံဖြင့်သာ လွတ်မြောက်သွားပေမည်။ ၎င်းနောက် အားလုံးသော အပြစ်များသည် 'ကလေမာဟ်'၊ အီမာန်၏ အကြောင်းခံဖြင့် ပလပ်သွားပေမည်။ ဤသည် ထိုသီးသန့်ပြုထားသော ပုံစံနှင့် ဆက်စပ်နေ၏။ အကြင်ပုံစံမှာ အများဆောင်ရွက်ချက်များနှင့် မတူညီဘဲ သီးခြား အသနားတော်၏ ထွက်ပေါ်မှုသာ ဖြစ်သည်။

ထိုအာယသ်တော်နှစ်ခုလုံး၏ သဖ်စီးရ်ကို ယခု တင်ပြခဲ့ရာ ၎င်းအာယသ်တော်များတွင် အပြစ်ဒုစရိုက်ကျူးလွန်သူများကို 'ဟရှရ်'ကွင်းပြင်၏ သေးသိမ်မှုနှင့် အလ္လာဟ်အသျှင်မြတ် 'အဇာ:ဗ်'အပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်ခဲ့လေသည်။ တတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' စည်းစိမ်တော်များအကြောင်း တင်ပြ၍ အမှန်တရားကို လက်ခံကျင့်သုံးရန် နှိုးဆော်မှုကို ဤသို့ ပေးခဲ့သည်မှာ ငါအသျှင်မြတ်သည် အသင်တို့ကို မြေပထဝီပေါ်တွင် ပြည့်ဝသော စွမ်းဆောင်နိုင်မှုနှင့် သုံးစွဲမှုတွင် ပိုင်ဆိုင်မှု ချီးမြှင့်ခဲ့၏။ တစ်ဖန် ထိုထဲတွင် အသင်တို့အတွက် စိမ်ခံပစ္စည်းများ ရှာဖွေရန်အတွက် ထောင်ပေါင်းများစွာသော လမ်းစများကို ဖွင့်ပေးခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီတွင် လူသားတို့၏ လိုအပ်ချက်အားလုံးမှအစ ခရီးစဉ်၏ ပစ္စည်းများအထိ ကြီးကျယ်ခန့်ညားသော ဂိုဒေါင်ကိုပင် ပြုလုပ်ပေးလေသည်။ လူသား၏ လိုအပ်ချက်အားလုံးကို ထိုဂိုဒေါင်ထဲတွင် ပြုလုပ်ဖန်ဆင်းပေးထားသည်။ ယခု လူသား၏ လုပ်ဆောင်ရမည့် အချက်သည် ဤမျှပင်ဖြစ်သည်။ ထိုဂိုဒေါင်မှ မိမိ၏လိုအပ်သော အရာများကို ထုတ်ယူ၍ ၎င်းအား သုံးစွဲမှုပြုရန် နည်းလမ်းများကို သင်ယူပါလေ။ လူသားသည် ဘာသာရပ်တိုင်းနှင့် သိပ္ပံ၏ သစ်လွင်ဆန်းကြယ်စွာ တီထွင်မှုများ ရရှိခြင်းမှာ တစ်လောကလုံးကို ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းထားသော (အရာများသည်) မြေပထဝီ၏ ဂိုဒေါင်တွင် လုံခြုံစွာ ရှိနေခြင်းမှအပ အခြားမည်သည့်အရာမှ မဟုတ်ပေ။ ၎င်းတို့ကို နည်းစနစ်တကျ ထုတ်ယူ၍ ၎င်းအား သုံးစွဲသည့် နည်းလမ်းကို

မသိနားမလည်သော် ထိုသူတို့သည် ထိုအရာ၏ အကျိုးအမြတ်ခံစားမှုမှ လက်မဲ့ဖြစ်ရလေသည်။ အသိဉာဏ်ရှိသော လူသားသည် အရာနှစ်ခုလုံးကို သိရှိနားလည်၍ ထိုအရာများဖြင့် အကျိုးအမြတ်ရယူလေ၏။

အကျဉ်းချုပ်မှာ လူသား၏ လိုအပ်ချက်အားလုံးကို အလ္လာဟ်အသျှင်မြတ်က မြေပထဝီ၌ 'ဝဒီအသ်' (အပ်နှံမှု) ပြုထားခြင်းဖြစ်သည်။ ၎င်း၏ လိုလားမှုမှာ ထိုသူသည် အခြေအနေ၊ အချိန်အခါတိုင်းတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရား သိတတ်သောသူ ဖြစ်ရမည်။ သို့သော် ထိုသူတို့သည် မေ့လျော့မှု၌ နစ်မွန်း၍ မိမိတို့၏ စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကျေးဇူးတရားများကို မေ့လျော့သွားကြ သည်။ ထို့ပြင် ယင်းအရာများတွင်သာ နစ်မွန်း၍ နေကြလေသည်။ သို့ပါ၍ နောက်ဆုံးအာယသ်တော်၌ 'ရေကာယသ်' (အပြစ်တင်သော) ၏ ပုံစံဖြင့် အမိန့်ရှိသည်မှာ-

قَلِيلًا مَّا تَشْكُرُونَ

အလိုသဘောမှာ 'အသင်တို့သည် အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြကုန်၏။'

◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ خَلَقْنَٰكُمْ ثُمَّ صَوَّرْنَٰكُمْ ثُمَّ قُلْنَا لِلْمَلَٰٓئِكَةِ
ٱسْجُدُوا۟ لِءَادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ لَمْ يَكُن مِّنَ ٱلسَّٰجِدِينَ ⑪

၇ : ၁၁ ။ ။ မုချကေန် ငါအသျှင်မြတ်သည်သာလျှင် အသင်တို့အား (စတင်) ဖန်ဆင်းထားတော်မူခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့၏ ရုပ်ပုံသဏ္ဍာန်ကို ပြုလုပ်တော်မူခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် 'မလာအေကာဟ်' ကောင်းကင်တမန်တို့အား 'အာဒမ်ကို ပျပ်ဝပ်ဦးချကြလေကုန်' ဟု အမိန့်ထုတ်ပြန်တော်မူခဲ့ရာ ယင်း (ကောင်းကင်တမန်များအားလုံး) တို့သည် ဦးချခဲ့ကြလေသည်။ သို့ရာတွင် အိဗ်လီးစ်မှာမူ ဦးချသူတို့တွင် အပါအဝင် မဖြစ်ခဲ့ချေ။

قَالَ مَا مَنَعَكَ أَلَّا تَسْجُدَ إِذْ أَمَرْتُكَ ۖ قَالَ أَنَا۠ خَيْرٌ مِّنْهُ خَلَقْتَنِى
مِن نَّارٍ وَخَلَقْتَهُۥ مِن طِينٍ ⑫

၇ : ၁၂ ။ ။ ထို (အခါ) အသျှင်မြတ်က (အိဗ်လီးစ်) 'ငါအသျှင်မြတ်သည် အသင့်အား အမိန့်ပေးတော်မူခဲ့သည့်အခါ မည်သည့်အရာက အသင့်ကို ဦးချခြင်းမှ တားမြစ်ခဲ့သနည်း' ဟု မေးမြန်းတော်မူခဲ့ရာ ၎င်း (အိဗ်လီးစ်) က (အို၊အသျှင်) 'ကျွန်တော်မျိုးသည် ၎င်း (အာဒမ်) ထက် မြင့်မြတ်ပါသည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုးအား မီးဖြင့် ဖန်ဆင်းတော်မူ၍ ၎င်းကိုမူကား ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်' ဟု လျှောက်ထားခဲ့လေသည်။

قَالَ فَاهْبِطْ مِنْهَا فَمَا يَكُونُ لَكَ
أَنْ تَتَكَبَّرَ فِيهَا فَاخْرُجْ إِنَّكَ مِنَ الصَّاغِرِينَ ﴿١٣﴾

၇ : ၁၃ ။ ။ ထို (အခါ) အသျှင်မြတ်သည် (ယင်းအီဗ်လီးစ်အား) 'သို့ဖြစ်ပါမူ အသင်သည် ဤ ('ဂျန္နသ်'သုခဘုံ နေရာ) မှ ဆင်းလော။ အသင်သည် ဤ (နေရာ) ၌ (နေထိုင်လျက်) ဂုဏ်ဟိတ်ထုတ်ရန် မထိုက်ပေ။ သို့ဖြစ်ပေရာ အသင် သည် (ဤဂျန္နသ်သုခဘုံမှ) ထွက်သွားလော။ မုချဧကန် အသင်သည် ဂုဏ်အသရေ သိမ်ဖျင်းသူတို့တွင် အပါအဝင် ဖြစ်ပေသည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

قَالَ أَنْظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿١٤﴾

၇ : ၁၄ ။ ။ ထို (အခါ) ယင်း (အီဗ်လီးစ်) က (အို, အသျှင်) 'အသျှင်မြတ်သည် ကျွန်တော်မျိုးအား (ပြစ်ဒဏ်ပေး တော်မူခြင်းမှလည်းကောင်း၊ အသက်သေခြင်းမှလည်းကောင်း၊ သတ္တဝါအပေါင်းတို့) ရှင်ပြန်ထကြရမည့် (ကေယာမသ်) နေ့ တိုင်အောင် ရွှေ့ဆိုင်းခွင့်ပေးတော်မူပါ' ဟူ၍ လျှောက်ထားခဲ့လေသည်။

قَالَ إِنَّكَ مِنَ الْمُنْظَرِينَ ﴿١٥﴾

၇ : ၁၅ ။ ။ (သို့ဖြစ်ပေရာ) ထိုအသျှင်မြတ်က (ယင်းအီဗ်လီးစ်အား) 'မုချဧကန် အသင်သည် ရွှေ့ဆိုင်းခွင့် ရရှိပြီး ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

قَالَ فَبِمَا أَغْوَيْتَنِي لَأَقْعُدَنَّ لَهُمْ صِرَاطَكَ الْمُسْتَقِيمَ ﴿١٦﴾

၇ : ၁၆ ။ ။ (ထိုအခါ) ၎င်း (အီဗ်လီးစ်) က (ဤသို့) လျှောက်ထားခဲ့လေသည်။ (အို, အသျှင်) အသျှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းမှားစေတော်မူသောကြောင့် ကျွန်တော်မျိုးသည်လည်း ၎င်းတို့ (အား လမ်းမှားစေရန်) အလို့ငှာ အသျှင်မြတ်၏ တရားလမ်းမှန်ပေါ်မှ မုချအမှန် (ပုန်းလျှိုးချောင်းမြောင်း၍) ထိုင်စောင့်နေပါမည်။

ثُمَّ لَآتِيَنَّهُمْ مِنْ بَيْنِ أَيْدِيهِمْ
وَمِنْ خَلْفِهِمْ وَعَنْ أَيْمَانِهِمْ وَعَنْ شَمَائِلِهِمْ ۖ وَلَا تَجِدُ أَكْثَرَهُمْ شَاكِرِينَ ﴿١٧﴾

၇ : ၁၇ ။ ။ ထို့နောက် ကျွန်တော်မျိုးသည် ထိုသူတို့ထံသို့ ထိုသူတို့၏ ရှေ့၊ နောက်၊ လက်ျာ၊ လက်ဝဲ (အဖက်ဖက်မှ) ဝင်ရောက်ပါမည်။ စင်စစ် အသျှင်မြတ်သည် ၎င်းသူတို့အနက် အများဆုံးသော သူတို့အား ကျေးဇူးသိတတ်သူများအဖြစ် တွေ့ရှိတော်မူမည်မဟုတ်ပါ။

قَالَ اخْرُجْ مِنْهَا مَذْءُومًا مَّدْحُورًا ۖ لَّمَن تَبِعَكَ مِنْهُمْ
لَأَمْلَأَنَّ جَهَنَّمَ مِنكُمْ أَجْمَعِينَ ﴿١٨﴾

၇ : ၁၈ ။ ။ ထို (အခါ) အသျှင်မြတ်က 'အသင်သည် ဂုဏ်အသရေ ညှိုးဖျင်းသူအဖြစ်လည်းကောင်း၊ နှင်ထုတ်ခြင်း ခံရသူအဖြစ်လည်းကောင်း ဤ (ဂျန္နသ်သုခဘုံ) မှ ထွက်သွားလော။ အမှန်စင်စစ် ၎င်းတို့အနက် မည်သူမဆို အသင်၏နောက်သို့ လိုက်ခဲ့ပါမူ ငါအသျှင်မြတ်သည် 'ဂျဟန္နမ်'ငရဲဘုံကို မလွဲဧကန် အသင် (အပါအဝင် ၎င်း) တို့အားလုံးဖြင့် ဖြည့်တော်မူမည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား (ဖန်ဆင်းရန် ပစ္စည်းများ အစပြုခဲ့သည်။ အလိုသဘောမှာ အာဒမ် عليه السلام အား စတင်ဖန်ဆင်းခဲ့လေ၏။ ထိုစတင်ဖန်တီးထားသော အာဒမ် عليه السلام မှ အသင်တို့အားလုံး ဖြစ်ရှိလာပြီး) တစ်ဖန် (ပင်မအစပြု၍) ငါအသျှင်မြတ်သည် အသင်တို့၏ ရုပ်ပုံသဏ္ဍာန်ကို ပြုလုပ်ခဲ့လေသည်။ (အလိုသဘောမှာ ထိုစတင်မှုတွင်ပင် အာဒမ် عليه السلام ၏ ရုပ်သဏ္ဍာန်ကို ပြုလုပ်ခဲ့လေသည်။ တစ်ဖန် ထိုရုပ်ဆင်းသဏ္ဍာန်သာလျှင် ၎င်း၏သားစဉ်မြေးဆက်တွင် ဖြစ်လျက်သာ လာခဲ့လေသည်။ ဤသည် စတင်ဖြစ်ပေါ်ခြင်း၏ စည်းစိမ်ပင်ဖြစ်၏။ တစ်ဖန် (ဟဇရသ် အာဒမ် عليه السلام ဖြစ်ရှိသွားပြီး လောကရှိ ပစ္စည်းများ၏ အမည်နာမများကို သင်ကြားပေးပြီးသည့်နောက်) ငါအသျှင်မြတ်သည် ဖရစ်ရှိသာဟ် ကောင်းကင်တမန်တို့အား အာဒမ် عليه السلام ကို 'စဂျ်ဒဟ်'ဦးချရန် မိန့်ကြားတော်မူခဲ့လေသည်။ (ဤ 'နေ့အ်မသ်'တော် ချီးမြှင့်လိုက်သောအခါ) အီဗ်လီးစ်မှအပ အခြားသော ဖရစ်ရှိသာဟ်အားလုံးတို့သည် 'စဂျ်ဒဟ်'ဦးချမှု ပြုကြ၏။ ယင်းအီးဗ်လီးစ်သည်ကား 'စဂျ်ဒဟ်'ဦးချသူတို့အနက် မပါဝင်ခဲ့ပေ။ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် အသင့်အား အမိန့်ပေးတော်မူခဲ့သည့်အခါ မည်သည့်အရာက အသင့်ကို ဦးမချရန် တားမြစ်ခဲ့သနည်း'ဟု မေးမြန်းတော်မူခဲ့၏။

အီဗ်လီးစ်က (ထိုတားမြစ်လိုက်သောအရာမှာ) ကျွန်တော်မျိုးကို အသျှင်မြတ်က မီးဖြင့် ဖန်ဆင်းတော်မူ၍ ထို (အာဒမ် عليه السلام) ကို ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်ဟု လျှောက်ထားခဲ့လေသည်။ (ဤသည် ရှိုက်သွာန်၏ လျှောက်လွှဲချက်၏ ပထမအချက်ပင် ဖြစ်၏။ ဒုတိယအချက်ကို မတင်ပြခဲ့ရာ ၎င်းမှာ မီးသည် အလင်းရောင်ရှိသောကြောင့် ရွှံ့မြေထက် မြင့်မြတ်၏။ တတိယအချက်မှာ ထွတ်မြတ်မှုမှ ထွက်ပေါ်လာသော အရာများနှင့် မျိုးရိုးစဉ်ဆက်တို့သည် ထွတ်မြတ်မှုမရှိသောအရာမှ ထွက်ပေါ်လာသည့် အရာထက် သာပို၍ မြင့်မြတ်လေသည်။ စတုတ္ထအချက်မှာ ထွတ်မြတ်မှုရှိသူက ထွတ်မြတ်မှုမရှိသူအား 'စဂျ်ဒဟ်' ဦးချခြင်းသည် မသင့်လျော်ပေ။ ထိုအချက်လေးချက်စလုံးကို စုပေါင်း၍ ရှိုက်သွာန်က မိမိ 'စဂျ်ဒဟ်'ဦးချခြင်း မပြုနိုင်ခြင်း၏ ဤအထောက်အထားဖြင့် ငြင်းဆန်ခဲ့သည်။ ကျွန်ုပ်သည် ထွတ်မြတ်သူဖြစ်၏။ ဤအတွက်ကြောင့် ထွတ်မြတ်မှုမရှိသူအား 'စဂျ်ဒဟ်'ဦးချမှု မပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ပထမဦးဆုံး

အချက်မှအပ ကျန်အချက်အားလုံးသည် မှားယွင်း၏ ပထမအချက်သည်လည်း လူသားအများစု၏ အခွင့်အရေးဟုဆိုရာတွင် ဤအလိုသဘောဖြင့် ကြည့်လျှင် မှန်၏။ ၎င်းမှာ လူသားကို ဖန်ဆင်းခြင်း၌ အများစု အစိတ်အပိုင်းသည် ရွံ့မြေလွှမ်းမိုးမှု ရှိသည်။ ကျန်ရှိသော အချက်များဖြင့် အထောက်အထားပေးခြင်းသည် ကြီးမားသော မှားယွင်းမှုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မီးသည် ရွံ့မြေထက် ထွတ်မြတ်မှုဖြစ်ခြင်းသည် အစိတ်အပိုင်းတစ်ခုအနေဖြင့် ထွတ်မြတ်မှုဖြစ်နိုင်သော်လည်း အလုံးစုံနေဖြင့် ၎င်းအား ထွတ်မြတ်သည်ဟု ပြောဆို၊ ကြွေးကြော်ခြင်းသည် အထောက်အထားမဲ့ခြင်းသာ ဖြစ်သည်။ ဤကဲ့သို့ပင် ထွတ်မြတ်မှုမှ ထွက်ပေါ်လာသော အရာများနှင့် မျိုးရိုးစဉ်ဆက်၏ မြင့်မြတ်ခြင်းမှာလည်း သံသယရှိပေသည်။ ထောင်ပေါင်းများစွာသော အကြောင်းအရာများသည် ၎င်းနှင့် ဆန့်ကျင်၍ ပေါ်ထွက်လာပေသည်။ ၎င်းမှာ ထွတ်မြတ်သူ၏ သားစဉ်မြေးဆက်မှာ ဆိုးသွမ်း၍၊ မကောင်းသော မသမာသူများ၏ သားစဉ်မြေးဆက်သည် မြင့်မြတ်သွားတတ်ပေ၏။ ဤနည်းတူစွာ မြင့်မြတ်သူက အဆင့်နိမ့်သူအား 'စဂျ်ဒဟ်'ဦးချခြင်းသည် မသင့်လျော်ပေဟု ဆိုခြင်းမှာလည်း မှားယွင်း၏။ အချို့သောအချိန်အခါတွင် ကောင်းမှုကို ရှေးရှု၍ ၎င်းနှင့် ဆန့်ကျင်၍ ပေါ်ပေါက်လာခြင်းများကို တွေ့မြင်ရလေသည်။

အလ္လာဟ်အသျှင်မြတ်မှ (ယင်းရှိုက်သွာန်အား) အမိန့်ရှိသည်မှာ (အသင် အကယ်၍ ဤကဲ့သို့ အမိန့်ဖီဆန်သူဖြစ်မည်ဆိုလျှင်) အသင် မိုးကောင်းကင်မှ ဆင်းလော့။ အသင်သည် ဤမိုးကောင်းကင်ပေါ်၌ မောက်မာပလွှား၊ ဂုဏ်အရှိန်ထုတ်ရန် မထိုက်ပေ။ (ဤနေရာသည် အမိန့်နာခံသော သူများ၏ ဌာနေသာ ဖြစ်လေရာ (ဤနေရာမှ) ထွက်ခွာ၍ (အဝေးသို့ ထွက်သွားလော့။) ဧကန်မုချ အသင်သည် (ထိုမာန်မာန ရှိသည့်အတွက်) ဂုဏ်သိမ်ဖျင်းသူတို့တွင် အပါအဝင် ဖြစ်ပေသည်။ ထိုရှိုက်သွာန်မှ ပြောကြားမည်မှာ 'ကျွန်တော်မျိုးအား 'ကေယာမသ်'နေ့တိုင် အခွင့်အရေးပေးသနားတော်မူပါ'ဟု လျှောက်ထားခဲ့လေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က 'မုချဧကန် အသင်သည် အခွင့်အရေး ရရှိပြီးဖြစ်သည်'ဟု မိန့်ကြားတော်မူ၏။ ၎င်းအိဗ်လီးစ်က-ဤသို့ လျှောက်ထားခဲ့လေ၏။ 'အို, အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းမှားစေတော်မူသောကြောင့် ကျွန်ုပ် ကျိန်ဆိုပါ၏။ ကျွန်တော်မျိုးသည်လည်း ၎င်းတို့အား (အလိုမှာ အာဒမ် عليه السلام နှင့် အာဒမ် عليه السلام ၏ သားစဉ်မြေးဆက်ကို) လမ်းမှားစေရန်အတွက် အသျှင်မြတ်၏ တရားလမ်းမှန်ပေါ်၌ (အကြင်လမ်းမှန်သည် မှန်ကန်သော သာသနာပေါ်ရှိနေရာ) မုချ ထိုင်နေပါမည်။ တစ်ဖန် ထိုသူတို့ထံ (လေးဘက်လေးရံမှ) ထိုသူတို့၏ ရှေ့မှလည်းကောင်း၊ ထိုသူတို့၏ နောက်မှလည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်မှလည်းကောင်း၊ ထိုသူတို့၏ လက်ဝဲဘက်မှလည်းကောင်း ဝင်ရောက်ပေမည်။ (အလိုသဘောမှာ ထိုသူတို့အား လှည့်စားဖျက်ဆီးရန် ကြိုးစားရာတွင် မည်သည့်ပုံစံကိုမျှ ချန်ရစ်ထားမည် မဟုတ်ပေ။ သို့မှသာ ထိုသူတို့သည် အသျှင်မြတ်ကို ခဝပ်မှုမပြုနိုင်မည် ဖြစ်သည်။) ၎င်းနောက် (ကျွန်ုပ်သည် မိမိကြိုးစားမှု၌ အောင်မြင်မှု ရရှိမည်ဖြစ်သည်။ သို့ရှိရာ) အသျှင်မြတ်သည် ၎င်းသူတို့အနက်မှ အများစုကို (အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားတော်များကို) ကျေးဇူးသိတတ်သောသူများအဖြစ် တွေ့ရှိတော်မူမည်မဟုတ်ပေ။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူခဲ့လေသည်။ ဤနေရာ (မိုးကောင်းကင်)

မှ အသင်သည် ဂုဏ်သရေ သိမ်ဖျင်းစွာဖြင့်၊ နှင်ထုတ်ခြင်းခံရသူအဖြစ်နှင့် ထွက်သွားလော့။ (အသင်သည် အာဒမ် (عليه السلام) ၏ သားစဉ်မြေးဆက်ကို လှည့်စားဖျက်ဆီးရန် ပြောဆိုနေရာ အသင်စိတ်ကြိုက်ပြုလိုက်ပါလေ။ ငါအသျှင်မြတ်သည် ချို့ယွင်းချက်အပေါင်းမှ ကင်းရှင်းတော်မူ၏။ မည်သူတစ်ဦးတစ်ယောက်၏ တရားလမ်းမှန်အပေါ် ရောက်ရှိလာခြင်းဖြင့် ငါအသျှင်မြတ်၌ အကျိုးအမြတ်တစ်စုံတစ်ရာမျှ မရှိပေ။ လမ်းမှားရောက်ရှိခြင်းဖြင့်လည်း ဆုံးရှုံးမှု မရှိပေ။) ၎င်းသူတို့အနက် မည်သူမဆို အသင်၏ နောက်လိုက်ခဲ့ပါမူ ဧကန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့အားလုံး (အလိုသဘောမှာ အိဗ်လီးစ်နှင့် ၎င်း၏ နောက်လိုက်များအားလုံး) ကို 'ဂျဟန္နမ်'အပယ်ငရဲဘုံသို့ မလွဲဧကန် ဖြည့်တော်မူမည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ဟဇရသ်အာဒမ် (عليه السلام) နှင့် ရှိုက်သွာန်၏ အကြောင်းအရာသည် ဤနေရာတွင် တင်ပြထား၏။ ထို့ထက်အလျှင် 'စူရာဟ်ဘကရာ'၏ စတုတ္ထမြောက် ရူကူအ်တွင် ဖော်ပြပြီးဖြစ်၏။ ၎င်းနှင့် ဆက်စပ်သော မြောက်မြားစွာသော စူးစမ်းရှာဖွေမှုများအကြောင်း ထိုနေရာတွင် ပါရှိခဲ့၏။ ဤနေရာတွင် သာပို၍ အချို့သော စူးစမ်းရှာဖွေချက်များ၏ အဖြေကို ရေးသားထားပေသည်။

အိဗ်လီးစ်၏ ဒိုအာတောင်းခံခြင်းသည် 'ကေယာမသ်'နေ့တိုင် သက်တမ်း၏ တောင်းခံမှုကို လက်ခံခဲ့သနည်း၊ (သို့) လက်မခံခဲ့သနည်း၊ လက်ခံခဲ့သည်ဟုဆိုပြင့် အာယသ်နှစ်ခုရှိ ကွဲပြားနေသော စာလုံးများအား ညှိနှိုင်းခြင်း

အိဗ်လီးစ်သည် بقع ، بتع ဖြစ်ရှိနေချိန် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် တောင်းခံမှုတစ်ခု ပြုခဲ့သည်မှာလည်း အလွန်ထူးခြားအံ့ဖွယ်ဒိုအာ ဖြစ်၏။ ၎င်းမှာ 'ဟရှရ်'(ကွင်းပြင်) ထိတိုင်အောင် သက်တမ်း၏ အခွင့်အရေးတစ်ခု ချီးမြှင့်ပါဟူ၍ တောင်းခံခဲ့လေသည်။ ၎င်းအား တုန့်ပြန်အဖြေပေးရာ၌ အလ္လာဟ်အသျှင်မြတ်က အမိန့်ရှိသည်မှာ ဤနေရာတွင် ဖော်ပြပါအာယသ်တော်၌ သုံးစွဲခဲ့သော စာလုံးမှာ-

إِنَّكَ مِنَ الْمُنظَرِينَ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ အသင့်အား အခွင့်အရေးပေးခဲ့လေပြီ။ ထိုစာလုံးဖြင့် ဒိုအာတောင်းခံမှုအား အကြောင်းစံ၍ သိရှိရသည်မှာ ဤအခွင့်အရေးသည် 'ဟရှရ်'ကွင်းပြင်ထိတိုင် ဖြစ်သည်။ ပမာဆိုရသော် ထိုရှိုက်သွာန်မှ တောင်းခံခဲ့ခြင်း ဖြစ်သည်။ သို့သော် ၎င်း၏ အကျယ်တဝံ့ ရှင်းလင်းချက်သည် ဤအာယသ်တော်၌ မရှိပေ။ အကြင်အခွင့်အရေးပေးခြင်းနှင့် ပတ်သက်၍ တင်ပြမှုသည် ဤနေရာတွင် အမိန့်ရှိခဲ့ရာ ၎င်းကာလသည် အိဗ်လီးစ်၏ ပြောဆိုမှုနှင့်အညီ (သို့) 'ဟရှရ်'ထိလော။ (သို့) အခြားသတ်မှတ်ထားသည့် ကာလထိလော။ သို့သော် ဒုတိယအာယသ်တော်၏ တစ်နေရာတွင်

اِلٰى يَوْمِ الْوَقْتِ الْمَعْلُوْمِ

ဟူသော စာလုံးဖြင့် လာရှိလေသည်။ ၎င်းဖြင့် သိရှိရသည်မှာ 'အီဗ်လီးစ်၏ တောင်းခံခဲ့သော အခွင့်အရေးသည် 'ကေယာမသ်' အထိ ပေးထားခြင်းမဟုတ်ပေ။ သို့သာမက သီးခြားအချိန်ကာလ အထိသာ သတ်မှတ်ပေးထားခြင်း ဖြစ်သည်။ ၎င်းသည် အသျှင်မြတ်၏ အသိတော်၌ရှိ၏။ ယင်းအကြောင်းမှ သိရှိရသည်မှာ အီဗ်လီးစ်၏ ဤတောင်းခံမှုသည် လက်ခံခြင်းခံခဲ့ရ၏။ သို့သော် အပြည့်အဝ မဟုတ်ပေ။ 'ကေယာမသ်' နေ့အထိ မဟုတ်ဘဲ သီးသန့်အချိန်အတိုင်းအတာ တစ်ခုအထိသာ အခွင့်အရေး ပေးခဲ့လေသည်။

သဖ်စီးရ်အိဗ်နေဂျရီးရ်ဒ်တွင် စစ်ဒီ ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ခု လာရှိပေသည်။ ၎င်းဆင့်ပြန်ချက်ဖြင့် အထက်ပါအကြောင်းအရာ၏ ခိုင်လုံကြောင်း သိရှိရသည်။

၎င်းဆင့်ပြန်ချက်၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်က အီဗ်လီးစ်ကို **يوم البعث** (ကေယာမသ်နေ့) အထိ အခွင့်အရေးမပေးခဲ့ပေ။ သို့သာမက သတ်မှတ်ထားသော ရက်တစ်ခုအထိသာ အခွင့်အရေး ပေးခဲ့၏။ ယင်းနေ့မှာ ပထမ 'စူရ်' တံပိုးမှုတ်လိုက်သောအခါ မိုးနှင့် မြေရှိသတ္တဝါအားလုံး သတိလစ်မေ့လျော့သွားမည် ဖြစ်သည်။ ထို့ပြင် သေဆုံးသွားပေမည်။

၎င်း၏ အချုပ်မှာ ရှိကျသွာန်သည် မိမိ၏ ဒိုအာ၌၊ ဒုတိယတံပိုးမှုတ်သောအချိန် အားလုံးသော သေဆုံးသူတို့ ပြန်လည်ရှင်ပြန်ထစေရာ ထိုနေ့၏ အမည်သည်သာလျှင် **يوم البعث** ဖြစ်၏။ ဤအချိန်အခါထိတိုင် အခွင့်အရေးတောင်းခံခြင်း ဖြစ်၏။ အကယ်၍ ဤဒိုအာကို လုံးဝ လက်ခံလိုက်သော် ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူမျှ အသက်ရှင်မည်မဟုတ်ပေ။

كُلُّ مَنْ عَلَيْهَا فَانٍ وَيَبْقٰى وَجْهُ رَبِّكَ ذُو الْجَلَالِ وَالْاِكْرَامِ

သည် ပေါ်လွင်လာပေမည်။ ထိုဒိုအာတောင်းခံမှုအပေါ် အီဗ်လီးစ်သည် ထိုအချိန်အထိ အသက်ရှင်နေမည် ဖြစ်သည်။ ထို့အတွက်ကြောင့် ၎င်း၏ ဒိုအာကို **يــوم بعث** အထိ အခွင့်အရေးမပြုဘဲ **يَوْمَ يُنْفَخُ فِى الصُّوْرِ** ထိ အခွင့်အရေးပေးမှုဖြင့် ပြောင်းလဲ၍ လက်ခံလိုက်၏။ ၎င်း၏ အကျိုးသက်ရောက်မှုသည် အကြင်အချိန်၌ တစ်လောကလုံး သေကြေပျက်စီးသွားသောအခါ အီဗ်လီးစ်သည် ထိုအချိန်တွင် သေကြေသွားမည်ဖြစ်သည်။ တစ်ဖန် အားလုံး ရှင်ပြန်ထရသောအခါ၌ ၎င်းအီဗ်လီးစ်သည်လည်း ရှင်ပြန်ထရမည် ဖြစ်သည်။

ဤသုံးသပ်ချက်ဖြင့် ထိုသံသယသည်လည်း ဝေးကွာ၍ သွားပေသည်။ အကြောင်းမှာ အာယသ်တော် **كُلُّ مَنْ عَلَيْهَا فَانٍ** ဖြင့် ထိုဒိုအာနှင့်ပတ်သက်၍ ပေါ်ပေါက်ခြင်းဖြစ်ပြီး အပေါ်ယံအားဖြင့် နှစ်ခုစလုံးသည် ဆန့်ကျင်၍ နေပေသည်။

သို့သော် ထိုသုံးသပ်ချက်ဖြင့် သိရှိရသည်မှာ يَوْمُ الْوَقْتِ الْمَعْلُوْمِ နှင့် يوم البعث တို့သည် သီးခြားရက်နှစ်ခု ဖြစ်သည်။ အီဗ်လီးစ်က يوم البعث အထိ အခွင့်အရေးတောင်းခံခဲ့ရာ ထိုဒိုအာကို အပြည့်အဝ လက်မခံခဲ့ပေ။ ၎င်းကို ပြောင်းလဲ၍ يَوْمُ الْوَقْتِ الْمَعْلُوْمِ ထိသာ အခွင့်အရေးပေးခဲ့လေသည်။ ဟဇရတ် ထာဝနီ (ရဟ) သခင်က ဗယာနုလ်ကုရ်အာန်ကျမ်းတွင် ဦးစားပေး ဖော်ပြထားသည်မှာ စင်စစ် ဤနှစ်ခုစလုံးသည် သီးခြားနေ့ရက်နှစ်ခု ဖြစ်၏။ သို့သာမက ပထမ 'စူရ်'တံပိုး မှုတ်သောအချိန်မှ အစ ပြု၍ 'ဂျန္နသ်'သုခဘုံနှင့် 'ဂျဟန္နမ်'ငရဲဘုံအထိ ရှည်လျားသော နေ့ရက်တစ်ခု ဖြစ်သည်။ ၎င်းတွင် ပုံစံ အမျိုးမျိုးဖြင့် အကြောင်းအရာအမျိုးမျိုး ပေါ်ပေါက်မည်။ ယင်းကွဲပြားသော အကြောင်းအရာများ ဖြစ်ရှိ သည့်အပေါ် ထိုနေ့၏ 'ဝါကေအာ' အဖြစ်အပျက်တိုင်းဘက်သို့ ဆက်နွယ်မှုပြုနိုင်ပေသည်။ ဥပမာ- ထိုနေ့ ကို يَوْمُ نَفْخِ صُوْرِ နှင့် يوم فناء ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ထို့ပြင် يوم البعث နှင့် يوم الجزاء ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ၎င်းဖြင့် ရှိရှိသမျှသော 'အစ်ရှ်ကာလ်' စောဒကများသည်လည်း ကင်းကွာ သွားပေသည်။

ကာဖိရ်၏ ဒိုအာသည်လည်း လက်ခံနိုင်ပါ၏လော

ဤမေးခွန်းပေါ်ထွက်ရခြင်း၏ အကြောင်းမှာ ကုရ်အာန်အာယသ်တော်တွင်

وَمَا دُعَاءِ الْكَافِرِيْنَ اِلَّا فِيْ ضَلَالٍ

ဖြင့် သိရှိရသည်မှာ ကာဖိရ်တို့၏ ဒိုအာသည် လက်မခံပေ။ သို့သော် ဤအီဗ်လီးစ်၏ 'ဝါကေအာ' အဖြစ်အပျက်၌လည်းကောင်း၊ အထက်ဖော်ပြပါ အာယသ်တော်ဖြင့် ဒိုအာလက်ခံခြင်း၏ အကြောင်း ပေါ်လွင် နေ၏။ အဖြေမှာ လောကီ၌ ကာဖိရ်၏ ဒိုအာသည်လည်း လက်ခံနိုင်ပေသည်။ အီဗ်လီးစ်ကဲ့သို့ ကာဖိရ် (ငြင်းဆိုမှုအပြုဆုံးသူ) ၏ ဒိုအာကိုပင်လျှင် လက်ခံခဲ့လေသည်။ သို့သော် 'အာခိရေသ်' တွင် ကာဖိရ်၏ ဒိုအာလက်ခံမည်မဟုတ်ပေ။ ဖော်ပြပါအာယသ်တော်

وَمَا دُعَاءِ الْكَافِرِيْنَ

သည် 'အာခိရေသ်'နှင့် ပတ်သက်၍ တောင်းခံသော ဒိုအာဖြစ်၍ 'ဒုန္နယာ'လောကဖြင့် ယင်းသည် မည်သို့မျှ ဆက်စပ်ပတ်သက်မှု မရှိပေ။

အာဒမ် ﷺ နှင့် အီဗ်လီးစ်တို့၏ အကြောင်းအရာ၌ အမျိုးမျိုးသော စာလုံးများ

ကျမ်းမြတ်ကုရ်အာန်၌ ဤအကြောင်းအရာသည် နေရာပေါင်းများစွာ၌ လာရှိ၏။ နေရာတိုင်းတွင် ထိုအမေးအဖြေတို့၏ စာလုံးသည် အမျိုးမျိုးရှိ၏။ အမှန်စင်စစ် အကြောင်းအရာသည် တစ်ခုတည်းသာဖြစ်၏။

အကြောင်းမှာ မူရင်းအကြောင်းအရာ၏ နေရာတိုင်း၌ ဖြစ်ရပ်တစ်ခုတည်းသာ ဖြစ်၏။ နေရာတိုင်းတွင် စာလုံးများတူညီရန် အရေးမကြီးပေ။ အလိုသဘောအဓိပ္ပာယ်တူညီသော ဆင့်ပြန်ချက်သည်လည်း ဖြစ်နိုင်ပေသည်။ ဖြစ်စဉ်ဖြစ်ရပ်၊ အကြောင်းအရာသည် တူညီ၍ စာလုံးကွဲလွဲခြင်းတို့သည် ချွင်းချက် (အပြစ်) မဟုတ်ပေ။

အီဗ်လီးစ်သည် အသျှင်မြတ်၏ ထံတော်ပါး၌ စည်းကမ်းမဲ့စွာ ပြင့် ပြောဆိုရန် မည်သို့ သတ္တိရရှိခဲ့သနည်း။

အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ဖရစ်ရှ်သာဟ်များနှင့် ရစူလ်တမန်တော်များပင်လျှင် အသျှင်မြတ်၏ ထွတ်မြတ်မှုကြောင့် ရင်ဆိုင်ပြောဆိုနိုင်စွမ်း မရှိကြပေ။ အီဗ်လီးစ်အနေဖြင့် မည်သို့ ပြောဆိုခဲ့ပါသနည်း။ အိုလမာပညာရှင်များမှ အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမျက်ဒေါသတော်အား ပြင်းပြင်းထန်ထန် ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ အီဗ်လီးစ်ကို နှင်ထုတ်ပြီးသည့်နောက် ဤကဲ့သို့ တားဆီးဖုံးကွယ်မှုတစ်ခု ပြုခဲ့သည်။ ထိုတားဆီးမှုက ၎င်းအလ္လာဟ်အသျှင်မြတ်၏ ထွတ်မြတ်မှုနှင့် ကြီးကျယ်မှုကို ဖုံးကွယ်လိုက်လေသည်။ အရှက်တရားကင်းမဲ့မှုက ၎င်းအပေါ် လွှမ်းမိုးသွားခဲ့လေသည်။

ရှိုက်သွာန်၏ နှောင့်ယှက်မှုသည် လူသားအပေါ်၌ လေးဘက်လေးရံမှဟူ၍ သတ်မှတ်မထားဘဲ ဘက်ပေါင်းစုံမှ နှောင့်ယှက်နိုင်ခြင်း

ကျမ်းမြတ်ကုရ်အာန်၏ ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည်မှာ အီဗ်လီးစ်က အာဒမ် عليه السلام ၏ သားစဉ်မြေးဆက်အား လမ်းမှားရောက်စေရန်အတွက် ရှေ့၊ နောက်၊ တောင်၊ မြောက်ဟူ၍ ဘက်လေးဘက် တင်ပြထား၏။ သို့သော် ဤနေရာတွင် စင်စစ် မည်သည့်ဘက်ဟူ၍ သတ်မှတ်မထားပေ။ သို့သာမက ၎င်း၏ အလိုသဘောမှာ ဘက်တိုင်းဘက်တိုင်းမှလည်းကောင်း၊ ပုံစံအမျိုးမျိုးဖြင့်လည်းကောင်း၊ သို့ပါ၍ အပေါ်ဘက်မှလည်းကောင်း၊ ခြေဖဝါးအောက်မှလည်းကောင်း လမ်းမှားရောက်ရှိစေနိုင်ရန် ထိုဘက်လေးဘက်တွင် ပါဝင်ရန် အဟန့်အတား မရှိပေ။ ထိုနည်းတူစွာ ဟဒီးစ်တော်တွင် ပါရှိသည့်အတိုင်း ရှိုက်သွာန်သည် လူသား၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကာ သွေးကြောများမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံး၌ ဝင်ရောက်၍ လူသားကို စေခိုင်းနေခြင်းသည်လည်း ထိုအချက်ကို တားမြစ်ခြင်းမဟုတ်ပေ။

ဖော်ပြပါ အာယသ်တော်တွင် ရှိုက်သွာန်ကို မိုးကောင်းကင်မှ ထွက်ခွာသွားရန် အမိန့်ပေးခြင်းကို နှစ်ကြိမ် အမိန့်ရှိထားလေ၏။ ပထမစကားစုမှာ فَاخۡرُجۡ اِنَّكَ مِنَ الصّٰغِرِيۡنَ ဖြစ်၍၊ ဒုတိယစကားစုမှာ قَالَ اخۡرُجۡ مِنۡهَا مَذۡءُوۡمًا ဖြစ်သည်။ ပထမစကားစုသည် ရွေးချယ်မှုတစ်ခုဖြစ်ပြီး ဒုတိယ စကားစုတွင် သတ်မှတ်ခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيٰٓاٰدَمُ اسْكُنْ اَنْتَ وَزَوْجُكَ
الْجَنَّةَ فَكُلَا مِنْ حَيْثُ شِئْتُمَا وَلَا تَقْرَبَا هٰذِهِ الشَّجَرَةَ فَتَكُوْنَا مِنَ الظّٰلِمِيْنَ ﴿١٩﴾

၇ : ၁၉ ။ ။ ၎င်းပြင် 'အို, အာဒမ်၊ အသင်သည် မိမိ၏ ကြင်ရာနှင့်တွ 'ဂျန္နသ်'သုခဘုံ၌ နေထိုင်ကြပါလေ။ ထို့နောက် အသင်တို့နှစ်ဦးသည် မိမိတို့အလိုရှိသော နေရာများမှ (ကြိုက်နှစ်သက်ရာများကို) စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့နှစ်ဦးသည် ဤသစ်ပင်၏ အနီးသို့ပင် ချဉ်းကပ်ခြင်း မပြုကြလေနှင့်။ ထိုသို့ (ချဉ်းကပ်)ဖြစ်လျှင် အသင်တို့နှစ်ဦးသည် (လည်း) နစ်နာဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်သွားကြပေလိမ့်မည်။

فَوَسْوَسَ لَهُمَا الشَّيْطٰنُ لِيُبْدِيَ لَهُمَا مَاوٗرِيَ
عَنْهُمَا مِنْ سَوْاٰتِهِمَا وَقَالَ مَا نَهٰىكُمَا رَبُّكُمَا عَنْ هٰذِهِ الشَّجَرَةِ
اِلَّآ اَنْ تَكُوْنَا مَلَكَيْنِ اَوْ تَكُوْنَا مِنَ الْخٰلِدِيْنَ ﴿٢٠﴾

၇ : ၂၀ ။ ။ ထို့နောက် ရှိုက်သွာန်သည် ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးတို့မှ ဖုံးကွယ်လျက်ရှိသော ၎င်းတို့၏ အရှက်ကို ပေါ်လွင်သွားစေရန်အလို့ငှာ ၎င်းတို့၏ စိတ်တွင်း၌ဝယ် (မကောင်းသော) အကြံအစည်ကို (ဖြစ်ပေါ်) ပေးစေခဲ့သည်။ ၎င်း (အီဗ်လီးစ်) က 'အသင်တို့၏ အသျှင်မြတ်သည် အသင်တို့နှစ်ဦးအား ကောင်းကင်တမန်များသော်လည်းကောင်း၊ ထာဝစဉ် အသက်ရှင်သူများသော်လည်းကောင်း မဖြစ်ကြရန်အတွက်သာလျှင် ဤသစ်ပင်မှ တားမြစ်တော်မူခြင်းဖြစ်သည်' ဟူ၍ ပြောဆိုခဲ့လေသည်။

وَقَاسَمَهُمَآ اِنِّيْ لَكُمَا لَمِنَ النّٰصِحِيْنَ ﴿٢١﴾

၇ : ၂၁ ။ ။ ထို့ပြင် ယင်း (ရှိုက်သွာန်) သည် ၎င်း (အာဒမ်နှင့် ဟောင်ဝါ ဇနီးမောင်နှံ) တို့နှစ်ဦးရှေ့ဝယ် 'ကျေနပ်စစ် ကျွန်ုပ်သည် အသင်တို့နှစ်ဦး၏ ကောင်းရာကောင်းကျိုးကို လိုလားသူသာလျှင် ဖြစ်ပါသည်'ဟု ကျိန်တွယ်၍ ပြောဆိုခဲ့လေသည်။

فَدَلّٰىهُمَا بِغُرُوْرٍ فَلَمَّا ذَاقَا الشَّجَرَةَ بَدَتْ لَهُمَا
سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ وَنَادٰىهُمَا رَبُّهُمَآ اَلَمْ
اَنْهَكُمَا عَنْ تِلْكُمَا الشَّجَرَةِ وَاَقُلْ لَّكُمَآ اِنَّ الشَّيْطٰنَ لَكُمَا عَدُوٌّ مُّبِيْنٌ ﴿٢٢﴾

၇ : ၂၂ ။ ။ နောက်ဆုံးတွင် ထိုရှိုက်သွာန်သည် ၎င်းတို့နှစ်ဦးအား ပရိယာယ်မာယာဖြင့် (တစ်ဖြည်းဖြည်း မိမိကြိုက်နှစ်သက်သည့်အတိုင်း) သွေးဆောင်နိုင်ခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ထိုသစ်ပင် (မှ အသီး) ကိုမြည်းစမ်းခဲ့ကြသောအခါ ၎င်းတို့နှစ်ဦး၏ အရှက်သည် ၎င်းတို့၏ရှေ့ဝယ် ပေါ်၍ သွားခဲ့လေသည်။ ထိုအခါ ၎င်းတို့နှစ်ဦးသည် မိမိတို့ကိုယ်ကို 'ဂျန္နသ်'သုခဘုံမှ သစ်ရွက်များဖြင့် စတင် (ဆက်စပ်) ဖုံးအုပ်စ ပြုကြလေသည်။ ထိုအခါ ၎င်းတို့၏ အသျှင်မြတ်က ၎င်းတို့

နှစ်ဦးအား (ဤသို့) ဟစ်ခေါ်မိန့်ကြားတော်မူခဲ့သည်။ ငါအသျှင်မြတ်သည် အသင်တို့အား ထိုသစ်ပင်မှ တားမြစ်ခဲ့သည် မဟုတ်ပါလော။ ထို့ပြင် ရှိုက်သွာန်သည် အသင်တို့နှစ်ဦးစလုံး၏ ထင်ရှားစွာသော ရန်သူပင်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်မဟုတ်ပါလော။'

قَالَا رَبَّنَا ظَلَمْنَآ اَنْفُسَنَا ٚ وَاِنْ لَّمْ تَغْفِرْ لَنَا وَتَرْحَمْنَا لَنَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿٢٣﴾

၇ : ၂၃ ။ ။ (ထိုအခါ) ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးစလုံးက 'အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ညှဉ်းပန်း နှစ်နာဆုံးရှုံးမိခဲ့ကြပါပြီ။ ထို့ပြင် အကယ်၍သာ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်း မပြုပါလျှင် ထို့ပြင် ကျွန်တော်မျိုးတို့ အပေါ်ဝယ် သနားညှာတာခြင်း ပြုတော်မမူခဲ့ပါလျှင် ဧကန်မုချ ကျွန်တော်မျိုးတို့သည် နစ်နာပျက်စီးဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်ကြရပါတော့မည်' ဟူ၍ လျှောက်ထားအသနားခံခဲ့ကြလေသည်။

قَالَ اهْبِطُوْا بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۚ وَلَكُمْ فِى
الْاَرْضِ مُسْتَقَرٌّ وَّمَتَاعٌ اِلٰى حِيْنٍ ﴿٢٤﴾

၇ : ၂၄ ။ ။ ထို (အခါ) အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ 'အသင်တို့သည် (ဤ 'ဂျန္နသ်' သုခဘုံမှ) ဆင်းသက်သွားကြလေကုန်။ အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ ရန်သူပင် ဖြစ်ကြပေမည်။ ထို့ပြင် အသင်တို့အဖို့ ပထဝီမြေပေါ်ဝယ် (ငါအသျှင်မြတ်) သတ်မှတ်ပြီးဖြစ်သော အချိန်ကာလ (သက်တမ်း) တိုင်အောင် နေရာထိုင်ခင်းသည်လည်းကောင်း၊ အကျိုးခံစားခွင့်သည်လည်းကောင်း ရှိပေသည်။

قَالَ فِيْهَا تَحْيَوْنَ وَفِيْهَا تَمُوْتُوْنَ وَمِنْهَا تُخْرَجُوْنَ ﴿٢٥﴾

၇ : ၂၅ ။ ။ 'ထိုအသျှင်မြတ်က အသင်တို့သည် ထိုပထဝီမြေ၌ အသက်တင်ရှား နေထိုင်ကြရပေမည်။ ၎င်းပြင် ထိုပထဝီမြေ၌ပင် အသက်သေဆုံးကြရမည်။ ၎င်းပြင် ယင်းပထဝီမြေမှပင် အသင်တို့သည် ပြန်လည် (ရှင်ပြန်ထရမည့်နေ့တွင်) ထွက်ကြမည်' ဟု မိန့်ကြားတော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအလ္လာဟ်အသျှင်မြတ်က (အာဒမ် عَلَيْهِ السَّلَام အား အမိန့်ရှိသည်မှာ အို, အာဒမ်၊ အသင်သည် မိမိ၏ ကြင်ယာ (ဟောင်ဝါ) နှင့်အတူ 'ဂျန္နသ်' သုခဘုံ၌ နေထိုင်ပါလေ။ တစ်ဖန် အသင်တို့နှစ်ဦးသည် မိမိတို့ အလိုရှိရာနေရာမှ (ကြိုက်နှစ်သက်ရာကို) စားသုံးကြလေကုန်။ ထို့ပြင် (ဤမျှ သတိမူပါလေ။) ထို (သီးသန့်) သစ်ပင်အနီးသို့ပင် မချဉ်းကပ်ကြကုန်နှင့်။ (အလိုမှာ ထိုအပင်မှ အသီးအား မစားရန်ဖြစ်သည်) သို့မဟုတ်လျှင် အသင်တို့နှစ်ဦးသည်လည်း နစ်နာဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်ရှိသွားကြပေမည်။ တစ်ဖန်

ရှိုက်သွင်းနှင့်သည် ၄င်းတို့ ဇနီးမောင်နှံနှစ်ဦးစိတ်တွင်း၌ လှုံ့ဆော်အကြံပေးလေ၏။ သို့မှသာ (၄င်းတို့ကို ထိုတားမြစ်ထားသော သစ်ပင်မှ သစ်သီးကို ကျွေး၍ ၄င်းတို့မှ ဖုံးကွယ်လျက်ရှိသော ၄င်းတို့၏ အရှက်ကို ပေါ်လွင်စေခဲ့၏။ (အဘယ်ကြောင့်ဆိုသော် ယင်းအပင်မှ အသီးစားခြင်း၏ ထိရောက်မှုသည် ဤအတိုင်းသာ ဖြစ်၏။ ပင်ကိုယ်မှဖြစ်စေ၊ (သို့) တားမြစ်ထားသောကြောင့်ဖြစ်စေ) ၄င်း (ထိုလှုံ့ဆော်အကြံပေးမှုမှာ နှစ်ဦးလုံးကို) ပြောကြားသည်မှာ အသင်တို့၏ အသျှင်မြတ်သည် အသင်တို့အား ယင်းသစ်ပင်မှ သစ်သီးကို (စားခြင်းအား) အခြားအကြောင်းကြောင့် တားမြစ်ပိတ်ပင်ခြင်း မဟုတ်ပေ။ သို့သော် အမှန်စင်စစ် အသင်တို့နှစ်ဦး (ထိုသစ်သီးကို စား၍) ကောင်းကင်တမန်များသော်လည်းကောင်း၊ ထာဝစဉ် အသက်ရှင်နေသူများသော်လည်းကောင်း၊ မဖြစ်နိုင်ရန်ကြရန်သာလျှင် ဤသစ်ပင်မှ တားမြစ်တော်မူခဲ့လေသည်။ (လှုံ့ဆော်အကြံပေးမှုမှ ရရှိသော အကြောင်းတရားမှာ ယင်းသစ်ပင်၏ သစ်သီးကို စားသောက်၍ အပြည့်အဝပိုင်ဆိုင်မှုနှင့် ထာဝစဉ် အသက်ရှင်နေထိုင်နိုင်မှု ပေါ်ပေါက်စေနိုင်၏။ သို့သော် ကနဦးအစတွင် အသင်တို့သည် ထိုအင်အား ပြင်းထန်သော အစာအား စားသောက်၍ ခွမ်းနိုင်မည်မဟုတ်ပေ။ သို့ပါ၍ တားမြစ်ပိတ်ပင်ရခြင်း ဖြစ်ပေ၏။ ယခု အသင်၏ အခြေအနေနှင့် အားအင်တို့သည် တိုးတက်လျက်ရှိပေသည်။ အသင်တို့၏ အင်အားသည် ယင်းအပေါ် သည်းခံနိုင်စွမ်း ရောက်ရှိလာပေသည်။ ယခု ထိုတားမြစ်ပိတ်ပင်ချက်သည် မကျန်ရှိတော့ပေ။ ထို့ပြင် ၄င်းတို့နှစ်ဦး၏ ရှေ့ဝယ် (ထိုစကားရပ်အပေါ်) ကေန်မလွဲ ကျွန်ုပ်သည် အသင်တို့နှစ်ဦးကို (စိတ်နှလုံးဖြင့်) ကောင်းရာကောင်းကြောင်းကိုသာ လိုလားသူသာလျှင် ဖြစ်ပါသည်ဟု ကျိန်ဆိုလေ၏။ (ဤစကားရပ်များကို ပြောဆို၍) ၄င်းတို့နှစ်ဦးအား ပရိယာယ်မာယာ လှည့်စား၍ အောက်သို့ ခေါ်ခဲ့လေသည်။ (အောက်ဘက်သို့ ခေါ်ဆိုခြင်းဆိုသည်မှာ အခြေအနေအားဖြင့် ၄င်းအကြံပြုမှုတို့ ဖြစ်ပေသည်။ မိမိ၏ မြင့်မားသော အကြံဉာဏ်ကို စွန့်လွှတ်၍ ရန်သူ၏ အကြံပြုခြင်းဘက်သို့ ကူးပြောင်းသွားလေသည်။ နေရာ၏ အနေဖြင့်လည်း 'ဂျန္နသ်'သုခဘုံမှ မြေပထဝီဘက်သို့ ချပေးခြင်းတို့ ဖြစ်ပေသည်။)

သို့ရှိရာ ထိုနှစ်ဦးတို့သည် ထိုသစ်ပင်၏ အသီးကို မြည်းစမ်းကြလေသောအခါ (လျင်မြန်စွာ) ၄င်းတို့၏ ဖုံးကွယ်လျက်ရှိသော အရှက်သည် ၄င်းတို့၏ရှေ့ကို ပေါ်၍ သွားလေတော့၏။ (အလိုမှာ 'ဂျန္နသ်'၏ အဝတ်အစား ကျွတ်သွားလေသည်။ နှစ်ဦးစလုံး ရှက်ရွံ့သွားပေသည်။ ထို့နောက် (ခန္ဓာကိုယ်ဖုံးကွယ်ရန် အတွက်) ၄င်းတို့နှစ်ဦးသည် မိမိ၏ (ခန္ဓာကိုယ်) ကို 'ဂျန္နသ်'သုခဘုံမှ (သစ်ပင်များ၏) သစ်ရွက်များဖြင့် စတင်တွယ်ဆက်၍ ဖုံးအုပ်ခဲ့ကြလေသည်။ ထိုအခါ ထိုသူတို့၏ အသျှင်မြတ်သည် ထိုသူတို့အား မိန့်ကြားတော်မူခဲ့လေသည်။ ငါအသျှင်မြတ်သည် အသင်တို့အား ထိုသစ်ပင်မှ (သစ်သီးစားရန်) တားမြစ်တော်မူခဲ့သည် မဟုတ်လော။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးစလုံးကို ကေန်စင်စစ် ရှိုက်သွင်းနှင့်သည် အသင်တို့နှစ်ဦး၏ ထင်ရှားသော ရန်သူပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်မဟုတ်လော။ (၄င်းရှိုက်သွင်း၏ လှည့်စားမှုမှ ရှောင်ရှားနေပါ။) ထိုဇနီးမောင်နှံနှစ်ဦးတို့က အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကေန်စင်စစ် ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ညှဉ်းပန်း၊ နစ်နာဆုံးရှုံးအောင် ပြုလုပ်မိကြပါသည်။ (စဉ်းစားဆင်ခြင်မှုနှင့်လည်းကောင်း၊ ရှောင်ရှား၍ မနေခဲ့ကြပါ)

ထို့ပြင် အကယ်၍သာ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်း မပြုပါလျှင် ၄င်းပြင် ကျွန်တော်မျိုးတို့ အပေါ်ဝယ် သနားညှာတာတော်မူခြင်း မပြုပါလျှင် ဧကန်မလွဲ ကျွန်တော်မျိုးတို့ နစ်နာဆုံးရှုံးသူ များထဲတွင် အပါအဝင်ဖြစ်ကြရပါတော့မည်ဟု လျှောက်ထားအသနားခံကြလေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က (အာဒမ်နှင့် ဟောင်ဝါတို့အား) မိန့်ကြားတော်မူလေ၏။ ၄င်းမှာ ('ဂျန္နသ်'သုခဘုံမှ အောက်သို့ (မြေပထဝီပေါ်တွင်) ဤသို့ အခြေအနေဖြင့် ဆင်းကြလေကုန်။ အသင်တို့အနက် (အလိုမှာ အသင်၏ သားစဉ်မြေးဆက်မှ အချို့သည် အချို့၏ ရန်သူပင် ဖြစ်ကြပေလိမ့်မည်။ ၄င်းအပြင် အသင်တို့အဖို့ မြေပထဝီ၌ နေထိုင်နိုင်ရန် နေရာထိုင်ခင်း (သတ်မှတ်) တော်မူခဲ့ပေသည်။ ထို့ပြင် (သတ်မှတ်တော်မူအပ်သော) သက်တမ်းတိုင်အောင် အကျိုးခံစားခွင့် ရှိပေသည်။ အလိုမှာ သေဆုံးသည့်အချိန်အထိလည်းကောင်း) ထိုအသျှင်မြတ်က အသင်တို့သည် ထိုပထဝီမြေ၌ အသက်ထင်ရှားစွာ နေထိုင်ကြရမည်။ ၄င်းအပြင် ပထဝီမြေ၌ပင် နေကြရမည်။ ၄င်းပြင် ထိုပထဝီမြေမှပင် (ကေယာမသ်) နေ့တွင် ထွက်ကြရမည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

သိမ်မှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရသ်အာဒမ် عليه السلام နှင့် အိဗ်လီးစ်တို့၏ အကြောင်းအရာသည် ဖော်ပြပါအာယသ်တော်တွင် လာရှိပေသည်။ ဤကဲ့သို့ပင် ဤအကြောင်းအရာအားလုံးသည် 'စူရာဟ်ဘကရာ' ၏ ရှုကူအ် (၃) ၏ အကျယ်တဝင့် ရှင်းလင်းတင်ပြပြီးဖြစ်၍ ၄င်းနှင့် ပတ်သက်ပြီး မည်မျှ သံသယများနှင့် သိလိုသည်များ ရှိပါက ၄င်းတို့အား၏ အကျယ်တဝင့် ဖြေကြားမှုသည် ပြည့်ဝသော ရှင်းလင်းချက်များနှင့်အတူ အခြားသော အကျိုးထူးများကိုလည်း စူရာဟ်ဘကရာ၏ သဖ်စီးရ်အဖွင့် (မအာရိဖွလ်ကုရ်အာန်ကျမ်း၊ အတွဲ (၁) ၏) စာမျက်နှာ (၁၆၃) မှ (၂၁၀) ထိ ရေးသားဖော်ပြပြီး ဖြစ်၏။ လိုအပ်ပါက ဖော်ပြပါနေရာတွင် ကြည့်ရှုနိုင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇

يَٰبَنِيٓ ءَادَمَ قَدۡ أَنزَلۡنَا عَلَيۡكُمۡ لِبَاسٗا
يُوَٰرِي سَوۡءَٰتِكُمۡ وَرِيشٗاۖ وَلِبَاسُ ٱلتَّقۡوَىٰ ذَٰلِكَ خَيۡرٞۚ ذَٰلِكَ مِنۡ
ءَايَٰتِ ٱللَّهِ لَعَلَّهُمۡ يَذَّكَّرُونَ ٢٦

၇ : ၂၆ ။ ။ အို့, အာဒမ်၏ သားမြေးအပေါင်းတို့၊ ဧကန်အမှန် ငါအသျှင်မြတ်သည် အသင်တို့အဖို့ ဝတ်စားဆင်ယင်မှု ချပေးတော်မူခဲ့သည်။ ယင်းဝတ်စားဆင်ယင်မှုသည် အသင်တို့၏ အရှက်များကို ဖုံးအုပ်သည့်အပြင် (ခန္ဓာကိုယ်၏ လှုံခြုံမှုနှင့် လှပတင့်တယ်ရန်) ဝတ်စားတန်ဆာလည်း ဖြစ်သည်။ သို့ရာတွင် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းတည်းဟူသော ဝတ်စားတန်ဆာသည် အမြင့်မြတ်ဆုံးသော ဝတ်စားတန်ဆာပင်ဖြစ်သည်။ ဤသည်ကား ၄င်းတို့ လေ့လာမှတ်သား စဉ်းစားဆင်ခြင်နိုင်ကြစေရန် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်တစ်ရပ်ပင် ဖြစ်သည်။

يَٰبَنِيٓ ءَادَمَ لَا يَفۡتِنَنَّكُمُ ٱلشَّيۡطَٰنُ
كَمَآ أَخۡرَجَ أَبَوَيۡكُم مِّنَ ٱلۡجَنَّةِ يَنزِعُ عَنۡهُمَا لِبَاسَهُمَا لِيُرِيَهُمَا سَوۡءَٰتِهِمَآۚ
إِنَّهُۥ يَرَىٰكُمۡ هُوَ وَقَبِيلُهُۥ مِنۡ حَيۡثُ لَا تَرَوۡنَهُمۡۗ إِنَّا جَعَلۡنَا ٱلشَّيَٰطِينَ
أَوۡلِيَآءَ لِلَّذِينَ لَا يُؤۡمِنُونَ ٢٧

၇ : ၂၇ ။ ။ အို့, အာဒမ်၏ သားမြေးအပေါင်းတို့၊ ရှိုက်သွာန်သည် အသင်တို့၏ မိဘနှစ်ပါး (အာဒမ်နှင့် ဟောင်ဝါ) တို့အား ၎င်းတို့နှစ်ဦးကို ၎င်းတို့၏ အရှက်အား မြင်သွားကြစေရန် ၎င်းတို့ (၏ ခန္ဓာကိုယ်) မှ ၎င်းတို့၏ အဝတ်တန်ဆာများကို ကျွတ်စေပြီးလျှင် 'ဂျန္နသ်'သုခဘုံမှ ထွက်စေဘိသကဲ့သို့ အသင်တို့ကိုလည်း ယင်းရှိုက်သွာန်သည် (လမ်းမှားအောင်) သွေးဆောင်ဖြားယောင်းနိုင်ခွင့် မရှိစေနှင့်။ စင်စစ် ၎င်းရှိုက်သွာန်ကိုယ်တိုင်နှင့် ၎င်း၏ မျိုးနွယ်တို့သည် အသင်တို့ ၎င်းတို့အား မမြင်နိုင်သော နည်းဖြင့် အသင်တို့ကို မြင်ခဲ့ကြကုန်သည်။ ကေန်မလွဲ ငါအသျှင်မြတ်သည် ရှိုက်သွာန်တို့ကို အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြသော သူတို့၏ အဆွေခင်ပွန်းများ (အဖြစ်) ပြုလုပ်တော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့, အာဒမ် عليه السلام ၏ သားသမီးအပေါင်းတို့၊ (ငါအလ္လာဟ်အသျှင်မြတ်၏) ကျေးဇူးတော်တစ်ရပ်မှာ ငါအသျှင်မြတ်သည် အသင်တို့၏ အရှက်ကို ဖုံးအုပ်ပေးသည့် အဝတ်အစားကို အသင်တို့ လုပ်ရန် စီစဉ်ရန်ကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့ပြင် (အပေါ်ယံအဝတ်အစားများအပြင် အတွင်းပိုင်းဆိုင်ရာ အဝတ်အစားတစ်ခုကိုလည်း အသင်တို့အတွက် ရွေးချယ်သတ်မှတ်ထားပေသည်။ ၎င်းမှာ) 'သက္ကဝါ' (အလိုသဘောမှာ သာသနာကိုင်းရှိုင်းခြင်း) ၏ အဝတ်အစားဖြစ်သည်။ ဤသည် (ထိုအပေါ်ယံ အဝတ်အစား) ထက်ပို၍ (အရေးကြီး) လိုအပ်ပေသည်။ (အဘယ်ကြောင့်ဆိုသော် ထိုအပေါ်ယံအဝတ်အစားသည် 'ရှရီအသ်' အရ အရေးပါ၍ ထို 'သက္ကဝါ'အလိုမှာ သာသနာကိုင်းရှိုင်းမှု၏ ကဏ္ဍတစ်ခုဖြစ်သည်။ အဓိကရည်ရွယ်ချက်သည် အခြေအနေတိုင်း၌ 'သက္ကဝါ'အဝတ်အစားသည်သာ ဖြစ်၏။) ဤ (အဝတ်အစားကို ဖန်ဆင်းခြင်းသည်) အလ္လာဟ်အသျှင်မြတ်၏ (အသနားတော်များမှ) သက်သေလက္ခဏာတော်တစ်ရပ် ဖြစ်၏။ သို့မှသာလျှင် ဤသူတို့သည် (ဤကျေးဇူးတရားကို) သတိရကြမည်ဖြစ်သည်။ (ထို့ပြင် သတိရ၍ မိမိတို့၏ ကျေးဇူးတော်အသျှင်၊ ကောင်းကျိုးတရား ပြုတော်မူသော အသျှင်မြတ်၏ အမိန့်နာခံခြင်းဟူသော တာဝန်ကို ကျေပွန်အောင် ပြုရမည်။ ထိုအမိန့်နာခံခြင်းဟူသော တာဝန်ကိုသာလျှင် 'သက္ကဝါ'၏ အဝတ်အစားဟု ခေါ်လေသည်။)

အို့, အာဒမ် عليه السلام ၏ သားသမီးအပေါင်းတို့၊ ရှိုက်သွာန်သည် အသင်တို့အားလည်း မလွဲမသွေ ဖြားယောင်းနိုင်စွမ်း မရှိစေရန် (ဒီးန်နှင့် 'သက္ကဝါ' ရှောင်ကြဉ်ခြင်းတရားအား ဆန့်ကျင်၍ အသင်တို့အား မည်သည့် လုပ်ရပ်တစ်ခုခုကို ပြုစေမည်ဖြစ်သည်။) ပမာဆိုသော် ၎င်းရှိုက်သွာန်သည် အသင်တို့၏ ဒါဒါ၊

ဒါဒီ (အလိုမှာ အာဒမ် عليه السلام နှင့် ဟောင်ဝါ عليه السلام တို့အား ထွက်စေသကဲ့သို့လည်းကောင်း၊ အလိုမှာ ၎င်းတို့ကို ဤကဲ့သို့ အလုပ်လုပ်စေခဲ့သည်။ ၎င်း၏ နောက်ဆုံးရလဒ်သည် ထိုသူတို့ 'ဂျန္နသ်'သုခဘုံနန်းမှ အပြင်သို့ ရောက်စေခဲ့သည်။ ထို့ပြင် အပြင်ကိုလည်း) ဤအခြေအနေဖြင့် (ရောက်ရှိစေခဲ့သည်) မှာ ၎င်းတို့၏ အဝတ်အစားကို ၎င်းတို့၏ (ခန္ဓာကိုယ်မှ) ကျွန်စေလျက်ဖြစ်သည်။ သို့မှသာ ၎င်းတို့နှစ်ဦးစလုံးသည် ၎င်းတို့၏ အရှက်ကို မြင်တွေ့ခဲ့ကြပေသည်။ (၎င်းသည် သူမွန်သူမြတ်များအတွက် အလွန်ပင် အရှက်ရစေသော အလုပ်နှင့် သေးသိမ်သော အလုပ်ဖြစ်၏။ အချုပ်ဆိုရသော် ရှိုက်သွာန်သည် အသင်တို့၏ ရန်သူဟောင်းဖြစ်သည်။ ၎င်းဖြင့် သတိ၊ ဝီရိယနှင့် နေပါ။ ထို့ပြင် သာပို၍ ရှောင်ကြဉ်ရန် ဤအတွက်ကြောင့် သာပို၍ အရေးကြီးသည်မှာ) ၎င်းနှင့် ၎င်း၏ စစ်တပ်သည် အသင်တို့ကို ဤသို့ ပုံစံဖြင့် ကြည့်ရှုနေသည်။ အသင်တို့သည် ထိုရှိုက်သွာန်ကို (၎င်းကဲ့သို့) မမြင်ကြပေ။ (၎င်းဖြင့် သိရှိရသည်မှာ ဤကဲ့သို့သော ရန်သူသည် အလွန်ဆိုးရွားသူဖြစ်သည်။ ၎င်းဖြင့် ရှောင်ရှားရန် အပြည့်အဝ စည်းစနစ်ကျစွာ ရှောင်ကြဉ်သင့်သည်။ ဤကျင့်ဆောင်မှုသည် ပြည့်ဝသော အီမာန်နှင့် 'သက္ကဝါ'တရားမှ ရရှိပေသည်။ ထိုအရာကို ရွေးချယ်လိုက်ပါက ရှောင်ကြဉ်မှု၏ လမ်းစ ရရှိသွားပေမည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် ရှိုက်သွာန်တို့ကို အီမာန်သက်ဝင်ယုံကြည်မှု မရှိကြသောသူတို့၏ အဆွေခင်ပွန်းများ ပြုလုပ်တော်မူခဲ့လေသည်။ (အကယ်၍ အီမာန်သက်ဝင် ယုံကြည်မှု လုံးဝမရှိပါက ရှိုက်သွာန်သည် အပြည့်အဝ ထိုသူ့အပေါ် လွှမ်းမိုးသွားပေသည်။ အကယ်၍ အီမာန်သက်ဝင်ယုံကြည်မှု အပြည့်အဝမရှိသော်၊ ၎င်းထက်နိမ့်သော လွှမ်းမိုးမှုကို ခံရပေမည်။ ပြည့်ဝသော အီမာန်ရှင်အပေါ် ရှိုက်သွာန်သည် လုံးဝ လွှမ်းခြုံနိုင်စွမ်း မရှိပေ။ ပမာဆိုရသော် ကျမ်းမြတ်ကုရ်အာန်တွင် လာရှိသည်မှာ-

اِنَّهٗ لَيْسَ لَهٗ سُلْطَانٌ عَلَى الَّذِيْنَ اٰمَنُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ

ဟူ၍ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဖော်ပြပါအာယသ်တော်အလျှင် ရှုကူအ်အစအဆုံး၌ ဟဇရသ်အာဒမ် عليه السلام နှင့် ရှိုက်သွာန်တို့၏ အကြောင်းအရာကို တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်း၌ ရှိုက်သွာန်၏ လှည့်စားမှုဖြင့် ပထမထိရောက်မှုမှာ အာဒမ် عليه السلام နှင့် ဟောင်ဝါ عليه السلام တို့၏ 'ဂျန္နသ်'သုခဘုံ၏ အဝတ်အစား ကျွတ်သွားပေ၏။ ထိုသူတို့သည် ဝတ်လစ်စလစ်ဖြစ်ပြီး သစ်ရွက်များဖြင့် မိမိတို့၏ အရှက်ကို ဖုံးအုပ်ကြလေသည်။

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တစ်ခုတွင် အလ္လာဟ်အသျှင်မြတ်က အာဒမ် عليه السلام ၏ သားသမီးများကို ရည်ညွှန်း၍ အမိန့်ရှိသည်မှာ အသင်တို့၏ အဝတ်အစားသည် အလ္လာဟ်အသျှင်မြတ်၏ အလွန်ကြီးမားသော ကျေးဇူးတရားတစ်ရပ် ဖြစ်သည်။ ၎င်းအပေါ် တန်ဖိုးထားပါ။ ဤနေရာတွင် မွတ်စ္စလင်မ်များကိုသာ သီးသန့်ရည်ညွှန်းခြင်းမဟုတ်ပေ။ သို့သာမက အာဒမ် عليه السلام ၏ သားသမီး

အားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ ၄င်းဖြင့် သိရှိရသည်မှာ အရှက်ဖုံးအုပ်ခြင်းနှင့် လူသားတို့၏ အဝတ်အစားသည် သဘာဝတရားအရ လိုအပ်သော အရာဖြစ်ပေသည်။ မည်သည့်သာသနာ၏ အဝတ်အစားဟူ၍ ခွဲခြားမှုမရှိဘဲ အားလုံး၏ အဝတ်အစားသည် အရှက်ဖုံးခြင်းအပေါ်တွင်သာ မူတည်နေသည်။ တစ်ဖန် ၄င်းအား အကျယ်တဝင့်အနေဖြင့် အဝတ်အစားသည် သုံးမျိုးသုံးစားရှိကြောင်း တင်ပြထားပေသည်။ ပထမတစ်မျိုးမှာ-

لِبَاسًا يُّوَارِىْ سَوْاٰتِكُمْ

ဖြစ်ပြီး၊ ၄င်းတွင် يوارى သည် موارات မှ လာရှိပေသည်။ ယင်း၏အဓိပ္ပာယ်မှာ 'ဖုံးကွယ်ခြင်း' ဟု ဖြစ်သည်။ ထို့ပြင် سواة သည် سوءة ၏ အများကိန်းဖြစ်သည်။ လူသားတို့၏ ထိုအစိတ်အပိုင်းကို سواة ဟု ခေါ်ဆိုပေသည်။ ၄င်းအစိတ်အပိုင်းကို ဖွင့်လျက်ရှိခြင်းကို လူသားသည် သဘာဝအလျောက် မကောင်းထင်မြင်ကာ ရှက်ဖွယ်လုပ်ရပ်ဟု မှတ်ယူကြ၏။ အလိုသဘောမှာ ငါအသျှင်မြတ်က အသင်တို့ပြုပြင် အောင်မြင်ရန်အတွက် ဤကဲ့သို့ အဝတ်အစားတစ်ခု ချပေးသနားတော်မူ၏။ ၄င်းဖြင့် အသင်တို့သည် မိမိ၏ ဖုံးအုပ်အပ်သော အရှက်အား ဖုံးအုပ်ထားစေရန် ဖြစ်သည်။ ၄င်းနောက် အမိန့်ရှိသည်မှာ- وريشا ဟူ၍ဖြစ်ပြီး၊ ريش သည် ထိုအဝတ်အစားကို ခေါ်ဆိုပေသည်။ ၄င်းအဝတ်ဖြင့် လူသားတို့သည် လှပမှုကို ဆင်ယင်ရာ၌ အသုံးပြုကြလေသည်။ အလိုသဘောမှာ သီးသန့်အရှက်ဖုံးအုပ်ရန် သာမန်အဝတ်အစားဖြင့်လည်း လုံလောက်ပေသည်။ သို့သော် ငါအလ္လာဟ်အသျှင်မြတ်က အသင်တို့အား ၄င်းထက် သာပို၍ ကောင်းသော အဝတ်အစားကို ဤအတွက်ကြောင့် ချီးမြှင့်ထား၏။ အသင်တို့သည် ၄င်းအား ဝတ်ဆင်၍ အလှဆင်ယင်နိုင်ရန်အတွက် ဖြစ်ပေသည်။ ထို့ပြင် မိမိဂုဏ်သိက္ခာကို ခွဲခြားမှုပြုနိုင်ရန် ဖြစ်သည်။

ဤနေရာတွင် ကျမ်းမြတ်ကုရ်အာန်မှ انزلنا၊ အလိုသဘောမှာ 'ချပေးခြင်း' ဟူသော စာလုံးကို သုံးနှုန်းဖွဲ့ဆိုထား၏။ ၄င်း၏ ဆိုလိုရင်းမှာ ချီးမြှင့်ခြင်းသာဖြစ်သည်။ မိုးကောင်းကင်မှ အဆင်သင့် လုပ်ဆောင်၍ ချပေးရန်မှာ အရေးမကြီးပေ။ ပမာဆိုသော် ကျမ်းမြတ်ကုရ်အာန်၏ ဒုတိယနေရာတွင် အမိန့်ရှိသည်မှာ-

اَنْزَلْنَا الْحَدِيْدَ

ဟူ၍ဖြစ်သည်။ အလိုသဘောမှာ ငါအသျှင်မြတ်က 'သံ' ကို ချပေးခဲ့လေသည်။ ၄င်းသည် အားလုံး၏ အသိတရားအရ မြေမှထွက်သည်။ ထိုသို့ဖြင့် နှစ်နေရာ စလုံးတွင် انزلنا ဟူသော စာလုံးကို အသုံးပြု၍ ညွှန်ပြလိုသည်မှာ မိုးကောင်းကင်မှ ကျရောက်သော အခြားအရာဝတ္ထုများသည် အခြားသော သူတစ်ဦးဦး၏ အစီအစဉ်နှင့် ဆောင်ရွက်ချက်ကို မပါဝင်ပေ။ ဤကဲ့သို့ပင် ထိုအဝတ်အစား၏ ပင်ကိုယ်ဇစ်မြစ်သည် ဝါဂွမ်း (သို့) သိုးမွေး စသည်တို့ဖြစ်သည်။ ၄င်းတွင် လူသားတစ်ဦးဦး၏ လုပ်ဆောင်ချက် အနည်းအကျဉ်းမျှပင် မပါဝင်ပေ။ ၄င်းသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သက်သက်ဖြင့်သာ ချီးမြှင့်ထားသောအရာ

ဖြစ်သည်။ သို့ရှိရာ ယင်းအရာဝတ္ထုများဖြင့် မိမိတို့၏ သက်တောင့်သက်သာနှင့် စိတ်နှင့်ကိုက်ညီစွာ အပူ၊ အအေးဖြင့် ရှောင်ကြဉ်ရန်အတွက် အဝတ်အစား ပြုလုပ်ခြင်း၌ လူသား၏ လုပ်ဆောင်ချက်သာ ဖြစ်သည်။ ၎င်းလုပ်ဆောင်ချက်သည်လည်း ငါအလ္လာဟ် အသျှင်မြတ်၏ သင်ကြားပြသပေးမှုအလျောက်သာ ဖြစ်သည်။ ဤအတွက်ကြောင့် အမှန်တရားကို မြင်တတ်သူတိုင်း၏ အရှေ့တွင် ဤအရာအားလုံးတို့သည် အလ္လာဟ် အသျှင်မြတ်မှသာလျှင် မိုးကောင်းကင်မှ ချပေးထားသကဲ့သို့ ချီးမြှင့်ပေးခြင်းသာဖြစ်သည်။

အဝတ်အစား၏ အကျိုးထူးနှစ်ရပ်အကြောင်း

၎င်းတွင် အဝတ်အစား၏ အကျိုးကျေးဇူးနှစ်ခုကို တင်ပြထားပေသည်။ ပထမတစ်ခုမှာ အရှက်ဖုံးခြင်းနှင့် ဒုတိယတစ်ခုမှာ အပူ၊ အအေးဒဏ်မှ ကာကွယ်ပေးခြင်းနှင့် ခန္ဓာကိုယ်အား လှပစေရန် ဆင်ယင်ခြင်းတို့ ဖြစ်သည်။ ပထမအကျိုးကျေးဇူးကို ရှေးပြု၍ ရည်ညွှန်းနေသည်မှာ လူသားတို့၏ အဝတ်အစား၏ အဓိကရည်ရွယ်ချက်ကို အရှက်ဖုံးအုပ်ခြင်းသာ ဖြစ်သည်။ ၎င်းသည် အားလုံးသော တိရစ္ဆာန်တို့ဖြင့် ခွဲခြားပေးသော အရာဖြစ်သည်။ တိရစ္ဆာန်တို့၏ အဝတ်အစားသည် သဘာဝတရားအရ ၎င်း၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပြုလုပ်ဖန်ဆင်းပေးထား၏။ ၎င်းသည် အပူ၊ အအေးမှ ထိန်းသိမ်းကာကွယ်ပေးရန် (သို့) လှပစေရန်အတွက်သာ ဖြစ်သည်။ အရှက်ဖုံးအုပ်ခြင်းသည် ၎င်းတို့တွင် ဤမျှ မပါဝင်လှပေ။ သို့ရှိရာ သီးသန့်အစိတ်အပိုင်းများ၏ ထားသိုခြင်းသည် ၎င်း၏ ခန္ဓာကိုယ်တွင် ဤသို့ ပြုလုပ်ထား၏။ လုံးဝ လစ်ဟင်းစွာ မရှိပေ။ အချို့ကို ၎င်းအရက်အား အမြီးဖြင့် ဖုံးကွယ်ပေးထား၍၊ အချို့ကို အခြားသော ပုံစံများဖြင့် ဖုံးကွယ်ပေးထားသည်။

ဟဇရတ်အာဒမ် عليه السلام ၊ ဟောင်ဝါ عليه السلام နှင့် ရှိုက်သွာန်တို့၏ အကြောင်းအရာကို တင်ပြ၍ အဝတ်အစားဆင်ယင်မှု၏ဘက်သို့ ရည်ညွှန်းတင်ပြထားသည်မှာ လူသားတို့အတွက် ဝတ်လစ်စလစ်ဖြစ်ခြင်းနှင့် အရှက်သိက္ခာထားအပ်သော အစိတ်အပိုင်းတို့အား အခြားသူများအရှေ့တွင် ဖွင့်ခြင်းသည် သိက္ခာကျဆင်းမှုနှင့် သေးသိမ်နိမ့်ကျမှု အရှိဆုံးနှင့် အရှက်ကင်းမဲ့သော နိမိတ်လက္ခဏာပင်ဖြစ်ပြီး မကောင်းမှုနှင့် ပျက်စီးမှု ပေါင်းစုံတို့၏ လမ်းစဖြစ်သည်။

ရှိုက်သွာန်၏ ပထမတိုက်ခိုက်ချက်သည် လူသားတို့အား ဝတ်လစ်စလစ်ပြုလုပ်သည့် ပုံစံမှုဖြစ်ပြီး ယနေ့ခေတ်ကာလ၌လည်း လူသားတို့ကို ဝတ်လစ်စလစ် (သို့) အနည်းအကျဉ်း ချွတ်ဖော်မှုပြုလုပ်စေ၍ ရှိုက်သွာန်သည် နည်းလမ်းအသစ်ဖြင့် ပြုဆောင်နေခြင်းအကြောင်း

ဤအတွက်ကြောင့်သာလျှင် ရှိုက်သွာန်သည် ဦးစွာပထမ တိုက်ချက်ဖြင့် လူသားတို့နှင့် ဆန့်ကျင်၍ အစပြုခဲ့၏။ ၎င်းမှာ လူသားတို့၏ အဝတ်အစားကို ချွတ်လိုက်လေသည်။ ယနေ့ခေတ်ကာလတွင်လည်း ရှိုက်သွာန်သည် မိမိတပည့်များ၏ အကြောင်းခံဖြင့် လူသားတို့အား လမ်းမှားရောက်စေရန် ဆန္ဒရှိသော်

ယဉ်ကျေးမှုဟု အမည်နာမတပ်၍ ဦးစွာပထမ ၎င်းကို ဝတ်လစ်စလစ် (သို့) အနည်းအကျဉ်း ချွတ်ဖော်မှုပြု၍ လမ်းမကြီးများနှင့် လမ်းကြိုလမ်းကြားတို့၌ ရပ်စေခဲ့၏။ ရှိက်သွာန်က ၎င်းနှင့် ပတ်သက်၍ တိုးတက်မှုဟု အမည်တပ်ထားလေသည်။ ၎င်းသည် အမျိုးသမီး၏ အရှက်သိက္ခာတို့အား လက်မဲ့ဖြစ်စေ၍ အများသူငှာ၏ ရှေ့တွင် မြင်လိုစေရန် မလုံ့တလုံ အခြေအနေဖြင့် ခေါ်ဆောင်လာခြင်းမှအပ အခြားမည်သည့်မှ မရရှိပေ။

အီမာန်သက်ဝင်ယုံကြည်မှု၏နောက် ဦးစွာ 'ဖွရ်ဇ်'တာဝန်သည် အရှက်ဖုံးခြင်းသာ ဖြစ်ခြင်းအကြောင်း

ရှိက်သွာန်က လူသားတို့၏ ဤအားနည်းချက်ကို သိရှိ၍ ပထမဦးစွာ တိုက်ချက်သည်လည်း လူသားတို့၏ အရှက်ဖုံးအုပ်ခြင်းအပေါ် အစပြုခဲ့၏။ သို့ရှိရာ ရှရီအသ်တရားတော်မှလည်း ၎င်းသည် လူသားတို့၏ ပြုပြင်မှုတိုင်းနှင့် အောင်မြင်မှုတိုင်းအတွက် လုံလောက်ပေသည်။ ရှရီအသ်သည် အရှက်ဖုံးအုပ်ရန် ဤမျှ အလေးပေး တင်ပြထားသည်မှာ အီမာန်သက်ဝင်ယုံကြည်မှုပြုပြီးသည့်နောက် ဦးဆုံးသော 'ဖွရ်ဇ်' တာဝန်မှာ အရှက်ဖုံးအုပ်ခြင်းကို သတ်မှတ်ပေးထားပေသည်။ နမာဇ်၊ ရိုဇာဟ် စသည်တို့သည် ၎င်း၏နောက်မှ ဖြစ်လေသည်။

ဟဇရေသ်အုမရ် ﷺ သခင်၏ ဆင့်ပြန်ချက်မှ တမန်တော်မြတ် ﷺ မိန့်ကြားတော်ခဲ့သည်မှာ အကြင်မည်သူမဆို အဝတ်အစားအသစ်ကို ဝတ်ဆင်သော် ၎င်းသည် အဝတ်အစားကို ဝတ်ဆင်နေချိန် ဤဒိုအာကို ဖတ်ရွတ်သင့်သည်။ ၎င်းမှာ-

اَلْحَمْدُ لِلّٰهِ الَّذِىْ كَسَانِىْ مَاۤاُوَارِىْ بِهٖ عَوْرَتِىْ وَ اَتَجَمَّلُ بِهٖ فِىْ حَيَاتِىْ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'ကျွန်တော်မျိုးအား အဝတ်အစားပေးသနားတော်မူသော အသျှင်မြတ်အား ချီးကျူးထောပနာပြုပါ၏။ ၎င်းဖြင့် ကျွန်ုပ်သည် မိမိ၏အရှက်ကို ဖုံးအုပ်ရန်နှင့် လှပဆင်ယင်မှုပြုရ၏။'

အဝတ်အစား အသစ်ချုပ်သော အချိန် အဝတ်ဟောင်းအား 'ဆွဒ်ကာဟ်' ပေးလှူဒါန်းခြင်း၏ ကြီးမားသော 'ဇဝါးဗ်'ဂုဏ်ကျေးဇူးအကြောင်း

ထို့ပြင် အမိန့်ရှိသည်မှာ အကြင်သူသည် အဝတ်အစားအသစ် ဝတ်ဆင်ပြီးသည့်နောက် အဝတ်ဟောင်းကို ဆင်းရဲနွမ်းပါးသူအား ပေးလှူလိုက်ပါက ထိုသူသည် မိမိ၏ သေသည့်အခါနှင့် သက်ရှင်နေထိုင်စဉ် အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်၏ တာဝန်ယူမှုနှင့် ခိုလှုံမှုတွင် ရောက်ရှိပေမည်။

[အိဗ်နေမာဇ်ရှီးရ်ကျမ်း]

ဤဟဒီးစ်တော်တွင်လည်း လူသားကို အဝတ်အစား ဝတ်ဆင်သောအချိန်၊ ထိုကောင်းမွန်သော အချက်နှစ်ချက်စလုံးအား သတိရစေ၏။ ၎င်းအတွက် အလ္လာဟ်အသျှင်မြတ်သည် လူမှုရေး အဝတ်အစားများကို ပြုလုပ်ဖန်ဆင်းပေးခဲ့သည်။

အရှက်ဖုံးအုပ်ခြင်းသည် မွေးဖွားသန့်စင်သည့်အချိန်မှ အစပြု၍ လူသားတိုင်း၏ သဘာဝအလျောက် လုပ်ဆောင်ချက်ဖြစ်၍ တိုးတက်နေသော ခေတ်သစ်သိပ္ပံပညာရှင်တို့၏ အတွေးအခေါ်မှာ မှားယွင်းခြင်း အကြောင်း

အာဒမ် ﷺ ၏ အကြောင်းအရာသည် ကျမ်းမြတ်ကုရ်အာန်၏ မိန့်မှာချက်ဖြင့် ဤအချက်သည် လည်း ပေါ်လွင်သွားပေသည်။ ၎င်းမှာ အရှက်ဖုံးအုပ်ခြင်းနှင့် အဝတ်အစားသည် လူသား၏ သဘာဝတရား ၏ လိုလားတောင့်တမှုနှင့် မွေးရာပါအရေးကြီးကြောင်း သိရှိရသည်။ အကြင်အရာသည် ၎င်းစတင်ခဲ့သည့် နေ့မှ ၎င်းနှင့်အတူပင် ဖြစ်သည်။ ယနေ့ခေတ်၏ အချို့သော သိပ္ပံပညာရှင်များ၏ ဤအဆိုသည် လုံးဝ မှားယွင်း၍ အခြေအမြစ်မရှိသော အဆိုဖြစ်သည်။ ၎င်းမှားယွင်းသော အဆိုမှာ 'လူသားသည် အစပိုင်း၌ ဝတ်လစ်စလစ် သွားလာလှုပ်ရှားနေခဲ့သည်။ တစ်ဖန် တိုးတက်ပြောင်းလဲလာသော အခြေအနေများကို ကျော်ဖြတ်ကာ ၎င်းနောက်မှသာ အဝတ်အစားကို တီထွင်ခဲ့လေသည်' ဟု ဆိုကြ၏။

အဝတ်အစား၏ တတိယအမျိုးအစားတစ်ခု

အရှက်ဖုံးအုပ်ခြင်းနှင့် သာယာလှပခြင်းအတွက် အဝတ်အစားနှစ်မျိုး၏ အကြောင်း တင်ပြပြီးသည့် နောက် ကျမ်းမြတ်ကုရ်အာန်တွင် တတိယအဝတ်အစားပုံစံတစ်မျိုးကို ဤသို့ မိန့်ခြွေခဲ့သည်မှာ-

وَلِبَاسُ التَّقْوٰى ذٰلِكَ خَيْرٌ

အချို့သော ကေရာအသ်ပညာရှင်များ၏ထံတွင် 'ဇဗရ်' (ـَـ) နှင့်အတူ لِبَاسَ التَّقْوٰى ဟု ဖတ်ရွတ်ကြရာ اَنْزَلْنَا ၏ အဆိုအောက်တွင် ရောက်ရှိ၍ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်သွားပေမည်။ ငါအသျှင်မြတ်က တတိယအမျိုးအစား 'သက္ကဝါ'အဝတ်အစားတစ်ခု ချပေးခဲ့၏။ ကျော်ကြားသော 'ကေရာအသ်' ပညာရှင်များ၏ ဖတ်နည်းအရ အဓိပ္ပာယ်မှာ ဤအဝတ်အစားနှစ်မျိုးနှစ်စားသည် အားလုံးသိရှိပြီးဖြစ်၏။ တတိယအမျိုးအစားမှာ 'သက္ကဝါ'အဝတ်အစားသာဖြစ်သည်။ ထိုအဝတ်အစားသည် အားလုံးသော အဝတ်အစားထက် ပို၍ ကောင်းမွန်ပေသည်။ 'သက္ကဝါ'အဝတ်အစားဟု ဆိုသည်မှာ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်နှင့် ဟဇရသ်အွရ်ဝါဗင်န် ဇိုဗိုင်ရ် ﷺ သခင်တို့၏ သဖ်စီးရ် ရှင်းလင်းတင်ပြချက်အရ ကောင်းမွန်သော ကျင့်ကြံမှုနှင့် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းသာဖြစ်သည်။ ...... *[ရူးဟွလ်မအာနီကျမ်း]*

အလိုသဘောမှာ မည်ကဲ့သို့ အပေါ်ယံအဝတ်အစားသည် လူသားတို့၏ ဖုံးအုပ်အပ်သော အရှက် တန်ဆာကို ဖုံးအုပ်ရန်အတွက်လည်းကောင်း၊ အပူ၊ အအေးမှ ထိန်းသိမ်းကာကွယ်မှု ရရှိစေရန်နှင့် အလှဆင်မြန်း ခြင်း၏ အကြောင်းခံရရှိရန်အတွက် ဖြစ်ခဲ့သနည်း။ ဤကဲ့သို့ပင် အတွင်းပိုင်းအဝတ်အစားသည် ကောင်းမှု ကျင့်ကြံခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ထားခြင်းအတွက်သာ ဖြစ်သည်။ ၎င်းသည် လူသား တို့၏ ကိုယ်ကျင့်တရား၏ ပျက်ပြားမှုနှင့် လျော့နည်းမှုတို့အား ဖုံးကွယ်ပေးလေသည်။ ထို့ပြင် အမြဲတစေ

ဒုက္ခဖြစ်မှုနှင့် ဘေးဘယာများမှ အောင်မြင်ခြင်း၏ အကြောင်းခံဖြစ်သည်။ ဤအတွက်ကြောင့်သာလျှင် ၎င်းသည် အကောင်းဆုံးသော အဝတ်အစားဖြစ်သည်။

၎င်းဖြင့် ထိုဘက်သို့လည်း ရည်ညွှန်းနေသည်မှာ မကောင်းသောသူတစ်ဦးဦးသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်စိတ်မရှိ၍ ကောင်းသော ကျင့်ကြံမှုတွင်လည်း မြဲမြံစွာ တည်ဆောက်ခြင်းမရှိပါက ထိုသူသည် မည်ရွေ့မည်မျှပင် အကာအကွယ်များတွင် ဖုံးကွယ်နေလင့်ကစား နောက်ဆုံး၌ အရှက်ကွဲခြင်းနှင့် သိက္ခာကျဆင်းမှုတွင်သာ ရှိနေပေမည်။ ပမာဆိုသော် အိဗ်နေကျရီးရ် ﷺ သခင်က ဟဇရတ်အွတ်စ်မာန်း ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ အမိန့်ရှိသည်မှာ ငါကိုယ်တော်၏ အသက်ဝိညာဉ်အား စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ အကြင်သူတစ်ဦးဦးသည် ကျင့်ဆောင်မှုတစ်ခုခုကို လူများ၏ အမြင်မှ ဖုံးကွယ်၍ တည်ဆောက်ခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို ထိုသူ၏ ကျင့်ဆောင်မှု ခြုံထည်ကို ဖွင့်စေ၍ ကြေငြာလိုက်လေသည်။ ကောင်းမှုကျင့်သော် ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို ကျင့်ကြံသော် မကောင်းမှုကိုလည်းကောင်း ပေါ်လွင်စေမည်ဖြစ်သည်။ ခြုံထည်ပွင့်စေခြင်း၏ အလိုမှာ ခန္ဓာကိုယ်၏အပေါ်တွင် လွှမ်းခြုံထားသော ခြုံထည်သည် အားလုံး၏ ရှေ့မှောက်တွင် မည်သို့ ဖြစ်ရှိနေသနည်း။ ဤကဲ့သို့ပင် လူသား၏ ကျင့်ကြံမှုသည် မည်မျှပင် ဖုံးကွယ်နေပါမူ ၎င်း၏ အကျိုးရလဒ်နှင့် နိမိတ်လက္ခဏာတို့သည် ၎င်း၏ မျက်နှာနှင့် ခန္ဓာကိုယ်အပေါ်တွင် အလ္လာဟ်အသျှင်မြတ်သည် ပေါ်လွင်စေမည်ဖြစ်သည်။ ဤမိန့်မြွက် ချက်၏ စနဒ်တွင် တမန်တော်မြတ် ﷺ က ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူ၏။ ၎င်းမှာ- وَرِيْشًا ، وَلِبَاسُ التَّقْوٰى ، ذٰ لِكَ خَيْرٌ ، ذٰ لِكَ مِنْ اٰيٰتِ اللهِ ဟူ၍ ဖြစ်သည်။

အပေါ်ယံအဝတ်အစား၏ အဓိကရည်ရွယ်ချက်သည်လည်း 'သက္ကဝါ'ရရှိရန် ဖြစ်ခြင်းအကြောင်း

لِبَاسُ التَّقْوٰى ဟူသော စာလုံးဖြင့် ဤဘက်သို့လည်း ညွှန်ပြနေကြောင်း သိရှိရပေသည်။ အပေါ်ယံအဝတ်အစား၏ အကြောင်းခံဖြင့် အရှက်ဖုံးအုပ်ခြင်း၊ အလှဆင်မြန်းခြင်း အစရှိသည်တို့၏ အဓိကရည်ရွယ်ချက်မှာ 'သက္ကဝါ'တရားနှင့် အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ဝင်ရန်အတွက်သာ ဖြစ်သည်။ ၎င်းအား ပေါ်လွင်စေရန် ထိုအဝတ်အစား၌လည်း ဤသို့ဖြစ်ရန် ထိုက်သည်မှာ ၎င်းဖြင့် အပြည့်အဝ အရှက်ဖုံးအုပ်ခြင်းနှင့် ဖုံးကွယ်အပ်သော အစိတ်အပိုင်းအား အပြည့်အဝ ဖုံးအုပ်နိုင်ရန်ဖြစ်သည်။ ၎င်းသည် ဝတ်လစ်စလစ်လည်း မဖြစ်စေရ။ ထို့ပြင် ၎င်းအဝတ်အစားသည် ခန္ဓာကိုယ်ပေါ်၌ ဤသို့ တင်းကြပ်စွာလည်း မရှိစေနှင့်။ ၎င်းဖြင့် ဤအစိတ်အပိုင်းသည် ဝတ်လစ်စလစ်ကဲ့သို့ မြင်တွေ့နိုင်၏။ ထို့ပြင် ၎င်းအဝတ်အစားဖြင့် မာန်မာနထောင်လွှားခြင်းလည်း မရှိစေရ။ သို့သာမက ရိုကျိုးမှု၏ နိမိတ်လက္ခဏာ ရှိရပေမည်။ အဖြုန်းအတီးလည်း မဖြစ်ပေါ်စေရ။ လိုအပ်သည်နှင့်အညီ အဝတ်အစားအား သုံးစွဲရပေမည်။ အမျိုးသမီးများအတွက် ယောကျ်ားများ ဝတ်ဆင်သည့် ပုံသဏ္ဌာန်နှင့် အမျိုးသားများအတွက် အမျိုးသမီးများ၏ အဝတ်အစားလည်း မဖြစ်စေရ။

၎င်းအဝတ်အစားသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်တွင် အမျက်ရှုခြင်းနှင့် မနှစ်မြို့ဖွယ်ရာ မဖြစ်စေရ။ အဝတ်အစားဝတ်ဆင်ရာ၌ အခြားသော ဘာသာများ၏ ပုံတူလည်း မဖြစ်စေရ။ ၎င်းပုံတူအဝတ်အစားသည် မိမိ၏လူမျိုး၊ ဘာသာဝင်တို့၏ သစ္စာဖောက်နှင့် ဆန့်ကျင်သောသူတို့၏ ဝတ်ဆင်သော ပုံသဏ္ဌာန်ဖြစ်သည်။

၎င်းအဝတ်အစားဝတ်ခြင်းနှင့်အတူ ကိုယ်ကျင့်တရားနှင့် ကျင့်ကြံမှုတို့သည် မှန်ကန်စေရမည်။ ၎င်းသည် အဝတ်အစား ဝတ်ဆင်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ နောက်ဆုံးအာယသ်တော်၌ အမိန့်ရှိသည်မှာ-

ذَالِكَ مِنْ اٰيٰتِ اللهِ لَعَلَّهُمْ يَذَّكَّرُوْنَ

အလိုသဘောမှာ လူသားတို့အား ဤအဝတ်အစားသုံးမျိုးလုံးကို ချီးမြှင့်ပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးရှိသော အာယသ်တော်များမှ ဖြစ်သည်။ သို့မှသာလျှင် လူတို့သည် ၎င်းမှ သင်ခန်းစာ ရရှိမည်ဖြစ်သည်။

ဒုတိယအာယသ်တော်တွင် တစ်ဖန် အာဒမ် عليه السلام ၏ သားစဉ်မြေးဆက်အားလုံးကို ရည်စူး၍ သတိပေး အမိန့်ရှိထားပေသည်။ မိမိ၏ အခြေအနေတိုင်းနှင့် လုပ်ငန်းတိုင်း၌ ရှိုက်သွာန်၏ နှောင့်ယှက်မှုမှ အမြဲရှောက်ကြဉ်နေပါ။ ၎င်းသည် အသင်တို့ကို တစ်ဖန် အခြားပြဿနာ၌ နစ်မွန်းစေလိုက်သည်အထိ မဖြစ်စေနှင့်။ ပမာဆိုသော် အသင်တို့၏ မိဘ ဟဇရသ်အာဒမ် عليه السلام နှင့် ဟောင်ဝါ عليها السلام တို့ကို ရှိုက်သွာန်က 'ဂျန္နသ်'မှ ထွက်စေခဲ့၏။ ထို့ပြင် ၎င်းတို့၏ အဝတ်အစားကို ကျွတ်စေ၍ ၎င်းတို့၏ အရှက်ပေါ်ခြင်း၏ အကြောင်းခံဖြစ်သည်။ ထိုရှိုက်သွာန်သည် အသင်တို့၏ ရန်သူအဟောင်းဖြစ်သည်။ ၎င်း၏ ရန်ငြိုးထားခြင်းမှ အမြဲတမ်း၊ အချိန်တိုင်း သတိထားပါလေ။

နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

اِنَّهٗ يَرٰىكُمْ هُوَ وَقَبِيْلُهٗ مِنْ حَيْثُ لَا تَرَوْنَهُمْ اِنَّا جَعَلْنَا الشَّيٰطِيْنَ اَوْلِيَآءَ لِلَّذِيْنَ لَا يُؤْمِنُوْنَ

ဟူ၍ဖြစ်သည်။ ၎င်းတွင် قبيل ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ အဖွဲ့အစည်း၊ အုပ်စုဖြစ်သည်။ အကြင်အဖွဲ့အစည်းသည် မျိုးနွယ်တစ်ခုတည်းမှဖြစ်သော် ၎င်းကို قبيلة ဟု ခေါ်သည်။ အများအဖွဲ့အစည်းအားလုံးကို قبيل ဟု ခေါ်ဆိုသည်။ အလိုသဘောမှာ ရှိုက်သွာန်သည် အသင်တို့၏ ဤသို့သော ရန်သူပင် ဖြစ်သည်။ ၎င်းနှင့်အတူ သူ၏ အပေါင်းပါမိတ်ဆွေတို့သည် အသင်တို့ကို တွေ့မြင်ရသည်။ အသင်တို့သည် ၎င်းတို့ကို မတွေ့မြင်ရပေ။ ဤအတွက်ကြောင့် ထိုသူတို့၏ လှည့်စားဖြောင်းဖျောင်းမှုသည် အသင့်အပေါ်၌ လွှမ်းမိုးသွားမည်မှာ သာပို၍ ဖြစ်နိုင်ပေသည်။ သို့သော် ဒုတိယအာယသ်တော်တွင် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ လှည့်ပြန်သောသူများဖြစ်ပြီး ရှိုက်သွာန်၏ လှည့်ဖြားမှုအား သတိရှိသောသူများ ဖြစ်သည်။ ထိုသူတို့အတွက် ရှိုက်သွာန်၏ နှောင့်ယှက်မှုသည် အလွန်အားနည်းပေသည်။

ထို့ပြင် ဤအာယသ်တော်၏ နောက်ဆုံး၌လည်း အဓိပ္ပါယ်ရှိထားသည်မှာ ငါအသျှင်မြတ်က ရှိုက်သွာန်များကို ၎င်းတို့၏ မိတ်ဆွေအဖြစ် ပြုလုပ်ပေးလိုက်သည်။ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်မှု မရှိကြပေ။ ၎င်းဖြင့်လည်း အီမာန်ရှင်တို့အတွက် ၎င်း၏ ညွှတ်ကွင်းမှ ရှောင်ကြဉ်ရန် အနည်းအကျဉ်းမျှပင် ခက်ခဲမှုမရှိကြောင်း ရည်ညွှန်းထား၏။

အချို့သော ရှေးသူတော်စင်များမှ အဓိပ္ပါယ်ရှိသည်မှာ ဤရန်သူသည် ကျွန်ုပ်တို့အား တွေ့ရပေသည်။ ကျွန်ုပ်တို့က ၎င်းကို မမြင်တွေ့နိုင်ပေ။ ၎င်းအား ကုစားရန် ကျွန်ုပ်တို့အတွက် နည်းလမ်းမှာ အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုအောက်တွင် လာရောက်ရန်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုရှိုက်သွာန်များကိုလည်းကောင်း၊ ၎င်းတို့၏ လှုပ်ရှားမှုတိုင်းကို တွေ့မြင်ရလေသည်။ ထို့ပြင် ရှိုက်သွာန်သည် အလ္လာဟ်အသျှင်မြတ်ကို မမြင်တွေ့နိုင်ပေ။

ထို့နောက် ဤမိန့်ဆိုချက်မှာ လူသားသည် ရှိုက်သွာန်များကို မမြင်တွေ့နိုင်ပေ။ ၎င်းသည် အခြေအနေတိုင်းနှင့် သဘာဝအနေဖြင့်သာ ဖြစ်သည်။ သဘာဝတရားကို ဆန့်ကျင်၍လည်း လူတစ်ဦးတစ်ယောက်သည် တစ်ခါတစ်ရံ ၎င်းကို တွေ့မြင်ခြင်းသည် 'မမြင်တွေ့နိုင်ပေ' ဟု ပြောဆိုသော အဆိုအား ငြင်းပယ်ခြင်း မဟုတ်ပေ။ ပမာဆိုသော် တမန်တော်မြတ် ﷺ ၏ထံတော်ပါး၌ 'ဂျင်န်' များ လာရောက်ခြင်းလည်းကောင်း၊ မေးမြန်းမှုပြုခြင်းလည်းကောင်း အစ္စလာမ်သာသနာ လက်ခံခြင်း စသည်တို့သည် ဟဒီးစ်ဆင့်ပြန်ချက်များတွင် လာရှိပေသည်။ *[ရူးဟွလ်မအာနီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا فَعَلُوا فَاحِشَةً قَالُوا وَجَدْنَا
عَلَيْهَا آبَاءَنَا وَاللَّهُ أَمَرَنَا بِهَا ۗ قُلْ إِنَّ اللَّهَ لَا يَأْمُرُ بِالْفَحْشَاءِ ۖ
أَتَقُولُونَ عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٢٨﴾

၇ : ၂၈ ။ ။ စင်စစ် ၎င်း (သက်ဝင်ယုံကြည်မှု မရှိသောသူ) တို့သည် တစ်စုံတစ်ရာ စက်ဆုပ်ရွံရှာဖွယ်ရာကိစ္စကို ကျူးလွန်ကြသောအခါ ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား ဤ (လမ်းစဉ်) နည်းအတိုင်း (ပြုလုပ်ကြသည်ကို) တွေ့ရှိခဲ့ကြသည်ဟူ၍လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ဤအတိုင်းပင် အမိန့်ပေးတော်မူခဲ့သည်ဟူ၍လည်းကောင်း ပြောဆိုကြလေသည်။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) အလ္လာဟ်အသျှင်မြတ်သည် စက်ဆုပ်ဖွယ်ရာကိစ္စများကို (ပြုလုပ်ရန်) အလျှဉ်း အမိန့်ပေးတော်မူသည် မဟုတ်ချေ။ အသင်တို့သည် မိမိတို့ မသိနားမလည်သော အကြောင်းကိစ္စရပ်များကို အလ္လာဟ်အသျှင်မြတ်အပေါ်ဝယ် လီဆယ်ပြောဆိုကြလေသလော' ဟူ၍ မေးမြန်းပါလေ။

قُلْ أَمَرَ رَبِّي بِالْقِسْطِ ۖ
وَأَقِيمُوا وُجُوهَكُمْ عِنْدَ كُلِّ مَسْجِدٍ وَادْعُوهُ مُخْلِصِينَ
لَهُ الدِّينَ ۚ كَمَا بَدَأَكُمْ تَعُودُونَ ﴿٢٩﴾

၇ : ၂၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ငါ၏ အသျှင်မြတ်သည် တရားမျှတရန် အမိန့်ပေးတော်မူခဲ့လေသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ မျက်နှာများကို 'စဂျ်ဒဟ်' ဦးချသည့်အခါတိုင်း (အလ္လာဟ်အသျှင်မြတ်အား အာရုံစိုက်လျက်) တည့်မတ်စွာ ထားရှိကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်အား ထိုအသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာသူများ (အဖြစ်ဖြင့်) ဝိသစ္စာ ဟစ်ခေါ်တသကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား အစကနဦး၌ ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် အသင်တို့သည် (ထိုအသျှင်မြတ်ထံသို့ တစ်ဖန် ရှင်၍) ပြန်လှည့်ကြရပေမည်။

فَرِيقًا هَدَىٰ وَ
فَرِيقًا حَقَّ عَلَيْهِمُ الضَّلَالَةُ ۗ إِنَّهُمُ اتَّخَذُوا الشَّيَاطِينَ
أَوْلِيَاءَ مِنْ دُونِ اللَّهِ وَيَحْسَبُونَ أَنَّهُمْ مُهْتَدُونَ ﴿٣٠﴾

၇ : ၃၀ ။ ။ ထိုအသျှင်မြတ်သည် လူတစ်စုကို တရားလမ်းမှန်သို့ ရောက်စေတော်မူခဲ့လေသည်။ သို့ရာတွင် အခြားလူတစ်စုမှာမူ လမ်းလွဲခြင်းသည် ၎င်းတို့အပေါ်၌ အတည်ဖြစ်ခဲ့ချေပြီ။ အကြောင်းမှာ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်ပယ်၍ ရှိုက်သွာန်တို့ကို အဆွေခင်ပွန်းများအဖြစ် မိတ်ဖွဲ့ခဲ့ကြလေသည်။ သို့ရာတွင် ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ တရားလမ်းမှန်ရရှိသူများဟူ၍ ထင်မှတ်ကြလေသည်။

يَا بَنِي آدَمَ خُذُوا زِينَتَكُمْ عِنْدَ كُلِّ مَسْجِدٍ وَكُلُوا وَاشْرَبُوا وَلَا
تُسْرِفُوا ۚ إِنَّهُ لَا يُحِبُّ الْمُسْرِفِينَ ﴿٣١﴾

၇ : ၃၁ ။ ။ အို၊ အာဒမ်၏ သားမြေးအပေါင်းတို့၊ အသင်တို့သည် 'ဆွလာသ်' ဝတ်ပြုကြသောအခါတိုင်းတွင် မိမိတို့၏ အဝတ်တန်ဆာကို ဝတ်ဆင်ကြလေကုန်။ ထို့ပြင် အသင်တို့သည် (စားဖွယ်သောက်ဖွယ်ရာများကို) စားသောက်ကြလေကုန်။ သို့ရာတွင် (ယင်းစားဖွယ်သောက်ဖွယ်ရာများကို) မဖြုန်းတီးကြလေနှင့်။ အကြောင်းမှာ ထိုအသျှင်မြတ်သည် ဖြုန်းတီးသောသူတို့အား နှစ်သက်တော်မမူပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်သူတို့သည် မကောင်းသော လုပ်ငန်းရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ ဆိုလိုသည်မှာ မကောင်းကြောင်း ပေါ်လွင်သော လုပ်ရပ်များနှင့် လူသားတို့သည် ဗီဇအရ ၎င်းအလုပ်ကို မကောင်းဟု ယူဆကြလေသည်။ ဥပမာ– ကိုယ်လုံးတည်း သဝါးဖ်ပြုလုပ်ခြင်း။ ဤသို့ လုပ်ငန်းရပ်များကို လုပ်ဆောင်၍

ငါတို့သည် မိမိတို့၏ ဘိုးဘေးဘီဘင်များကို ဤနည်းလမ်းအပေါ်၌သာ တွေ့ရှိခဲ့လေသည်။ အလ္လာဟ်အသျှင်မြတ်သည်လည်း ကျွန်ုပ်တို့ကို ဤသို့သာ တင်ပြထားသည်ဟု ပြောဆိုကြလေသည်။ အို့, တမန်တော်၊ ၎င်းတို့၏ ပညာမရှိသော အထောက်အထား၏ အဖြေအဖြစ် ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် မကောင်းသော လုပ်ငန်းရပ်များကို မည်သည့်အခါမှ တင်ပြတော်မမူပေ။ အသင်တို့သည် အထောက်အထားမရှိဘဲ အလ္လာဟ်အသျှင်မြတ်အား ဤသို့ နိုင်းသည်ဟု ကြွေးကြော်ကြသလော။ ညစ်ညမ်း၍ မကောင်းသော လုပ်ရပ်များကို အလ္လာဟ်အသျှင်မြတ်ဘက်မှ အမိန့်ပေးသည်ဟု ဆိုကြလျှင် လုံး၀ မှားသည်ဟု အသင်တမန်တော် ပြောကြားပါလေ။ ယခု အသင်တို့ နားထောင်လော။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်ပေးသော အမိန့်များမှာ ဤသို့ ဖြစ်သည်။ ငါရှုလ်၏ အသျှင်သည် အသင်တို့အား ပေးသော အမိန့်များမှာ တရားမျှတရန်နှင့် အသင်တို့၏ ဦးချမှုတိုင်း (ဆိုလိုသည်မှာ ခ၀ပ်ကိုးကွယ်မှုပြုသည့်အချိန်တိုင်း) တွင် မိမိတို့၏ မျက်နှာကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ တည့်တည့်မတ်မတ် ဦးလှည့်ကြလော။ ဆိုလိုသည်မှာ အဖန်ဆင်းခံတစ်ဦးတစ်ယောက်ကိုမှ ခ၀ပ်ကိုးကွယ်မှု မပြုကြလေနှင့်။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်အား ခ၀ပ်ကိုးကွယ်ရာတွင်လည်း စိတ်စေတနာဖြူစင်စွာဖြင့် အလ္လာဟ်အသျှင်မြတ်အတွက် သက်သက်သာ 'အေဗာဒသ်'ပြုကြကုန်။ ဤသေးငယ်သော အာယသ်တော်တွင် ရှရီအသ်၏ မိန့်မှာချက်အားလုံး ပါ၀င်သွားပြီဖြစ်၏။ قسط တွင် လူသားချင်းဆိုင်ရာ တာ၀န်များ | اقيموا | တွင် ကျင့်သုံးမှုများနှင့် အမိန့်နာခံမှုများ مخلصين တွင် ယုံကြည်ချက်များ ပါ၀င်၏။ အသင်တို့ကို အလ္လာဟ်အသျှင်မြတ်သည် ကနဦးအစက ဖန်ဆင်းသကဲ့သို့ နောင်အခါတွင် ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းလိမ့်မည်။ လူတစ်ချို့ကို အလ္လာဟ်အသျှင်မြတ်သည် လောကတွင် တရားလမ်းမှန်ပေးသည့်အတွက် ပြန်လည် ဖန်ဆင်းချိန်တွင် ၎င်းတို့သည် ကောင်းသောအစား ရရှိပြီး လမ်းမှားနေသောသူများမှာ ပြစ်ဒဏ်ရရှိမည်။ ရှိုက်သွာန်များကို မိတ်ဆွေဖွဲ့၍ အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်ထားသူများသည် မိမိကိုယ်ကို မိမိ လမ်းမှန်ပေါ်တွင် ရှိနေသည်ဟု ထင်သည်။ အို့, အာဒမ်၏ သားမြေးအပေါင်းတို့၊ အသင်တို့ 'မိုင်သွလ္လာဟ်'သို့ လာရောက်သည့်အချိန်တိုင်း နမာဇ်အတွက်ဖြစ်စေ၊ 'သ၀ါးဖ်'အတွက်ဖြစ်စေ မိမိတို့၏ အအ၀တ်အစားဝတ်ပြီး လာကြလေကုန်။ အ၀တ်အစားမ၀တ်ခြင်းသည် အပြစ် 'ဂိုနာဟ်'ဖြစ်သကဲ့သို့ 'ဟလာလ်'အရာများကို စားခြင်း၊ သောက်ခြင်း မပိုင်ဟု ယူဆခြင်းသည်လည်း ကြီးလေးသော 'ဂိုနာဟ်'ဖြစ်၏။ ထို့ကြောင့် 'ဟလာလ်'အရာများကို ကောင်းစွာ စားသောက်ကြလေကုန်။ ၎င်းပြင် ရှရီအသ်၏ ဘောင်အတွင်းမှ မထွက်လေနှင့်။ မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် အတိုင်းအထက်အလွန်များကို မနှစ်သက်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အစ္စလာမ်သာသနာ မပေါ်ထွန်းမီအလျှင် အမိုက်ခေတ်တွင် ရှိုက်သွာန်သည် လူတို့ကို ရှက်ဖွယ်လိလိနှင့် ယုတ်ညံ့သည့် ဓလေ့စရိုက်များတွင် နစ်မွန်းစေလေ၏။ ထိုအထဲတွင် တစ်ခုမှာ ကိုရိုက်ရှ်မှလွဲ၍ မည်သည့်

တစ်ဦးတစ်ယောက်မှ မိမိ၏ အဝတ်အစားဖြင့် 'ဗိုင်သွလ္လာဟ်'ကို 'သဝါးဖ်'ပြုခွင့်မရှိပေ။ 'သဝါးဖ်'ပြုလိုပါက ကိုရိုက်ရှ်တစ်ဦးဦးထံမှ အဝတ်အစားငှားရမ်း၍ ပြုရမည်။ (သို့) ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်'ပြုရပေမည်။ အာရဗ်များအားလုံးကို ကိုရိုက်ရှ်တို့မှ အဝတ်အစား မပေးနိုင်သည်မှာ ပေါ်လွင်သည့်အတွက် အများအားဖြင့် အမျိုးသမီးများသည် ညအမှောင်တွင် 'သဝါးဖ်'ပြုကြသည်။ မိမိတို့၏ ဤရိုက်သွားနဲ လုပ်ရပ်၏ အကြောင်းခံကို တင်ပြကြသည်မှာ ငါတို့ အပြစ်ကျူးလွန်ထားသည့် အဝတ်အစားများနှင့် 'ဗိုင်သွလ္လာဟ်'၏ အနီးနားတွင် 'သဝါးဖ်'ပြုခြင်းသည် ရိုသေသမှုနှင့် ဆန့်ကျင်သည်။ ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်'ပြုလုပ်ခြင်းသည် ဤသည်ထက် ပို၍ အရှိအသေကင်းမဲ့သည့်အပြင် လူ့သဘာဝနှင့် ဆန့်ကျင်သည်ကို ဤအသိဉာဏ်မဲ့သူများ သဘောမပေါက်ကြချေ။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည်လည်း 'ဟရာမ်'ကျောင်းတော်ကို စောင့်ရှောက်သူများ ဖြစ်သဖြင့် ဝတ်လစ်စလစ်ဥပဒေတွင် မပါဝင်ဟု သတ်မှတ်ကြလေသည်။ တင်ပြခဲ့သည့် အာယသ်တော်များမှ ပထမအာယသ်တော်တွင် ဤဓလေ့ဆိုးကို ပယ်ဖျက်ရန်နှင့် ညစ်ညမ်းကြောင်း ပြသရန်အတွက် ချပေးခဲ့ခြင်း ဖြစ်သည်။ အာယသ်တော်တွင် မိန့်တော်မူထားသည်မှာ ၎င်းတို့ မကောင်းသော လုပ်ရပ်ကို လုပ်သည့်အတွက် တားမြစ်သော ၎င်းတို့၏ ဘိုးဘေးဘီဘင်များ ဤကဲ့သို့သာ ပြုလုပ်ခဲ့ကြ၍ ထိုနည်းလမ်းကို လွှတ်ခြင်းသည် ရက်ဖွယ်ရာဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား ဤသို့သာ အမိန့်ပေးထားသည်ဟုလည်း ပြောဆိုထားပေသည်။

ဤအာယသ်တော်တွင် မကောင်းသောလုပ်ရပ်ဟူသည် မုဖွက်စီးရ်အများစုထံတွင် ဝတ်လစ်စလစ် 'သဝါးဖ်'ပြုခြင်းဖြစ်သည်။ အမှန်မှာ-

فاحشة ، فحشاء ، فحش

အစရှိသည့် စာလုံးများ၏ အဓိပ္ပာယ်မှာ အဆိုးအစွန်ထိရောက်နေသော မကောင်းသော လုပ်ရပ်ဖြစ်မည်။ ၎င်းနောက် အသိဉာဏ်ရှိသော မှုတသည့် ဗီဇသဘောရှိသူတိုင်း၌ ထိုလုပ်ရပ်သည် မကောင်းခြင်းဖြစ်ကြောင်း လုံးဝ ပေါ်လွင်လျက်ရှိနေပေ၏။ ၎င်းအဆင့်အတန်းတွင် ကောင်းခြင်း၊ မကောင်းခြင်းသည် လူ၏ အသိဉာဏ်မှ စဉ်းစား၍ ဖြစ်နိုင်ကြောင်း လူအများအားလုံးမှ လက်ခံကြ၏။ တစ်ဖန် ၎င်းတို့သည် ဤဓလေ့ဆိုးပြုပိုင်ကြောင်း အထောက်အထားတစ်ခုကို တင်ပြထားသည်။ တစ်ခုမှာ ဘိုးဘေးဘီဘင်တို့၏ နောက်လိုက်ခြင်း၊ ဘိုးဘေး ဘီဘင်တို့၏ နည်းလမ်းကို တည်တံ့စေခြင်းသည် ကောင်းသော လုပ်ရပ်ဖြစ်၏။ ဤအထောက်အထား၏ အဖြေမှာ ပေါ်လွင်ထင်ရှားနေပေသည်။ ပညာမဲ့ ဘိုးဘေးဘီဘင်များ၏ နောက်လိုက်ခြင်းသည် အသိဉာဏ်မှ လက်ခံမည်မဟုတ်။ အနည်းငယ်အသိဉာဏ်ရှိသူပင်လျှင် သဘောပေါက်နိုင်သည်မှာ ဘိုးဘေးဘီဘင်တို့ ဤသို့ ပြုလုပ်ခဲ့သည်ဟု ပြောဆိုခြင်းသည် နည်းစနစ်တစ်ခု မှန်ကန်ရန် အထောက်အထားမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နည်းစနစ်တစ်ခုနှင့် ပြုကျင့်မှုတစ်ခု မှန်ကန်ရန် ဘိုးဘေးဘီဘင်တို့၏ လုံလောက်သည်ဟု ယူဆလျှင် လောကရှိ မြောက်မြားစွာသော သူတို့သည် ဘိုးဘေးတို့၏ နည်းလမ်းခွဲများအပေါ် ပြုကျင့်နေကြ၏။ ဤအထောက်အထားဖြင့် တစ်လောကလုံးရှိ လူတို့သည် လမ်းမှားသည့်

နည်းစနစ်များကို ပိုင်သည်၊ မှန်ကန်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ အချုပ်ဆိုရသော် ဤပညာမဲ့တို့၏ အထောက်အထားသည် ဂရုစိုက်ရန် မဟုတ်ပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့အား အဖြေပေးရန် အရေးကြီးသည်ဟု မသတ်မှတ်ပေ။ အခြားဆင့်ပြန်ချက်များဖြင့် အဖြေပေးသည်မှာ ဘိုးဘေး ဘီဘင်များ ပညာမဲ့လုပ်ရပ်ကို လုပ်ဆောင်ပါက နောက်လိုက်ရန် မည်သို့ ထိုက်မည်နည်း။ ၎င်းကာဖိရ်တို့သည် မိမိတို့၏ ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်' ပိုင်ကြောင်း၊ ဒုတိယအထောက်အထား တင်ပြထား၏။ ကျွန်ုပ်တို့ကို အလ္လာဟ်အသျှင်မြတ်က ဤအတိုင်း အမိန့်ပေးထားတော်မူ၏။ ဤသို့ ပြောဆိုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်ခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ဘက်သို့ လွဲမှားသော အမိန့်တစ်ရပ်ကို ဆက်နွယ်ခြင်းဖြစ်သည်။ ဤသို့ ပြောဆိုမှုနှင့် ပတ်သက်၍ အဖြေကို တမန်တော်မြတ် ﷺ မှ မိန့်တော်မူထားသည်မှာ-

قُلْ اِنَّ اللّٰهَ لَا يَأْمُرُ بِالْفَحْشَاءِ

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ အို့, တမန်တော်၊ အသင် ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အခါမှ မကောင်းသော လုပ်ရပ်ကို အမိန့်မပေးပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့ အမိန့်ပေးခြင်းကို အမြော်အမြင်ရှိခြင်းနှင့် သန့်ရှင်းစင်ကြယ်သည့် တန်ခိုးတော်ရှင်ဖြစ်ခြင်းနှင့် ဆန့်ကျင်သည်။ တစ်ဖန် ၎င်းတို့၏ လွဲမှားသော စွပ်စွဲချက်နှင့် အယူအဆဖြင့် ဤသို့ ပြောဆိုမှုအပေါ် သတိပေးထားသည်။

اَتَقُوْلُوْنَ عَلَى اللّٰهِ مَا لَا تَعْلَمُوْنَ

ဆိုလိုသည်မှာ အသင်တို့ မသိသည့်အရာများကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ အဘယ်ကြောင့် ဆက်သွယ်ကြသနည်း။ အလိုသဘောမှာ သေချာသည်ဟု အသင်တို့ထံတွင် အထောက်အထား တစ်စုံတစ်ရာလည်း မရှိပေ။ အသေအချာ ဆန်းစစ်မှုမပြုလုပ်ဘဲ ကိစ္စရပ်တစ်ခုကို လူတစ်ဦးဘက်သို့ ဆက်သွယ်ခြင်းသည် မိုက်ရူးရဲဆန်ခြင်းနှင့် မတရားပြုမှု ဖြစ်သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်ဘက်သို့ လွဲမှားစွာ ဆက်သွယ်မှုပြုခြင်းသည် အလွန်ကြီးလေးသော အပြစ် 'ဂိုနာဟ်' နှင့် မတရားမှုပင် ဖြစ်သည်။ ဖိကာဟ်ပညာရှင်ကြီးများသည် ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များကို ထုတ်နှုတ်သုံးသပ်၍ အမိန့်တော်များဖြင့် ဤအချက်များအား အကျုံးဝင်စေသည်။ အဘယ်သို့ဆိုသော် ၎င်းတို့၏ ထုတ်နှုတ်တင်ပြခြင်းများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများနှင့် မိန့်မှာချက်များတွင် ပါဝင်သည့် အထောက်အထားများကြောင့် ဖြစ်သည်။ ဒုတိယအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

قُلْ اَمَرَ رَبِّيْ بِالْقِسْطِ

ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်' ပြုပိုင်ကြောင်း အမိန့်ပေးသည်ဟု အလ္လာဟ်အသျှင်မြတ်ဘက်သို့ လွဲမှားစွာ ဆက်နွယ်သည့် ပညာမဲ့များကို အသင် ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် အမြဲတစေ قسط ၏ အမိန့်ပေးခဲ့သည်။ قسط ၏ မူရင်းအဓိပ္ပာယ်မှာ မျှတညီညွတ်ခြင်း

ဖြစ်သည်။ ဤနေရာတွင် قسط ၏ အလိုသဘောမှာ အတိုး၊ အလျှော့မပါဘဲ မျှတသည့် ကျင့်ဆောင်မှုကို ခေါ်ဆိုသည်။ ဆိုလိုသည်မှာ လျော့နည်းမှုလည်းမရှိ။ သတ်မှတ်ထားသည့် အတိုင်းအတာထက် ကျော်လွန်ခြင်းလည်း မရှိပေ။ ရှရီအသ်၏ အမိန့်ပညတ်များသည် ဤအတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် အထက်ပါ စာလုံး၏ အလိုသဘောသည် ကျင့်ဆောင်ခြင်းအားလုံးနှင့် အမိန့်နာခံမှုများ၊ ၎င်းအပြင် ရှရီအသ်၏ အမိန့်ပညတ်ချက်များ ပါဝင်လေသည်။

ဤအာယသ်တော်သည် မျှတညီညွတ်ရန် အမိန့်လာရှိထားကြောင်း တင်ပြပြီးနောက် လမ်းမှားနေသူများနှင့် ကိုက်ညီသော ရှရီအသ်၏ အမိန့်ပညတ်ချက်များထဲမှ အမိန့်ပညတ်ချက်နှစ်ခုကို ထူးခြားစွာ တင်ပြထားသည်။ တစ်ချက်မှာ-

اَقِيْمُوْا وُجُوْهَكُمْ عِنْدَ كُلِّ مَسْجِدٍ

နှင့် ဒုတိယတစ်ခုမှာ

وَادْعُوْهُ مُخْلِصِيْنَ لَهُ الدِّيْنَ

ဖြစ်သည်။ ပထမအမိန့်သည် လူသားတို့၏ အပြင်ပိုင်းကျင့်ဆောင်မှုများနှင့် ပတ်သက်ပြီး ဒုတိယတစ်ချက်မှာ နှလုံးသားနှင့် အတွင်းပိုင်းဆိုင်ရာများနှင့် ပတ်သက်သော အမိန့်ဖြစ်သည်။ ပထမအမိန့်တွင် မစ်ဂျစ်ဒ်ဟူသော စာလုံးကို သဖ်စီးရ်ပညာရှင်အများစုက ဦးချခြင်း၊ 'အေဗာဒသ်'ပြုခြင်းဟု ဆိုကြလေသည်။ အဓိပ္ပာယ်မှာ 'အေဗာဒသ်နှင့် နမာဇ်ဝတ်ပြုသည့်အချိန်တွင် မိမိ၏ မျက်နှာကို တည့်တည့်ထားပါ။ နမာဇ်ဝတ်ပြုချိန်တွင် မိမိ၏မျက်နှာကို 'ကိဗ်လာဟ်'ဘက်သို့ တည့်မတ်နေစေရန် ဂရုပြုကြကုန်'ဟူသော အလိုသဘောလည်း ဖြစ်နိုင်ပေသည်။ မိမိတို့၏ ပြောဆိုလုပ်ဆောင်မှုတိုင်းတွင် မိမိအသျှင်မြတ်၏ အမိန့်နာခံကြရန်နှင့် အခြားဘက်သို့ အာရုံမစိုက်ကြရန်ဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်ပေသည်။ ဤအဓိပ္ပာယ်ကို ထောက်ရှုခြင်းဖြင့် နမာဇ်အတွက်သာ သီးခြားအမိန့်မဟုတ်ဘဲ ကျင့်ဆောင်မှုဟူသမျှနှင့် လုပ်ငန်းဆောင်တာဟူသမျှ ဤအမိန့်ထဲတွင် ပါဝင်ပေသည်။ ဒုတိယပညတ်ချက်၏ အဓိပ္ပာယ်မှာ ခဝပ်ကိုးကွယ်မှုတွင် အလ္လာဟ်အသျှင်မြတ်ကိုသာ သီးခြား တသကြကုန်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ ယှဉ်တွဲကိုးကွယ်ခြင်းမျိုး မဖြစ်စေရ။ သို့သာမက (ဤမျှတိုင်) 'ရှစ်ရ်ကိခဖ္ဖီ'ခေါ် ပြစ်မှုမျိုးများမှလည်း ကင်းစင်ရမည်။ ဤပညတ်ချက်နှစ်ခုတွင် အတူတကွ တင်ပြထားခြင်းဖြင့် လူသားသည် မိမိ၏အတွင်းအပြင် နှစ်ခုစလုံးကို ရှရီအသ်၏ အမိန့်ပညတ်ချက်များနှင့်အညီ ပြုပြင်ရန် အရေးကြီးကြောင်း ရည်ညွှန်းနေပေသည်။ ပေါ်လွင်သော လုပ်ဆောင်မှုများနှင့် အမိန့်နာခံခြင်းသည် စိတ်စေတနာ ဖြူစင်မှုမပါဘဲ မဖြစ်နိုင်သလို စိတ်စေတနာဖြူစင်မှု သက်သက်သာ ရှိ၍ ပေါ်လွင်သော အမိန့်နာခံမှုမရှိလျှင်လည်း မလုံလောက်နိုင်ပေ။ ထို့ကြောင့် မိမိအပြင်ပိုင်းကို ရှရီအသ်နှင့်အညီ ပြုပြင်ရမည်ဖြစ်သကဲ့သို့ အတွင်းပိုင်းကိုလည်း အလ္လာဟ်အတွက် သီးသန့်ပြုပြင်သင့်ပေသည်။ ဤအချက်ဖြင့် ရှရီအသ်နှင့် 'သွရီကသ်'ကို ကွဲပြားသည့် နည်းလမ်းများဟု မှတ်ယူထားသူများ၏ မှားယွင်းချက်သည်လည်း ပေါ်လွင်သွားပေသည်။ ၎င်းတို့မှ 'သွရီကသ်'နှင့်အညီ အတွင်းပိုင်းကို

ပြုပြင်၍ အပြင်ပိုင်းသည် ရှရီအသ်နှင့် ဆန့်ကျင်နေလျှင်လည်း ဖြစ်သည်ဟု ယူဆနေကြပေသည်။ ဤသည် ပေါ်လွင်သော လမ်းမှားခြင်းသာဖြစ်သည်။ အာယသ်တော်၏ အဆုံးတွင် မိန့်တော်မူထားသည်မှာ-

كَمَا بَدَ اَكُمْ تَعُوْ دُ وْنَ

အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို ကနဦးအစက ဖန်ဆင်းသကဲ့သို့ 'ကေယာမသ်' နေ့တွင်လည်း ဒုတိယအကြိမ် အသင်တို့အား ပြန်လည်ရှင်ပြန်ထစေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်ရှေ့တွင် ဤလုပ်ရပ်သည် မည်သို့မှ ခက်ခဲမည်မဟုတ်ပေ။ ဤလွယ်ကူမှုကို ရည်ညွှန်းရန်အတွက် يُعِيْدُكُمْ အစား تَعُوْدُوْنَ ဟု မိန့်တော်မူထားပေသည်။ ဒုတိယအကြိမ် ပြန်လည် ဖန်ဆင်း၍ အထူးတလည် လုပ်ဆောင်ကြိုးပမ်းရန် မလိုအပ်ပေ။ ဤဝါကျကို ယူလာခြင်း၏ အကျိုးဆက် တစ်ခုမှာ ရှရီအသ်၏ အမိန့်ပညတ်ချက်များအပေါ် အပြည့်အဝလိုက်နာခြင်းသည် လူသားအတွက် လွယ်ကူမှု ဖြစ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန် 'အာခေရသ်' နှင့် 'ကေယာမသ်' နေ့တွင် လူသား၏ ကောင်းသော မကောင်းသော ကျင့်ဆောင်မှုများ၏ အကျိုးဆက်ကို စဉ်းစားကြည့်လျှင်ဘဲ လူသားအတွက် အခက်အခဲများ လွယ်ကူစေ၍ ဒုက္ခဟူသမျှမှ အေးချမ်းသာယာမှု ရှိပေသည်။ လူသားအပေါ် ကြောက်ရွံ့ စိုးရိမ်မှုမရှိသမျှ ကာလပတ်လုံး မည်သည့်ပြောဆိုဆုံးမမှုမှ လမ်းမှန်မပို့နိုင်ပေ။ ၎င်းပြင် မည်သည့်ဥပဒေ ဒုစရိုကကျူးလွန်ခြင်းကို မတားနိုင်ကြောင်း အတွေ့အကြုံများအရ သိရပေသည်။ တတိယအာယသ်တော် တွင် မိန့်တော်မူထားသည်မှာ အချို့သူတို့ကို အလ္လာဟ်အသျှင်မြတ် လမ်းမှန်ပေး၍ အချို့သူတို့သည် လမ်းမှား ပြီး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ကို လွှတ်၍ ရှိုက်သွာန်ကို မိတ်ဆွေ ဖွဲ့ကြ၏။ ၎င်းအပြင် ရှိုက်သွာန်ကို လမ်းမှန်ပေါ်တွင် ရှိနေသည်ဟု တွေးထင်ကြ၏။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းမှန်တရားသည် အများအတွက် ဖြစ်သော်လည်း လူအချို့သည် ထိုလမ်းမှန်ကို မျက်နှာလွှဲကြ၍ ရှိုက်သွာန်၏နောက် လိုက်လိုကြသည်။ ဆိုးသထက် ဆိုးသည့် ရောဂါကို ကျမ်းမာခြင်းဟု ထင်၍ လမ်းမှားကို လမ်းမှန်ဟု ထင်နေကြပေသည်။

အထက်ပါအာယသ်တော်ဖြင့် သိရသည်မှာ ရှရီအသ်၏ အမိန့်ပညတ်ချက်များကို မသိနားမလည်ခြင်း သည် ချွင်းယွင်းချက်မဟုတ်ပေ။ တစ်ဦးတစ်ယောက်သည် လမ်းမှားကို လမ်းမှန်ဟု ယူဆ၍ စိတ်နှလုံး ကင်းရှင်းစွာ ရွေးချယ်လိုက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတွင် ချွင်းယွင်းချက်ရှိမည်မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် လူတိုင်းကို အသိဉာဏ်နှင့် ဆင်ခြင်တုံတရား ချီးမြှင့်ရခြင်းမှာ ၎င်း၏ အကူအညီဖြင့် အတုနှင့် အစစ်၊ အမှန်နှင့် အမှား ခွဲခြားသိရှိနိုင်ရန် အသုံးချရန်ပင် ဖြစ်သည်။ တစ်ဖန် အသိဉာဏ်နှင့် ဆင်ခြင်တုံတရားပေးရုံသာမက နဗီတမန်တော်များ စေလွှတ်၍ ကျမ်းဂန်များ ချပေးခဲ့သည်။ ဤအရာများ၏ အကူအညီဖြင့် အမှန်နှင့် အမှား၊ လမ်းမှန်၊ လမ်းမှားများကို ပေါ်ပေါ်လွင်လွင် တင်ပြထားပြီးဖြစ်၏။ လူတစ်ဦးတစ်ယောက်သည် မှားနေသော်လည်း မိမိကိုယ်ကို အမှန်ဟု ထင်နေသော

သူသည် ချို့ယွင်းချက်ရှိသည်ဟု ဖြစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိမိ၏အမှားကို လုံးဝ မသိသောသူ ဖြစ်သည်ဟု သံသယဝင်လျှင် အဖြေမှာ အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းကို အသိဉာဏ် ဆင်ခြင်တုံတရားအပြင် နဗီတမန်တော်များ စေလွှတ်၍ သင်ကြားပြသမှုလည်း ပြုခဲ့သည်။ ဤအကြောင်းခံ များကြောင့် လူသားသည် အနည်းဆုံး မိမိရွေးချယ်ထားသော နည်းလမ်းများနှင့် ဆန့်ကျင်၍ ဒွိဟသံသယ စိတ် ဝင်သင့်ပေသည်။ ၎င်းသည် ဤအချက်များအပေါ် အာရုံမပြုဘဲ လမ်းမှားကို ရွေးချယ်၍ ခိုင်မြဲစွာ ရပ်တည်နေခြင်းမှာ ၎င်း၏အပြစ်သာ ဖြစ်သည်။ သို့သော် အကြင်သူသည် အမှန်တရားကို ရှာဖွေရာတွင် အပြည့်အဝ ကြိုးပမ်းပြီးနောက် မှန်ကန်သည့်လမ်းနှင့် မှန်ကန်ဘက်ကို မရောက်နိုင်လျှင် အလ္လာဟ့်ထံတော် ပါး၌ ထိုသူသည် ချို့ယွင်းချက်ရှိသူ ဖြစ်နိုင်သည်ဟု အီမာမ်ဂဇာလီ (ရဟ) သခင်က မိမိ၏ကျမ်း (ကေသာ ဖွလ် သဖရ်ရှကသိမိုင်နလ် အစ္စလာမေ့ဝဇ်ဇင်ဒကသိ) တွင် တင်ပြထား၏။

စတုတ္ထအာယသ်တော်တွင် မိန့်ထားသည်မှာ 'အို၊ အာဒမ်၏ သားမြေးအပေါင်းတို့၊ အသင်တို့ ဗလီကို သွားရောက်မည့် အချိန်တိုင်းတွင် အဝတ်ဝတ်၍ သွားကြပါ။ ကောင်းမွန်စွာ စားသောက်ကြကုန်။ အတိုင်းထက် မလွန်ကြစေနှင့်။ မုချဧကန် အတိုင်းထက်လွန်သည်များကို မနှစ်သက်ကြပေ။' အမိုက်ခေတ် တွင် အာရဗ်တို့သည် 'ကအ်ဗာဟ်'ကျောင်းတော်၏ 'သဝါးဖ်'ကို ဝတ်လစ်စလစ်ဖြင့် ပြုခြင်းသည် မှန်ကန် သည့် 'အေဗာဒသ်'ဖြစ်၍ 'ကအ်ဗာဟ်'ကျောင်းတော်အပေါ် လေးစားမှုဟု ထင်မှတ်နေကြသည်။ ဤသို့ပင် 'ဟဂျ်'၏ ကာလအတွင်း စားခြင်း၊ သောက်ခြင်းကို စွန့်လွှတ်လိုက်ကြ၍ မသေရုံအတိုင်းအတာခန့်သာ စားသောက်ကြလေသည်။ ထို့ပြင်တဝ ထောပတ်၊ နို့နှင့် အခြားသန့်ရှင်းစင်ကြယ်သော ပစ္စည်းများကို လုံးဝရှောင်ကြဉ်ကြသည့် ဓလေ့ရှိပေသည်။ ၎င်းတို့၏ မကောင်းသော ဓလေ့ဆိုးနှင့် ဆန့်ကျင်၍ ဤအာယသ် တော် ကျရောက်ခဲ့သည်။ အာယသ်တော်တွင် ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်'ပြုခြင်းသည် ရှက်ဖွယ်လိလိ ကိစ္စရပ်ဖြစ်သည့်အပြင် အလွန်တရာ ရိုသေမှုကင်းမဲ့သော လုပ်ရပ်ဖြစ်ခြင်းကြောင့် ရှောင်ကြဉ်ရန် မိန့်ဆို ထား၏။ ဤသို့ပင် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည့် သန့်စင်သည့် အစားအစာများကို အကြောင်းမဲ့ ရှောင်ကြဉ်ခြင်းသည် သာသနာကိုင်းရှိုင်းခြင်း မဟုတ်သည်သာမက အလ္လာဟ်အသျှင်မြတ်ဘက်မှ 'ဟလာလ်' သတ်မှတ်ထားသော အရာများကို မိမိအပေါ်၌ 'ဟရာမ်'သတ်မှတ်ခြင်းသည် ရိုသေသမှု ကင်းမဲ့ခြင်းနှင့် 'အေဗာဒသ်'ပြုရာတွင် အတိုင်းထက်လွန်ခြင်းဖြစ်၏။ ဤသည်ကို အလ္လာဟ်အသျှင်မြတ် မနှစ်သက်ပေ။ ထို့ကြောင့် 'ဟဂျ်'၏ ကာလများတွင် ကောင်းမွန်စွာ စားသောက်ကြလေကုန်။ ဖြုန်းတီးမှုကို မပြုလုပ်လေနှင့်။ စားပိုင်သော အစားအစာများမှ လုံးဝ ရှောင်ကြဉ်ခြင်းသည်လည်း ဖြုန်းတီးခြင်းတွင် ပါဝင်၏။ ၎င်းအပြင် 'ဟဂျ်'၏ အဓိကရည်ရွယ်ချက်များနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရခြင်းမှ မေ့လျော့၍ စားခြင်း၊ သောက်ခြင်း၌သာ နစ်မွန်းနေခြင်းသည်လည်း ဖြုန်းတီးရာမည်၏။ ဤအာယသ်တော်သည် အမိုက်ခေတ် တွင် အာရဗ်တို့၏ ဓလေ့တစ်ခုဖြစ်သော ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်'ပြုခြင်းကို အလ္လာဟ်အသျှင်မြတ်အား ရိုသေလေးစားခြင်းအား ယူဆနေခြင်းကို ပယ်ဖျက်ရန်အတွက် ချပေးခြင်းဖြစ်သည်။ သို့သော် သဖ်စီးရ်ပညာ ရှင်များနှင့် ဖိကာဟ်ပညာရှင်များက အမိန့်တစ်ခုသည် အဖြစ်အပျက်တစ်ခုအတွက် ကျရောက်ခြင်းမှာ

ထိုအမိန့်သည် ထိုအဖြစ်အပျက်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ စကားလုံးများမှာ အများသုံးနိုင်ရန် ထောက်ရှု ထားသည့်အတွက် အားလုံးအပေါ်၌လည်း အကျုံးဝင်သည်ဟု တစ်ညီတစ်ညွတ်တည်း ဆိုထားကြ၏။

နမာဇ်တွင် အရှက်ဖုံးခြင်း 'ဖွရဇ်' ဖြစ်၍ အရှက်မဖုံးလျှင် နမာဇ်မပိုင်ကြောင်း

ထို့ကြောင့် ဤအာယသ်တော်မှ ဆွဟာဗာများ၊ သာဗေအီးန်များ ဖိကာဟ်ပညာရှင်များသည် မြောက် မြားစွာသော အမိန့်ပညတ်ချက်များကို ထုတ်နုတ်ထားသည်။ ပထမတစ်ချက်မှာ ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်' ပြုခြင်းကို တားမြစ်ထား၏။ ဤသို့ပင် ဝတ်လစ်စလစ်ဖြင့် နမာဇ်ဝတ်ပြုခြင်းသည်လည်း 'ဟရာမ်' ဖြစ်၍ မပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

اَلطَّوَافُ بِالْبَيْتِ صَلٰوةٌ

('ကအ်ဗာဟ်' ကျောင်းတော်အား 'သဝါးဖ်' ပြုခြင်းသည် နမာဇ်ဝတ်ပြုခြင်းပင် ဖြစ်၏) ဟု ဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်၌ပင် 'မက်စ်ဂျိဒ်' ဟူသော စာလုံးသည် ပညာရှင်အများစုထံ၌ 'စဂျ်ဒဟ်' ဟု အလိုသဘောရသည်။ သို့ရှိရာ 'စဂျ်ဒဟ်' ၏ အခြေအနေတွင် ဝတ်လစ်စလစ်ဖြစ်ခြင်းကို တားမြစ်ထားခြင်းမှာ အာယသ်တော်၌ အတိအလင်း လာရှိပြီးဖြစ်သည်။ 'စဂျ်ဒဟ်' တွင် တားမြစ်ထားသည်ဆိုလျှင် ရုကူအ်ပြုခြင်း၊ မတ်တတ်ရပ်ခြင်း၊ ထိုင်ခြင်း အစရှိသည့် နမာဇ်၏ လုပ်ဆောင်မှုဟူသမျှတွင် အရှက်ဖုံးရန် လိုအပ်ကြောင်း တင်ပြထား၏။ ထို့နောက် တမန်တော်မြတ် ﷺ ၏ ဤမိန့်ဆိုချက်သည် ထိုအချက်ကို ပို၍ ရှင်းလင်းစေ၏။ ဟဒီးစ်တော်တစ်ခုတွင် မိန့်တော်မူထားသည်မှာ အရွယ်ရောက်ပြီးသော အမျိုးသမီးအတွက် ခြုံထည်မပါဘဲ နမာဇ်မပိုင်ပေ။ *[သိရ်မီဇီကျမ်း]*

နမာဇ်အပြင် အခြားအခြေအနေများတွင်လည်း အရှက်ဖုံးခြင်း 'ဖွရဇ်' ဖြစ်ကြောင်း၊ အခြားအာယသ် တော်များနှင့် ဆင့်ပြန်ချက်များတွင် လာရှိထားပေသည်။ ထိုအတွင်းမှ အာယသ်တော်တစ်ခုသည် ဤရုကူအ်၌ လာရှိထားသည်မှာ-

يٰبَنِىْٓ اٰدَمَ قَدْ اَنْزَلْنَا عَلَيْكُمْ لِبَاسًا يُّوَارِىْ سَوْاٰتِكُمْ

ဟူ၍ ဖြစ်သည်။ အချုပ်ဆိုရသော် အရှက်ဖုံးခြင်းသည် လူသားအတွက် လူဖြစ်ခြင်းနှင့် အစ္စလာမ် သာသနာ၏ ပထမဆုံး 'ဖွရဇ်' ဖြစ်သည်။ အခြေအနေတိုင်းတွင် အရေးကြီးသည်ဖြစ်ရာ နမာဇ် နှင့် 'သဝါးဖ်' ၌ ပို၍ပင် အရေးတစ်ကြီး 'ဖွရဇ်' ဖြစ်ပေသည်။

နမာဇ်အတွက် ကောင်းသော အဝတ်အစား

ဒုတိယမွေ့သတ်မှ အဝတ်အစားကို လှပခြင်းဟူသော စာလုံးသုံးထားသည့်အတွက် နမာဇ်တွင် အရှက်ဖုံးအုပ်ရုံသာမဟုတ်ဘဲ မိမိအတိုင်းအတာနှင့်အညီ လှပကောင်းမွန်သော အဝတ်အစားကို ရွေးချယ်ခြင်းမှာ သာပို မွန်မြတ်သည်ဟု ဤအာယသ်တော်တွင် ရည်ညွှန်းထားပေသည်။ တမန်တော်မြတ် ﷺ ၏ မြေးတော်

ဟာဇရယ် ဟာစန်သခင်၏ ဓလေ့တော်မှာ နမာဇ်အချိန်တွင် မိမိ၏ အကောင်းဆုံးသော အဝတ်အစားကို ဝတ်ဆင်၍ မိန့်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် လှပခြင်းကို နှစ်သက်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိအသျှင်မြတ်အတွက် လှပမှုကို ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်

خُذُوا زِينَتَكُمْ عِندَ كُلِّ مَسْجِدٍ

ဟု မိန့်တော်မူထား၏။ ဤအာယသ်တော်တွင် နမာဇ်၌ အရှက်ဖုံးခြင်းသည် 'ဖွရဇ်'ဖြစ်ကြောင်းကို သိရှိရသကဲ့သို့ တတ်နိုင်သရွေ့ သန့်ပြန့်ဖြူစင်၍ ကောင်းမွန်သော အဝတ်အစားကို ရွေးချယ်ဝတ်ဆင်ခြင်းသည် 'မွတ်စ်သဟ်ဗ်'ဖြစ်ကြောင်း သိရသည်။

နမာဇ်တွင် အဝတ်အစားနှင့် ပတ်သက်၍ ဓမ္မသတ်အချို့

တတိယဓမ္မသတ်မှာ အရှက်ဖုံးခြင်းသည် လူသားအတွက် အခြေအနေတိုင်းတွင် အထူးသဖြင့် ၄င်းနောက် နမာဇ်နှင့် 'သဝါးဖ်'တွင် အထူးတလည် 'ဖွရဇ်'ဖြစ်သည်။ ၄င်း၏ အတိုင်းအတာမှာ မည်မျှနည်း။ ကျမ်းမြတ်ကုရ်အာန်သည် အတိုချုံး၍ အရှက်ဖုံးရန် အမိန့်ချမှတ်ပြီးနောက် အကျယ်တဝင့် ပညတ်ချက်များကို တမန်တော်မြတ် ﷺ အား မျက်နှာလွှဲခဲ့သည်။ တမန်တော်မြတ်သည် အကျယ်တဝင့် မိန့်တော်မူသားသည်မှာ အမျိုးသား၏ အရှက်သည် ချက်မှ ဒူးဆစ်အထိဖြစ်ပြီး အမျိုးသမီး၏ အရှက်မှာ ခန္ဓာကိုယ်တစ်ခုလုံးဖြစ်၍ မျက်နှာ၊ လက်ဖဝါးနှစ်ခုနှင့် ခြေထောက်မပါဝင်ပေ။ ဤအချက်များကို ဟဒီးစ်တော်တွင် အကျယ်တဝင့် မိန့်ဆိုထား၏ အမျိုးသားသည် ချက်အောက်အစိတ်အပိုင်း (သို့) ဒူးပေါ်သော အဝတ်အစားသည် အပြစ် 'ဂိုနာဟ်'ဖြစ်သည်။ ဤအဝတ်အစားမျိုးဖြင့် နမာဇ်လည်း မပိုင်ပေ။ ဤသို့ပင် အမျိုးသမီး၏ ဦးခေါင်း၊ လည်ဂုတ်၊ လက်မောင်း၊ ခြေသလုံး အစရှိသည်တို့ ပေါ်နေသော အဝတ်အစားဖြင့် နေထိုင်ခြင်းသည် မပိုင်သကဲ့သို့ နမာဇ်လည်း မပိုင်ပေ။ ဟဒီးစ်တော်တစ်ခုတွင် လာရှိထားသည်မှာ ခေါင်းတွင် အဆောင်းမရှိသော အမျိုးသမီးရှိသည့်အိမ်တွင် ဖရစ်ရှ်သာဟ်များ မလာရောက်ပေ။ အမျိုးသမီး၏ မျက်နှာ၊ လက်ဖဝါး၊ ခြေထောက် အစရှိသည်တို့သည် အရှက်တွင် မပါဝင်ဟူသော သဘောမှာ နမာဇ်တွင် ဤအစိတ်အပိုင်းများ ပေါ်နေပါက မည်သို့မှ ထိခိုက်မှု မရှိပေ။ ဤသို့ ဆိုခြင်းဖြင့် တစိမ်းတစ်ရံစာ အမျိုးသားများရှေ့တွင် ရှရီအသ်၏ အကြောင်းပြချက်မရှိဘဲ မျက်နှာဖွင့်၍ သွားလာရမည်ဟူသောသဘော လုံးဝ မဟုတ်ပေ။

ဤအမိန့်သည် အရှက်ဖုံးခြင်း 'ဖွရဇ်'ဖြစ်ခြင်းနှင့် သက်ဆိုင်သည်။ ဤသို့ မဖုံးလျှင် နမာဇ်မပိုင်ပေ။ နမာဇ်တွင် အရှက်ဖုံးခြင်းသာ မဟုတ်ဘဲ ကောင်းသော အဝတ်အစားများ ဝတ်ဆင်ရန် မိန့်ဆိုထားသည်။ ထို့ကြောင့် အမျိုးသားသည် ဦးထုပ်မရှိဘဲ နမာဇ်ဖတ်ခြင်း၊ ပခုံးတစ်တောင်ဆစ်များ ဖွင့်၍ နမာဇ်ဖတ်ခြင်းသည် 'မက္ကရူးဟ်'ဖြစ်၏။ ဤသို့ပင် မိမိမိတ်ဆွေများနှင့် လူအများရှေ့တွင် ဝတ်ဆင်သွားခြင်းဖြင့် အရှက်ရစေသော အဝတ်အစားဖြင့် နမာဇ်ဖတ်ခြင်းသည်လည်း 'မက္ကရူးဟ်'ဖြစ်၏။ ဥပမာ- ကုရ်သာမပါဘဲ လက်စက စွပ်ကျယ်ဖြစ်လျှင်လည်း ဤအမိန့်သာဖြစ်၏။ (သို့) ဦးခေါင်းပေါ်တွင် ဦးထုပ်မပါဘဲ အဝတ်ပိုင်းတစ်ခု (သို့) လက်ကိုင်ပဝါစည်းခြင်း၊ ဤသို့ ပြုလုပ်ခြင်းတို့သည် အသိဉာဏ်ရှိသူတစ်ဦးဦးမှ မိမိမိတ်ဆွေ

(သို့) အခြားသူများရှေ့တွင် ဤကဲ့သို့ အခြေအနေဖြစ်သွားခြင်း နှစ်မြို့ဖွယ်ရာမဟုတ်ဟု မှတ်ယူလျှင် လောကအားလုံးကို စိုးပိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်တွင် မည်သို့ နှစ်မြို့ဖွယ်ဖြစ်မည်နည်း။ ဦးခေါင်း၊ ပခုံး၊ တစ်တောင်ဆစ် အစရှိသည်တို့ကို ဖွင့်၍ နမာဇ်ဖတ်ခြင်းသည် 'မက္ကရူးဟ်' ဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော်တွင် زِينَة ဟူသော စာလုံးဖြင့် သိရသည်။ ၎င်းပြင် တမန်တော်မြတ် ﷺ ၏ ရှင်းလင်းချက်ဖြင့်လည်း သိရှိရသည်။ အာယသ်တော်၏ ပထမဝါကျဖြင့် အဓိကခေတ်၏ အာရဗ်တို့၏ ဓလေ့စရိုက်ဖြစ်သော ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်' လုပ်သော ဓလေ့ကို ပယ်ဖျက်ရန်အတွက် ချပေးခဲ့ခြင်းဖြစ်၏။ သို့သော် စာလုံးများသည် အများအပေါ် ခြုံငုံနိုင်သဖြင့် အဓိပ္ပာယ်ချက်များစွာနှင့် 'မစာအီလ်' များကို သိရှိရသည်။ ဤသို့ပင် ဒုတိယဝါကျ

كُلُوا وَاشْرَبُوا وَلَا تُسْرِفُوا

တွင် အဓိကခေတ်၏ ဓလေ့ဖြစ်သော 'ဟဂျ်' ၏ ကာလများတွင် 'ကောင်းသော အစားအစာများ စားသောက်ခြင်း မကောင်း' ဟူသော ဓလေ့ကို ပယ်ဖျက်ရန်အတွက် ဖြစ်သည်။ သို့သော် ဤနေရာတွင်လည်း အများသုံး စာလုံးဖြစ်သည့်အတွက် မြောက်မြားစွာသော အဓိပ္ပာယ်ချက်များ သိရှိရသည်။

လိုအပ်သည်ခန့် စားခြင်း၊ သောက်ခြင်းသည် 'ဖွရဇ်' ဖြစ်ခြင်း

ပထမအချက်မှာ တရားတော်အရ စားခြင်း၊ သောက်ခြင်းသည် လူသားအပေါ်၌ 'ဖွရဇ်' ဖြစ်သည်။ တတ်နိုင်ပါလျက် စားခြင်း၊ သောက်ခြင်းကို စွန့်လွှတ်၍ သေဆုံးသွားလျှင် (သို့) မိမိတာဝန်များကို မထမ်းဆောင်နိုင်သည်အထိ အားနည်းသွားလျှင် ဤသူသည် အလ္လာဟ့်ထံတွင် အပြစ် 'ဂိုနာဟ်' ကျူးလွန်သူသာ ဖြစ်သည်။

တစ်လောကလုံး၌ရှိ အရာများသည် မူရင်းဇစ်မြစ်တွင် ပြုနိုင်သော အရာများဖြစ်ပြီး၊ 'ဟရာမ်' ဖြစ်သည်ဟု တားမြစ်သည့် အထောက်အထားတစ်စုံတစ်ရာ မရှိလျှင် မည်သည့်အရာမှ 'ဟရာမ်' မဖြစ်ခြင်း၊

ဂျပ်စ်စ္စ်သခင် ရေးသားသော အဒ်ကာမွလ်ကုရ်အာန်ကျမ်းတွင် ဤအာယသ်တော်မှ ဓမ္မသတ် တင်ပြထားသည်မှာ လောကီတွင်ရှိသော စားသောက်ဖွယ်ရာများတွင် မူရင်းဇစ်မြစ်၌ စားပိုင်၍ 'ဟလာလ်' ဖြစ်သောကြောင့် ရှရီအသ်တရားတော်၏ အထောက်အထားတစ်ခုဖြင့် 'ဟရာမ်' ဟု တားမြစ်ချက်မရှိသမျှ ကာလပတ်လုံး အရာရာတိုင်းကို စားပိုင်၍ 'ဟလာလ်' ဖြစ်သည်ဟု မှတ်ယူရမည်။ အာယသ်တော်တွင်

كُلُوا وَاشْرَبُوا

ကြိယာ၏နောက် ကံကို မတင်ထားခြင်းဖြင့် ဤအချက်ကို ရည်ညွှန်းနေပေသည်။ မည်သည့်အရာကို စားရမည်ဟု တင်ပြမထားပေ။ အာရဗီစာပေပညာရှင်များ တင်ပြထားသည်မှာ ဤသို့ ကံကို တင်ပြထားခြင်း

မရှိသည်မှာ သတ်မှတ်ချက်မရှိခြင်းကို ရည်ညွှန်းပေသည်။ 'ဟရာမ်'ဟု ပေါ်လွင်ထင်ရှားစွာ တားမြစ်ထားသော အရာများမှလွဲ၍ အရာတိုင်း စားနိုင်သောက်နိုင်ပေသည်။

စားသောက်ရာတွင် ဖြုန်းတီးခြင်း မပိုင်ခြင်း

အာယသ်တော်၏ အဆုံးဝါကျတွင် وَلَا تُسۡرِفُوۡا ဖြင့် သိရှိရ၏။ စားခြင်း၊ သောက်ခြင်း အခွင့်ရှိသည်ကို အမိန့်ပေးထားသည်သာမက ဖြုန်းတီးခြင်းကိုလည်း တားမြစ်ထား၏။ ဖြုန်းတီးခြင်းဆိုသည်မှာ အတိုင်းထက်လွန်ခြင်းဖြစ်၍ အတိုင်းအထက်လွန်သော ပုံစံမြောက်မြားစွာ ရှိနေပေသည်။ တစ်ခုမှာ 'ဟလာလ်'မှ ဘောင်ကျယ်၍ 'ဟရာမ်'အဖြစ် ရောက်သွားခြင်း၊ ၄င်းနောက် 'ဟရာမ်'ပစ္စည်းများကို စားသောက်ခြင်းသည်လည်း 'ဟရာမ်'ဖြစ်၏။ ဒုတိယတစ်ချက်မှာ အလ္လာဟ်အသျှင်မြတ် 'ဟလာလ်'ဟု သတ်မှတ်ထားသော အရာများကို ရှရီအသ်တရားတော်၏ အကြောင်းတစ်စုံတစ်ရာမရှိဘဲ 'ဟရာမ်'ဟု ထင်မှတ်၍ စွန့်လွှတ်ခြင်း၊ 'ဟရာမ်'ကို သုံးစွဲခြင်းဖြင့် အပြစ်ဖြစ်သကဲ့သို့ 'ဟလာလ်'ကို 'ဟရာမ်'ဟု ထင်မှတ်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ဥပဒေကို ချိုးဖောက်သည့်အတွက် ကြီးလေးသော 'ဂိုနာဟ်'ဖြစ်၏။ ဤသို့ပင် ဆာလောင်ခြင်းနှင့် လိုအပ်ချက်ထက် ပို၍ စားသောက်ခြင်းသည်လည်း ဖြုန်းတီးရာမည်၏။ ထို့ကြောင့် ဖိကာဟ်ပညာရှင်များက ဗိုက်ပြည့်သည့်ထက် ကျော်လွန်အောင် စားခြင်းကို မပိုင်ဟု သတ်မှတ်ထားသည်။ ဤကဲ့သို့ပင် တတ်စွမ်းနိုင်ပါလျက် လိုအပ်သည်ထက်လျော့၍ စားခြင်းကြောင့် အားနည်းသွားသည့်အတွက် တာဝန်များ မထမ်းဆောင်နိုင်တော့ခြင်းသည်လည်း ဖြုန်းတီးခြင်းမည်၏။ ဤကဲ့သို့ ဖြုန်းတီးခြင်းနှစ်ရပ်ကို ကုရ်အာန်ကျမ်းမြတ်၏ အခြားနေရာတွင် တားမြစ်ထား၏။

اِنَّ الۡمُبَذِّرِيۡنَ كَانُوۡۤا اِخۡوَانَ الشَّيٰطِيۡنِ

အလိုသဘောမှာ အပိုသုံးဖြုန်းသူများသည် ရှိုက်သွာန်၏ ညီနောင်များဖြစ်၏။ အခြားတစ်နေရာတွင် မိန့်တော်မူထားသည်မှာ-

وَالَّذِيۡنَ اِذَاۤ اَنۡفَقُوۡا لَمۡ يُسۡرِفُوۡا وَلَمۡ يَقۡتُرُوۡا وَكَانَ بَيۡنَ ذٰلِكَ قَوَامًا

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် သုံးစွဲရာတွင် မျှမျှတတ၊ အလယ်အလတ်ရှိသူများ၊ အတိုင်းထက်မလွန်သူများ၊ မလျှော့သူများကို နှစ်သက်တော်မူပေသည်။

စားသောက်ခြင်းတွင် မျှတခြင်းသည်သာ လောကီနှင့် သာသနာတွင် အကျိုးရှိခြင်း

ဟဇရသ်ဖွာရူကေအအ်ဇမ် ﷺ သခင် မိန့်တော်မူသည်မှာ မြောက်မြားစွာ စားခြင်းမှ ရှောင်ကြဉ်ကြလေကုန်။ အဘယ်ကြောင့်ဆိုသော် ဤသို့ စားခြင်းသည် ခန္ဓာကိုယ်ကို ပျက်စီးစေ၍ ရောဂါများကို တိုးပွားစေသည်။ 'အမလ်'ကျင့်ဆောင်ရာတွင် ပျင်းရိမှုကို ဖြစ်ပေါ်စေသည်။ စားသောက်ခြင်းကို မျှတစွာ

ပြုပါက ကျန်းမာရေးအတွက် အကျိုးရှိ၍ ဖြန်းတီးခြင်းမှ ကင်းဝေးပေသည်။ ဆက်လက်၍ မိန့်သည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဝသော အာလင်မ်ပညာရှင်များကို မနှစ်သက်ပေ။ အလိုသဘောမှာ များများ စား၍ ဝနေခြင်းကို ဆိုလိုပေသည်။ ဆက်လက်၍ မိန့်တော်မူသည်မှာ လူသားသည် မိမိ၏ သာသနာကို အလိုရှမ္မက်ထက် ဦးစားပေးသမျှ ကာလပတ်လုံး ထိုသူ မပျက်စီးနိုင်ပေ။ သူတော်စင်များက တင်ပြထား သည်မှာ လူသားသည် အချိန်တိုင်း စားခြင်း၊ သောက်ခြင်းတွင်သာ နစ်မွန်းနေခြင်းသည်၊ (သို့) စားခြင်း၊ သောက်ခြင်းကို အခြားအရေးကြီးကိစ္စရပ်များထက် ဦးစားပေးခြင်းသည်၊ (သို့) စားခြင်း၊ သောက်ခြင်း သာလျှင် ဘဝရည်မှန်းချက်ဖြစ်သည်ဟု ယူဆခြင်းသည်လည်း ဖြန်းတီးရာမည်၏။ သူတော်စင်များ၏ ကျော်ကြားသော အဆိုမှာ စားခြင်း၊ သောက်ခြင်းသည် ဘဝရပ်တည်နိုင်ရန်အတွက် ဖြစ်သည်။ ဘဝသည် စားခြင်း၊ သောက်ခြင်းအတွက် မဟုတ်ပေ။ ဟဒီးစ်တော်တစ်ပုဒ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူ သည်မှာ အရာတစ်ခုကို ဆန္ဒရှိသည်နှင့် ပြုလုပ်ခြင်းသည်လည်း ဖြန်းတီးရာမည်၏။ */ အိဗ်နေမာဂျာကျမ်း /*

اِنَّ مِنَ الْاَسْرَافِ اَنْ تَاْ كُلَ كُلَّ مَا اشْتَهَيْتَ

ဗိုင်ဟကီးကျမ်းတွင် လာရှိသည်မှာ တစ်ကြိမ်တစ်ခါတွင် တမန်တော်မြတ် ﷺ သည် ဟဇရသ် အာအေရှာဟ် ﵂ သခင်မကို တစ်နေ့တွင် ထမင်းနှစ်ကြိမ် စားသည့်အတွက် 'အို၊ အာအေရှာဟ်၊ အသင် သည် စားသောက်ခြင်း၌သာ နစ်မွန်းနေခြင်းကို နှစ်သက်သလော'ဟု မိန့်တော်မူ၏။

အလယ်အလတ်စားသောက်ရန် မိန့်ဆိုသော အမိန့်သည် စားသောက်ခြင်းအတွက်သာ သီးခြား မဟုတ်ဘဲ ဝတ်ဆင်နေထိုင်ခြင်း အစရှိသည့် လုပ်ရပ်ဟူသမျှတွင်လည်း အလယ်အလတ် အနေအထား သည် နှစ်သက်ဖွယ်ရာဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် ﵄ သခင် မိန့်တော်မူသည်မှာ စိတ်ကြိုက်စားသောက်ကြ၍ စိတ်ကြိုက်ဝတ်ဆင်ကြကုန်။ သို့သော် အချက်နှစ်ချက်မှ ရှောင်ရှားကြကုန်။ တစ်ချက်မှာ လိုသည်ထက် ပို၍ သုံးစွဲခြင်းမပြုရန်နှင့် ဒုတိယတစ်ချက်မှာ မာနထောင်လွှားခြင်းမှ ရှောင်ရှား ကြရန် ဖြစ်သည်။

အာယသ်တော်တစ်ခုမှ ရှရီအသ်၏ ဓမ္မသတ် (၈) ခု

အချုပ်ဆိုရသော် كُلُوْا وَاشْرَبُوْا وَلَا تُسْرِفُوْا ဟူသောစာလုံးများမှ ဓမ္မသတ် (၈) ခု ထွက်လာသည်။

(၁) လိုအပ်သရွေ့ စားသုံးခြင်းသည် 'ဖွရဇ်'ဖြစ်၏။

(၂) အရာတစ်ခုနှင့် ပတ်သက်၍ ရှရီအသ်မှ 'ဟရာမ်'ဖြစ်သည်ဟု အထောက်အထား မဖြစ် သရွေ့ အရာတိုင်းသည် 'ဟလာလ်'ဖြစ်သည်။

(၃) အလ္လာဟ်နှင့် ရစူလ် တားမြစ်ထားသော အရာများကို သုံးစွဲခြင်းသည် ဖြန်းတီးရာရောက်၍ မပိုင်ပေ။

(၄) အလ္လာဟ်အသျှင်မြတ်ဘက်မှ 'ဟလာလ်'ဟု သတ်မှတ်ထားသော အရာများကို 'ဟရာမ်'ဟု ယူဆခြင်းသည်လည်း အလွဲသုံးစားလုပ်ရာရောက်၍ ကြီးလေးသော 'ဂိုနာဟ်'ဖြစ်၏။
(၅) ဗိုက်ပြည့်ပြီးနောက် စားခြင်း မပိုင်ပေ။
(၆) 'ဝါဂျိဗ်'တာဝန်များ မထမ်းဆောင်နိုင်လောက်အောင် အစားလျှော့စားခြင်းမပိုင်။
(၇) အချိန်ပြည့်စားသောက်ရန် သောကထားခြင်းသည်လည်း ဖြုန်းတီးရာရောက်သည်။
(၈) အရာဝတ္ထုတစ်ခုလိုလျှင် အလျင်စလို ရရန် လုပ်ခြင်းသည်လည်း ဖြုန်းတီးရာရောက်သည်။

ဤအချက်များသည် အာယသ်တော်မှ ရရှိသော သာသနာရေးဆိုင်ရာ အချက်အလက်များ ဖြစ်သည်။ အကယ်၍ ဆေးပညာရပ်အရ စဉ်းစားကြည့်လျှင် ကျန်းမာရေးအတွက် ထို့ထက်ကောင်းမွန်သော နည်းလမ်း မရှိပေ။ စားသောက်ရာတွင် သင့်တင့်မျှတခြင်းသည် ရောဂါဟူသမျှမှ ကင်းဝေးစေသည်။ ရှုရ်ဟုလ်မအာနီနှင့် မဇ်ဟရီ အစရှိသော ကျမ်းများတွင် အကြောင်းအရာတစ်ခု တင်ပြထားသည်မှာ ဟာရွန်ရှုရှစ် ဘုရင်ထံတွင် ခရစ်ယာန်ဆေးဆရာတစ်ဦး နေထိုင်ပြီး ၄င်းက အလီဗင်န်ဟုစိုင်န် ဗင်န် ဝါကဒ်ကို ပြောဆိုသည်မှာ အသင်တို့၏ကျမ်း ဆိုလိုသည်မှာ ကုရ်အာန်တွင် ဆေးပညာနှင့် ပတ်သက်၍ မပါရှိပေ။ ကေန်စင်စစ် လောကတွင် ပညာရပ်နှစ်ခုသာ ရှိ၏။ တစ်ခုမှာ သာသနာရေးဆိုင်ရာ ပညာရပ်နှင့် ဒုတိယမှာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ပညာရပ်တို့ကို ဆေးပညာဟု ခေါ်သည်။ အလီဗင်န် ဟုစိုင်န်က မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဆေးပညာကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် တစ်ဝက်အတွင်းမှာပင် စုစည်းတင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ-

كُلُوا وَاشْرَبُوا وَلَا تُسْرِفُوا

ဟူ၍ ဖြစ်သည်။ အိဗ်နေကစီးရ်ကျမ်းတွင် ဤအဆိုကို အချို့ပညာရှင်များထံမှ ဆင့်ပြန်ထားသည်။ ဆက်လက်၍ ထိုဆေးဆရာက ပြောဆိုသည်မှာ 'အသင်တို့ တမန်တော်မြတ် ﷺ ၏ မိန့်ခွန်းချက်မှလည်း ဆေးပညာနှင့် ပတ်သက်၍ ရှိပါသလော'ဟုဆိုရာ ၄င်းက တမန်တော်၏ စာလုံးအချို့သည် ဆေးပညာတစ်ခုလုံးကို ခြုံငုံထား၏။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အစာအိမ်သည် ရောဂါများ၏ ဌာနချုပ်ဖြစ်သည်။ ထိခိုက်စေနိုင်သည့် အရာများကို ရှောင်ကြဉ်ခြင်းသည် ဆေးများ၏ ဇစ်မြစ်ဖြစ်သည်။ ခန္ဓာကိုယ်တွင် အလေ့အကျင့်ရှိသော အရာများကိုသာ သုံးစွဲပါလေ။ *[ကရှ်ရှာဖ်၊ ရှုးဟ်]*

ခရစ်ယာန်ဆေးဆရာသည် ဤစကားများကို ကြားနာ၍ အသင်တို့၏ ကျမ်းဂန်နှင့် ရစူလ်သည် ဂျာလီအတွက် ဆေးပညာ မလွတ်ခဲ့ပါဟု ပြောဆိုလေသည်။

ဗိုင်ဟကီးကျမ်း၏ ရှုအ်ဗေအီမာန်ကဏ္ဍတွင် ဟရေသ်အဘူဟူရိုင်ရာဟ် ؓ သခင် ဆင့်ပြန်ထားသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အစာအိမ်သည် ခန္ဓာကိုယ်၏ ကန်ဖြစ်သည်။ ခန္ဓာကိုယ်တစ်ခု

လုံး၏ အကြောများသည် ဤကန်မှပင် သောက်သုံးရလေသည်။ အကယ်၍ အစာအိမ်ကောင်းလျှင် အကြောဟူသမျှရှိရာသို့ ကျန်းမာသည့်အစာများ ယူဆောင်၍ သွားလေသည်။ အစာအိမ်မကောင်းပါက အကြောဟူသမျှသို့ ရောဂါများ သယ်ဆောင်သည့်အတွက် ခန္ဓာကိုယ်အတွင်း ပျံ့နှံ့သွားပေသည်။ ဟဒီးစ်ပညာရှင်များသည် ဤဟဒီးစ်နှင့်ပတ်သက်၍ အားနည်းချက်တစ်ချို့ တင်ပြထားပေသည်။ သို့သော် ပုံမှန်စားသောက်ခြင်းနှင့် ပုံမှန်နေထိုင်ရန် အလေးအနက် အမိန့်ပေးထားခြင်းမှာ မြောက်မြားစွာသော ဟဒီးစ်တော်များတွင် တစ်ညီတစ်ညွတ်တည်း ပါရှိလေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

قُلْ مَنْ حَرَّمَ زِينَةَ اللَّهِ الَّتِي
أَخْرَجَ لِعِبَادِهِ وَالطَّيِّبَاتِ مِنَ الرِّزْقِ ۚ قُلْ هِيَ لِلَّذِينَ آمَنُوا فِي
الْحَيَاةِ الدُّنْيَا خَالِصَةً يَوْمَ الْقِيَامَةِ ۗ كَذَٰلِكَ نُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْلَمُونَ ﴿٣٢﴾

၇ : ၃၂ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) မေးမြန်းပါလေ။ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျွန်များအဖို့ ဖန်ဆင်းထားတော်မူသော တန်ဆာများကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်သော စားသောက်ဖွယ်ရာများကိုလည်းကောင်း မည်သူက 'ဟရာမ်'ဟူ၍ တားမြစ်ခဲ့ပါသနည်း။ (၎င်းပြင် အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့ ပြောကြားပါလေ။ (အချင်းတို့) 'ဤသည်တို့သည် ပစ္စုပ္ပန်လောကဘဝ၌ အီမာန်သက်ဝင်ယုံကြည်သူတို့အဖို့ ရှိ၏။ ရှင်ပြန်ထရမည့်နေ့တွင်မူ (၎င်းတို့အဖို့သာ) သီးသန့်ဖြစ်သည်။' ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် (မိမိ၏) အာယသ်တော်များကို သိနားလည်သူများအဖို့ အသေးစိတ် ရှင်းလင်းဖော်ပြတော်မူလေသည်။

قُلْ إِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَ
الْإِثْمَ وَالْبَغْيَ بِغَيْرِ الْحَقِّ وَأَنْ تُشْرِكُوا بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا
وَأَنْ تَقُولُوا عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٣٣﴾

၇ : ၃၃ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် စက်ဆုပ်ရွံရှာဖွယ်ရာများအနက် ထင်ရှားသော အရာများကိုလည်းကောင်း၊ ဖုံးအုပ်လျက်ရှိသော အရာများကိုလည်းကောင်း၊ ပြစ်မှုဒုစရိုက်များကိုလည်းကောင်း၊ မတရားသဖြင့် ညှဉ်းဆဲခြင်းကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်က မည်သည့်သက်သေသာဓက တစ်စုံတစ်ရာ ချပေးတော်မူခြင်းမရှိခဲ့သော အရာများကို အသင်တို့သည် ထိုအသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ် (ကိုကွယ်) ခြင်းကိုလည်းကောင်း၊ အသင်တို့သည် မိမိတို့ မသိနားမလည်ကြသော အကြောင်းအရာများကို ထိုအသျှင်မြတ်အပေါ် လီဆယ်ပြောဆိုခြင်းကိုလည်းကောင်း 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့သည်သာ ဖြစ်သည်။

وَلِكُلِّ اُمَّةٍ اَجَلٌ ۚ فَاِذَا جَآءَ
اَجَلُهُمْ لَا يَسْتَاْخِرُوْنَ سَاعَةً وَّلَا يَسْتَقْدِمُوْنَ ﴿٣٤﴾

၇ : ၃၄ ။ ။ လူမျိုးအသီးသီးတို့အဖို့ (အသက်ထင်ရှားနေထိုင်ရန်) သတ်မှတ်ပိုင်းခြားထားသော အချိန်ကာလသည် ရှိသည်။ သို့ဖြစ်ပေရာ ၎င်းတို့၏ အချိန်ကာလသည် ဆိုက်ရောက်ခဲ့သည်ရှိသော် ၎င်းတို့သည် အချိန်အနည်းငယ်မျှပင် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ။ ထိုနည်းတူစွာ ရှေ့သို့ တိုးနိုင်ကြမည်လည်း မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်သည် 'ဟလာလ်' သတ်မှတ်ထားသော အရာများ၊ အဝတ်အစားနှင့် စားသောက်ဖွယ်ရာများကို အထောက်အထားမဲ့သည်သာမက အထောက်အထားနှင့် ဆန့်ကျင်၍ 'ဟရာမ်'ဟု ယူဆနေသူများကို အသင်တမန်တော် ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဗန္ဒာဟ်များ အသုံးပြုရန် ဖန်ဆင်းထားသော အဝတ်အထည်များနှင့် 'ဟလာလ်'သတ်မှတ်၍ စားပိုင်သည့် အရာဝတ္ထုများကို မည်သူက 'ဟရာမ်'အဖြစ် သတ်မှတ်သည်ကို အသင်တို့ ပြသပါလေ။ ဆိုလိုသည်မှာ 'ဟရာမ်'နှင့် 'ဟလာလ်'ဟု သတ်မှတ်ခြင်းသည် တစ်လောကလုံးကို ဖန်ဆင်းပိုင်စိုးတော်မူသော အသျှင်မြတ်၏ အလုပ်သာဖြစ်၍ အသင်တို့သည် မိမိဘက်မှ အရာဝတ္ထုများကို 'ဟလာလ်' (သို့) 'ဟရာမ်'ဟု ပြောဆိုသူသည် မည်သူနည်း။ တင်ပြထားသော အာယသ်တော်တွင် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို အလ္လာဟ်အသျှင်မြတ် ချီးမြှင့်သည့် ဆုလာဘ်တော်များဟု သတ်မှတ်ထားသည်။ ဤဆုလာဘ်တော်များကို ကာဖိရ်များ မြောက်မြားစွာ ရရှိနေသည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ငါဝတို့ (ကာဖိရ်တို့) ကို မနှစ်မြို့လျှင် (သို့) ငါတို့၏ ယုံကြည်လုပ်ဆောင်ချက်များ လွဲမှားနေလျှင် ဤဆုလာဘ်တော်များ မရရှိနိုင်ဟု သံသယဝင်နိုင်ပေသည်။ ဤသံသယကို ဖြေကြားရန် မိန့်တော်မူသည်မှာ 'အို့ မိုဟမ္မဒ် ﷺ ၊ အသင်တမန်တော် ၎င်းတို့ကို ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည့် အရာများကို သုံးစွဲနိုင်ခွင့်သည့် သဘောတူလက်ခံသော အထောက်အထားမဟုတ်ပေ။ သုံးစွဲပြီးနောက် မည်သည့်ဒုက္ခ ဆင်းရဲခြင်းနှင့်မျှ မကြုံတွေ့ရခြင်းသာလျှင် အလ္လာဟ်လက်ခံသော အထောက်အထားဖြစ်သည်။ ဤအခြေ ၏အနေမျိုးကို သုံးစွဲခွင့်သည် အီမာန်ရှင်များကသာလျှင် ရရှိပေမည်။

အာယသ်ကြောင့်ဆိုသော် ကာဖိရ်တို့သည် လောကပစ္စည်း၊ လောကီပစ္စည်းများကို အများဆုံး သုံးစွဲလေလေ နောင်တမလွန် 'အာခေရသ်'တွင် 'အဇာဗ်' အပြစ်ဒဏ်နှင့် ဒုက္ခများ တိုးပွားလေလေသာ ဖြစ်သည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ ဤအဝတ်အစားနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများသည် 'ကေယာမသ်' နေ့တွင်လည်း အညစ်အကြေးနှင့် အပြစ်ဒဏ်အတွက်သက်သက်သာ ဖြစ်ပေမည်။ လောကီသက်တမ်းတွင် အီမာန်ရှင်များအတွက်သာ ဖြစ်ပေသည်။ ၎င်းတို့နှင့် ဆန့်ကျင်၍ ကာဖိရ်များသည် လောကတွင် အလ္လာဟ်

အသျှင်မြတ်၏ ချီးမြှင့်မှုများကို အသုံးပြု၍ စည်းစိမ်ယစ်မူးနေကြသည်။ အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုများကို အိမာန် လက်ခံခြင်း၊ အမိန့် နာခံခြင်းများနှင့် ကျေးဇူးတင်ခြင်း မပြုကြသည့်အတွက် ဤစည်းစိမ်များသည် ဒုက္ခနှင့် အပြစ်ဒဏ်ဖြစ်သွားပေသည်။ ငါအသျှင်မြတ်သည် ဤသို့ပင် နိမိတ်လက္ခဏာများကို အသိဉာဏ်ရှိသူများအတွက် ရှင်းရှင်းလင်းလင်း တင်ပြပေသည်။ အို၊ တမန်တော်၊ အသင် ၎င်းတို့ကို ဤသို့လည်း ပြောကြားပါလေ။ အသင်တို့သည် 'ဟလာလ်'ဖြစ်သော အရာများကို အကြောင်းမဲ့ 'ဟရာမ်' ဟု ယူဆနေလေရာ ထိုအရာများကို အလ္လာဟ်အသျှင်မြတ်သည် 'ဟရာမ်'ဟု မသတ်မှတ်ပေ။ သို့သော် ကျွန်ုပ်၏ အသျှင်မြတ်သည် အသင်တို့ အများအားဖြင့် နစ်မွန်းနေသည့် အရာများကို 'ဟရာမ်'ဟု သတ်မှတ်သည်။ ပေါ်လွင်သည့် မကောင်းသော ကိစ္စရပ်များ။ ဥပမာ- ဝတ်လစ်စလစ်ဖြင့် 'သဝါးဖ်'ပြုခြင်း၊ ဖုံးကွယ်နေသည့် မကောင်းသောကိစ္စရပ် ဟူသမျှကိုပင် 'ဟရာမ်'ဟု သတ်မှတ်သည်။ ၎င်းနောက် မတရားသူတစ်ဦး တစ်ယောက်အား နှိပ်စက်ညှဉ်းပန်းခြင်းသည် 'ဟရာမ်' ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်၍ အခြားဤကဲ့သို့သော အရာတစ်ခုခုကို 'အေဗာဒသ်'ပြုခြင်းသည်လည်း 'ဟရာမ်' ဖြစ်သည်။ အကြင်အရာနှင့်ပတ်သက်၍ အလ္လာဟ်အသျှင် မြတ်သည် အပြည့်အဝ (သို့) အနည်းငယ်ခန့်မျှပင် အထောက်အထားပေးခြင်းလည်း မရှိပေ။ အသင်တို့ထံ တွင် အထောက်အထားမရှိသော ကိစ္စရပ်တစ်ခုကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်သွယ်ခြင်းသည်လည်း 'ဟရာမ်'ဖြစ်သည်။ قُلْ اَمَرَ رَبِّيْ بِالْقِسْطِ ဟူသော အာယသ်တော်တွင် ရှရီအသ်မှ အမိန့်ပေးထားသည့် လုပ်ရပ်အားလုံး အကျုံးဝင်၍ اِنَّمَا حَرَّمَ တွင် တားမြစ်ချက်ဟူသမျှ အကျုံးဝင်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထမအာယသ်တော်တွင် 'အေဗာဒသ်'ပြုရာ၌ အတိုင်းထက်လွန်သူများနှင့် ကိုယ်တိုင် တီထွင်ကြံဆ၍ ကျဉ်းမြောင်းအောင် ပြုထားသောသူများကို သတိပေးထား၏။ အလ္လာဟ်အသျှင်မြတ်သည် 'ဟလာလ်' သတ်မှတ်ထားသောအရာများကို ရှောင်ကြဉ်၍ မိမိကိုယ်မိမိ 'ဟရာမ်'ဟု သတ်မှတ်လိုက်ခြင်းကို 'အေဗာဒသ်' ပြု၍ အမိန့်နာခံခြင်းဖြစ်သည်ဟု ယူဆနေကြသည်။ ဥပမာ- မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များသည် 'ဟဂ်ျ' ၏ ကာလတွင် 'သဝါးဖ်'ပြုချိန်၌ အဝတ်အစားဝတ်ခြင်းမပိုင်ဟု ယူဆကြသည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်သည် 'ဟလာလ်'ဟု သတ်မှတ်၍ ကောင်းသော အစားအစာများကို ရှောင်ကြဉ်ခြင်းအား 'အေဗာဒသ်' ဟု ယူဆနေကြသည်။ ဤကဲ့သို့သောသူများကို ခြိမ်းခြောက်၍ ခေါင်းမထောင်နိုင်စေရန် ဤသို့ သတိပေးထား၏။ အလ္လာဟ်အသျှင်မြတ်သည် လူပစေရန် ဆိုလိုသည်မှာ ကောင်းသောအဝတ်အစားများကို မိမိ၏ 'ဗန္ဒာဟ်'များအတွက် ဖန်ဆင်းထား၏။ သန့်ပြန့်ကောင်းမွန်သော အစားအစာများ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားရာ မည်သူက 'ဟရာမ်'ဟု သတ်မှတ်ထားသနည်း။

ကောင်းသော အဝတ်အစားနှင့် အရသာရှိသော အစာများကို ရှောင်ကြဉ်ခြင်းသည် အစ္စလာမ်၏ သင်ပြမှု မဟုတ်ခြင်းအကြောင်း

အလိုသဘောမှာ အရာဝတ္ထုများကို 'ဟလာလ်'(သို့) 'ဟရာမ်'သတ်မှတ်နိုင်သော အခွင့်အရေးမှာ ထိုအရာများအား ဖန်ဆင်းရှင်အတွက်သာ ဖြစ်၏။ အခြားသူတစ်ဦးတစ်ယောက်သည် မည်သို့မှ ပတ်သက်မှု မရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ် 'ဟလာလ်'သတ်မှတ်ထားသည့် ကောင်းသော အဝတ်အစားနှင့် သန့်ပြန့်စင်ကြယ်၍ အရသာရှိသော စားသောက်ဖွယ်ရာများကို 'ဟရာမ်'ဟု သတ်မှတ်သူသည် အပြစ်ဒဏ် ပေးထိုက်၏။ တတ်နိုင်ပါလျက် စုတ်ပြတ်၍ ညစ်နွမ်းပြီး ကပိုကရိုနေထိုင်ခြင်းကို အစ္စလာမ်သာသနာက သင်ပြမပေးသည့်အပြင် သာသနာအရ နှစ်သက်ဖွယ်ရာလည်း မဟုတ်ပေ။ အချို့ပညာမဲ့တို့က ဤသို့ နေထိုင်ခြင်း ကောင်းသည်ဟု ယူဆနေကြသည်။ သူတော်စင်များနှင့် အစ္စလာမ်သာသနာ၏ ပညာရှင် အိမာမ်ကြီးများထံနှင့် မြောက်မြားစွာသော ဆရာသခင်များကို အလ္လာဟ်အသျှင်မြတ်သည် ပစ္စည်းဥစ္စာ များ ချီးမြှင့်ခဲ့၏။ အများအားဖြင့် ကောင်းမွန်၍ တန်ဖိုးကြီးသော အဝတ်အစားများကို ဝတ်ဆင်ခဲ့ကြသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် တတ်နိုင်လျှင် အကောင်းဆုံး အဝတ်အစားကို ဝတ်ဆင်တော်မူခဲ့၏။ ဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ တစ်ကြိမ်တစ်ခါတွင် တမန်တော်မြတ် ﷺ အပြင်သို့ ထွက်လေရာ တမန်တော်မြတ် ﷺ ၏ ကိုယ်တော်ပေါ်တွင် ဒိရ်ဟမ်တစ်ထောင်တန် ခြုံထည်ကို ခြုံထားလေသည်။ အိမာမ် အဗူဟနီဖာ (ရဟ) နှင့်ပတ်သက်၍ ဆင့်ပြန်ထားသည်။ ဒရ်ဟမ် (၄၀၀) တန် ခြုံထည်ခြုံထားလေသည်။ ဤသို့ပင် ဟဇရတ်အိမာမ်မာလစ်က် (ရဟ) သခင်သည် အမြဲတစေ ကောင်းမွန်သပ်ရပ်သော အဝတ်အစား များကို ဝတ်ဆင်လေ့ရှိသည်။ ထိုအိမာမ်ကြီးအတွက် လူတစ်ဦးသည် တစ်နှစ်စာဝတ်စုံ (၃၆၀) စီစဉ်ပေးရန် တာဝန်ယူထားလေသည်။ အိမာမ်ကြီး တစ်ကြိမ်ဝတ်ထားသော အဝတ်အစားသည် ဒုတိယအကြိမ် ပြန်လည် အသုံးမပြုပေ။ အဘယ်ကြောင့်ဆိုသော် တစ်ရက်အသုံးပြုပြီး ဆင်းရဲသော ကျောင်းသားတစ်ဦးကို ပေးကမ်း လိုက်လေသည်။

အကြောင်းမှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဗန္ဒာဟ်တစ်ဦးဦးကို မိမိ၏ 'နေ့အ်မသ်'နှင့် ချောင်လည်မှု ချီးမြှင့်ထားလျှင် ထိုချီးမြှင့်ထားခြင်းကို အဝတ်အစား အစရှိသည် တို့နှင့် မြင်တွေ့ရလျှင် အလ္လာဟ်အသျှင်မြတ် နှစ်သက်လေသည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့် မှုကို ဖော်ထုတ်ခြင်းဖြစ်၍ ကျေးဇူးတင်ခြင်းတစ်မျိုး ဖြစ်လေသည်။ ဤသည် ဆန့်ကျင်၍ ကျေးဇူးတင်ခြင်း တစ်မျိုး ဖြစ်ပေသည်။ ဤသည်မှာ ဆန့်ကျင်၍ ချောင်လည်မှု ချီးမြှင့်ထားပါလျက် စုတ်ပြဲညစ်နွမ်းနေသော အဝတ်အစားများကို ဝတ်ဆင်ခြင်းသည် ကျေးဇူးကန်းရာမည်၏။ သို့သော် အရေးကြီးသော အချက်မှာ အရာနှစ်ခုမှ ရှောင်ရှားရလေသည်။ တစ်ခုမှာ ပြစားကြွားဝါခြင်းဖြစ်၍ ဒုတိယတစ်ခုမှာ မာန်မာနထောင်လွှား ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူတို့ကို ပြသရန်အတွက်သက်သက်နှင့် မိမိ၏ ကြီးကျယ်မှုကို ဖော်ထုတ် ရန်အတွက် မာန်မာနထောင်လွှားစေသော အဝတ်အစားကို မဝတ်ဆင်ရပေ။ သူတော်စင်ပညာရှင်များသည် ဤအချက်နှစ်ချက်မှ ကင်းစင်လေသည်။ တမန်တော်မြတ် ﷺ ဟဇရတ်အိုမရ် ؓ သခင်နှင့် အခြားဆွဟာဗာ

တို့သည် ပုံမှန်အခြေအနေတွင် ရိုးရိုးအဝတ်အစား(သို့) ဖာထေးထားသော အဝတ်အစားကို ဝတ်ဆင်ခဲ့ကြကြောင်း လာရှိထားပေသည်။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းနှစ်ခု ရှိပေသည်။

ပထမတစ်ချက်မှာ ရောက်ရှိလာသော ပစ္စည်းဥစ္စာများကို ဆင်းရဲသားများနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များတွင် သုံးစွဲပစ်သည့်အတွက် အဝတ်ကောင်းများ ဝတ်ဆင်၍ မိမိတို့အဖို့ အနည်းငယ်မျှပင် မကျန်ရှိတော့ပေ။ ဒုတိယတစ်ချက်မှာ တမန်တော်သည် လူသားအားလုံး၏ ခေါင်းဆောင်ဖြစ်သည်။ ရိုးရိုးသားသား ဝတ်ဆင်ခြင်းသည် အခြားခေါင်းဆောင်များကိုလည်း နှိုးဆော်ရာရောက်ပေသည်။ သို့မှသာ သူဆင်းရဲတို့သည် ၎င်းတို့၏ ပစ္စည်းဥစ္စာ အရှိန်အဝါကို ကြောက်ရွံ့စရာ မလိုပေ။ ဤသို့ပင် ဆူဖီသူတော်စင်တို့သည် မိမိတို့ထံ စတင်ရောက်လာသူများကို ကောင်းသော အဝတ်အစားများ အရသာရှိသော အဝတ်အစားများမှ တားမြစ်ကြသည်။ ဤအရာများကို အမြဲတစေ စွန့်လွှတ်ခြင်း 'စဝါးဗ်' ကုသိုလ်အကျိုး ရသည်ဟူသော သဘောမဟုတ်ပေ။ စိတ်၏ အလိုရမ္မက်ကို ထိန်းချုပ်ရန်အတွက် မိမိကိုယ်မိမိ ပြုပြင်မှုအစတွင် ဤကဲ့သို့ ကြိုးပမ်းခြင်းကို ကုနည်းတစ်ခုအနေဖြင့် ပြုခိုင်းကြခြင်းဖြစ်သည်။ စိတ်၏ အလိုရမ္မက်များကို ထိန်းချုပ်နိုင်၍ 'ဟရာမ်'နှင့် မပြုပိုင်သော အရာများ ဘက်သို့ စိတ်မဆွဲဆောင်သည့် အချိန်တွင် သူတော်စင်ပညာရှင်များကဲ့သို့ ကောင်းသော အဝတ်အစားနှင့် ကောင်းသော အစားအစာများ အသုံးပြုနိုင်သည်။ ထိုအချိန်တွင် ဤသန့်ပြန့်စင်ကြယ်သည့် အစားအစာများသည် ၎င်းအတွက် အလ္လာဟ်အသျှင်မြတ်၏ 'မအ်ရိဖသ်' (သိရှိခြင်း) ရရန်နှင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်စေရန် အဆင့်အတန်းများကို အတားအဆီး မဖြစ်စေသည့်အပြင် နီးကပ်မှု၏ အကြောင်းခံ ဖြစ်သွားပေသည်။

အဝတ်အစားနှင့် အစားအသောက်တွင် တမန်တော်မြတ် ﷺ ၏ 'စွန္နသ်' အကြောင်း

အစားအသောက်၊ အဝတ်အစားနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာ၊ သာဗေအီးန်များ၏ ဓလေ့၏ အချုပ်မှာ ဟန်ဆောင်မှုကင်းခြင်းသာ ဖြစ်သည်။ လွယ်ကူစွာ ရရှိသော အဝတ်အစားနှင့် အစားအသောက်အား အလ္လာဟ်အသျှင်မြတ်ကို ကျေးဇူးတင်၍ သုံးစွဲလေသည်။ ထူသော အဝတ်အစား၊ ခြောက်သွေ့သော အစားအစာများ ရရှိစေရန်လည်း ကောင်းသော အစားရရှိရန် ကြွေးမြီချည်းခြင်းပင် ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကို ဒုက္ခပေး၍ဖြစ်စေ၊ မကြိုးပမ်းဘဲ ရရှိသည်ကို အသုံးပြုလေသည်။ ဤသို့ပင် ကောင်းသော အဝတ်အစားနှင့် အရသာရှိသော အစားအစာရရှိလျှင် သိလျက်နှင့် ဖျက်ဆီးပစ်ခြင်း (သို့) အသုံးပြုရန် ရှောင်ကြဉ်ခြင်း အစရှိသည့် ဟန်ဆောင်မှုမျိုးလည်း မပြုလုပ်ကြချေ။ ကောင်းသော အဝတ်အစားနှင့် အဝတ်အစားကို ရှာဖွေရန် ဒုက္ခခံခြင်းသည် မကောင်းသကဲ့သို့ ကောင်းသောအရာများကို ဖျက်ဆီးခြင်း၊ (သို့) ထိုကောင်းသောအရာကို လွှတ်၍ မကောင်းသော အရာများကို သုံးစွဲ၍ ဒုက္ခခံခြင်းသည်လည်း မကောင်းပေ။ အာယသ်တော်၏ ပထမဝါကျတွင် လောကရှိ စည်းစိမ်ဥစ္စာများနှင့် သန့်ပြန့်ကောင်းမွန်သော အဝတ်အစား သန့်ရှင်းစင်ကြယ်၍ အရသာရှိသော စားသောက်ဖွယ်ရာများတွင် ဧကန်စင်စစ် အမိန့်နာခံသော အီမာန်ရှင်များအတွက် ဖန်ဆင်းထားခြင်းဖြစ်ကြောင်း ရည်ညွှန်းတင်ပြထားသည်။ အခြားသူတို့သည် အီမာန်ရှင်များကို မှီခို၍ စားသောက်နေကြခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလောကသည် အရည်

အချင်းမီသူ၊ အရည်အချင်းညံ့သူနှင့် ကောင်းသူ၊ ဆိုးသူဟု လောကီစည်းစိမ်ဥစ္စာများတွင် မခွဲခြားနိုင်ပေ။ သို့သာမက တစ်လောကလုံး၏ ကရုဏာတော်ရှင်၏ ချီးမြှင့်မှုများမှ ဤစားသောက်ဖွယ်ရာ ဌာနကြီးသည် အားလုံး အတွက် တစ်ပုံစံတည်း ဖြစ်လာ၏။ အလ္လာဟ်အသျှင်မြတ်၏ မေလ့တော်မှာ လောကတွင် အမိန့်နာခံသူ အီမာန်ရှင်များသည် အမိန့်နာခံမှုတွင် လျော့နည်းပါက ၄င်းတို့အပေါ် အခြားသူများအား လွှမ်းမိုး၍ လောကီ စည်းစိမ်ဥစ္စာ၏ ဘဏ်တိုက်များအပေါ် အပိုင်စီးခြင်းခံရ၍ အမိန့်နာခံသူ အီမာန်ရှင်များသည် ဆင်းရဲငတ်မွတ် မှုနှင့် ကြုံတွေ့ရပေသည်။ သို့သော် ဤဥပဒေသည် ကျင့်ဆောင်ရာဌာနဖြစ်သော လောကဌသာ ဖြစ်ပေသည်။ နောင်တမလွန်တွင် စည်းစိမ်ဥစ္စာဟူသမျှနှင့် အေးချမ်းသာယာသော အရာဟူသမျှသည် အလ္လာဟ်အသျှင် မြတ်၏ အမိန့်နာခံသူ ဗန္ဒာဟ်များအတွက် သက်သက်သာ ဖြစ်သည်။ ဤအဓိပ္ပာယ်ကို အာယသ်တော်ကို မိန့်ဆိုထားသည်မှာ-

قُلْ هِىَ لِلَّذِيْنَ اٰمَنُوْا فِى الْحَيٰوةِ الدُّ نْيَاخَالِصَةً يَّوْمَ الْقِيٰمَةِ

အို့, တမန်တော်၊ အသင် ပြောကြားပါလေ။ လောက၏ စည်းစိမ်ဥစ္စာဟူသမျှသည် လောကီသက် တမ်းတွင် ကေန်စင်စစ် အီမာန်ရှင်များအတွက်သာ ဖြစ်သည်။ 'ကေယာမသ်'နေ့တွင် သီးခြားအီမာန်ရှင်များ အတွက်သာ ဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် ﷺ သည် ဤဝါကျ၏ အလိုသဘောကို သတ်မှတ်တင်ပြထားသည်မှာ လောက၏ စည်းစိမ်ဥစ္စာဟူသမျှသည် နောင်တမလွန်တွင် ဒုက္ခမရောက်စေ နိုင်သော အနေအထားအဖြစ် အမိန့်နာခံသူ အီမာန်ရှင်များ၏ ဝေစုဖြစ်သည်။ ကာဖိရ်များနှင့် ဒုစရိုက်တွင် နစ်မွန်းနေသူများသည် လောကီစည်းစိမ်များကို ခံစားရသည်သာမက သာပိုနေသော်လည်း ဤစည်းစိမ်များ သည် ၄င်းတို့အဖို့ ဒုက္ခရောက်စေမည့် အရာများနှင့် အမြဲတစေ အပြစ်ဒဏ်တွင် နေစေမည့် အရာများဖြစ်သည်။ ထို့ကြောင့် ရလဒ်အားဖြင့် ၄င်းကာဖိရ်များအဖို့ ဥစ္စာပစ္စည်းများ၏ ဂုဏ်သိက္ခာရှိဖွယ်ရာနှင့် အေးချမ်းဖွယ်ရာ များ မဟုတ်တော့ပေ။ အချို့သဖ်စီးရ်ပညာရှင်များက လောက၏ စည်းစိမ်ဥစ္စာဟူသမျှသည် ကြိုးပမ်းဒုက္ခ ခံခြင်းဖြင့် ရရှိသည်။ တစ်ဖန် ပျောက်ပြတ်သွားမည်ကိုလည်း စိုးရိမ်ရသည်။ အမျိုးမျိုးသော ဝမ်းနည်းပူဆွေး မှုများ ကြုံတွေ့ရမည်ဖြစ်၍ ချီးမြှင့်မှုနှင့် အေးချမ်းမှုအစစ်ကို ဤလောကဌ မရှိပေ။ သို့သော် 'ကေယာမသ်' နေ့တွင် ရရှိမည့် စည်းစိမ်ဥစ္စာများသည် စင်စစ် ရရှိမည်ဖြစ်၍ ကြိုးပမ်း ဒုက္ခခံရမည်လည်း မဟုတ်။ ပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်စရာ မလိုပေ။ ဝမ်းနည်းပူဆွေးမှုလည်း ရှိမည်မဟုတ်ဟု အလိုသဘော သတ်မှတ်တင်ပြကြသည်။ ဤအလိုသဘော သုံးခုစလုံးသည် အာယသ်တော်၏ အထက်ပါဝါကျဌ ပါဝင် သည်။ ထို့ကြောင့် သဖ်စီးရ်ပညာရှင် ဆွဟာဗာနှင့် သာဗေအီးန်များသည် ဤအလိုသဘောကို ရွေးချယ် တင်ပြကြသည်။ အာယသ်တော်၏ အဆုံးတွင် မိန့်တော်မူသည်မှာ-

وَكَذَالِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်၏ နိမိတ်လက္ခဏာများကို သိနားလည်သူ များအား ဤသို့ပင် ရှင်းရှင်းလင်းလင်း တင်ပြပေသည်။ ဤတင်ပြချက်ဖြင့် ပညာရှိနှင့် ပညာမဲ့များ သိရှိ

နိုင်ပေသည်။ အာယသ်တော်တွင် လူတို့၏ အတိုင်းအတာလွန်၍ အသိပညာမဲ့ အတွေးအခေါ်ဖြစ်သော ကောင်းသည့် အဝတ်အစားနှင့် ကောင်းသော အစားအစာကို လွှတ်ခြင်းသည် အလ္လာဟ်အသျှင်မြတ် ကျေနပ် နှစ်သက်သည်ဟူသော အတွေးတစ်ချက်ကို ချေဖျက်ထား၏။ ထို့နောက် ဒုတိယအာယသ်တော်တွင် အလ္လာဟ် အသျှင်မြတ် 'ဟရာမ်'သတ်မှတ်ထားသော အရာများကို တင်ပြထား၏။ ဤကဲ့သို့သော အရာများကို စွန့်လွှတ်ခြင်းသည် အလ္လာဟ်အသျှင်နှစ်သက်မည်မှာ အသေအချာပင်ဖြစ်သည်။ ဤတင်ပြချက်ဖြင့် ကာဖိရ်များသည် နောက်တစ်ဆင့် အသိဉာဏ်မဲ့ခြင်းတွင် နစ်မွန်းနေကြောင်း ရည်ညွှန်းထားသည်။ တစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ် 'ဟလာလ်'သတ်မှတ်ထားသော ကောင်းမွန်သန့်စင်သည့် အရာများကို မိမိတို့အပေါ် 'ဟရာမ်' သတ်မှတ်၍ အကြောင်းမဲ့ ထိုချိုးမြှင့်မှုများမှ လက်လွှတ်ဆုံးရှုံးသွားကြသည်။ ဒုတိယတစ်ချက်မှာ မူရင်းဇစ်မြစ်မှ 'ဟရာမ်'ဖြစ်ခြင်းကြောင့် ၎င်းအရာများကို သုံးစွဲခြင်းဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမျက် ထွက်တော်မူခြင်းနှင့် နောင်တမလွန်၏ အပြစ်ဒဏ်ရရှိမည်ဖြစ်သည်။ ထိုအရာတို့ကို အသုံးပြုရာတွင် နစ်မွန်း၍ နောင်တမလွန်၏ ဒုက္ခများကို ဝယ်ယူလိုက်ကြ၏။ ဤသို့ပင် လောကီလောကုတ္တရာ နှစ်ဌာနစလုံး၌ စည်းစိမ်ချမ်းသာများမှ လက်လွှတ်ဆုံးရှုံး၍ လောကတွင် ပျက်စီး၍ နောင်တမလွန်တွင် အပြစ်ဒဏ်ရာ ရရှိသူများ ဖြစ်သွားကြပေမည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ-

إِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَالْإِثْمَ
وَالْبَغْيَ بِغَيْرِ الْحَقِّ وَأَنْ تُشْرِكُوا بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَأَنْ
تَقُولُوا عَلَى اللَّهِ مَا لَا تَعْلَمُونَ

အသင်တို့ အကြောင်းမဲ့ 'ဟရာမ်'ဟု သတ်မှတ်ထားသော အရာများသည် 'ဟရာမ်'မဟုတ်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် အရှက်မဲ့သော လုပ်ငန်းရပ်များ ပေါ်ပေါ်လွင်လွင်ဖြစ်စေ၊ ဖုံးကွယ်၍ ဖြစ်စေ အစရှိသော အရာများကို 'ဟရာမ်'ဟု သတ်မှတ်ထားသည်။ ဒုစရိုက်လုပ်ငန်းများ၊ အကြောင်းမဲ့ တစ်ဦးတစ်ယောက်ကို ညှဉ်းပန်းနှိပ်စက်သူများ၊ အထောက်အထားမဲ့ တစ်ဦးတစ်ယောက်ကို အလ္လာဟ်အသျှင် မြတ်နှင့် ဂုဏ်ရည်တူသည်ဟု ပြောဆိုသူများ၊ အသင်တို့ထံတွင် အထောက်အထားမရှိဘဲ စကားရပ်တစ်ခုကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်သွယ်သူများ အစရှိသည်တို့ကို 'ဟရာမ်'ဟု သတ်မှတ်ထား၏။ ဤတင်ပြ မှုတွင် إِثْم ဟူသော စာလုံး၏ အောက်တွင် လူသားသည် မိမိနှင့် သက်ဆိုင်သည့် အပြစ် 'ဂိုနာဟ်'များ အပေးအယူကဏ္ဍနှင့် တာဝန်ဝတ္တရားဆိုင်ရာ 'ဂိုနာဟ်'များ ပါဝင်သည်။ တုဖက်နှိုင်းယှဉ်ခြင်းနှင့် အလ္လာဟ် အသျှင်မြတ်အပေါ် စွပ်စွဲပြောဆိုသော ယုံကြည်ချက်သည် ကြီးလေးသော 'ဂိုနာဟ်'ဖြစ်ကြောင်း ပေါ်လွင် ပေသည်။ ဤသီးခြား ရှင်းလင်းချက်ကို တင်ပြရခြင်းဖြင့် 'ဟရာမ်' ဖြစ်စေသည့် 'ဂိုနာဟ်'အားလုံးနီးပါး အကျုံးဝင်သွား၏။ ယုံကြည်ချက်ပိုင်းဆိုင်ရာ 'ဂိုနာဟ်' (သို့) ကျင့်ဆောင်မှုပိုင်းဆိုင်ရာ၊ တစ်ဖန် တစ်ကိုယ်ရည် အပြစ်ဒုစရိုက်နှင့် အခြားသူများနှင့် ပတ်သက်သည့် တာဝန်ဝတ္တရားပိုင်းဆိုင်ရာ အပြစ်ဒုစရိုက်များအားလုံး

ပါဝင်သည်။ အမိုက်ခေတ်တွင် ဤပြစ်မှုဒုစရိုက်အားလုံးတွင် ၎င်းတို့ နစ်မွန်းနေခဲ့ကြ၏။ ဤသို့ပင် 'ဟလာလ်' အရာများမှ ရှောင်ကြဉ်ခြင်းနှင့် 'ဟရာမ်'အရာများကို သုံးစွဲခြင်းမှ လက်မရှိုကြခြင်းကို တင်ပြထားသည့်အတွက် ၎င်းတို့၏ ဒုတိယအကျော့ ပညာမဲ့ခြင်းကို လစ်ဟပြသခဲ့၏။ သာသနာတွင် အတိုင်းထက်လွန်ခြင်းနှင့် နည်းလမ်းသစ်များ တီထွင်ခြင်း၏ မုချဧကန် ရရှိမည့်ဆိုးကျိုးမှာ ဤတီထွင်လမ်းလွဲမှုများတွင် နစ်မွန်း၍ သာသနာ၏ မူရင်းဇစ်မြစ်နှင့် အရေးကြီးလိုအပ်ချက်များအပေါ် မေ့လျော့သွားကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့် သာသနာတွင် အတိုင်းထက်အလွန် ပြုခြင်းနှင့် တရားသစ်တီထွင်ခြင်း၏ ဆုံးရှုံးမှုမှာ နှစ်ဆဖြစ်ပေသည်။ တစ်ချက်မှာ အတိုင်းထက်လွန်ခြင်းနှင့် တရားသစ်တီထွင်ခြင်းသည် အပြစ် 'ဂိုနာဟ်' ဖြစ်သည်။ ဒုတိယတစ်ချက်မှာ ၎င်းနှင့် ယှဉ်၍ မှန်ကန်သည့် စွန္နသ်နည်းလမ်းများမှ လက်လွတ်ဆုံးရှုံးရပေသည်။ ပထမ၊ ဒုတိယနှစ်အာယသ်တော်စလုံးတွင် တုပနှိုင်းယှဉ်သူများနှင့် အပြစ် 'ဂိုနာဟ်'ကျူးလွန်သူတို့၏ မှားယွင်းသော လုပ်ရပ်နှစ်ခုကို တင်ပြထားပေသည်။ တစ်ခုမှာ 'ဟလာလ်'ကို 'ဟရာမ်'ဟု သတ်မှတ်ခြင်း၊ ဒုတိယတစ်ခုမှာ 'ဟရာမ်'ကို 'ဟလာလ်'ဟု သတ်မှတ်ခြင်းဖြစ်သည်။ တတိယအာယသ်တော်တွင် ၎င်းတို့၏ မကောင်းသော နိဂုံးနှင့် နောင်တမလွန်၏ အပြစ်ဒဏ်များကို တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ-

وَلِكُلِّ اُمَّةٍ اَجَلٌ فَاِذَاجَاءَ اَجَلُهُمْ لَايَسْتَأْخِرُوْنَ سَاعَةً وَّلَايَسْتَقْدِمُوْنَ

ဆိုလိုသည်မှာ အပြစ်ဒုစရိုက်ကျူးလွန်သူတို့သည် နည်းမျိုးစုံနှင့် အပြစ်မျိုးစုံ ကျူးလွန်နေလင့်ကစား အလ္လာဟ်အသျှင်မြတ်၏ စည်းစိမ်ဥစ္စာများဖြင့် ရှင်သန်နေကြ၏။ အပေါ်ယံအားဖြင့် လောကတွင် ၎င်းတို့အပေါ် မည်သည့်အပြစ်ဒဏ်မှ မကျရောက်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ဝေလ့တော်ကို မမေ့သင့်ပေ။ အလ္လာဟ်အသျှင်မြတ်သည် အပြစ်ဒုစရိုက်ကျူးလွန်သူများကို မိမိ၏ ကရုဏာတော်ဖြင့် ကြိုးရှည်ရှည်နှင့် လွှတ်ထားပေသည်။ မိမိ၏ ဆိုးသွမ်းမှုများမှ ရှောင်ကြဉ်သွားရန်အတွက် ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင် ဤသို့ အချိန်ပေးထားခြင်းမှာ အတိုင်းအတာ သတ်မှတ်ချက်ရှိပေသည်။ အတိုင်းအတာ ရောက်ရှိလာလျှင် တစ်မိနစ်၊ တစ်စက္ကန့်မှ ရှေ့နောက်မရှိပေ။ ၎င်းတို့ အပြစ်ဒဏ်တွင် ခံစားရပေသည်။ တစ်ခါတစ်ရံ အပြစ်ဒဏ်ကို လောက၌ပင် ခံစားရလေသည်။ လောက၌ အပြစ်ဒဏ်မခံရလျှင် သေပြီးနောက် အပြစ်ဒဏ်ခံရလေသည်။ အာယသ်တော်တွင် သတ်မှတ်ထားသည့်အချိန်ကာလ ရှေ့နောက်မရွှေ့ခြင်းဟု တင်ပြထားခြင်းကို ကျွန်ုပ်တို့ အသုံးအနှုန်းတွင် ဝယ်သူမှ ရောင်းသူအား ဈေးနှုန်းအတိုးအလျှော့ ရှိပါသလောဟု မေးသကဲ့သို့ဖြစ်သည်။ အမှန်မှာ ဈေးနှုန်းများပြားလိုသည်မဟုတ်ဘဲ အနည်းကိုမေးလို၍သာ ဖြစ်သည်။ သို့သော် ဈေးနှုန်းတိုးပွားခြင်းကိုလည်း တွဲ၍ မေးမြန်းကြရလေသည်။ ဤသို့ပင် သတ်မှတ်ထားသော အချိန်ကာလ၌ နောက်မကျနိုင်သည်ဟူသော ရည်ရွယ်ခြင်းဖြစ်သည်။ မစောနိုင်ဟု တင်ပြရခြင်းမှာ နောက်မကျခြင်းနှင့် ယှဉ်တွဲတင်ပြခြင်းဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَٰبَنِيٓ ءَادَمَ إِمَّا يَأۡتِيَنَّكُمۡ رُسُلٞ مِّنكُمۡ يَقُصُّونَ عَلَيۡكُمۡ ءَايَٰتِي فَمَنِ ٱتَّقَىٰ وَأَصۡلَحَ
فَلَا خَوۡفٌ عَلَيۡهِمۡ وَلَا هُمۡ يَحۡزَنُونَ ٣٥

၇ : ၃၅ ။ ။ အို့, အာဒမ်၏ သားမြေးအပေါင်းတို့၊ အကယ်၍ အသင်တို့ထံ အသင်တို့အနက်မှပင် ငါအသျှင်မြတ်၏ အမိန့်တော်များကို အသင်တို့ရှေ့ဝယ် ရှင်းလင်းပြောပြကြကုန်သော ရစူလ်တမန်တော်များ ရောက်လာခဲ့ကြသောအခါ အကြင် မည်သူမဆို ဒုစရိုက်မှုများမှ ရှောင်ကြဉ်၍ (မိမိကိုယ်ကို) ပြုပြင်ခဲ့ပါလျှင် ထိုကဲ့သို့သော သူတို့အပေါ်၌ စိုးရိမ်ကြောင့်ကြမှု (တစ်စုံတစ်ရာ) လည်း ရှိလိမ့်မည် မဟုတ်။ ၎င်းပြင် ထိုသူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေ။

وَٱلَّذِينَ كَذَّبُواْ بِـَٔايَٰتِنَا
وَٱسۡتَكۡبَرُواْ عَنۡهَآ أُوْلَٰٓئِكَ أَصۡحَٰبُ ٱلنَّارِۖ هُمۡ فِيهَا خَٰلِدُونَ ٣٦

၇ : ၃၆ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ အမိန့်တော်များကို (မဟုတ်မမှန်) ဟူ၍ ငြင်းပယ်ခဲ့ကြသည့်အပြင် ထိုအမိန့်တော်များကို မထီမဲ့မြင် ပြုလုပ်ခဲ့ကြကုန်သော သူတို့မှာမူကား ငရဲသားများပင် ဖြစ်ကြကုန်သည်။ ၎င်းသူတို့သည် ထိုငရဲ၌ပင် အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများ ဖြစ်ကြပေသည်။

فَمَنۡ أَظۡلَمُ مِمَّنِ ٱفۡتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوۡ كَذَّبَ بِـَٔايَٰتِهِۦٓۚ أُوْلَٰٓئِكَ
يَنَالُهُمۡ نَصِيبُهُم مِّنَ ٱلۡكِتَٰبِۖ حَتَّىٰٓ إِذَا جَآءَتۡهُمۡ رُسُلُنَا
يَتَوَفَّوۡنَهُمۡ قَالُوٓاْ أَيۡنَ مَا كُنتُمۡ تَدۡعُونَ مِن دُونِ ٱللَّهِۖ
قَالُواْ ضَلُّواْ عَنَّا وَشَهِدُواْ عَلَىٰٓ أَنفُسِهِمۡ أَنَّهُمۡ كَانُواْ كَٰفِرِينَ ٣٧

၇ : ၃၇ ။ ။ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မဟုတ်မမှန် ကြံဖန်လီဆယ် စွပ်စွဲခြင်းကိုသော်လည်းကောင်း၊ ထိုအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍လည်းကောင်း ပြုလုပ်သောသူထက် ပိုမို၍ မတရားကျူးလွန်သော သူသည် မည်သူရှိပါသနည်း။ ၎င်းတို့ထံသို့ မိမိတို့အဖို့ သတ်မှတ်ထားပြီးဖြစ်သော ဝေစုဝေပုံသည် (ဤပစ္စုပ္ပန်၌ပင်) ရောက်ရှိကြပေမည်။ နောက်ဆုံးတွင် ၎င်းတို့ထံသို့ ငါအသျှင်မြတ်၏ ကောင်းကင်တမန်များသည် ၎င်းတို့၏ အသက်ဝိညာဉ်ကို နှုတ်သိမ်းရန် ရောက်ရှိလာကြသောအခါ ထိုကောင်းကင်တမန်များက (၎င်းသူတို့အား) 'အသင်တို့ အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ အသင်တို့ ဟစ်ခေါ် (ကိုးကွယ်) လျက် ရှိခဲ့ကြသော (အသင်တို့၏) ကိုးကွယ်ရာများသည် အဘယ်မှာနည်း' ဟူ၍ မေးမြန်းကြပေမည်။ ထိုအခါ ၎င်းတို့က ထိုအရာများသည် ကျွန်ုပ်တို့ထံမှ ပျောက်ကွယ်သွားခဲ့ကြလေပြီ' ဟူ၍ ဖြေကြားကြပေမည်။ ၎င်းပြင် ထိုသူများသည် မိမိတို့နှင့် ဆန့်ကျင်၍ 'ကျွန်ုပ်တို့သည် ကေန်စင်စစ် ကာဖိရ်များပင် ဖြစ်ခဲ့ကြပါသည်' ဟူ၍လည်း သက်သေခံကြလိမ့်မည်။

قَالَ ادْخُلُوا فِىٓ أُمَمٍ قَدْ خَلَتْ مِن قَبْلِكُم مِّنَ الْجِنِّ وَالْإِنسِ
فِى النَّارِ ۖ كُلَّمَا دَخَلَتْ أُمَّةٌ لَّعَنَتْ أُخْتَهَا ۖ حَتَّىٰٓ إِذَا ادَّارَكُوا فِيهَا
جَمِيعًا قَالَتْ أُخْرَىٰهُمْ لِأُولَىٰهُمْ رَبَّنَا هَٰٓؤُلَآءِ أَضَلُّونَا فَـَٔاتِهِمْ
عَذَابًا ضِعْفًا مِّنَ النَّارِ ۖ قَالَ لِكُلٍّ ضِعْفٌ وَلَٰكِن لَّا تَعْلَمُونَ ﴿٣٨﴾

၇ : ၃၈ ။ ။ (အလ္လာဟ်) အသျှင်မြတ်သည် (၎င်းတို့အား 'ကေယာမသ်'နေ့တွင်) အသင်တို့သည် မိမိတို့ထက်အလျှင် ရှေးလွန်လေပြီးသော (ကာဖိရ်) ဂျင်န်အား၊ လူအုပ်စုများနှင့်အတူ 'ဂျဟန္နမ်'ငရဲဘုံသို့ လားကြလေကုန်ဟု မိန့်ကြားတော်မူမည်။ အုပ်စုတစ်စုသည် (ဂျဟန္နမ်ငရဲဘုံသို့) ဝင်ရောက်သောအခါတိုင်း မိမိတို့နှင့် ဘာသာဝါဒ (အသွင်) တူသော (အခြား) အုပ်စုကို ကျိန်ဆဲကြလိမ့်မည်။ နောက်ဆုံးတွင် ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ (အုပ်စု) အားလုံး စုရုံးမိကြသောအခါ ၎င်းတို့အနက်မှ နောင်လာနောက်သားတို့သည် မိမိတို့အနက်မှ ရှေးလူတို့နှင့် ပတ်သက်၍ 'အို၊ ကျွန်တော်မျိုးတို့၏ အသျှင်မြတ်၊ ဤသူတို့သည် သာလျှင် ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ကြပါသဖြင့် အသျှင်မြတ်သည် ၎င်းတို့အား 'ဂျဟန္နမ်'ငရဲဘုံ၏ အပြစ်ဒဏ်ကို ဆထက်ထမ်းပိုးတိုး၍ ပေးတော်မူပါ'ဟူ၍ လျှောက်ထားကြပေမည်။ (ထိုအခါ) အသျှင်မြတ်က ဆထက်ထမ်းပိုး ပြစ်ဒဏ်သည် (အသင်တို့) အသီးသီး၌ ရှိပေသည်။ သို့ရာတွင် အသင်တို့သည် မသိကြချေ'ဟု မိန့်ကြားတော်မူမည်။

وَقَالَتْ أُولَىٰهُمْ لِأُخْرَىٰهُمْ فَمَا كَانَ لَكُمْ عَلَيْنَا مِن فَضْلٍ
فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْسِبُونَ ﴿٣٩﴾

၇ : ၃၉ ။ ။ ထို့ပြင် ၎င်း (ဂျဟန္နမ်ငရဲသား) တို့အနက် ရှေးလူများက မိမိတို့၏ နောင်လာနောက်သားများကို (ဤသို့) ပြောဆိုကြပေလိမ့်မည်။ 'သို့ဖြစ်လျှင် အသင်တို့၌ (အပြစ်ဒဏ်လျှော့ခြင်းနှင့် စပ်လျဉ်း၍) ငါတို့ထက် မည်သို့မျှ သာပိုခြင်း မရှိပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ ဆည်းပူးခဲ့ကြသည့် (မကောင်းမှုဒုစရိုက်) များကြောင့် ပြစ်ဒဏ် (၏ အရသာ) ကို မြည်းစမ်းကြလေကုန်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ဝိညာဉ်လောကတွင် ဤသို့ ပြောဆိုခဲ့၏။ အို၊ အာဒမ်၏ သားမြေးအပေါင်းတို့၊ အကယ်၍ နဗီတမန်တော် အသင်တို့ထံသို့ လာလျှင် အသင်တို့၏ လူသားများထဲမှဖြစ်၍ ငါအသျှင်မြတ်၏ အမိန့်ပညတ်ချက်များကို အသင်တို့အား တင်ပြပေလိမ့်မည်။ သို့ရှိရာ အသင်တို့ ထိုနဗီတမန်တော် လာရောက်လျှင် တမန်တော်မှ တင်ပြသော အာယသ်တော်များကို လိမ်လည်သည်ဟု ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြကုန်။ ၎င်းပြင် မိမိတို့ ကျင့်ဆောင်မှုများကို မှန်ကန်အောင် ပြုပြင်ကြကုန်။ အလိုသဘောမှာ အပြည့်အဝ လိုက်နာကြ၍ ဤသို့သောသူများအပေါ် နောင်တမလွန်တွင် စိုးရိမ်စရာများ ကြုံတွေ့ရမည်မဟုတ်သကဲ့သို့ ဝမ်းနည်းပူဆွေးဖွယ်ရာများနှင့်လည်း မတွေ့ကြုံရပေ။ အသင်တို့ထဲမှ အကြင်သူများသည် ငါအသျှင်မြတ်၏

အမိန့်တော်များကို လိမ်လည်သည်ဟု ပြောဆို၍ လက်မခံဘဲ မာနထောင်လွှားကြသည်။ 'ဂျဟန္နမ်'ငရဲဘုံ၌ ဝင်ရောက်ရမည်။ ထိုအထဲ၌ အမြဲတစေ နေကြရမည်။ လိမ်လည်သည်ဟု စွပ်စွဲသူများအား ပြင်းထန်သော ခြိမ်းခြောက်မှုများနှင့်သာ ထိုက်သက်ကြောင်း အကျဉ်းချုံး သိရှိရပြီးနောက် ယခု အကျယ်တဝင့် ကြားနာပါလေ။ အလ္လာဟ်အသျှင်မြတ်ကို လိမ်လည်စွပ်စွဲသူသည် မည်မျှပင် ကြီးမားဆိုးသွမ်းသည့် 'ဇွာလင်' (မတရားမှုပြုသူ) ဖြစ်ပါသနည်း။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် မိန့်တော်မမူဘဲ မိန့်တော်မူသည်ဟု ပြောဆိုခြင်း၊ (သို့) အသျှင်မြတ်၏ အာယသ်တော်များကို လိမ်လည်သည်ဟု ပြောဆိုခြင်း ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်များကို မပြောဆိုခြင်း၊ ၎င်းတို့၏ ဝေစုဖြစ်သော စားနပ်ရိက္ခာနှင့် လောကသက်တမ်းတွင်ပင် ရရှိပေလိမ့်မည်။ နောင်တမလွန်တွင် ဒုက္ခအပေါ် ဒုက္ခနှင့်သာ ကြုံတွေ့ရမည်။ ကွယ်လွန်သေဆုံးသောအချိန် ၎င်းတို့ထံ ငါအသျှင်မြတ်ဘက်မှ စေလွှတ်သော ကောင်းကင်တမန်တော်သည် အသက်နှုတ်ရန် ရောက်ရှိလာ၍ ပြောဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ အသင်တို့ ကိုးကွယ်ခဲ့သော အရာများသည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။ ယခု ဒုက္ခနှင့် ကြုံတွေ့နေရသောအချိန်၌ အဘယ်ကြောင့် အသုံးမဝင်သနည်း။ ထိုအချိန် ကာဖိရ်တို့က ထိုအရာများသည် ကျွန်ုပ်တို့ထံပါးတွင် အားလုံး ပျောက်ဆုံးသွားခဲ့သည်ဟု ပြောဆိုကြပေမည်။

ဆိုလိုသည်မှာ အမှန်စင်စစ် မည်သို့မှ အသုံးမဝင်ပေ။ ထိုအချိန် မိမိတို့ ငြင်းဆန်သူများ ဖြစ်ခဲ့ကြကြောင်း ဝန်ခံပြောဆိုကြပေမည်။ သို့သော် ဤအခြေအနေတွင် ဝန်ခံခြင်းသည် ဝန်ခံခြင်းသက်သက်သာဖြစ်၍ အကျိုးမရှိ။ အချို့အာယသ်တော်များတွင် ဤအမေးအဖြေသည် 'ကေယာမသ်'နေ့တွင် ဖြစ်မည်ဟု တင်ပြထားပေသည်။ သို့ရှိရာ နှစ်နေရာစလုံး၌ပင် 'ကဗရ်'လောကတွင် ဖြစ်နိုင်သကဲ့သို့ 'ကေယာမသ်'နေ့၌ ဤသို့ပင် ဖြစ်စေမည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ အသင်တို့ထက်အလျင် လွန်လေပြီးသော ကာဖိရ်များ၊ 'ဂျင်န်'များပင် ဖြစ်စေ၊ လူသားများမှဖြစ်စေ၊ ၎င်းတို့နှင့်အတူ အသင်တို့ 'ဂျဟန္နမ်'ငရဲဘုံသို့ ဝင်ရောက်ပါလေ။ သို့ရှိရာ အစကနဦးမှ ကာဖိရ်များနှင့် နောက်ပိုင်းကာဖိရ်များကို ကျိန်ဆဲကြပေမည်။ ဆိုလိုသည်မှာ အချင်းချင်း ကိုယ်ချင်းစာကြမည်မဟုတ်ပေ။ မူရင်းဇစ်မြစ်ကို သိရှိပြီးနောက် တစ်ဦးကိုတစ်ဦး မကောင်းသောအရှုဖြင့် မကောင်းပြောဆိုကြလိမ့်မည်။ နောက်ဆုံး ငရဲဘုံ၌ အားလုံး စုရုံးသွားကြလိမ့်မည်။ နောက်မှ ဝင်လာသော သူတို့သည် ကာဖိရ်ဖြစ်ခြင်းတွင် ပထမဝင်ရောက်သူများနှင့်ယှဉ်လျှင် အခြားသူများ၏ နောက်လိုက်ဖြစ်သည်။ ဆိုလိုသည်မှာ ပထမဝင်ရောက်သူများသည် ငြင်းဆန်ခြင်း၏ ခေါင်းဆောင်များဖြစ်သည့်အတွက် 'ဂျဟန္နမ်'တွင် ပထမ ဝင်ရောက်ရမည်။ နောက်မှ ဝင်ရောက်သူများက 'အိုး, ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ ကျွန်ုပ်တို့က ပထမသူများက လမ်းလွဲအောင် ပြုလုပ်ခဲ့ကြရာ ငရဲဘုံတွင် ၎င်းတို့၏ အပြစ်ဒဏ်ကို ကျွန်ုပ်တို့ထက် နှစ်ဆတိုး၍ တိုးစေတော်မူပါ။' အလ္လာဟ်အသျှင်မြတ် မိန့်တော်မူမည်မှာ ၎င်းတို့ကို နှစ်ဆတိုးခြင်းဖြင့် အသင်တို့ကို မည်သည့်စိတ်ဖြေမှုနှင့် အေးချမ်းမှုဖြစ်မည်နည်း။ အသင်တို့ ခံနေရသော အပြစ်ဒဏ်သည်ပင်လျှင် တစ်စတစ်စ အမြဲတစေ တိုးပွားနေပေမည်။ ထို့ကြောင့် အသင်တို့၏ အပြစ်ဒဏ်တွင်လည်း နှစ်ဆကဲ့သို့သာ ဖြစ်သွားပေမည်။ သို့ရှိရာ ဤတွက်ချက်မှုအရ အားလုံး

၏ အပြစ်ဒဏ်သည် နှစ်ဆဖြစ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ယခု အပြစ်ဒဏ်၏အစသာ ဖြစ်သည်။ တိုးပွားမှုကို မတွေ့ရသေးသည့်အတွက် ဤသို့ စကားများ ပြောဆိုခြင်းဖြစ်သည်။ အခြားသူများအတွက် ထပ်မံတိုးပွားစေခြင်းကို မိမိတို့၏ ဒေါသကို ဖြေသိမ့်ရာ၌ စိတ်ဖြေစရာဟု ထင်နေရခြင်းဖြစ်ကြောင်း သိရှိရပေသည်။ ပထမ ဝင်ရောက်သူများသည် ဒုတိယဝင်ရောက်သူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ အဖြေကို ကြားသိ၍ အားလုံး၏ အပြစ်ဒဏ်သည် ဤအခြေအနေဟုဆိုဆိုလျှင် အသင်တို့ ကျွန်ုပ်တို့ထက် အပြစ်ဒဏ် လျှော့ပေါ့သည်ဟု အထက်စီးမှ နေ၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကို လည်း လျှော့ပေါ့မည် မဟုတ်သကဲ့သို့ အသင်တို့ကိုလည်း လျှော့ပေါ့မည်မဟုတ်။ သို့ရှိရာ အသင်တို့ သည် မိမိတို့၏ မကောင်းသော ဓလေ့စရိုက်ကြောင့် တိုးပွားနေသည်။ အပြစ်ဒဏ်ကို မြည်းစမ်းနေကြ လေကုန်'ဟု ပြောဆိုကြပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ ٱلَّذِينَ كَذَّبُوا۟
بِـَٔايَٰتِنَا وَٱسْتَكْبَرُوا۟ عَنْهَا لَا تُفَتَّحُ لَهُمْ أَبْوَٰبُ ٱلسَّمَآءِ وَلَا
يَدْخُلُونَ ٱلْجَنَّةَ حَتَّىٰ يَلِجَ ٱلْجَمَلُ فِى سَمِّ ٱلْخِيَاطِ ۚ وَكَذَٰلِكَ
نَجْزِى ٱلْمُجْرِمِينَ ﴿٤٠﴾

၇ : ၄၀ ။ ။ ဧကန်စင်စစ် အကြင်သူတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း ကြောင့်လည်းကောင်း၊ ယင်းအာယသ်တော်များကို မထီလေးစား ပြုမူခြင်းကြောင့်လည်းကောင်း၊ ထိုသူတို့အဖို့ မိုးကောင်းကင်၏ တံခါးများသည် ဖွင့်ထားခြင်း ခံရလိမ့်မည်မဟုတ်ပေ။ ထိုနည်းတူစွာ ကုလားအုတ်သည် အပ်ပေါက်တွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိသမျှ ကာလပတ်လုံး ၎င်းတို့သည်လည်း 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်နိုင်ကြမည်မဟုတ်ချေ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် အပြစ်ရှိသူတို့အား ပြစ်ဒဏ်ပေးတော်မူလေသည်။

لَهُم مِّن جَهَنَّمَ مِهَادٌ وَمِن فَوْقِهِمْ غَوَاشٍ ۚ وَكَذَٰلِكَ نَجْزِى ٱلظَّٰلِمِينَ ﴿٤١﴾

၇ : ၄၁ ။ ။ ၎င်းတို့အဖို့ (ငရဲဘုံ၌) ငရဲမီး၏ အိပ်ယာပင် ရှိမည်။ ထိုနည်းတူစွာ ၎င်းတို့အပေါ်၌ (ငရဲမီး၏) အဖုံး အအုပ်များ ရှိပေမည်။ စင်စစ် ငါအသျှင်မြတ်သည် မတရားကျူးလွန်သူတို့အား ဤနည်းအတိုင်းပင် အပြစ်ဒဏ်ပေးတော်မူပေသည်။

وَٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ
لَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَآ أُو۟لَٰٓئِكَ أَصْحَٰبُ ٱلْجَنَّةِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿٤٢﴾

၇ : ၄၂ ။ ။ သို့ရာတွင် အကြင်သူတို့သည် (ငါအသျှင်မြတ်၏ အာယသ်တော်များကို) သက်ဝင်ယုံကြည်ကြပြီး ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ခဲ့ကြကုန်သည်။ (အမှန်စင်စစ်) ငါအသျှင်မြတ်သည် မည်သူ့ကိုမဆို

ငင်း၏ အင်အားနှင့်အမျှ ပို၍ တာဝန်ပေးတော်မူသည် မဟုတ်ပေ။ ထိုသူတို့ပင်လျှင် 'ဂျန္နသ်'သုခဘုံသားများ ဖြစ်ကြသည်။ ထိုသူတို့သည် ယင်း 'ဂျန္နသ်'သုခဘုံ၌ ထာဝစဉ် နေထိုင်စံမြန်းကြရမည့်သူများ ဖြစ်ကြသည်။

وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ تَجْرِي مِن
تَحْتِهِمُ الْأَنْهَارُ ۖ وَقَالُوا الْحَمْدُ لِلَّهِ الَّذِي هَدَانَا لِهَٰذَا وَمَا كُنَّا
لِنَهْتَدِيَ لَوْلَا أَنْ هَدَانَا اللَّهُ ۖ لَقَدْ جَاءَتْ رُسُلُ رَبِّنَا بِالْحَقِّ ۖ
وَنُودُوا أَن تِلْكُمُ الْجَنَّةُ أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ ﴿٤٣﴾

၇ : ၄၃ ॥ ॥ ထို့ပြင် ငါအသျှင်မြတ်သည် ငင်းတို့၏ စိတ်တွင်းဝယ် (မိမိတို့အချင်းချင်းနှင့် ပတ်သက်၍ ကျန်ရှိနေသော) ရန်ငြိုးရန်စကိုလည်း ထုတ်ပစ်တော်မူမည်။ ငင်းတို့၏ အောက်မှ စမ်းရေချောင်းများ စီးတွေလျက်ရှိပေမည်။ ထို့ပြင် ငင်းတို့သည် (ဤသို့) ပြောဆို (ချီးကျူး) ကြလိမ့်မည်။ 'ကျွန်တော်မျိုးတို့အား ဤနေရာသို့ ပို့ဆောင်တော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာခြင်း အပေါင်းတို့အား ထိုက်တော်မူသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ပို့ဆောင်တော်မမူပါလျှင် ကျွန်တော်မျိုးတို့သည် (ဤနေရာသို့ အလျှင်း) ရောက်ရှိနိုင်ကြမည်မဟုတ်ပေ။ ကေန်စင်စစ် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရစူလ်မန်တော်များသည် အမှန်တရားကိုပင် ယူဆောင်ခဲ့ကြကုန်သည်။' ငင်းပြင် ထိုသူတို့သည် (ဤသို့) အသံပေးခြင်းကို ကြားကြရလိမ့်မည်။ 'ဤသည် အကြင် 'ဂျန္နသ်' သုခဘုံပင်ဖြစ်သည်။' ထို 'ဂျန္နသ်'သုခဘုံကို အသင်တို့ ပြုခဲ့ကြသည့် အရာ (ကောင်းမှု) များကြောင့် အမွေရရှိခဲ့ချေပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤသည် ကာဖိရ်များ 'ဂျဟန္နမ်'သို့ ဝင်ရောက်ရမည့် အနေအထားဖြစ်သည်။ ယခု ငင်းတို့အပေါ်မှ 'ဂျန္နသ်'ဟရာမ်ဖြစ်ခြင်း၏ အခြေအနေကို နားထောင်ကြကုန်။ ငင်းမှာ ငင်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်ညာထားသည့် အာယသ်တော်များ ဖြစ်သည်ဟူ၍ တင်ပြကြသည်။ ယင်းအာယသ်တော်များကို မာန်မာနဖြင့် လက်မခံသည့်အတွက် သေဆုံးပြီးနောက် ငင်းတို့အတွက် မိုးကောင်းကင်တံခါးများကို ဖွင့်ပေးတော်မူမည်မဟုတ်ပေ။ ယင်းအနေအထားသည် သေဆုံးပြီးနောက် 'ကဗရ်'တွင် ခံစားရမည့် အခြေအနေဖြစ်သည်။ ထို့နောက် 'ကေယာမသ်'နေ့တွင် မည်သည့်အခါမှ ငင်းတို့ 'ဂျန္နသ်'တွင်း ဝင်ရောက်ရမည်မဟုတ်ပေ။ ကုလားအုတ်သည် အပ်ပေါက်တွင်း ဝင်ရောက်မဖြတ်ကျော်နိုင်သည့် အချိန်အထိ ဝင်ရောက်ရမည်မဟုတ်ပေ။ ယင်းအချက်သည် လုံးဝမဖြစ်နိုင်သည့်အတွက် ငင်းတို့သည်လည်း လုံးဝ 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်မည်မဟုတ်ပေ။ ငါအသျှင်မြတ်သည် ထိုကဲ့သို့သော အပြစ်ကျူးလွန်သူများကို ဤအတိုင်း ဒဏ်ခတ်တော်မူမည်ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသို့ ဒဏ်ခတ်ရခြင်းသည် မည်သည့်ရန်ငြိုးကြောင့်မှ မဟုတ်ဘဲ ငင်းတို့ ပြုကျင့်ခဲ့သည့်အတိုင်း ခံစားရမည်သာ ဖြစ်သည်။

အထက်၌ 'ဂျဟန္နမ်'တွင်း ဝင်ရောက်ရမည်ဟူ၍ တင်ပြထားပေသည်။ ၎င်းမှာ ထိုသူများအား လေးဘက်လေးရံမှ မီးဝိုင်းရံလျက် ရှိပြီး မည်သည့် ဘက်မှ ငြိမ်းချမ်းမှုရရှိမည်မဟုတ်ပေ။ သို့ရှိရာ ၎င်းတို့၏ အခြေအနေများ ထိုသူများအတွက် 'ဂျဟန္နမ်' မီးသည် အခင်းသဖွယ်ဖြစ်ပြီး ယင်းမီးသည် ၎င်းတို့အတွက် ခြုံစောင်သဖွယ်ဖြစ်မည်။ ငါအသျှင်မြတ်သည် ထိုကဲ့သို့သော အပြစ်ကျူးလွန်သူများကို အဆိုပါအတိုင်း ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ فَمَنْ اَظْلَمُ مِمَّنْ အာယသ်တော်၌ တင်ပြထား ပေသည်။ ၎င်းနောက် အကြင်သူများသည် အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များအပေါ် အီမာန် ယူလာကြပြီး ကောင်းသော ကျင့်စဉ်များကို ကျင့်ကြံကြသည်။ ယင်းကျင့်စဉ်များသည် မည်သို့မှ ခက်ခဲသည့် ကျင့်စဉ်များလည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ အကျင့်တော်မှာ ငါအသျှင်မြတ် သည် မည်သူ့ကိုမှ ၎င်း၏ စွမ်းဆောင်နိုင်သည်ထက် ပို၍ ပြုခိုင်းခြင်း မရှိပေ။ ဤကဲ့သို့သော သူများသာလျှင် 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်ရမည်ဖြစ်သည်။ ထိုသူများသည် 'ဂျန္နသ်'အတွင်း၌ ထာဝရနေထိုင်ရမည်ဖြစ်သည်။ ၎င်းတို့၏ အခြေအနေမှာ ဧည့်သည်များနှင့် မတူညီပေ။ ဧည့်သည်များသည် တစ်ဦးပေါ်တစ်ဦး ပြစ်တင်ရှုချ ပြောဆိုလျက် ရှိကြမည်။ သို့သာမက 'ဂျန္နသ်'သားများ၏ အနေအထားမှာ ၎င်းတို့၏ နှလုံးသားအတွင်း လောကီတွင် ကိစ္စအကြောင်းအရာတစ်ခုခုကြောင့် အနှောင့်အယှက်များ ရှိခဲ့မည်ဆိုလျှင်လည်း ငါအသျှင် မြတ်သည် ထိုအနှောင့်အယှက်များကို ကင်းဝေးအောင် ပြုပေးသနားတော်မူပြီး အချင်းချင်း ချစ်ခင်စိတ်ဖြင့် ထားရှိတော်မူမည်။ ၎င်းတို့၏ နေထိုင်ရာ အဆောက်အဦးများအောက်မှ စမ်းရည်များ စီးဆင်းလျက်ရှိမည်။

၎င်းတို့သည် အစွန်ဆုံး ပျော်ရွှင်မှုများ ရရှိသည့်အတွက် ပြောဆိုကြမည်မှာ 'အလ္လာဟ်အသျှင်မြတ် ၏ ကျေးဇူးတရားများ အလွန်များပြားလှပေသည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့ကို အကယ်၍ မပို့ ဆောင်ပါက ဤနေရာအထိ ကျွန်ုပ်တို့အနေနှင့် ရောက်ရှိနိုင်မည်မဟုတ်ပေ။ ထိုပြောဆိုချက်၌ 'ဤနေရာသို့ ရောက်ရှိမည့် နည်းလမ်းဖြစ်သော အီမာန်နှင့် ကျင့်စဉ်များကို ကျွန်ုပ်တို့အား ပြသတော်မူခဲ့ပြီး ယင်းအပေါ် ကျင့်သုံးနိုင်စွမ်းကိုလည်း ပေးသနားတော်မူ၏'ဟူသော အချက်များလည်း ပါဝင်ပေသည်။ မုချကေန် ကျွန်ုပ် တို့၏ နဗီတမန်တော်များသည် မှန်ကန်သော စကားများကို ယူဆောင်လာပါ၏။' သို့ရှိရာ ၎င်းနဗီများသည် အကြင်ကျင့်သုံးခြင်းအပေါ် 'ဂျန္နသ်'ရရှိမည်ဟူသော ကတိတော်မှာ အမှန်ပင် ဖြစ်၏။ ၎င်းနောက် အသင် တို့၏ ကောင်းသော ကျင့်သုံးမှုများ၏အစား 'ဂျန္နသ်'ကို ချီးမြှင့်တော်မူပါ၏ဟူ၍ ၎င်းတို့အား ကြေငြာ ပြောဆိုမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ပညတ်ချက်များ

အချို့အာယသ်တော်များတွင် ဦးစွာပထမ ကတိခံဝန်ချက်တစ်ခုကို တင်ပြထားပေသည်။ ၎င်းမှာ ဤလောကသို့ မရောက်မီအလျှင် ဝိညာဉ်လောကမှာပင် လူသားတိုင်းမှ ရယူထားသော ကတိခံဝန်ချက်ပင် ဖြစ်သည်။ ၎င်းမှာ ငါအသျှင်မြတ်၏ ရစူလ်များသည် အသင်တို့ထံ လမ်းမှန်တရားများနှင့် အမိန့်ပညတ်

ချက်များကို ယူဆောင်လာမည်ဆိုလျှင် ထိုအရာများကို စိတ်တွင်းမှ လေးလေးနက်နက် လက်ခံပြီး ယင်းအပေါ် လိုက်နာကျင့်သုံးရမည်။ ၎င်းနောက် ထပ်ဆင့် တင်ပြထားသည်မှာ အကြင်မည်သူမဆို လောကသို့ ရောက်ရှိပြီးသည့်နောက် ထိုကတိဝန်ခံချက်အပေါ် မားမားမတ်မတ် ရပ်တည်၍ ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်မည်ဆိုလျှင် ထိုသူသည် သောကဟူသမျှမှ လွတ်မြောက်မှုကို ရရှိမည်ဖြစ်ပြီး ထာဝရငြိမ်းချမ်းမှုကို ရရှိထိုက်သူဖြစ်မည်။ ၎င်းနောက် အကြင်သူသည် နဗီတမန်တော်များအား လိမ်လည်လှည့်ဖြားမည် (သို့) အမိန့်များကို ဖီဆန်မည်ဆိုလျှင် ထိုသူများအတွက် 'ဂျဟန္နမ်'၏ ထာဝရပြစ်ဒဏ်များကို သတ်မှတ်ထားပေသည်။ ဖော်ပြပါအာယသ်တော်များတွင် ဤလောက၌ ရောက်ရှိလာပြီးနောက် လူသားများအနေနှင့် အုပ်စုအသီးသီးကို ရွေးချယ်ရခြင်း၏ ဖြစ်ရပ်ပုံစံကို ဖော်ထုတ်ပြသထားပေသည်။ ၎င်းမှာ အချို့သူများသည် ထိုကတိခံဝန်ချက်ကို မေ့ပစ်လိုက်ပြီး ဆန့်ကျင်ဘက်များ ပြုလုပ်ကြသည်။ အချို့သည် ထိုကတိခံဝန်ချက်ပေါ် ရပ်တည်၍ ယင်းနှင့်အညီ ကောင်းသော ကျင့်ကြံမှုများကို ပြုလုပ်ကြသည်။ ဖော်ပြပါအုပ်စုနှစ်စု၏ ရလဒ်အပေါ် 'အဓားဗ်'နှင့် စဝါးဗ်အကြောင်းကို ဖော်ပြပါလေးအာယသ်တော်၌ တင်ပြထားပေသည်။

ပထမနှစ်အာယသ်တော်တွင် ကတိဖျက်သူ၊ ဖီဆန်သူ၊ ပြစ်မှုကျူးလွန်သူများအကြောင်းကို တင်ပြထားပေသည်။ နောက်ဆုံးနှစ်အာယသ်တွင် ကတိအတိုင်း ပြုလုပ်ကြသော အီမာန်ရှင်များနှင့် မွတ်သက္ကီများအကြောင်းကို တင်ပြထားပေသည်။ ပထမအာယသ်တော်တွင် တင်ပြထားသည်မှာ နဗီတမန်တော်များကို လိမ်ညာသောသူများ၊ (သို့) ငါအသျှင်မြတ်၏ လမ်းမှန်တရားနှင့် အာယသ်တော်များနှင့်ယှဉ်လျက် မာန်မာနနှင့် ဆက်ခံသူများအတွက် မိုးကောင်းကင်တံခါးများ ဖွင့်ပေးမည်မဟုတ်ပေ။

သဖ်စီးရ်ဗဟ်ရေမိုဟီသ်ကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ် အိဗ်နေ အဗ္ဗားစ် ﷺ သခင်၏ အကျယ်ဖွင့်ဆိုချက်ကို ဤသို့ တင်ပြထားပေသည်။ ၎င်းမှာ ထိုသူများ၏ ကျင့်ကြံမှုများအတွက် မိုးကောင်းကင်တံခါးများ ဖွင့်ပေးမည်မဟုတ်သကဲ့သို့ ၎င်းတို့၏ ဒိုအာများအတွက်လည်း ဖွင့်ပေးမည်မဟုတ်ပေ။ အလိုသဘောမှာ ၎င်းတို့၏ တောင်းဆုများကို လက်ခံတော်မူမည်မဟုတ်ပေ။ ၎င်းတို့၏ ကျင့်ကြံမှုများကို အလ္လာဟ်အသျှင်မြတ်၏ ကောင်းသော ဗန္ဒာဟ်များ၏ ကျင့်ကြံမှုများကို ထိန်းသိမ်းထားသော နေရာအထိ မရောက်ရှိရန် တားဆီးထားမည်ဖြစ်သည်။ ယင်းနေရာအား ကျမ်းတော်မြတ်တွင် 'စူရာဟ်မုသွဖ်ဖိဖ္ဖီးန်'၌ عِلِّيِّين ဟူ၍ တင်ပြထားပေသည်။ ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ထိုအကြောင်းအရာကို ရည်ညွှန်းမိန့်တော်မူသည်မှာ-

اِلَيۡهِ يَصۡعَدُ الۡكَلِمُ الطَّيِّبُ وَالۡعَمَلُ الصَّالِحُ يَرۡفَعُهٗ

ဆိုလိုသည်မှာ လူသားများ၏ ကောင်းသောစကားများကို အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ ယူဆောင်တော်မူသွား၏။ ယင်းစကားများကို ထိုသူ၏ ကောင်းသော ကျင့်ကြံမှုများက မ,ယူသွားကြသည်။ ဆိုလိုသည်မှာ လူသားတို့၏ ကောင်းသော ကျင့်ကြံမှုများသည် ထိုသူ၏ ကောင်းသော စကားများကို အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ ပို့ဆောင်ပေးရာ အကြောင်းခံများဖြစ်ပေသည်။

၎င်းနောက် ဆင့်ပြန်ချက်တစ်ခုတွင် ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေအဗ္ဗာ:စ် رضي الله عنهما နှင့် အခြားဆွဟာဗာများမှ ဖော်ပြပါအာယသ်တော်၏ အကျယ်တဝင့်ကို တင်ပြထားသည်မှာ ဖီဆန်သူများနှင့် ကာဖိရ်များ၏ ဝိညာဉ်များအတွက် မိုးကောင်းကင်တံခါးများ ဖွင့်ပေးမည်မဟုတ်ပေ။ ယင်းဝိညာဉ်များကို အောက်သို့ ပစ်ပေါက်လိုက်မည်ဖြစ်သည်။ ထိုအကြောင်းအရာ၏ လေးနက်မှုကို ဟဇရသ်ဗရာအ်အိဗ်နေအာဇိဗ် رضي الله عنه ၏ ဟဒီးစ်တော်မှ ထောက်ခံထားပေသည်။ ယင်းဟဒီးစ်တော်ကို အဗူဒါဝူးဒ်၊ နစာအီ၊ အိဗ်နေမာဂျာဟ်နှင့် အေမာမ်အဟ်မဒ်တို့မှ အကျယ်တဝင့် တင်ပြထားပေသည်။ ယင်း၏ အကျဉ်းချုပ်မှာ တမန်တော်မြတ် ﷺ သည် အန်ဆွာရီတစ်ဦး၏ 'ဂျနာဇာဟ်'သို့ ကြွမြန်းသွားတော်မူရာ 'ကဗရ်'အဆင့်သင့်မဖြစ်သေးသည့်အတွက် တစ်နေရာ၌ ထိုင်နေတော်မူ၏။ ဆွဟာဗာများလည်း ကိုယ်တော့်အပါးတွင် ငြိမ်သက်စွာ ထိုင်နေကြသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် ဦးမော့၍ မိန့်တော်မူသည်မှာ အီမာန်ရှင်များ ကွယ်လွန်သည့်အခါတွင် ၎င်းတို့အတွက် မိုးကောင်းကင်မှ ဖြူဖွေးဝင်းလက်လျက်ရှိသော မျက်နှာများဖြင့် ဖရစ်ရှ်သာဟ်များ ရောက်ရှိလာကြသည်။ ယင်းဖရစ်ရှ်သာဟ်များနှင့်အတူ 'ဂျန္နသ်'မှ ကဖန်နှင့် အမွှေးအကြိုင်များ ပါရှိသည်။ ထိုဖရစ်ရှ်သာဟ်များသည် ကွယ်လွန်သူရှေ့၌ ထိုင်လိုက်ကြသည်။ တစ်ဖန် အသက်နုတ်မည့် ဖရစ်ရှ်သာဟ် အိစ္စရာအီးလ် عليه السلام ရောက်ရှိလာပြီး ထိုသူ၏ ဝိညာဉ်ကို မိန့်ကြားတော်မူသည်မှာ အို၊ တည်ငြိမ်မှု ရရှိထားသော ဝိညာဉ်၊ အသျှင်မြတ်၏ ခွင့်လွှတ်ခြင်းနှင့် နှစ်သက်မှုကို ရယူရန်အတွက် ထွက်လော။ ထိုအခါ ၎င်းသူ၏ဝိညာဉ်သည် ကိုယ်ခန္ဓာမှ လွယ်ကူစွာ ထွက်သွားတော့၏။ ပမာဆိုရသော် ရေခရားဘူးစွပ်ကို ဖွင့်လိုက်လျှင် ထိုအထဲမှ ရေထွက်ကျလာသည့်နည်းတူ ဖြစ်သည်။ ထိုသူ၏ ဝိညာဉ်ကို အသက်နုတ်သော ဖရစ်ရှ်သာဟ်မှ မိမိလက်ဖြင့် ယူ၍ ထိုဖရစ်ရှ်သာဟ်များအုပ်စုကို အပ်နှင်းလိုက်၏။ ဖရစ်ရှ်သာဟ်များက ထိုဝိညာဉ်ကို သက်ဆောင်သွားနေစဉ် ဆုံတွေ့ကြသော ဖရစ်ရှ်သာဟ်များက ဤသန့်ပြန့်သောဝိညာဉ်သည် မည်သူ၏ ဝိညာဉ်ဖြစ်ပါသနည်းဟူ၍ မေးမြန်းကြသည်။

ထိုအခါ သယ်ဆောင်သွားသော ဖရစ်ရှ်သာဟ်များက လောကတွင် ဂုဏ်သိက္ခာအတွက် သုံးနှုန်းကြသော ဂုဏ်ပုဒ်များဖြင့် ထိုဝိညာဉ်၏ အမည်ကို ပြောဆိုကြသည်။ ဤဝိညာဉ်သည် မည်သူမည်ဝါ၏ သား မည်သူဖြစ်သူ၏ ဝိညာဉ်ဖြစ်ပါသည် ဟူ၍ တင်ပြကြသည်။ ဤသို့ဖြင့် ဝိညာဉ်ကို သယ်ဆောင်လာကြသော ဖရစ်ရှ်သာဟ်များသည် မိုးကောင်းကင်ပထမထပ်သို့ ရောက်ရှိလာပြီး တံခါးဖွင့်ခိုင်း၏။ တံခါးပွင့်လာပြီး ယင်းအထပ်မှ အခြားဖရစ်ရှ်သာဟ်များလည်း အတူလိုက်ပါလာ၏။ ဤအတိုင်းပင် မိုးကောင်းကင် ခုနစ်ထပ်စလုံးကို ကျော်ဖြတ်ပြီး အထက်သို့ ရောက်သွားပြီးနောက် အလ္လာဟ်အသျှင်မြတ်က ဤဝိညာဉ်၏ ကျင့်ကြံထားသော စာရင်းအင်းကို عليين ၌ သိမ်းဆည်းထားလိုက်ကြကုန်။ ထိုဝိညာဉ်ကို ပြန်သွားခွင့် ပြုလိုက်ကြကုန်။ ဤသို့ဖြင့် ဝိညာဉ်သည် 'ကဗရ်' သို့ ပြန်ရောက်လာပြီးနောက် မေးမြန်းစစ်ဆေးမည့် ဖရစ်ရှ်သာဟ်များ ရောက်လာပြီး မေးခွန်းများ မေးမြန်းလေ၏။ ၎င်းမေးခွန်းများမှာ 'အသင်၏ သာသနာသည် မည်သည့်သာသနာ ဖြစ်သနည်း။ အသင်၏ မွေးမြူဖန်ဆင်းရှင်မှာ မည်သူနည်း။' ထိုအခါ ဗန္ဒာဟ်မှ ဖြေကြားသည်မှာ 'ကျွန်ုပ်အား မွေးမြူဖန်ဆင်းရှင်မှာ အလ္လာဟ်အသျှင်မြတ်ဖြစ်သည်။ သာသနာမှာ အစ္စလာမ် သာသနာဖြစ်သည်။ တစ်ဖန် မေးမြန်းမည်မှာ 'ဤမွန်မြတ်သော ပုဂ္ဂိုလ်အား အသင့်အတွက် စေလွှတ်ခဲ့၏။

၄င်းမှာ မည်သူနည်း။' ထိုအခါ ဇန္နာဟ်က 'အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ဖြစ်ပါသည်'ဟူ၍ အသံထွက်ပေါ် လာမည်။ တစ်ဆက်တည်းမှာပင် 'ထိုဇန္နာဟ်အတွက် 'ဂျန္နသ်'မှ အခင်းကို ခင်းပေးလိုက်ပါ။ ထိုတံခါးမှ 'ဂျန္နသ်'၏ အမွှေးအကြိုင်များနှင့် လေပြေလေအေး များ ရရှိလျက်ရှိမည်။ ၄င်းနောက် ထိုသူ၏ ကောင်းသော 'အမလ်'များသည် ချောမောလှပသည့်ပုံစံဖြင့် ထိုသူ့ထံသို့ ပျော်မွေ့စေရန်အတွက် ရောက်ရှိလာမည်။

ယင်းအီမာန်ရှင်များနှင့် ဆန့်ကျင်ဘက်အုပ်စုဖြစ်သော ကာဖိရ်များထံသို့ သေဆုံးချိန်ရောက်ရှိလာသောအခါ မိုးကောင်းကင်မှ ကြောက်မက်ဖွယ်ကောင်းသော ပုံစံနှင့် အနက်ရောင်ရှိသော ဖရစ်ရှ်သာဟ်တစ်ပါးသည် ဆိုးရွားလှသော လက်နက်တစ်ခု ဆွဲကိုင်ကာ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ တစ်ဖန် အသက်နှုတ်သော ဖရစ်ရှ်သာဟ်သည် ၄င်းသူ၏ ဝိညာဉ်အား ဝါဂွမ်းကို ဆူးခြောင့်များထဲမှ ဆွဲထုတ်သည့်အလား ဆွဲထုတ် နှုတ်ယူတော်မူ၏။ ဝိညာဉ်မှာ အသေကောင်တစ်ကောင်ထက်မက ပို၍ အပုပ်နံ့ထွက်နေမည် ဖြစ်သည်။ ဖရစ်ရှ်သာဟ်များက ဤဝိညာဉ်သည် မည်သည့်သူယုတ်မာ၏ ဝိညာဉ်ဖြစ်သနည်း။ ထိုအခါ လောကတွင် အဆိုးရွားဆုံးအသုံးပြုသော ဂုဏ်ပုဒ်များဖြင့် ၄င်း၏ အမည်ကို မည်သူမည်ဝါ၏ သားဖြစ်ပါသည်ဟူ၍ တင်ပြပေမည်။ ဤသို့နှင့် မိုးကောင်းကင်ပထမထပ်သို့ ရောက်သော် တံခါးဖွင့်ရန် ပြောဆိုသော်လည်း ယင်းဝိညာဉ်အတွက် တံခါးများ မဖွင့်ပေးခဲ့ချေ။ သို့သာမက မိန့်ကြားသည်မှာ ထိုဇန္နာဟ်၏ စာရင်းကို سِجِّين တွင်ထားလိုက်ကြကုန်။ ယင်းနေရာသည် ဖီဆန်သောသူများ ကျင့်ကြံထားသော စာရင်းများထားရှိရာ နေရာဖြစ်ပေသည်။ တစ်ဖန် ထိုဝိညာဉ်ကို လွှတ်ပစ်လိုက်သည့်အတွက် ကိုယ်ခန္ဓာတွင်း ပြန်ရောက်လာ၏။ ဖရစ်ရှ်သာဟ်များက ထိုဇန္နာဟ်ကို ထိုင်စေပြီး အီမာန်ရှင်များကို မေးမြန်းသကဲ့သို့ မေးမြန်းသောအခါ ၄င်းကာဖိရ်များက ကျွန်ုပ် မည်သည့်အရာမျှ မသိပါဟူ၍ ဖြေကြားမည် ဖြစ်သည်။ ၄င်းကာဖိရ်အတွက် အခင်းမှာ 'ဂျဟန္နမ်'အခင်းဖြစ်ပြီး 'ဂျဟန္နမ်'၏ ဝတ်ရုံကို ဝတ်ဆင်ပေးမည်ဖြစ်သည်။ ၄င်းနောက် 'ဂျဟန္နမ်'ဘက်သို့ တံခါးဖွင့်ပေးတော်မူမည်။ ယင်းတံခါးမှ 'ဂျဟန္နမ်'၏ အပူရှိန်များ ဝင်ရောက်လျက် ရှိနေမည်။ ထိုသူ၏ 'ကဗရ်'ကိုလည်း ကျဉ်းမြောင်းအောင် ပြုလုပ်တော်မူမည်ဖြစ်သည်။ အချုပ်ဆိုရသော် ထိုဟဒီးစ်မှ သိရှိရသည်မှာ ဖီဆန်သူများနှင့် ကာဖိရ်များ၏ ဝိညာဉ်များကို မိုးကောင်းကင်ထိ ယူဆောင် သွား၏။ မိုးကောင်းကင်တံခါးများ ယင်းဝိညာဉ်များအတွက် ဖွင့်ပေးမည်မဟုတ်ပေ။ ထိုနေရာမှပင် လွှတ်ပစ် လိုက်မည်ဖြစ်သည်။ ဖော်ပြပါအာယသ်တော် لَا تُفَتَّحُ لَهُمْ اَبْوَابُ السَّمَاءِ ၏ အလိုသဘောမှာ သေဆုံးမည့်အချိန်တွင် ၄င်းတို့၏ ဝိညာဉ်များအတွက် မိုးကောင်းကင် တံခါးများ ဖွင့်ပေးမည်မဟုတ်ဟူ၍လည်း ဖြစ်နိုင်သည်။

အာယသ်တော်၏ နောက်ဆုံးတွင် ထိုသူများနှင့် ပတ်သက်၍ မိန့်တော်မူထားသည်မှာ-

وَلَا يَدْ خُلُوْنَ الْجَنَّةَ حَتّٰى يَلِــجَ الْجَمَلُ فِىْ سَمِّ الْخِيَاطِ

ယင်းအာယသ်တော်တွင် يلج ၏ အဓိပ္ပာယ်မှာ 'ကျဉ်းမြောင်းသောနေရာ၌ ဝင်ရောက်ခြင်း' ဖြစ်ပြီး جمل ဆိုသည်မှာ 'ကုလားအုတ်'ကို ခေါ်ဆိုပေသည်။ سَمٌّ ဆိုသည်မှာ အပ်ပေါက်ကို ခေါ်သည်။

အလိုသဘောမှာ ထိုသူများသည် ကုလားအုတ်ကဲ့သို့ ကိုယ်ခန္ဓာကြီးထွားသော တိရစ္ဆာန်အား အပ်ပေါက်ထဲသို့ ထိုးသွင်းနိုင်သည့်အချိန်အထိ 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ရမည်မဟုတ်ပေ။ အလိုသဘောမှာ အပ်ပေါက်တွင်းသို့ ကြီးမားသော ကုလားအုတ်ကို ထိုးသွင်းရမည်မှာ မဖြစ်နိုင်သောအရာ ဖြစ်သည်။ ထိုနည်းတူစွာ ၄င်းတို့အနေနှင့်လည်း 'ဂျန္နသ်'အတွင်းသို့ မည်သည့်နည်းနှင့်မျှ ဝင်ရောက်နိုင်မည်မဟုတ်ပေ။ ယင်းဥပမာအား တင်ပြရခြင်းမှာ ထိုသူများအတွက် 'ဂျဟန္နမ်'၏ 'အဇာဗ်'သည် ထာဝရဖြစ်ကြောင်းကို ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ ထို့နောက် ၄င်းသူများ၏ 'ဂျဟန္နမ်'ပြစ်ဒဏ်သည် ပို၍ ပြင်းထန်မည်ဆိုကြောင်းကို ဤသို့ မိန့်ဆိုထားပေသည်။

لَهُمْ مِنْ جَهَنَّمَ مِهَادٌ وَّمِنْ فَوْ قِهِمْ غَوَاشٍ

ဟူ၍ ဖြစ်သည်။ **مهاد** ၏ အဓိပ္ပာယ်မှာ အခင်းဖြစ်ပြီး **غواش** ဟူသော စာလုံးသည် **غاشية** ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ ဖုံးအုပ်သောအရာဟူ၍ ဖြစ်သည်။ အလိုသဘောမှာ ၄င်းတို့၏ ခြုံထည်များနှင့် အခင်းများအားလုံးသည် 'ဂျဟန္နမ်'၏အရာများသာလျှင် ဖြစ်မည်။ ပထမအာယသ်တော်တွင် 'ဂျန္နသ်'တော်မှ နဖူးစာမဲ့ခြင်းအကြောင်းကို တင်ပြပြီး အဆုံး၌

وَكَذٰلِكَ نَجْزِى الْمُجْرِمِيْنَ

ဟူ၍ မိန့်တော်မူထားပေသည်။ ဒုတိယအာယသ်တော်တွင် 'ဂျဟန္နမ်'၏ 'အဇာဗ်'များကို တင်ပြထားပြီး အဆုံး၌

وَكَذٰ لِكَ نَجْزِى الظّٰلِمِيْنَ

ဟူ၍ မိန့်တော်မူထားပေသည်။ ယင်းသို့ မိန့်တော်မူရခြင်းသည် အဆိုပါထက် ပို၍ ပြင်းထန်ခြင်းကြောင့်ပင် ဖြစ်သည်။

တတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအပေါ် လိုက်နာကျင့်သုံးသူများသည် 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ရမည့်သူများ ဖြစ်ကြပြီး ယင်း'ဂျန္နသ်'တွင်း ထာဝရနေထိုင်ရမည့်သူများ ဖြစ်သည်ဟူ၍ တင်ပြထားပေသည်။

တရားတော်၏ ပညတ်ချက်များတွင် လွယ်ကူမှုကို ထောက်ထားခြင်းအကြောင်း

ထိုသူများမှာ အီမာန်ရှင်များဖြစ်ကြပြီး ကောင်းသောကျင့်စဉ်များကို ကျင့်ကြံကြသောသူများ ဖြစ်ကြရမည်ဟူ၍ ဤနေရာ၌ ၄င်းတို့အတွက် စည်းမျဉ်းသတ်မှတ်ထားပေသည်။ တစ်ဆက်တည်းမှာပင် မဟာကရုဏာတော်ဖြင့် မိန့်ဆိုထားသည်မှာ-

لَا نُكَلِّفُ نَفْسًا اِلَّا وُسْعَهَا

ယင်း၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်ဗန္ဒာဟ်ကိုမှ ၄င်းတို့ ပြုစွမ်းနိုင်သည်ထက် ပို၍ တာဝန်ကို ပေးအပ်ခြင်းမရှိပေ။ ၄င်း၏ ရည်ရွယ်ချက်မှာ 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်စေရန်

သတ်မှတ်ထားသော ကောင်းသည့် ကျင့်စဉ်များများသည် မည်သို့မှ ခက်ခဲသည့်ကျင့်စဉ်မျိုးပင် မဟုတ်ပေ။ လူသားအနေနှင့် မပြုနိုင်သော အရာလည်း မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် တရားတော်၏ ပညတ်ချက်များကို အခန်းကဏ္ဍတိုင်းတွင် လွယ်ကူအောင် ပြုပေးထားပေသည်။ မကျန်းမာခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ခရီး၌ဖြစ်ခြင်းနှင့် အခြားလူသားများ၏ လိုအပ်ချက်များတွင်ရှိသော အမိန့်များကို ထောက်ထား၍ လွယ်ကူမှုပေးထားပေသည်။

၎င်းနောက် သဖ်စီးရိုဗဟ်ရေမိုဟီးသွ်ကျမ်း၌ တင်ပြထားသည်မှာ လူသားကို ကောင်းသောကျင့်စဉ်များ ကျင့်ကြံရန် မိန့်ဆိုသောအခါ ကောင်းသော ကျင့်စဉ်များအားလုံးအပေါ် နေရာတိုင်း၌ လိုက်နာကျင့်သုံးနိုင်စွမ်းကို လူသားတိုင်းအနေနှင့် ရှိနိုင်မည်မဟုတ်ဟူသော အတွေးအခေါ်မျိုးဖြစ်လာသည့်အတွက် ယင်းဒွိဟ ကင်းဝေးစေရန်အတွက် အဆိုပါဝါကျမှ မိန့်တော်မူနေသည်မှာ ငါအသျှင်မြတ်သည် လူသားအားလုံး၏ ဘဝအသီးသီးနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အခြေအနေတိုင်းနှင့် အချိန်အခါတိုင်း၊ နေရာတိုင်း အတွက် သင့်လျော်သည့် မိန့်ကြားချက်များကို မိန့်ကြားထားပေသည်။ ယင်းအမိန့်များအပေါ် ကျင့်သုံးရန် မည်သို့မျှ အခက်အခဲမရှိပေ။

'ဂျန္နသ်'သူ/ သားများ၏ နှလုံးသားထဲမှ အချင်းချင်းထားရှိသော စိတ်ငြိုငြင်မှုများကို ထုတ်ပစ်တော်မူခြင်း

စတုတ္ထအာယသ်တော်တွင် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများ၏ ထူးခြားသော အခြေအနေနှစ်ရပ်ကို တင်ပြထားပေသည်။ တစ်ချက်မှာ-

وَنَزَعْنَا مَافِى صُدُوْرِهِمْ مِنْ غِلٍّ تَجْرِى مِنْ تَحْتِهِمُ الْاَنْهٰرُ

ဆိုလိုသည်မှာ အကယ်၍ 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများ၏ နှလုံးသားအတွင်း အခင်းချင်း၌ စိတ်ငြိုငြင်မှုများ ရှိနေမည်ဆိုလျှင် ငါအသျှင်မြတ်သည် ထိုငြိုငြင်မှုများကို ထုတ်ပစ်တော်မူမည်ဖြစ်သည်။ ယင်းလူများသည် လုံးဝ ပျော်ရွှင်စွာဖြင့် ညီနောင်များကဲ့သို့ 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်ကြပြီး နေထိုင်ကြမည်ဖြစ်သည်။

ဘိုခါရီကျမ်းတွင် တင်ပြထားသည်မှာ အီမာန်ရှင်များသည် 'ပွလ်စွေရားသ်'အား ဖြတ်ကျော်၍ 'ဂျဟန္နမ်'မှ လွတ်မြောက်သွားသောအခါ ၎င်းတို့အား 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'ကြားရှိ တံတားတစ်ခုအပေါ် တားဆီးထားပြီး ယင်းတို့အချင်းချင်း၌ နှလုံးသားတွင် ငြိုငြင်စရာများ ရှိနေခဲ့လျှင် (သို့) တစ်ဦးနှင့်တစ်ဦး ပေးဆပ်ဖွယ်ရာများ ရှိနေခဲ့မည်ဆိုလျှင် ယင်းအရာများအားလုံးကို ရှင်းပစ်တော်မူမည်။ ဤနည်းဖြင့် မနာလိုစိတ်၊ ရန်ငြိုးစိတ်များမှ ကင်းဝေးပြီး 'ဂျန္နသ်'တွင်း ဝင်ရောက်ရမည်ဖြစ်သည်။

သဖ်စီးရ်မဇ္ဖဟရီကျမ်းတွင် တင်ပြထားသည်မှာ ဤဖော်ပြပါ တံတားသည် 'ပွလ်စွေရားသ်'၏ နောက်ဆုံးပိုင်းဖြစ်သည်ဟု ထင်ရပေသည်။ ယင်းအစိတ်အပိုင်းသည် 'ဂျန္နသ်'နှင့် တစ်ဆက်တည်းရှိသည်။ သုခမိန်ကြီးယူသွိ (ရဟ) ကလည်း အဆိုပါအချက်ကို လက်ခံထားပေသည်။ ထိုနေရာ၌ ရပိုင်ခွင့်များကို

တောင်းဆိုမည်ဆိုလျှင် ယင်းတောင်းဆိုချက်အား ငွေကြေးဖြင့် ပေးဆပ်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌ မည်သူ့ထံမှ ငွေကြေးရှိမည်မဟုတ်ပေ။ သို့သာမက ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတွင် တင်ပြထားသော ဟဒီးစ်တော်အရ ကျင့်စဉ် 'အအ်မာလ်'များဖြင့်သာ ပေးဆပ်ရမည်ဟူ၍ သိရှိရပေသည်။ ရပိုင်ခွင့်အစား ထိုသူ့ကို 'အအ်မာလ်'များ ပေးဆပ်ရမည်ဖြစ်သည်။ ထိုသို့ ပေးဆပ်လျက် 'အအ်မာလ်'များ ကုန်ဆုံးသွားခဲ့သည်ဆိုလျှင် ပေးဆပ်ရန် ကျန်ရှိသေးသောသူများ၏ အပြစ်များကို ထိုသူ့အပေါ်သို့ ပုံပေးလိုက်မည်ဖြစ်သည်။

ထိုဆင့်ပြန်ချက်မှ ဝတ္တရားများကို ကျေပွန်ရန်နှင့် အစားရယူရမည့်နည်းများကို တင်ပြထားပေသည်။ သို့သော် အဆိုပါအတိုင်း အားလုံး ရင်ဆိုင်ရမည်ဟူ၍ မဟုတ်ပေ။ သို့သာမက အိဗ်နေကစီးရ်နှင့် သဖ်စီးရ်မဇ္ဖဟရီ၏ ဆင့်ပြန်ချက်များနှင့်အညီ သိရှိရသည်မှာ ထိုနေရာ၌ ကလဲ့စားချေခြင်းမပြုဘဲ တစ်ဦးနှင့် တစ်ဦး ထားရှိသည့် ငြိုငြင်မှုများကို ကင်းဝေးစေတော်မူမည်ဆိုလျှင်လည်း ဖြစ်နိုင်ပေသည်။

အချို့ဆင့်ပြန်ချက်များမှ သိရှိရသည်မှာ ၎င်းသူများ 'ပွလ်ဇွေရားသ်'မှ ဖြတ်ကျော်သွားပြီးသောအခါ စမ်းရေချောင်းတစ်ခုသို့ ရောက်ရှိကြမည်။ ထိုစမ်းချောင်းမှ ရေကို သောက်သုံးကြမည်။ ထိုရေ၏ ထူးခြားချက်ကြောင့် စိတ်တွင်းရှိသော ညစ်ညမ်းမှုများ သန့်စင်သွားမည်။ အေမာမ်ကုရ်သုဗီ (ရဟ) သည်

وسقىهم ربهم شرابا طهورا

ဟူသော အာယသ်တော်ကို အကျယ်ဖွင့်ဆိုရာ၌ တင်ပြထားသည်မှာ 'ဂျန္နသ်'၏ ထိုရေဖြင့် စိတ်တွင်းရှိ ညစ်ညမ်းမှုဟူသမျှ သန့်စင်သွားမည်ဖြစ်သည်။

ဟဇရတ်အလီ (رضي الله عنه) သခင်သည် တစ်ခါက အဆိုပါအာယသ်တော်ကို ဖတ်ရွတ်ပြီး မိန့်ဆိုသည်မှာ ကျွန်ုပ်နှင့် အွတ်စ်မာန် သွလ်ဟာဟ်၊ ဇိုဗိုင်းရ် စသည်တို့သည် 'ဂျန္နသ်' အတွင်း မဝင်ရောက်မီအလျင် နှလုံးသားများကို ညစ်ညမ်းခြင်းမှ စင်ကြယ်ခြင်းခံရသောသူများထံမှ ဖြစ်ကြမည်ဟု ကျွန်ုပ် မျှော်လင့်ပေသည်။ *[အိဗ်နေကစီးရ်]*

ယင်းပုဂ္ဂိုလ်များအကြား အချင်းချင်းတွင် လောကီရေးရာနှင့်ပတ်သက်ပြီး ကွဲလွဲချက်များ ဖြစ်ခဲ့ကြသည်။ ယင်းအချက်ကြောင့် စစ်ထိုးသည့်အထိ ဖြစ်ပေါ်ခဲ့ရသည်။

'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများ၏ အခြားအနေအထားတစ်ခုကို ဤအာယသ်၌ တင်ပြထားသည်မှာ 'ဂျန္နသ်'တွင်းသို့ ရောက်ရှိပြီး ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ကြမည်မှာ ထိုအသျှင်မြတ်သည် ၎င်းတို့အား 'ဂျန္နသ်'ရရှိရန် လမ်းညွှန်မှုပြုခဲ့သည်။ လွယ်ကူသော လမ်းများကို ပြသတော်မူခဲ့သည်။ အလ္လာဟ်အသျှင်မြတ်၏ မဟာကရုဏာတော် မရှိပါက ကျွန်ုပ်တို့အနေနှင့် ဤနေရာသို့ မည်သို့မှ ရောက်ရှိနိုင်မည်မဟုတ်ဟူ၍ ပြောဆိုကြမည်ဖြစ်သည်။ ယင်းအချက်မှ သိရှိရသည်မှာ မည်သူတစ်ဦးတစ်ယောက်မှ မိမိတို့၏ ကြိုးပမ်းမှုဖြင့် 'ဂျန္နသ်'အတွင်း ဝင်ရောက်မည်မဟုတ်ပေ။ အသျှင်မြတ်၏ မဟာကရုဏာတော်ဖြင့်သာ ဝင်ရောက်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြိုးပမ်းမှုသည် ထိုသူ၏ လက်တွင်း၌ မရှိပေ။ ယင်းကြိုးပမ်းခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ဖြင့်သာ ရရှိနိုင်၏။

'ဟေဒါယသ်'၏ အဆင့်အတန်းများအသီးသီး ရှိ၍ ယင်း၏ နောက်ဆုံးအဆင့်မှာ 'ဂျန္နသ်' အတွင်း ဝင်ရောက်ရခြင်းပင် ဖြစ်ခြင်း

အေမာမ်ရာဂိဗ်အဆွဖ်ဟာနီ (ရဟ) သည် 'ဟေဒါယသ်'စာလုံးကို အကျယ်ဖွင့်ဆိုရာ၌ အလွန်အကျိုးရှိပြီး အရေးပါသော အချက်ကို မိန့်ဆိုထားပေသည်။ ၎င်းမှာ 'ဟေဒါယသ်'ဟူသော စာလုံးသည် အလွန်ကျယ်ပြန့်၍ ယင်း၏ အဆင့်အတန်းများ အသီးသီးရှိပေသည်။ အမှန်စင်စစ် 'ဟေဒါယသ်'ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်ဘက်သို့ သွားသောလမ်းကို ခေါ်ဆိုသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှုရရှိစေသော အဆင့်များမှာလည်း အသီးသီးဖြစ်ပြီး အဆုံးမရှိဖြစ်သည်။ ထိုနည်းတူစွာ 'ဟေဒါယသ်'၏ အဆင့်အတန်းများတွင်လည်း ခြားနားမှုအတိုင်းအတာ ရှိသည်။ 'ဟေဒါယသ်'၏ အနိမ့်ဆုံးအဆင့်မှာ 'ကုဖွရ်' နှင့် ရှရစ်ကမ်မှ လွတ်မြောက်မှုရရှိပြီး အီမာန်ရယူခြင်းပင် ဖြစ်သည်။ ယင်းအီမာန်ကြောင့် လူသား၏ ဦးတည်ရာသည် မှားယွင်းသောဘက်မှ ဖယ်ရှားပြီး အလ္လာဟ်အသျှင်မြတ်ဘက်သို့သာ ဖြစ်ရှိသွား၏။ တစ်ဖန် ဗန္ဒာဟ်နှင့် အလ္လာဟ်အသျှင်မြတ်အကြားရှိသော အကွာအဝေးကို ဖြတ်ကျော်ရသော အဆင့်အတန်းဟူသမျှကို 'ဟေဒါယသ်'ဟူ၍ ခေါ်ဆိုသည်။ ထို့ကြောင့် 'ဟေဒါယသ်'ကို ရှာဖွေရန်အတွက် မည်သည့်အချိန်၊ မည်သည့် လူသားတစ်ဦးမျှ အဆုံးစွန်ဆိုရသော တမန်တော်များပင်လျှင် မလိုအပ်ဟူ၍ မရှိပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် နောက်ဆုံးအချိန်အထိ

اِهْدِ نَا الصِّرَاطَ الْمُسْتَقِيْمَ

အား အမြဲမပြတ်ထုကို သင်ကြားပေးခဲ့သကဲ့သို့ ကိုယ်တိုင်လည်း ထိုဒိုအာကို စဉ်ဆက်မပြတ် တောင်းခံတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှုရစေသော အဆင့်အတန်းများမှာ အဆုံးစွန်ဟူ၍ မရှိပေ။ အဆုံးဆိုရသော် 'ဂျန္နသ်'တွင်းသို့ ဝင်ရောက်ခြင်းကိုလည်း ဤအာယသ်တော်တွင် 'ဟေဒါယသ်'ဟူသော စာလုံးအား သုံးနှုန်းထားပေသည်။ ဆိုလိုသည်မှာ ဤသည် 'ဟေဒါယသ်'၏ နောက်ဆုံးစခန်းပင် ဖြစ်ချေသတည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇

وَنَادٰۤى اَصْحٰبُ الْجَنَّةِ اَصْحٰبَ النَّارِ اَنْ قَدْ وَجَدْنَا مَا وَعَدَنَا
رَبُّنَا حَقًّا فَهَلْ وَجَدْتُّمْ مَّا وَعَدَ رَبُّكُمْ حَقًّا ؕ قَالُوْا نَعَمْ ۚ فَاَذَّنَ
مُؤَذِّنٌۢ بَيْنَهُمْ اَنْ لَّعْنَةُ اللّٰهِ عَلَى الظّٰلِمِيْنَ ۙ﴿۴۴﴾

၇ : ၄၄ ။ ။ ထို့ပြင် (ယင်း) 'ဂျန္နသ်'သုခဘုံသားတို့သည် 'ဂျဟန္နမ်'ငရဲဘုံသားတို့အား 'ငါတို့သည် ငါတို့၏ အသျှင်မြတ်က ငါတို့နှင့် ထားရှိတော်မူသော ကတိတော်အတိုင်း မှန်ကန်စွာ ရရှိကြလေပြီ။ အသင်တို့သည်လည်း အသင်တို့၏

အသျှင်မြတ်က အသင်တို့နှင့် ထားရှိတော်မူခဲ့သော ကတိတော်အတိုင်း မှန်ကန်စွာ ရရှိကြပြီလော'ဟူ၍ ဟစ်အော် (ပြောဆို မေးမြန်း) ကြပေမည်။ ထိုအခါ ၎င်း ('ဂျဟန္နမ်ငရဲသား) တို့က 'ဟုတ်ကဲ့' (ရရှိကြပါပြီ) ဟူ၍ ဖြေကြားကြမည်။ ထို့နောက် ဟစ်အော်သူတစ်ဦးက ၎င်းတို့၏ စပ်ကြားတွင် 'မတရားကျူးလွန်သော သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးကြပါစေ'ဟူ၍ ဟစ်အော်ပြောဆိုပေလိမ့်မည်။

الَّذِيْنَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ۚ وَهُمْ بِالْاٰخِرَةِ كٰفِرُوْنَ ۝

၇ : ၄၅ ။ ။ အကြင် (မတရားကျူးလွန်) သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တိမ်းရှောင်ခဲ့ကြသည် သာမက ထိုလမ်းတော်၌ (အပြစ်ဖြစ်သော) ကွေ့ကောက်မှုကိုလည်း ရှာဖွေစူးစမ်းခဲ့ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် 'အာခိရသ်'နောင်တမလွန်ဘဝကိုလည်း ငြင်းပယ်ကြသူများပင် ဖြစ်ခဲ့ကြကုန်သည်။

وَبَيْنَهُمَا حِجَابٌ ۚ وَعَلَى الْاَعْرَافِ رِجَالٌ يَّعْرِفُوْنَ كُلًّا بِسِيْمٰهُمْ ۚ
وَنَادَوْا اَصْحٰبَ الْجَنَّةِ اَنْ سَلٰمٌ عَلَيْكُمْ ۟ لَمْ يَدْخُلُوْهَا وَهُمْ يَطْمَعُوْنَ ۝

၇ : ၄၆ ။ ။ ၎င်းပြင် ယင်း ('ဂျန္နသ်'သုခဘုံနှင့် 'ဂျဟန္နမ်'ငရဲဘုံ) နှစ်ခုတို့၏ စပ်ကြားတွင် အကာအကွယ်တစ်ခု တည်ရှိသည်။ ထို့ပြင် 'အအ်ရားဖ်' (အမြင့်နေရာ) ၌လည်း များစွာသောသူများ ရှိကြပေမည်။ ၎င်းသူတို့သည် (သုခဘုံသား များနှင့် ငရဲသားတို့) အားလုံးကိုပင် ၎င်းတို့၏ အမှတ်အသားဖြင့် မှတ်မိကြလိမ့်မည်။ ထို့ပြင် ၎င်းသူတို့သည် 'ဂျန္နသ်'သုခဘုံ သားတို့အား (စလာမွန်အာလိုင်းကွန်းမ်) ချမ်းမြေ့သာယာမှုသည် အသင်တို့အပေါ်၌ ရှိပါစေသား'ဟူ၍ ဟစ်အော် (ပြောဆို) ကြလိမ့်မည်။ ထိုသူတို့သည် ယင်း 'ဂျန္နသ်'သုခဘုံသို့ မဝင်ကြရသေးသော်လည်း (ဝင်ရောက်ကြရလိမ့်မည်ဟူ၍) မျှော်လင့် တောင့်တလျက် ရှိကြပေမည်။

وَاِذَا صُرِفَتْ اَبْصَارُهُمْ تِلْقَآءَ اَصْحٰبِ النَّارِ ۙ قَالُوْا رَبَّنَا لَا
تَجْعَلْنَا مَعَ الْقَوْمِ الظّٰلِمِيْنَ ۝

၇ : ၄၇ ။ ။ တစ်ဖန် ၎င်းတို့၏ မျက်စိများကို 'ဂျဟန္နမ်'ငရဲသားဘက်သို့ လှည့်လိုက်သောအခါ 'အို၊ ကျွန်တော်မျိုး တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤမတရားကျူးလွန်သော သူတို့နှင့် အတူ ထားတော်မမူပါနှင့်'ဟူ၍ လျှောက်ထားပန်ကြားကြလိမ့်မည်။

وَنَادٰٓى اَصْحٰبُ الْاَعْرَافِ رِجَالًا
يَّعْرِفُوْنَهُمْ بِسِيْمٰهُمْ قَالُوْا مَآ اَغْنٰى عَنْكُمْ جَمْعُكُمْ وَمَا كُنْتُمْ تَسْتَكْبِرُوْنَ ۝

၇ : ၄၈ ။ ။ ထို့ပြင် 'အအ်ရာဖ်'၌ရှိသော သူတို့က အကြင် (ငရဲဘုံရှိ များစွာသော) သူတို့ကို ဟစ်ခေါ်ကြလိမ့်မည်။ ၎င်းတို့သည် ထိုသူတို့အား ထိုသူတို့၏ အမှတ်အသားဖြင့် မှတ်မိကြလိမ့်မည်။ (ထို့နောက်) ၎င်း (အမြင့်နေရာ၌ ရှိသူ) တို့က

(၎င်းငရဲသားတို့အား) 'အသင်တို့၏ အသင်းအဖွဲ့ လူစုများပြားခြင်းသည်လည်းကောင်း၊ အသင်တို့ မာန်မာနထောင်လွှားခြင်းသည်လည်းကောင်း အသင်တို့အဖို့ အသုံးမဝင်ခဲ့ချေပြီ' ဟူ၍ ပြောဆိုကြပေလိမ့်မည်။

أَهَٰؤُلَاءِ الَّذِينَ أَقْسَمْتُمْ لَا يَنَالُهُمُ اللَّهُ بِرَحْمَةٍ ۚ ادْخُلُوا الْجَنَّةَ لَا خَوْفٌ عَلَيْكُمْ وَلَا أَنتُمْ تَحْزَنُونَ ﴿٤٩﴾

၇ : ၄၉ ။ ။ (၎င်းပြင် 'အအဲရာဖ်'၌ ရှိသူများက ဆက်လက်၍ ကာဖိရ်တို့အား ပြောကြားပေမည်။) 'အသင်တို့ (၎င်း 'ဂျန္နသ်' သုခဘုံသားတို့နှင့် ပတ်သက်၍) အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူတို့အပေါ် ကရုဏာပြုတော်မူလိမ့်မည် မဟုတ်ဟူ၍ ကျိန်တွယ်ပြောဆိုခဲ့ကြသော သူတို့သည် ဤ (သုခဘုံရှိ) အကြင်သူများပင် မဟုတ်ပါသလော။ (သို့ရာတွင်မူ ၎င်းတို့အပေါ်) 'အသင်တို့သည် 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်ကြလေကုန်။ (ထိုဂျန္နသ်တွင်) အသင်တို့အပေါ်၌ မည်သည့် စိုးရိမ်မှုမျှလည်း ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းပြင် အသင်တို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေ။' (ဟူသော အမိန့်တော်သည် ကျရောက်ခဲ့ချေပြီ မဟုတ်ပါသလော။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုပြင်တဝ (သုခဘုံသားတို့သည် သုခဘုံ၌ ဝင်ရောက်စံမြန်းသောအခါဝယ်) 'ဂျန္နသ်' သုခဘုံသားတို့သည် 'ဂျဟန္နမ်' ငရဲသားတို့အား (မိမိတို့၏ ဝမ်းမြောက်ပျော်ရွှင်မှုအား ပေါ်လွင်ထင်ရှားစေရန်နှင့် ၎င်းတို့၏ ပူဆွေးသောက တိုးပွားလာစေရန်အလို့ငှာ) ဤသို့ ဟစ်ခေါ်ပြောဆိုကြကုန်အံ့။ ငါတို့သည် ငါတို့၏ အသျှင်မြတ်က ငါတို့နှင့် ထားရှိတော်မူခဲ့သော ကတိတော်အတိုင်း (အကြောင်းမှာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ပါမူ 'ဂျန္နသ်' ရရှိမည်။) မှန်ကန်စွာ ရရှိကြသည်။ သို့ပါ၍ အသင်တို့သည်လည်း အသင်တို့၏ အသျှင်မြတ်က အသင်တို့နှင့် ထားရှိတော်မူသော ကတိတော်အတိုင်း (အကြောင်းမှာ ကုဖ္ဖရ်ကြောင့် အပယ်ငရဲသို့ လားရမည်ဖြစ်သည်။) မှန်ကန်စွာ ရရှိကြသည်လော။ (ဆိုလိုသည်မှာ ယခုအခါဝယ် အလ္လာဟ်နှင့် ရစူလ် ﷺ သည် မှန်ကန်ကြောင်း မိမိတို့၏ လမ်းမှားခြင်းအား သိရှိသွားမည်ဖြစ်သည်။) ထိုအခါ ၎င်း 'ဂျဟန္နမ်' ငရဲသားတို့က 'ဟုတ်ပါသည်၊ ရရှိကြပါပြီ' ဟု ဖြေကြားလိမ့်မည်။ ထို့နောက် 'ဂျဟန္နမ်' ငရဲသားတို့၏ ဝမ်းနည်းပူဆွေးမှုနှင့် 'ဂျန္နသ်' သုခဘုံသားတို့၏ ဝမ်းမြောက်ပျော်ရွှင်မှု တိုးပွားရန်အလို့ငှာ) အော်ဟစ်သူတစ်ဦးက (ဖရစ်ရှ်သာဟ် ကောင်းကင်တမန်တော်များအနက် ကောင်းကင်တမန်တစ်ပါးကို ဆိုလိုသည်။) ၎င်းတို့၏ စပ်ကြားတွင် (ထ၍) အော်ဟစ်ပြောဆိုအံ့။ မတရားကျူးလွန်သောသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးကြစေသား။ အကြင်မတရား ကျူးလွန်သောသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ (စစ်မှန်သော သာသနာကို ဆိုလိုသည်။) တိမ်းရှောင်ခဲ့ကြသည့်အပြင် ထို (စစ်မှန်သော သာသနာ) လမ်းတော်၌ အကွေ့အကောက် (စကားရပ်) များကို ရှာဖွေစူးစမ်းခဲ့ကြကုန်၏။ (အကြောင်းမှာ ထိုစကားရပ်များ၌ အပြစ်အနာအဆာနှင့် တိမ်းရှောင်မှုများ ပေါ်ပေါက်စေသည်။) ၎င်းပြင် ထိုသူတို့သည် နောင်တမလွန်ဘဝကိုလည်း ငြင်းပယ်သူများပင် ဖြစ်ခဲ့ကြကုန်သည်။

(ယနေ့ ၄င်း၏ ရလဒ်အား ခံစားနေရ၏။ ဤသို့ ပြောဆိုမှုများသည် သုခဘုံသားများ၏ ပြောဆိုမှုပင် ဖြစ်သည်။ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တိမ်းရှောင်ကြသော သူတို့၏ အကြောင်းအား တင်ပြနေသည်။) ၄င်းအပြင် ယင်း ('ဂျန္နသ်'သုခဘုံနှင့် 'ဂျဟန္နမ်'ငရဲဘုံ) နှစ်ခုတို့၏ စပ်ကြားတွင် အကာအကွယ်တစ်ခုသည် (တံတိုင်းကို ဆိုလိုသည်။) တည်ရှိအံ့။ (၄င်းအကြောင်းအရာသည် 'စူရာဟ် ဟဒီးဒ်'၌လည်း တင်ပြထားလေသည်။ فَضُرِبَ بَيْنَهُم بِسُورٍ (ထိုနံရံရှိနေခြင်းအားဖြင့် 'ဂျန္နသ်'၏ သုခချမ်းသာမှုများသည် ငရဲသို့ မရောက်နိုင်ပေ။ ငရဲ၏ ဒုက္ခဆင်းရဲမှုများသည်လည်း 'ဂျန္နသ်'သို့ မရောက်နိုင်ပေ။ ဤနေရာတွင် စကားစမြည်ပြောဆိုခြင်း မည်သို့ ဖြစ်နိုင်မည်နည်း။ ကျန်ရှိနေပေသည်။ သို့ပါ၍ ထိုတံတိုင်းမှ တံခါးပေါက်တစ်ခု ရှိနိုင်သည်။ စူရာဟ်ဟဒီးဒ် ၌ بِسُورٍ لَّهُۥ بَابٌ လာရှိထားသကဲ့သို့ ထိုတံခါးပေါက်မှ ဤသို့ ပြောဆိုမည်ဖြစ်သည်။ 'သို့တည်းမဟုတ် အသံ ရောက်ရှိသွားခြင်းဖြစ်သည်) ထိုမှတစ်ပါး (၄င်းတံတိုင်း၏ သို့မဟုတ် ၄င်း၏အပေါ် အစိတ်အပိုင်းသည် 'အအ်ရားဖ်'ဟု အမည်ရသည်။ ထိုအပေါ် သုခဘုံသားတို့နှင့် ငရဲသားတို့ တစ်ဦးကိုတစ်ဦး တွေ့မြင်နေရလိမ့်မည်။ 'အအ်ရားဖ်' အပေါ်၌လည်း လူများစွာ ရှိကြမည်။ (၄င်းတို့၏ ကောင်းမှုကုသိုလ်များအား 'မီဇာန်'ချိန်ခွင်၌ မျှတစွာ ချိန်တွယ်မည်ဖြစ်သည်) ထိုသူများသည် ('ဂျန္နသ်သုခဘုံသားတို့နှင့် 'ဂျဟန္နမ်'ငရဲသား) အားလုံးတို့ကို 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်' အတွင်း ဝင်ရောက်ရမည့် လက္ခဏာမှအပ) ၄င်းတို့၏ အမှတ်အသားများဖြင့် မှတ်မိကြလိမ့်မည်။ (၄င်းအမှတ်အသားမှာ သုခဘုံသားတို့၏ မျက်နှာများသည် လင်းဝင်းတောက်ပလျက်ရှိ၍ အပယ်ငရဲသားတို့၏ မျက်နှာပေါ်၌ မှောင်မဲနေလိမ့်မည်။ ဒုတိယအာယသ်တော်ဖြစ်သော

وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ ضَاحِكَةٌ

၌ လာရှိသကဲ့သို့) ၄င်းအပြင် 'အအ်ရားဖ်'၌ ရှိကြသောသူများသည် 'ဂျန္နသ်'သုခဘုံသားတို့အား 'အဿလာမိုအာလိုင်းကွန်း' (ချမ်းမြေ့သာယာခြင်းသည် အသင်တို့အပေါ်၌ ရှိပါစေသား) ဟု အော်ဟစ်ပြောဆိုကြလိမ့်မည်။ ဤ 'အအ်ရာဖ်'၌ရှိသော ပုဂ္ဂိုလ်များသည် 'ဂျန္နသ်'သုခဘုံသို့ မဝင်ရောက်ရသေးသော်ငြားလည်း ဝင်ရောက်ကြရလိမ့်မည်ဟု မျှော်လင့်တောင့်တလျက်ရှိကြလိမ့်မည်။ (ဟဒီးစ်တော်၌ လာရှိသည်မှာ ၄င်းတို့၏ မျှော်လင့်ချက်ပြည့်ဝအောင် ပြုပေးသနားတော်မူမည် ဖြစ်သည်။ ထို့ပြင် 'ဂျန္နသ်'သုခဘုံသို့ သွားရန် အမိန့်ရရှိမည်ဖြစ်သည်။ တစ်ဖန် ၄င်းတို့၏ မျက်စိများကို 'ဂျဟန္နမ်'ငရဲသားတို့၏ဘက်သို့ လှည့်လိုက်သောအခါ (စိတ်နာကျင်၍) ထိုသူများသည် အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤမတရားကျူးလွန်သော သူတို့နှင့်အတူ (အပြစ်ဒဏ်၌) ထားတော်မမူပါနှင့်ဟု လျှောက်ထားပန်ကြားကြလိမ့်မည်။ ၄င်းအပြင် ('အအ်ရားဖ်'၌ ရှိသော သူတို့သည် အထက်ဖော်ပြပါ သုခဘုံသားတို့အား စလာမ်မေတ္တာနှင့် စကားပြောဆိုသကဲ့သို့ ထိုနည်းတူစွာ) 'အအ်ရားဖ်' ၌ရှိသော သူတို့က အကြင်များစွာသော သူတို့ကို ဟစ်ခေါ်ကြကုန်အံ့။ ၄င်းတို့သည် ထိုသူတို့အား ထိုသူတို့၏

အမှတ်အသားများဖြင့် မှတ်မိကြမည်။ ထို့နောက် ၎င်းအမြင့်၌ရှိသော သူတို့သည် ဤသို့ ပြောဆိုကြအံ့။ 'အသင်တို့၏ အသင်းအဖွဲ့ လူစုများပြားခြင်းသည်လည်းကောင်း၊ အသင်တို့ မာန်မာန ထောင်လွှားခြင်းသည် လည်းကောင်း (နဗီတမန်တော်များ၏ နောက်လိုက်မပြုခြင်းသည်လည်းကောင်း) အသင်တို့အဖို့ အသုံးမဝင် ခဲ့ချေပြီတကား။ ထို့ပြင် အသင်တို့ မာန်မာနထောင်လွှားမှုကြောင့် မွတ်စ္စလင်မ်များကား သေးသိမ်သည်ဟု မှတ်ယူကြ၍ ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားအား မည်သို့ ခံထိုက်မည်နည်းဟု လည်း ပြောဆိုကြပေမည်။ ပမာဆိုသော်

اَهٰؤُلَآءِ مَنَّ اللّٰهُ عَلَيْهِمْ مِنْ بَيْنِنَا

မှလည်း ဤသို့ အစိပ္ပာယ်ရလေသည်။ သို့ပါ၍ ထိုမွတ်စ္စလင်မ်များအား ယခု အသင်တို့ ရှုစားလော။ ၎င်းအပြင် 'အအ်ရားဖ်'၌ ရှိသောသူများက ဆက်လက်၍ ပြောဆိုမည်မှာ ဤသူများကား ('ဂျန္နသ်'၌ စည်းစိမ်ခံစားနေကြသောသူများ) ထိုသူများပင်လော။ (မွတ်စ္စလင်မ်များကို ဆိုလိုသည်။) အသင်တို့သည် ထိုသူတို့နှင့် ပတ်သက်၍ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် ကရုဏာပြုတော်မူလိမ့်မည်မဟုတ်ဟု ကျိန်တွယ်၍ ပြောဆိုခဲ့ကြသည်။ (သို့ပါ၍ ထိုသူများအပေါ် အလ္လာဟ်အသျှင်မြတ်သည် ဤမျှ ကြီးကျယ် လှသော 'ရဟ်မသ်' ကရုဏာတော်ပြုမည်ဖြစ်သည်။ ၎င်းမှာ) အသင်တို့သည် 'ဂျန္နသ်'ဥယျာဉ်ဘုံသို့ ဝင်ရောက်ကြလေကုန်။ ထိုသုခဘုံတွင် အသင်တို့အပေါ် မည်သည့်စိုးရိမ် မှုမျှလည်း ရှိကြမည်မဟုတ်ပေ။ ၎င်းအပြင် အသင်တို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေဟူသော အမိန့်တော်ပေးခြင်း ခံရပေမည်။

(ဤဝါကျတွင် رِجَالٌ ဟု သီးခြားတင်ပြရခြင်း၏ အကြောင်းမှာ အပြစ် 'ဂိုနာဟ်'ကျူးလွန်သည့် မုအ်မင်န် များလည်း အပယ်ငရဲတွင် ကျရောက်ပေလိမ့်မည်။ ၎င်း၏ အထောက်အထား (စာသားအသွားအလာ) မှာ 'အအ်ရာဖ်'အမြင့်၌ရှိသော သူတို့သည် 'ဂျန္နသ်'ကို မျှော်လင့်၍ မဝင်ရောက်ရသေးသောကြောင့် ဖြစ်သည်။ သို့ရှိရာ အပြစ် ကျူးလွန်သူတို့၏ အပြစ်သည် 'အအ်ရားဖ်'၌ ရှိနေသူတို့၏ အပြစ်ထက် သာပိုနေပေရာ ယခု 'ဂျဟန္နမ်'ငရဲဘုံမှ ပို၍ပင် မထွက်နိုင်သေးကြောင်း ပေါ်လွင်နေပေသည်။ သို့သော် ဤဝါကျတွင် ၎င်းတို့ကို ဆိုလိုခြင်း မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သုခဘုံသားများသည် 'ဂျန္နသ်'သုခဘုံ၌ ထို့ပြင် အပယ်ငရဲသားများသည် 'ဂျဟန္နမ်'အပယ်ငရဲ ဘုံ၌ မိမိတို့အား သတ်မှတ်ထားသော နေရာတွင် ရောက်ရှိနေကြလိမ့်မည်။ ထိုဌာနနှစ်ခုစလုံး၌ အခြေအနေ အရပ်ရပ်မှ အလွန်ဝေးကွာသော အတားအဆီးတစ်ခု တည်ရှိနေကြောင်း ပေါ်လွင်ထင်ရှားသော်ငြားလည်း ကျမ်းတော်မြတ်ကုရ်အာန်၏ မြောက်မြားစွာသော အာယသ်တော်များမှ ထိုအချက်အပေါ် သက်သေသာဓက ပြုနေသည်မှာ ထိုနေရာနှစ်ခုစပ်ကြား တစ်ဦးကိုတစ်ဦး တွေ့မြင်နေနိုင်မည့် လမ်းအချို့ရှိနေပြီး အချင်းချင်း စကားပြောဆိုခြင်း၊ အမေးအဖြေ ပြုလုပ်ခြင်းများလည်း ပြုလုပ်ကြမည်။

'စူရာဟ်ဆွားဖားသ်'၌ လောကီတွင် တစ်ဦးနှင့် တစ်ဦး မိတ်ဆွေဖြစ်ခဲ့သောကြသော် ပုဂ္ဂိုလ်နှစ်ဦး၏ အကြောင်းအား အကျယ်တဝင့် လာရှိ၏။ သို့သော် ပုဂ္ဂိုလ်တစ်ဦးမှာ မုအ်မင်န်ဖြစ်ပြီး အခြားတစ်ဦးမှာ ကာဖိရ်ဖြစ်သည်။ နောင်တမလွန်အာခေရသ်၌ မုအ်မင်န်သည် 'ဂျန္နသ်'၌ရှိပြီး ကာဖိရ်သည် 'ဂျဟန္နမ်'သို့ သွားရမည်ဆိုသော် တစ်ဦးကို တစ်ဦး တွေ့မြင်၍ စကားစမြည်ပြောဆိုကြမည်။

အကြင်အာယသ်တော်၏ အကျဉ်းချုံးအလိုသဘောမှာ 'ဂျန္နသ်'တွင်ရှိသော မိတ်ဆွေသည် 'ဂျဟန္နမ်' ရှိ မိတ်ဆွေအား ချောင်းမြောင်းကြည့်ရှုရာ ၎င်းအား 'ဂျဟန္နမ်'၏ အလယ်တည့်တည့်၌ ရောက်ရှိနေကြောင်း တွေ့မြင်ရသည်။ ထိုအခါ ၎င်းက ပြောဆိုမည်မှာ အို၊ သူယုတ်မာ၊ ကျွန်ုပ်ကိုလည်း အသင့်ကဲ့သို့ ပျက်စီးဆုံးရှုံးရန် လိုလားခဲ့သည်။ အကယ်၍သာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားမရှိခဲ့သော် ယနေ့ ကျွန်ုပ်သည်လည်း အသင်နှင့်အတူ 'ဂျဟန္နမ်'၌ ရှိနေမည်။ လောကီ၌ သေပြီးသည့်နောက် ပြန်လည်ရှင်ပြန်ထရမည့် သက်တမ်းကိုသော်လည်းကောင်း၊ စာရင်းစစ်ဆေးမည်ကိုသော်လည်းကောင်း၊ အကျိုးကျေးဇူးနှင့် အပြစ်ဒဏ်များ ဆိုက်ရောက်မည်ကိုသော်လည်းကောင်း၊ ထိုအချက်အလက်များ မဖြစ်ပေါ်လာနိုင်သည်ဟု ကျွန်ုပ်အား အသင် မပြောဆိုခဲ့သလော။ ယခု မည်သို့ ဖြစ်ရှိနေသည်ကို အသင်ကြည့်ရှုပါ။

အထက်ဖော်ပြပါ အာယသ်တော်များနှင့် ထိုအာယသ်တော်၏ နောက်၌လည်း သုခဘုံသားများနှင့် ငရဲသားများအချင်းချင်း စကားစမြည် ပြောဆိုခြင်း၊ အမေးအဖြေပြုလုပ်ခြင်းအကြောင်းများ တင်ပြထား၏။

'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'စပ်ကြား တစ်ဦးကိုတစ်ဦး တွေ့မြင် ပြောဆိုနိုင်သည့် လမ်းသည်လည်း ငရဲသားတို့အဖို့ အဖက်ဖက်မှ ပြစ်တင်ရှုတ်ချရန် အပြစ်ဒဏ်တစ်မျိုး ဖြစ်လေသည်။ ထိုငရဲသားတို့သည် 'ဂျန္နသ်'ရှိ 'နေအ်မသ်' စည်းစိမ်တော်များအား တွေ့မြင်၍ 'ဂျဟန္နမ်'မီးနှင့်တကွ ပူဆွေးသောကမီးလည်း လောင်မြိုက်နေမည်ဖြစ်သည်။ ထို့အပြင် သုခဘုံသားများအဖို့ 'နေအ်မသ်'စည်းစိမ်တစ်ခု ထပ်ဆင့်တိုးပွားမည်မှာ မိတ်ဆွေများ၏ ဒုက္ခများအား တွေ့မြင်၍ မိမိတို့၏ စည်းစိမ်တော်များအား သာပို တန်ဖိုးထားမည် ဖြစ်သည်။ ထို့ပြင် အကြင်သူများသည် လောကီ၌ ဘာသာသာသနာ ကိုင်းရှိုင်းသောသူများအပေါ် ပျက်ရယ်ပြောင်လှောင်မှုပြုခဲ့ကြ၏။ ဤပုဂ္ဂိုလ်များသည် အစားတစ်စုံတစ်ရာရယူခြင်း မရှိခဲ့ကြပေ။ ယနေ့ ၎င်းတို့သည် သေးသိမ်မှုနှင့်တကွ အပြစ်၌ နစ်မွန်းနေခြင်းအား တွေ့မြင်သော် ၎င်းတို့၏ လုပ်ရပ်၏ အစားပြန်လည်ခံစားနေရပြီးဟု ရယ်မောကြလိမ့်မည်။ ကျမ်းတော်မြတ်ကုရ်အာန်၌ ဤအကြောင်းအရာအား 'စူရာဟ် မိုသွဖ်ဖေဖီးန်'၌ ဤသို့ အမိန့်ရှိထား၏။

فَالْيَوْمَ الَّذِيْنَ اٰمَنُوْا مِنَ الْكُفَّارِ يَضْحَكُوْنَ ه عَلَى
الْاَرَآئِكِ يَنْظُرُوْنَ ه هَلْ ثُوِّبَ الْكُفَّارُ مَا كَانُوْا يَفْعَلُوْنَ

အပယ်ငရဲသားများအဖို့ ၎င်းတို့၏ လမ်းမှားခြင်းအပေါ် သတိပေးခြင်းနှင့် ၎င်းတို့၏ ညံ့ဖျင်းသော စကားရပ်များအပေါ် ပြစ်တင်ရှုတ်ချခြင်းသည် ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များဘက်မှလည်း ဖြစ်ရှိမည်။ ထိုကောင်းကင်တမန်တော်များသည် ၎င်းတို့အား ရည်ညွှန်း၍ ပြောဆိုမည်မှာ-

هٰذِهِ النَّارُ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ اَفَسِحْرٌ هٰذَا اَمْ اَنْتُمْ لَا تُبْصِرُوْنَ

ဆိုလိုသည်မှာ အသင်တို့ လိမ်လည်ခဲ့သော မီးသည် ထိုမီးသာလျှင် ဖြစ်သည်။ ယခု အသင်တို့ ရှုစားလော။ ဤသည် စုန်းပယောဂလော။ သို့မဟုတ် အသင်တို့ မတွေ့လေသလော။

ထိုနည်းတူစွာ အထက်ဖော်ပြပါ အာယသ်တော်များအနက် ပထမအာယသ်တော်၌ သုခဘုံသားတို့သည် ငရဲသားတို့အား ငါတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်မှ အကြင် 'နေ့အံမသ်' စည်းစိမ်တော်များ ချီးမြှင့်မည်ဟု ပေးထားတော်မူသည့် ကတိအတိုင်း ငါတို့ လုံးဝ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ရရှိခဲ့ကြလေပြီ။ အသင်တို့အား ခြိမ်းခြောက်ခဲ့သော 'အဇာဗ်' အပြစ်ဒဏ်သည် အသင်တို့၏ ရှေ့မှောက်ဝယ် ဆိုက်ရောက်လာခြင်း ရှိ၊ မရှိ မေးမြန်းသော် ထိုငရဲသားတို့သည် မုချ ကျွန်ုပ်တို့သည်လည်း တွေ့မြင်ကြပါသည်ဟု ဝန်ခံဖြေဆိုကြလိမ့်မည်။

၎င်းတို့၏ အမေးအဖြေအား လေးနက်မှုဖြစ်ရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကောင်းကင်တမန်တစ်ပါးသည် ဤသို့ ကြွေးကြော်လိမ့်မည်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ တားမြစ်သောသူတို့နှင့် ညည်းပန်းနှိပ်စက်သော သူများအပေါ် အသျှင်၏ 'လအ်နသ်'(ကျိန်စာ) ကျရောက်စေကြောင်းမှာ ၎င်းတို့၏ လမ်းသည်လည်း ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မဟုတ်။ ထို့ပြင် နောင်တမလွန် 'အာခိရသ်' ကိုလည်း ငြင်းပယ်ခဲ့ကြသည်။

'အအ်ရာဖ်'၌ ရှိသောသူများမှာ မည်သူနည်း။

'ဂျန္နသ်' သုခဘုံသားတို့နှင့် ငရဲသားများအချင်းချင်း စကားစမည် ပြောဆိုခြင်းနှင့် ပတ်သက်၍ တတိယအာယသ်တော်၌ အချက်တစ်ချက်အား ထပ်ဆင့်၍ တင်ပြသည်မှာ အချို့သောသူတို့သည် 'ဂျဟန္နမ်' ငရဲ၏ အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသော်ငြားလည်း ယခုအထိ 'ဂျန္နသ်' သုခဘုံအတွင်းသို့ ဝင်ရောက်ရခြင်းမရှိသေးပေ။ သို့သော် ၎င်းတို့သည် 'ဂျန္နသ်' သုခဘုံအတွင်းသို့ ဝင်ရောက်ရန် မျှော်ကိုးကြ၏။ ဤသို့သော သူများအား 'အအ်ရားဖ်၌ ရှိသူများ' ဟု ခေါ်ဆိုသည်။

'အအ်ရားဖ်' သည် မည်သည့်အရာနည်း။ ၎င်း၏ အကျယ်ဖွင့်ဆိုချက်အား စူရာဟ်ဟာဒီး(စ်)၏ အာယသ်တော်များမှ သိရှိရသည်မှာ 'ဟရှ်ရ်' ကွင်းပြင်၌ လူတို့သည် အုပ်စုသုံးစု ဖြစ်ရှိသွားမည်။ ပထမအုပ်စုသည် ပေါ်ပေါ်ထင်ထင် ကာဖိရ် အမိန့်ဖီဆန်သောသူများနှင့် ရှရစ်က်တုပ နိုင်းယှဉ်သောသူများ ဖြစ်၏။ ၎င်းတို့သည် 'ပွလ်စွေရားသ်' တံတားအပေါ် လျှောက်လှမ်းသည့် အခြေအနေသို့ပင် မဆိုက်ရောက်ပေ။ အစပထမတည်းမှ ၎င်းတို့အား 'ဂျဟန္နမ်' တံခါးပေါက်အတွင်းသို့ တွန်းထည့်လိုက်မည် ဖြစ်သည်။ ဒုတိယအုပ်စုမှာ မုအ်မင်န်များ၏ အုပ်စုဖြစ်သည်။ ၎င်းတို့နှင့်အတူ အီမာန်၏ 'နူရ်' အလင်းရောင် တောက်ပနေမည်ဖြစ်သည်။ တတိယမှာ မုနာဖစ်က်များ၏ အုပ်စုဖြစ်သည်။ ၎င်းတို့သည် လောကီ၌ မွတ်စ္စလင်မ်များနှင့် အတူတကွ ရှိနေသကဲ့သို့ ထိုနေရာ၏ အစပိုင်း၌လည်း အတူတကွ ရှိနေပေလိမ့်မည်။ ထို့ပြင် 'ပွလ်စွေရားသ်' တံတားပေါ်

လျှောက်ရန် အစပြုသော် ထိုအချိန်တွင် အလွန်မှောင်မိုက်သော အမှောင်ထုသည် ၎င်းတို့အား လွှမ်းခြုံလိမ့်မည်။ မုအ်မင်န်တို့သည် မိမိတို့အီမာန်၏ 'နူရ်'အလင်းရောင်ဖြင့် ရှေ့သို့ ကျော်တက်သွားလိမ့်မည်။ ထိုအခါ မုနာဖစ်က်များ အော်ဟစ်ပြောဆိုကြမည်မှာ ကျွန်ုပ်တို့လည်း အသင်တို့၏ အလင်းရောင်ဖြင့် အကျိုးရယူရန်အလို့ငှာ အနည်းငယ် စောင့်ဆိုင်းလော။ ထိုအခါ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကောင်းကင်တမန်တစ်ပါးမှ ပြောဆိုမည်မှာ နောက်ဆုတ်၍ အလင်းရောင်ရှာဖွေလော့။ ဆိုလိုသည်မှာ ဤအလင်းရောင်သည် အီမာန်နှင့် ကောင်းသော အကျင့်သီလများ၏ အလင်းရောင်ဖြစ်သည်။ ၎င်းရရှိရာဌာနသည် ကျွန်ုပ်ရှိခဲ့ပြီးဖြစ်၏။ အကြင်သူတို့သည် ထိုနေရာ၌ အီမာန်နှင့် ကျင့်ကြံမှု၏သဟဲဖြင့် အလင်းရောင်မရရှိသော် ယနေ့ ၎င်းတို့အား အလင်းရောင်ပေး အကျိုးခံစားရလိမ့်မည်မဟုတ်။ ထိုနည်းတူစွာ မုနာဖစ်က်များနှင့် မုအ်မင်န်တို့၏ စပ်ကြားဝယ် တံတိုင်းတစ်ခု ခြားသွားမည်ဖြစ်သည်။ ၎င်းတံတိုင်း၌ တံခါးပေါက်တစ်ခု ရှိနေလိမ့်မည်။ ၎င်းတံခါး၏ တစ်ဖက်တစ်ချက်၌ အပြစ်ဒဏ်ဟူသရွေ့အား တွေ့မြင်ရလိမ့်မည်။ ထို့ပြင် တံခါးအတွင်း၌ မုအ်မင်န်များ ရှိနေလိမ့်မည်။ ထိုနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်အား ရှုမြင်ခံစားရ၍ 'ဂျန္နသ်'၏ စည်းစိမ်တော်များသည် ရှေ့မှောက်တွင် ရှိနေလိမ့်မည်။ ဤသည် ထိုအာယသ်၏ အလိုသဘောဖြစ်၏။

يَوْمَ يَقُوْلُ الْمُنَا فِقُوْنَ وَالْمُنَافِقَاتُ لِلَّذِيْنَ اٰمَنُوا انْظُرُوْنَا نَقْتَبِسْ
مِنْ نُوْرِكُمْ ـــ الخ

ဤအာယသ်တော်သည် 'ဂျန္နသ်'သုခဘုံသားတို့နှင့် အပါယ်ငရဲသားတို့၏ စပ်ကြား တည်ရှိနေသော တံတိုင်းကြီးအား سور ဆိုသော စကားလုံးဖြင့် ဘင်စားထား၏။ စင်စစ် ဤစကားလုံးသည် မြို့မှ ခိုလှုံမှုရယူရန်အတွက် အသုံးပြုသော စကားလုံးဖြစ်သည်။ အကြင်တံတိုင်းသည် မြို့ကြီးပြပြီးများ၌ ရန်သူများအား ကာကွယ်ရန်အတွက် အလွန်ခိုင်ခံ့တောင့်တင်းစွာ တည်ဆောက်ထားသော အုတ်ရိုးဖြစ်သည်။ ဤသို့သော အုတ်ရိုးများဖြင့် အကာအကွယ်ရယူ၍ စစ်သားများ ခံတပ်အဖြစ် ရယူထားသော နေရာတစ်နေရာလည်း ဖြစ်သည်။ ၎င်းနေရာမှ တိုက်ခိုက်မှုအားလုံးကို သိရှိနေရ၏။

အထက်ဖော်ပြပါအာယသ်တော်သည် 'စူရာဟ်အအ်ရားဖ်'၏ အာယသ်တော်ဖြစ်သည်။

وَبَيْنَهُمَا حِجَابٌ وَّعَلَى الْاَعْرَافِ رِجَالٌ يَّعْرِفُوْنَ كُلًّا ۢبِسِيْمَاهُمْ

အိဗ်နေဂျရီးရ်နှင့် အခြားသဖ်စီးရ်ပညာရှင်များ၏ ရေးသားကောက်နုတ်ချက်အရ အာယသ်တော်တွင် ရှိသော 'ဟေဂျားဗ်'ဆိုသော စကားလုံးသည် 'စူရာဟ်ဟဒီးဒ်'၏ အာယသ်တော်၌ 'စူးရ်'ဆိုသော စကားလုံးဖြင့် တင်စားထားသော ထိုတံတိုင်းကိုသာလျှင် ဆိုလိုသည်။ ၎င်းတံတိုင်း၏ အပေါ်ယံအစိတ်အပိုင်းသည် 'အအ်ရားဖ်'ဟု အမည်ရသည်။ အကြောင်းမှာ اعراف သည် عرف ၏ အများကိန်း ဖြစ်သည်။ ထို့ပြင် عرف ဆိုသည်မှာ အရာရာတိုင်းအပေါ် အစိတ်အပိုင်းကို ခေါ်ဆိုသည်။ အကြောင်းမှာ ထိုနေရာသည်

အဝေးအား ခွဲခွဲခြားခြား သိရှိနိုင်သည်။ ထိုအကျယ်ဖွင့်ဆိုချက်မှ သိရှိရသည်မှာ 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'၏ စပ်ကြား ခြားထားသော တံတိုင်း၏ အပေါ်ယံအစိတ်အပိုင်းအမည်မှာ 'အအ်ရားဖ်'ဖြစ်သည်။ ထို့ပြင် 'အအ်ရားဖ်'၏ အာယသ်တော်၌ တင်ပြနေသည်မှာ 'ဟရှရ်'ကွင်းပြင်တွင် ထိုနေရာ၌ အချို့သူများ တည်ရှိနေလိမ့်မည်။ ၎င်းတို့သည် 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'နှစ်ခုစလုံး၏ အခြေအနေအား တွေ့မြင်၍ နှစ်ဖက်စလုံး၌ ရှိသောသူများနှင့် စကားစမြည်ပြောဆိုခြင်း၊ အမေးအဖြေ ပြုလုပ်ခြင်းများ ပြုလုပ်လိမ့်မည်။

ယခု အချက်တစ်ချက်မှာ ဤသူတို့သည် မည်သူနည်း။ ထို့ပြင် ထိုကြားနေရာ၌ ၎င်းတို့အား အဘယ်ကြောင့် တားထားရသနည်း။ ထိုအချက်နှင့် ပတ်သက်၍ သဖ်စီးရ်ပညာရှင်များ၏ အဆိုအမျိုးမျိုး ကွဲပြားပြီး ဟဒီးစ်ဆင့်ပြန်ချက်များသည်လည်း မြောက်မြားစွာ လာရှိထား၏။ သို့သော် ဂျွမ်ဟူးရ် သဖ်စီးရ် ပညာရှင်များ၏ စစ်မှန်၍ ဦးစားပေးခြင်းခံရသော အဆိုမှာ အကြင်သူတို့၏ ကောင်းမှုနှင့် မကောင်းမှု သည် မီဇာန်ချိန်ခွင်၌ မျှမျှတတဖြစ်နေသော သူများကို ခေါ်ဆိုသည်။ ၎င်းတို့သည် မိမိတို့၏ ကောင်းမှုများ ကြောင့် 'ဂျဟန္နမ်'ငရဲမှ လွတ်ငြိမ်းချမ်းသာခွင့်လွတ်မှု ရရှိသော်ငြားလည်း မကောင်းမှုနှင့် အပြစ်ဒုစရိုက် များကြောင့် ယခုအထိ 'ဂျန္နသ်'သုခဘုံအတွင်းသို့ ဝင်ရောက်ခွင့် မရရှိနိုင်ပေ။ နောက်ဆုံးတွင် အလ္လာဟ် အသျှင်မြတ်၏ ကရုဏာတော်ဖြင့် ဤပုဂ္ဂိုလ်များသည်လည်း 'ဂျန္နသ်'အတွင်းသို့ ဝင်ရလိမ့်မည်။

ဆွဟာဗာကြီးများအနက် ဟဇရသ်ဟိုဇိုက်ဖာ رضي الله عنه သခင်၊ အိဗ်နေမတ်စ်အူးဒ် رضي الله عنه သခင်၊ အိဗ်နေ အဗ္ဗားစ် رضي الله عنه သခင်တို့နှင့် အခြားဆွဟာဗာများနှင့် သာဗေအီးန်တို့၏ အဆိုသည်လည်း ဤအဆိုပင်ဖြစ်သည်။ ယင်းအဆို၌ ဆင့်ပြန်ထားသော ဟဒီးစ်များသည် တစ်စုတစ်စည်းတည်း ဖြစ်ရှိသွားပြီး အကြောင်းအရာ အမျိုးမျိုးဖြင့် ဆင့်ပြန်ထား၏။ အိမာန်အိဗ်နေဂျရီးရ် (ရဟ) မှ ဟဇရသ် ဟိုဇိုက်ဖာ رضي الله عنه ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ ကိုယ်တော်မြတ် ﷺ အား 'အအ်ရားဖ်'၌ရှိသောသူတို့နှင့်ပတ်သက်၍ လျှောက်ထားရာ ကိုယ်တော်မှ ကောင်းမှုနှင့် မကောင်းမှု တန်းတူဖြစ်ရှိနေသော သူများကို ခေါ်ဆိုကြောင်း ဖြေကြား၏။ ဤအတွက်ကြောင့် 'ဂျဟန္နမ်'မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသော်ငြားလည်း ယခုအထိ 'ဂျန္နသ်'သို့ ဝင်ရောက်ရ ခြင်း မရှိသေးပေ။ ၎င်းတို့အား 'အအ်ရားဖ်'ဆိုသော နေရာ၌ ထားရှိလိမ့်မည်။ 'ဂျန္နသ်'သုခဘုံသားတို့နှင့် အပယ်ငရဲသားတို့၏ စစ်ဆေးမေးမြန်းခြင်း၊ ဆုံးဖြတ်ခြင်းတို့အား ပြုပြီးသည့်နောက် ၎င်းတို့နှင့်ပတ်သက်၍ ဆုံးဖြတ်လိမ့်မည်။ နောက်ဆုံးတွင် လွတ်ငြိမ်းချမ်းသာ ခွင့်လွှတ်ခွင့် ရရှိပြီး 'ဂျန္နသ်'သို့ ဝင်ရောက်စေမည်။

ထို့ပြင် အိဗ်နေမရ်ဝီးရာဟ်မှ ဟဇရသ်ဂျာဗိရ် ဗင်န် အဗ္ဗဒုလ္လာဟ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ 'အအ်ရားဖ်'ရှိ သူတို့သည် မည်သူနည်းဟု ကိုယ်တော်အား လျှောက်တင်ရာ ကိုယ်တော် မှ မိဘနှစ်ပါး၏ နှစ်မြို့မှုနှင့် ဆန့်ကျင်ပြီး 'ဂျီဟားဒ်'စစ်ပွဲ၌ ပါဝင်သော ပုဂ္ဂိုလ်တို့ကို ဆိုလိုကြောင်း ဖြေကြား၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏လမ်း၌ 'ရှဟီးဒ်'ဖြစ်သွားခဲ့၏။ သို့ပါ၍ ၎င်းတို့အား 'ဂျန္နသ်' သို့ ဝင်ရောက်ရန် မိဘ၏ အမိန့်ဖီဆန်ခြင်းမှ တားမြစ်ထားမည်။ 'ဂျဟန္နမ်'အတွင်းသို့ ဝင်ရောက်ခြင်းအား အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စတေးထားခြင်းမှ တားမြစ်ထားမည်။

ထိုဟဒီးစ်နှင့် ပထမဟဒီးစ်၌ တစ်စုံတစ်ရာ ခြားနားမှုမရှိပေ။ အကြောင်းမှာ ဤဟဒီးစ်တော်မှ ကောင်းမှုနှင့် မကောင်းမှု တန်းတူညီသူ ဖြစ်နေသောသူများ၏ ပမာတစ်ခု ဖြစ်သည်။ အကြောင်းမှာ တစ်ဖက်၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ရှဟီးဒ်ဖြစ်ခြင်းနှင့် အခြားတစ်ဖက်၌ မိဘ၏ အမိန့်အား သွေဖည်ခြင်း နှစ်ဖက်စလုံး တန်းတူညီတူ ဖြစ်လေသည်။

စလာမ်မေတ္တာပို့သခြင်း၏ 'စွန္နသ်'တော် စကားလုံး

'အအ်ရားဖ်'ရှိသူတို့၏ အကျယ်ရှင်းလင်းချက်နှင့် ချီးမွမ်းခြင်းအား သိရှိပြီးသည့်နောက် ယခု အဓိကအာယသ်တော်၏ အကြောင်းအရာအား ရှုစားလော့။ အာယသ်တော်၌ အမိန့်ရှိသည်မှာ 'အအ်ရားဖ်' ၌ ရှိသောသူတို့သည် သုခဘုံသားတို့အား (စလာမ်မွန်အလိုင်းကွန်းမ်) ဟု အသံပေး၍ ပြောဆိုလိမ့်မည်။ ဤစကားလုံးသည် လောကီ၌လည်း အချင်းချင်းတွေ့ဆုံရာ၌ ကြည်ညိုလေးစား လက်ဆောင်ပဏ္ဏာအဖြစ် ပြောဆိုသော စကားလုံးဖြစ်သည်။ ထို့အပြင် 'စွန္နသ်'ဓလေ့တော်လည်း ဖြစ်သည်။ သေပြီးနောက် 'ကဗရ်' များ၌ 'ဇေယာရသ်'ပြုသည့်အချိန်၌လည်း ထို့ပြင် 'ဟရှရ်'ကွင်းပြင်နှင့် 'ဂျန္နသ်'သုခဘုံ၌လည်း 'စလာမ်' ပြုခြင်း 'စွန္နသ်'ဖြစ်၏။ သို့သော် အာယသ်တော်များနှင့် ဟဒီးစ်ဆင့်ပြန်ချက်များမှလည်း သိရှိရသည်မှာ လောကီ၌ (အဿလာမိုအာလိုင်းကွန်းမ်) ရွတ်ဆိုခြင်းသည် 'စွန္နသ်'ဖြစ်သည်။ လောကီမှ ကျော်ခိုင်းပြီးသည့်နောက် 'အလစ်ဖ်လာမ်'မပါဘဲ 'စလာမွန်အလိုင်းကွန်းမ်' ဟူသော စကားလုံးဖြင့် ရွတ်ဆိုခြင်းသည် 'စွန္နသ်'ဖြစ်သည်။ 'ကဗရ်'သင်္ချိုင်းများအား 'ဇေယာရသ်'ပြုရန်အတွက် ကျမ်းတော်မြတ်ကုရ်အာန်၌

سَلَامٌ عَلَيْكُمْ بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ

ဟူသော 'ကလေမာဟ်'တော်ဖြင့် တင်ပြထား၏။ ထို့ပြင် ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များသည် သုခဘုံသားတို့အား ဂါဝရပြု ကြိုဆိုသည့်အချိန်၌လည်း ဤစာလုံးများသည် အထက်ပါသဘောအတိုင်း လာရှိထား၏။

سَلَامٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوهَا خٰلِدِيْنَ

ထို့ပြင် ဤနေရာ၌လည်း 'အအ်ရားဖ်'ရှိသူတို့သည် သုခဘုံသားတို့အား ၄င်းစကားလုံးနှင့်တကွ စလာမ်မေတ္တာပို့သလိမ့်မည်။

ဆက်လက်၍ 'အအ်ရားဖ်'၌ရှိသော သူတို့၏ အကြောင်းအား တင်ပြထားသည်မှာ ထိုသူတို့သည် ယခုအထိ 'ဂျန္နသ်'အတွင်းသို့ မဝင်ရောက်ရသေးပေ။ သို့သော် ထို 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ရန် ထားရှိသောသူများဖြစ်၏။ ထို့နောက် အမိန့်ရှိသည်မှာ-

وَاِذَا صُرِفَتْ اَبْصَارُهُمْ تِلْقَآءَ اَصْحٰبِ النَّارِ قَالُوْا رَبَّنَا لَا تَجْعَلْنَا مَعَ الْقَوْمِ الظّٰلِمِيْنَ

ဆိုလိုသည်မှာ 'အအ်ရားဖ်'ရှိ သူတို့၏ အရှုသည် အပယ်ငရဲသားများအပေါ် ကျရောက်သော် ၄င်းတို့၏ 'အဇားဗ်'အပြစ်ဒဏ်များနှင့် ဒုက္ခများအား တွေ့မြင်ရသောအခါ ကျွန်ုပ်တို့အား ထိုမတော်မတရားပြုသော သူများနှင့်အတူ ထားတော်မမူပါဟု အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံမှု တောင်းခံလိမ့်မည်။

ပဉ္စမအာယသ်တော်၌ တင်ပြထားသည့် 'အအ်ရားဖ်'၌ ရှိသူတို့သည် အပယ်ငရဲသားတို့အား ပြစ်တင်သောပုံစံဖြင့် ပြောဆိုကြသည်မှာ လောကီ၌ အသင်တို့သည် ဥစ္စာပစ္စည်း အုပ်စုအဖွဲ့အစည်းများအပေါ် အားကိုးအားထားပြုကြ၏။ ၎င်းအရာများကြောင့် အသင်တို့သည် ဝံ့ကြွားခြင်း၊ မာနထောင်လွှားမှုများ၌ နစ်မွန်းစေခဲ့၏။ ယနေ့ ထိုအရာများသည် အသင်တို့အဖို့ အသုံးမဝင်ပေ။

ဆဋ္ဌမအာယသ်တော်၌ တင်ပြထားသည်မှာ-

اَهٰٓؤُلَاۤءِ الَّذِيْنَ اَقْسَمْتُمْ لَا يَنَالُهُمُ اللّٰهُ بِرَحْمَةٍ اُدْخُلُوا الْجَنَّةَ
لَا خَوْفٌ عَلَيْكُمْ وَلَآ اَنْتُمْ تَحْزَنُوْنَ

၎င်းအာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင် အမိန့်ရှိသည်မှာ 'အအ်ရားဖ်'၌ရှိသော သူတို့သည် သုခဘုံသားတို့နှင့် ငရဲသားတို့အား အမေးအဖြေကလျှာ ပြီးဆုံးသည့်အခါ တစ်လောကလုံးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မှ 'ဂျဟန္နမ်'အပယ်ငရဲတွင် အပြစ်ဒဏ်ခံနေရသော သူတို့အား 'အအ်ရာဖ်'တွင်ရှိသော သူတို့နှင့် ပတ်သက်၍ အမိန့်ရှိမည်မှာ '၎င်းတို့ လွတ်ငြိမ်းချမ်းသာခွင့်လွှတ်မှုမရရှိပါဟူ၍လည်းကောင်း၊ ၎င်းတို့အပေါ် ကရုဏာမသက်ရောက်ပါဟူ၍လည်းကောင်း အသင်တို့ 'ကစမ်'ကျိန်ဆို၍ ပြောဆိုခဲ့ကြ၏။ သို့ပါ၍ ယခု ငါအသျှင်မြတ်၏ 'ရဟ်မသ်'တော်အား ရှုစားလော။ ထိုသို့ ပြောဆိုမှုနှင့်တကွ 'အအ်ရာဖ်'၌ရှိသော သူတို့အား 'ဂျန္နသ်'၌ သွားရောက်စံမြန်းလော့'ဟု အမိန့်ရှိလေမည်။ အသင်တို့အပေါ် ပြီးခဲ့သော ကိစ္စအဝဝ၌ တစ်စုံတစ်ရာ ကြောက်ရွံ့ရန် မလိုအပ်ပေ။ ထို့ပြင် ဆက်လက်၍လည်း မည်သည့်သောကမှ မရှိပေဟု မိန့်ကြားလိမ့်မည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧

وَنَادٰٓى اَصْحٰبُ النَّارِ اَصْحٰبَ الْجَنَّةِ اَنْ اَفِيْضُوْا عَلَيْنَا مِنَ الْمَآءِ اَوْ مِمَّا
رَزَقَكُمُ اللّٰهُ ۚ قَالُوْٓا اِنَّ اللّٰهَ حَرَّمَهُمَا عَلَى الْكٰفِرِيْنَ ۝

၇ : ၅၀ ။ ။ ၎င်းပြင် ငရဲသားတို့က သုခဘုံသားတို့အား 'အသင်တို့သည် အနည်းငယ်မျှသော ရေကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့အပေါ်၌ သွန်းလောင်းကြလေကုန်။ သို့တည်းမဟုတ် အသင်တို့အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာ (ဖြစ်သည့် စားသောက်ဖွယ်) များအနက်မှ အနည်းငယ်မျှကို (ကျွန်ုပ်တို့အား ပေးသနားကြပါ)' ဟူ၍ ဟစ်အော်ပြောဆို (၍ တောင်းခံ) ကြပေမည်။ (ထိုအခါ) ယင်း (သုခဘုံသား) တို့က ဧကန်စင်စစ် 'အလ္လာဟ်အသျှင်မြတ်သည် ထို (ရေနှင့် စားသောက်ဖွယ်ရာ) နှစ်ခုစလုံးကိုပင် ကာဖိရ်သွေဖည်ငြင်းပယ်သူတို့အပေါ်ဝယ် 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူသည်'ဟု ဖြေကြားကြပေလိမ့်မည်။

الَّذِينَ اتَّخَذُوا دِينَهُمْ لَهْوًا وَلَعِبًا وَغَرَّتْهُمُ الْحَيَوٰةُ الدُّنْيَا ۚ فَالْيَوْمَ
نَنسَىٰهُمْ كَمَا نَسُوا لِقَاءَ يَوْمِهِمْ هَٰذَا وَمَا كَانُوا بِآيَاتِنَا يَجْحَدُونَ ﴿٥١﴾

၇ : ၅၁ ။ ။ အကြင် (ကာဖိရ်ငြင်းပယ်) သူတို့သည် မိမိတို့၏ ဒီးန်သာသနာတော်ကို ပျော်ရွှင်ဖွယ်ရာနှင့် ကစားစရာများ ပြုလုပ်ခဲ့ကြကုန်သည်။ ၎င်းပြင် ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ အသက်ရှင် (နေထိုင်မှု) သည် ၎င်းသူတို့အား ဖြားယောင်းခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုသူတို့သည် မိမိတို့ ဤ (ကေယာမသ်) နေ့နှင့် ကြုံကြိုက်ရမည်ကို မေ့လျော့ (ပေါ့ဆ) ခဲ့ကြသည့်နည်းတူ (ထို့ပြင်) ငါအသျှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည့်နည်းတူ ယနေ့ ငါအသျှင်မြတ်သည်လည်း ထိုသူတို့အား မေ့ပစ်ထားတော်မူမည်။

وَلَقَدْ جِئْنَٰهُم بِكِتَٰبٍ فَصَّلْنَٰهُ عَلَىٰ عِلْمٍ هُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ﴿٥٢﴾

၇ : ၅၂ ။ ။ ကေန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့ထံ (ကုရ်အာန်) ကျမ်းဂန်ကို ပို့ပေးတော်မူခဲ့လေသည်။ (ထို့ပြင်) ငါအသျှင်မြတ်သည် ထိုကျမ်းဂန်ကို (မိမိ၏) အလုံးစုံတို့အား သိမြင်တော်မူသော အသိပညာ ဉာဏ်တော်ဖြင့် အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့သည်။ (ထိုကျမ်းဂန်သည်) အီမာန်သက်ဝင်ယုံကြည်သော မုအ်မင်န်တို့အဖို့ တရားလမ်းညွှန်လည်း ဖြစ်သည်။ ကရုဏာတော်လည်း ဖြစ်ပေသည်။

هَلْ يَنظُرُونَ إِلَّا تَأْوِيلَهُ ۚ يَوْمَ يَأْتِي
تَأْوِيلُهُ يَقُولُ الَّذِينَ نَسُوهُ مِن قَبْلُ قَدْ جَاءَتْ رُسُلُ
رَبِّنَا بِالْحَقِّ فَهَل لَّنَا مِن شُفَعَاءَ فَيَشْفَعُوا لَنَا أَوْ نُرَدُّ فَنَعْمَلَ
غَيْرَ الَّذِي كُنَّا نَعْمَلُ ۚ قَدْ خَسِرُوا أَنفُسَهُمْ وَضَلَّ عَنْهُم مَّا
كَانُوا يَفْتَرُونَ ﴿٥٣﴾

၇ : ၅၃ ။ ။ ၎င်းတို့သည် ယင်း (ကုရ်အာန်) ကျမ်းဂန် (၌ လာရှိသော အမိန့်တော်များ) ၏ နောက်ဆုံးအကျိုးကိုသာ စောင့်မျှော်လျက် ရှိနေကြသည်။ ယင်း (ကုရ်အာန်) ကျမ်းဂန် (၌ လာရှိသော အမိန့်တော်) ၏ နောက်ဆုံး အကျိုးတရား ရောက်ရှိလာသောနေ့တွင် ယခင်က ထိုနေ့ကို မေ့ထားခဲ့ကြသော သူတို့က 'ကေန်စင်စစ် ကျွန်ုပ်တို့၏ အသျှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ်တမန်တော်များသည် အမှန်တရားကိုသာ ယူဆောင်ခဲ့ကြပါသည်။ (ယခုသော်) ကျွန်ုပ်တို့အဖို့ ကြားဝင်အသနားခံ တောင်းပန်၍ ပေးကြလေကုန်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် (လောကသို့) ပြန်လွှတ်ခြင်း ခံရပါမည်လော။ ထိုသို့ ပြန်လွှတ်ခြင်း ခံရပါလျှင် ကျွန်ုပ်တို့သည် မိမိတို့ ပြုလုပ်ခဲ့ကြသည့် အရာ (မကောင်းမှု) တို့နှင့် ဆန့်ကျင်၍ (ကောင်းမှုများကိုသာ) ပြုလုပ်ကြပါမည်' ဟူ၍ (ညည်းညူ) ပြောဆိုကြပေမည်။ ကေန်စင်စစ် ၎င်းသူတို့သည် မိမိတို့ကိုယ်ကို နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ကြပေသည်။ ထို့ပြင် ၎င်းတို့ ကြံဖန်လီဆယ်၍ ပြောဆိုခဲ့ကြသည်များလည်း ထိုသူတို့ထံမှ ပျောက်ကွယ်၍ သွားခဲ့ချေပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် (သုခဘုံတွင်ရှိသော သူများမှ အပယ်ငရဲဘုံတွင် ကျရောက်နေသော သူများနှင့် စကားစမြည် ပြောဆိုသကဲ့သို့) ငရဲသားတို့သည် (ကျွန်ုပ်တို့သည် ဆာလောင်မွတ်သိပ်မှုနှင့် အပူဒဏ်ကြောင့် မစွမ်းနိုင်တော့ပေ။) 'ဂျန္နသ်'သုခဘုံသားတို့အား အသင်တို့သည် ကျွန်ုပ်တို့အပေါ် ရေအနည်းငယ်မျှကိုသော်လည်းကောင်း၊ (အစာပြေရန်အလို့ငှာ) အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူသော စားသောက်ဖွယ်ရာအချို့ကိုသော်လည်းကောင်း ပေးသနားကြပါဟု အော်ဟစ်တောင်းခံကြလိမ့်မည်။ (ထိုသို့ ပြောဆိုခြင်းအားဖြင့် ထိုသူများသည် တမ်းတမ်းတတ တောင်းခံလိမ့်မည်ဟု မသက်ရောက်ပေ။ အကြောင်းမှာ ဒုက္ခခံစားနေရသော အချိန်၌လည်းကောင်း၊ ဒုက္ခပပျောက်ရန်အလို့ငှာ မျှော်လင့်သော စကားများသည်လည်းကောင်း နှုတ်မှ ထွက်ပေါ်လာသည်။) ထိုအခါ ယင်း 'ဂျန္နသ်'သုခဘုံသားတို့က (အဖြေ၌ ပြောဆိုမည်မှာ) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ထိုရေနှင့် စားသောက်ဖွယ်နှစ်ခုစလုံးကိုပင် (ဂျန္နသ်၏ စားသောက်ဖွယ်ရာများကို ဆိုလို၏။) ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သူတို့အပေါ် 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသည်ဟု ဖြေကြားကြကုန်အံ့။ အကြင်သူတို့သည် လောကီ၌ မိမိတို့ ယုံကြည်လိုက်နာရမည်ဖြစ်သော ဒီးန်သာသနာတော်ကို ပျော်ရွှင်ဖွယ်ရာနှင့် ကစားစရာများ ပြုလုပ်ခဲ့ကြကုန်၏။

၎င်းပြင် ပစ္စုပ္ပန်လောကီဘဝ၌ (အသက်ရှင်ခြင်းသည် ထိုသူတို့အား ဖြားယောင်း (မေ့မှားခြင်း၌) ရှိခဲ့လေသည်။ (သို့ပါ၍ သာသနာအပေါ် အနည်းငယ်မျှ ဂရုမမူခဲ့ပေ။ ၎င်းပြင် ဤနေ့သည် دار الجزاء အစားပေးမည့်နေ့ဖြစ်သည်။ သာသနာမရှိသော ၎င်း၏ အစားမှာ အဘယ်မှာနည်း။ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်မှာ သုခဘုံသားတို့၏ ၎င်းအဖြေအား ပိုမိုလေးနက်စေရန်အလို့ငှာ အမိန့်ရှိသည်မှာ) သို့ဖြစ်ပေရာ (လောကီ၌ ၎င်းတို့ ဤအခြေအနေ၌ရှိသော) ယနေ့မူကား ထိုသူတို့သည် ဤ 'ကေယာမသ်'ခေါ် ရှင်ပြန်ထရမည့်နေ့နှင့် ကြုံကြိုက်သည်ကို မေ့ပျောက်ခဲ့ကြသကဲ့သို့လည်းကောင်း၊ (စားသောက်ဖွယ်ရာ ပေးမည်မဟုတ်။) ငါအသျှင်မြတ်၏ ဒေသနာတော်များကို ငြင်းပယ်ခဲ့ကြသကဲ့သို့လည်းကောင်း၊ ငါအသျှင်မြတ်သည်လည်း ထိုသူတို့အား မေ့ထားတော်မူအံ့။

ကေန်အမှန် ငါအသျှင်မြတ်သည် ထိုသူတို့ထံ ကျမ်းဂန်ကို (ကျမ်းတော်မြတ်ကုရ်အာန်ကို ဆိုလိုသည်) ပို့ချတော်မူခဲ့၏။ ငါအသျှင်မြတ်သည် ထိုကျမ်းဂန်ကို မိမိ၏ ဉာဏ်တော်ဖြင့် ရှင်းလင်းဖော်ပြတော်မူ ခဲ့သည်။ (ဤတင်ပြခြင်းသည် အားလုံးအား ကြားနာစေရန်အလို့ငှာ တင်ပြခြင်း ဖြစ်သည်။) သို့သော် ထိုကျမ်းဂန်သည် အီမာန်သက်ဝင်ယုံကြည်သော မုအ်မင်န်များအဖို့ တရားလမ်းညွှန်နှင့် ကရုဏာတော်လည်း ဖြစ်၏။ (ထိုအထောက်အထားများ ပြည့်ပြည့်ဝဝ ရှိလင့်ကစား ၎င်းတို့သည် အီမာန်သက်ဝင်ယုံကြည်ကြခြင်း မရှိကြချေ။ ၎င်းတို့၏ အခြေအနေဖြင့် ဤသို့ မျှော်လင့်မှုများ ထားရှိကြ၏။) ၎င်းတို့သည် ထိုကုရ်အာန်ကျမ်းလာ အမိန့်တော်၏ နောက်ဆုံးအကျိုးကိုသာလျှင် စောင့်မျှော်လျက် ရှိကြကုန်သည်။ (ဆိုလိုသည်မှာ 'အဇာဗ်' အပြစ်ဒဏ် မဆိုက်ရောက်မီအလျှင် အကြောက်တရားမရှိသောကြောင့် အပြစ်ဒဏ်ကျရောက်ခြင်းအား လိုလား

သည်ဟု ထင်ရ၏။ သို့ပါ၍) ထိုကုရ်အာန်ကျမ်းလာ အမိန့်တော်၏ နောက်ဆုံးအကျိုး ရောက်ရှိလာသည့် နေ့တွင် ('ဂျဟန္နမ်'အပယ်ငရဲဘုံ၏ စသည့် အကျယ်တဝင့် အကြောင်းအရာအား အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်၏) ထိုနေ့ကို ယခင်က မေ့လျော့၍နေသော သူတို့သည် (ဆောက်တည်ရာမဲ့ ဤသို့ ပြောဆိုကြလိမ့်မည်) ကေန်စင်စစ် ကျွန်ုပ်တို့ အသျှင်မြတ်၏ ရစူလ်တမန်တော်တို့သည် (လောကီ၌ စစ်မှန်သော အချက်အလက်များကိုသာ ယူဆောင်ခဲ့ကြလေသည်။ (သို့သော် ကျွန်ုပ် ညှဉ့်ဖျင်းခဲ့ကြ၏။) သို့ဖြစ်ပေရာ ယခုသော် ကျွန်ုပ်တို့အဖို့ ကြားဝင်တောင်းပန်မည့်သူ ရှိပါဦးမည်လော။ ထိုသို့ရှိပါလျှင် ထိုသူတို့သည် ကျွန်ုပ်တို့အဖို့ ကြားဝင်တောင်းပန်ပေးကြအံ့။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် (ကမ္ဘာလောကသို့) ပြန်လွှတ်ခြင်းကို ခံကြရဦးမည်လော။ ထိုသို့ ပြန်လွှတ်ခြင်းကိုခံရပါလျှင် ကျွန်ုပ်တို့သည် မိမိတို့ ပြုလုပ်ခဲ့ကြသည့်အရာ (မကောင်းမှု) တို့နှင့် ဆန့်ကျင်၍ ကောင်းမှုများကိုသာ ပြုလုပ်ကြမည်ဖြစ်သည်ဟု ပြောဆိုကြအံ့။ (ယခု မည်သည့်လွတ်ငြိမ်းချမ်းသာ ဖြစ်စေသည့်ပုံစံမှ မရှိကြောင်း အလ္လာဟ်အသျှင်မြတ်မှ အမိန့်ရှိတော်မူမည်။) ထိုသူတို့သည် မလွဲကေန် မိမိတို့ကိုယ်ကို နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ချေပြီ။ ၎င်းအပြင် ထိုသူတို့ ကြံဖန်လီဆယ်၍ ပြောဆိုခဲ့ကြသည်များသည်လည်း (ထိုအချိန်အတွင်း) ထိုသူတို့ထံမှ အားလုံး ပျောက်ကွယ်သွားကြချေပြီတကား။ (ယခု အပြစ်ဒဏ်မှအပ အခြားမရှိပေ။)

◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ رَبَّكُمُ اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَ
الْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ يُغْشِي اللَّيْلَ
النَّهَارَ يَطْلُبُهُ حَثِيثًا وَالشَّمْسَ وَالْقَمَرَ وَالنُّجُومَ مُسَخَّرَاتٍ
بِأَمْرِهِ ۗ أَلَا لَهُ الْخَلْقُ وَالْأَمْرُ ۗ تَبَارَكَ اللَّهُ رَبُّ الْعَالَمِينَ ۝

၇ : ၅၄ ။ ။ ကေန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် မိုးကောင်းများကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ခြောက်ရက်နှင့် (ပြီးစီးအောင်) ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ထိုအသျှင်မြတ်သည် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့လေသည်။ ထိုအသျှင်မြတ်သည် ညဉ့်ဖြင့် နေ့ကို ဖုံးအုပ်တော်မူလေသည်။ ထိုညဉ့်သည် ထိုနေ့၏နောက်မှ လျင်မြန်စွာ ရောက်ရှိလာလေသည်။ ၎င်းပြင် (ထိုအသျှင်မြတ်သည်ပင်လျှင်) နေ၊ လ၊ ကြယ်၊ နက္ခတာရာတို့ကို မိမိ၏ ဩဇာခံများအဖြစ် (ဖန်ဆင်းတော်မူခဲ့လေသည်) ကောင်းစွာ မှတ်ယူကြလေကုန်။ ဖန်ဆင်းမှုသည်လည်းကောင်း၊ အမိန့်အာဏာတော်သည်လည်းကောင်း ထိုအသျှင်မြတ်၌သာ ရှိပေသည်။' စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်သည် မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်ကား ထိုအသျှင်မြတ်ပင်တည်း။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ခြောက်ရက်အတွင်း (ပြီးစီးအောင်) ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက်တစ်ဖန် ၎င်းအသျှင်မြတ်သည် 'အရရှ်'ပလ္လင်တော်အထက်၌ (၎င်းသည် ဘုရင်များ၏ ပလ္လင်နှင့် ဆင်တူရိုးမှားဖြစ်၏။) စံမြန်းတော်မူခဲ့လေသည်။ ထိုအသျှင်မြတ်သည် နေ့ကို ညဥ့်ဖြင့် (အမှောင်ထု) ဖုံးအုပ်တော်မူခဲ့လေသည်။ (ဆိုလိုသည်မှာ ညဥ့်၏ အမှောင်ထုကြောင့် နေ၏ အလင်းရောင် ဖုံးကွယ်ပပျောက်သွားလေသည်။) ထိုညဥ့်သည် ၎င်းနေ့၏နောက်မှ လျင်မြန်စွာ ရောက်ရှိလာလေသည်။ ဆိုလိုသည်မှာ နေ့သည် တမဟုတ်ခြင်း ကုန်ဆုံးသွားပြီး တစ်ဆက်တည်း ညဥ့် ရောက်ရှိလာကြောင်း သိရှိရသည်။ ၎င်းအပြင် ထိုအသျှင်မြတ်သည်ပင်လျှင် နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ နက္ခတ်ကြယ်တာရာတို့ကိုလည်းကောင်း၊ မိမိသြဇာခံများအဖြစ် ဖန်ဆင်းတော်မူခဲ့လေသည်။ ဖန်ဆင်းမှုသည်လည်းကောင်း၊ အမိန့်အာဏာတော်သည်လည်းကောင်း ထိုအသျှင်မြတ်၌သာလျှင် ရှိတော်မူသည်ကို ကောင်းစွာ မှတ်ယူကြလေကုန်။ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပေသတည်း။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အထက်ဖော်ပြပါအာယသ်တော်များအနက် ပထမအာယသ်တော်၌ မိုးကောင်းကင်နှင့် မြေပထဝီ၊ ထို့ပြင် နက္ခတာရာများ ဖန်ဆင်းခြင်း၊ ထို့ပြင် စီမံကွပ်ကဲမှုတစ်ခု၏အောက်၌ မိမိတို့၏ လုပ်ငန်းဆောင်တာများ၌ ရှိနေကြခြင်းအား တင်ပြ၍ ဆက်လက် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ အကြောင်းကို တင်ပြပြီး အသိဉာဏ်ရှိသော လူသားတိုင်းအား တွေးခေါ်နိုင်ရန် ဖိတ်ကြားထား၏။ အကြွင်းသန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်ခန့်ညားသော ကမ္ဘာလောကကြီးအား မရှိသောအရာမှ တည်ရှိအောင် ပြုလုပ်ခြင်းနှင့် အမြော်အမြင်ရှိသော စီမံခန့်ခွဲမှုနှင့်တကွ လည်ပတ်စေရန် စွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ သို့ပါ၍ ထိုအရာများအား ဖျက်သိမ်းပြီး 'ကေယာမသ်'နေ့တွင် ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရန် ထိုအသျှင်မြတ်ထံ အဘယ်မှာ ခဲယဉ်းမည်နည်း။ သို့ပါ၍ 'ကေယာမသ်' နေ့၏ ငြင်းဆန်ခြင်းအား စွန့်လွှတ်ပြီး ထိုအသျှင်မြတ်အား မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အဖြစ် မှတ်ယူမည်။ ထိုအသျှင့်ထံ မိမိတို့၏ လိုအင်ဆန္ဒများအား တောင်းခံမည်။ ထိုအသျှင့်အား ခဝပ်ကိုးကွယ်မည်။ အဖန်ဆင်းခံများအပေါ် ခဝပ်ကိုးကွယ်ခြင်း၏ နွံထဲမှ ရုန်းထွက်မည်။ ထို့အပြင် အစစ်အမှန်အား သိနားလည်မည်။ ထိုအချက်၌ အမိန့်ရှိသည်မှာ အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းသာလျှင် ဖြစ်တော်မူသည်။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေအား ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူထား၏။

မိုးကောင်းကင်နှင့် ပထဝီမြေအား ဖန်ဆင်းရာ၌ ခြောက်ရက်တာကာလ အဘယ်ကြောင့် ဖြစ်ရှိသနည်း။

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်သည်မှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ဤကမ္ဘာလောကတစ်ခုလုံးအား မျက်စိတစ်မှိတ်တည်း၌လည်း ဖန်ဆင်းရန် စွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ အသျှင်မြတ်ကိုယ်တော်တိုင် ကျမ်းတော်မြတ်ကုရ်အာန်ထဲ၌ ခေါင်းစဉ်အမျိုးမျိုးဖြင့် ဤအချက်အား ပြန်တလဲလဲ တင်ပြထား၏။ တစ်နေရာ၌ မိန့်တော်မူသည်မှာ-

وَمَا اَمْرُنَا اِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ

ဆိုလိုသည်မှာ မျက်စိတစ်မှိတ်အတောအတွင်း ငါအသျှင်မြတ်၏ အမိန့်တော်ချမှတ်ပြီးသာ ဖြစ်ရှိသွား၏။ အခြားတစ်နေရာ၌ အမိန့်ရှိသည်မှာ-

اِذَا اَرَادَ شَيْئًا اَنْ يَقُوْلَ لَهٗ كُنْ فَيَكُوْنُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အရာတစ်ခုခုအား ဖန်ဆင်းရန် လိုလားသော် ထိုအရာအား 'ဖြစ်စေ' ဟု အမိန့်ရှိပါက ၎င်းသည် ဖြစ်ရှိသွားသည်။ တစ်ဖန် စကြဝဠာ ကမ္ဘာလောကကြီးအား ဖန်ဆင်းရန်အတွက် ခြောက်ရက်တာ အသုံးပြုခြင်းမှာ အဘယ်သို့နည်း။

ကျမ်းတော်မြတ်ကုရ်အာန်၏ သဖ်စီးရ်ပညာရှင်ဖြစ်သော ဟဇရသ်စအီဒ် ဗင်န် ဂျိုဗိုင်ရ် ﷺ သခင်မှ ၎င်းအား အဖြေပေးထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးအာနုဘော်သည် ဤအရာအားလုံးအား မျက်စိတစ်မှိတ်အတွင်း ဖန်ဆင်းရန် စွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ သို့သော် အမြော်အမြင်၏ လိုလားချက်ကြောင့် ထိုကမ္ဘာလောကကြီးအား ဖန်ဆင်းရာ၌ ခြောက်ရက်တာ သတ်မှတ်ထား၏။ သို့မှသာ လူသားတို့အား ကမ္ဘာလောကကြီး၏ စီမံခန့်ခွဲမှုများ လည်ပတ်ရာ၌ အဆင့်ဆင့်နှင့် အတွေ့အကြုံရခြင်း၏ သင်ခန်းစာပေးရန်ဖြစ်သည်။ ပမာဆိုရသော် ကိုယ်တော်မြတ် ﷺ အမိန့်ရှိထားသည်မှာ စဉ်းစားသုံးသပ်ပြီး သမာသမတ်ဖြင့် အလုပ်တစ်ခုအား ပြုလုပ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖြစ်ပြီး မြန်မြန်ပြုလုပ်ခြင်းသည် ရှိုက်သွာန်၏ဘက်မှ ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မြန်လုပ်ရာ၌ လူသားသည် ပြဿနာအား အဖက်ဖက်မှ စဉ်းစားတွေးခေါ်မှု မရှိသည့်အတွက် များသောအားဖြင့် လုပ်ငန်း၌ ပျက်စီးဆုံးရှုံးမှုများ၊ သောကများ ဖြစ်ပေါ်လာတတ်၏။ စဉ်းစားသုံးသပ်ပြီး လွယ်လင့်တကူ လုပ်ငန်းအား ပြုလုပ်သော် ထိုလုပ်ငန်း၌ 'ဗရ်ကသ်' ရရှိမည်။

မိုးကောင်းကင်နှင့် မြေပထဝီ၊ နက္ခတ်တာရာများအား မဖန်ဆင်းမီအလျှင် နေ့နှင့် ညဥ့်အား မည်သို့ ခွဲခြားသိရှိနိုင်မည်နည်း။

ဒုတိယမေးခွန်းမှာ နေ့နှင့် ည တည်ရှိခြင်းသည် နေ၏ လှည့်ပတ်မှုဖြင့် သိရှိရ၏။ မိုးကောင်းကင်နှင့် မြေပထဝီ မဖန်ဆင်းမီအလျှင် နေနှင့် လ မရှိခဲ့ပေ။ သို့ပါ၍ ခြောက်ရက်တာ အတိုင်းအတာအား မည်သည့်တွက်ချက်မှုဖြင့် ဖြစ်သနည်း။

အချို့သော သဖ်စီးရ်ပညာရှင်များမှ အမိန့်ရှိသည်မှာ လောကီ၌ နေ့နှင့် ညဖြစ်ပေါ်ခြင်း၏ ခြောက်ရက်တာကာလကို ဆိုလို၏။ သို့သော် ရှင်းလင်းပြတ်သားသော ဒွိဟမဲ့သော အချက်မှာ နေ့နှင့် ည၏ ဝေါဟာရ အသုံးအနှုန်း၌ နေထွက်ချိန်မှ နေဝင်ချိန်အထိ နေ့ဟုလည်းကောင်း၊ နေဝင်ချိန်မှ နေထွက်ချိန်အထိ ညဉ့်ဟု လည်းကောင်း ဤသည် လောကီအသုံးအနှုန်းဖြစ်၏။ ဖြစ်နိုင်သည်မှာ ကမ္ဘာလောကကြီးအား မဖန်ဆင်းမီ အလျှင် အလ္လာဟ်အသျှင်မြတ်သည် နေ့နှင့် ညအား အခြားသတ်မှတ်မှုမျိုးနှင့် သတ်မှတ်ထားခြင်းလည်း ဖြစ်နိုင်သည်။ 'ဂျန္နသ်'သုခဘုံ၌ နေ့နှင့် ည၏ ပြောင်းလဲခြင်းသည် နေ၏ လှည့်ပတ်မှု၏ အောက်တွင် မရှိပေ။ ထိုအချက်မှ မိုးကောင်းကင်နှင့် ပထဝီမြေအား ဖန်ဆင်းခြင်းသည် ခြောက်ရက်တာကာလဟု တင်ပြထားခြင်းအား ကျွန်ုပ်တို့၏ ခြောက်ရက်တာကာလဖြင့် တန်းတူညီတူဖြစ်ရန် အရေးမကြီးပေ။ သို့သာ မက သို့ထက် ရှည်လျားမည်ဆိုလျှင်လည်း ရှည်လျားနိုင်သည်။ ဥပမာ- ကျမ်းတော်မြတ်၌ နောင်တမလွန် 'အာခေရသ်'နေ့တာနှင့် ပတ်သက်၍ အမိန့်ရှိသည်မှာ နောင်တမလွန် 'အာခေရသ်'၏ တစ်နေ့တာသည် ဒွန္နယာလောက၏ နှစ်ပေါင်းတစ်ထောင်နှင့် ညီမျှ၏။

အဗူအဗ်ဒုလ္လာဟ်ရာဇီ (ရဟ) မှ အမိန့်ရှိသည်မှာ 'အရ်ရှ်'ပလ္လင်တော်၏ လှုပ်ခါမှုသည် လောကီ၏ လှုပ်ရှားမှုထက် ဤမျှခန့် သွက်လက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြေးလွှားနေသော လူသား၏ ကြွထားသည့် ခြေလှမ်းသည် မြေပြင်ပေါ်သို့ မကျမီအလျှင် 'အရ်ရှ်'ပလ္လင်တော်သည် မိုင်ပေါင်း သုံးထောင် ခန့်မျှ ခရီးရောက်နှင်ပြီး ဖြစ်သည်။ အိမာမ်အဟ်မဒ် ဗင်န် ဟန်ဗလ် (ရဟ) နှင့် မိုဂျာဟစ် (ရဟ) တို့ သည်လည်း ခြောက်ရက်ဆိုသည်မှာ 'အာခေရသ်'၏ ခြောက်ရက်ကို ဆိုလိုကြောင်း လာရှိထား၏။ ထို့ပြင် ဟဇရသ်သွဟားက်၏ ဆင့်ပြန့်ချက်ဖြင့် ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် ﷺ သခင်တို့မှလည်း ဤသို့ ဆင့်ပြန့်ထား၏။

၄င်းနောက် ခြောက်ရက်တာကာလ၌ ကမ္ဘာလောကကြီး တည်ရှိလာ၏။ စစ်မှန်သော ဆင့်ပြန့်ချက် များအရ တနင်္ဂနွေနေ့မှ အစပြု၍ သောကြာနေ့တွင် အဆုံးပြုသည်။ စနေနေ့ဆိုလိုသည်မှာ ၄င်းနေ့၌ လောကကြီး ဖန်ဆင်းခြင်း၏ အလုပ် မဖြစ်ရှိပေ။ အချို့သော အိုလမာသာသနာ့ပညာရှင်များမှ အမိန့်ရှိ သည်မှာ سبت ဆိုသည်မှာ ဖြတ်တောက်ခြင်းဟု အဓိပ္ပာယ်ရ၏။ ထိုနေ့အား يوم السبت (စနေနေ့) ဟု အမည်ထားရခြင်း၏ အကြောင်းမှာ ထိုနေ့တွင် လုပ်ငန်းပြီးဆုံးခဲ့၏။

အထက်ဖော်ပြပါအာယသ်တော်၌ မိုးကောင်းကင်နှင့် ပထဝီမြေအား ဖန်ဆင်းခြင်းသည် ခြောက်ရက် တာ အတိုင်းအတာ၌ ပြီးပြည့်စုံကြောင်း တင်ပြထား၏။ ၄င်း၏ အကျယ်ရှင်းလင်းချက်အား 'ဆူရာဟ်ဟာမီးမ် စဂျ်ဒဟ်'၏ နဝမမြောက်နှင့် ဒသမမြောက် အာယသ်တော်များ၌ လာရှိသည်မှာ နှစ်ရက်၌ မြေပထဝီအား ဖန်ဆင်း၍ နောက်နှစ်ရက်၌ ပထဝီမြေပေါ်ရှိ တောတောင်များ၊ သစ်ပင်၊ နွယ်ပင်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်များ ဘဏ္ဍာတော်များနှင့် လူနှင့် တိရစ္ဆာန်တို့၏ စားသောက်ဖွယ်ရာများအား ဖန်ဆင်းခဲ့၏။ အားလုံး လေးရက်တိုင်တိုင် ဖြစ်ရှိခဲ့၏။ အမိန့်ရှိထားသည်မှာ-

خَلَقَ الْأَرْضَ فِي يَوْمَيْنِ

ထို့နောက်တစ်ဖန် အမိန့်ရှိသည်မှာ- قَدَّرَ فِيهَا أَقْوَاتَهَا فِي أَرْبَعَةِ أَيَّامٍ

'တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တွင် မြေပထဝီအား ဖန်ဆင်း၍ အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့တွင် ပထဝီမြေပေါ်ရှိ အသုံးအဆောင်၊ တောင်နှင့် မြစ်များအား ဖန်ဆင်း၏။' ထို့နောက် အမိန့်ရှိသည်မှာ-

فَقَضٰهُنَّ سَبْعَ سَمٰوٰتٍ فِي يَوْمَيْنِ

ဆိုလိုသည်မှာ နောက်ထပ်နှစ်ရက်တွင် မိုးကောင်းကင်ခုနစ်ထပ်အား ဖန်ဆင်းတော်မူ၏။ ၎င်းနှစ်ရက်သည် ကြာသပတေးနှင့် သောကြာနေ့ဖြစ်ကြောင်း ထင်ရှား၏။ ထိုနည်းတူစွာ သောကြာနေ့အထိ ခြောက်ရက်သာဖြစ်ရှိခဲ့၏။

မိုးကောင်းကင်နှင့် ပထဝီမြေပြင် ဖန်ဆင်းခြင်းအား တင်ပြပြီးသည့်နောက် ဆက်လက်၍ အမိန့်ရှိသည်မှာ-

ثُمَّ اسْتَوٰى عَلَى الْعَرْشِ

ဆိုလိုသည်မှာ ထို့နောက် 'အရ်ရှ်'ပလ္လင်တော်ပေါ် စံမြန်းတော်မူ၏။ استوى စကားလုံး၏ အဓိပ္ပာယ်မှာ တည်ရှိခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ပြင် عرش ဆိုသည်မှာ ဘုရင်စံမြန်းသော ပလ္လင်ကို ခေါ်ဆိုသည်။ ယခု ကရုဏာတော်ရှင်၏ ပလ္လင်တော်သည် မည်သို့မည်ပုံဖြစ်၍ ၎င်းပေါ် စံမြန်းခြင်းဆိုသည်မှာ အဘယ်နည်း။ ထိုအချက်နှင့် ပတ်သက်၍ ရှေးယခင် သူတော်စင်များ၊ ဆွဟာဗာများနှင့် သာဗေအီးန်များ၏ ရှင်းလင်းပြတ်သားပြီး ဒွိဟမရှိသော အချက်နှင့် သူတော်စင်သူတော်ကောင်းများ၏ ဆင့်ဆိုချက်မှာ လူသားတို့၏ ဦးနှောက်နှင့် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်မြတ်၏ 'ဇားသ်'တော်၊ ဂုဏ်တော်၏ ဇစ်မြစ်အား စမ်းစစ်ရန် မစွမ်းနိုင်ပေ။ ၎င်းအား စူးစမ်းခြင်းသည် အကျိုးမရှိသည့်အပြင် အကျိုးယုတ်၏။ ၎င်းစကားလုံးများနှင့် ပတ်သက်၍ အလ္လာဟ်မြတ် ဆိုလိုသည့်အတိုင်း စစ်မှန်သည်ဟု အီမာန်ယူရန် လိုအပ်သည်။ ၎င်းကိုယ်တိုင် အဓိပ္ပာယ်တစ်ခုခုအား သတ်မှတ်ရန် မစဉ်းစားနှင့်။

ပုဂ္ဂိုလ်တစ်ဦးသည် အီမာမ်မာလစ်က် (ရဟ) အား اِسْتَوٰى عَلَى الْعَرْشِ ၏ အလိုသဘောမှာ အဘယ်နည်းဟု လျှောက်ထားရာ အီမာမ်မာလစ်က် (ရဟ) သည် အနည်းငယ်စဉ်းစားပြီးသည့်နောက် အမိန့်ရှိသည်မှာ استوى ၏ အဓိပ္ပာယ်အား သို့သော်ငြားလည်း ၎င်း၏ အခြေအနေဇစ်မြစ်အား သိရှိခြင်းသည် လူသား၏ ဦးနှောက်နှင့် မစွမ်းနိုင်ပေ။ ၎င်းအပေါ် အီမာန်ယူရန် 'ဝါဂျိဗ်'ဖြစ်၏။ ၎င်းနှင့် ပတ်သက်သော အခြေအနေဇစ်မြစ်အား မေးမြန်းခြင်းသည် 'ဗိဒ်အသ်'ဖြစ်သည်။ အကြောင်းမှာ ဆွဟာဗာအားလုံးတို့သည် ကိုယ်တော်မြတ် ﷺ အား ဤသို့သော မေးခွန်းမျိုး မမေးခဲ့ခြင်းကြောင့် ဖြစ်သည်။ ဟဇရသ် ဆွဖ်ယားန်ဆောင်ရီ၊ အီမာမ်အောင်ဇာအီး၊ လိုင်းစ် ဗင်န် စအဒ်၊ ဆွဖ်ယားန် အိဗ်နေ့ အိုယိုင်နားဟ်၊ အဗ်ဒွလ္လာဟ်

ဗင်န် မိုဟာရက် (ရဟ) တို့မှလည်း အမိန့်ရှိသည်မှာ အကြင်အာယသ်တော်များသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၊ ဂုဏ်တော်တို့နှင့် ပတ်သက်၍ လာရှိသော ၎င်းအား အကျယ်ဖွင့်ဆိုချက်မပြုကြဘဲ ထိုအတိုင်း အီမာန်ယူရန် လိုအပ်၏။ ထို့နောက် အထက်ဖော်ပြပါ အာယသ်တော်၌ အမိန့်ရှိသည်မှာ-

يُغْشِى الَّيْلَ النَّهَارَ يَطْلُبُهُ حَثِيْثًا

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ညဉ့်အား နေ့အပေါ် လွှမ်းမိုးလိုက်သည်။ ထိုနည်းတူစွာ ညဉ့်သည် လျင်မြန်စွာ နေ့အား ရယူလိုက်၏။ ဆိုလိုသည်မှာ နေ့နှင့် ညဉ့်၏ ကြီးမားသော ပြောင်းလဲမှုသည် ကမ္ဘာလောကတစ်ခွင်လုံးအား အလင်းမှ အမှောင်သို့ (သို့တည်းမဟုတ်) အမှောင်မှ အလင်းသို့ သယ်ဆောင်လာ၏။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ အောက်ဝယ် လွယ်လင့်တကူ လျင်မြန်စွာ ကျရောက်လာခြင်းသည် အနည်းငယ်မျှ ကြန့်ကြာခြင်း မရှိပေ။

ထို့နောက် အမိန့်ရှိသည်မှာ-

وَالشَّمْسَ وَالْقَمَرَ وَالنُّجُوْمَ مُسَخَّرَاتٍ بِأَمْرِهِ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် နေနှင့် လ၊ နက္ခတ်တာရာများအား ဖန်ဆင်း၍ ၎င်းတို့သည် မိမိတို့၏ အခြေအနေအတိုင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အောက်ဝယ် လည်ပတ်လျက်ရှိ၏။

ထိုအချက်၌ အသိဉာဏ်ရှိသော လူသားများအဖို့ သောကဖြစ်ရန် နှိုးဆော်ချက်တစ်ရပ် ဖြစ်၏။ အကြင်နှိုးဆော်ချက်သည် ဖန်ဆင်းခံများ တီထွင်ထားသော အရာများအား အချိန်တိုင်း တွေ့မြင်နေရ၏။ အကြောင်းမှာ အကျော်အမော်များ ပြုလုပ်ထားသော စက်ယန္တရားများ၌ အစပိုင်းတွင် အချို့ ချို့တဲ့မှုများ ရှိနေ၏။ ထို့ပြင် ချို့ယွင်းမှုမရှိလျှင်လည်း အဘယ်မျှကောင်းသော သံမဏိယန္တရားဖြင့် ဖြစ်လင့်ကစား ၎င်း၏ အစိတ်အပိုင်းများသည် လည်ပတ်လျက်နှင့် တိုက်စားသွားလေသည်။ ထို့နောက် ချောင်လည်သွား၏ ပြုပြင်ရန် လိုအပ်လာ၏။ ဆီထည့်ရန် လိုအပ်လာ၏။ ၎င်းအတွက် နေ့၊ လရက်များစွာ ယန္တရားအား ပိတ်ထားလိုက်ရ၏။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ စက်ယန္တရားများကို ကြည့်မည်ဆိုပါက အစကနဦးနေ့မှ စတင် လည်ပတ်နေသကဲ့သို့ ယခုအထိလည်း လည်ပတ်လျက်ရှိ၏။ မည်သည့်အခါမှ ၎င်း၏ အရှိန်၌ တစ်မိနစ်တစ်စက္ကန့် ကွာဟသွားခြင်းမရှိ။ ၎င်း၏ အစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု တိုက်စား ကျိုးပဲ့သွားခြင်း မရှိ။ မည်သည့်အခါမှ ၎င်းအား (ပြုပြင်ရာဌာန) သို့ ပို့ရန် မလိုအပ်ပေ။ အကြောင်းမှာ ထိုအသျှင်မြတ်၏ အမိန့်အောက်ဝယ် လည်ပတ်လျက် ရှိနေ၏။ ဆိုလိုသည်မှာ ၎င်းအား လည်ပတ်စေရန်အတွက် လျှပ်စစ်လည်း မလိုအပ်ပေ။ စက်ယန္တရား၏ အကူအညီလည်း မလိုအပ်ပေ။ ထိုအရာများသည် ထိုအလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် အောက်တွင် တည်ရှိနေ၏။ ထိုအရာများ၌ ကွာဟချက်များ ပေါ်ပေါက်ရန် မဖြစ်နိုင်ပေ။ သို့သော် အသျှင်မြတ်ကိုယ်တော်တိုင် ၎င်းအရာများအား ဖျက်ဆီးရန် ရည်ရွယ်သော သတ်မှတ်ထားသည့် အချိန် ဆိုက်ရောက်လာပါက အစီအမံဟူသရွေ့တို့သည် တမဟုတ်ခြင်း ပျက်စီးသွားလိမ့်မည်။ ၎င်းနေ့ကို 'ကေယာမသ်'နေ့ဟု ခေါ်ဆို၏။

အချို့ပမာများအား တင်ပြပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးအာနုဘော်အား ဥပဒေသ တစ်ရပ်ဖြင့် တင်ပြသည်မှာ أَلَا لَهُ الْخَلْقُ وَالْأَمْرُ خلق ၏ အဓိပ္ပာယ်မှာ ဖန်ဆင်းခြင်း၊ امر ၏ အဓိပ္ပာယ်မှာ အမိန့်ပေးခြင်း၊ ထိုအသျှင်မြတ်အတွက်သည်သာလျှင် ၎င်းဖန်ဆင်းခြင်း၊ အမိန့်ရှိခြင်းဖြစ်သည်။ ထိုအသျှင်မြတ်မှအပ အခြားသောအရာများသည် သေးငယ်သော အရာဖြစ်လင့်ကစား ဖန်ဆင်းနိုင်ခြင်း မရှိ။ ထို့အပြင် မည်သူတစ်ဦးတစ်ယောက်မှ တစ်ဦးတစ်ယောက်အား အမိန့်ပေးရန် တာဝန်မရှိပေ။ (အလ္လာဟ် အသျှင်မြတ်၏ ဘက်တော်မှ အမိန့်ပြုရန် ကဏ္ဍတစ်ခုခုနှင့် ပတ်သက်ပြီး အပ်နှံမှသာလျှင် အမိန့်ပေးနိုင်မည်။ ၎င်းသည်လည်း အသျှင်မြတ်၏ အမိန့်တော်သာလျှင် ဖြစ်၏။) သို့ပါ၍ အာယသ်တော်၏ အလိုသဘောမှာ အရာဟူသမျှအား ဖန်ဆင်းခြင်းသည်လည်း ထိုအသျှင်မြတ်၏ လုပ်ရပ်သာလျှင် ဖြစ်သည်။ ဖန်ဆင်းပြီးသည့် နောက် ၎င်းအရာများမှ အလုပ်ရယူခြင်းသည်လည်း အခြားသူများ၏ စွမ်းဆောင်မှု၌ မရှိပေ။ ဤသည် လည်း အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်၏ အံ့ဖွယ်အရာပင် ဖြစ်၏။

ဆူဖီယာများမှ အမိန့်ရှိသည်မှာ خلق နှင့် امر လောကနှစ်ခုကို ခေါ်ဆိုသည်။ خلق ၏ ဆက်နွယ်မှုသည် ဇစ်မြစ်နှင့် ပတ်သက်ပြီး امر ၏ ပတ်သက်မှုသည် သီးသန့်နူးညံ့သိမ်မွေ့သော အရာ များနှင့်အတူ ဖြစ်၏။

قُلِ الرُّوحُ مِنْ أَمْرِ رَبِّي

ဟူသော အာယသ်တော်၌ رُوح (ဝိညာဉ်) အား امرِ رب ဟု ရည်ညွှန်းအမိန့်ရှိထား၏။ امر နှင့် خلق နှစ်ခု စလုံးသည် အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် သီးသန့်ဖြစ်ခြင်းသည် ထိုပုံသဏ္ဌာန်ကို ဆိုလို၏။ အဘယ်သို့ဆိုသော် မိုးကောင်းကင်နှင့် ပထဝီမြေ၊ ထို့အပြင် ၎င်းစပ်ကြားဝယ်ရှိသော အရာဟူသရွေ့ သည် ဇစ်မြစ်များ ဖြစ်၏။ ၎င်းအား ဖန်ဆင်းခြင်းကို خلق ဟုခေါ်ဆို၏။ ထို့ပြင် ကောင်းကင်အထက်၌ ရှိသော အရာများသည် မူရင်းဘူတအရာများထဲ၌ မပါဝင်ပေ။ ၎င်း၏ ဖန်ဆင်းမှုအား امر ဆိုသော စကားလုံးဖြင့် တင်စားထား၏။ နောက်ဆုံးအာယသ်တော်၌ အမိန့်ရှိသည်မှာ-

تَبَارَكَ اللَّهُ رَبُّ الْعَلَمِينَ

ထိုအာယသ်တော်၌ تبارك ဆိုသော စကားလုံးသည် بركت မှ ဆင်းသက်လာသော စကားလုံး ဖြစ်သည်။ بركت ၏ အဓိပ္ပာယ်မှာ တိုးပွားခြင်း၊ များပြားခြင်း တည်တံ့ခိုင်မြဲခြင်း စသည့် အဓိပ္ပာယ်အချို့၌ အသုံးပြု၏။ ဤနေရာတွင် تبارك ၏ အဓိပ္ပာယ်မှာ မြင့်မားခြင်းဟု အဓိပ္ပာယ်ရသကဲ့သို့ တိုးပွားခြင်းဟု လည်း အဓိပ္ပာယ်ရယူနိုင်သည်။ ထို့ပြင် တည်တံ့ခိုင်မြဲခြင်း၏ အဓိပ္ပာယ်လည်း ရယူနိုင်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ထာဝရတည်ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ မြင့်မြတ်တော်မူသော

အသျှင်လည်း ဖြစ်တော်မူသည်။ မြင့်မားခြင်း၏ အဓိပ္ပာယ်အား ဟဒီးစ်တော်၏ ဝါကျတစ်ခု၌လည်း ရည်ညွှန်းထားသည်မှာ-

تَبَارَكْتَ وَتَعَالَيْتَ يَا ذَا الْجَلَالِ وَالْإِكْرَامِ

ဤနေရာတွင် تبارکت ၏ သဗ်စီးရ်အား تعالیت ဆိုသော စကားလုံးဖြင့် ဖွင့်ဆိုထား၏။

◇◇◇◇◇◇◇◇◇◇◇◇◇

ادْعُوا رَبَّكُمْ تَضَرُّعًا وَخُفْيَةً ۚ إِنَّهُ لَا يُحِبُّ الْمُعْتَدِينَ ﴿٥٥﴾

၇ : ၅၅ ။ ။ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်မှ ကျိုးနွံစွာ တရားထားရှိ၍ တိုးတိုးစွာ ဆုမွန် (ဒိုအာ) တောင်းခံကြလေကုန်။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည် စည်းကမ်းကျူးလွန် ဖောက်ဖျက်သူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေ။

وَلَا تُفْسِدُوا فِي الْأَرْضِ بَعْدَ إِصْلَاحِهَا وَادْعُوهُ خَوْفًا وَطَمَعًا ۚ إِنَّ رَحْمَتَ اللَّهِ قَرِيبٌ مِّنَ الْمُحْسِنِينَ ﴿٥٦﴾

၇ : ၅၆ ။ ။ ထို့ပြင် (အသျှင်မြတ်သည်) ကမ္ဘာမြေပြင်ကို တင့်တယ်ကောင်းမွန်အောင် ပြုလုပ်ပြီးဖြစ်ပါလျက် အသင်တို့သည် ထိုကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြလေနှင့်။ ၎င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့စွာဖြင့်လည်းကောင်း၊ မျှော်လင့်ချက်ထား၍သော်လည်းကောင်း ဟစ်ခေါ်တသကြကုန်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်သည် ကောင်းမှုပြုသူတို့နှင့် အလွန်နီးကပ်လျက် ရှိနေပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တို့သည် (အခြေအနေအရပ်ရပ်နှင့် ဆန္ဒတိုင်း၌) မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ နိဝါတတရား (သေးသိမ်မှုအား ထားရှိခြင်း) ထားရှိ၍ တီးတိုးစွာ ဆုတောင်းပတ္ထနာပြုကြလေကုန်။ စင်စစ် ထိုအသျှင်မြတ်သည် စည်းကမ်းကျူးလွန်ဖောက်ဖျက်သူတို့အား (ဆုမွန်ဒိုအာ တောင်းခံရာ၌) နှစ်မြို့တော်မူသည် မဟုတ်ချေ။ (ဥပမာ- ရှရီအသ်တရားဥပဒေနှင့် ဆန့်ကျင်သော မဖြစ်နိုင်သော အရာများ တောင်းခံကြ၏။) ၎င်းအပြင် အသင့်အတွက် ကမ္ဘာမြေပြင်ကို တင့်တယ်ကောင်းမွန်အောင် ပြုလုပ်ပြီးသည့်နောက် နဗီတမန်တော်များ ဆင်းသက်ခြင်း၏ သဟဲဖြင့် 'သောင်ဟီးဒ်'အား သင်ကြား၍ ထိုကမ္ဘာမြေပြင်၌ ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြကုန်နှင့်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

အထက်ဖော်ပြပါ အာယသ်တော်များအလျှင် အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော် ပေါ်လွင်ထင်ရှားခြင်းနှင့် အရေးပါသော ချီးမြှင့်မှုများအား တင်ပြထား၏။ ဤအာယသ်တော်များ၌ ထိုအသျှင်မြတ်၏ အာနုဘော်ဟူသရွေ့အား ပိုင်စိုးတော်မူသော အသျှင်၊ ကျေးဇူးတရားများနှင့် ချီးမြှင့်မှုများ ပြုတော်မူသော အသျှင်သည် တစ်လောကလုံးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဖြစ်ကြောင်း တင်ပြထား၏။ သို့ပါ၍ ဆုမွန်ဒိုအာ တောင်းခံရန် လိုအပ်သေသည်။ ထိုအသျှင်မြတ်မှအပ အခြားအရာများဘက်သို့ အာရုံပြုခြင်းသည် အသိဉာဏ်ညှံ့မဲ့ခြင်းနှင့် လက်လွှတ်ဆုံးရှုံးမှုသာလျှင် ဖြစ်၏။

ထို့အတူ ၎င်းအာယသ်တော်၌ ဆုမွန်ဒိုအာတောင်းခံခြင်း၏ အချို့စည်းကမ်းချက်များ တင်ပြထား၏။ ၎င်းအား ထောက်ထားတောင်းခံမည်ဆိုသော် ဆုမွန်ဒိုအာ လက်ခံသဘောတူတော်မူရန် သာပို မျှော်လင့်ချက်ရှိ၏။ ဒိုအာဆိုသော စကားလုံးသည် အာရဗီဘာသာရပ်၌ တစ်ဦးတစ်ယောက်ထံ လိုအင်ဆန္ဒ တောင်းခံခြင်း၏ အဓိပ္ပာယ်လည်း ရရှိ၏။ သတိရတသခြင်း၏ အဓိပ္ပာယ်လည်း ရ၏။ ဤနေရာတွင် အဓိပ္ပာယ်နှစ်မျိုးစလုံး ရယူနိုင်သည်။ အာယသ်တော်၌ ادْعُوا رَبَّكُمْ ဟု အမိန့်ရှိထား၏။ ဆိုလိုသည်မှာ မိမိလိုအင်ဆန္ဒအတွက် မိမိအသျှင်အား တသကြလေကုန်။ သို့မဟုတ် သတိရကြလေကုန်။ ထို့ပြင် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်ကြလေကုန်။

ပထမပုံသဏ္ဍာန်၌ မိမိ၏ လိုအင်ဆန္ဒအား အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာလျှင် တောင်းခံရန် အဓိပ္ပာယ်ရရှိ၏။ ဒုတိယပုံသဏ္ဍာန်၌ သတိရတသခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်းသည် ထိုအသျှင်မြတ်ကိုသာလျှင် ပြုလုပ်ရန် အဓိပ္ပာယ်ရ၏။ ဤပုံသဏ္ဍာန်နှစ်မျိုးစလုံးသည် ရှေးယခင်သူတော်စင် သူတော်ကောင်းများနှင့် သဖ်စီးရ်ပညာရှင်များမှလည်း ဆင့်ပြန်ထား၏။

ထို့နောက် အမိန့်ရှိထားသည်မှာ تَضَرُّعًا وَّخُفْيَةً ၏ အဓိပ္ပာယ်မှာ ရိုကျိုးခြင်းနှင့် သေးသိမ်ခြင်းအား ထုတ်ဖော်ခြင်းဟု အဓိပ္ပာယ်ရ၏။ خُفْيَةً ၏ အဓိပ္ပာယ်မှာ တိးတိုးစွာဟု အဓိပ္ပာယ်ရ၏။ ပမာတင်ပြရသော် အူရ်ဒူဘာသာရပ်တွင် ဤသို့ပင် အဓိပ္ပာယ်ဖွင့်ဆိုကြ၏။

ဤစကားလုံးနှစ်လုံး၌ ဒိုအာနှင့် သတိရတသရန်အတွက် အလွန်လေးနက်သော စည်းကမ်းချက်နှစ်ရပ်အား တင်ပြထား၏။ ပထမစည်းကမ်းချက်မှာ ဒိုအာလက်ခံရန်အတွက် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့မှောက်၌ မိမိ၏ မစွမ်းနိုင်ခြင်း၊ ရိုကျိုးခြင်း၊ သေးသိမ်မှုများအား ထုတ်ဖော်၍ ဒိုအာတောင်းခံရန် အရေးကြီးသည်။ ၎င်းတောင်းခံသော စကားလုံးများသည်လည်း ရိုကျိုးမှုများနှင့် သင့်လျော်သော စကားလုံးများ ဖြစ်သည့်အပြင် လေယူလေသိမ်းလည်း ရိုကျိုးခြင်း ရောနေရမည်။ ဒိုအာတောင်းခံသော ပုံသဏ္ဍာန်သည်လည်း ၎င်းအခြေအနေ၌ ရှိနေရမည်။ ထိုအချက်မှ သိရှိရသည်မှာ ယနေ့ မျက်မှောက်ခေတ်ရှိ လူတို့၏ ဒိုအာတောင်းခံသော ပုံသဏ္ဍာန်သည် ဦးစွာ ၎င်းအား ဒိုအာတောင်းခံနေသည်ဟု မပြောဆိုနိုင်

သည့်အပြင် ဖတ်ရွတ်နေသည်ဟု ထင်ရ၏။ အကြောင်းမှာ နှုတ်မှ ရွတ်ဆိုနေသော စကားလုံးများသည် ၎င်း၏ အလိုသဘောအား များသောအားဖြင့် မသိရှိကြပေ။ ပမာဆိုရသော် ယနေ့ ဗလီများ၌ရှိသော အိမာမ် ရှေ့ဆောင်များသည် မိမိတို့ အလွတ်ကျက်ထားသော ဒိုအာများအား နမာဇ်ပြီးသည့်နောက်တွင် တောင်းလေ့ တောင်းထရှိကြ၏။ များသောအားဖြင့် ၎င်းအိမာမ်ရှေ့ဆောင် ကိုယ်တိုင်ပင်လျှင် ထိုစကားလုံးများ၏ အလို သဘော အဓိပ္ပာယ်အား မသိရှိကြပေ။

အကယ်၍ ၎င်းတို့ သိရှိနားလည်သော်လည်း ယုတ်စွအဆုံး ပညာမဲ့ မုက်သဒ္ဒီ နောက်လိုက်ပုဂ္ဂိုလ် တို့ သည် ၎င်းအား လုံးဝ မသိရှိကြပေ။ ၎င်းတို့သည် မသိနားမလည်ဘဲ ရှေ့ဆောင်အိမာမ်၏ ရွတ်ဖတ်နေ သော စကားလုံးနောက်ဝယ် 'အာမီးန်'ဟု ရွတ်ဆိုလျက် ရှိကြ၏။ ထိုအဖြစ်အပျက်အားလုံး၏ ရရှိမှုမှာ အချို့စကားလုံးများသာ ဖတ်ရွတ်နေကြ၏။ ဒိုအာတောင်းခံခြင်း၏ အစစ်အမှန် ပုံသဏ္ဍာန် မပါရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သနားကြင်နာမှုဖြင့် ထိုမသိသော စကားလုံးများနှင့် တောင်းခံခြင်းကို လည်း လက်ခံ 'ကဗူလ်'ပြု၍ ဒိုအာလက်ခံခြင်း၏ လက္ခဏာအဖြစ် ချီးမြှင့်တော်မူခြင်းမှ ဒုတိယအပိုင်း ဖြစ်၏။ သို့သော် မိမိဘက်မှ ဤသို့ နားလည်သဘောပေါက်ထားရန် အရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော် ဒိုအာဆိုသည်မှာ ဖတ်ရွတ်ခြင်းမဟုတ် တောင်းခံခြင်းဖြစ်သည်။ သို့ပါ၍ တောင်းခံသည့် ပုံသဏ္ဍာန် ဖြင့် တောင်းခံရန် အရေးကြီးသည်။

ဒုတိယအချက်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိတောင်းခံနေသော စကားလုံး၏ အဓိပ္ပာယ် အား သိရှိနားလည်၍ တောင်းခံနေသော်ငြားလည်း ထို့အတူ အကြောင်းအရာ လေယူလေသိမ်း အနေအထား သည် ရိုကျိုးခြင်း၊ ကျိုးနွံခြင်းမရှိသော် ဤသည် ဒိုအာတောင်းခံမှုတစ်ခုသာလျှင် ဖြစ်ရှိသွားမည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကျေးကျွန်အပေါ် တာဝန်ဝတ္တရား မရှိပေ။

အချုပ်ဆိုရသော် ပထမစကားလုံး၌ ဒိုအာ၏ ဝိညာဉ်ဖြစ်သည့် ရိုကျိုးခြင်း၊ ကျိုးနွံခြင်း၊ မိမိသေးသိမ် ခြင်းအား ထုတ်ဖော်၍ အသျှင့်ထံတွင် မိမိလိုအင်ဆန္ဒများအား တောင်းခံခြင်းနှင့် ပတ်သက်၍ တင်ပြထား ခဲ့ပြီးဖြစ်သည်။ ဒုတိယစကားလုံး၌ အခြားလမ်းညွှန်မှုတစ်ခုအား ပြုထားသည်မှာ ဆုမွန်ဒိုအာအား တီးတိုး စွာ တောင်းခံခြင်းသည် သာပိုမွန်မြတ်၍ လက်ခံသဘောတူရန်လည်း အနီးစပ်ဆုံးဖြစ်၏။ အကြောင်းမှာ ဆုမွန်ဒိုအာအား အသံကျယ်လောင်စွာ တောင်းခံခြင်း၌ ပထမအချက်အနေနှင့် ကျိုးနွံရိုကျိုးခြင်းရှိရန် ခဲယဉ်း သွားပေသည်။ ဒုတိယအချက်အနေနှင့် ထိုသို့ တောင်းခံရာ၌ ပြစားမှုနှင့် ကျော်ကြားမှုလည်း ဝင်လာရန် စိုးရိမ်ရ၏။ တတိယအချက်အနေနှင့် ၎င်းဆုမွန်ဒိုအာ တောင်းခံသော ပုံသဏ္ဍာန်သည် အလ္လာဟ်အသျှင်မြတ် သည် ကြားသိတော်မူသော အသျှင်ဖြစ်တော်မူကြောင်း၊ ကျွန်ုပ်တို့၏ အတွင်းအပြင် ကဏ္ဍရပ်တိုင်းအား တစ်သမတ်တည်း သိရှိတော်မူသော အသျှင်ဖြစ်တော်မူကြောင်းနှင့် တီးတိုးစွာ ဒိုအာတောင်းခံခြင်းနှင့် အသံကျယ်လောင်စွာ တောင်းခံခြင်းဟူသရွေ့ကိုလည်း ကြားတော်မူသော အသျှင် ဖြစ်တော်မူကြောင်းကို မသိသောသူကဲ့သို့ ဖြစ်ရှိသွားပေမည်။ သို့ပါ၍ 'ခိုင်ဗရ်'စစ်ပွဲ၌ ဆွဟာဗာများသည် ဒိုအာအား အသံကျယ် လောင်စွာ တောင်းခံကြရာ တမန်တော်မြတ် ﷺ မှ အမိန့်ရှိသည်မှာ အကြင်ကဲ့သို့ အသံကျယ်လောင်စွာ

ဒိုအာတောင်းခံခြင်းသည် နားပင်းသော သူတစ်ဦးဦး သို့မဟုတ် အကွယ်၌ရှိသော အရာအား ဟစ်ခေါ်နေသည် မဟုတ်သလော။ သို့သာမက အသင်တို့တောင်းခံနေသော အသျှင်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ အနီးဆုံး၌ ရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (သို့ပါ၍ အသံကျယ်လောင်စွာ ဒိုအာတောင်းခံခြင်းသည် အချည်းအနှီးဖြစ်၏။) အသျှင်ကိုယ်တော်တိုင် သူမွန်သူမြတ် ပုဂ္ဂိုလ်တစ်ဦး၏ ဒိုအာအား ၎င်းအောက်ပါ စကားလုံးများဖြင့် ဖော်ပြသည်မှာ–

اِذۡ نَادٰى رَبَّهٗ نِدَآءً خَفِيًّا

(ဆိုလိုသည်မှာ ၎င်းသည် မွေးမြူဖန်ဆင်းတော်မူသော အသျှင်အား တီးတိုးစွာ တောင်းဆုပြုသော်) ထိုအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် ဒိုအာတောင်းခံရာ၌ တီးတိုးစွာ တောင်းခံသော ဒိုအာကို နှစ်မြို့တော်မူ၏။

ဟဇရတ်ဟစန်ဗစ္စရီး (ရဟ) မှ အမိန့်ရှိသည်မှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားနှင့် အသံကျယ်လောင်စွာ တောင်းဆုပြုခြင်းနှင့် တီးတိုးစွာ တောင်းဆုပြုရာ၌ အကျိုးကျေးဇူး အဆ (၇၀) ကွာခြားကြောင်း မိန့်ဆိုထား၏။ ရှေးယခင် သူတော်စင်သူတော်ကောင်းများ၏ အကျင့်ဓလေ့မှာ အသျှင်မြတ်အား သတိရတသခြင်းနှင့် တောင်းဆုပြုရာ၌ အလွန် ကြိုးစားအားထုတ်ပြီး အချိန်များစွာ မွေ့လျော်သော ပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှပင် ၎င်းတို့၏ အသံအား မကြားရသည့်အပြင် ၎င်းတို့၏ ဆုမွန်ဒိုအာသည် အလ္လာဟ်အသျှင်မြတ်နှင့် ၎င်းတို့ကြားဝယ်သာလျှင် ရှိနေခဲ့၏။ ၎င်းတို့အနက် မြောက်မြားစွာသော ပုဂ္ဂိုလ်များသည် ကျမ်းတော်မြတ်ကုရ်အာန်တစ်အုပ်လုံးအား ဖတ်ရွတ်ခြင်း၊ အလွတ်ကျက်မှတ်ခြင်းများ၌လည်း မည်သူတစ်ဦးတစ်ယောက်မှ မသိရှိခဲ့ပေ။ ထို့အပြင် မြောက်မြားစွာသော ပုဂ္ဂိုလ်များသည် သာသနာ့ပညာရပ်ဖွေဆည်းပူးသော်ငြားလည်း လူတို့အား လှည့်ပတ်ပြသခြင်း မရှိခဲ့ပေ။ ထို့ပြင် များစွာသော သူမွန်သူမြတ်များသည် ညအခါ၌ အလွန့်အလွန် ရှည်လျားစွာဖြင့် နမာဇ်စောင့်တည်မှုများ ပြုကြသော်လည်း ရောက်ရှိလာသောသူများအဖို့ စိုးစဉ်းမျှ မသိခဲ့ပေ။ ဆက်လက် အမိန့်ရှိသည်မှာ ကျွန်ုပ်သည် ဤသို့သော ပုဂ္ဂိုလ်များအား တွေ့မြင်ခဲ့ရ၏။ အဘယ်သို့ဆိုသော် ၎င်းတို့၏ ခဝပ်ကိုးကွယ်မှုဟူသရွေ့သည် တိတ်တဆိတ်ပြုခဲ့ခြင်းကိုသာလျှင် သိရှိခဲ့ရ၏။ မည်သည့်အခါမှ ထင်ထင်ရှားရှား ကြုံခဲ့ခြင်း မတွေ့ခဲ့ပေ။ ၎င်းတို့၏ အသံများ၊ ဒိုအာများသည် အလွန်တီးတိုး၏။

အိဗ်နေဂျရီးဂ် (ရဟ) မှ အမိန့်ရှိသည်မှာ ဒိုအာတွင် အသံကျယ်လောင်စွာ တောင်းခံခြင်း၊ အော်ဟစ်ခြင်းသည် 'မက္ကရူးဟ်'ဖြစ်သည်။ အိမာမ်အဘူဘာကရ် ဂျစ္စာစ္စ ဟန်နဖီ (ရဟ) မှ အဟ်ကာမွလ်ကုရ်အာန်တွင် အမိန့်ရှိသည်မှာ ၎င်းအာယသ်တော်မှ ဒိုအာအား တီးတိုးစွာ တောင်းခံခြင်းသည် အသံကျယ်လောင်စွာ တောင်းခံခြင်းထက် သာပို မွန်မြတ်ကြောင်း သိရှိနေ၏။ ဟဇရတ်ဟစန်ဗစ္စရီးနှင့် အိဗ်နေအဗ္ဗားစ် ﷺ တို့မှလည်း ထိုနည်းတူစွာ ဆင့်ပြန်ထား၏။ ၎င်းအာယသ်တော်မှ နမာဇ်၌ စူရာဟ်ဖာသေဟာဖတ်ပြီးသည့်နောက် 'အာမီးန်'ဆိုသော စကားလုံးအား တီးတိုးစွာ ဖတ်ခြင်း၊ ပိုမိုမွန်မြတ်ကြောင်းကိုလည်း သိရှိရ၏။ အကြောင်းမှာ 'အာမီးန်' ရွတ်ဆိုခြင်းသည်လည်း ဒိုအာတစ်ခုဖြစ်၏။

ကျွန်ုပ်တို့၏ ခေတ်သမယရှိ ဗလီရှေ့ဆောင်အိမာမ်များအား အလ္လာဟ်အသျှင်မြတ် 'ဟေဒါယဟ်' ချီးမြှင့်ပေးသနားတော်မူပါစေ။ အကြောင်းမှာ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ ညွှန်ကြားချက်မှာ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးစ်တော်များ၏ ညွှန်ကြားချက်၊ ထို့ပြင် ရှေးယခင်သူတော်စင်များ၏ လမ်းညွှန်ချက်များအား လုံး၀ စွန့်လွှတ်ထား၏။ နမာဇ်တိုင်း၏နောက်တွင် လုပ်ကြံထားသော ဒိုအာတစ်ခုအား အသံကျယ်လောင်စွာဖြင့် အချို့စကားလုံးများဖြင့် ရွတ်ဖတ်လေ့ဖတ်ထ ရှိ၏။ ၎င်းသည် ဒိုအာ၏ စည်းမျဉ်းစည်းကမ်းနှင့်လည်း ဆန့်ကျင်သည့်အပြင် ရှေ့ဆောင်အိမာမ်၏ နမာဇ်ပြီးသည့်နောက် မိမိတို့ လွတ်သွားသော ရကအသ်များအား ပြန်လည်ဖြည့်ဆည်းဖတ်သော နမာဇီများ၏ နမာဇ်၌လည်း အနှောင့်အယှက် ပေါ်ပေါက်စေ၏။ ထုံးတမ်းစဉ်လာမှ ၎င်း၏ ဆိုးကျိုးများအား ထိုရှေ့ဆောင်အိမာမ်တို့၏ အရှေ့တွင် အကာအကွယ်ပြုထား၏။ သီးသန့်နေရာ တစ်နေရာ၌ အုပ်စုတစ်စုအပေါ် ဒိုအာပြုရန် လိုလားသော အသံကျယ်လောင်စွာဖြင့် ဒိုအာတောင်းခံ၍ အခြားသူများ 'အာမီးန်' ရွတ်ဆိုခြင်းသည် အခြားသူများ၏ နမာဇ်နှင့် ခ၀ပ်ကိုးကွယ်မှုများ၌ အနှောင့်အယှက်မဖြစ်ပါမူ အကြောင်းမဟုတ်ပေ။ သို့သော် ယနေ့မျက်မှောက်ခေတ်တွင် ဖြစ်ရှိနေသည့်အတိုင်း အများသူငှာ ဒိုအာ၏ နည်းလမ်းသည် ဤနည်းလမ်းအတိုင်းဖြစ်သည်ဟု မှတ်ယူရသည့် အခြေအနေအထိ အကျင့်မထည့်လေနှင့်။

ဤသို့ တင်ပြခြင်းသည် မိမိ၏ လိုအင်ဆန္ဒအတွက် ဒိုအာတောင်းခံခြင်း ဖြစ်၏။ အကယ်၍ ဒိုအာ၏ အဓိပ္ပာယ်မှာ ဤနေရာတွင် သတိရတသခြင်းနှင့် ခ၀ပ်ကိုးကွယ်မှုအတွက် အသုံးပြုသော ထိုအချက်၌လည်း ရှေးယခင် အိုလမသာသနာ့ပညာရှင်များ၏ ဆန်းစစ်ချက်မှာ တိုးတိုးစွာ 'ဇိကိရ်'ပြုခြင်းသည် ကျယ်လောင်စွာ 'ဇိကိရ်'ပြုခြင်းထက် ပို၍ မွန်မြတ်၏။ ထို့ပြင် သူတော်စင်သူတော်ကောင်းများအနက် 'မရှာအိခေ ကျစ်ရှ်သီယာ' ၎င်းတို့သည် အစ 'ဇိကိရ်'ပြုသော သူများအား အသံဖြင့် 'ဇိကိရ်'ပြုရန် အမိန့်ရှိ၏။ ထိုသို့ မိန့်ကြားခြင်းသည် ထိုသူတို့၏ အခြေအနေနှင့် လျော်ကန်စွာ ကုစားသော ပုံသဏ္ဍာန်ဖြင့် အမိန့်ရှိခြင်းဖြစ်သည်။ သို့မှသာ အသံကျယ်လောင်စွာဖြင့် 'ဇိကိရ်'ပြုခြင်းအား အကြောင်းခံ၍ ပျင်းရိမှုနှင့် မေ့မှားမှုအား ပပျောက်စေ၏။ ထို့ပြင် နှလုံးသားအတွင်း၌ 'ဇိကိရ်'နှင့်တကွ ဆက်သွယ်မှုတစ်ခုလည်း ပေါ်ပေါက်စေ၏။ သို့မဟုတ်ပါက 'ဇိကိရ်'၌ အသံဖြင့် ဖတ်ရွတ်ခြင်းသည် ၎င်း၏ထံတွင်လည်း မလိုအပ်ပေ။ သို့သော် ပိုင်၏။ အသံကျယ်လောင်စွာဖြင့် 'ဇိကိရ်' ပြုခြင်းသည် ပိုင်သည့်အဆိုအား ဟဒီးစ်တော်မှ အတည်ပြု ပြဋ္ဌာန်းထား၏။ စည်းကမ်းချက်မှာ ၎င်းလုပ်ရပ်၌ 'ရေယာ'ပြစားမှု မရှိစေရ။

အိမာမ်အဟ်မဒ် ဗင်န် ဟန်ဗလ် (ရဟ) အစရှိသော ပုဂ္ဂိုလ်များမှ ဟဇရသ်စအဒ် ဗင်န် အဗီ၀ကားစ် (رضي الله عنه) သခင်၏ ဆင့်ပြန်ချက်များဖြင့် ဆင့်ပြန်ထားသည်မှာ ကိုယ်တော်မြတ် ﷺ မိန့်တော်မူထား၏။

خَيْرُ الذِّكْرِ الْخَفِيُّ وَخَيْرُ الرِّزْقِ مَايَكْفِي

ဆိုလိုသည်မှာ တိုးတိုးစွာ 'ဇိကိရ်'ပြုခြင်းသည် အမွန်မြတ်ဆုံးဖြစ်၍ လူသားများအတွက် လုံလောက်စေသော စားနပ်ရိက္ခာသည် အမွန်မြတ်ဆုံး စားနပ်ရိက္ခာဖြစ်၏။ သို့သော် အချို့အခြေအနေ၊ အချိန်အခါ၌

အသံကျယ်လောင်စွာ ပြုရန်လည်း လိုအပ်၍ မှန်မြတ်၏။ ၎င်းအခြေအနေ အချိန်အခါ၏ အကျယ်ရှင်းလင်းချက်အား ကိုယ်တော်မြတ် ﷺ မှ မိမိ၏ အဆိုအမိန့်များဖြင့် ရှင်းရှင်းလင်းလင်း အမိန့်ရှိထား၏။ ဥပမာ- 'အဇာန်'နှင့် 'အေကာမသ်'အား အသံကျယ်လောင်စွာ ရွတ်ဆိုခြင်း၊ အသံထွက်၍ ဖတ်ရသော နမာဇ်များ၌ ကျမ်းတော်မြတ်ကုရ်အာန်အား အသံကျယ်လောင်စွာ ဖတ်ခြင်း၊ နမာဇ်၏ 'သက္ကဗီးရ်'၌သော်လည်းကောင်း၊ 'အိုက်ယာမေသရှ်ရီးက်'၏ 'သက္ကဗီးရ်'၌သော်လည်းကောင်း၊ 'ဟဂျ်'၌ 'သက္ကဗီးရ်'အား အသံကျယ်လောင်စွာ ဖတ်ခြင်း စသည်တို့၌လည်းကောင်း ဖြစ်၏။ သို့ပါ၍ 'ဖေကာဟ်'သာသနာ့ပညာရှင်များသည် ထိုအခန်းကဏ္ဍ၌ ဆုံးဖြတ်အမိန့်ရှိထားသည်မှာ အကြင် 'ဇိကိရ်'တော်များသည် သီးသန့်အခြေအနေ အချိန်အခါ၌ အသံကျယ်လောင်စွာ ဖတ်ရွတ်ရန် ကိုယ်တော်မြတ် ﷺ ၏ အဆိုကျင့်ကြံမှုဖြင့် အသံကျယ်လောင်စွာ ဖတ်ရန် ပညတ်ထား၏။ ထိုနေရာများမှအပ အခြားအခြေအနေနှင့် နေရာများ၌ တီးတိုးစွာ 'ဇိကိရ်' ပြုခြင်းသည် သာပို၍မှန်မြတ်၍ အကျိုးရှိ၏။

နောက်ဆုံးအာယသ်တော်၌ အမိန့်ရှိထားသည်မှာ-

اِنَّهٗ لَايُحِبُّ الْمُعْتَدِيْنَ

مُعتَدِين ဆိုသော စကားလုံးသည် اِعْتَدَاء မှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်မှာ အတိုင်းထက်အလွန် ပြုခြင်း၊ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် စည်းမျဉ်းစည်းကမ်းကို ကျူးကျော်သူများအား အလ္လာဟ်အသျှင်မြတ် မနှစ်သက်ပေ။ ထိုသို့ ကျူးကျော်ခြင်းသည် ဒိုအာ၌ဖြစ်စေ၊ သို့မဟုတ် အခြားအကျင့်သီလများ၌ဖြစ်စေ မည်သည့်အခြေအနေ၌မဆို ထိုလုပ်ရပ်အား အလ္လာဟ်အသျှင်မြတ် မနှစ်မြို့ပေ။ သို့သာမက စဉ်းစားသုံးသပ်မည်ဆိုပါက အစ္စလာမ်သာသနာသည် အမည်၌ပင်လျှင် စည်းဘောင်အား တသွေမတိမ်းလိုက်နာခြင်းနှင့် အမိန့်နာခံခြင်းဟု အဓိပ္ပာယ်ရ၏။ နမာဇ်၊ ရိုဇာဟ်၊ ဇကားသ်၊ ဟဂျ် စသည့် လုပ်ရပ်ကိစ္စအဝဝ၌ စည်းဘောင်ကျော်လွန်သည်ဆိုသော ခဝပ်ကိုးကွယ်မှုအစား 'ဂိုနာဟ်' အပြစ်ဖြစ်ရှိသွားမည်။

ဒိုအာ၌ ဘောင်ကျော်ခြင်းသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိ၏။ ပထမအမျိုးအစားမှာ ရင့်သီးသော စကားလုံးများအား ထပ်ပြန်တလဲလဲ အသုံးပြုခြင်း၊ အကြင်စကားလုံးများကြောင့် ရိုကျိုးမှု၌ ကွာဟချက် ပေါ်ပေါက်စေ၏။ ဒုတိယအမျိုးအစားမှာ ဒိုအာ၌ အရေးမကြီးသော သတ်မှတ်ချက်များအား စည်းကမ်းချက်အပြင် သတ်မှတ်ခြင်း၊ ဥပမာ- ဟဒီးစ်တော်၌ လာရှိသည်မှာ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န် မိုဂဖွလ် ﷺ မှ ၎င်း၏ သားတော်မောင်သည် ဤသို့ ဒိုအာတောင်းခံခြင်းအား တွေ့မြင်ရ၏။ 'အို၊ အသျှင်၊ ကျွန်တော်မျိုးသည် 'ဂျန္နသ်'တွင် ညာဘက်၌ရှိသော အဖြူရောင်နန်းတော်အား လိုလားပါသည်'ဟု တောင်းခံသော် သခင်မှ ၎င်းအား တားမြစ်လိုက်၏။ ထို့နောက် ဒိုအာတွင် ဤသို့လည်း စည်းကမ်းချက် သတ်မှတ်ခြင်းသည် ဘောင်ကျော်ခြင်းဖြစ်၏ဟု အမိန့်ရှိ၏။ ထိုအချက်နှင့်ပတ်သက်၍ ကုရ်အာန်နှင့် ဟဒီးစ်မှ တားမြစ်ထား၏။

ဘောင်ကျော်ခြင်း၏ တတိယပုံသဏ္ဌာန်မှာ အများမွတ်စ္စလင်မ်များအတွက် 'ဗဒ်ဒိုအာ' (မကောင်းဆုတောင်းခြင်း) သို့မဟုတ် အများသူငှာအတွက် အကျိုးယုတ်စေသော အရာများအား တောင်းခံခြင်း။ ဘိုနည်းတူစွာ မလိုအပ်ဘဲ 'ဒိုအာ'၌ အသံကျယ်လောင်စွာ တောင်းခြင်းသည်လည်း စည်းဘောင်ကျော်သော ပုံသဏ္ဌာန်တစ်ခု ဖြစ်၏။

ဒုတိယအာယသ်တော်၌ အမိန့်ရှိသည်မှာ-

وَلَا تُفْسِدُوْا فِى الْاَرْضِ بَعْدَ اِصْلَاحِهَا

ထိုအာယသ်တော်၌ စာလုံးနှစ်လုံးသည် ဆန့်ကျင်ဘက်လာရှိ၏။ **فساد** နှင့် **صلاح** ဖြစ်သည်။ ၏ အဓိပ္ပာယ်မှာ မှန်ကန်ခြင်း၊ **فساد** ၏ အဓိပ္ပာယ်မှာ ပျက်စီးခြင်းဟု အဓိပ္ပာယ်ရ၏။ အိမာမ်ရာဂစ်ဗ်(ရဟ) မှ မွတ်ဖ်ရဒါးသွလ်ကုရ်အာန်၌ အမိန့်ရှိသည်မှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လိုသည်ထက်ပို၍ ပြုခြင်းကို **فساد** ဟုခေါ်၏။ ထို့ပြင် မျှတမှုတိုင်း၌ လိုသည်ထက်ပိုလျှင် ပိုသကဲ့သို့ပင် **فساد** သည်လည်း အလျော့အတင်း ဖြစ်သွားလိမ့်မည်။ မျှတမှုထဲမှ မည်မျှ အပြင်သို့ ထွက်မည်နည်း။ ဤမျှပင် **فساد** မှာသည်း ကြီးထွားပေလိမ့်မည်။ **افساد** ၏ အဓိပ္ပာယ်မှာ ဖျက်ဆီးခြင်းဟုရ၏။ **اصلاح** အဓိပ္ပာယ်မှာ ကောင်းမွန်ခြင်းဖြစ်သည်။ ဤအတွက်ကြောင့်

وَلَا تُفْسِدُوْا فِى الْاَرْضِ بَعْدَ اِصْلَاحِهَا

အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေအား တည်တံ့ခိုင်မြဲအောင် ပြုပေးပြီးသည့်နောက် ၎င်းပထဝီမြေပေါ်တွင် ပြဿနာများ မဖန်တီးကြနှင့်။ အိမာမ်ရာဂစ်ဗ် (ရဟ) မှ အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အရာတစ်ခုခုအား ပြုပြင်ပြောင်းလဲသော ၎င်း၏ ပုံသဏ္ဌာန် အမျိုးမျိုး ရှိလေသည်။ ပထမဦးဆုံး ပုံသဏ္ဌာန်မှာ ၎င်းအရာအား အစကနဦး၌ပင်လျှင် မှန်မှန်ကန်ကန် ဖန်ဆင်းလိုက်တော်မူ၏။ ဥပမာ- **وَاَصْلَحَ بَالَهُمْ** ဒုတိယပုံသဏ္ဌာန်မှာ အကြောင်းအရာ၌ ပျက်စီးမှု ဆိုက်ရောက်လာပြီးသည့်နောက် ၎င်းအား ဖယ်ရှားသော ပုံသဏ္ဌာန်ဖြစ်သည်။ ဥပမာ-

يُصْلِحْ لَكُمْ اَعْمَالَكُمْ

တတိယပုံသဏ္ဌာန်မှာ ၎င်းအရာအား ပြုပြင်ပြောင်းလဲရန် အမိန့်ပေးသော ပုံသဏ္ဌာန်ဖြစ်၏။ ၎င်းအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေအား ပြုပြင်ရန် အမိန့်ရှိပြီးသည့်နောက် ၎င်းပထဝီမြေပေါ်ဝယ် အသင်တို့သည် ပြဿနာများ မဖန်တီးကြကုန်လင့်ဟု အမိန့်ရှိထား၏။ ထိုအာယသ်တော်၌ မြေပထဝီအား ပြုပြင်ပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး အဓိပ္ပာယ်နှစ်မျိုး ရယူနိုင်၏။ ပထမအဓိပ္ပာယ်သည် ပထဝီမြေ၏ အပေါ်ယံပြုပြင်ခြင်းမှာ လယ်ယာကိုင်းကျွန်း စိုက်ပျိုးနိုင်သည့် အခြေအနေအထိ ပြုပြင်

ခြင်းနှင့် ကောင်းကင်မှ မိုးများ ရွာသွန်းစေပြီး ပထဝီမြေမှ ကောက်ပဲသီးနှံများ ထွက်ပေါ်စေ၍ လူနှင့် အခြားသက်ရှိသတ္တဝါများ၊ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် လိုအပ်သည့် အမျိုးမျိုးအဖုံဖုံသော အသုံးအဆောင်များအား ဖန်ဆင်းတော်မူ၏။ ဒုတိယအလိုသဘောမှာ ပထဝီမြေ၏ အတွင်းပိုင်းပြုပြင်ခြင်းကို ဆိုလို၏။ ဆိုလိုသည်မှာ ပထဝီမြေပေါ် မိမိ၏ စေတမန်တော်များနှင့် ကျမ်းဂန်များ၊ ထို့ပြင် 'ဟေဒါယသ်'တရား လမ်းညွှန်မှုများကို ပို့ချ၍ ၎င်းတို့အား ကုဖွရ်နှင့် ရှရစ်က်၊ ထို့ပြင် လမ်းမှားခြင်းတို့အား သန့်စင်စေတော်မူ၏။ ၎င်းအာယသ်တော်၌ အတွင်းအပြင် နှစ်ခုစလုံးအား ပြုပြင်ပြောင်းလဲခြင်းကိုလည်း ဆိုလိုနိုင်၏။ ယခု အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေ၏ အတွင်းအပြင်အား တိကျမှန်ကန်စွာ ဖန်ဆင်းပေးပြီးသည့်နောက် ယခု အသင်တို့သည် ၎င်းပထဝီမြေဝယ် မိမိတို့၏ အပြစ်ဒုစရိုက်တို့နှင့် သွေဖည်ငြင်းပယ်ခြင်း၏ သဟဲဖြင့် ပြဿနာများ မပြုကြလေနှင့်။

ပထဝီမြေ၏ ပြုပြင်ပြောင်းလဲခြင်းနှင့် ဖျက်ဆီးခြင်းဆိုသည်ကား အဘယ်နည်း၊ ထို့အပြင် လူတို့၏ အပြစ်ဒုစရိုက်များသည် ၎င်းအထဲ၌ မည်သို့ ပတ်သက်သနည်း၊

အတွင်းအပြင် ပြုပြင်ပြောင်းလဲခြင်း နှစ်မျိုးနှစ်စား ရှိသကဲ့သို့ ဖျက်ဆီးခြင်းသည်လည်း နှစ်မျိုးနှစ်စား ရှိ၏။ ပထဝီမြေ၏ အပေါ်ယံပြုပြင်ပြောင်းလဲခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ဤသို့သော ထုထည်ဖြင့် ဖန်ဆင်းထား၏။ အဘယ်သို့ဆိုသော် ၎င်းပထဝီမြေပေါ် တည်တံ့ခိုင်မြဲခြင်း မရှိလောက်အောင် ရေကဲ့သို့လည်း ပျော့ပြောင်းခြင်း မရှိ။ ထို့ပြင် ထွန်ယက်ခြင်း မပြုနိုင်လောက်အောင် ကျောက်တုံးကျောက်ခဲနှင့် သံများကဲ့သို့လည်း မာကျောခြင်း မရှိ။ သင်တင့်မျှတသော အနေအထားဖြင့် ဖန်ဆင်းထား၏။ သို့မှသာ လူသားသည် ၎င်းပထဝီမြေအား နူးညံ့ပျော့ပြောင်းအောင် ပြု၍ ၎င်းနေရာများတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်မည်။ ထို့အပြင် တူးဆွ၍ ရေတွင်းများ၊ ကတုတ်ကျင်းများ၊ ချောင်းမြောင်းများ ဖောက်လုပ်နိုင်မည်။ အဆောက်အဦးများ၏ အုတ်မြစ်များ၊ ခိုင်ခံ့နိုင်မည်။ ထို့နောက်တစ်ဖန် ၎င်းပထဝီမြေ၏ အတွင်းအပြင် သာယာဝပြောမှုရှိရန် အလို့ငှာ ဤသို့သော အသုံးအဆောင်ပစ္စည်းများကိုလည်း ဖန်ဆင်းထားတော်မူ၏။ ၎င်းပထဝီမြေ၌ စိမ်းလန်းစိုပြည်သော သစ်သီးဝလံများလည်း ပေါက်ရောက်စေသည်။ ပြင်ပမှ လေ၊ အလင်းရောင်၊ အပူ၊ အအေးများ ဖြစ်ထွန်းစေ၏။ ထို့အပြင် သစ်ပင်များ ပေါက်ရောက်နိုင်ရန်အလို့ငှာ မိုးတိမ်မိုးသားများ၏ သဟဲဖြင့် ၎င်းတို့အပေါ် ရွာသွန်းစေ၏။ ၎င်းပြင် ပန်းပေါင်းစုံနှင့် သစ်သီးဝလံများ အရောင်အဆင်းနှင့် အရည်များ ပြည့်နှက်ရန်အလို့ငှာ အမျိုးမျိုးအဖုံဖုံသော နက္ခတ်တာရာတို့၏ အပူရှိန်နှင့် အအေးများလည်း ၎င်းတို့အပေါ် ချပေးတော်မူခဲ့၏။ လူသားအား အသိဉာဏ်ကို ချီးမြှင့်ပြီး ၎င်း၏ သဟဲဖြင့် လူသားတို့သည် မြေပထဝီမှ ထွက်ပေါ်လာသည့် အကြမ်းထည်ပစ္စည်းများဖြစ်သော သစ်သား၊ သံ၊ ကြေးနီ၊ ကြေးဝါ၊ အလူမီနီယံ အစရှိသော ပစ္စည်းများအား ဖြတ်တောက်ဆက်စပ်၍ တီထွင်မှုများ ပြုလုပ်ပြီး ကမ္ဘာလောကကြီးအား အသစ်တစ်ဖန် မွမ်းမံလိုက်လေသည်။ ဤအရာအားလုံးသည် ပထဝီမြေ၏ အပေါ်ယံ

ပြုပြင်ပြောင်းလဲမှုဖြစ်၏။ ၎င်းအား အလ္လာဟ်အသျှင်မြတ်မှ မိမိ၏ ပြည့်ဝသော တန်ခိုးတော်နှင့် ဖန်ဆင်းထားခြင်း ဖြစ်ပေသည်။

ထို့ပြင် အတွင်းပိုင်းပြုပြင်ပြောင်းလဲခြင်းနှင့် နာမ်ပိုင်းဆိုင်ရာအား ပြုပြင်ပြောင်းလဲခြင်းသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၊ အသျှင်မြတ်နှင့် အဆက်အသွယ်ထားခြင်း၊ ၎င်းအသျှင်မြတ်၏ အမိန့်တော်အပေါ် တသွေမတိမ်း လိုက်နာခြင်းအပေါ် မူတည်၏။ ဤအတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်မှ ဦးစွာပထမ လူသားတိုင်း၏ နှလုံးသားဝယ် အသျှင်မြတ်၏ အမိန့်များအား နာခံနိုင်သည်။ ထို့ပြင် တသသည့် စိတ်ဓါတ်၊ ဗီဇ၊ ခံစားချက်များအား ထည့်ပေးထား၏။

فَاَ لۡهَمَهَا فُجُوۡرَهَا وَتَقۡوٰ هَا

၎င်းပြင် လူသားတို့၏ ပရဝုဏ်၌ အသေးအနုတ်အရာများ၌လည်း မိမိ၏ ပြည့်ဝသော တန်ခိုးတော်နှင့် အံ့ဖွယ်တီထွင်မှုများအား တွေ့မြင်၍ သာမန် အသိရှိသောသူပင်လျှင်

فَتَبَارَكَ اللّٰهُ اَحۡسَنُ الۡخَالِقِيۡنَ

ပြောဆိုလာကြလိမ့်မည်။ ထို့အပြင် မိမိ၏ စေတမန်တော်များ စေလွှတ်၍ ကျမ်းဂန်များအား ချပေးတော်မူ၏။ ၎င်း၏ သဟဲဖြင့် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံကြားဝယ် ဆက်သွယ်နိုင်မည့် ပြည့်ဝသော စီမံမှုများကိုလည်း ပြုထားတော်မူ၏။

ထိုနည်းတူစွာ မြေပထဝီတစ်ခုလုံးအား အတွင်းအပြင် ပြုပြင်ပြောင်းလဲခြင်းအား တင်ပြပြီးသည့်နောက် ယခုပညတ်ချက်တော်မှာ ငါအသျှင်မြတ်သည် ထိုပထဝီအား ပြုပြင်ပြောင်းလဲလိုက်၏။ အသင်တို့သည် ၎င်းအပေါ် ဖျက်လိုဖျက်ဆီး မပြုကြကုန်လင့်။

အကြင်ကဲ့သို့ အတွင်းအပြင် ပြုပြင်ပြောင်းလဲခြင်း၏ နှစ်မျိုးနှစ်စားအား တင်ပြသကဲ့သို့ ထိုနည်းတူစွာ ဖျက်ဆီးခြင်း၏ နှစ်မျိုးနှစ်စားအား တင်ပြထား၏။ ၎င်းနောက် အသျှင်မြတ်၏ အမိန့်တော်ဖြင့် ထိုအချက်နှစ်ချက်စလုံးကိုလည်း တားမြစ်ထားတော်မူ၏။ စင်စစ် ကျမ်းတော်မြတ်ကုရ်အာန်နှင့် ကိုယ်တော်မြတ် ﷺ ၏ အဓိကပြုကျင့်မှုနှင့် အရေးတကြီး ဆောင်ရွက်ချက်မှာ အတွင်းပိုင်းပြုပြင်ပြောင်းလဲခြင်းဖြစ်၏။ ထို့ပြင် အတွင်းပိုင်း ပျက်စီးမှုအား တားမြစ်ခြင်းဖြစ်၏။ သို့သော် ယနေ့ မျက်မှောက်ခေတ်၌ အတွင်းအပြင် ပြုပြင်ပြောင်းလဲမှုနှင့် ပျက်စီးမှုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက် ရှိ၏။ အကြောင်းမှာ ပျက်စီးမှုတစ်ခုသည် အခြားပျက်စီးမှုတစ်ခုအပေါ် မူတည်နေ၏။ သို့ပါ၍ ကျမ်းတော်မြတ်ကုရ်အာန်၏ ဥပဒေမှ အတွင်းပိုင်းပျက်စီးမှု၏ တံခါးပေါက်များ ပိတ်ပင်ထားသကဲ့သို့ ပြင်ပပျက်စီးမှုများကိုလည်း တားမြစ်ထားတော်မူ၏။ ခိုးခြင်း၊ လုယက်တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အရှက်တရားကင်းမဲ့ခြင်းတို့၏ နည်းမျိုးစုံသည်။ လောကီ၌ အမျိုးမျိုးအဖုံဖုံသော အတွင်းအပြင် ပျက်စီးမှုများ ပေါ်ပေါက်လျက်ရှိ၏။ သို့ပါ၍ ၎င်းအချက်များအပေါ် အထူးသဖြင့် လိုက်နာရန်နှင့် ပြင်းထန်သော အပြစ်ဒဏ်များကိုလည်း

သတ်မှတ်ထား၏။ ထို့ပြင် ဒုစရိုက်ဟူသရွေ့သည် တစ်နေရာတွင် ပြင်ပပျက်စီးမှု၏ အကြောင်းခံဖြစ်ပြီး တစ်နေရာတွင် အတွင်းပိုင်းပျက်စီးမှု၏ အကြောင်းခံဖြစ်၏။ သို့ပါ၍ စဉ်းစားသုံးသပ်ကြည့်မည်ဆိုပါက အပြင်ပိုင်းပျက်စီးမှု ဟူသရွေ့သည် အတွင်းပိုင်းပျက်စီးမှုဟူသရွေ့၏ အကြောင်းခံဖြစ်သကဲ့သို့ အတွင်းပိုင်းပျက်စီးမှုဟူသရွေ့သည်လည်း ပြင်ပပျက်စီးမှုဟူသရွေ့၏ အကြောင်းခံဖြစ်သည်။

ပြင်ပပျက်စီးမှုသည် အတွင်းပိုင်းပျက်စီးမှုအတွက် အကြောင်းခံဖြစ်သည်ဆိုခြင်းမှာ ပေါ်လွင်နေလျက်ရှိ၏။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်တော်များအား ဖီဆန်လာခြင်းပင် ဖြစ်သည်။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်ခြင်း၏ ဒုတိယအမည်မှာ အတွင်းပိုင်းပျက်စီးမှုဖြစ်၏။ သို့သော်ငြားလည်း အတွင်းပိုင်းပျက်စီးမှုသည် ပြင်ပပျက်စီးမှု၏ အကြောင်းခံ မည်သို့မည်ပုံဖြစ်သည်ကို သိရန်အလို့ငှာ အတိုင်းအတာတစ်ခုအထိ စဉ်းစားသုံးသပ်ရန် လိုအပ်ပေသည်။ အကြောင်းမှာ ဤကမ္ဘာလောကတစ်ခွင်လုံးနှင့် အသေးအကြီးဟူသရွေ့သော အရာအားလုံးသည် ပိုင်စိုးတော်မူသော အသျှင်မြတ်က ပြုလုပ်ထားခြင်းဖြစ်၏။ ထို့အပြင် ထိုအသျှင်မြတ်၏ အမိန့်နာခံနေသမျှ ကာလပတ်လုံး ဤအရာအားလုံးသည်လည်း လူသားအား မှန်မှန်ကန်ကန် ပြုစုနေမည် ဖြစ်၏။ ထို့အပြင် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အား သွေဖည်လျက်ရှိသော် လောကီ၏ အရာဟူသရွေ့သည် အတွင်းထဲ၌ လူသား၏ အမိန့်ဖီဆန်မှုများ ဖြစ်ရှိသွား၏။ ၎င်းအား အပေါ်ယံအားဖြင့် လူသားသည် မိမိတို့၏ မျက်စိဖြင့် မတွေ့မြင်နိုင်ပေ။ သို့သော် ၎င်းအရာများ၏ သက်ရောက်မှု၊ ထူးခြားမှုနှင့် ရလဒ်တိုင်းအား စဉ်းစားတွေးခေါ်မည်ဆိုပါက အပေါ်ယံအားဖြင့် ၎င်း၏ အထောက်အထားရရှိသွားမည်ဖြစ်သည်။

ထင်ရှားသည်မှာ လောကီရှိ အရာဟူသရွေ့သည် လူသား၏ အသုံးအဆောင်၌ တည်ရှိနေ၏။ ရေသည် ၎င်း၏ လည်ချောင်းအတွင်းမှ ဆင်းသက်သွားသော် ရေဆာခြင်း၏ ပပျောက်မှုအား မငြင်းဆိုနိုင်ပေ။ အစားအစာသည် ၎င်း၏ ဆာလောင်မွတ်သိပ်မှုအား ဖယ်ရှားခြင်းမှ အတားအဆီး မဖြစ်ပေ။ အဝတ်အထည်၊ အိမ်တို့သည် အပူနှင့်အအေးဒဏ်တို့မှ ငြိမ်းချမ်းမှုရရှိရန် အသင့်ပြုခြင်းမှ မငြင်းဆိုနိုင်ပေ။

သို့သော် ရလဒ်အား ထောက်ရှုပါက ၎င်းတို့အနက် မည်သည့်အရာမဆို မိမိတို့၏ လုပ်ရပ်များအား ပြည့်ပြည့်ဝဝ မဆောင်ရွက်ကြောင်း သိရှိရ၏။ အကြောင်းမှာ ၎င်းအရာအားလုံးနှင့် ထိုအရာအား သုံးစွဲခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသားအား ငြိမ်းချမ်းသာယာမှု သက်ရောက်စေရန် သောကဒုက္ခအား ဝေးကွာစေရန် ရောဂါဝေဒနာများမှ ပပျောက်စေရန် ဖြစ်၏။

ယခု လောကီအခြေအနေများအား ကြည့်ရှုမည်ဆိုသော် မျက်မှောက်ခေတ်အတွင်း သာယာဝပြောမည့် ပစ္စည်းဥစ္စာများနှင့် ရောဂါဝေဒနာအား ပပျောက်စေမည့် ကိရိယာတို့သည် အတိုင်းထက်အလွန် ရှိလင့်ကစား မြောက်မြားစွာသော လူသားများသည် သောကများနှင့် ဝေဒနာများ၏ သားကောင်ဖြစ်နေကြ၏။ အသစ်အဆန်း ရောဂါဝေဒနာများ၊ ဒုက္ခများ ရှုသွန်းလျက်ရှိ၏။ အဆင့်အတန်းအမြင့်ဆုံး၌ ပါရှိသည်ဟူသော မည်သည့်လူသားမဆို မိမိတို့၏ နေရာ၌ အေးချမ်းသာယာမှု မရရှိပေ။ သို့သာမက ပစ္စည်းဥစ္စာများ တိုးပွားသည်နှင့်အမျှ ဒုက္ခနှင့် ဝေဒနာ၊ ၎င်းအပြင် သောကများသည်လည်း တိုးပွားသွား၏။

ရောဂါဝေဒနာ တိုးပွားနေသကဲ့သို့ ဆေးဝါးများလည်း တိုးပွားနေခြင်း

ယနေ့လူသားများအား ဂုဏ်စနစ်နှင့် အခြားအရည်အသွေးများမှာ ပြုစားထား၏။ ၄င်းအရာများအား အနည်းငယ်တိုး၍လည်း စဉ်းစားကြည့်မည်ဆိုသော် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုဟူသရွေ့နှင့် တီထွင်မှုများသည် ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ချက်ဖြစ်သော ငြိမ်းချမ်းသာယာမှု ရရှိရာ၌ အချည်းအနှီးဖြစ်ခဲ့ကြောင်း သိရှိရ၏။ ယင်းအကြောင်းအရင်းမှာ ၄င်းအရာများ၏ အတွင်းအပြင်အပေါ် အခြေခံနေခြင်းမဟုတ်။ ကျွန်ုပ်တို့သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်နှင့် ပိုင်စိုးတော်မူသော အသျှင်မြတ်၏ အမိန့်ဖီဆန်ခြင်းကြောင့် ထိုအသျှင်မြတ်၏ ဖန်ဆင်းခံများသည် အပေါ်ယံအားဖြင့် ကျွန်ုပ်တို့၏ အမိန့်အား ဖီဆန်ခြင်းဖြစ်၏။

ဆိုလိုသည်မှာ လောကီ၌ ဤအရာအားလုံးသည် စင်စစ် ပြင်ပတွင် အသိဝိညာဉ် ကင်းမဲ့သည်ဟု ထင်ရသော်ငြားလည်း စင်စစ်မှ ပိုင်စိုးတော်မူသော အသျှင်မြတ်၏ အမိန့်အား နာခံလုပ်ဆောင်ခြင်း၏ အသိတရားသည်လည်း ၄င်းတို့အထဲတွင် ရှိနေ၏။

နှုတ်ကပါဠ်တော်၏ အကျဉ်းချုံးမှာ နက်နက်နဲနဲ စဉ်းစားကြည့်လျှင် ဒုစရိုက်ဟူသရွေ့မှု၊ ၄င်းနောက်အလ္လာဟ်အသျှင်မြတ်အား မေ့လျော့ခြင်း၊ ၄င်းအပြင် ထိုအသျှင်မြတ်၏ အမိန့်ဟူသရွေ့အား ဖီဆန်ခြင်းသည် လောကီ၌ အတွင်းပိုင်းပျက်စီးမှု ပေါ်ပေါက်သည်သာမက ပြင်ပပျက်စီးမှုလည်း မုချဖြစ်ရှိ၏။

ဤသည် ကဗျာဆန်ဆန် ပြောဆိုခြင်းမဟုတ်။ သို့သာမက စင်စစ် ကျမ်းတော်မြတ်၏ ကုရ်အာန်နှင့် ဟဒီးစ်တော်များမှ အမိန့်ရှိထား၏။ သို့သော် ပေါ့လျော့သော ပြစ်ဒဏ်၏ နမူနာအား လောကီ၌ ရောဂါများ ဖိနှိပ်မှုများ၊ လေပြင်းမုန်တိုင်းများ၊ ရေကြီးသော ပုံသဏ္ဌာန်များ ရှေ့တွင် ဆိုက်ရောက်လျက် ရှိ၏။ သို့ပါ၍

لَا تُفْسِدُوْا فِي الْاَرْضِ بَعْدَ اِصْلَاحِهَا

၏ အလိုသဘော၌ ထိုအပြစ်ဒုစရိုက်များလည်း အကျုံးဝင်၏။ အကြင်အပြစ်ဒုစရိုက်ကြောင့် ပြင်ပအနေနှင့် လောကီတွင် ပြဿနာများ ပေါ်ပေါက်စေ၏။ ထိုနည်းတူစွာ ဖီဆန်မှုဟူသရွေ့နှင့် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့ခြင်း၊ အပြစ် 'ဂိုနာဟ်'ကျူးလွန်ခြင်းသည်လည်း ၄င်းအနက် အကျုံးဝင်၏။ ဤအတွက်ကြောင့် ဖော်ပြပါ အာယသ်တော်၌ပင် ဆက်လက်အမိန့်ရှိသည်မှာ-

وَادْعُوْهُ خَوْفًا وَّطَمَعًا

ဆိုလိုသည်မှာ ကြောက်ရွံ့ခြင်း၊ မျှော်လင့်ချက်နှင့်တကွ အလ္လာဟ်အသျှင်မြတ်အား တသကြလေကုန်။ သဘောမှာ တစ်ဖက်တွင် တောင်းဆုဒိုအာ၏ လက်ခံသဘောတူမှု မရှိမည်ကို စိုးရိမ်နေရပေမည်။ အခြားတစ်ဖက်၌ အသျှင်မြတ်၏ ကရုဏာတော်အား ပြည့်ပြည့်ဝဝ မျှော်လင့်မှုထားရှိရမည်။ ထို့အပြင် ဤမျှော်လင့်ချက်နှင့် ကြောက်ရွံ့မှုသာလျှင် ကြံခိုင်မှု၌ လူသား၏ လက်ရုံးနှစ်ဖြစ်လေသည်။ ထိုလက်ရုံးနှစ်ခုဖြင့် ပျံသန်း၍ မြင့်မားသော အဆင့်အတန်းကို ရယူမှု ပြုနိုင်သည်။

ဖော်ပြပါဝါကျမှ မျှော်လင့်မှုနှင့် ကြောက်ရွံ့မှု၊ ၎င်းနှစ်ခုစလုံး၏ အဆင့်အတန်းသည် တန်းတူညီတူ ဖြစ်ရန် လိုအပ်ပေသည်။ အချို့အိုလမာသာသနာ့ပညာရှင်များမှ အမိန့်ရှိသည်မှာ သက်တမ်းရှိစဉ်နှင့် ကျန်းမာရေးကောင်းသော ကာလ၌ ကြောက်ရွံ့မှုအား လွှမ်းမိုးထားခြင်းသည် သင့်တော်ပေသည်။ သို့မှသာ အမိန့်နာခံရာ၌ ပျင်းရိမှုမဖြစ်ရှိပေ။ ထို့အပြင် သေဆုံးရန် နီးကပ်လာသော် မျှော်လင့်ချက်အား လွှမ်းမိုးထားရမည်။ အကြောင်းမှာ ယခု ကျင့်ကြံမှုဆိုင်ရာ အင်အားသည် ချုပ်ငြိမ်းသွားပြီးဖြစ်၍ ၎င်း၏ ပြုကျင့်မှုသည် ကရုဏာအား မျှော်ကိုးခြင်းသည်သာလျှင် ကျန်ရှိတော့၏။

အချို့သော သုတေသီများမှ ဆင့်ပြန်သည်မှာ သာသနာ၏ အဓိကရည်ရွယ်ချက်သည် စစ်မှန်သော လမ်းအပေါ် ရပ်တည်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အား အမြဲတစေ တသွေမတိမ်း လိုက်နာခြင်းပင် ဖြစ်သည်။ ထို့ပြင် လူသားတို့၏ စိတ်ဓါတ်၊ ဗီဇအမျိုးမျိုး ကွဲပြားလေသည်။ အချို့သည် ကြောက်ရွံ့မှု လွှမ်းမိုးသည့်အတွက်ကြောင့် ဤတည်မြဲသောနေရာနှင့် အမြဲတစေ အမိန့်နာခံနိုင်သော အရည်အချင်း ရရှိလေသည်။ အချို့သည် ချစ်ခင်မှုနှင့် မျှော်လင့်ချက် လွှမ်းမိုးသည့်အတွက်ကြောင့် ၎င်းအဆင့်အတန်းများ ရရှိစေ၏။ သို့ပါ၍ မည်သည့်အခြေအနေ၌မဆို ၎င်းရည်ရွယ်ချက်အား ပံ့ပိုးမှုအရာဟူသရွေ့ ရရှိမည်ဆိုသော် ၎င်းအား ရယူမှုပြုရန် သောကထားရမည်။

အနှစ်ချုပ်မှာ ဒိုအာနှင့် ပတ်သက်သော စည်းကမ်းချက်နှစ်ရပ်အား ထို့ထက်လျှင် အာယသ်တော်၌ ဖော်ပြထားခဲ့ပြီးဖြစ်သည်။ တစ်ခုမှာ ရိုကျိုးမှုနှင့်တကွ တောင်းဆိုခြင်း၊ ဒုတိယစည်းကမ်းချက်မှာ တိုးတိုးစွာဖြင့် တောင်းဆိုခြင်းတို့ ဖြစ်သည်။ ဤအရည်အချင်းနှစ်ခုစလုံးသည် လူသား၏ ပြင်ပခန္ဓာကိုယ်ဖြင့် ပတ်သက်၏။ အကြောင်းမှာ ရိုကျိုးခြင်း၊ ဆင်းရဲနုံချာခြင်း စသည့် ပုံသဏ္ဍာန်များကို ဆိုလိုသည်။ မာနထောင်လွှားခြင်း (သို့) လိုလားမှုကင်းမဲ့ခြင်း ပုံသဏ္ဍာန်မဖြစ်စေရ။ ထို့ပြင် တိုးတိုးစွာ တောင်းခံခြင်း၏ ဆက်နွယ်မှုသည် ပါးစပ်နှင့် ပတ်သက်လေသည်။

ထိုအာယသ်တော်၌ ဒိုအာဆုမွန်တောင်းရန်အတွက် အတွင်းပိုင်းစည်းကမ်းချက်နှစ်ချက်အား ဖော်ပြ၍ ၎င်းအချက်နှစ်ချက်သည် လူသား၏ နှလုံးသားဖြင့် ပတ်သက်ပြီး ၎င်းမှာ ဒိုအာတောင်းခံသူ၏ စိတ်တွင်း၌ ကျွန်ုပ်၏ ဒိုအာသည် လက်ခံမှု ခံရမည်လောဟူသော စိုးရိမ်စိတ်လည်း ထားရှိရန် လိုအပ်ပေသည်။ ထို့အပြင် ကျွန်တော်မျိုး၏ ဒိုအာသည် လက်ခံနိုင်သည့် မျှော်လင့်ချက်ထားရန် လိုအပ်ပေသည်။ အကြောင်းမှာ မိမိ၏ မေ့မှားမှုများနှင့် အပြစ်ဒုစရိုက်များအား သောကမဲ့စွာ နေခြင်းသည်လည်း အီမာန်နှင့် ဆန့်ကျင်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် ကင်းဝေးသွားခြင်းသည်လည်း ကုဖွ်ရ်ထိုက်၏။ ဒိုအာလက်ခံသဘောတူခြင်းသည် ၎င်းအခြေအနေနှစ်ရပ်စလုံး၏ စပ်ကြား၌ မျှော်လင့်ချက် ထားနိုင်သည်။

တစ်ဖန် နောက်ဆုံးအာယသ်တော်၌

اِنَّ رَحْمَتَ اللهِ قَرِيْبٌ مِّنَ الْمُحْسِنِيْنَ

ဟု အမိန့်ရှိထား၏။ ဆိုလိုသည်မှာ ကောင်းမှုပြုကျင့်သောသူများအဖို့ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်အနီး၌ပင် ရှိ၏။ ထိုအာယသ်တော်၌ ဒိုအာတောင်းခံသည့်အချိန်တွင် ကြောက်ရွံ့မှုနှင့် မျှော်လင့်

မှ အခြေအနေနှစ်ရပ်စလုံးရှိရန် လိုအပ်ကြောင်းကိုလည်း ရည်ညွှန်း၏။ သို့သော် ၎င်းအခြေအနေနှစ်ရပ်အနက် မျှော်လင့်ချက်ထားရှိခြင်းသည် ပို၍ ဦးစားပေးခံရ၏။ အကြောင်းမှာ တစ်လောကလုံးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ မဟာကရုဏာနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ ထံတော်ဝယ် ၎င်းကျေးဇူးတရားနှစ်ခုစလုံးမှ စေးနဲခြင်းဟူ၍ မရှိပေ။ ၎င်းအသျှင်မြတ်သည် မကောင်းသည်ထက် မကောင်းသောလူသားပင်ဖြစ်လင့်ကစား ရှုံးကဲသွားစေ၍ ဒိုအာလည်း လက်ခံသဘောတူနိုင်သည်။ အကယ်၍ ဒိုအာလက်ခံမှု မရှိခြင်းအား စိုးရိမ်မှုတစ်စုံတစ်ရာ ဖြစ်နိုင်သော် ၎င်းစိုးရိမ်မှုသည် မိမိ၏ မကောင်းသော ကျင့်ကြံမှုနှင့် 'ဂိုနာဟ်'များ၏ ဆိုးကျိုးကြောင့်သာလျှင် ဖြစ်နိုင်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာနီးကပ်ရန်အတွက် ကောင်းသော အကျင့်သီလရှိရန် အရေးကြီးပေသည်။

သို့ပါ၍ ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိသည်မှာ အချို့သောသူများသည် ခရီးအရှည်အဝေး နှင်ကြပြီး မိမိတို့၏ ပုံပန်းသဏ္ဌာန်အား ဆင်းရဲနွမ်းပါးသော ပုံသဏ္ဌာန်အဖြစ် ဖန်တီးကြ၏။ တစ်ဖန် အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ဒိုအာပြုရန်အတွက် လက်ဖြန့်ကြသည်။ သို့သော် ၎င်းတို့၏ စားသောက်ခြင်းနှင့် ဝတ်စားဆင်ယင်မှုသည် 'ဟရာမ်'ဖြစ်သော် ဤသို့သောသူများ၏ ဒိုအာသည် မည်သို့ လက်ခံသဘောတူနိုင်မည်နည်း။

ထို့ပြင် ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိသည်မှာ ဗန္ဒာဟ်ကျေးကျွန်တစ်ဦးဦး၏ ဒိုအာသည် အပြစ်ဒုစရိုက်တစ်ခုခုနှင့် သို့မဟုတ် အဆက်အသွယ်သားချင်း ဖြတ်တောက်သော ဒိုအာမပြုလုပ်သရွေ့၊ ၎င်းနောက် စောလျင်စွာ လက်ခံရန် မပြုသရွေ့ကာလပတ်လုံး ၎င်း၏ ဒိုအာလက်ခံနေမည်ဖြစ်သည်။ ဆွဟာဗာများမှ 'စောလျင်စွာ လက်ခံရန် ပြုခြင်း'ဆိုသည်မှာ အဘယ်နည်းဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိသည်မှာ စောလျင်ခြင်းဟူသည်မှာ ကျွန်ုပ်သည် အချိန်ကာလကြာမြင့်စွာမှ ဒိုအာတောင်းခံခဲ့လျက်ရှိ၏။ ယခုအချိန်အထိ လက်မခံသေးဟုဆိုကာ မျှော်လင့်ချက်ကင်းမဲ့သွားပြီး ဒိုအာတောင်းခံခြင်းကို စွန့်လွှတ်လိုက်ခြင်းဖြစ်သည်။

ဟဒီးစ်တော်၌ ကိုယ်တော်မြတ် ﷺ မှ အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ဒိုအာဆုမွန်တောင်းခံမည်ဆိုသော် မုချကေန် လက်ခံလိမ့်မည်ဟု မှတ်ယူ၍ ဒိုအာတောင်းခံရမည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကျယ်ပြောသော ကရုဏာတော်အား ရှေးချယ်ထား၍ ကျွန်တော်မျိုး၏ ဒိုအာသည် မုချ လက်ခံသဘောတူတော်မူမည်ဟု နှလုံးသားအတွင်း မှတ်ယူထားရမည်။ မိမိ၏ အပြစ်များကြောင့် ဒိုအာလက်ခံသဘောတူရာတွင် အတားအဆီးဖြစ်လိမ့်မည်ဟု စိုးရိမ်စိတ်ဖြစ်ခြင်းသည် ဒိုအာ လက်ခံခြင်းအား အဟန့်အတားမဖြစ်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَهُوَ الَّذِيْ يُرْسِلُ الرِّيٰحَ
بُشْرًا بَيْنَ يَدَيْ رَحْمَتِهٖ ۗ حَتّٰىٓ اِذَآ اَقَلَّتْ سَحَابًا ثِقَالًا
سُقْنٰهُ لِبَلَدٍ مَّيِّتٍ فَاَنْزَلْنَا بِهِ الْمَآءَ فَاَخْرَجْنَا بِهٖ مِنْ
كُلِّ الثَّمَرٰتِ ۗ كَذٰلِكَ نُخْرِجُ الْمَوْتٰى لَعَلَّكُمْ تَذَكَّرُوْنَ ﴿٥٧﴾

၇ : ၅၇ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် လေများကို မိမိ၏ ကရုဏာတော် (တည်းဟူသော မိုးရွာသွန်းခြင်း) ၏ ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ နောက်ဆုံးတွင် ထိုလေများသည် လေးလံသော မိုးတိမ်များကို သယ်ပို့ယူဆောင်လာသောအခါ ထိုမိုးတိမ်များကို ငါအသျှင်မြတ်သည် ခြောက်သွေ့လျက်ရှိသော မြို့ရွာဒေသသို့ မောင်းနှင် (ပို့ဆောင်) တော်မူ၏။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းမိုးတိမ်မှ (မိုး) ရေကို သွန်ချပေးတော်မူသည်။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် ထိုရေဖြင့် သစ်သီးဝလံမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူသည်။ ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် သူသေတို့အား (သင်္ချိုင်းအတွင်းမှ) ထွက်စေတော်မူမည် ဖြစ်သည်။ သို့မှသာလျှင် အသင်တို့သည် တရားရနိုင်ကြပေမည်။

وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهٗ بِاِذْنِ رَبِّهٖ ۚ وَالَّذِيْ خَبُثَ
لَا يَخْرُجُ اِلَّا نَكِدًا ۗ كَذٰلِكَ نُصَرِّفُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ ﴿٥٨﴾

၇ : ၅၈ ။ ။ ထို့ပြင် မြေဩဇာကောင်းမွန်သော မြေမှ ၎င်း (မြေ) ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများသည် (ကောင်းမွန်များပြားစွာ) ပေါက်ရောက်လေသည်။ သို့ရာတွင် (မြေဩဇာ) ညံ့ဖျင်းသော မြေမှ အလွန်ခဲယဉ်းစွာ ပေါက်ရောက်လေသည်။ ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် သက်သေသာဓကများကို ကျေးဇူးသိတတ်သူအဖို့ နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် မိမိကရုဏာတော်မိုး မရွာမီ လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူသော အသျှင် ဖြစ်တော်မူသည်။ နောက်ဆုံးတွင် ထိုလေများသည် လေးလံသော မိုးတိမ်များ သယ်ပို့ယူဆောင်လာသောအခါ ငါအသျှင်မြတ်သည် ထိုမိုးတိမ်များကို ခြောက်သွေ့လျက်ရှိသော မြို့၊ ရွာ၊ ဒေသသို့ မောင်းနှင်တော်မူ၏။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းမိုးတိမ်ဖြင့် ရေကို ချပေးတော်မူ၏။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းရေဖြင့် သစ်သီးဝလံမျိုးစုံတို့ကို ချပေးတော်မူ၏။ (ထိုအချက်မှာ အလ္လာဟ် တစ်ပါးတည်း တည်ရှိခြင်းနှင့် သေခြင်းမှ တစ်ဖန်ပြန်လည် ရှင်ပြန်ထရခြင်း၏ အသျှင်၏ တန်ခိုးအာနုဘော် အတည်ပြုစေ၏။ သို့ပါ၍ အမိန့်ရှိသည်မှာ) ဤနည်းအတိုင်းပင် (ကေယာမသ်နေ့) ငါအသျှင်မြတ်သည် သေသူတို့အား (ပထဝီမြေမှ) ပြန်လည်ရှင်ပြန်ထစေတော်မူလိမ့်မည်။ (ဤအချင်းအရာအားလုံးအား ဤအတွက် ကြောင့် တင်ပြနေရခြင်းဖြစ်၏။) သို့မှသာလျှင် အသင်တို့သည် တရားရကြကုန်အံ့။ (ထို့ပြင် ကျမ်းတော်မြတ်

ကုရ်အာန်နှင့် ကိုယ်တော်မြတ် ﷺ ၏ လမ်းညွှန်မှုသည် အားလုံးအတွက် ဖြစ်လေသည်။ သို့သော် ၎င်းမှ အကျိုးခံစားသူ အလွန်နည်းပါး၏။ ၎င်း၏ ပမာသည် ပထဝီမြေတိုင်းအပေါ် မိုးရွာသွန်း၏။ သို့သော် လယ်ယာကိုင်းကျွန်းနှင့် အပင်တိုင်းသည် နေရာတိုင်း၌ ပေါက်ရောက်ခြင်းမရှိပေ။ ပေါက်ရောက်နိုင်စွမ်း ရှိသော မြေ၌မှသာလျှင် ပေါက်ရောက်၏။ သို့ပါ၍ အမိန့်ရှိသည်မှာ မြေဩဇာကောင်းမွန်သန့်စင်သော မြေ၌ ထိုမြေမှ ၎င်းကို ဖန်ဆင်းတော်မူသော အရှင်မြတ်၏ အမိန့်တော်ဖြင့် ဟင်းသီးဟင်းရွက်၊ ကောက်ပဲ သီးနှံများ၊ ကောင်းမွန်များပြားစွာ ပေါက်ရောက်လေ၏။ သို့ရာတွင် မြေဩဇာမကောင်းသော မြေမှာမူကား (အကယ်၍ ပေါက်ရောက်လျှင်လည်း) အလွန်နည်းပါးစွာ ပေါက်ရောက်လေ၏။ ငါအရှင်မြတ်သည် ဤနည်း အတိုင်းပင် (အစဉ်အမြဲ) အထောက်အထားများကို ပုံစံအမျိုးမျိုးဖြင့် တင်ပြ၍ ထားလေသည်။ (သို့သော်လည်း ထိုအရာများအားလုံးသည်) ကျေးဇူးသိတတ်သော သူတို့အဖို့သာလျှင် အကျိုးဖြစ်ထွန်းလေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြပြီးသော အာယသ်တော်များ၌ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကြီးကျယ်ထူးခြားသည့် 'နေအ်မသ်' စည်းစိမ်တော်များဖြစ်သော မိုးကောင်းကင်နှင့် မြေပထဝီ၊ နေနှင့် ညဥ့်၊ နေနှင့် လ၊ ထို့ပြင် နက္ခတ်ကြယ်တာရာအားလုံးအား ဖန်ဆင်းခြင်းနှင့် ယင်းမှ လူသားတို့၏ လိုအပ်ချက်များ အသင့်ပြုလုပ် ပေးခြင်း၊ လူသားများ၏ ကိစ္စအဝဝ၌ ရှိနေခြင်းအား တင်ပြသည်။ ထိုအပေါ် သတိချပ် တင်ပြထားသည်မှာ ကျွန်ုပ်တို့၏ လိုအပ်ချက်ဟူသမျှနှင့် ဗိမ်ခံပစ္စည်းများအား ပြုပေးသော အရှင်သည် တစ်ပါးတည်းသော သန့်ရှင်းစင်ကြယ်သည့် အရှင်ဖြစ်တော်မူသည်။ သို့ပါ၍ လိုအင်ဆန္ဒအတိုင်း၌ ကျွန်ုပ်တို့ဒိုအာ၏ ဆုမွန် နှင့် တောင်းခံခြင်းသည်လည်း ထိုအရှင်ထံသာ တောင်းခံရန် လိုအပ်ပေသည်။ ထို့ပြင် ထိုအရှင်မြတ် ဘက်သို့ အာရုံပြုခြင်းသည်သာလျှင် ကြီးကျယ်သော အောင်မြင်မှုဟု မှတ်ယူရန် လိုအပ်ပေသည်။

အထက်ဖော်ပြပါ အာယသ်တော်များအနက် ပထမအာယသ်တော်၌လည်း လူသားနှင့် ပထဝီမြေရှိ ဖန်ဆင်းခံဟူသမျှ၏ အသက်ရှင်နေထိုင်ခြင်း၏ ကြီးကျယ်ထူးကဲသည့် 'နေအ်မသ်' စည်းစိမ်တော်များကို လည်း တင်ပြထား၏။ ဥပမာ- မိုးရွာသွန်းခြင်းနှင့် ၎င်းပထဝီမြေမှ ပေါက်ရောက်သော သစ်ပင်များ၊ လယ်ယာကိုင်းကျွန်းများ၊ ဟင်းသီးဟင်းရွက်များ အစရှိသည်တို့ ဖြစ်၏။ ခြားနားချက်မှာ ပြီးခဲ့သော အာယသ်တော်များ၌ မိုးကောင်းကင်နှင့် ပတ်သက်သော စည်းစိမ်တော်များအား တင်ပြထားခဲ့၏။ ထို့ပြင် ဤအာယသ်တော်၌ မြေပထဝီနှင့် ပတ်သက်သော စည်းစိမ်တော်များအား တင်ပြထားသည်။

ထို့ပြင် ဒုတိယအာယသ်တော်၌ ငါအရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်သော ဤစည်းစိမ်တော်သည် ပထဝီမြေ၏ အစိတ်အပိုင်းတိုင်းအပေါ် သက်ရောက်ကြောင်း တင်ပြထား၏။ မိုးရွာသွန်းမည်ဆိုသော ပင်လယ် သမုဒ္ဒရာပေါ်၌လည်း ရွာသွန်း၏။ ထို့ပြင် တောင်များ၊ လွင်တီးခေါင် မြေ၊ စိုက်ပျိုးနိုင်သည့် မြေဟူသမျှ ၌ ရွာသွန်းခြင်းသည် တသမတ်တည်း ဖြစ်လေ၏။ သို့သော် လယ်ယာကိုင်းကျွန်း၊ သစ်ပင်၊ ဟင်းသီးဟင်းရွက် စသည်တို့သည် ပေါက်ရောက်နိုင်စွမ်းရှိသော မြေ၌သာလျှင် ပေါက်ရောက်လေသည်။ ကျောက်မြေနှင့် သဲမြေတို့သည် ထိုမိုးရွာသွန်းခြင်းမှ အကျိုးရယူခံစားခြင်း မရှိပေ။

ပထမအာယသ်တော်မှ အလ္လာဟ်အသျှင်မြတ်သည် သေသူတို့အား ပထဝီမြေမှ ပြန်လည်ရှင်ပြန်ထခြင်း၏ သက်တမ်းအား ချီးမြှင့်ထားသည့် ရလဒ်အား ကောက်နုတ်တင်ပြထား၏။ ထိုအသျှင့်ထံဝယ် လူသားသည် ဦးစွာပထမ ရှင်ပြီးနောက် သေစေ၏။ တစ်ဖန် ပြန်လည်ရှင်ပြန်ထစေခြင်းသည် ထိုအသျှင့်ထံမည်သို့ ခက်ခဲမည်နည်း။ ၄င်းရလဒ်အား အာယသ်တော်၌ ရှင်းရှင်းလင်းလင်း ဖော်ပြထား၏။ ဒုတိယအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ဘက်မှ ရောက်ရှိလာသော လမ်းညွှန်မှုများ ကောင်းကင်ကျမ်းဂန်များ၊ နဗီတမန်တော်များ၊ တစ်ဖန် ၄င်းတို့၏ ကိုယ်စားလှယ်ဖြစ်သော အိုလမာသာသနာ့ပညာရှင်များ၏ သွန်သင်ဆုံးမမှုများသည်လည်း လူသားတိုင်းအပေါ် မိုးရွာသွန်းသကဲ့သို့ ရွာသွန်းလျက်ရှိကြောင်း ကောက်နုတ်တင်ပြထား၏။ သို့သော် အသျှင်မြတ်၏ ကရုဏာတော်အား ပထဝီမြေတိုင်း အကျိုးခံစားရခြင်း မရှိသကဲ့သို့ ထိုနည်းတူစွာ နာမ်ပိုင်းဆိုင်ရာ အကျိုးခံစားရခြင်းသည် အကျိုးခံစားနိုင်စွမ်းရှိသောသူမှသာလျှင် အကျိုးခံစားနိုင်၏။ ၄င်းသူများ၏ နှလုံးသားသည် ကျောက်မြေ သို့မဟုတ် သဲမြေကဲ့သို့ မာကျောသော ထိုသူများအဖို့ ရှင်းလင်းပြတ်သားသော လမ်းညွှန်မှုများနှင့် နိမိတ်လက္ခဏာများ ရှိလင့်ကစား မိမိတို့လမ်းမှားမှု၌သာလျှင် တည်ရှိနေကြမည်။

ထိုကောက်နုတ်တင်ပြချက်အား ဒုတိယအာယသ်တော်၏ နောက်ဆုံးဝါကျမှ အမိန့်ရှိသည်မှာ–

كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ

ငါအသျှင်မြတ်သည် ဤနည်းအတိုင်း မိမိ၏ သက်သေသာဓကများကို ကျေးဇူးသိတတ်သောသူတို့အဖို့ နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူ၏။ ဆိုလိုသည်မှာ စင်စစ်အားဖြင့် ဤသို့ တင်ပြခြင်းသည် လူသားအားလုံးအတွက် ဖြစ်၏။ သို့သော် ရလဒ်အား အကျိုးသက်ရောက်မှုသည် ကျေးဇူးသိတတ်သော နားလည်နိုင်စွမ်းရှိသော သူများအဖို့သာလျှင် အတည်ဖြစ်စေ၏။ ထိုနည်းတူစွာ အထက်ဖော်ပြပါအာယသ်တော်နှစ်ခု၌ အစနှင့် အဆုံး၏ လေးနက်သော ပညတ်ချက်များသည်လည်း ပါဝင်ပတ်သက်နေ၏။ ယခု ထိုအာယသ်တော်နှစ်ခုစလုံး၏ အကျယ်ရှင်းလင်းချက်အား နားလည်ရန်အလို့ငှာ အမိန့်ရှိသည်မှာ–

هُوَالَّذِىْ يُرْسِلُ الرِّيٰحَ بُشْرًا ۢ بَيْنَ يَدَىْ رَحْمَتِهٖ

ထိုအာယသ်တော်၌ رِيَاحٌ ဟူသော ပုဒ်သည် رِيْحٌ ၏ ဗဟုဝုစ်ကိန်းဖြစ်လေသည်။ ၄င်း၏ အဓိပ္ပာယ်မှာ 'လေ'ဖြစ်၏။ بُشْرًا ၏ အဓိပ္ပာယ်မှာ 'သတင်းကောင်းပေးခြင်း'ဖြစ်၏။ ထို့ပြင် رحمت ၏ ဆိုလိုရင်းမှာ ကရုဏာဖြစ်၏။ ဆိုလိုသည်မှာ မိမိ၏ ကရုဏာမိုးမရွာမီအလျင် လေများကို ရှေ့ပြေး သတင်းကောင်းအဖြစ် စေလွှတ်တော်မူသော အသျှင် ဖြစ်တော်မူ၏။

မိုးမရွာမီအလျင် အေးမြသော လေတိုက်ခတ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်တစ်ရပ်ဖြစ်ကြောင်းကို ဆိုလိုသည်။ ဤကဲ့သို့ လေတိုက်ခတ်ခြင်းဖြင့် ကိုယ်တိုင်လည်း လူသားအား အေးချမ်းမှုနှင့် သတင်းကောင်းအား ဖြစ်စေ၏။ ထို့အပြင် သက်ရောက်လာမည့် မိုးရွာသွန်းခြင်း၏ အသိကိုလည်း ဦးစွာ

ပေးပြီးသား ဖြစ်သကဲ့သို့ ဖြစ်သည်။ သို့ပါ၍ ဤလေများသည် စည်းစိမ်နှစ်ခု စုစည်းရာ ဖြစ်လေသည်။ ကိုယ်တိုင်လည်း လူသားနှင့် ဖန်ဆင်းခံဟူသရွေ့အတွက် အကျိုးဖြစ်ထွန်းစေ၏။ ထို့ပြင် မိုးမရွာမီအလျင် မိုးရွာမည့်သတင်းကိုလည်း ပေး၏။ အကြောင်းမှာ လူသားသည် အလွန်နူးညံ့ချည့်နဲ့သော ဖန်ဆင်းခံဖြစ်သည်။ ၎င်းတို့၏ မြောက်မြားစွာသော ကိစ္စအဝဝသည် မိုးရွာသွန်းခြင်းကြောင့် ရပ်တန့်သွားကြ၏။ မိုးရွာသွန်းခြင်း၏ အသိအား အနည်းငယ် စောလျင်စွာ ရရှိမည်ဆိုသော် မိမိတို့၏ စီမံမှုများအား ပြုလုပ်နိုင်မည်။ ထို့ပြင် မိုး၏ နိမိတ်လက္ခဏာအား ကြည့်၍ မိမိတို့၏ ပစ္စည်းဥစ္စာများနှင့် အသက်စည်းစိမ် အိုးအိမ်အား ကာကွယ်စောင့်ရှောက်နိုင်မည်။

ထို့နောက် အမိန့်ရှိသည်မှာ حَتّٰى اِذَا اَقَلَّتْ سَحَابًا ثِقَالًا

ဟူ၍ ဖြစ်သည်။ **سحاب** ၏ အဓိပ္ပာယ်မှာ မိုးတိမ်မိုးသားဖြစ်ပြီး **ثقال** သည် **ثقيل** ၏ အများကိန်းနာမ်စား ဖြစ်၏။ ၎င်း၏အဓိပ္ပာယ်မှာ လေးလံခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုလေများသည် လေးလံသော မိုးတိမ်မိုးသားများအား သယ်ပိုးထား၏။ လေးလံသော မိုးတိမ်မိုးသားဆိုသည်မှာ ရေများဖြင့် ပြည့်နှက်နေသော မိုးတိမ်မိုးသားများကို ဆိုလို၏။ အကြင်မိုးတိမ်မိုးသားသည် လေပေါ်တွင် စီးနင်း၍ အပေါ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ထိုနည်းတူစွာ ထောင်ပေါင်းများစွာ အလေးချိန်ရှိသည့် ရေသည် လေအား စီးနင်း၍ အပေါ်သို့ ရောက်ရှိသွား၏။ အံ့သြစရာကောင်းသည့် အချက်မှာ လေသည် တိမ်အား သယ်ဆောင်သွားရာ၌ စက်ယန္တရားတစ်ခုခု မလိုအပ်သကဲ့သို့ ၎င်းအတွင်း၌ လူသား၏ ကြိုးပမ်းမှု မပါဝင်ချေ။ အလ္လာဟ်အသျှင်မြတ် အမိန့်ရှိသော် မြစ်အတွင်းမှ ရေခိုးရေငွေ့များသည် ပြန်တက်ရန် အစပြုပြီး အပေါ်သို့ ရောက်ရှိပြီး မိုးတိမ်မိုးသားများ ဖြစ်ရှိသွားလေသည်။ ထို့အပြင် ရေဂါလံ သိန်းပေါင်းများစွာ အပြည့်တင်ထားသော ယာဉ်သည် ကိုယ်တိုင် လေဟုန်စီး၍ ကောင်းကင်ယံသို့ တက်သွားလေသည်။ ထို့နောက် အမိန့်ရှိသည်မှာ–

سُقْنٰهُ لِبَلَدٍ مَّيِّتٍ

ဟူ၍ ဖြစ်ပြီး **سوق** ၏ အဓိပ္ပာယ်မှာ 'တိရစ္ဆာန်အား မောင်းနှင်ခြင်း' ဟုအဓိပ္ပာယ်ရ၏။ **بَلَد** ဆိုသည်မှာ 'မြို့ရွာ' ကို ခေါ်ဆိုသည်။ **ميت** ဆိုသည်မှာ 'သေသောသူ' ကို ဆိုလို၏။ အဓိပ္ပာယ်မှာ လေများသည် လေးလံသော မိုးတိမ်မိုးသားများအား သယ်ဆောင်ထားသည့်အခါ ငါအသျှင်မြတ်သည် ၎င်းမိုးတိမ်မိုးသားများအား ခြောက်သွေ့နေသော မြို့ရွာအသီးသီးသို့ မောင်းနှင်လိုက်၏။ ခြောက်သွေ့နေသော မြို့ဆိုသည်မှာ ရေလုံးဝမရှိ၍ လွင်တီးခေါင်ခေါင်ဖြစ်နေသော မြို့ကို ခေါ်ဆိုသည်။ သို့သော် ဤနေရာတွင် မြေပထဝီအားလုံးဟု သုံးစွဲရမည့်အစား မြို့ရွာများဟု အထူးပြု မိန့်ဆိုခြင်းမှာ ဤဆက်နွယ်မှုကြောင့် ဖြစ်သည်ဟု သိရှိရသည်။ ၎င်းမှာ မိုးရွာသွန်းစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ပထဝီမြေတွင် လူသားများအဖို့ လိုအပ်ချက်များ အဆင်သင့်ဖြစ်စေရန် ဖြစ်သည်။ ၎င်းမှာ မြို့၊ ရွာများ၌သာ ဖြစ်ရှိနိုင်၏။ သို့မဟုတ်ပါက တောင်၌ ပေါက်ရောက်နေသော စိမ်းလန်းစိုပြည်မှုသည် အဓိကမကျပေ။

အထက်ဖော်ပြပါ အာယသ်တော်၏ အကြောင်းအရာမှာ အချို့အရေးကြီးသော အချက်အလက်များကို အတည်ဖြစ်စေ၏။ ပထမအချက်မှာ ယနေ့ မျက်မှောက်ခေတ်တွင် တွေ့မြင်နေရသကဲ့သို့ အကြင်အာယသ်တော်၌ မိုးကောင်းကင်မှ မိုးရွာသွန်းကြောင်း တင်ပြထားခြင်းအား သိရှိရ၏။ ထိုအာယသ်၌ سلوى ဆိုသော စကားလုံးသည် မိုးတိမ်မိုးသားများကို ဆိုလို၏။ ထို့ပြင် တစ်ချိန်တွင် သမုဒ္ဒရာ၏ ရေခိုးရေငွေ့အစား မိုးကောင်းကင်မှသာလျှင် တိမ်များဖြစ်ရှိသွားပြီး ၎င်းမှ မိုးရွာသွန်းခြင်းသည်လည်း မဖြစ်နိုင်သည့်အချက် မဟုတ်ပေ။ ဒုတိယအချက်မှာ မိုးတိမ်မိုးသားများ၏ တစ်ဖက်နှင့် ပထဝီမြေတစ်ဖက်သို့ ရွေ့လျားသွားခြင်းသည် အသျှင်မြတ်၏ အမိန့်တော်နှင့် တိုက်ရိုက်သက်ဆိုင်၏။ အလ္လာဟ်အသျှင်မြတ်လိုလားလျှင် လိုလားသမျှ မိုးရွာသွန်းရန် အမိန့်ပေး၏။ မိုးတိမ်မိုးသားများသည်လည်း အသျှင်မြတ်၏ အမိန့်အတိုင်း လိုက်နာကျင့်သုံးကြ၏။

အချို့အချိန်များတွင် မြို့တစ်မြို့ သို့မဟုတ် ရွာတစ်ရွာအပေါ် မိုးသားများ အုံ့ဆိုင်းနေ၏။ ထို့ပြင် ၎င်းနေရာတွင် မိုးရွာရန်လည်း လိုအပ်နေ၏။ သို့သော် ထိုမိုးတိမ်မိုးသားများသည် ဤနေရာတွင် တစ်စက်တစ်ပေါက်ပင်လျှင် မကျကြောင်း၊ နေရာအနှံ့အပြား၌ ဤကဲ့သို့ ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့မြင်ရမည်။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သတ်မှတ်ထားသည့် ဝေစုအတိုင်း ၎င်းမြို့ရွာများသို့ သွားရောက် ရွာသွန်းမည်ဖြစ်သည်။ ထိုမြို့မှအပ အခြားတစ်နေရာရာမှ ၎င်းမိုးတိမ်မိုးသား၏ ရေရယူရန် မည်သူတစ်ဦးတစ်ယောက်မှ မစွမ်းနိုင်ပေ။

ခေတ်သစ်၊ ခေတ်ဟောင်း သိပ္ပံပညာရှင်များမှာ ရေခိုးရေငွေ့နှင့် လေထု၏ လှုပ်ရှားမှုအတွက် နည်းဥပဒေများ ကောက်နှုတ်ထား၏။ အကြင်နည်းဥပဒေများ၏ အကြောင်းခံဖြင့် ၎င်းတို့ ပြောဆိုကြသည်မှာ မည်သည့်နေရာမှ ရေခိုးရေငွေ့သည် မည်သည့်သမုဒ္ဒရာမှ လွင့်ပြန့်မည်။ မည်သည့်ဘက်သို့ ရွေ့လျား၍ မည်ရွေ့မည်မျှ ရွာသွန်းရန်အလို့ငှာ တည်ထောင်ကြ၏။ သို့သော် အတွေ့အကြုံအရ မိုးလေဝသဌာနမှ ကြေငြာသော သတင်းအချက်အလက်များသည် များသောအားဖြင့် မှားယွင်းကြောင်း သိရှိရ၏။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်သည် ၎င်းတို့၏သတင်းနှင့် ဆန့်ကျင်သွားသော် ထိုမိုးလေဝသပညာရှင်များ၏ နည်းဥပဒေများ အလဟဿဖြစ်သွားလေသည်။ လေထုနှင့် ရေခိုးရေငွေ့သည် မိမိတို့၏ ဦးတည်ရာ ၎င်းတို့ပေးထားသော သတင်းနှင့် ဆန့်ကျင်ပြီး အခြားတစ်ဖက်ဖက်သို့ လှည့်သွားပါမူ ထိုအခါ ဇလဗေဒပညာရှင်များ ကြည့်၍သာ နေကြရလေသည်။

ထိုမှတစ်ပါး သိပ္ပံပညာရှင်များ လေထု၏ လှုပ်ရှားမှုအတွက် ရေးဆွဲထားသော ဥပဒေများသည် ထိုအချက်နှင့်လည်း ဆန့်ကျင်ဘက် မဖြစ်ပေ။ ၎င်းမှာ မိုးတိမ်မိုးသားများအား သယ်ပိုးသယ်ဆောင်သွားခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်းပင် ဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်သည် ထိုလောကီ၏ ကိစ္စအဝဝ၌ ဤအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် သဘာဝအကြောင်းတရားများအပေါ်၌ ပေါ်လွင်ထင်ရှားသည်။ ၎င်းသဘာဝအကြောင်းတရားများမှ လူသားသည် နည်းဥပဒေများ ပြုစုကြလေသည်။

ထို့နောက် အမိန့်ရှိသည်မှာ-

فَاَنْزَلْنَا بِهِ الْمَاءَ فَاَخْرَجْنَا بِهِ مِنْ كُلِّ الثَّمَرٰتِ

အလိုသဘောမှာ ငါအသျှင်မြတ်သည် ထိုခြောက်သွေ့နေသော မြို့၌ မိုးများရွာသွန်းပြီး ၄င်းမှ အမျိုးမျိုးအဖုံဖုံသော သစ်သီးဝလံများ ပေါက်ရောက်စေ၏။ နောက်ဆုံးအာယသ်တော်၌

كَذٰلِكَ نُخْرِجُ الْمَوْتٰى لَعَلَّكُمْ تَذَكَّرُوْنَ

ဟု အမိန့်ရှိထား၏။ ဆိုလိုသည်မှာ အသင်တို့ သိရှိရန်အလို့ငှာ ငါအသျှင်မြတ်သည် 'ကေယာမသ်' ကမ္ဘာ့တရားခွင်နေ့၌ သေသူတို့အား ထိုနည်းတူစွာ ပြန်လည်ရှင်ပြန်ထစေမည်။ ဆိုလိုသည်မှာ အကြင်ကဲ့သို့ ငါအသျှင်မြတ်သည် ခြောက်သွေ့နေသော ပထဝီမြေအား စိုပြည်စေ၍ ၄င်းမှ သစ်ပင်များနှင့် သစ်သီးဝလံ များအား ထွက်ပေါ်စေ၏။ ထိုနည်းတူစွာ 'ကေယာမသ်' နေ့၌ သေသူတို့အား ပြန်လည်ရှင်ပြန်ထစေတော် မူမည်။ ထို့ပြင် ဤနိုင်နှိုင်းချက်အား အသင်တို့ စဉ်းစားသုံးသပ် တွေးခေါ်နိုင်ခွင့်ရရန်အလို့ငှာ ငါအသျှင် မြတ်မှ ဤသို့ တင်ပြလိုက်ခြင်းဖြစ်၏။

ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်၌ ဆင့်ပြန်ထားသည်မှာ ကိုယ်တော်မြတ် ﷺ အမိန့်ရှိတော်မူ၏။ 'ကေယာမသ်' နေ့၌ 'စူရ်' တံပိုး နှစ်ကြိမ်မှုတ်လိမ့်မည်။ ပထမတစ်ကြိမ်၌ တစ်လောက လုံး သေကြေပျက်စီးသွားလိမ့်မည်။ မည်သည့်အရာမှ ကျန်ရှိလိမ့်မည်မဟုတ်။ ဒုတိယ 'စူရ်' တံပိုးမှုတ်သည့် အချိန်တွင် အသစ်တစ်ဖန် လောကကြီးအား ဖန်ဆင်းလိမ့်မည်။ ထို့အပြင် သေသူတို့အားလုံး ပြန်လည်ရှင်ထ လိမ့်မည်။ ဟဒီးစ်တော်၌ ထို 'စူရ်' တံပိုးနှစ်ကြိမ်၏စပ်ကြား နှစ်ပေါင်း (၄၀) ခြားနားမည်ဖြစ်ကြောင်း တင်ပြထား၏။ ၄င်းနှစ်ပေါင်း (၄၀) အတွင်း ဆက်တိုက် မိုးများ ရွာသွန်းလိမ့်မည်။ ထိုကာလအတွင်း လူသားနှင့် တိရစ္ဆာန်ဟူသရွေ့တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းသည် ပြန်လည်စုစည်းစေ၍ လူတိုင်း၏ ရုပ်ကလပ် ပြန်လည်ဖြစ်ရှိသွားလိမ့်မည်။ ထို့နောက်တစ်ဖန် ဒုတိယအချိန် 'စူရ်' တံပိုး မှုတ်သည့်အချိန်တွင် ၄င်းရုပ်ကလပ်အတွင်း ဝိညာဉ်များ ရောက်ရှိလာလိမ့်မည်။ ထို့အပြင် ရှင်ပြန်ထကြလိမ့်မည်။ ထိုဆင့်ပြန် ချက်၏ များစွာသော အစိတ်အပိုင်းများသည် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ တည်ရှိ၏။ အချို့တစ်စိတ် တစ်ဒေသအား အိဗ်နေအဘီဒါဝူးဒ်၏ကျမ်းမှ ရယူထားခြင်းဖြစ်သည်။

ဒုတိယအာယသ်တော်၌ အမိန့်ရှိထားတော်မူသည်မှာ-

وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهٗ بِاِذْنِ رَبِّهٖ وَالَّذِىْ
خَبُثَ لَا يَخْرُجُ اِلَّا نَكِدًا

نَكِدًا ဆိုလိုသည်မှာ အကျိုးလည်းမရှိ။ ထို့ပြင် အတိုင်းအတာအားဖြင့်လည်း နည်းပါးသော အရာကို ဆိုလို၏။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော် သက်ရောက်မှုသည် မြို့တိုင်း၊ ရွာတိုင်း၊

ဒေသတိုင်း၌ တစ်သမတ်တည်း ဖြစ်သည်။ သို့သော် ရလဒ်အား ထောက်ရှုမည်ဆိုပါက ပထဝီမြေသည် နှစ်မျိုးနှစ်စားရှိ၏။ ပထမတစ်မျိုးမှာ အပင်များပေါက်ရောက်နိုင်စွမ်း ရှိသည့် ကောင်းသော ပထဝီမြေ၊ ၎င်းမြေပထဝီ၌ အမျိုးမျိုးအဖုံဖုံသော သစ်သီးဝလံများ ပေါက်ရောက်၍ အကျိုးကျေးဇူးများ ရရှိမည်။ ဒုတိယအမျိုးအစားမှာ အပင်ပေါက်ရောက်နိုင်စွမ်းမရှိသော မာကျောသည့် ပထဝီမြေ၊ ၎င်းပထဝီမြေဝယ် အစကနဦးကတည်းက တစ်စုံတစ်ရာ ပေါက်ရောက်ခြင်း မရှိချေ။ အကယ်၍ ပေါက်ရောက်မည်ဆိုပါက လည်း အလွန်အတိုင်းအတာ နည်းပါး၍ ပေါက်ရောက်သည့် အရာဟူသရွေ့သည် အလဟဿအချည်းနှီး ဖြစ်၍ ပျက်စီးသွားမည်သာ ဖြစ်သည်။

နောက်ဆုံးအာယသ်တော်၌ كَذٰلِكَ نُصَرِّفُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ ဟု အမိန့်ရှိထား၏။ ဆိုလိုသည်မှာ ကျေးဇူးတရားသိတတ်သော သူများအဖို့ ငါအသျှင်မြတ်သည် မိမိ၏ သက်သေသာဓကများအား အမျိုးမျိုးအဖုံဖုံ တင်ပြထားတော်မူ၏။ ထိုအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားများကဲ့သို့ အသျှင်မြတ်၏ လမ်းညွှန်မှုနှင့် ရှင်းလင်းပြတ်သားသော အကျိုးကျေးဇူးဟူသရွေ့သည်လည်း လူသားအားလုံး အတွက် ဖြစ်၏။ သို့သော် အကြင်ကဲ့သို့ ပထဝီမြေတိုင်း မိုးရွာသွန်းခြင်းမှ အကျိုးမရယူသကဲ့သို့ ထိုနည်း တူစွာ လူသားတိုင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ လမ်းညွှန်မှုမှ အကျိုးမရှိပေ။ သို့သာမက ကျေးဇူး တရား သိတတ်သောသူသည် နားလည်သောသူသည်သာလျှင် အကျိုးရရှိနိုင်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇

لَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا
لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اِنِّیْۤ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ۝٥٩

၇ : ၅၉ ။ ။ စေကန်စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အား၊ ၎င်း၏ အမျိုးသားတို့ထံသို့ စေလွှတ် တော်မူခဲ့လေသည်။ ထိုအခါ ယင်း (နဗီတမန်တော်) နူးဟ်က (မိမိ၏ အမျိုးသားတို့အား) 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝ်ပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့၌ ထိုအလ္လာဟ်အသျှင်မြတ်မှ တစ်ပါး အခြားဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ ငါသည် အသင်တို့အပေါ်၌ အလွန်ကြီးကျယ်လှစွာသော (ကေယာမသ်) နေ့၏ ပြစ်ဒဏ် (သက်ရောက်မည်) ကို အမှန်ပင် စိုးရိမ်မိပါသည်' ဟု ပြောကြားခဲ့လေသည်။

قَالَ الْمَلَاُ مِنْ قَوْمِهٖۤ اِنَّا لَنَرٰىكَ فِیْ ضَلٰلٍ مُّبِيْنٍ ۝٦٠

၇ : ၆၀ ။ ။ ထို (နဗီတမန်တော်နူးဟ်) ၏ အမျိုးသားတို့အနက်မှ အကြီးအကဲတို့က 'ကျွန်ုပ်တို့သည် အသင် (နူးဟ်) အား အလွန်ထင်ရှားစွာသော မှောက်မှားလမ်းများမှုတွင် (ရောက်ရှိနေသည်ကို) မလွဲကေန် တွေ့မြင်နေရပါသည်' ဟူ၍ ပြောဆိုခဲ့ ကြကုန်သည်။

قَالَ يَٰقَوْمِ لَيْسَ بِى ضَلَٰلَةٌ وَلَٰكِنِّى رَسُولٌ مِّن رَّبِّ ٱلْعَٰلَمِينَ ﴿٦١﴾

၇ : ၆၁ ။ ။ ထိုအခါ (၄င်းနဗီတမန်တော်နူးဟ်) က 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ ငါ၌ မှောက်မှားမှုဟူ၍ အလျဉ်းမရှိပေ။ အမှန်စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ထံတော်မှ စေလွှတ်တော်မူသော ရစူလ်တမန်တော်တစ်ပါးသာ ဖြစ်သည်' ဟူ၍ ပြောဆို (ဖြေကြား) ခဲ့လေသည်။

أُبَلِّغُكُمْ رِسَٰلَٰتِ رَبِّى وَأَنصَحُ لَكُمْ وَأَعْلَمُ مِنَ ٱللَّهِ مَا لَا تَعْلَمُونَ ﴿٦٢﴾

၇ : ၆၂ ။ ။ 'ငါသည် မိမိအသျှင်မြတ်၏ မှာကြားတော်မူသော အမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်ပါသည်။ ၄င်းပြင်ငါသည် အသင်တို့အဖို့ ကောင်းကျိုးကိုသာ လိုလားပါသည်။ ထို့ပြင် ငါသည် အသင်တို့ မသိနားမလည်သော အရာများကိုလည်း အလ္လာဟ်အသျှင်မြတ်ထံတော်မှ သိရှိလေသည်။

أَوَعَجِبْتُمْ أَن جَآءَكُمْ ذِكْرٌ مِّن رَّبِّكُمْ عَلَىٰ رَجُلٍ مِّنكُمْ
لِيُنذِرَكُمْ وَلِتَتَّقُوا۟ وَلَعَلَّكُمْ تُرْحَمُونَ ﴿٦٣﴾

၇ : ၆၃ ။ ။ အသင်တို့သည် မိမိတို့အနက် လူတစ်ဦးမှတစ်ဆင့် အသင်တို့ထံ မိမိတို့၏ အသျှင်မြတ်ထံတော်မှ ဆုံးမတရားတော် ရောက်ရှိလာသည်ကိုပင် အံ့သြကြပါသလော။ (အမှန်စင်စစ် ထိုပုဂ္ဂိုလ်သည်) အသင်တို့အား သတိပေးနှိုးဆော်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်နိုင်ကြရန်လည်းကောင်း (ဖြစ်ပေသည်။) သို့မှသာလျှင် အသင်တို့သည် (ထိုအသျှင်မြတ်၏) ကရုဏာတော်ကို ခံစားနိုင်ကြပေမည်။

فَكَذَّبُوهُ فَأَنجَيْنَٰهُ
وَٱلَّذِينَ مَعَهُۥ فِى ٱلْفُلْكِ وَأَغْرَقْنَا ٱلَّذِينَ كَذَّبُوا۟ بِـَٔايَٰتِنَآ ۚ
إِنَّهُمْ كَانُوا۟ قَوْمًا عَمِينَ ﴿٦٤﴾

၇ : ၆၄ ။ ။ သို့ပါလျက် ၄င်း (နဗီတမန်တော်နူးဟ်၏ အမျိုးသား) တို့သည် ၄င်း (နဗီတမန်တော်နူးဟ်) အား မဟုတ်မမှန် ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (နောက်ဆုံးတွင်) ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်နှင့်တကွ သင်္ဘောပေါ်တွင် ပါရှိသူ (အားလုံး) တို့အား ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် မိမိ၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်သော သူတို့ကိုမူ နစ်မြုပ်စေတော်မူခဲ့သည်။ အမှန်စင်စစ် ၄င်းတို့သည် မျက်စိအလင်းမရ (သော အသိအမြင်ကင်းမဲ့) သော သူများပင် ဖြစ်ခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ဟဇရသ်နူးဟ် عليه السلام အား ၄င်းတို့၏ အမျိုးသားများထံ စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ဟဇရသ်နူးဟ် عليه السلام မှ (မိမိ၏ အမျိုးသားတို့အား) အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊

အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့၌ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ရာ အလျဉ်းမရှိပြီ။ (၎င်းရုပ်တုများအား ကိုးကွယ်ခြင်းကို စွန့်လွှတ်ကြလေကုန်။ ၎င်းတို့၏ အမည်များနှင့် ပတ်သက်၍ 'စူရာဟ်နူးဟ်'၌ ود ، سواع ، يغوث ، يعوق ، نسر စသည့်အမည်များဖြင့် လာရှိထား၏) ငါတမန်တော်သည် အသင်တို့အပေါ်၌ အလွန်ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်သက်ရောက်မည်ကို ဧကန်မလွဲ စိုးရိမ်မိသည်ဟု ပြောကြားခဲ့လေသည်။ (အကြောင်းမှာ ထိုနေ့သည် 'ကေယာမသ်'နေ့ကို ဆိုလို၏။ သို့တည်းမဟုတ် လေပြင်းမုန်တိုင်း တိုက်ခတ်မည့်နေ့ကို ဆိုလို၏) ထိုတမန်တော်နူးဟ်၏ အမျိုးသားတို့အနက်မှ အကြီးအကဲတို့က ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်နူးဟ် ﷺ အား ထင်ရှားလှစွာသော မှောက်မှားမှု၌ ကျရောက်နေသည်ကို တွေ့မြင်နေရပါသည်ဟု ပြောဆိုကြကုန်၏။ (အကြောင်းမှာ 'သောင်ဟီးဒ်'၏ 'သအ်လီးမ်'ပေးနေ၏။ ထို့အပြင် ပြစ်ဒဏ်၏ ခြိမ်းခြောက်မှုအား ပြသနေလေ၏။)

ထိုအခါ ဟာဇရသ်နူးဟ် ﷺ က 'အိုး, ငါ၏ အမျိုးသားအပေါင်းတို့၊ ငါတမန်တော်၏ထံ၌ မှောက်မှားမှုသည် အလျဉ်းမရှိပေ။ အမှန်စင်စစ် ငါတမန်တော်သည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ စေလွှတ်တော်မူသော ရစူလ်တမန်တော်တစ်ပါးသာ ဖြစ်သည်'ဟု ဖြေကြားခဲ့လေ၏။ (ထိုအသျှင်မြတ်မှ ငါတမန်တော်အား 'သောင်ဟီးဒ်'တရား ပို့ချရန် အမိန့်ရှိထားသည့်အတွက် မိမိ၏ လုပ်ဆောင်ချက်အား လုပ်ဆောင်နေခြင်းဖြစ်၏။) ငါတမန်တော်သည် မိမိအသျှင်မြတ်မှာကြားလိုက်သော အမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်နေခြင်းဖြစ်သည်။ (ထိုသို့ ပို့ဆောင်ရာ၌ ငါတမန်တော်အဖို့ လောကီ၏ ရည်ရွယ်ချက်တစ်စုံတစ်ရာမျှ မရှိသည့်အပြင်) အသင်တို့၏ ကောင်းကျိုးကိုသာ ပြုလုပ်နေခြင်းဖြစ်၏။ (အကြောင်းမှာ 'သောင်ဟီးဒ်'တရား၌ အသင်တို့အဖို့ အကျိုးသာလျှင်ရှိ၏။) ထို့ပြင်တဝ (အလွန်ကြီးကျယ်သောနေ့အား အသင်တို့ အံ့သြနေခြင်းသည် အသင်တို့၏ မှားယွင်းမှုပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်) ငါတမန်တော်သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အသင်တို့ မသိနားမလည်သော အရာများကိုလည်း သိရှိရပါသည်။ (သို့ပါ၍ အလ္လာဟ်အသျှင်မြတ်မှ ငါတမန်တော်အား အီမာန်သက်ဝင်ယုံကြည်မှု မရှိခြင်းအပေါ် အလွန်ကြီးကျယ်သောနေ့၏ ပြစ်ဒဏ် ဆိုက်ရောက်မည်ဖြစ်ကြောင်း ပြောဆိုပြသထား၏။ ထို့ပြင် အသင်တို့သည် လူသားတစ်ဦးဖြစ်သော ငါတမန်တော် ရစူလ်ဖြစ်ခြင်းအား ငြင်းဆိုကြ၏။ 'စူရာဟ်မုအ်မင်နွန်း'၌

مَاهٰذَا اِلَّا بَشَرٌ مِّثْلُكُمْ يُرِيْدُ اَنْ يَّتَفَضَّلَ عَلَيْكُمْ وَلَوْ شَاءَ اللّٰهُ لَاَنْزَلَ مَلٰٓئِكَةً

ဟူ၍ လာရှိထားသကဲ့သို့ အသင်တို့သည် မိမိတို့၏ အသျှင်မြတ်ထံတော်မှ မိမိတို့အနက် လူတစ်ဦးမှတစ်ဆင့် အသင်တို့ထံ ဆုံးမဩဝါဒတော် ရောက်ရှိလာသည်ကိုပင်လျှင် အံ့သြကြပါသလော။ (၎င်းဆုံးမဩဝါဒတော်မှာ اعْبُدُوا اللّٰهَ မှ يٰقَوْمِ اِنِّيْ اَخَافُ အထက်တွင် ဖော်ပြထားပြီးဖြစ်၏။) အမှန်စင်စစ်

ထိုပုဂ္ဂိုလ်သည် အသင်တို့အား (အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်မှ) သတိပေးနှိုးဆော်ရန် ၎င်းပြစ်မှု ဒုစရိုက်များမှ ရှောင်ကြဉ်ရန်လည်းကောင်း ဖြစ်ပေ၏။ သို့မှသာလျှင် (ယင်းအပြစ်ဒဏ်၏ ကြောက်ရွံ့မှုကြောင့် ဆန့်ကျင်မှုများအား စွန့်လွှတ်ကြမည်။) အသင်တို့သည် ထိုအသျှင်မြတ်၏ ကရုဏာတော်ကို ခံစားနိုင်ကြအံ့။ (ထိုသတိပေးနှိုးဆော်ချက်များ ရှိနေလင့်ကစား ၎င်းနဗီတမန်တော်နူးဟ် عليه السلام ၏ အမျိုးသားတို့သည် ဟဇရတ်နူးဟ်အား မဟုတ်မမှန်ဟု ငြင်းပယ်ကြကုန်၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ဟဇရတ်နူးဟ် عليه السلام ကိုသော်လည်းကောင်း၊ ယင်းတမန်တော် နူးဟ် عليه السلام နှင့်တကွ သင်္ဘောပေါ်တွင် ပါရှိသော သူတို့အားလည်းကောင်း (လေပြင်းမုန်တိုင်း၏ ပြစ်ဒဏ်မှ) ကယ်ဆယ်တော်မူခဲ့သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဒေသနာတော်များကို ငြင်းပယ်သော သူတို့မူကား ငါအသျှင်မြတ်သည် (လေပြင်းမုန်တိုင်း၌) နစ်မြုပ်စေတော်မူခဲ့၏။ မုချကေန် ၎င်းတို့သည် စက္ခုအလင်း (သို့) အသိ အမြင်ကင်းမဲ့သော သူများပင် ဖြစ်ကြကုန်၏။ (အမှားအမှန် အကျိုးရှိခြင်း၊ မရှိခြင်း၏ အနည်းငယ် ခွဲခြားနိုင်ခြင်း မရှိခဲ့ကြချေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်အအ်ရာဖ်'၏ အစမှ ယခုတိုင် အစ္စလာမ်နှင့် ပတ်သက်သော 'သောင်ဟီးဒ်' တရားနှင့် ပတ်သက်သော၊ ထို့ပြင် 'ရိစာလသ်'၊ နောင်တမလွန် 'အာခေရသ်'၏ အမျိုးမျိုးအဖုံဖုံသော အကြောင်းအရာများနှင့် အတည်ပြုပြဋ္ဌာန်းထားသော အထောက်အထားများ၊ ထို့ပြင် လူတို့အား လိုက်နာကျင့်သုံးရန် ဆော်သြချက်များနှင့် ဆန့်ကျင်ခြင်းအပေါ် အပြစ်ဒဏ်ခတ်ခြင်း၊ ထိုအချက်များနှင့်ပတ်သက်၍ ရှိုက်သွာန်၏ လှည့်စားခြင်း စသည်တို့အား တင်ပြထား၏။ ယခု အဋ္ဌမမြောက်ရုကူအ်မှ စူရာဟ်အဆုံးအထိ အချို့ နဗီတမန်တော်များနှင့် ၎င်းတို့၏ အွမ္မသ်သားများအကြောင်းအား တင်ပြထား၏။ ယင်း၌ နဗီတမန်တော် အားလုံး၏ တစ်ညီတစ်ညွတ်တည်းဖြစ်သော ဥပဒေသများမှာ 'သောင်ဟီးဒ်'၊ 'ရိစာလသ်'၊ 'အာခေရသ်'၏ဘက်သို့ မိမိ၏ အွမ္မသ်သားများအား ဖိတ်ခေါ်ခြင်းပင် ဖြစ်၏။ လက်ခံသော သူများအဖို့ အကျိုးစဝါးဗ် ရရှိ၍ လက်မခံသော သူများအဖို့ အမျိုးမျိုးအဖုံဖုံသော အပြစ်ဒဏ်နှင့် ၎င်းတို့၏ နောက်ဆုံးရလဒ်သည် ဆိုးရွားခြင်း၏ အကျယ်တဝင့်အား (၁၄) ရုကူအ်၌ လာရှိ၏။ ၎င်းနှင့် ပတ်သက်သော ထောင်ပေါင်းများစွာ သော ဥပဒေသများနှင့် ပညတ်ချက်များလည်း လာရှိထား၏။ ထို့ပြင် လက်ရှိအမျိုးသားများအား ရှေးယခင် အမျိုးသားများ၏ ရလဒ်အား သံဝေဂတရား ရယူရန် စုစည်းထားခြင်း ဖြစ်၏။ ပထမပွင့်ပေါ်ခဲ့သော ရစူလ်တမန်တော်အားလုံးနှင့်တကွ ဤသို့ အဖြစ်အပျက်များ ဖြစ်ရှိခြင်းအပေါ် ကိုယ်တော်မြတ် ﷺ အဖို့လည်း နှစ်သိမ့်စေသော အချက်ဖြစ်၏။

အထက်ဖော်ပြပါအာယသ်တော်များသည် 'စူရာဟ်အအ်ရာဖ်'၏ အဋ္ဌမမြောက်ပြည့်ဝသော ရုကူအ် ဖြစ်သည်။ ၎င်းအာယသ်တော်များ၌ ဟဇရတ်နူးဟ် عليه السلام နှင့် ၎င်း၏ အွမ္မသ်သူ၊ အွမ္မသ်သားများ၏ အခြေအနေကို တင်ပြထား၏။

နဗီများအနက် အားလုံးထက်အလျင် ပွင့်ပေါ်သော နဗီတမန်တော်မှာ ဟဇရတ်အာဒမ် عليه السلام ဖြစ်၏။ သို့သော် ၎င်း၏ ခေတ်သမယ၌ ကုဖွ်ရ်ငြင်းဆန်ခြင်းနှင့် လမ်းမှားခြင်းအား တုန့်ပြန်ရန် မလိုအပ်ခဲ့ပေ။ ၎င်း၏ ဥပဒေ၌ များသောအားဖြင့် အမိန့်တော်များသည်လည်း ပထဝီမြေကြီး၏ သာယာဝပြောမှု၊ ထို့ပြင် လူသားများ၏ လိုအပ်ချက်များနှင့် ပတ်သက်နေ၏။ ကုဖွ်ရ်နှင့် ကာဖိရ်သည် မည်သည့်နေရာတွင်မှ မတည်ရှိခဲ့ပေ။ ကုဖွ်ရ်ငြင်းဆန်ခြင်းနှင့် ရှရစ်က်တုပနှိုင်းယှဉ်ခြင်းအား ရင်ဆိုင်ရမှုသည် ဟဇရတ်နူးဟ် عليه السلام ၏ ခေတ်သမယမှ အစပြုခဲ့ခြင်းဖြစ်၏။ ထို့ပြင် ရစူလ်များအား စေလွှတ်ခြင်းနှင့် ရှရီအသ်၏ ပုံသဏ္ဌာန်ဖြင့် လောကီ၌ ဦးစွာပထမ စတင်ပွင့်ပေါ်ခဲ့သော ရစူလ်တမန်တော်မှာ ဟဇရတ်နူးဟ် عليه السلام သာလျှင် ဖြစ်၏။ ထို့ပြင် ရေမုန်တိုင်း၌ တစ်လောကလုံးအား နစ်မြုပ်စေပြီးသည့်နောက် ဟဇရတ်နူးဟ် عليه السلام နှင့်တကွ ၎င်း၏ လှေသင်္ဘောပေါ်ရှိသော မိတ်ဆွေများဖြင့် ဤလောကကြီးအား အသစ်တစ်ဖန် ပြန်လည်စည်ကားစေ၏။ သို့ပါ၍ ၎င်းတို့အား 'အာဒမ်အဆွ်ဂရ်' ဟုဆိုကြသည်။ နဗီတမန်တော်များ၏ အတ္တုပ္ပတ္တိ၏ အစသည်လည်း ထိုအတွက်ကြောင့် ၎င်းနှင့်အစပြုခြင်းဖြစ်၏။ ၎င်းအတ္ထုပ္ပတ္တိများ၌ နှစ်ပေါင်း (၉၅၀) ရှည်လျားသော သက်တမ်းအတွင်း ၎င်း၏ ကြိုးစားအားထုတ်မှု၊ ထို့ပြင် ယင်းသို့ ကြိုးပမ်းခြင်းအပေါ် များစွာသော အွမ္မသ်သူ အွမ္မသ်သားများ၏ လမ်းမှားပေါ် လျှောက်လှမ်းခြင်းနှင့် ၎င်းတို့၏ ရလဒ်၌ မုအ်မင်န်အချို့မှအပ ကျန်ရှိသောသူအားလုံးအား နစ်မြုပ်ဖျက်ဆီးခဲ့ခြင်း၏ အကြောင်းအား အကျယ်တဝင့် တင်ပြထား၏။

ပထမအာယသ်တော်၌

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِه

ဟု အမိန့်ရှိထား၏။ ဟဇရတ်နူးဟ် عليه السلام သည် ဟဇရတ်အာဒမ် عليه السلام ၏ အဋ္ဌမမြောက် သားချင်းများအနက်မှ ဖြစ်၏။ မွတ်စ်သဒရက်ဟာကင်မ်ကျမ်း၌ ဟဇရတ်အာဒမ်နှင့် ဟဇရတ်နူးဟ် عليه السلام ၏စပ်ကြား ခေတ် (၁၀) ခေတ် ခြားနားကြောင်း ဆင့်ပြန်ထား၏။ ထို့ပြင် ဤအကြောင်းအရာကိုပင် သွဗ်ရာနီကျမ်း၌ အဗူဇရ် رضي الله عنه ၏ ဆင့်ပြန်ချက်ဖြင့် ကိုယ်တော်မြတ် ﷺ ထံမှတစ်ဆင့် ဆင့်ပြန်ထားသည်မှာ ခေတ်တစ်ခေတ်သည် နှစ်ပေါင်းတစ်ရာကို ခေါ်ဆို၏။ သို့ပါ၍ ၎င်းတမန်တော်နှစ်ပါး၏ စပ်ကြားတွင် ဆင့်ပြန်ချက်အရ နှစ်ပေါင်း (၁၀၀၀) ခြားနားကြောင်း သိရှိရ၏။ အိဗ်နေဂျရီးရ် رضي الله عنه သခင်မှ ဆင့်ပြန်သည်မှာ ဟဇရတ်နူးဟ် عليه السلام ၏ မွေးဖွားသန့်စင်ခြင်းသည် ဟဇရတ်အာဒမ် عليه السلام ၏ အသျှင်မြတ် အမိန့်ခံယူပြီး နှစ်ပေါင်း (၈၂၆) ကျော်လွန်ပြီးသည့်နောက် မွေးဖွားသန့်စင်ခဲ့ခြင်း ဖြစ်၏။ ထို့ပြင် ကျမ်းတော်မြတ်ကုရ်အာန်၏ ရှင်းလင်းချက်အရ ၎င်း၏ သက်တော်သည် နှစ်ပေါင်း (၉၅၀) ဖြစ်ကြောင်း သိရှိရ၏။ ထို့ပြင် ဟဇရတ်အာဒမ် عليه السلام ﷺ ၏ သက်တော်နှင့် ပတ်သက်၍ နှစ်ပေါင်း (၉၆၀) ဖြစ်ကြောင်း ဟဒီးစ်တော်တစ်ပုဒ်၌ လာရှိထား၏။ ထိုနည်းတူစွာ ဟဇရတ်အာဒမ် عليه السلام အား ဖန်ဆင်းသည့်အချိန်မှစတင်၍ ဟဇရတ်နူးဟ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်အမိန့် ခံယူသွားသည့်အချိန်အထိ စုစုပေါင်း နှစ်ပေါင်း (၂၈၆၅) နှစ် ဖြစ်ရှိသွားလေသည်။

[မဇ္ဇဟရီကျမ်း]

ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ ၏ မူရင်းနာမတော်မှာ 'ရှာကိရ်'အချို့ဆင့်ပြန်ချက်များ၌ 'ဆကန်'ဟုလည်းကောင်း၊ အချို့ဆင့်ပြန်ချက်များ၌ 'အဗ်ဒွလ်ဂဖ္ဖါးရ်'ဟု လာရှိထား၏။

ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ ၏ ခေတ်သည် ဟဇရသ်အီဒ်ရီးစ် عَلَيْهِ السَّلَامُ ၏ ခေတ်ထက် စောသည်လော။ သို့တည်းမဟုတ် နောက်ကျသလော။ ထိုအချက်နှင့် ပတ်သက်၍ ကွဲလွဲမှုမှာ ဖြစ်ရှိလေ၏။ ဆွဟာဗာအများစု၏ အဆိုအရ ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ သည် ဟဇရသ်အီဒ်ရီးစ် عَلَيْهِ السَّلَامُ ထက် စောကြောင်း အဆိုလာရှိထား၏။

မွတ်စ်သဒရက်ဟာကိမ်ကျမ်း၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်၌ ဆင့်ပြန်ထားသည်မှာ ကိုယ်တော်မြတ် ﷺ အမိန့်ရှိသည်မှာ ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ အား သက်တော်လေးဆယ်၌ 'နဗူဝသ်' ချီးမြှင့်တော်မူ၏။ ထို့ပြင် ရေမုန်တိုင်း တိုက်ခတ်ပြီးသည့်နောက် သက်တော် (၆၀) အထင်အရှားရှိခဲ့၏။

ကျမ်းတော်မြတ်ကုရ်အာန်၏

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ

အာယသ်တော်မှာ ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ အား စေလွှတ်ခြင်းနှင့် 'နဗူဝသ်'ချီးမြှင့်ခြင်းသည်လည်း မိမိအမျိုးသားများအတွက်သာလျှင် ဖြစ်ပြီး တစ်လောကလုံးအတွက် မဟုတ်ကြောင်း အတည်ပြုပြဋ္ဌာန်းထား၏။ ၎င်း၏ အမျိုးသားများသည် 'အီရာက်'ပြည်နယ်၌ နေထိုင်၍ ပြင်ပအားဖြင့် အလွန်ယဉ်ကျေးသော်ငြားလည်း ရှရစ်က်တုပန္နိုင်းယှဉ်မှု၌ နစ်မွန်းစေခဲ့၏။ သို့ပါ၍ ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ သည် မိမိအမျိုးသားများအား 'ဒအ်ဝသ်'ပေးဖိတ်ခေါ်ခဲ့သည်မှာ-

يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ اِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ

ဆိုလိုသည်မှာ အို၊ ကျွန်ုပ်၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ကြလေကုန်။ ထိုအသျှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်သည် အလျဉ်းမရှိ။ ငါကိုယ်တော်သည် အသင်တို့အပေါ် ဆိုက်ရောက်လာမည့် ကြီးကျယ်သော နေ့၏ အပြစ်ဒဏ်အား စိုးရိမ်မိပါသည်။ ထို့ထက်အလျင် ဝါကျ၌ အဓိကဥပဒေဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုဘက်သို့ ဖိတ်ခေါ်ခဲ့၏။ ဒုတိယဝါကျ၌ ရှရစ်က်နှင့် ကုဖွရ်မှ ရှောင်ကြဉ်ရန်အလို့ငှာ ဆော်ဩခဲ့၏။ ယင်းသည် ၎င်းအမျိုးသားများအတွင်း၌ ရောဂါကဲ့သို့ ပျံ့နှံ့လျက်ရှိခဲ့၏။ တတိယဝါကျ၌ ဖီလာဆန့်ကျင်သော ပုံသဏ္ဍာန်၌ ၎င်းတို့အပေါ် ဆိုက်ရောက်လာမည့် ကြီးကျယ်သောနေ့၏ အပြစ်ဒဏ်မှ သတိပေးခဲ့၏။ ထိုကြီးကျယ်သော အပြစ်ဒဏ်ဆိုသည်မှာ အာခေရသ်၏ အပြစ်ဒဏ်လည်း ဖြစ်နိုင်သကဲ့သို့ လောကီ၌ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၏ အပြစ်ဒဏ်လည်း ဖြစ်နိုင်သည်။ ၎င်း၏ အမျိုးသားများမှ ပြန်လည်အဖြေပေးသည်မှာ-

قَالَ الْمَلَاُ مِنْ قَوْمِهٖٓ اِنَّا لَنَرٰىكَ فِيْ ضَلٰلٍ مُّبِيْنٍ

مَلَاٌ ဆိုသော စကားလုံးသည် အမျိုးသားများ၏ ခေါင်းဆောင် မြေပိုင်ရှင်များကို ဆိုလို၏။ ဆိုလိုသည်မှာ ဟဇရသ်နူးဟ် عَلَيْهِ السَّلَامُ ၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှု၏ တုန့်ပြန်မှု၌ အမျိုးသားများ၏ ခေါင်း

ဆောင်များ၏ ပြောဆိုကြသည်မှာ အသင်သည် ထင်ရှားသော လမ်းမှားမှု၌ ရှိနေကြောင်း ကျွန်ုပ်တို့ မှတ်ယူကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဘိုး၊ ဘွား၊ ဘီ၊ ဘင်၏ သာသနာမှ ကျွန်ုပ်တို့အား ဖယ်ရှား ပစ်ရန် လိုအပ်သည်။ ထို့ပြင် 'ကေယာမသ်'နေ့၌ တစ်ဖန် ပြန်လည်ရှင်ပြန်ထရခြင်းနှင့် အလျော်အစားပေး ခြင်း၏ အတွေးအခေါ်သည် အထင်အမြင်မှားသာ ဖြစ်လေသည်။

ထိုဒုက္ခနှင့် နာကျင်ဖွယ်ကောင်းသော စကားရပ်၏ တုန့်ပြန်မှု၌ ဟဇရသ်နူးဟ် ﷺ သည် နဗီ၏ လေယူလေသိမ်းဖြင့် ပေးခဲ့သော အဖြေမှာ သာသနာအား ပို့ချသောသူများနှင့် ပြုပြင်သောသူများအတွက် အလွန်အရေးပါသော ပညာပေးလမ်းညွှန်မှုတစ်ခု ဖြစ်သည်။ ၄င်းမှာ အမျက်ဒေါသထွက်စေသော စကားရပ်အပေါ် ဒေါသ နှင့် ပြန်လည်တုန့်ပြန်မည့်အစား သာမန်စကားလုံးများဖြင့် ၄င်းတို့၏ ဒွိဟအား ဖယ်ရှားရန်အလို့ငှာ အမိန့်ရှိသည်မှာ-

قَالَ يٰقَوْمِ لَيْسَ بِیْ ضَلٰلَةٌ وَّلٰكِنِّیْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ○
اُبَلِّغُكُمْ رِسٰلٰتِ رَبِّیْ وَاَنْصَحُ لَكُمْ وَاَعْلَمُ مِنَ اللّٰهِ مَالَا تَعْلَمُوْنَ

ဆိုလိုသည်မှာ 'အို၊ ငါကိုယ်တော်၏ အမျိုးသားအပေါင်းတို့၊ ငါကိုယ်တော်၌ မောက်မှားမှုသည် အလျဉ်းမရှိပေ။ အမှန်စင်စစ် ငါကိုယ်တော်သည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင် မြတ်ထံတော်မှ စေလွှတ်တော်မူသော ရစူလ်တမန်တော်တစ်ပါးသာလျှင် ဖြစ်ပေသည်'ဟု ဖြေကြားခဲ့လေသည်။ ငါတမန်တော်သည် မိမိအသျှင်မြတ် မှာကြားလိုက်သော အမိန့်တော်များကို အသင်တို့ထံသို့ ပို့ဆောင်ပါသည်။ ၄င်းအပြင် ငါတမန်တော်သည် အသင်တို့၏ အကျိုးကိုလည်း လိုလားပါသည်။ ထိုအာယသ်တော်၌ စကြဝဠာ ခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဟူသည့် ပုဒ်မှ တုပနှိုင်းယှဉ်သော ယုံကြည်ချက်အပေါ် ရိုက်ချိုးလိုက်လေသည်။ အကြောင်းမှာ ထိုပုဒ်အား စဉ်းစားသုံးသပ်ပြီးသည့်နောက် နတ်သားနတ်သမီးနှင့် 'ယဇ်ဒါးန်' (ဟိန္ဒူများ၏ အယူ၌ ကောင်းမှုကို ပိုင်သော ဘုရား)၊ 'အဟ်ရမန်း' (မကောင်းမှုကို ပိုင်သော ဘုရား) ထားရန် မလိုအပ်တော့ပေ။ ထို့နောက် အသင်တို့သည် 'ကေယာမသ်'၏ အပြစ်ဒဏ်၌ ဒွိဟသံသယ မဖြစ်ခြင်းသည် အသင်တို့၏ မသိနားမလည်မှု၌သာ မူတည်၏။ ငါတမန်တော်သည် အလ္လာဟ်အသျှင်မြတ် ထံတော်မှ အသင်တို့ မသိနားမလည်သော အရာများကိုလည်း သိရှိခဲ့ပေသည်။

ထို့နောက် ၄င်းတို့၏ ဒုတိယသံသယ၏ အဖြေအား 'စူရာဟ်မုအ်မေနူးန်'၌ အကျယ်တဝင့် ဖော်ပြ ထား၏။

مَاهٰذَا اِلَّا بَشَرٌ مِّثْلُكُمْ يُرِيْدُ اَنْ يَّتَفَضَّلَ عَلَيْكُمْ وَلَوْشَاءَ اللّٰهُ لَاَنْزَلَ مَلٰٓئِكَةً

ဆိုလိုသည်မှာ ၄င်း၏ အမျိုးသားများမှ ဟဇရသ်နူးဟ် ﷺ ၏ ဖိတ်ခေါ်ချက်အပေါ် ဖြစ်ခဲ့သော ဒွိဟသံသယတစ်ခုမှာ ဤပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးသာလျှင် ဖြစ်သည်။ ကျွန်ုပ်တို့နည်းတူ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ နိုးကြားခြင်းရှိနေသော ၄င်းအား ကျွန်ုပ်တို့၏ ခေါင်းဆောင်အဖြစ်

အဘယ်ကြောင့် လက်ခံရမည်နည်း။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အတွက် စေတမန် တစ်ပါးပါး စေလွှတ်မည်ဆိုသော် ဖရစ်ရှ်သာဟ်ကောင်းကင်တမန်တစ်ပါးပါးကို စေလွှတ်မည်ဖြစ်သည်။ ၎င်း၏ ခြားနားမှုနှင့် ကြီးကျယ်မှုသည် ကျွန်ုပ်တို့ထက် သာ၍ ထင်ရှားမည်ဖြစ်၏။ ယခုသော ကျွန်ုပ်တို့ အမျိုးသားမျိုးနွယ်ထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် ကျွန်ုပ်တို့ထက် ကြီးကျယ်သည်ဟု ပြောဆိုနေခြင်းမှအပ အခြားမရှိချေ။ ၎င်း၏အဖြေ၌

اَوَعَجِبْتُمْ اَنْ جَآءَ كُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِ رَكُمْ
وَلِتَتَّقُوْا وَلَعَلَّكُمْ تُرْحَمُوْنَ

ဆိုလိုသည်မှာ အသင်တို့သည် မိမိအသျှင်မြတ်ထံတော်မှ မိမိတို့အား သတိပေးနှိုးဆော်ရန် ဩဝါဒ သည် မိမိတို့အနက် လူတစ်ဦးမှတစ်ဆင့် မိမိတို့ထံ ရောက်ရှိလာသည်ကိုပင် အံ့ဩကြပါသလော။ အမှန်စင်စစ် ထိုပုဂ္ဂိုလ်သည် သတိပေးနှိုးဆော်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်မှ ရှောင်ကြဉ်ရန်လည်းကောင်း ဖြစ်ပေသည်။ သို့မှသာလျှင် အသင်တို့သည် ထိုအသျှင်မြတ်၏ ကရုဏာတော်ကို ခံစားနိုင်ကြမည်ဖြစ်၏။ ဆိုလိုသည်မှာ ၎င်း၏ သတိပေးနှိုးဆော်မှုကြောင့် အသင်တို့သည် အသိတရားရရှိ၍ ဆန့်ကျင်မှုများအား စွန့်လွှတ်ကြမည်။ ၎င်း၏ ရလဒ်၌ အသင်တို့အပေါ် ကရုဏာသက်ရောက်မည်ဖြစ်သည်။

အလိုသဘောမှာ လူသားတစ်ဦးအား ရစူလ်အဖြစ် စေလွှတ်ခြင်းသည် အံ့ဩစရာကောင်းသည့် အချက်မဟုတ်ချေ။ ပထမအချက်မှာ အသျှင်မြတ် လိုလားသောသူအား မိမိ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'အား ချီးမြှင့်မည်ဖြစ်သည်။ ဤသို့ ချီးမြှင့်ရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ စောဒကတက်ပိုင်ခွင့် မရှိချေ။ ထို့ပြင် အဓိကအချက်အပေါ် စဉ်းစားသုံးသပ်မည်ဆိုသော် လူသားများအတွက် ရစူလ်စေလွှတ်ခြင်းနှင့် 'နဗူဝသ်'ချီးမြှင့်ခြင်း၏ အဓိကအကြောင်းအရင်းသည် လူသားအား လူသား၏ သဟဲဖြင့်သာလျှင် ပြည့်ဝ နိုင်ပေသည်။ ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များနှင့် ဤလုပ်ရပ်မဖြစ်နိုင်ပေ။

အကြောင်းမှာ ရစူလ်အား စေလွှတ်ခြင်း၏ အဓိကအကြောင်းအရင်းသည် အလ္လာဟ်အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုနှင့် အမိန့်နာခံခြင်းအား လူသားများ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ရန်ဖြစ်၏။ ထိုအသျှင် မြတ်၏ အမိန့်ပညတ်ချက်များအား ဆန့်ကျင်ခြင်းမှ ကယ်တင်နိုင်ရန် ဖြစ်၏။ ထို့ပြင် ဤသည်လည်း လူ အမျိုးအနွယ်များအနက် လူသားတစ်ဦးဦးမှ နမူနာအဖြစ်ပြုလုပ်၍ ၎င်းတို့အား ပြသမည်။ အဘယ်ကြောင့် ဆိုသော် လူ့ဇီဇ၏ လိုအင်ဆန္ဒနှင့် တောင်းဆိုမှုများနှင့်တကွလည်း အလ္လာဟ့်အမိန့်ပညတ်ချက်များအား နာခံခြင်း၊ ၎င်း၏ ခဝပ်ကိုးကွယ်မှုသည် ပေါင်းစပ်သွားနိုင်၏။ အကယ်၍ ဖရစ်ရှ်သာဟ်ကောင်းကင် တမန်သည် ဤ 'ဒအ်ဝသ်'ဖိတ်ခေါ်မှုအား ယူဆောင်လာမည်ဆိုသော် မိမိတို့၏ ပုံသဏ္ဍာန်အား လူတို့ ရှေ့ဝယ် ချပြမည်ဆိုသော် လူသားများက ဤအကြောင်းပြချက်များ ထုတ်ဖော်ကြလိမ့်မည်။ အဘယ်သို့ ဆိုသော် ဖရစ်ရှ်သာဟ် ကောင်းကင်တမန်တော်များသည် လူသားတို့ကဲ့သို့ လိုအင်ဆန္ဒများမှ ကင်းစင်တော်

မူ၏။ ၄င်းတို့အား ဆာလောင်မွတ်သိပ်သည်ဟူ၍ မရှိ။ အိပ်ခြင်းတရား၊ ပင်ပမ်းနွမ်းနယ်သည်ဟူ၍ မရှိ။ ၄င်းတို့ကဲ့သို့ ကျွန်ုပ်တို့ လူသားများ မည်သို့ ဖြစ်ရှိနိုင်မည်နည်း။ သို့သော် မိမိတို့အနက် လူအမျိုးအနွယ် တစ်မျိုးဖြစ်သော လူသားတို့၏ ဆန္ဒများ၊ ထူးခြားချက်များ ရှိနေလင့်ကစား အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအား ပြည့်ပြည့်ဝဝ ခံယူပြသမည်ဆိုသော် ၄င်းတို့အဖို့ အကြောင်းပြချက်တစ်စုံတစ်ရာ ကျန်ရှိနိုင်မည်မဟုတ်ချေ။ ထိုအချက်အပေါ် ရည်ညွှန်းရန်အတွက် အမိန့်ရှိသည်မှာ-

لِيُنذِرَكُمْ وَلِتَتَّقُوا

အလိုသဘောမှာ ထိုလူသား၏ ခြိမ်းခြောက်မှုဖြင့် စူးရှမှု သက်ရောက်စေ၍ လူတို့သည် ကြောက်ရွံ့သွားကြ၏။ ထိုလုပ်ရပ်သည် လူ့အမျိုးအနွယ်များအနက် လူသား၏ အရည်အချင်း ပြည့်ပြည့်ဝဝရှိသော သူသာလျှင် ပြုလုပ်နိုင်၏။ လူသားသည် နဗီနှင့် ရစူလ်မဖြစ်နိုင်ကြောင်း အွမ္မသ်သူ အွမ္မသ်သားများအနက် ကာဖိရ်များတွင် ဖြစ်ပေါ်ကြခြင်းကို ကျမ်းတော်မြတ်ကုရ်အာန်၌လည်း ဤအဖြေကို ပေးထားလေ၏။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်၏ ရှင်းလင်းပြတ်သားသော အကိုးအကား သာဓကများ ရှိလင့်ကစား ယနေ့မျက်မှောက်ခေတ်၌လည်း အချို့သူတို့သည် ကိုယ်တော်မြတ် ﷺ လူသား ဖြစ်ခြင်းအပေါ် ငြင်းဆန်ဝံ့ကြသည်။ သို့သော် ပညာမဲ့လူသားများသည် ၄င်း၏ ဇစ်မြစ်အား မသိနားမလည်ကြချေ။ ၄င်းတို့သည် မိမိတို့၏ အမျိုးတူအား သာပိုမွန်မြတ်ခြင်းကို လက်ခံရန် အဆင်သင့် မရှိကြချေ။ ဤအတွက်ကြောင့်ပင် မိမိတို့၏ ခေတ်သမယတွင် ဝလီသူတော်စင်များနှင့် အိုလမာသာသနာ့ ပညာရှင်များအား ၄င်းတို့၏ တစ်ခေတ်တည်း၌ ရှိခြင်းအပေါ် မုန်းတီးခြင်း၊ သေးသိမ်စွာ ဆက်ဆံခြင်းတို့သည် အသိဉာဏ်ကင်းမဲ့သူတို့၏ မြဲသော အစဉ်အလာတစ်ရပ် ဖြစ်နေ၏။

ဟဇရသ်နူးဟ် عليه السلام သည် မိမိအမျိုးသားများ၏ စိတ်ဒုက္ခရောက်စေသော စကား၏အဖြေ၌ ကူညီစောင်မရန် ပုံသဏ္ဍာန်မျိုးဖြင့် ဖြေကြားသော်ငြားလည်း ခံစားချက်ကင်းမဲ့သော အမျိုးအနွယ်များအပေါ် အနည်းငယ်မျှ စူးရှသက်ရောက်ခြင်းမရှိသည့်အပြင် ဆင်ကန်းတောတိုး လိမ်လည်လျက် ရှိကြ၏။ သို့ပါ၍ အလ္လာဟ်အသျှင်မြတ်မှ ၄င်းတို့အပေါ် ရေမုန်တိုင်း၏ အပြစ်ဒဏ်အား ချပေးတော်မူ၏။ ဆက်လက်၍ အမိန့်ရှိသည်မှာ-

فَكَذَّبُوهُ فَأَنجَيْنَاهُ وَالَّذِينَ مَعَهُ فِي الْفُلْكِ وَأَغْرَقْنَا الَّذِينَ كَذَّبُوا بِآيَاتِنَا
إِنَّهُمْ كَانُوا قَوْمًا عَمِينَ ○

ဆိုလိုသည်မှာ ဟဇရသ်နူးဟ် عليه السلام ၏ ဆိုးသွမ်းသော အမျိုးအနွယ်များမှ ၄င်း၏ ဆုံးမဩဝါဒနှင့် အကောင်းလိုလားမှုအား မည်သူမျှ ဂရုမစိုက်ခဲ့ချေ။ မိမိတို့ မုသားပြောဆိုခြင်းအပေါ်၌သာလျှင် တည်ရှိနေကြ၏။ ၄င်း၏ ရလဒ်မှာ ငါအသျှင်မြတ်သည် ဟဇရသ်နူးဟ် عليه السلام နှင့် ၄င်း၏ အပေါင်းအပါများအား သင်္ဘောတစ်စီးအပေါ်တွင် စီးနင်းလိုက်ပါစေ၍ မုန်တိုင်းဒဏ်မှ ကယ်တင်တော်မူခဲ့၏။ ထို့ပြင် အကြင်သူ

တို့သည် ငါအသျှင်မြတ်၏ နိမိတ်လက္ခဏာတော်များအား ငြင်းပယ်ကြ၏။ ၎င်းတို့အား နစ်မြုပ်စေခဲ့၏။ မုချကေန် ဤသူတို့သည် မျက်မမြင်များပင် ဖြစ်ချေသတည်း။

ဟဇရတ်နူးဟ် عليه السلام ၏ အဖြစ်အပျက်နှင့် ၎င်း၏ အမျိုးအနွယ်များအား နစ်မြုပ်စေခဲ့ခြင်း၊ သင်္ဘော အပေါ် စီးနင်းလိုက်ပါသောသူတို့အား ကယ်တင်ခြင်း၊ ၎င်း၏ အကျယ်တဝင့်အား စူရာဟ်နူးဟ် عليه السلام နှင့် 'စူရာဟ်ဟူးဒ်'၌ ပြည့်ပြည့်ဝဝ ဖော်ပြသွားမည်ဖြစ်၏။ ဤနေရာ၏ လိုအပ်ချက်ကြောင့် ၎င်း၏ အကျဉ်းချုံး အား တင်ပြခြင်းဖြစ်၏။ ဟဇရတ်ဇိုက်ဒ် ဗင်န် အစ်လာမ်း رحمه الله မှ အမိန့်ရှိသည်မှာ ဟဇရတ်နူးဟ် عليه السلام ၏ အမျိုးသားများအပေါ် အပြစ်ဒဏ် ဆိုက်ရောက်ခြင်းသည် ၎င်းတို့၏ အင်အားပြည်ပြည့်ဝဝရှိသော အချိန်၌ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်၏။ အီရာက်နိုင်ငံ၏ ပထဝီမြေနှင့် တောင်များသည် ၎င်းတို့၏ များပြားမှုကြောင့် ကျဉ်းမြောင်းခဲ့ရ၏။ ထို့အပြင် အမိန့်သွေဖည်သော သူတို့အား ကြိုးရှည်ရှည်ဖြင့် လွှတ်ထားလိုက်ခြင်း၊ ၎င်းတို့သည် မိမိတို့၏ လူဦးရေများပြားမှု၊ အင်အားကြီးမားမှုနှင့် ဥစ္စာစည်းစိမ်များအပေါ် အဆုံးအထိ ရောက်ရှိသွားပြီး ၎င်း၌ ယစ်မူးနေသော ထိုအချိန်တွင် အပြစ်ဒဏ်ချခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ထာဝရဓလေ့တော်တစ်ရပ်ပင် ဖြစ်တော်မူသည်။

ဟဇရတ်နူးဟ် عليه السلام ၏ သင်္ဘောတွင် မည်မျှ လူဦးရေ ရှိခဲ့သနည်း။ ထိုအချက်နှင့်ပတ်သက်၍ ဆင့်ပြန်ချက်အမျိုးမျိုး လာရှိထား၏။ အိဗ်နေကစီးရ်ကျမ်းရှင်မှ အိဗ်နေအဗီဟာသင်မ် (ရဟ) ၊ ဟဇရတ် အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗာအ် رضي الله عنهما သခင်မှတစ်ဆင့် လူဦးရေ (၈၀) ဖြစ်ကြောင်း ဆင့်ပြန်ထား၏။ ၎င်းတို့ အနက် ဂျူရ်ဟွမ်းအမည်ရသော ပုဂ္ဂိုလ်သည် အာရဗီစကား ပြောဆို၏။

အချို့ဆင့်ပြန်ချက်များ၌ လူဦးရေ (၈၀) အရေအတွက်တွင် လူဦးရေလေးဆယ်သည် အမျိုးသား ဖြစ်ပြီး (၄၀) သည် အမျိုးသမီးဖြစ်ကြောင်းလည်း အကျယ်တဝင့် လာရှိထား၏။ ရေမုန်တိုင်းပြီးသည့်နောက် ပုဂ္ဂိုလ်အားလုံးသည် 'မူလ်စွလ်'ဟု အမည်ရသော နေရာ၌ နေထိုင်ကြလေသည်။ ၎င်းရွာ၏ အမည်သည် 'စမာနူးန်'ဟု ကျော်ကြားခဲ့လေသည်။

အချုပ်ဆိုရသော် ဤနေရာ၌ ဟဇရတ်နူးဟ် عليه السلام ၏ အနှစ်ချုပ်အဖြစ်အပျက်အား တင်ပြပြီး ရှေးယခင်နဗီတမန်တော်အားလုံး၏ ဖိတ်ခေါ်မှုနှင့် ယုံကြည်ချက်ပိုင်းဆိုင်ရာ ဥပဒေသများသည် တစ်ခု တည်းသာလျှင်ဖြစ်ကြောင်း ဖော်ပြထား၏။ ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန် တော်များအား ထိန်းသိမ်းစောင့်ရှောက်မှုသည် အံ့သြစရာကောင်းသော နည်းလမ်းဖြင့် ကူညီစောင်မတော် မူခဲ့၏။ အကြောင်းမှာ တောင်ထိပ်ပေါ်သို့ တက်သွားသောသူသည် မုန်တိုင်းဒဏ်၌လည်း ၎င်းအဖို့ အေးချမ်း သာယာမှု မရှိချေ။ တတိယအချက်မှ နဗီတမန်တော်များအား လိမ်လည်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်အား ဖိတ်ခေါ်မှုပင်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထား၏။ ထိုနည်းတူစွာ ရှေးယခင်အမ္မသ်သား များသည် နဗီတမန်တော်များအား လိမ်လည်ခဲ့ခြင်းအတွက်ကြောင့် အပြစ်ဒဏ်၌ ချုပ်နှောင်ခြင်း ခံခဲ့ကြရ၏။ ယနေ့ မျက်မှောက်ခေတ်၌ရှိသော သူများအဖို့လည်း ထိုအချက်မှ စိုးရိမ်မကင်းဖြစ်နေရန် လိုအပ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِلَىٰ عَادٍ أَخَاهُمْ هُودًا ۗ قَالَ
يَٰقَوْمِ ٱعْبُدُوا۟ ٱللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُۥٓ ۚ أَفَلَا تَتَّقُونَ ﴿٦٥﴾

၇ : ၆၅ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) အားဒ်အမျိုးသားတို့ထံသို့ ၎င်းတို့၏ ညီအစ်ကိုသားချင်းဖြစ်သော (နဗီတမန်တော်) ဟူးဒ်ကို (စေလွှတ်တော်မူခဲ့လေသည်။) ထိုအခါ ယင်း (နဗီတမန်တော်ဟူးဒ်) က 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့၌ ထိုအလ္လာဟ် အသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် မကြောက်ရွံ့ကြပါသလော' ဟူ၍ ပြောဆို (ဆုံးမ) ခဲ့လေသည်။

قَالَ ٱلْمَلَأُ ٱلَّذِينَ كَفَرُوا۟ مِن قَوْمِهِۦٓ إِنَّا لَنَرَىٰكَ فِى
سَفَاهَةٍ وَإِنَّا لَنَظُنُّكَ مِنَ ٱلْكَٰذِبِينَ ﴿٦٦﴾

၇ : ၆၆ ။ ။ (ထိုအခါ) ယင်း (နဗီတမန်တော်ဟူးဒ်) ၏ အမျိုးသားတို့အနက် သွေဖည်ငြင်းပယ်လျက်ရှိကြကုန်သော အကြီးအကဲတို့က '(အို၊ ဟူးဒ်) ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား အသိဉာဏ်နည်းပါးမှုတွင် (ကျရောက်နေသည်ကို) တွေ့မြင်နေရပါသည်။ ၎င်းပြင် မုချဧကန် ကျွန်ုပ်တို့သည် အသင့်အား မုသာဝါဒီတို့အနက်မှ (တစ်ဦး) ပါဝင်သည်ဟူ၍လည်း ထင်မြင်ယူဆကြပါသည်' ဟု ပြောဆိုခဲ့ကြကုန်သည်။

قَالَ يَٰقَوْمِ لَيْسَ بِى سَفَاهَةٌ وَلَٰكِنِّى رَسُولٌ مِّن رَّبِّ ٱلْعَٰلَمِينَ ﴿٦٧﴾

၇ : ၆၇ ။ ။ ထိုအခါ ယင်း (နဗီတမန်တော်ဟူးဒ်) က 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ ငါ၌အသိဉာဏ်နည်းပါးမှုသည် လုံးဝမရှိချေ။ အမှန်စင်စစ် ငါသည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ထံတော်မှ စေလွှတ်တော်မူခြင်းခံရသော ရစူလ်တမန်တော် (တစ်ပါး) ပင် ဖြစ်ချေသည်' ဟူ၍ ပြောဆို (ဖြေကြား) ခဲ့လေသည်။

أُبَلِّغُكُمْ رِسَٰلَٰتِ رَبِّى وَأَنَا۠ لَكُمْ نَاصِحٌ أَمِينٌ ﴿٦٨﴾

၇ : ၆၈ ။ ။ ငါသည် မိမိ၏ အသျှင်မြတ်က မှာကြားတော်မူသော အမိန့်တော်များကို အသင်တို့ထံသို့ ပို့ဆောင်လေသည်။ ၎င်းပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကို လိုလားသူ ယုံကြည်စိတ်ချရသူ အစစ်အမှန်လည်း ဖြစ်ချေသည်။

أَوَعَجِبْتُمْ أَن جَآءَكُمْ ذِكْرٌ مِّن رَّبِّكُمْ عَلَىٰ رَجُلٍ مِّنكُمْ لِيُنذِرَكُمْ ۚ
وَٱذْكُرُوٓا۟ إِذْ جَعَلَكُمْ خُلَفَآءَ مِنۢ بَعْدِ قَوْمِ نُوحٍ وَزَادَكُمْ
فِى ٱلْخَلْقِ بَصْۜطَةً ۖ فَٱذْكُرُوٓا۟ ءَالَآءَ ٱللَّهِ لَعَلَّكُمْ تُفْلِحُونَ ﴿٦٩﴾

၇ : ၆၉ ။ ။ အသင်တို့သည် မိမိတို့၏ အသျှင်မြတ်ထံတော်မှ မိမိတို့အား သတိပေးနှိုးဆော်ရန် ဆုံးမတရားတော်သည် အသင်တို့အနက် လူတစ်ဦးမှတစ်ဆင့် မိမိတို့ထံသို့ ရောက်ရှိလာသည်ကိုပင် အံ့သြကြပါသလော။ ထိုအသျှင်မြတ်သည် မိမိတို့အား (နဗီတမန်တော်) နူးဟ်၏ အမျိုးသားများ မရှိကြသည့်နောက်တွင် မိမိတို့အား (ကိုယ်စားလှယ်များအဖြစ်) နေရာချပေး

တော်မူခဲ့သည်ကိုလည်းကောင်း၊ မိမိတို့အား အရပ်အမောင်းအားဖြင့် ပိုမိုကြီးမားထွားကြိုင်းစေတော်မူခဲ့သည်ကိုလည်းကောင်း အသင်တို့သည် ပြန်လည်သတိရကြလေကုန်။ တစ်ဖန် အသင်တို့သည် အလ္လာဟ်အသျှင်မြတ် ကျေးဇူးတော်များကိုလည်း ပြန်လည်သတိရကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်မှုကို ရရှိကြပေမည်။

قَالُوٓا۟ أَجِئْتَنَا لِنَعْبُدَ ٱللَّهَ وَحْدَهُۥ وَنَذَرَ مَا كَانَ يَعْبُدُ
ءَابَآؤُنَا ۖ فَأْتِنَا بِمَا تَعِدُنَآ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ۝

၇ : ၇၀ ။ ။ ထိုအခါ ၎င်း (နဗီတမန်တော်ဟူးဒ်၏ အမျိုးသား) တို့က (အို၊ ဟူးဒ်) 'ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ ဆည်းကပ်ကိုးကွယ်ခဲ့ကြသည့်အရာ (ဘုရား) များကို စွန့်ပယ်၍ တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြစေရန် အသင်သည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခဲ့လေသလော။ သို့ဖြစ်လျှင် အကယ်၍သာ အသင်သည် မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီ (တစ်ဦး) ဖြစ်ပါမူ အသင်သည် ကျွန်ုပ်တို့အား ခြိမ်းခြောက်လေ့ရှိသော (အပြစ်ဒဏ်) ကို ကျွန်ုပ်တို့ထံသို့ ယူဆောင်ခဲ့ပါလေ'ဟူ၍ ပြောဆိုခဲ့ကြကုန်သည်။

قَالَ قَدْ وَقَعَ عَلَيْكُم مِّن رَّبِّكُمْ رِجْسٌ وَغَضَبٌ ۖ
أَتُجَٰدِلُونَنِى فِىٓ أَسْمَآءٍ سَمَّيْتُمُوهَآ أَنتُمْ وَءَابَآؤُكُم مَّا
نَزَّلَ ٱللَّهُ بِهَا مِن سُلْطَٰنٍ ۚ فَٱنتَظِرُوٓا۟ إِنِّى مَعَكُم مِّنَ ٱلْمُنتَظِرِينَ ۝

၇ : ၇၁ ။ ။ ထိုအခါ (နဗီတမန်တော်) ဟူးဒ်က '(အို၊ ငါ၏အမျိုးသားတို့) အသင်တို့အပေါ်၌ အသင်တို့၏ အသျှင်မြတ်ထံတော်မှ ပြစ်ဒဏ်သည်လည်းကောင်း၊ အမျက်တော်သည်လည်းကောင်း အမှန်ပင် ကျရောက်အံ့ဆဲဆဲပင် ဖြစ်ချေပြီ။ အသင်တို့သည် အကြင် (ကိုးကွယ်ရာများအဖြစ် ထင်မှတ်သည့် အရာများ၏) အမည်နာမများနှင့် စပ်လျဉ်း၍ ငါနှင့် အငြင်းအခုံပြုကြလေသလော။ ထိုအမည်နာမများကို အသင်တို့နှင့် အသင်တို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့က မှည့်ခေါ်ထားခဲ့ကြသည်။ (အမှန်စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် ထိုအမည်နာမများနှင့် စပ်လျဉ်း၍ မည်သို့သော သက်သေသာဓက (တစ်စုံတစ်ရာ) ကိုမျှ ချပေးတော်မူခဲ့သည် မရှိချေ။ သို့ဖြစ်ပေရာ အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ကို) စောင့်ဆိုင်း၍ နေကြကုန်လော့။ ကေန်စင်စစ် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်သည်'ဟူ၍ ပြောဆို (မြွက်ကြား) ခဲ့လေသည်။

فَأَنجَيْنَٰهُ وَٱلَّذِينَ مَعَهُۥ بِرَحْمَةٍ مِّنَّا وَ
قَطَعْنَا دَابِرَ ٱلَّذِينَ كَذَّبُوا۟ بِـَٔايَٰتِنَا ۖ وَمَا كَانُوا۟ مُؤْمِنِينَ ۝

၇ : ၇၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်) ဟူးဒ်ကိုလည်းကောင်း၊ ၎င်း (နဗီတမန်တော်ဟူးဒ်) ၏ အပေါင်းအပါတို့ကိုလည်းကောင်း မိမိ၏ ကရုဏာတော်ဖြင့် ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ငါအသျှင်မြတ်၏

အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော သူတို့အား အပြစ်ပါမကျန်အောင် ဖြုတ်တောက် (ဖျက်ဆီး) တော်မူခဲ့လေသည်။ အမှန်စင်စစ် ၎င်းတို့သည် မုအ်မင်နိသက်ဝင်ယုံကြည်သူများပင် မဖြစ်ခဲ့ကြချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ငါအသျှင်မြတ်သည် အာဒ်မျိုးနွယ်စုများဘက်သို့ သားချင်းများထဲမှ ညီနောင်တစ်ဦး ဖြစ်သူ ဟဇရသ်ဟူဒ် ﷺ ကို နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ ၎င်းနဗီသည် မိမိမျိုးနွယ်စုများကို မိန့်ကြားတော်မူသည်မှာ 'အို၊ ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြကုန်။' ထိုအသျှင်မြတ်မှအပ အခြားမည်သူ့ကိုမှ ကိုးကွယ်ခံထိုက်သူမရှိ။ ရုပ်တုကိုးကွယ်ခြင်းအား စွန့်လွှတ်ကြကုန်။ ပမာဆိုရသော် ရှေ့အာယသ်တော်၌

وَنَذَرَمَاكَانَ يَعۡبُدُ اٰبَاؤُنَا

မှ သိရှိရပေသည်။ သို့ရှိရာ အသင်တို့သည် ဤကဲ့သို့သော ကြီးလေးသည့် အပြစ်ဖြစ်သည့် ရှရစ်က်လုပ်ရပ်အား ကျူးလွန်ပြီး အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်အား အဘယ်ကြောင့် ကြောက်ရွံ့ခြင်း မရှိကြပါသနည်း။ ၎င်းတို့၏ မျိုးနွယ်စုထဲမှ ဂုဏ်သရေရှိသူ ကာဖိရ်တစ်ဦးမှ ဖြေကြားပြောဆိုသည်မှာ 'ကျွန်ုပ်သည် အသင့်အား အသိဉာဏ်ခေါင်းပါးခြင်း၌ နစ်မွန်းနေသည်ဟု ယူဆပါသည်။ အကြောင်းမူကား 'သောင်ဟီဒ်' ကို သင်ကြားပေးပြီး 'အဇာဗ်' မှလည်း ခြောက်လှန့်နေ၏။ ကျွန်ုပ်သည် မုချဧကန် အသင့်အား လိမ်ညာသူများ၌ ပါဝင်သည်ဟု ယူဆပါသည်။' ဆိုလိုသည်မှာ (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံပါ၏။) 'သောင်ဟီဒ်' လည်း မမှန်ကန်သကဲ့သို့ 'အဇာဗ်' ကျရောက်မည်ဆိုသည်မှာလည်း မမှန်ကန်ပေ။ ထိုအခါ ၎င်းနဗီမှ မိန့်တော်မူသည်မှာ 'အို၊ ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ ကျွန်ုပ်တွင် အနည်းငယ်မျှ အသိဉာဏ်ခေါင်းပါးခြင်း မရှိပေ။ သို့သော် ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ဘက်မှ စေလွှတ်ခြင်းခံရသော ရစူလ်တစ်ပါး ဖြစ်သည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား 'သောင်ဟီဒ်' ကို သင်ကြားပေးရန်နှင့် 'အဇာဗ်' ဖြင့် ခြောက်လှန့်ရန် မိန့်ကြားတော်မူပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိ၏ တာဝန်ဝတ္တရားကိုသာ ထမ်းဆောင်နေရခြင်း ဖြစ်သည်။ အသင်တို့ထံ မိမိအသျှင်မြတ်၏ အမိန့်ကို ပို့ဆောင်ပေးနေခြင်းသာ ဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့ဘက်မှ အကောင်းလိုလားသူတစ်ဦးလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'သောင်ဟီဒ်' နှင့် အီမာန်၌ အသင်တို့အတွက် ကောင်းကျိုးများ ရှိသည်။ ၎င်းနောက် (အသင်တို့သည် ကျွန်ုပ်မှာ လူသားတစ်ဦးဖြစ်ခြင်းကြောင့် ကျွန်ုပ် နဗီဖြစ်ခြင်းကို ငြင်းဆိုကြသည်။) ပမာဆိုရသော် စူရာဟ်အိဗ္ဗရာဟီမ်တွင် နူးဟ် ﷺ မျိုးနွယ်စုများနှင့် အားဒ်၊ စမူဒ်မျိုးနွယ်စုများအကြောင်း တင်ပြပြီးသည့်နောက်

قَالُوٓا اِنۡ اَنۡتُمۡ اِلَّا بَشَرٌ مِّثۡلُنَا

ဟူ၍ တင်ပြထားပေသည်။ ထို့နောက် 'စူရာဟ်ဖုဆ္ဆိလသ်' ၌ အားဒ်နှင့် စမူဒ်မျိုးနွယ်စုများ အကြောင်း တင်ပြပြီးသည့်နောက်

قَالُوْا لَوْ شَآءَ رَبُّنَا لَاَنْزَلَ مَلٰٓئِكَةً ـــ الخ

ဟူ၍ တင်ပြထားပေသည်။ သို့ရှိရာ အသင်တို့၏ အသျှင်မြတ်သည် အသင်တို့ကဲ့သို့သော လူသားမျိုးနွယ်ထဲမှ ပုဂ္ဂိုလ်တစ်ဦးကို အသင့်ထံ ဆုံးမဩဝါဒ မြွက်ကြားရန် စေလွှတ်လိုက်ခြင်းအပေါ် အလွန် အံ့သြနေကြပါသလော။ ထိုဩဝါဒစကားများမှ يٰقَوْمِ اعْبُدُوا اللّٰهَ မှ اَفَلَا تَتَّقُوْنَ အထိ ဖော်ပြပါအတိုင်း ဖြစ်ပေသည်။ သို့မှသာ ထိုပုဂ္ဂိုလ်သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'တော်များဖြင့် ခြောက်လှန့်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းအချက်သည် မည်သို့မျှ အံ့သြစရာကောင်းသည့်အချက် မဟုတ်ပေ။ လူသားဖြစ်ခြင်းနှင့် 'နဗူဝသ်'ရရှိခြင်းတွင် မည်သို့မျှ မဖြစ်နိုင်စရာမရှိ။ اَفَلَا تَتَّقُوْنَ ဖြင့် ခြောက်လှန့်ထားပြီး တစ်ဆက်တည်းမှာပင် နှိုးဆော်ထားပေသည်။ အို, မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အနေနှင့် ဤအခြေအနေများကို အမှတ်ရ၍ ကျေးဇူးတရားကို လက်ခံကြပြီး အမိန့်နာခံကြကုန်။ အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အား နူးဟ် عَلَيْهِ السَّلَامُ မျိုးနွယ်စုများနောက်ပိုင်း မြေပထဝီပေါ် ပေါက်ဖွားစေခဲ့ပြီး ကိုယ်ခန္ဓာအချိုးအစားကိုလည်း ပို၍ သန်မာထွားကြိုင်းကို ပေးသနားတော်မူခဲ့ပေသည်။ သို့ရှိရာ အလ္လာဟ် အသျှင်မြတ်၏ ထိုချီးမြှင့်ခြင်းများကို သတိရပြီး ကျေးဇူးတရားကို လက်ခံကာ အမိန့်နာခံကြကုန်။ သို့မှသာ အသင်တို့ အောင်မြင်မှုမျိုးစုံကို ရရှိကြမည်ဖြစ်သည်။ ထိုသူများက ပြောဆိုကြသည်မှာ 'အလ္လာဟ်တစ်ပါးတည်းကိုသာ ကိုးကွယ်စေရန်အတွက် အသင် ကျွန်ုပ်တို့ထံ လာရောက်ခဲ့ပါသလော။ ကျွန်ုပ်တို့၏ ဘိုး၊ ဘေးများကို ကိုးကွယ်ခဲ့ကြသော ရုပ်တုများကို စွန့်လွှတ်လိုက်ရမည်လော။' ဆိုလိုသည်မှာ ကျွန်ုပ်တို့ အနေနှင့် ထိုသို့ မပြုလုပ်နိုင်ပေ။ ကျွန်ုပ်တို့ ယင်းအချက်များကို လက်မခံနိုင်သည့်အတွက် افلا تتقون မှ သိရှိသည့်အတိုင်း ကျွန်ုပ်တို့အား ခြောက်လှန့်လျက်ရှိသော 'အဇားဗ်'များကို ကျွန်ုပ်တို့ထံ တောင်းခံပေးလော။ အကယ်၍ အသင် မှန်ကန်သည့်နဗီ ဖြစ်သည်ဆိုလျှင် တောင်းခံပေးရမည်။ ထိုအခါ ဟဇရသ်ဟူးဒ် عَلَيْهِ السَّلَامُ မှ မိန့်ဆိုသည်မှာ အသင်တို့၏ ဆိုးသွမ်းမှုသည် ဤအတိုင်းအတာထိ ရောက်ရှိသွားပြီးဖြစ်သည့်အတွက် ယခု အသင်တို့အပေါ် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ 'အဇားဗ်'နှင့် ဒေါသများ ကျရောက်လာရန်သာ လိုလားနေကြ၏။

သို့ရှိရာ 'အဇားဗ်'နှင့် စပ်လျဉ်းသော သံသယများ၏ အဖြေကို ထိုအချိန်၌ ရရှိသွားမည်ဖြစ်သည်။ ၄င်းနောက် 'သောင်ဟီးဒ်'အပေါ် ထားရှိသည့် သံသယများ၊ ၄င်းမှာ အသင်တို့အနေနှင့် ကိုးကွယ်ခံထိုက်သည့်အရာဟူ၍ ရုပ်တုများကို မှည့်ခေါ်နေကြသည်။ စင်စစ်အမှန် ထိုရုပ်တုများ ကိုးကွယ်ခြင်းခံထိုက်သည့် အရာ ဖြစ်သည်ဟူ၍ မည်သည့်အထောက်အထားမှ မရှိပေ။ အသင်တို့သည် ကျွန်ုပ်နှင့် ဤကဲ့သို့ အခြေအမြစ် မရှိသောအရာနှင့် ပတ်သက်ပြီး ပြဿနာလုပ်နေကြ၏။ အကြင်အရာများအား အသင်နှင့် အသင်တို့၏ ဘိုးဘေးများကိုယ်တိုင် သတ်မှတ်ထားသော အရာများသာ ဖြစ်ကြသည်။ သို့သော် ထိုအရာများမှာ ကိုးကွယ် ခံထိုက်သည်ဟူ၍ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ မည်သည့်အထောက်အထားမှ ပေးပို့ခဲ့ခြင်း မရှိပေ။ ဆိုလိုသည်မှာ ပြဿနာတစ်ခုဖြစ်လာလျှင် တရားလိုဘက်မှ အထောက်အထားတင်ပြရန် တာဝန်ရှိသကဲ့သို့

တစ်ဖက်မှ တင်ပြသော အထောက်အထား၏ အဖြေလည်း ရှိရမည်ဖြစ်သည်။ ယခု အသင်တို့အနေနှင့် အထောက်အထားလည်း မိမိဘက်မှ မပြနိုင်သကဲ့သို့ ငါအသျှင်မြတ်၏ အထောက်အထားအပေါ် အဖြေပေး နိုင်ခြင်းလည်း မရှိချေ။ သို့ရှိရာ သဘာဝမကျသည့် ပြဿနာမျိုးသာ ဖြစ်ချေသည်။ ယခု အသင်တို့ ပြဿနာများကို အဆုံးသတ်ပြီး အသျှင်မြတ်ဘက်မှ ကျရောက်လာမည့် 'အဇားဗ်' ကို စောင့်ဆိုင်းနေပါမည်။ အချုပ်ဆိုရသော် ငါအသျှင်မြတ်သည် ထိုနဗီနှင့် အပေါင်းအပါများကို ထို 'အဇားဗ်' (အီမာန်) ရှင်များကိုမှ မိမိ၏ မဟာကရုဏာတော်ဖြင့် ကယ်တင်တော်မူပြီး ထိုဖီဆန်သူများကို အမြစ်မှ လှန်ထုတ်တော်မူမည်။ ဆိုလိုသည်မှာ လုံးဝ ဖျက်ဆီးပစ်လိုက်၏။ ငါအသျှင်မြတ်၏ အာယသ်တော်များကို လိမ်ညာသောသူများသည် အီမာန်ယူလာကြမည့်သူများ မဟုတ်ပေ။ ဆိုလိုသည်မှာ မပျက်စီးလျှင်လည်း ၎င်းတို့အနေနှင့် အီမာန် ယူလာကြမည်မဟုတ်ကြပေ။ ထို့ကြောင့် ငါအသျှင်မြတ်သည် ဆင်ခြင်တုံတရားအရ ဖျက်ဆီးပစ်လိုက်၏။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အားဒ်နှင့် စမူဒ်၏ သမိုင်းအကျဉ်းချုပ်များ

အားဒ်ဆိုသည်မှာ ကေန်အမှန် ပုဂ္ဂိုလ်တစ်ဦး၏ အမည်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်သည် တမန်တော် နူးဟ် ﷺ ၏ မျိုးဆက်ငါးဆက်မြောက်ဖြစ်ပြီး တမန်တော်နူးဟ် ﷺ ၏ သား 'စာမ်'၏ သားစဉ် မြေးဆက်ထဲမှ ဖြစ်သည်။ တစ်ဖန် ထိုပုဂ္ဂိုလ်၏ သားသမီးများနှင့် မျိုးနွယ်စုအားလုံးသည် အာဒ်အမည်နှင့် ကျော်ကြားခဲ့သည်။ ကျမ်းတော်မြတ်တွင် အာဒ်စာလုံးနှင့်အတူ အချို့နေရာများတွင် عاد اُولى ဟူ၍လည်း ကောင်း၊ အချို့နေရာများတွင် اِرَمَ ذَاتِ الْعِمَادْ ဟူ၍လည်းကောင်း တင်ပြထားပေသည်။ ယင်းအချက်မှ သိရှိရသည်မှာ အားဒ်မျိုးနွယ်စုကို اِرَمْ ဟူ၍လည်း ခေါ်ဆိုပေသည်။ ၎င်းနောက် عادِاُولى နှင့်ယှဉ်လျက် عادثانِيه ဟူ၍လည်း ခေါ်ဆိုပေသည်။ ယင်းအချက်အား အသေးစိတ် လေ့လာသုံးသပ်ရာတွင် အကျယ်ဖွင့် ဆိုသူများနှင့် သမိုင်းပညာရှင်များအကြား အဆိုကွဲလွဲချက် ရှိသည်။ အကျော်ကြားဆုံးအဆိုမှာ အားဒ်၏ ဒါဒါအမည်မှာ اِرَمْ ဖြစ်ပေသည်။ ၎င်း၏သားဖြစ်သူ အောင်ဆ်၏ သားသမီးထဲ၌ အားဒ်လည်း တစ်ဦးအပါ အဝင်ဖြစ်သည်။ ဤသည်ကိုပင် عادِاُولى ဟူ၍ ခေါ်ဆိုပေသည်။ ဒုတိယသားဖြစ်သူ ဂျစ္စ၏သားမှာ စမူဒ်ဖြစ်သည်။ ၎င်းအား عادثانى ဟူ၍ ခေါ်ဆိုပေသည်။ عادِاولى ဆိုသည်မှာ ပထမမွိအာဒ်ဖြစ်ပြီး عادثانى ဆို သည်မှာ ဒုတိယမွိအားဒ်ဖြစ်သည်။ ထိုသုံးသပ်ချက်မှ သိရှိရသည်မှာ အားဒ်နှင့် စမူဒ်သည် اِرَم ၏ အနွယ်အပွားနှစ်ဦးဖြစ်သည်။ တစ်ဦးကို عاداُولى ဟု ခေါ်ပြီး ကျန်တစ်ဦးကို عادثانِيه (သို့) စမူဒ်ဟု ခေါ်ဆိုပေသည်။ ၎င်းနောက် اِرَم စာလုံးသည် အားဒ်နှင့် စမူဒ်နှစ်ခုစလုံးနှင့် ပတ်သက်ပေသည်။

အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုကြသည်မှာ အာဒ်မျိုးနွယ်စုအပေါ် 'အဇားဗ်' ကျရောက်လာသော အခါ ၎င်းတို့ထဲမှ အုပ်စုတစ်စုသည် မက္ကာဟ်မြို့သို့ ခရီးထွက်လျက်ရှိသည်။ ယင်းအုပ်စုသည် 'အဇားဗ်' မှ လွတ်မြောက်မှုရရှိခဲ့သည်။ ၎င်းအုပ်စုကို عادِاُخْرٰی ဟူ၍ ခေါ်ဆိုပေသည်။

၎င်းနောက် ဟူးဒ် عليه السلام သည် နဗီတစ်ဦး၏အမည်ဖြစ်သည်။ ၎င်းနဗီလည်း တမန်တော်နူးဟ် عليه السلام ၏ မျိုးဆက်ငါးဆက်မြောက် စာမ်၏ သားသမီးများထဲမှ ဖြစ်ပေသည်။ အာဒ်မျိုးနွယ်စုနှင့် တမန်တော် ဟူးဒ် عليه السلام ၏ မျိုးရိုးစဉ်ဆက် လေးဆက်မြောက်တွင် စာမ်နှင့် လာစုသွားသည့်အတွက် တမန်တော် ဟူးဒ် عليه السلام သည် အာဒ်နှင့် မျိုးဆက်ညီနောင်များ ဖြစ်ကြသည်။ ထို့ကြောင့် اَخَاهُمْ هُوْدًا ဟူ၍ မိန့်တော်မူထားပေသည်။ အားဒ်မျိုးနွယ်စုများသည် (၁၃) ဆက် ရှိခဲ့သည်။ အိုမာန်နိုင်ငံမှ ယမန်နိုင်ငံအထိ ၎င်းတို့၏ ရွာများပင်ဖြစ်သည်။ ၎င်းတို့၏ မြေပထဝီမှာ အလွန်စိမ်းလန်းစိုပြည်ပြီး ဥယျာဉ်ခြံအမျိုးမျိုး ပေါက်ရောက်ပေသည်။ နေထိုင်ရန်အတွက် အလွန်ထည်ဝါသော တိုက်တာအဆောက်အအုံများ ဆောက်လုပ်ကြသည်။ ကိုယ်ခန္ဓာထွားကြိုင်းပြီး အလွန်အရပ်အမောင်းကောင်းသောသူများ ဖြစ်ကြသည်။ ဖော်ပြပါ အာယသ်တော်တွင်

زَادَكُمْ فِى الْخَلْقِ بَصْطَةً

၏ အလိုသဘောမှာ ထိုအတိုင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လောကီ၏ စည်းစိမ် ဟူသမျှသော တံခါးများကို ၎င်းတို့အတွက် ဖွင့်ပေးတော်မူခဲ့သည်။ သို့သော် ၎င်းတို့၏ စရိုက်ဆိုးများကြောင့် ထိုစည်းစိမ်များသည် ယင်းသူများအတွက် အသက်အန္တရာယ် ဖြစ်စေခဲ့ပေသည်။ မိမိတို့၏ စွမ်းအားနှင့် ဂုဏ်အရှိန်အဝါအပေါ် ယစ်မူးကာ

مَنْ اَشَدُّ مِنَّا قُوَّةً

(ကျွန်ုပ်တို့ထက် စွမ်းအားရှိသူ မည်သူရှိပါမည်နည်း) ဟူ၍ ပြောဆိုလာကြသည်။ ၎င်းတို့အပေါ် စည်းစိမ်မိုးများ ရွာသွန်းစေခဲ့သော်လည်း အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ ရုပ်တုကိုးကွယ်ခြင်း၌ နစ်မွန်းသွားခဲ့ကြပေသည်။

တမန်တော်ဟူးဒ် عليه السلام ၏ မျိုးရိုးစဉ်ဆက်နှင့် အချို့အခြေအနေများ

အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လမ်းမှန်ပေါ် ရရှိစေရန်အတွက် တမန်တော်ဟူးဒ် عليه السلام ကို နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ ယင်းနဗီသည် ၎င်းတို့၏ မျိုးနွယ်စုများထဲမှပင် ဖြစ်သည်။ အာရဗီ မျိုးနွယ်ဆက်နှင့်ပတ်သက်၍ အလွန်ကျွမ်းကျင်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အဗူလ်ဗရကားသ်မှ ရေးသားထားသည်မှာ ဟူးဒ် عليه السلام ၏ သားတော် ယအ်ရုဗ်အိဗ်နေကဟ်သွာန်သည် ယမန်နိုင်ငံသို့ သွား ရောက်နေထိုင်ခဲ့သည်။ ယမန်မျိုးနွယ်စုများသည် ထိုသားတော်၏ မျိုးဆက်မှဖြစ်သည်။ အာရဗီစကားသည်

ထိုမျိုးနွယ်စုများမှ စခဲ့ခြင်းဖြစ်ပေသည်။ ၎င်းနောက် يعرب ၏ ဆက်စပ်မှုဖြင့် ယင်းစကား၏ အမည်ကို အာရဗီဟု ခေါ်ဆိုပြီး ပြောဆိုသူကို အာရဗ်ဟူ၍ ခေါ်ဆိုကြပေသည်။

သို့သော် အမှန်ကန်ဆုံးမှာ အာရဗီစကားသည် တမန်တော်နူးဟ် ﷺ ခေတ်မှ စခဲ့ပေသည်။ တမန်တော်နူးဟ် ﷺ ၏ လှေကြီးပေါ်တွင် 'ဂျုရ်ဟူမ်'မည်သော မိတ်ဆွေတစ်ဦးလည်း ပါရှိခဲ့သည်။ ယင်းပုဂ္ဂိုလ်သည် အာရဗီစကားပြောဆိုသူဖြစ်သည်။ ၎င်းနောက် ထိုဂျုရ်ဟူမ်မည်သော ပုဂ္ဂိုလ်မှ မက္ကာဟ်မြို့၏ သာယာဝပြောမှုကို စတင်ခဲ့ပေသည်။ သို့သော် ဖြစ်နိုင်ချေရှိသည်မှာ ယမန်နိုင်ငံတွင် အာရဗီစကား၏ အစသည် ယအ်ရုဗ် အိဗ်နေ ကဟ်သွာန်မှ စခဲ့ခြင်းဖြစ်မည်။ အဗူလ်ဖရကာအ်သ်၏ သုံးသပ်ချက်အလိုသဘောမှာလည်း ယင်းအတိုင်းပင် ဖြစ်သည်။

တမန်တော်ဟူးဒ် ﷺ သည် အာဒ်မျိုးနွယ်စုများကို ရုပ်တုကိုးကွယ်ခြင်းအား စွန့်လွှတ်ပြီး 'သောင်ဟီးဒ်'အား ရွေးချယ်ရန်သော်လည်းကောင်း၊ မတရားမှုများကို စွန့်လွှတ်၍ တရားမျှတမှုကို ဆုပ်ကိုင်ရန် တိုက်တွန်းနှိုးဆော်တော်မူခဲ့၏။ သို့သော် ၎င်းတို့သည် မိမိတို့၏ စည်းစိမ်ဥစ္စာ ပစ္စည်းများနှင့် စွမ်းအားအပေါ် ယစ်မူးနေကြသည်။ နဗီ၏ စကားကို လက်မခံသည့်အခုံး ၎င်းတို့အပေါ် ပထမဦးဆုံး ကျရောက်လာသော 'အဇားဗ်'ပြစ်ဒဏ်မှာ သုံးနှစ်ဆက်တိုက် မိုးရွာသွန်းမှု ပြတ်တောက်ခဲ့၏။ ၎င်းတို့၏ မြေကြီးများသည် ထိုသို့ မိုးခေါင်ရေရှားဖြစ်သည့်အတွက် သဲကန္တာရဖြစ်ရှိသွားပြီး ဥယျာဉ်များ လောင်ကျွမ်းသွား၏။ သို့သော် ယင်းသို့ ပြစ်ဒဏ်ကျရောက်ခဲ့သော်ငြားလည်း ၎င်းတို့သည် တုပနှိုင်းယှဉ်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းအား မစွန့်လွှတ်ကြပေ။ ထို့ကြောင့် ရှစ်ရက် ခုနစ်ညတိတိ ၎င်းတို့အပေါ် အလွန်ပြင်းထန်သည့် မုန်တိုင်းကျရောက်ခဲ့သည်။ ယင်းသို့ မုန်တိုင်းကျရောက်ခြင်းကြောင့် ၎င်းတို့၏ ဥယျာဉ်များနှင့် တိုက်တာအဆောက်အအုံများ ပျက်စီးသွား၏။ လူများနှင့် တိရစ္ဆာန်များသည် လေတွင် လွင့်ပါးသွားပြီး မြေပေါ်သို့ ခေါင်းနှင့် ကျကာ ပျက်စီးသွားခဲ့၏။ ဖော်ပြပါ အာယသ်တော်၌ တင်ပြမိန့်တော်မူထားသည်မှာ–

وَقَطَعْنَا دَابِرَ الَّذِيْنَ كَذَّبُوْا

အလိုသဘောမှာ ငါအသျှင်မြတ်သည် လိမ်လည်ပြောဆိုသော မျိုးဆက်ကို ဖြတ်တောက်လိုက်ပြီး ဖြစ်သည်။ ယင်း၏ အလိုသဘောအား အချို့ပညာရှင်များက မှတ်ယူကြသည်မှာ ထိုအချိန်က ရှိနေသမျှသော သူများကို ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အချို့ပညာရှင်များက ထိုဝါကျ၏ အဓိပ္ပာယ်ကို ဤသို့ မှတ်ယူကြသည်။ ၎င်းမှာ နောင်အနာဂတ်အတွက်လည်း အာဒ်မျိုးနွယ်ဆက်များကို အလ္လာဟ်အသျှင်မြတ်မှ ဖြတ်တောက်တော်မူလိုက်ခြင်း ဖြစ်သည်။

တမန်တော်ဟူးဒ် ﷺ ၏ မိန့်ကြားချက်ကို လက်မခံဘဲ ဖီဆန်ခြင်းနှင့် တုပနှိုင်းယှဉ်ခြင်း၌ နစ်မွန်းလျက်ရှိသည့်အတွက် ၎င်းတို့၏ မျိုးနွယ်စုများအပေါ် ပြစ်ဒဏ်များ ကျရောက်လာသောအခါ တမန်တော်ဟူးဒ် ﷺ နှင့် ယင်း၏ အခွေတော်များသည် စည်းဝိုင်းတစ်ခုတွင်း ခိုလှုံမှုကို ရယူခဲ့ကြသည်။ အံ့သြစရာ

ကောင်းသည့်အချက်မှာ ထိုမုန်တိုင်း တိုက်ခတ်ခြင်းကြောင့် ကြီးမားလှသော အဆောက်အဦးများ ပျက်စီးလျက်ရှိသည်။ သို့သော် ထိုစည်းဝိုင်းအတွင်း၌ အလွန်မျှတသည့်လေသာ တိုက်ခတ်လျက်ရှိသည်။ တမန်တော်ဟူးဒ် عليه السلام ၏ အခွေတော်များအားလုံး ပြစ်ဒဏ်ကျရောက်နေသည့် အချိန်မှာလည်း ထိုစည်းဝိုင်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိနေသည်။ ၎င်းတို့အား မည်သည့်အခက်အခဲမှ ရောက်ရှိခဲ့ခြင်းမရှိပေ။ မျိုးနွယ်စုများ ပျက်စီးသွားပြီးနောက် မက္ကာဟ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး ယင်းနေရာ၌ပင် ကွယ်လွန်သွားကြသည်။

အာဒ်မျိုးနွယ်စုအပေါ် မုန်တိုင်းအသွင်နှင့် ပြစ်ဒဏ်ကျရောက်ခဲ့သည့် ပုံစံကို ကျမ်းတော်မြတ်တွင် အတိအလင်း ဖော်ပြထားပေသည်။ ၎င်းနောက် 'စူရာဟ်မုအ်မေနူးန်' တွင် တမန်တော်နူးဟ် عليه السلام ၏ ဖြစ်စဉ်ကို တင်ပြပြီးသည့်နောက် မိန့်တော်မူထားသည်မှာ-

ثُمَّ اَنْشَاْ نَا مِنْ بَعْدِهِمْ قَرْنًا اٰخَرِيْنَ

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထို့နောက်ပိုင်းတွင် နောက်အုပ်စုတစ်စုကို ဖန်ဆင်းတော်မူခဲ့သည်။ ထိုအုပ်စု၏ အလိုသဘောမှာ အားဒ်မျိုးနွယ်စုဖြစ်သည်မှာ ပေါ်လွင်ပေသည်။ တစ်ဖန် ထိုအုပ်စု၏ ကျင့်ကြံမှုများနှင့် ပြောဆိုမှုများကို တင်ပြပြီးသည့်နောက် မိန့်တော်မူသည်မှာ-

فَاَخَذَ تْهُمُ الصَّيْحَةُ بِالْحَقِّ

အလိုသဘောမှာ ပြင်းထန်သော အသံတစ်သံသည် ၎င်းတို့အား ဖမ်းယူလိုက်သည်။ ယင်းမိန့်ကြားချက်အပေါ် မူတည်၍ အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုကြသည်မှာ အာဒ်မျိုးနွယ်စုအပေါ် အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် အသံတစ်သံအား ပြစ်ဒဏ်အဖြစ် လွှမ်းမိုးစေခဲ့သည်။ သို့သော် ထိုမိန့်ကြားချက်နှစ်ချက်တွင် မည်သို့မှ ဆန့်ကျင်ဘက်မရှိပေ။ အကြောင်းမူကား ပြင်းထန်သည့် အသံထွက်ပေါ်လာပြီး မုန်တိုင်းကျရောက်ခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

ဤသည် အာဒ်မျိုးနွယ်များနှင့် တမန်တော်ဟူးဒ် عليه السلام ၏ ဖြစ်စဉ်အကျဉ်းချုပ် ဖြစ်သည်။ ကျမ်းတော်မြတ်၏ ဝါကျများတွင် ယင်းနှင့်စပ်လျဉ်းသည့် အကျယ်တဝင့်ကို ဤသို့ တင်ပြထားပေသည်။ ပထမအာယသ်တော်တွင်

وَاِلٰى عَادٍ اَخَاهُمْ هُوْدًا قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَالَكُمْ مِنْ اِلٰهٍ غَيْرُهٗ اَفَلَا تَتَّقُوْنَ

အလိုသဘောမှာ ငါအသျှင်မြတ်သည် အာဒ်မျိုးနွယ်များထံသို့ ၎င်းတို့၏ ညီနောင်တစ်ဦးဖြစ်သူ တမန်တော်ဟူးဒ် عليه السلام ကို လမ်းမှန်တရား ရစေရန်အတွက် စေလွှတ်သောအခါ ၎င်းနဗီမှ မိန့်ကြားသည်မှာ 'အို၊ ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြကုန်။ ထိုအသျှင်မြတ်မှအပ မည်သူမှ အသင်တို့၏ ကိုးကွယ်ခံထိုက်သူဟူ၍ မရှိ။ အသင်တို့ အဘယ်ကြောင့် မကြောက်ကြပါသနည်း။

အားဒ်မျိုးနွယ်အလျှင် တမန်တော်နူးဟ် عليه السلام ၏ မျိုးနွယ်စုအပေါ် ကြီးမားသော 'အဇာဗ်' ကျရောက်ခဲ့သည်ကို ယခုအချိန်အထိ လူများ၏ အတွေးမှ ပျောက်ကွယ်သွားခြင်း မရှိသေးပေ။ ထို့ကြောင့် တမန်တော်ဟူးဒ် عليه السلام အနေနှင့် 'အဇာဒ်'၏ ပြင်းထန်မှုနှင့် ကြီးမားခြင်းကို တင်ပြရန် မလိုအပ်ခဲ့ပေ။ ဤအတွက်ကြောင့် အသင်တို့အနေနှင့် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်များကို မကြောက်ရွံ့ကြပါသနည်းဟူ၍သာ မိန့်ကြားခြင်းကို လုံလောက်သည်ဟု မှတ်ယူခဲ့သည်။

ဒုတိယအာယသ်တော်တွင်

قَالَ الْمَلَأُ الَّذِينَ كَفَرُوا مِن قَوْمِهِ
إِنَّا لَنَرَاكَ فِي سَفَاهَةٍ وَإِنَّا لَنَظُنُّكَ مِنَ الْكَاذِبِينَ

အလိုသဘောမှာ မျိုးနွယ်၏ ခေါင်းဆောင်များမှ ပြောဆိုကြသည်မှာ ကျွန်ုပ်တို့အနေနှင့် အသင်သည် အသိဉာဏ်မဲ့ခြင်း၌ နစ်မွန်းနေသည်ဟု ယူဆပေသည်။ အသင် လိမ်ညာပြောဆိုသူဟူ၍လည်း ကျွန်ုပ်တို့ ထင်မြင်ယူဆပေသည်။ ယင်းသို့ ပြောဆိုခြင်းသည် တမန်တော်နူးဟ် عليه السلام ၏ မျိုးနွယ်စုများသည် တမန်တော်နူးဟ် عليه السلام အား ပြောဆိုခဲ့သည့်အတိုင်းပင် ဖြစ်သည်။ အချို့ဝါကျများသာ ခြားနားချက်ရှိသည်။ တတိယနှင့် စတုတ္ထအာယသ်တော်တွင် ထိုပြောဆိုချက်များကို တမန်တော်နူးဟ် عليه السلام ဖြေကြားခဲ့သည့်ပုံစံအတိုင်း ဖြေကြားထားပေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တော်မျိုး၌ အသိဉာဏ်မဲ့ခြင်းဟူ၍ အလျဉ်းမရှိပေ။ ပြောဆိုလိုသည့် အချက်မှာ ဤမျှသာ ဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ရစူလ်အဖြစ် စေလွှတ်ခြင်းခံခဲ့ရပြီး ထိုအသျှင်မြတ်၏ နှုတ်ကပါဌ်တော်များကို အသင်တို့ထံသို့ ပို့ပေးသူဖြစ်ပေသည်။ ကျွန်ုပ်အနေနှင့်လည်း အသင်တို့အတွက် ကောင်းခြင်းတရားများကိုသာ လိုလားပါ၏။ ထို့ကြောင့် အသင်တို့၏ ဘိုးဘွားများ လျှောက်လှမ်းခဲ့ကြသော မှားယွင်းသည့် လမ်းများအပေါ် အသင်တို့နှင့်အတူ လျှောက်လှမ်းရမည့်အစား ကျွန်ုပ်သည် အသင်တို့၏ စိတ်နေသဘောထားနှင့် ဆန့်ကျင်သော မှန်ကန်သည့် စကားကို အသင်တို့ထံ ပို့ဆောင်ပေးနေ၏။ ယင်းစကားများကို အသင်တို့ မနှစ်သက်ကြချေ။

ပဉ္စမမြောက်အာယသ်တော်တွင် အားဒ်မျိုးနွယ်၏ ထိုစောဒကများအကြောင်းကိုပင် တင်ပြထားပေသည်။ ၎င်းတို့ထက်အလျှင် တမန်တော်နူးဟ် عليه السلام ၏ မျိုးနွယ်စုများသည် အဆိုအတိုင်း စောဒများတက်ခဲ့ကြပေသည်။ ၎င်းမှာ ကျွန်ုပ်တို့အနေနှင့် မိမိကဲ့သို့သော လူသားတစ်ဦးကို မိမိတို့၏ ရှေ့ဆောင်အဖြစ်မည်သို့ လက်ခံရမည်နည်း။ ဖရစ်ရှ်သာဟ်ဖြစ်လျှင် လက်ခံနိုင်စရာ ရှိသေးသည်။ ယင်းစောဒက၏ အဖြေကို ကျမ်းတော်မြတ်တွင် တမန်တော်နူးဟ် عليه السلام ဖြေကြားခဲ့သည့်အတိုင်း တင်ပြထားပေသည်။ ၎င်းမှာ လူများကို ခြောက်လှန့်ရန်အတွက် အလ္လာဟ်အသျှင်မြတ်ထံမှ လူသားတစ်ဦးကို ရစူလ်အဖြစ် စေလွှတ်လိုက်ခြင်းသည် အံ့သြစရာအချက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကေန်စင်စစ်မှာလည်း လူသားကို နားလည်သဘောပေါက်အောင် ပြောဆိုရန်အတွက် လူသားထဲမှ နဗီဖြစ်ခြင်းသည် ပို၍ ထိရောက်စေပါသည်။

ထို့နောက် ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ချီးမြှင့်ထားသော စည်းစိမ်များကို သတိပေးမိန့်ကြားတော်မူထားသည်မှာ-

وَاذْكُرُوا إِذْ جَعَلَكُمْ خُلَفَاءَ مِنْ بَعْدِ قَوْمِ نُوحٍ وَزَادَكُمْ
فِي الْخَلْقِ بَصْطَةً فَاذْكُرُوا آلَاءَ اللَّهِ لَعَلَّكُمْ تُفْلِحُونَ

ဆိုလိုသည်မှာ တမန်တော်နူးဟ် ﷺ ၏ မျိုးဆက်နောက်ပိုင်း အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို မြေပိုင်ရှင်နှင့် သုံးစွဲပိုင်ခွင့် ချီးမြှင့်ခဲ့သည်ကို သတိရကြကုန်။ ၎င်းနောက် ကိုယ်ခန္ဓာထွားကြိုင်းခြင်းဖြင့်လည်း သာပို၍ ချီးမြှင့်ထားတော်မူခဲ့သည်။ ထိုအသျှင်မြတ်၏ ချီးမြှင့်ထားခဲ့သည်များကို သတိရကြမည်ဆိုလျှင် အသင်တို့အတွက် ကောင်းကျိုးရှိမည်ဖြစ်သည်။

သို့သော် ထိုဆိုးသွမ်းသည့် မျိုးနွယ်စုသည် မည်သည့်စကားတစ်ခွန်းကိုမျှ နားမထောင်ခဲ့ကြချေ။ များသောအားဖြင့် လမ်းမှားသူများ ဖြေကြားပြောဆိုသည့်အတိုင်း ၎င်းတို့လည်း ပြောဆိုကြသည်။ ၎င်းမှာ ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့၏ မိဘ၊ ဘိုး၊ ဘေးများ၏ လမ်းစဉ်အား အသင့်အနေနှင့် စွန့်လွှတ်စေပါသလော။ ထို့နောက် ရှိသမျှအကိုးကွယ်ခံများကို စွန့်လွှတ်၍ တစ်ပါးတည်းအသျှင် အလ္လာဟ်ကိုသာ လက်ခံကိုးကွယ်ရမည်လော။ ဤသည် ကျွန်ုပ်တို့နှင့် ဖြစ်မည်မဟုတ်ပေ။ အသင်သည် ကျွန်ုပ်တို့အား ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်လျက်ရှိသည်။ အကယ်၍ အသင်ရစူလ်ဖြစ်ကြောင်း မှန်ကန်သည်ဆိုလျှင် ထို 'အဇားဗ်' ကို ခေါ်ယူပြသစေလိုပေသည်။

ဆဋ္ဌမမြောက်အာယသ်တော်တွင် တမန်တော်ဟူးဒ် ﷺ မှ ဖြေကြားထားသည်မှာ အသင်တို့အနေနှင့် ဤမျှလောက် သတိလက်လွတ် ဆိုးသွမ်းနေကြသည့်အတွက် ယခု အသင်တို့အပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ပြစ်ဒဏ်ကျရောက်လာပေမည်။ အသင်တို့ ထိုပြစ်ဒဏ်များကို စောင့်စားကြကုန်။ ကျွန်ုပ်လည်း စောင့်ကြည့်နေမည်ဖြစ်သည်။ မျိုးနွယ်စုများ၏ ထိုမျှ ဆိုးသွမ်းလှသည့် ဖြေကြားချက်အပေါ် 'အဇားဗ်' ကျရောက်မည့်သတင်းကို ပေးခဲ့ပေသည်။ သို့သော် ထိုသို့ ပြောဆိုနေခိုက် နဗီတို့၌ရှိသော ကရုဏာစိတ်ကြောင့် ဤသို့လည်း မိန့်ဆိုတော်မူ၏။ ဝမ်းနည်းစရာကောင်းသည်မှာ အသင်တို့သည် မိမိတို့၏ ဘိုး၊ ဘေးများ အသိဉာဏ်မဲ့စွာဖြင့် အသက်မဲ့အရာများကို ကိုးကွယ်ခဲ့ကသည်။ ယင်းအရာများကို ကိုးကွယ်ရာ၌ မည်သည့်အထောက်အထားမျှလည်း မရှိပေ။ ၎င်းနောက် အသင်တို့သည်လည်း ထိုအရာများကို အခိုင်အမာ ကိုးကွယ်ခဲ့ကြသည်။ ဘိုးဘေးများနောက် လိုက်ပြီး ကျွန်ုပ်အား ပြဿနာရှာနေကြခြင်းပင် ဖြစ်သည်။

နောက်ဆုံးအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ တမန်တော်ဟူးဒ် ﷺ ၏ ကြိုးပမ်းမှုဟူသမျှ အားလုံးနှင့် မျိုးနွယ်စုများ၏ ဆိုးသွမ်းမှု၏ နောက်ဆုံးရလဒ်မှာ ငါအသျှင်မြတ်သည် တမန်တော်ဟူးဒ် ﷺ နှင့် ၎င်းအပေါ် အီမာန်ယူလာကြသောသူများကို 'အဇားဗ်' မှ ခိုလှုံခွင့်ကို ပေးသနားတော်မူပြီး လိမ်ညာသောသူများကို အမြစ်မှ လှန်ထုတ်လိုက်သည်။ ယင်းတို့သည် အီမာန်ယူလာမည့်လူများ မဟုတ်ကြပေ။

ထိုဖြစ်စဉ်တွင် မေ့လျော့နေကြသော လူသားများကို အလ္လာဟ်အသျှင်မြတ်အား သတိရစေရန်နှင့် အမိန့်နာခံရန် လမ်းညွှန်ထားပြီး ဖီဆန်သူများအတွက် သံဝေဂတရားရဖွယ်ရာ ဖြစ်သည်။ ၎င်းနောက် သာသနာရေးကြိုးပမ်းသူများအတွက် နဗီများ၏ လမ်းစဉ်ပေါ် လိုက်နာကျင့်သုံးရန် သင်ပြထားခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇

وَإِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا ۗ قَالَ يَٰقَوْمِ ٱعْبُدُوا۟ ٱللَّهَ مَا
لَكُم مِّنْ إِلَٰهٍ غَيْرُهُۥ ۖ قَدْ جَآءَتْكُم بَيِّنَةٌ مِّن رَّبِّكُمْ ۖ
هَٰذِهِۦ نَاقَةُ ٱللَّهِ لَكُمْ ءَايَةً ۖ فَذَرُوهَا تَأْكُلْ فِىٓ
أَرْضِ ٱللَّهِ ۖ وَلَا تَمَسُّوهَا بِسُوٓءٍ فَيَأْخُذَكُمْ عَذَابٌ أَلِيمٌ ﴿٧٣﴾

၇ : ၇၃ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) ဆမူဒ်အမျိုးသားတို့ထံသို့ ၎င်းတို့၏ ညီအစ်ကိုသားချင်းဖြစ်သော (နဗီတမန်တော်) ဆွာလိဟ်အား (စေလွှတ်တော်မူခဲ့လေသည်။) ထိုအခါ ယင်း (နဗီတမန်တော်) ဆွာလိဟ်က (မိမိအမျိုးသားတို့အား) 'အို, ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ် (တစ်ဆူတည်း) ကိုသာလျှင် ခဝပ်ကိုးကွယ်ဆည်းကပ်ကြလေကုန်။ (စင်စစ်) အသင်တို့၌ ထိုအသျှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ရာဟူ၍ အလျှဉ်းမရှိပေ။ ဧကန်စင်စစ် အသင်တို့ထံသို့ အသင်တို့၏ အသျှင်မြတ်ထံတော်မှ ထင်ရှားလှစွာသော သက်သေသာဓကသည် ရောက်ရှိခဲ့ချေပြီ။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မပင် ဖြစ်သည်။ (ဤသည်) အသင်တို့အဖို့ သက်သေသာဓကတစ်ရပ်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းကုလားအုတ်မကို အလ္လာဟ်အသျှင်မြတ်၏ ပထဝီမြေပြင်ပေါ်ဝယ် (လွတ်လပ်စွာသွားလာ) စားသောက်နိုင်ရန် လွှတ်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုကုလားအုတ်မကို မကောင်းသော စေတနာနှင့် ထွေ့ခြင်း မပြုကြလေနှင့်။ သို့မဟုတ်လျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီးကွပ်မျက်ပေလိမ့်မည်' ဟု ပြောကြား (ဆုံးမ) ခဲ့လေသည်။

وَٱذْكُرُوٓا۟ إِذْ جَعَلَكُمْ خُلَفَآءَ مِنۢ بَعْدِ عَادٍ وَبَوَّأَكُمْ
فِى ٱلْأَرْضِ تَتَّخِذُونَ مِن سُهُولِهَا قُصُورًا وَتَنْحِتُونَ
ٱلْجِبَالَ بُيُوتًا ۖ فَٱذْكُرُوٓا۟ ءَالَآءَ ٱللَّهِ وَلَا تَعْثَوْا۟ فِى ٱلْأَرْضِ
مُفْسِدِينَ ﴿٧٤﴾

၇ : ၇၄ ။ ။ ၎င်းပြင် (အို, ဆမူဒ် အမျိုးသားအပေါင်းတို့) အသင်တို့သည် မိမိတို့အား အသျှင်မြတ်က အားဒ်အမျိုးသားများ မရှိသည့်နောက်တွင် ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့သည်ကိုလည်းကောင်း၊ မိမိတို့အား ပထဝီမြေပေါ်ဝယ် နေရာချပေးတော်မူခဲ့သည်ကိုလည်းကောင်း ပြန်လည်သတိရကြလေကုန်။ အသင်တို့သည် ယင်းပထဝီမြေပြင်၏ နူးညံ့သော

နေရာများတွင် ခမ်းနားထည်ဝါ (စည်ကား) သိုက်မြိုက်သော အဆောက်အဦးများကို တည်ဆောက်ကြကုန်သည်။ ၎င်းပြင် အသင်တို့သည် တောင်များကို ဖောက်တွင်း၍ နေအိမ်များ ဆောက်လုပ်ကြကုန်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော်များကို ပြန်လည်၍ သတိရကြလေကုန်။ ၎င်းပြင် အသင်တို့သည် ပထဝီမြေပြင်ပေါ်ဝယ် ဖျက်ဆီး သောင်းကျန်းသူများအဖြစ် မဆိုးသွမ်းကြလေနှင့်။

قَالَ الْمَلَأُ الَّذِينَ اسْتَكْبَرُوا مِن قَوْمِهِ
لِلَّذِينَ اسْتُضْعِفُوا لِمَنْ آمَنَ مِنْهُمْ أَتَعْلَمُونَ أَنَّ صَالِحًا
مُّرْسَلٌ مِّن رَّبِّهِ ۚ قَالُوا إِنَّا بِمَا أُرْسِلَ بِهِ مُؤْمِنُونَ ﴿٧٥﴾

၇ : ၇၅ ။ ။ ထိုအခါ ၎င်း (နဗီတမန်တော် ဆွာလိဟ်) ၏ အမျိုးသားတို့အနက် မာန်မာနထောင်လွှားကြကုန်သော အကြီးအကဲတို့သည် မိမိတို့အနက်မှ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်သော အားအင်နည်းသူတို့အား 'အသင်တို့သည် (နဗီ) ဆွာလိဟ်အား ၎င်း၏ အသျှင်မြတ်ထံတော်မှ စေလွှတ်တော်မူသော ရစူလ်တမန်တော် ဖြစ်သည်ဟူ၍ (သေချာယုံကြည်စွာ) သိရှိကြပါသလော' ဟူ၍ ပြောဆို (မေးမြန်း) ခဲ့ကြကုန်သည်။ ထိုအခါ ၎င်းသက်ဝင်ယုံကြည်သူတို့က 'စင်စစ် ကျွန်ုပ်တို့သည် ထို (ရစူလ်တမန်တော်) ဆွာလိဟ်ယူဆောင်လာခဲ့သော အမိန့်တော်များကို သက်ဝင်ယုံကြည်သူများပင် ဖြစ်ကြပါသည်' ဟူ၍ ပြောဆို (ဖြေကြား) ခဲ့လေသည်။

قَالَ الَّذِينَ اسْتَكْبَرُوا إِنَّا بِالَّذِي آمَنتُم بِهِ كَافِرُونَ ﴿٧٦﴾

၇ : ၇၆ ။ ။ (ထိုအခါ) မာန်မာန ထောင်လွှားသူတို့က 'မုချစင်စစ် ငါတို့သည် အသင်တို့ ယုံကြည်ခဲ့ကြသည့် အရာများကို ငြင်းပယ်သူများပင် ဖြစ်ကြသည်' ဟူ၍ ပြောဆိုခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ငါအသျှင်မြတ်သည် ဆမူဒ်မျိုးနွယ်စုများထံသို့ ၎င်းတို့၏ ညီနောင်တစ်ဦးဖြစ်သူ တမန်တော် ဆွာလိဟ် (عليه السلام) ကို နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ ၎င်းနဗီသည် မိမိမျိုးနွယ်စုများအား မိန့်ကြားသည်မှာ ဒိမိ ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ကြကုန်။ ထိုအသျှင်မြတ်မှအပ အခြားကိုးကွယ်ခံထိုက်သူဟူ၍ အသင်တို့အတွက် မရှိပေ။ ထိုမျိုးနွယ်စုများသည် ထူးခြားသည့် 'မုအ်ဂျိဇာဟ်' တစ်ခုကို တောင်းဆိုကြသည်။ ၎င်းမှာ ဤကျောက်တုံးမှ ကုလားအုတ်မတစ်ကောင် ထုတ်ပြမည်ဆိုလျှင် ကျွန်ုပ်တို့ အီမာန်ယူလာမည်ဖြစ်သည်။ သို့ရှိရာ နဗီ၏ ဒိုအာဖြင့် ထိုအတိုင်းဖြစ်ရှိသွား၏။ ထိုကျောက်တုံးမှာ ကွဲထွက်သွားပြီး ကုလားအုတ်မကြီးတစ်ကောင် ပေါ်ထွက်လာ၏။ ထိုအခါ နဗီမှ မိန့်ဆိုသည်မှာ အသင်တို့ထံသို့ အသင်တို့ အသျှင်မြတ်ထံတော်ပါးမှ ကျွန်ုပ်ရစူလ်ဖြစ်ကြောင်း ကို အတိအလင်း အထောက်အထားပေးခဲ့ပြီးဖြစ်သည်။ ရှေ့ဆက်တင်ပြသည်မှာ ဤကုလားအုတ်မသည်

အလ္လာဟ်အသျှင်မြတ်ဘက်မှ ဖြစ်သည်။ ယင်းကုလားအုတ်မအား အထောက်အထားအဖြစ် အသင်တို့အတွက် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မဟူ၍ ခေါ်ဆိုသည်။ ဤသည် အသျှင်မြတ်ဘက်မှ အထောက်အထားဖြစ်သည်။ ထိုမှတစ်ပါး ကျွန်ုပ် ရစူလ်ဖြစ်ခြင်းအပေါ် အထောက်အထားလည်း ဖြစ်ပေသည်။ ထိုကုလားအုတ်မနှင့် ပတ်သက်သည့် အချို့ဝတ္တရားများလည်း ရှိသည်။ ၎င်းမှာ ထိုကုလားအုတ်မကို အလ္လာဟ်အသျှင်မြတ်၏ မြေပထဝီပေါ် ကျက်စားရန် လွှတ်ထားရမည်။ ထို့နည်းတူစွာ ရေကိုလည်း အလှည့်ကျ သောက်သုံးနေရစေမည်။ ထိုကုလားအုတ်မကို ဒုက္ခပေးလိုစိတ်ဖြင့် လက်မထိရပေ။ ထိုသို့ ထိခိုက်လျှက် အသင်တို့အပေါ်သို့ ပြင်းထန်သည့် ပြစ်ဒဏ်များ ကျရောက်လာမည်ဖြစ်သည်။

အို့, ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ ဤအခြေအနေကို သတိရကြကုန်။ ထိုသို့ သတိရပြီး ကျေးဇူးတရားကို လက်ခံကြကုန်။ အမိန့်နာခံကြကုန်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကို အာဒ်မျိုးနွယ်စုနောက်ပိုင်း မြေပထဝီအပေါ် နေခွင့်ပြုခဲ့သည်။ ယင်းသို့ နေထိုင်ရန်အတွက် ပျော့နေသော မြေကြီးအပေါ်၌ စိတ်ကြိုက် အဆောက်အဦးများ တည်ဆောက်ခွင့်ပြုခဲ့သည်။ တောင်များကို ထွင်းပြီး အိမ်ဆောက်ခွင့်လည်း ပြုခဲ့သည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ ထိုချီးမြှင့်မှုများနှင့် အခြားချီးမြှင့်မှုများကို သတိရကြကုန်။ ၎င်းနောက် ဖီဆန်ခြင်းနှင့် တုပန္နိုင်းယှဉ်ခြင်းကြောင့် မြေပထဝီတွင် ပြဿနာမလုပ်ကြလေနှင့်။ ဆိုလိုသည်မှာ အီမာန်ယူလာကြကုန်။ သို့သော် ဤမျှ နားလည်မှုရှိသော်ငြားလည်း အချို့သူဆင်းရဲများသာ အီမာန်ယူလာကြပြီး ၎င်းတို့ထဲမှ ကြွယ်ဝချမ်းသာသောသူများမှ ပြောဆိုလာကြသည်မှာ ဆိုလိုသည်မှာ ၎င်းတို့အုပ်စုထဲမှ မာနရှိသော ခေါင်းဆောင်များက အီမာန်ယူလာကြသော သူဆင်းရဲများအား ပြောဆိုမေးမြန်းသည်မှာ တမန်တော်ဆွာလိဟ် عَلَيْهِ ٱلسَّلَامُ သည် မိမိအသျှင်မြတ်ဘက်မှ နဗီအဖြစ် စေလွှတ်ခြင်းခံရသည်ကို အသင်တို့ အပြည့်အဝ ယုံကြည်ကြပါသလော။ ၎င်းအီမာန်ယူလာသူများက ဖြေကြားသည်မှာ မှချဧကန် ကျွန်ုပ်တို့သည် ထိုနဗီအား စေလွှတ်ခဲ့ပြီး မိန့်ကြားခဲ့သော ပညတ်ချက်များအပေါ် အပြည့်အဝ ယုံကြည်ပေသည်။ ထိုအခါ ၎င်းမာနရှိသူ ခေါင်းဆောင်များမှ ပြောဆိုသည်မှာ အသင်တို့ အပြည့်အဝ ယုံကြည်ချက် ထားရှိသည့်အရာအား ကျွန်ုပ်တို့ ငြင်းဆိုပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ထိုအာယသ်တော်များတွင် တမန်တော်ဆွာလိဟ် عَلَيْهِ ٱلسَّلَامُ နှင့် စမူဒ်မျိုးနွယ်စုများအကြောင်းကို တင်ပြထားပေသည်။ ပမာဆိုရသော် ၎င်းတို့ထက်အလျှင် နူးဟ် عَلَيْهِ ٱلسَّلَامُ မျိုးနွယ်စုနှင့် ဟူးဒ် عَلَيْهِ ٱلسَّلَامُ ၏ မျိုးနွယ်စု အကြောင်းကို တင်ပြထားပေသည်။ ၎င်းနောက် 'စူရာဟ်အအ်ရားဖ်' အဆုံးထိ ရှေးယခင် နဗီတမန်တော်များနှင့် ၎င်းတို့၏ မျိုးနွယ်စုများ၏ အခြေအနေများကို ၎င်းနဗီတမန်တော်များ၏ မှန်ကန်သည့် ဖိတ်ခေါ်မှုအပေါ် ၎င်းတို့၏ သွေဖည်ငြင်းဆန်ခြင်း၏ ရလဒ်ဆိုးများအကြောင်းကို တင်ပြထားပေသည်။

ဖော်ပြပါအာယသ်တော်များထဲမှ ပထမအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

وَاِلٰى ثَمُوْدَ اَخَاهُمْ صٰلِحًا

ဟူ၍ ဖြစ်သည်။ ထို့ထက်အလျင် အားဒ်မျိုးနွယ်စုများအကြောင်းတွင် တင်ပြထားပေသည်။ ၄င်းမှာ အာဒ်နှင့် စမူဒ်သည် ဒါဒါတစ်ဦးတည်း၏ သားသမီးများထဲမှ ပုဂ္ဂိုလ်နှစ်ဦး၏ အမည်ဖြစ်သည်။ ၄င်းတို့၏ သားသမီးများသည်လည်း ယင်းတို့၏ အမည်များဖြင့် အုပ်စုနှစ်စု ဖြစ်ရှိသွားသည်။ တစ်စုမှာ အာဒ်မျိုးနွယ်စု ဖြစ်ပြီး ကျန်တစ်စုမှာ စမူဒ်မျိုးနွယ်စုဟူ၍ ခေါ်ဆိုပေသည်။ အာရဗ်နိုင်ငံ၏ အနောက်မြောက်ဘက်တွင် နေထိုင်ကြသည်။ ၄င်းတို့၏ မြို့ကြီးအမည်မှာ ဟိဂျ်ရ်ဖြစ်သည်။ ယင်းမြို့အား ယခု များသောအားဖြင့် 'မဒါအိန်ဆွာလေ့ဟ်' ဟု ခေါ်ဆိုကြပေသည်။ အာဒ်မျိုးနွယ်စုများကဲ့သို့ စမူဒ်မျိုးနွယ်စုလည်း စည်းစိမ် ကြွယ်ဝသူ၊ စွမ်းအားရှိသူ သတ္တိရှိသူကြသူများဖြစ်ပြီး ကျောက်ထွင်းခြင်းနှင့် တည်ဆောက်ခြင်းပညာရပ်၌ ကျွမ်းကျင်ကြသောသူများ ဖြစ်ကြသည်။ ကွင်းပြင်တွင် ကြီးမားသော အဆောက်အဦးအမျိုးမျိုးကို တည် ဆောက်ကြသည်။ မောင်လာနာ စိုင်ယဒ်စိုလိုင်မာန် (ရဟ) သည် မိမိစာအုပ် အရ်ဒွလ်ကုရ်အာန်၌ ရေးသား ထားသည်မှာ ၄င်းတို့၏ အဆောက်အဦးများသည် ယခုအထိ အမှတ်တရအဖြစ် ကျန်ရှိလျက်ရှိသည်။ ယင်းအဆောက်အဦးများအပေါ် 'အိရမီး'နှင့် 'စမူဒီ'စာများ ရေးဆွဲထားလျက်ရှိသည်။ လောက၏ စည်းစိမ် များမှာ များသောအားဖြင့် ဤအတိုင်းဖြစ်လေ့ရှိပေသည်။ ယင်းကဲ့သို့သော လူများသည် အလ္လာဟ်အသျှင် မြတ်နှင့် တမလွန်ကို မေ့လျော့ကာ လမ်းမှားများအပေါ် လျှောက်လှမ်းကြသည်။ စမူဒ်မျိုးနွယ်စုများမှာ အဆိုပါအတိုင်း ဖြစ်ရှိခဲ့ပေသည်။

ကေန်အမှန် ၄င်းတို့ထက်အလျင် တမန်တော်နူးဟ် عليه السلام ၏ မျိုးနွယ်စုများအပေါ် ကျရောက်ခဲ့ သည့် ပြစ်ဒဏ်များ၏ ဖြစ်စဉ်များသည် ယခုအချိန်အထိ လောကတွင် တည်ရှိလျက် ရှိသည်။ တစ်ဖန် ၄င်းတို့၏ ညီနောင်များဖြစ်ကြသော အာဒ်မျိုးနွယ်စုများ၏ ပျက်စီးခြင်း ဖြစ်ရပ်များမှာ လတ်ဆတ်လျက်ပင် ရှိနေသေးသည်။ သို့သော် စည်းစိမ်နှင့် စွမ်းအားပေါ် ယစ်မူးနေခြင်း၏ ရလဒ်မှာ ယခုပင် ပုဂ္ဂိုလ်တစ်ဦး၏ အုတ်မြစ်ပျက်စီးသွား၏။ အခြားသူတစ်ဦးသည် ယင်းနေရာမှာပင် မိမိအဆောက်အဦးတစ်ခု တည်ဆောက် လိုက်သည်။ ပထမဖြစ်ရပ်များကို မေ့ပျောက်လိုက်ကြသည်။ အာဒ်မျိုးနွယ်စုများနှင့် ပျက်စီးသွားပြီးနောက် စမူဒ်မျိုးနွယ်စုသည် ၄င်းတို့၏ အဆောက်အဦးများနှင့် မြေကြီးများကို ပိုင်ဆိုင်မှု ရရှိသွားကြသည်။ ယင်း နေရာများအပေါ်၌သာ ၄င်းတို့အနေနှင့် စည်းစိမ်ယစ်မူးခဲ့ကြသည်။ အကြင်နေရာများတွင် ၄င်းတို့၏ ညီနောင် များ ပျက်စီးဆုံးရှုံးခဲ့ကြရပေသည်။ ထိုစမူဒ်မျိုးနွယ်စုများသည်လည်း အာဒ်မျိုးနွယ်စုများ ပြုကျင့်ခဲ့သည့် အတိုင်း ပြုလုပ်ခဲ့ကြသည်။ ၄င်းမှာ အလ္လာဟ်အသျှင်မြတ်နှင့် တမလွန်ကို မေ့လျော့ပြီး တုပနိူင်းယှဉ်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်း၌ နစ်မွန်းသွားကြသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် မိမိလုပ်ရိုးကျင့်စဉ်နှင့် အညီ ၄င်းတို့အား လမ်းမှန်တရား ရရှိစေရန်အတွက် တမန်တော်ဆွာလိဟ် عليه السلام ကို ရစူလ်အဖြစ် စေလွှတ် တော်မူခဲ့၏။ တမန်တော်ဆွာလိဟ် عليه السلام သည် မျိုးရိုးစဉ်ဆက်အရ စမူဒ်မျိုးနွယ်စုများထဲမှ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် စာမ်၏ သားသမီးများထဲမှပင်ဖြစ်ပေသည်။ ထို့ကြောင့်

ကျမ်းတော်မြတ်တွင် တမန်တော်ဆွာလိဟ် عليه السلام ကို စမူဒ်မျိုးနွယ်စု၏ ညီနောင်ဟူ၍ မိန့်တော်မူထားပေသည်။ ၄င်းမှာ اَخَاهُمْ صَالِحًا ဖြစ်သည်။ တမန်တော်ဆွာလိဟ် عليه السلام သည် မိမိ၏ မျိုးနွယ်စုများကို ဖိတ်ခေါ်ရာ၌ တမန်တော် အာဒမ် عليه السلام မှ ယခုအချိန်အထိ နဗီများအားလုံး ဖိတ်ခေါ်ခဲ့သည့်အတိုင်း ဖိတ်ခေါ်ခဲ့ပေသည်။ ပမာဆိုရသော် ကျမ်းတော်မြတ်၌ တင်ပြထားသည်မှာ-

وَلَقَدْ بَعَثْنَا فِىْ كُلِّ اُمَّةٍ رَّسُوْلًا اَنِ اعْبُدُوا اللهَ وَاجْتَنِبُوا الطَّاغُوْتَ

အလိုသဘောမှာ ငါအသျှင်မြတ်သည် အုမ္မသ်တိုင်းအပေါ် ရစူလ်တစ်ပါးချင်းကို စေလွှတ်တော်မူခဲ့သည်။ ၄င်းနဗီများမှ လူများကို လမ်းညွှန်မှာကြားသည်မှာ အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြကုန်။ ရုပ်တုကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ကြကုန်။ ရှေးယခင် နဗီတမန်တော်များနည်းတူ တမန်တော်ဆွာလိဟ် عليه السلام သည်လည်း မိမိမျိုးနွယ်စုများအား မိန့်ကြားတော်မူခဲ့ပေသည်။ ၄င်းမှာ အလ္လာဟ်အသျှင်မြတ်ကိုသာ မိမိတို့၏ မွေးမြူဖန်ဆင်းရှင်နှင့် စိုးပိုင်တော်မူသော အသျှင်ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုအသျှင်မြတ်မှအပ မည်သူမှ ခဝပ်ကိုးကွယ်ခံထိုက်သူမရှိ။ မိန့်တော်မူသည်မှာ-

يٰقَوْمِ اعْبُدُوا اللهَ مَا لَكُمْ مِنْ اِلٰهٍ غَيْرُهٗ

တစ်ဆက်တည်း မိန့်တော်မူသည်မှာ-

قَدْ جَآءَتْكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ

ဆိုလိုသည်မှာ ယခု အသင်တို့၏ အသျှင်မြတ်ထံမှ အတိအလင်း လက္ခဏာတစ်စုံတစ်ရာ အသင်တို့ထံ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထိုလက္ခဏာ၏ အလိုသဘောမှာ အလွန်အံ့သြစရာကောင်းသည့် ကုလားအုတ်မ တစ်ကောင်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်အား ဤအာယသ်တော်၌ပင် တင်ပြခဲ့ပြီးဖြစ်သည်။ ၄င်းနောက် ကျမ်းတော်မြတ်၏ စူရာဟ်အီးသ်းတွင် အကျယ်တဝင့်ကို ပို၍ တင်ပြထားပေသည်။ ထိုကုလားအုတ်မ၏ ဖြစ်စဉ်မှာ ဤသို့ ဖြစ်သည်။ တမန်တော်ဆွာလိဟ် عليه السلام သည် မိမိနဗျီသည့်အချိန်တွင် မိမိ၏ မျိုးနွယ်စုများကို 'သောင်ဟီးဒ်' ဘက်သို့ စပြီး ဖိတ်ခေါ်ခဲ့သည်။ ယင်းအတိုင်းပင် ပုံမှန်ဖိတ်ခေါ်လျက်ရှိခဲ့သည်မှာ အသက်အရွယ်ကြီးပြင်းပြီး အိုမင်းလာသည့်အချိန်အထိ ဖြစ်သည်။ တမန်တော်ဆွာလိဟ် عليه السلام ၏ အကြိမ်ကြိမ်နှိုးဆော်မှုကြောင့် စိတ်ညစ်ညူးသူကား ၄င်း၏ မျိုးနွယ်စုများမှ သတ်မှတ်လိုက်သည်မှာ ၄င်းထံမှ မဖြည့်ဆီးပေးနိုင်သော အရာမျိုးကို တောင်းဆိုကြမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ၄င်းနဗီနှင့် ဆန့်ကျင်ဘက်ပြုရာ၌ အောင်မြင်မှုရရှိမည်ဖြစ်သည်။ တောင်းဆိုကြသည်မှာ အသင်သည် အကယ်၍ အမှန်အကန် အလ္လာဟ်အသျှင်မြတ်ဘက်မှ စေလွှတ်ခြင်းခံရသော နဗီတစ်ပါးဖြစ်သည်ဆိုလျှင် 'ကာသေဗာဟ်' မည်သော တောင်အတွင်းမှ ဤကဲ့သို့သော ကုလားအုတ်မတစ်ကောင်ကို ထုတ်ပြရမည်။ ယင်းကုလားအုတ်မ သည် (၁၀) လသားအရွယ် ဗိုက်ရှိပြီး သန်မာထွားကြိုင်းရမည်။

ထိုအခါ တမန်တော်ဆွာလိဟ် عليه السلام သည် ဦးစွာပထမ ၎င်းတို့ထံမှ ကတိဝန်ခံချက်ကို ရယူခဲ့သည်။ ၎င်းမှာ အကယ်၍ ကျွန်ုပ်အနေနှင့် အသင်တို့၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်ဆိုလျှင် အသင်တို့အားလုံး ကျွန်ုပ်အပေါ်နှင့် ကျွန်ုပ်၏ ဖိတ်ခေါ်မှုအပေါ် အီမာန်ယူလာရမည်။ ယင်းအချက်အပေါ် အားလုံးက ကတိခံဝန်ချက်ပြုသောအခါ တမန်တော်ဆွာလိဟ် عليه السلام သည် နမာဇ်နှစ်ရကအသ် ဝတ်ပြုတော်မူပြီး အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ဒိုအာပြုတော်မူသည်မှာ 'အသင်အသျှင်မြတ်အတွက် မည်သည့် အလုပ်မှ ခက်ခဲသည်ဟူ၍ မရှိပေ။ အသျှင်မြတ်အနေနှင့် ၎င်းတို့၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေး သနားတော်မူပါ။' ဒိုအာပြုပြီးသည်နှင့် တစ်ပြိုင်နက် တောင်တွင်းမှ လှုပ်ရှားမှုဖြစ်ပေါ်လာပြီး ထိုကြီးမားသော တောင်ကြီးမှာ ကွဲအက်ကာ ၎င်းအတွင်းမှ ကုလားအုတ်မတစ်ကောင်သည် ၎င်းတို့၏ တောင်းဆိုချက်နှင့်အညီ ပေါ်ထွက်လာခဲ့သည်။

တမန်တော်ဆွာလိဟ် عليه السلام ၏ ဤသို့ ပွင့်လင်းသော 'မုအ်ဂျိဇာဟ်'တော်ကို မြင်တွေ့ရပြီး ၎င်းတို့ထဲမှ အချို့လူများ မွတ်စ္စလင်မ် ဖြစ်သွားကြ၏။ ကျန်မျိုးနွယ်စုများကလည်း အီမာန်ယူလာပါမည်ဟူ၍ ဆန္ဒပြုကြသည်။ သို့သော် မျိုးနွယ်စု၏ အချို့ခေါင်းဆောင်များသည် ရုပ်တုများကို အထူးသဖြင့် ကိုးကွယ်ကြသောသူများ ဖြစ်ကြသည်။ ရှေ့ဆောင်များဖြစ်ကြသည်။ ၎င်းရှေ့ဆောင်များသည် ထိုဆန္ဒရှိသူများကို လှည့်ဖြားကာ အစ္စလာမ်လက်ခံခြင်းမှ တားဆီးခဲ့ကြသည်။ တမန်တော်ဆွာလိဟ် عليه السلام သည် မျိုးနွယ်စုများ၏ ကတိဖျက်ခြင်းကို မြင်တွေ့ရသောအခါ ၎င်းတို့အပေါ် 'အဇာဗ်'ကျရောက်လာမည်ကို စိုးရိမ်သွား၏။ ထိုအခါ နဗီတို့၌ရှိသော ချစ်စိတ်ဖြင့် ၎င်းတို့အား ဆုံးမစကားဆိုသည်မှာ ထိုကုလားအုတ်မကို ထိန်းသိမ်းကြကုန်။ မည်သို့မှ ဒုက္ခမပေးကြလေနှင့်။ သို့မှသာ အသင်တို့သည် 'အဇာဗ်'မှ လုံခြုံမှုကို ရရှိအံ့။ သို့မဟုတ်ပါက အသင်တို့အပေါ် ချက်ချင်း 'အဇာဗ်'ကျရောက်လာမည်ဖြစ်သည်။ ဤအကြောင်းအရာအား ဖော်ပြပါအာယသ်တော်တွင် တင်ပြ မိန့်တော်မူထားသည်။

هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ
فِىْٓ اَرْضِ اللّٰهِ وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ اَلِيْمٌ

အလိုသဘောမှာ အသင်တို့အတွက် အထောက်အထားဖြစ်စေရန်အတွက် ဤကုလားအုတ်မသည် အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မဖြစ်သည်။ ယင်းကုလားအုတ်မကို လွှတ်လိုက်ကြကုန်။ အလ္လာဟ်အသျှင်မြတ်၏ မြေပထဝီပေါ် ကျက်စားခွင့်ပေးကြကုန်။ အလ္လာဟ်အသျှင်မြတ်အား မကောင်းသည့် ပုံစံဖြင့် လက်မထိကြပါနှင့်။ သို့မဟုတ်ပါက အသင်တို့အပေါ် ပြင်းထန်သည့် 'အဇာဗ်'ကျရောက်လာမည် ဖြစ်သည်။ ထိုကုလားအုတ်မကို အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ ယင်းကုလားအုတ်မသည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးစွမ်းအား၏ အထောက်အထားဖြစ်ပြီး တမန်တော်ဆွာလိဟ် عليه السلام ၏ အံ့သြစရာကောင်းသော နည်းလမ်းဖြင့် ပေါ်ထွက်လာသော 'မုအ်ဂျိဇာဟ်' တန်ခိုးတော်လည်း ဖြစ်သည်။

تَأْكُلْ فِيٓ اَرْضِ اللّٰهِ မှ ညွှန်ပြနေသည်မှာ ထိုကုလားအုတ်မ၏ စားသောက်ခြင်းကြောင့် အသင်တို့၏ ပိုင်ဆိုင်မှုနှင့် အသင်တို့၏အိမ်မှ မည်သို့မျှ လျော့နည်းသွားမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြေပထဝီသည် အလ္လာဟ်အသျှင်မြတ်၏ မြေပထဝီဖြစ်သည်။ ယင်းမှ အပင်များအား ပေါက်ရောက်စေသော အသျှင်မှာလည်း ထိုအသျှင်မြတ်သာလျှင် ဖြစ်သည်။ ထိုအသျှင်မြတ်၏ ကုလားအုတ်မကို ထိုအသျှင်မြတ်၏ မြေပထဝီပေါ် လွှတ်ထားလိုက်ကြကုန်။ စားကျက်များတွင် ကျက်စားခွင့်ပြုကြကုန်။

စမူဒ်မျိုးနွယ်စုများ သောက်သုံးရန်အတွက် အသုံးပြုသော ရေတွင်းမှာပင် ထိုကုလားအုတ်မလည်း သောက်သုံးလေသည်။ သို့သော် ယင်းကုလားအုတ်မ သောက်သုံးလိုက်လျှင် ရေတွင်းမှ ရေများအားလုံး ခမ်းခြောက်သွား၏။ တမန်တော်ဆွာလိဟ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်ဖြင့် ဆုံးဖြတ်ချက် ကြားနာတော်မူသည်မှာ တစ်နေ့ ဤကုလားအုတ်မ ရေသောက်မည်ဆိုလျှင် နောက်တစ်နေ့ အသင်မျိုးနွယ်စုများအားလုံး သောက်သုံးရမည်။ ၄င်းနောက် ကုလားအုတ်မ ရေသောက်သောနေ့တွင် အခြားလူများကို ရေအစား ကုလားအုတ်မမှ နို့များစွာ ရရှိခဲ့ကြသည်။ မျိုးနွယ်စုများအားလုံးသည် မိမိတို့၏ အိုး၊ ခွက်၊ ပန်းကန်များတွင် ဖြည့်ယူသွားကြသည်။ ကျမ်းတော်မြတ်တွင် ထိုသို့ ခွဲဝေပေးခြင်းကို ဤသို့ မိန့်တော်မူထားပေသည်။

وَنَبِّئْهُمْ اَنَّ الْمَآءَ قِسْمَةٌۢ بَيْنَهُمْ كُلُّ شِرْبٍ مُّحْتَضَرٌ

ဆိုလိုသည်မှာ အို၊ တမန်တော်ဆွာလိဟ် عليه السلام ၊ အသင် မိမိမျိုးနွယ်စုများကို ပြောကြားပါလေ။ ရေတွင်းမှ ရေအား ၄င်းတို့နှင့် အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မအကြား ခွဲဝေပေးမည်ဖြစ်သည်။ တစ်နေ့ ကုလားအုတ်မ ရေသောက်ပြီးနောက် တစ်နေ့တွင် ကျန်မျိုးနွယ်စုအားလုံး ရေသုံးရမည်။ ထိုသို့ ခွဲဝေပေးခြင်းအပေါ် စောင့်ရှောက်ရန် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ဖရစ်ရှ်သာဟ်များအား ခန့်အပ်ပေးမည်ဖြစ်သည်။ ယင်းသို့ ခန့်အပ်ပေးခြင်းသည် ဖော်ပြပါ မိန့်ကြားချက်နှင့် ဆန့်ကျင်ဘက်မပြုလုပ်နိုင်ရန် ဖြစ်သည်။ အခြားအာယသ်တော်တစ်ပိုဒ်တွင် တင်ပြထားသည်မှာ-

هٰذِهٖ نَاقَةٌ لَّهَا شِرْبٌ وَّلَكُمْ شِرْبُ يَوْمٍ مَّعْلُوْمٍ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မအတွက် ရေသောက်ရန် တစ်ရက် သတ်မှတ်ပြီးနောက် တစ်နေ့ ရေသောက်ရန် အသင်တို့အတွက် သတ်မှတ်တော်မူ၏။

ဒုတိယအာယသ်တော်တွင် ထိုကတိခံဝန်ချက်အား မေ့လျော့ပြီး ဆိုးသွမ်းသော မျိုးနွယ်စုများအား အကောင်းလိုလား၍သော်လည်းကောင်း၊ 'အဓားဗ်' အပြစ်ဒဏ်မှ ကယ်တင်ရန်အတွက်သော်လည်းကောင်း ထိုသူများကို အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ထားခြင်းများနှင့် ကျေးဇူးတရားများကို သတိပေးခဲ့၏။ ယင်းသို့ သတိပေးခြင်းမှာ ယင်းလူများ မိမိတို့၏ ဆိုးသွမ်းခြင်းမှ ပြန်လှည့်လာရန် ဖြစ်သည်။ မိန့်တော်မူသည်မှာ-

وَاذْكُرُوٓا اِذْ جَعَلَكُمْ خُلَفَآءَ مِنْ بَعْدِ عَادٍ وَّبَوَّاَكُمْ
فِى الْاَرْضِ تَتَّخِذُوْنَ مِنْ سُهُوْلِهَا قُصُوْرًا وَّتَنْحِتُوْنَ الْجِبَالَ بُيُوْتًا

ယင်းအာယသ်တော်တွင် خُلَفَآءَ စာလုံးသည် خليفه စာလုံး၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ 'အရိုက်အရာခံခြင်း' လက်ထောက်ဖြစ်သည်။ ၎င်းနောက် قُصُوْر သည် قَصر ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ မြင့်မားပြီး ထည်ဝါသော အဆောက်အအုံကို ခေါ်ဆိုပေသည်။ تنحتون သည် نحت မှ ဆင်းသက်ပြီး အဓိပ္ပာယ်မှာ 'ကျောက်ထွင်းခြင်း'ဖြစ်သည်။ جبال သည် جبل ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ တောင်ဖြစ်သည်။ بيوتا သည် بيت ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ အိမ်၏အခန်းကို ခေါ်ဆိုပေသည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ထိုချီးမြှင့်ထားခြင်းများကို သတိရကြကုန်။ အကြောင်းမူကား ထိုအသျှင်မြတ်သည် အားဒ်မျိုးနွယ်စုများကို ဖျက်ဆီးပစ်ပြီး ၎င်းတို့နေရာတွင် အသင်တို့အား နေစေတော်မူခဲ့သည်။ ထိုအာဒ်မျိုးနွယ်များ၏ မြေများနှင့် အိမ်များကို အသင်တို့အား ပိုင်ဆိုင်ခွင့်ပေးတော်မူခဲ့သည်။ ထို့နောက် အသင်တို့အား ဤလုပ်ငန်းကိုလည်း သင်ပေးတော်မူခဲ့သည်။ ၎င်းမှာ မြေပေါ်တွင် ကြီးကျယ်ခမ်းနားသော အဆောက်အဦးများ တည်ဆောက်ခဲ့ကြသည်။ တောင်များကို ထွင်းပြီး အခန်းများ၊ အိမ်များ တည်ဆောက်ခဲ့ကြသည်။ အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူသည်မှာ-

فَاذْكُرُوٓا اٰلَآءَ اللّٰهِ وَلَا تَعْثَوْا فِى الْاَرْضِ مُفْسِدِيْنَ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသည်များကို သတိရကြကုန်။ ထိုအသျှင်မြတ်၏ ကျေးဇူးတရားကို လက်ခံကြကုန်။ ထိုအသျှင်မြတ်၏ အမိန့်ကို နာခံကြကုန်။ ၎င်းနောက် မြေပထဝီပေါ်၌ ပြဿနာမရှာကြလေနှင့်။

အမိန့်တော်များနှင့် ပညတ်ချက်များ

ဖော်ပြပါအာယသ်တော်မှ အချို့အခြေခံစည်းမျဉ်းများနှင့် ဆင့်ပွားပညတ်ချက်များကို သိရှိရပေသည်။

(၁) ယုံကြည်ချက်ပိုင်းဆိုင်ရာ အခြေခံတရားများတွင် နဗီများအားလုံး တစ်ညီတစ်ညွတ်တည်း ရှိကြသည်။ ၎င်းနောက် ယင်းနဗီများ၏ တရားနည်းလမ်းမှာလည်း တစ်စုတစ်စည်းတည်း ဖြစ်သည်။ အားလုံး နဗီများ၏ ဖိတ်ခေါ်မှုမှာ 'သောင်ဟီးဒ်'နှင့်အတူ အလ္လာဟ်အသျှင်မြတ်ကိုသာ ကိုးကွယ်ရန်ဖြစ်သည်။ ယင်းအချက်နှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းအပေါ် လောက၌ 'အဇာဗ်'ကျရောက်ခြင်းနှင့် တမလွန်တွင် အပြစ်ဒဏ်ခံရခြင်းဖြင့် ခြိမ်းခြောက်ရမည်။

(၂) ရှေးယခင်အွမ္မသ်များအတွင်း ဖြစ်ရှိခဲ့သည်မှာ မျိုးနွယ်စုများရှိ ကြွယ်ဝချမ်းသာပြီး ဂုဏ်သရေရှိသော သူများသည် ထိုနဗီများ၏ ဖိတ်ခေါ်မှုကို လက်မခံခဲ့ကြချေ။ ယင်းသို့ ငြင်းဆန်လက်ခံခြင်းကြောင့် လောကတွင် ပျက်စီးခြင်းခံရပြီး နောင်တမလွန်တွင်လည်း ပြစ်ဒဏ်ခံစားရမည်ဖြစ်သည်။

(၃) သဖ်စီးရ်ကုရ်သူဗီကျမ်းတွင် တင်ပြထားသည်မှာ လောကတွင် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ခြင်းများသည် ကာဖိရ်များအပေါ်သို့လည်း ကျရောက်ခဲ့သည်ကို ဤအာယသ်တော်မှ သိရှိရပေသည်။ ပမာဆိုရသော် အားဒ်နှင် စမူဒ်မျိုးနွယ်စုအပေါ် အလ္လာဟ်အသျှင်မြတ်သည် စည်းစိမ်နှင့် စွမ်းအား၏ တံခါးများကို ဖွင့်ပေးတော်မူခဲ့ပေသည်။

(၄) သဖ်စီးရ်ကုရ်သူဗီ၌ တင်ပြထားသည်မှာ ကြီးကျယ်ခမ်းနားသော အဆောက်အဦးများ တည်ဆောက်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ခြင်းပင် ဖြစ်သည်။ ယင်းသို့ တည်ဆောက်ပိုင်ခွင့် ရှိ၏။

သို့သော် ထိုသို့ တည်ဆောက်ခြင်းကို နဗီတမန်တော်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ မနှစ်သက်ရခြင်းအကြောင်းမှာ အခြားကြောင့်ဖြစ်သည်။ ၎င်းမှာ ယင်းအရာများသည် လူသားကို သတိမေ့လျော့မှု၌ သွတ်သွင်းစေသော အရာများဖြစ်သည်။ တမန်တော်မြတ် ﷺ မှ ခမ်းနားထည်ဝါသော အဆောက်အဦးများ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မိန့်ဆိုထားသော မိန့်ကြားချက်များသည် ဖော်ပြပါ အတိုင်းပင် ဖြစ်ပေသည်။

တတိယနှင့် စတုတ္ထမြောက် အာယသ်တော်များတွင် တင်ပြထားသော အရာများမှာ စမူဒ်မျိုးနွယ်စု နှစ်စုအကြား ငြင်းခုံခဲ့ကြသော အကြောင်းအရာများ ဖြစ်ပေသည်။ တစ်စုမှာ တမန်တော်ဆွာလိဟ် عليه السلام အပေါ် အီမာန်ယူလာကြသူများ ဖြစ်ကြပြီး ကျန်တစ်စုမှာ သွေဖည်ငြင်းဆန်သောအုပ်စု ဖြစ်သည်။ မိန့်တော်မူသည်မှာ-

قَالَ الْمَلَأُ الَّذِيْنَ اسْتَكْبَرُوْا مِنْ
قَوْمِهِ الَّذِيْنَ اسْتُضْعِفُوْا لِمَنْ اٰمَنَ مِنْهُمْ

အလိုသဘောမှာ တမန်တော်ဆွာလိဟ် عليه السلام ၏ မျိုးနွယ်စုများထဲမှ မာန်မာနထောင်လွှားသော သူများသည် အီမာန်ယူလာကြသောသူများကို သေးသိမ်ပြီး ချို့တဲ့သောသူများဟူ၍ မှတ်ယူကြသည်။

အေမာမ်ရာဇီ (ရဟ) သည် သဖ်စီးရ်ကဗီးရ်၌ မိန့်ဆိုထားသည်မှာ ဤနေရာ၌ ထိုအုပ်စုနှစ်စု၏ အရည်အချင်းနှစ်ခုကို ကျမ်းတော်မြတ်၌ တင်ပြထားသည်မှာ ကာဖိရ်များနှင့် ပတ်သက်၍ ပြုလုပ်သူပြ

ကြိယာဖြင့် اسْتَكْبَرُوا ဟု မိန့်တော်မူထားပြီး မှအ်မင်န်များနှင့် ပတ်သက်၍ ပြုလုပ်သူမပါသော ကြိယာဖြင့် اسْتُضْعِفُوا ယင်းစာလုံးမှ ညွှန်ပြနေသည်မှာ ကာဖိရ်များသည် မာန်မာနထောင်လွှားကြ၏။ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ရပ်များကြောင့် အရေးယူခြင်းခံရပြီး နောက်ဆုံးတွင် 'အဇာဗ်' ပြစ်ဒဏ်ခံရမည် ဖြစ်သည်။ ၎င်းနောက် အီမာန်ရှင်များ၏ အရည်အချင်းကို ၎င်းတို့အနေနှင့် တင်ပြကြသည်မှာ ယင်းအီမာန်ရှင်များသည် သေးသိမ်ပြီး ချို့တဲ့သူများ ဖြစ်ကြသည်။ ဤသည် ကာဖိရ်များ၏ ပြောကြားချက်ဖြစ်သည်။ အီမာန်ရှင်များ၏ စစ်မှန်သော အရည်အသွေးမဟုတ်ပေ။ ယင်းတို့အပေါ် အရေးယူနိုင်စရာလည်း မရှိပေ။ သို့သာမက အရေးယူခံရမည့်သူများမှာ ထိုအီမာန်ရှင်များကို သေးသိမ်သူဟု ယူဆပြီး ချို့တဲ့သောသူများဟူ၍ မှတ်ယူကြသော သူများသာ ဖြစ်သည်။ ကာဖိရ်များက အီမာန်ရှင်များအား ရှေ့ဆက်ပြီး ထိုအုပ်စုနှစ်စုကြား ငြင်းခုံစကားများ ပြောဆိုခဲ့သည်မှာ 'အသင်တို့အနေနှင့် တမန်တော်ဆွာလိဟ် ﷺ သည် စကန်အမှန် အလ္လာဟ်အသျှင် မြတ်ထံတော်ပါးမှ စေလွှတ်ခြင်းခံရသော ရစူလ်ဖြစ်ကြောင်းကို သိကြပါသလော။' ထိုအခါ အီမာန်ရှင်များ က 'အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ လမ်းမှန်တရားများပေး၍ စေလွှတ်ခဲ့ခြင်းအပေါ် ကျွန်ုပ်တို့အားလုံး ယုံကြည်ကြပြီး အီမာန်ယူလာကြပေသည်' ဟုဖြေကြားကြပေသည်။

သဖ်စီးရ်ကရှ်ရှာဖ်တွင် ရေးသားထားသည်မှာ အီမာန်ရှင်များသည် စမူဒ်မျိုးနွယ်စုများအား ပြီးပြည့်စုံ သည့်အဖြေကို ဖြေကြားခဲ့ကြပေသည်။ အကြောင်းမူကား အသင်တို့အနေနှင့် တမန်တော်ဆွာလိဟ် ﷺ နဗီဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် ငြင်းခုံနေကြခြင်းသည် စကန်အမှန် ငြင်းခုံရမည့်အချက် မဟုတ်ပေ။ သို့သာမက မုချ သေချာပြီး စကန်အမှန်ပင် ဖြစ်ပေသည်။ ၎င်းနောက် ယင်းနဗီအနေနှင့် မိန့်ကြားချက်ဟူသမျှသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ယူဆောင်လာသော အရာများဖြစ်သည်မှာ မုချဖြစ်ပေသည်။ သို့သော် ၎င်းနဗီအပေါ် မည်သူမည်ဝါ အီမာန်ယူလာ၏။ မယူလာ၏ဟူသော အချက်အပေါ်၌သာ ငြင်းခုံမှုပြုလုပ် နိုင်၏။ သို့ရှိရာ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် ၎င်းနဗီယူဆောင်လာသည့် လမ်းမှန်တရားအားလုံးအပေါ် အီမာန်ယူလာကြပေသည်။

သို့သော် ထိုသို့ပြီးပြည့်စုံသည့် အဖြေကို ကြားရပြီးသည့်နောက်လည်း မျိုးနွယ်စုများသည် မိမိတို့၏ ဖီဆန်ခြင်းလုပ်ရပ်အပေါ် ရပ်တည်လျက်ရှိကြသည်။ ၎င်းမှာ အသင်တို့ အီမာန်ယူလာကြသော အရာအား ကျွန်ုပ်တို့ ငြင်းဆိုသည်ဟူ၍ ပြောဆိုကြသည်။ လောက၏ စည်းစိမ်ချစ်ခင်တွယ်တာမှုနှင့် စွမ်းအားအပေါ် ယစ်မူးခြင်းမှ အလ္လာဟ်အသျှင်မြတ် ထိန်းသိမ်းတော်မူပါစေ။ အကြောင်းမူကား ယင်းအရာများသည် လူသား၏ မျက်လုံးအစုံကို အတားအဆီးဖြစ်စေပြီး အရေးကြီးသော အရာများကို ငြင်းဆန်လျက်ရှိသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَعَقَرُوا النَّاقَةَ وَعَتَوْا عَنْ أَمْرِ رَبِّهِمْ وَ
قَالُوا يَا صَالِحُ ائْتِنَا بِمَا تَعِدُنَا إِنْ كُنْتَ مِنَ الْمُرْسَلِينَ ۝

၇ : ၇၇ ။ ။ နောက်ဆုံးတွင် ၄င်းတို့သည် ကုလားအုတ်မကို (လည်း) သတ်ဖြတ်ခဲ့ကြသည့်အပြင် မိမိတို့ အရှင်မြတ်၏ အမိန့်တော်ကိုလည်း မထီမဲ့မြင် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ၄င်းတို့က 'အို၊ ဆွာလိဟ်၊ အသင်သည် အကယ်စင်စစ် ရစူလ်တမန်တော်တို့တွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့လျှင် အသင်သည် ကျွန်ုပ်တို့အား ခြိမ်းခြောက်လေ့ရှိသော အရာ (ပြစ်ဒဏ်) ကို ကျွန်ုပ်တို့ထံ ယူခဲ့ပါလေ' ဟူ၍လည်း ပြောဆိုခဲ့ကြသည်။

فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ۝

၇ : ၇၈ ။ ။ သို့ဖြစ်ပေရာ (စိတ်နှလုံး တုန်လှုပ်ချောက်ချားစေသော) မြေငလျင်သည် ၄င်းတို့အား ဖမ်းဆီး (ကွပ်မျက်) ခဲ့လေသည်။ ထို့ကြောင့် ၄င်းတို့သည် မိမိတို့၏ (မြို့၊ ရွာ) နေအိမ်များ၌ပင် မှောက်လျက်သား (သေကြေပျက်စီး၍ မြေနှင့် တစ်သားတည်း) ဖြစ်သွားခဲ့ကြကုန်သည်။

فَتَوَلَّىٰ عَنْهُمْ وَقَالَ يَا قَوْمِ لَقَدْ أَبْلَغْتُكُمْ
رِسَالَةَ رَبِّي وَنَصَحْتُ لَكُمْ وَلَٰكِنْ لَا تُحِبُّونَ النَّاصِحِينَ ۝

၇ : ၇၉ ။ ။ ထိုအခါ ယင်း (နဗီတမန်တော်) ဆွာလိဟ်သည် ၄င်းတို့ဘက်မှ မျက်နှာလွှဲ၍ ထွက်ခဲ့လေသည်။ ထို့ပြင် 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ အမိန့်တော်ကိုလည်း အသင်တို့ထံ ကေန်စင်စစ် ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ၄င်းပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် အသင်တို့မှာမူ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်သူတို့အား နှစ်သက်ကြသည်မဟုတ်ပေ' ဟူ၍ ပြောကြားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အချုပ်ဆိုရသော် တမန်တော်ဆွာလိဟ် عليه السلام အပေါ် အီမာန်မယူသကဲ့သို့ ကုလားအုတ်မ၏ ဝတ္တရားများကိုလည်း မကျေပွန်ကြချေ။ သို့သာမက ၄င်းတို့သည် ထိုကုလားအုတ်မကို သတ်ဖြတ်လိုက်ကြသည်။ ၄င်းနောက် မိမိအရှင်သခင်၏ အမိန့်ကိုလည်း ဖီဆန်ကြသည်။ ယင်းအမိန့်သည် 'သောင်ဟီးဒ်' နှင့် 'ရိစာလသ်' ၏ အမိန့်ဖြစ်သည်။ ထိုသို့ လက်မခံသည့်အပြင် ရဲဝံ့စွာ ပြောဆိုကြသည်မှာ အို၊ ဆွာလိဟ်၊ အကယ်၍ အသင်သည် စစ်မှန်သော ရစူလ်တစ်ပါးဖြစ်သည်ဆိုလျှင် အသင် ကျွန်ုပ်တို့အား ခြောက်လှန့်လျက်ရှိသော ပြစ်ဒဏ်များကို ပေးပါလေ။ (စစ်မှန်သော နဗီဖြစ်ကြောင်းအတွက် ယင်းအချက်မှာ အရေးကြီးသည့်အတွက် ၄င်းတို့အား အရေးဆိုတော်မူခဲ့သည့်အတိုင်း) မြေငလျင်တုန်လှုပ်ပြီး ၄င်းတို့အား မိမိတို့၏ အိမ်တွင် လေးဘက်ထောက် မှောက်လျက်သား သေဆုံးသွားကြသည်။ ထိုအခါ တမန်တော်ဆွာလိဟ် عليه السلام သည် ၄င်းတို့အား မျက်နှာလွှဲ၍ ထွက်ခွာသွားခဲ့သည်။ ထိုသို့ ထွက်ခွာသွားလျက် ဝမ်းနည်းစွာဖြင့် ဝတ္တရားအရ မိန့်ဆိုသည်မှာ အို၊ ငါ၏ မျိုးနွယ်စုအပေါင်းတို့၊ ကျွန်ုပ်တို့သည် အသင်တို့ကို မိမိအရှင်မြတ်၏ နှုတ်ကပါဌ်တော်များကို ပို့ပေးခဲ့ပြီးဖြစ်သည်။ ယင်းအချက်အပေါ် လိုက်နာခဲ့ပါမူ မုချအောင်မြင်မှု ရရှိမည်သာဖြစ်သည်။

ကျွန်ုပ်သည် အသင်တို့အတွက် များစွာ အကောင်းလိုလားခဲ့ပေသည်။ မည်မျှ ကရုဏာစိတ်ဖြင့် နားချခဲ့ပါသနည်း။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ အသင်တို့အတွက် ကောင်းကျိုးလိုလားသူများကို အသင်တို့ မနှစ်သက်ခဲ့ကြချေ။ ထို့ကြောင့် တစ်ခွန်းမျှ နားမထောင်ခဲ့ကြချေ။ နောက်ဆုံးတွင် နေ့ဆိုးနှင့် ရင်ဆိုင်ကြရပြီးဖြစ်သည်။

သိမ့်တ်ပွယ်ရာများနှင့် စမ္မသတ်များ

အထက်ဖော်ပြပါအာယသ်တော်၌ တင်ပြထားသည်မှာ တမန်တော်ဆွာလိဟ် ﷺ ၏ ဒိုအာဖြင့် တောင်ကြီးတစ်တောင်မှ ကွဲထွက်ပြီး အလွန်အံ့သြဖွယ်ရာကောင်းသည့် ကုလားအုတ်မတစ်ကောင် ပေါ်ထွက်လာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုကုလားအုတ်မကို ထိုမျိုးနွယ်စုများအတွက် နောက်ဆုံးစမ်းစစ်မှုအဖြစ် ဤသို့ ပြုလုပ်ခဲ့ပေသည်။ ၎င်းမှာ ရွာရှိလူများအားလုံးနှင့် ၎င်းတို့၏ တိရစ္ဆာန်များအားလုံး သောက်သုံးသည့် ရေတွင်းမှ ရေများကို ထိုကုလားအုတ်မမှ အားလုံး သောက်သုံးလိုက်သည်။ ထို့ကြောင့် တမန်တော်ဆွာလိဟ် ﷺ သည် ရေသောက်သုံးရန် အလှည့်ခွဲလိုက်သည်။ တစ်ရက်တွင် ကုလားအုတ်မသောက်ပြီး နောက်တစ်ရက်တွင် ရွာသူရွာသားများ သောက်သုံးရမည်ဟူ၍ ဖြစ်သည်။

စမူဒ်မျိုးနွယ်များသည် ထိုကုလားအုတ်မကြောင့် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ကြရသည်။ မည်သည့်နည်းနှင့်မဆို ထိုကုလားအုတ်မအား ပျက်စီးစေလိုကြသည်။ သို့သော် ၎င်းတို့ကိုယ်တိုင် ဖျက်ဆီးရန် ကြောက်ရွံ့လျက်ရှိကြသည်။ ထိုသို့ ပြုလုပ်လျှင် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ပြစ်ဒဏ်ကျရောက်မည်ကို စိုးရိမ်နေကြသည်။ လူသား၏ အသိဉာဏ်ကို လုံးဝ ပျက်ပြားအောင် ဖြစ်စေသော မိန္ဓာ၏ လှည့်ဖြားမှုမှာ အမျိုးသမီးပြဿနာဖြစ်သည်။ မျိုးနွယ်စုထဲမှ ချောမောလှပသည့် အမျိုးသမီးနှစ်ဦးသည် ဤသို့ ယှဉ်ပြိုင်ရန် ပြောဆိုကြသည်။ ၎င်းမှာ အကြင်မည်သူမဆို ထိုကုလားအုတ်မကို သတ်ဖြတ်လိုက်မည်ဆိုလျှင် ထိုသူသည် အဆိုပါလှပသည့် အမျိုးသမီးနှစ်ဦးအနက်မှ နှစ်သက်သူကို ရယူနိုင်သည်ဟူ၏။

ထိုအခါ မျိုးနွယ်စုထဲမှ လူငယ်နှစ်ဦးဖြစ်သူ မိဆ္ဒအ်နှင့် ကဓာရ်သည် ထိုအချက်အပေါ် ယစ်မူးပြီး အဆိုပါကုလားအုတ်မကို သတ်ဖြတ်ရန် ထွက်လာခဲ့ကြသည်။ ၎င်းနောက် ကုလားအုတ်မလာရာ လမ်းရှိ ကျောက်ပုံးဘာ်တုံးတွင် ဝင်ရောက်ပုန်းခိုနေခဲ့သည်။ ကုလားအုတ်မရှေ့သို့ ရောက်လာသောအခါ မိဆ္ဒအ်မည်သော သူသည် မြားနှင့် ပစ်ပြီး ကဓာရ်မည်သောသူမှာ ဓါးရှည်ဖြင့် ကုလားအုတ်မ၏ ခြေထောက်ကို **နှစ်ခါ** သတ်ဖြတ်လိုက်သည်။

ကျမ်းတော်မြတ်သည် စမူဒ်မျိုးနွယ်စုများ၏ ထိုလုပ်ရပ်ကို အယုတ်ညံ့ဆုံးသူဟူ၍ သတ်မှတ်ထားပေသည်။ **إِذِ انبَعَثَ أَشْقَاهَا** အာယသ်ကြောင့်ဆိုသော် ဤလုပ်ရပ်ကြောင့် မျိုးနွယ်စုအားလုံးအပေါ် 'အဇားဗ်'ကျရောက်ခဲ့သည်။ တမန်တော်ဆွာလိဟ် ﷺ သည် ကုလားအုတ်မ အသတ်ခံရသော သတင်းကို ကြားသိရပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို တင်ပြတော်မူ၏။ ၎င်းမှာ ယခု အသင်တို့၏ သက်တမ်းမှာ သုံးရက်မျှသာ ကျန်လေသည်။

فَتَمَتَّعُوا فِي دَارِكُمْ ثَلٰثَةَ اَيَّامٍ ذٰلِكَ وَعْدٌ غَيْرُ مَكْذُوْبٍ

အလိုသဘောမှာ နောက်ထပ်သုံးရက် အိမ်တွင် အနားယူကြကုန်။ ယင်းနောက်ပိုင်း 'အဇာဗ်' ကျရောက်လာမည်ဖြစ်သည်။ ယင်းသည် မှန်ကန်သော ကတိဖြစ်သည်။ ဆန့်ကျင်ဘက်ဖြစ်နိုင်စရာအကြောင်း အလျဉ်းမရှိပေ။ တမန်တော်ဆွာလိဟ် عليه السلام ၏ ထိုမိန့်ကြားချက်ကို ကြားသိပြီးသည့် နောက်ပိုင်းလည်း ထိုသူများ လှောင်ပြောင်လျက်ရှိကြသည်။ သို့သော် အကြင်မျိုးနွယ်စုများအပေါ် ဆိုးရွားသောအချိန် ကျရောက်လာပြီးဆိုလျှင် ၎င်းတို့အတွက် မည်သည့်ဆုံးမစကားမှ အသုံးဝင်မည်မဟုတ်ပေ။ ၎င်းနောက် ထိုသူများက ပြောဆိုကြသည်မှာ ဤပြစ်ဒဏ်သည် မည်သို့ ၎င်းနောက် မည်သည့်နေရာမှ ကျရောက်မည်နည်း။ 'အဇာဗ်' ၏ လက္ခဏာများမှာ မည်သို့ ရှိမည်နည်း။

ထိုအခါ တမန်တော်ဆွာလိဟ် عليه السلام မိန့်တော်မူသည်မှာ မည်သို့ဆိုလျှင် ပြစ်ဒဏ်၏ လက္ခဏာများကိုလည်း နားထောင်ကြကုန်။ မနက်ဖြန် ကြာသာပတေးနေ့တွင် အသင်တို့၏ မျက်နှာများသည် အဝါရင့်ရောင်များဖြစ်သွားကြမည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ကလေးဖြစ်စေ၊ အသက်ကြီးရွယ်အိုဖြစ်စေ မည်သူမှ လွတ်ကင်းမည်မဟုတ်ပေ။ တစ်ဖန် သောကြာနေ့တွင် မျက်နှာများသည် အနီရင့်ရောင်ဖြစ်သွားကြမည်။ ၎င်းနောက် စနေနေ့တွင် မျက်နှာများအားလုံး မဲနက်သွားမည်ဖြစ်သည်။ ယင်းနေ့သည် အသင်တို့အတွက် နောက်ဆုံးနေ့ဖြစ်မည်။ နဖူးစာဆိုးသော ဤမျိုးနွယ်စုများသည် ထိုစကားကို ကြားပြီးသော်ငြားလည်း 'သောင်ဗဟ်'ပြုလုပ်ရမည့်အစား တမန်တော်ဆွာလိဟ် عليه السلام ကို သတ်ဖြတ်ရန် ပြောဆိုလာကြသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်း၏ ပြောဆိုစကားမှာ မှန်ကန်ပြီး ကျွန်ုပ်တို့အပေါ် 'အဇာဗ်' ကျရောက်လာမည်ဆိုလျှင် ထိုသို့ မကျရောက်မီအလျင် ၎င်းအား ချေမှုန်းပစ်လိုက်ရမည်။ အကယ်၍ လိမ်ညာသည်ဆိုလျှင်လည်း မိမိလိမ်လည်ခြင်း၏ ရလဒ်ကို ခံစားရမည်ဖြစ်သည်။ ယင်းမျိုးနွယ်စုများ၏ ဆန္ဒများနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်၏ အခြားနေရာတွင် အကျယ်တဝင့် တင်ပြထားပေသည်။ မျိုးနွယ်စုများ၏ ထိုတစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အပေါ် အချို့သူများသည် ညအခါတွင် တမန်တော်ဆွာလိဟ် عليه السلام ၏ အိမ်သို့ သတ်ဖြတ်ရန် ဆန္ဒဖြင့် သွားရောက်ခဲ့ကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် လမ်းမှားပင် ၎င်းတို့အပေါ် ခဲမိုးများ ရွာသွန်းပြီး ဖျက်ဆီးပစ်လိုက်၏။

وَمَكَرُوْا مَكْرًا وَّمَكَرْنَا مَكْرًا وَّهُمْ لَا يَشْعُرُوْنَ

ဆိုလိုသည်မှာ ၎င်းတို့သည် လျှို့ဝှက်အစီအစဉ်များ ပြုလုပ်ကြသည်။ ငါအသျှင်မြတ်၏ လျှို့ဝှက်အစီအစဉ်များကိုလည်း ၎င်းတို့ မသိရှိခဲ့ကြပေ။

၎င်းနောက် ကြာသာပတေးနေ့ နံနက်ရောက်သောအခါ တမန်တော်ဆွာလိဟ် عليه السلام ပြောဆိုချက်နှင့်အညီ အားလုံး၏ မျက်နှာများမှာ အဝါရင့်ရောင်ဖြစ်သွားကြသည်။ 'အဇာဗ်'၏ ပထမလက္ခဏာမှန်ကန်မှုရှိသော်ငြားလည်း ထိုလူယုတ်မာများသည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာရန် အာရုံမစိုက်ခဲ့ကြချေ။ မိမိတို့၏ အမှားများမှလည်း နောက်ဆုတ်ခဲ့ခြင်းမရှိပေ။ သို့သာမက ၎င်းတို့၏ ဒေါသပုန်များသည် တမန်တော်ဆွာလိဟ် عليه السلام အပေါ် သာပိုသွားတော့သည်။ မျိုးနွယ်စုအားလုံးသည် တမန်တော်အား သတ်ဖြတ်ရန်

လိုလားနေကြသည်။ (အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဒေါသမှ ဖယ်ရှားတော်မူပါစေ။) ယင်းသို့ ဖြစ်ရခြင်းသည်လည်း လက္ခဏာတစ်ခုဖြစ်ပေသည်။ အကြောင်းမူကား နှလုံးသားနှင့် ဦးနှောက်ဉာဏ်မှာ ပြောင်းပြန်ဖြစ်သွားရ၏။ အကျိုးဖြစ်ထွန်းခြင်းကို ဆုံးရှုံးခြင်း၊ ဆုံးရှုံးခြင်းကို အကျိုးဖြစ်ထွန်းခြင်းဟူ လည်းကောင်း၊ အကောင်းကို အဆိုး၊ အဆိုးကို အကောင်းဟူ၍လည်းကောင်း နားလည်သဘောပေါက်နေကြ၏။

နောက်ဆုံးတွင် ဒုတိယနေ့ရောက်လာသောအခါ နဗီ၏ ကြိုတင်ဟောကိန်းနှင့်အညီ အားလုံး၏ မျက်နှာများမှာ အနီရင့်ရောင်ဖြစ်သွား၏။ ထိုနည်းတူစွာ တတိယနေ့တွင် မျက်နှာအားလုံးမှာ မဲနက်သွား၏။ ယခု ၎င်းတို့အားလုံးသည် မိမိ၏ သက်တမ်းအား မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် 'အဇာဗ်' မည်သို့မည်ပုံ ကျရောက်လာမည်ကို စောင့်ဆိုင်းလျက်ရှိကြသည်။

ထိုစဉ်မှာပင် မြေပြင်၌ ပြင်းထန်သည့် ငလျင်တစ်ခု တုန်လှုပ်ပြီး အထက်မှလည်း အလွန်ကြောက်စရာကောင်းသည့် အော်သံတစ်သံ ပေါ်ထွက်လာ၏။ ယင်းဖြစ်ရပ်ကြောင့် အားလုံးမှာ တစ်ပြိုင်နက်တည်း မှောက်လျက်ကျကာ သေဆုံးကုန်၏။ ငလျင်လှုပ်ခြင်းအား ဖော်ပြပါအာယသ်တော်များ၌ တင်ပြထားပေသည်။ ၎င်းမှာ فَاَخَذَتۡهُمُ الرَّجۡفَةُ ဖြစ်သည်။ رَجۡفَة ၏ အဓိပ္ပာယ်မှာ ငလျင်လှုပ်ခြင်းဖြစ်သည်။

အခြားအာယသ်တော်တွင် فَاَخَذَتۡهُمُ الصَّيۡحَةُ ဟု တင်ပြထားပေသည်။ صيحه ၏ အဓိပ္ပာယ်မှာ အော်ဟစ်ခြင်း၊ ပြင်းထန်သည့်အသံကို ခေါ်ဆိုပေသည်။ ဖော်ပြပါအာယသ်တော်နှစ်ပိုဒ်မှ သိရှိရသည်မှာ ပြစ်ဒဏ်နှစ်မျိုးစလုံး စုစည်း၍ ကျရောက်ခဲ့ပေသည်။ မြေပထဝီ၌ အလျင်လှုပ်ပြီး အထက်မှ ပြင်းထန်သည့် အသံဖြစ်ပေသည်။ ထိုသို့ ကျရောက်ရခြင်း၏ ရလဒ်မှာ-

فَاَصۡبَحُوۡا فِىۡ دَارِهِمۡ جٰثِمِيۡنَ

ဖြစ်သည်။ جٰثِمِيۡنَ သည် جثوم ဟူသော စာလုံးမှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ ငြိမ်သက်စွာဖြင့် တစ်နေရာ၌ ကျသွားခြင်း (သို့) ထိုင်လိုက်ခြင်းဖြစ်သည်။ အလိုသဘောမှာ ရှိနေသော အနေအထားမှာပင် ပုံကျသွားတော့၏။

စမူဒ်မျိုးနွယ်စုများ၏ အရေးကြီးသော အစိတ်အပိုင်းအား ကျမ်းတော်မြတ်တွင် စူရာဟ်အသီးသီး၌ တင်ပြထားပေသည်။ အချို့အစိတ်အပိုင်းများကို ဟဒီးစ်တော်များမှ သိရှိရပေသည်။ အချို့အစိတ်အပိုင်းများကို သမိုင်းရဲ့ပညာရှင်များက အိစ္စရာအီလီ ဆင့်ပြန်ချက်များမှ ကောက်နုတ်ရယူကြပေသည်။ သို့သော် ထိုဆင့်ပြန်ချက်များအပေါ် ဖြစ်စဉ်များ၏ စစ်မှန်မှုမှာ မူတည်ခြင်းမရှိပေ။

ဘိုခါရီကျမ်း၏ ခိုင်လုံသော ဟဒီးစ်တော်တစ်ပုဒ်တွင် 'သဗူးက်' စစ်ပွဲ ခရီးတွင် တမန်တော်မြတ် ﷺ နှင့် အခွေတော်များသည် စမူဒ်မျိုးနွယ်စုများအပေါ် 'အဇာဗ်' ကျရောက်ခဲ့သော ဟိဂျ်ရ်နေရာသို့ ရောက်သောအခါ တမန်တော်မြတ် ﷺ မှ အခွေတော်များအား မှာကြားသည်မှာ 'အဇာဗ်' ကျရောက်ခြင်း ခံထားရသော ဤရွာ၏ မြေပေါ်သို့ ဝင်ရောက်ခြင်း မပြုကြနှင့်။ ထိုနည်းတူစွာ ဤရေတွင်းမှ ရေကိုလည်း သောက်သုံးခြင်း မပြုကြနှင့်။

၄င်းနောက် အချို့ဆင့်ပြန်ချက်များတွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ စမူဒ်မျိုးနွယ်စု အပေါ် 'အဇားဗ်'ကျရောက်လာရာ ၄င်းတို့ထဲမှ အဗူရဂါလ်မှအပ မည်သူမှ မကျန်ရှိခဲ့ပေ။ ယင်းပုဂ္ဂိုလ်သည် ထိုအခိုက် မက္ကာဟ်မြို့တော်ရှိ အလ္လာဟ့်အိမ်တော်တွင် ရောက်ရှိနေခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် အလ္လာဟ့်အိမ်တော်၏ ဂုဏ်ဒြပ်ကြောင့် ထိုသူ့အပေါ် ကျရောက်မည့် ပြစ်ဒဏ်ကို ဖယ်ရှားပေးလိုက်၏။ နောက်ဆုံးတွင် ထိုသူ 'ကအ်ဗာဟ်'ကျောင်းမှ ထွက်လာသောအခါ ၄င်း၏ မျိုးနွယ်စုများအပေါ် ကျရောက်ခဲ့သည့်အတိုင်း ထိုသူ့အပေါ်သို့ ပြစ်ဒဏ်များ ကျရောက်ခဲ့သည့်အတွက် ပျက်စီးသွားခဲ့ရပေသည်။ တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့ပြင်၌ရှိသော အဗူရဂါလ်၏ သင်္ချိုင်းလက္ခဏာအား လူများကို ပြသတော်မူခဲ့သည်။ ၄င်းနောက် ယင်းလူနှင့်အတူ ရွှေလက်စွပ်တစ်ကွင်းလည်း မြှုပ်နှံထားခဲ့ပေသည်ဟူ၍ မိန့်တော်မူပေသည်။ ဆွဟာဗာများက ထို 'ကဗရ်'ကို ဖွင့်လိုက်သောအခါ ရွှေလက်စွပ်ကို တွေ့ရှိရသဖြင့် ထုတ်ယူလိုက်ကြ၏။ ထိုဆင့်ပြန်ချက်၌ ထပ်ဆင့် မိန့်ဆိုထားသည်မှာ ဒွာအိဖ်မြို့တွင် နေထိုင်သောသူများသည် ထိုအဗူရဂါလ်၏ သားစဉ်မြေးဆက်များပင် ဖြစ်ချေသည်။ ၄င်းတို့အား ဗနူစကီးဖ်ဟု ခေါ်ဝေါ်ကြပေသည်။

ထို 'အဇားဗ်'ဒဏ်ခံရသော မျိုးဆက်များ၏ ရွာများကို အလ္လာဟ်အသျှင်မြတ်သည် နောင်အနာဂတ်၌ ပေါက်ဖွားလာမည့် လူများအတွက် သံဝေဂရစရာ နေရာအဖြစ် တည်ရှိထားခဲ့ပေသည်။ ထို့နောက် ကျမ်းတော်မြတ်တွင် ကြိမ်ဖန်များစွာ အာရဗ်လူမျိုးများကို သတိချပ်စေရန်အတွက် မိန့်တော်မူထားသည်မှာ အသင်တို့ ဆီးရီးယားနိုင်ငံဘက်သို့ ခရီးထွက်ရာလမ်းတွင် ယင်းနေရာများသည် ယနေ့တိုင်အောင် သံဝေဂရစေရန်အတွက် တည်ရှိလျက်ရှိသည်။

တမန်တော်ဆွာလိဟ် عليه السلام ၏ မျိုးနွယ်စုများပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်၏ ဖြစ်စဉ်ကို နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

فَتَوَلّٰى عَنۡهُمۡ وَقَالَ يٰقَوۡمِ لَقَدۡ اَبۡلَغۡتُكُمۡ رِسَالَةَ رَبِّىۡ وَنَصَحۡتُ
لَـكُمۡ وَلٰـكِنۡ لَّا تُحِبُّوۡنَ النّٰصِحِيۡنَ

အလိုသဘောမှာ မျိုးနွယ်စုအပေါ် 'အဇားဗ်'ကျရောက်ခဲ့ပြီးသည့်နောက် တမန်တော်ဆွာလိဟ် عليه السلام နှင့် ၄င်းအပေါ် အီမာန်ယူလာကြသော သူများသည် ထိုဒေသကို စွန့်လွှတ်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြသည်။ အချို့ဆင့်ပြန်ချက်များ၌ တင်ပြထားသည်မှာ တမန်တော်ဆွာလိဟ် عليه السلام နှင့်အတူ လူပေါင်းလေးထောင် အီမာန်ရှင်များ ပါကြသည်။ ထိုသူများအားလုံးကို ခေါ်ဆောင်ကာ ယီမန်နိုင်ငံ၏ ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားကြသည်။ ထိုနေရာမှာပင် တမန်တော်ဆွာလိဟ် عليه السلام လည်း ကွယ်လွန်ခဲ့သည်။ အချို့ဆင့်ပြန်ချက်များတွင် မက္ကာဟ်မြို့သို့ ပြောင်းရွှေ့သွားကြပြီး ယင်းနေရာမှာပင် ကွယ်လွန်သွားသည်ဟူ၍ တင်ပြထားပေသည်။

စာသား၏ အပေါ်ယံ အလိုသဘောမှ သိရှိရသည်မှာ တမန်တော်ဆွာလိဟ် عليه السلام သည် ထွက်ခွာသွားမည့်အချိန်တွင် မိမိမျိုးနွယ်စုများအား မိန့်ခွန်းပြောကြားသည်မှာ အို၊ ကျွန်ုပ်၏ မျိုးနွယ်စုအပေါင်းတို့၊ ကျွန်ုပ်သည် မိမိ၏ အသျှင်မြတ်ထံမှ နှုတ်ကပါဌ်တော်များကို အသင်တို့ထံ ပို့ပေးခဲ့ပေသည်။ အသင်တို့၏

ကောင်းကျိုးကို လိုလားခဲ့ပေသည်။ သို့သော် ဝမ်းနည်းစရာ ကောင်းသည်မှာ အသင်တို့အနေနှင့် ကောင်းကျိုးကို မနှစ်သက်ခဲ့ကြပေ။

ဤနေရာ၌ မေးမြန်းနိုင်ဖွယ်ရာ ရှိသည်မှာ မျိုးနွယ်စုအားလုံး 'အဇာဗ်'ကြောင့် ပျက်စီးသွားခဲ့ပြီ ဖြစ်သည့်အတွက် ထိုသို့ မိန့်ခွန်းပြောကြားခြင်းဖြင့် မည်သို့ အကျိုးရှိမည်နည်း။ အဖြေမှာ အကျိုးတစ်ခုသည် ဤသို့ ရှိ၏။ ၎င်းမှာ လူများကို သံဝေဂတရား ရစေရန်ဖြစ်မည်။ ၎င်းနောက် ဤနည်းအတိုင်းပင် တမန်တော်မြတ် ﷺ သည် 'ဗဒရ်'စစ်ပွဲတွင် သေဆုံးသွားသော မုရှ်ရစ်က်များကို မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်းနောက် ဖြစ်နိုင်ချေတစ်ခု ရှိသည်မှာ တမန်တော်ရွှာလိဟ် عليه السلام ၏ ယင်းမိန့်ကြားချက်သည် 'အဇာဗ်'မကျရောက်မီအလျင်၊ မျိုးနွယ်စုများ မပျက်စီးမီအလျင်ဖြစ်မည်။ သို့သော် တင်ပြရာ၌ နောက်မှတင်ပြခဲ့ခြင်းမျိုးဖြစ်မည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلُوطًا إِذْ قَالَ لِقَوْمِهِۦٓ أَتَأْتُونَ ٱلْفَٰحِشَةَ مَا سَبَقَكُم
بِهَا مِنْ أَحَدٍ مِّنَ ٱلْعَٰلَمِينَ ۝٨٠

၇ : ၈၀ ॥ ॥ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည် နဗီတမန်တော်) လူးသ်ကို (လည်း စေလွှတ်တော်မူခဲ့သည်။) တစ်ရံရောအခါ ထို (နဗီတမန်တော်) လူးသ်သည် မိမိအမျိုးသားတို့အား 'အသင်တို့သည် မိမိတို့ထက်အလျင် စကြဝဠာခပ်သိမ်းတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် မကျူးလွန်ခဲ့ဘူးသော အကြင်စက်ဆုပ်ရွံရှာဖွယ်ရာ အမှုကိစ္စကို ကျူးလွန်ကြလေသလော'ဟူ၍ ပြောကြားခဲ့လေသည်။

إِنَّكُمْ لَتَأْتُونَ ٱلرِّجَالَ
شَهْوَةً مِّن دُونِ ٱلنِّسَآءِ ۚ بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ ۝٨١

၇ : ၈၁ ॥ ॥ မုချကေန် အသင်တို့သည် မိန်းမများကို စွန့်၍ ယောကျာ်းများထံ ကာမဂုဏ်ခံစားရန် သွားကြကုန်သည်။ ထိုမျှမက အသင်တို့သည် (အရာရာတွင်လည်း အလွန်အမင်း) စည်းကမ်းကျူးလွန်သူများပင် ဖြစ်ကြကုန်ပေသည်။

وَمَا كَانَ جَوَابَ قَوْمِهِۦٓ إِلَّآ أَن قَالُوٓا۟ أَخْرِجُوهُم
مِّن قَرْيَتِكُمْ ۖ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ ۝٨٢

၇ : ၈၂ ॥ ॥ ထိုအခါ ၎င်း (နဗီတမန်တော်လူးသ်) ၏ အမျိုးသားတို့က (မိမိတို့အချင်းချင်း) 'အသင်တို့သည် ၎င်း (လူးသ်နှင့်တကွ မှအ်မင်နသက်ဝင်ယုံကြည်သူ) တို့ကို မိမိတို့၏ မြို့ရွာမှ နှင်ထုတ်ကြလေကုန်။ အကြောင်းမှာ အမှန်စင်စစ် ၎င်းတို့သည် သန့်ရှင်းစင်ကြယ်ဟန်ဆောင်သူများသာ ဖြစ်ကြကုန်သည်'ဟူ၍ ပြောဆိုခြင်းမှအပ မည်သို့မျှ ဖြေကြားနိုင်ခြင်း မရှိခဲ့ကြပေ။

فَأَنْجَيْنَٰهُ وَأَهْلَهُۥٓ إِلَّا ٱمْرَأَتَهُۥ كَانَتْ مِنَ ٱلْغَٰبِرِينَ ۝٨٣

၇ : ၈၃ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် (၎င်းအမျိုးသားတို့အပေါ်၌ အပြစ်ဒဏ်ကို သက်ရောက်စေတော်မူခဲ့ရာ) ထို (နဗီတမန်တော်) လူးသ်၏ ကြင်ရာမှအပ ထိုလူးသ်နှင့်တကွ အိမ်သူအိမ်သားတို့ကိုပါ ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ထို (လူးသ်၏) ကြင်ရာမှာမူ (ပြစ်ဒဏ်ခံစေရန်) နောက်ကျန်ရစ်သူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلْمُجْرِمِينَ ۝٨٤

၇ : ၈၄ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ၎င်းအမျိုးသားတို့အပေါ်၌ (ခဲ) မိုးတစ်မျိုးကို ရွာသွန်းစေတော်မူခဲ့လေရာ အသင်သည် ပြစ်မှုဒုစရိုက် ကျူးလွန်သောသူတို့၏ (နောက်ဆုံး) အကျိုးသည် မည်သို့ဖြစ် (ပျက်) ခဲ့သည်ကို ရှုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းနောက် ငါအသျှင်မြတ်သည် လူးသ် عليه السلام ကို အချို့ရွာများဘက်သို့ နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ ၎င်းနဗီသည် မိမိ၏ အွမ္မသ်များအား မိန့်တော်မူသည်မှာ အသင်တို့ထက်အလျင် လောကတွင် မည်သူမှ မပြုလုပ်ခဲ့သော မကောင်းသည့် လုပ်ရပ်ကို အသင်တို့ ပြုလုပ်နေကြပါ၏။ ဆိုလိုသည်မှာ အမျိုးသမီးများကို လွှတ်၍ ယောကျ်ားချင်း ဆက်ဆံမှုပြုနေကြပါ၏။ ယင်းအလုပ်အား အသင်တို့အနေနှင့် လှည့်ဖြားခံရ၍ ပြုလုပ်နေခြင်းမဟုတ်သည့်အပြင် လူသားစရိုက်၏ စည်းဘောင်ထက်ပင် ကျော်လွန်သွားခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းကိစ္စနှင့် ပတ်သက်ပြီး ၎င်းတို့အနေနှင့် မည်သို့မျှ အဖြေမပေးနိုင်သောအခါ အချင်းချင်းတွင် မဖွယ်မရာ ဤသို့ ပြောဆိုလာကြသည်။ ၎င်းမှာ လူးသ် عليه السلام နှင့် ၎င်းအပေါ် အီမာန်ယူလာကြသူများကို အသင်တို့ မိမိရွာမှ နှင်ထုတ်လိုက်ကြကုန်။ အဘယ်ကြောင့်ဆိုသော် ယင်းလူများသည် မိမိကိုယ်မိမိ အလွန်သန့်ရှင်းစင်ကြယ်သည်ဟု ဆိုနေကြသည်။ ကျွန်ုပ်တို့ကိုလည်း ညစ်ညမ်းသူဟူ၍ ပြောဆိုနေကြသည်။ သို့ရှိရာ ညစ်ညမ်းသူများအကြား သန့်ရှင်းသူများ နေစရာ အကြောင်းမရှိပေ။ ယင်းစကားများကို ၎င်းတို့အနေနှင့် လှောင်ပြောင်သည့်ပုံစံနှင့် ပြောဆိုခြင်းပင် ဖြစ်သည်။ ဤအဆင့်ထိ ရောက်ရှိလာသောအခါ ငါအသျှင်မြတ်သည် ထိုမျိုးနွယ်စုအပေါ် 'အဇာဗ်' ချပေးတော်မူခဲ့သည်။ ၎င်းနောက် လူးသ် عليه السلام နှင့် ၎င်း၏ နောက်လိုက်များဖြစ်သော အိမ်သူအိမ်သားများနှင့် အခြားအီမာန်ယူလာကြသူများကို ထို 'အဇာဗ်' မှ ကယ်တင်တော်မူခဲ့သည်။ ထိုနေရာမှ ထွက်ခွာသွားရန် အစကနဦးကပင် မိန့်ကြားထားခဲ့ပေသည်။ ၎င်းနဗီ၏ ဇနီးသည်မှာ အီမာန်မယူလာသည့်အတွက် ထိုသူများနှင့် ကျန်ရှိခဲ့ပြီး 'အဇာဗ်' ကျခြင်း ခံခဲ့ရပေသည်။ ထိုသူများအပေါ် ကျရောက်ခဲ့သည့် 'အဇာဗ်' မှာ ငါအသျှင်မြတ်သည် ထိုသူများအပေါ် အသစ်အဆန်းပုံစံဖြင့် မိုးရွာသွန်းစေခဲ့သည်။ ထိုမိုးများမှာ ခဲမိုးပင်ဖြစ်သည်။ သို့ရှိရာ အို၊ မြင်တွေ့နေသူအပေါင်းတို့၊ ထိုကျူးလွန်သူများ၏ ရလဒ်မှာ မည်သို့ရှိသည်ကို ကြည့်ကြကုန်။ အကယ်၍ အသင် ဂရုစိုက်ကြည့်မည်ဆိုလျှင် အံ့သြသွားမည်။ ဖီဆန်သူများ၏ ရလဒ်မှာ မည်သို့ ရှိသည်ကိုလည်း နားလည်သွားပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နဗီတမန်တော်များနှင့် ၎င်းတို့၏ အွမ္မသ်များ၏ ဖြစ်စဉ်များအား အစဉ်လိုက် အထက်မှ ဖော်ပြခဲ့ပေသည်။ ၎င်းတို့ထဲမှ စတုတ္ထမြောက်ဖြစ်စဉ်မှာ တမန်တော်လူးသ် عليه السلام ဖြစ်သည်။ လူးသ် عليه السلام သည် တမန်တော်အီဗ္ဗရာဟီမ် عليه السلام ၏ တူတော်မောင်ဖြစ်သည်။ နှစ်ဦးစလုံး၏ မူရင်းမွေးရပ်ဌာနေမှာ အီရတ်နိုင်ငံအနောက်ဘက်ရှိ ဗဆွ်ရာမြို့အနီး ဗာဗွလ်အမည်နှင့် ကျော်ကြားသောနေရာ ဖြစ်သည်။ ယင်းမြို့၌ ရုပ်တုကိုးကွယ်သည့် အစဉ်အလာရှိခဲ့သည်။ တမန်တော်အီဗ္ဗရာဟီမ် عليه السلام ၏ အိမ်သူအိမ်သားများကိုယ်တိုင်က ရုပ်တုကိုးကွယ်ခြင်း၌ နစ်မွန်းနေကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လမ်းမှန်တရား ရစေရန် အလို့ငှာ တမန်တော်အီဗ္ဗရာဟီမ် عليه السلام ကို နဗီအဖြစ် စေလွှတ်ခဲ့သည်။ မျိုးနွယ်စုများမှ ဆန့်ကျင်ကြသည့်အတွက် နောက်ဆုံး နမ်ရူးဒ်၏ မီးတွင်းထဲ ကျရောက်ခဲ့ရသည်။ ဖခင်ကိုယ်တိုင်က အိမ်မှ နှင်ထုတ်မည်ဟူ၍ ခြိမ်းခြောက်ခဲ့သည်။

မိမိ၏ အိမ်သူအိမ်သားများထဲမှ မိမိ၏ ဇနီးသည်ဖြစ်သူ ဟဇရတ်စာရဟ်နှင့် တူတော်မောင် တမန်တော်လူးသ် عليه السلام တို့နှစ်ဦးသာ မွတ်စ္စလင်မ်ဖြစ်ခဲ့ကြသည်။

فَاٰمَنَ لَهٗ لُوْطٌ

နောက်ဆုံးတွင် ၎င်းတို့နှစ်ဦးနှင့်အတူ မွေးရပ်မြေမှ ဆီရီးယားနိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ အုရ်ဒွန်မြစ်သို့ ရောက်ရှိပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် တမန်တော်အီဗ္ဗရာဟီမ် عليه السلام သည် ကန်အာန်နယ်မြေတွင် သွားရောက်နေထိုင်ခဲ့၏။ ယင်းနယ်မြေသည် 'ဗိုင်သွလ်မိုကဒ္ဒတ်စ်'အနီး၌ ရှိသည်။

၎င်းနောက် လူးသ် عليه السلام ကိုလည်း အလ္လာဟ်အသျှင်မြတ်သည် နဗီဘွဲ့ကို ချီးမြှင့်ပြီး အုရ်ဒွန်နှင့် ဗိုင်သွလ်မိုကဒ္ဒတ်စ်ကြားရှိ စဒ္ဒူမ်အမည်ရှိသော နေရာဒေသရှိ လူများကို လမ်းမှန်တရား ရရှိစေရန်အတွက် စေလွှတ်တော်မူခဲ့သည်။ ယင်းနယ်မြေတွင် မြို့ကြီးငါးမြို့လည်း ပါဝင်ပေသည်။ ယင်းမြို့များ၏အမည်မှာ စဒ္ဒူမ်၊ အမူရဟ်၊ အဒ်မဟ်၊ ဆွဗူဗီမ်နှင့် ဗာလေ့အ် (သို့) ဆူဂါရ်ဖြစ်ပေသည်။ ယင်းမြို့အားလုံးကို စုပေါင်းပြီး ကျမ်းကော်မြတ်တွင် 'မူအ်သဖွေကဟ်'နှင့် 'မူအ်သဖွေကာသ်'ဟူသော စာလုံးများဖြင့် နေရာများစွာတွင် တင်ပြထားပေသည်။ စဒ္ဒူမ်မြို့အား ထိုမြို့အားလုံး၏ မြို့တော်ဟူ၍လည်းကောင်း၊ ဌာနချုပ်ဟူ၍လည်းကောင်း နားလည်မှတ်ယူထားကြသည်။ တမန်တော်လူးသ် عليه السلام သည် ယင်းနေရာ၌ပင် နေထိုင်တော်မူခဲ့သည်။ မြေပထဝီမှာ စိမ်းလန်းစိုပြည်ပြီး သီးနှံမျိုးစုံနှင့် ပန်းမျိုးစုံများစွာ ပေါက်ရောက်ပေသည်။

လူသားတို့၏ များသောအားဖြင့် ဖြစ်ပေါ်တတ်သော ဓလေ့နှင့် ပတ်သက်၍ ကျမ်းတော်မြတ်၌ မိန့်တော်မူထားသည်မှာ-

كَلَّآ اِنَّ الْاِنْسَانَ لَيَطْغٰۤى اَنْ رَّاٰهُ اسْتَغْنٰى

အလိုသဘောမှာ လူသားတို့သည် တစ်ဦးတစ်ယောက်အား အမှီသဟဲပြုရန် မလိုအပ်တော့ဟုဆိုလျှင် ဖီဆန်မှုပြုလာကြသည်။ ထိုလူများအပေါ်လည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'နေ့အ်မသ်'များကို ဖွင့်ချပေးတော်မူသည်။ အများသူငှာဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း စည်းစိမ်အပေါ် ယစ်မူးကာ ပစ္စည်းဥစ္စာ

အပေါ် နစ်မွန်းသွားကြပြီး လူသားတို့၌ ရှိထိုက်သည့် အရက်တရားများနှင့် အမှားအမှန်ကို ခွဲခြားနိုင်သည့် အရည်အချင်းပင် ပပျောက်သွား၏။ ဤကဲ့သို့သော ဗီဇနှင့် ဆန့်ကျင်သည့် မကောင်းမှုများ၌ နစ်မွန်းသွားကြပေသည်။ ယင်းညစ်ညမ်းသော လုပ်ရပ်သည် 'ဟရာမ်'နှင့် 'ဂိုနာဟ်'ဖြစ်ခြင်းမှအပ မွန်မြတ်သော စာရိတ္တအတွက် အလွန်ရွံမုန်းစရာကောင်းသော လုပ်ရပ်ဖြစ်သည်။ တိရစ္ဆာန်များပင် ထိုကဲ့သို့သော အလုပ်ကို လုပ်ဆောင်ကြမည်မဟုတ်ပေ။

တမန်တော်လူးသ် عليه السلام အား အလ္လာဟ်အသျှင်မြတ်သည် ထိုသူများ လမ်းမှန်တရားရရှိစေရန်အတွက် ခန့်အပ်တော်မူခဲ့သည်။ ၎င်းနဗီသည် မိမိအုပ်စုများကို မိန့်ခွန်းပြောကြားရာတွင်

اَتَاْتُوْنَ الْفَاحِشَةَ مَاسَبَقَكُمْ بِهَا مِنْ اَحَدٍ مِّنَ الْعَالَمِيْنَ

ဆိုလိုသည်မှာ သတိချပ်စေရန် မိန့်တော်မူသည်မှာ အသင်တို့ထက်အလျင် လောကတွင် မည်သူမှ မပြုလုပ်ခဲ့သော ညစ်ညမ်းသည့် လုပ်ရပ်ကို အသင်တို့ ပြုလုပ်နေကြပါ၏လော။

'ဇေနာ'နှင့်ပတ်သက်ပြီး ကျမ်းတော်မြတ်တွင် اِنَّهٗ كَانَ فَاحِشَةً ဟု 'အလီးဖ်လာမ်'မပါဘဲ တင်ပြထားပေသည်။ ဤနေရာ၌ 'အလိဖ်လာမ်'နှင့်အတူ اَلْفَاحِشَةُ ဟု မိန့်တော်မူပြီး ညွှန်ပြနေသည်မှာ ဤသည် ဗီဇနှင့် ဆန့်ကျင်သော ညစ်ညမ်းမှုဖြစ်သည်။ ပမာဆိုရသော် မကောင်းမှုဟူသမျှကို စုစည်းထားသော အရာ၊ ၎င်းနောက် 'ဇေနာ'ထက်ပို၍ ကြီးမားသော ပြစ်မှုဖြစ်ပေသည်။ တစ်ဖန် မိန့်တော်မူသည်မှာ ဤညစ်ညမ်းမှုသည် အသင်တို့ထက်အလျင် လောကတွင် မည်သူမှ ပြုလုပ်ခဲ့ခြင်းမရှိပေ။ အမရ်အိဗ်နေ ဒီနာရ်မှ မိန့်တော်မူသည်မှာ ထိုမျိုးနွယ်စုများထက်အလျင် လောကတွင် မည်သည့် အခါမှ ဤကဲ့သို့သော လုပ်ရပ်မျိုးကို ပြုလုပ်ခဲ့ခြင်း မရှိကြချေ။ စဒ္ဒူမ်မြို့သူ၊ မြို့သားများ၌ ဆိုးသထက်ဆိုးသော လူများပင်လျှင် ယင်းလုပ်ရပ်ဘက်သို့ အတွေးမျှပင် မရောက်ခဲ့ကြပေ။ ခလီဖွာအဗ်ဒွလ်မာလိက်မှ ပြောဆိုသည်မှာ အကယ်၍ ကျမ်းတော်မြတ်တွင် လူးသ် عليه السلام ၏ မျိုးနွယ်စုများအကြောင်းကို တင်ပြထားခြင်းမရှိပါက လူသားသည် ဤကဲ့သို့သော ညစ်ညမ်းမှုမျိုးကို လုပ်နိုင်ကြပါမည်လောဟူ၍ ကျွန်ုပ်တို့အနေနှင့် တွေးထင်မိမည်မဟုတ်ချေ။

ဤအာယသ်တော်တွင် ၎င်းတို့၏ အရှက်မဲ့ခြင်းအပေါ် အခြေအနေနှစ်ရပ်ဖြင့် သတိပေးမိန့်တော်မူထားပေသည်။ ပထမအချက်မှာ လူသားသည် မိမိအသိုင်းအဝိုင်းကြောင့်သော်လည်းကောင်း၊ (သို့) မိမိတို့၏ ရှေးလူကြီးများ၏ နောက်လိုက်ခြင်းကြောင့်သော်လည်းကောင်း ယင်း'ဂိုနာဟ်'များစွာတွင် နစ်မွန်းလျက် ရှိကြသည်။ ယင်းအချက်သည်လည်း တရားတော်က လက်ခံနိုင်လောက်သည့် အကြောင်းပြချက်မဟုတ်ပေ။ သို့သော် အတိုင်းအတာတစ်ခုအထိ ယင်းအချက်ကို လက်ခံနိုင်သည်ဟု ဆိုနိုင်ပေသည်။ သို့သော် အလျင်က မည်သူမှ မပြုလုပ်ခဲ့သေးသော အပြစ်မျိုးဖြစ်မည်။ ထိုအပြစ်မျိုးပြုလုပ်ရန် မည်သည့်အကြောင်းတရားများလည်း မရှိဟုဆိုလျှင် ဤသည် အလွန်ဆိုးဝါးသောအချက်ပင် ဖြစ်သည်။ ဒုတိယအချက်မှာ မကောင်းသော အလုပ် (သို့) မကောင်းသော ဓလေ့တစ်ခုကို တစ်ဦးတစ်ယောက်က တီထွင်ခဲ့သည်ဆိုလျှင် ယင်းအပြစ်

အား မိမိကိုယ်တိုင် ကျူးလွန်ခြင်းကြောင့် အပြစ်ထိုက်သည်မှာ သေချာပေသည်။ တစ်ဆက်တည်းမှာပင် ယင်းအပြစ်၌ 'ကေယာမသ်'နေ့အထိ နစ်မွန်းနေကြသော လူအပေါင်းတို့၏ ပြစ်မှုသည် ထိုတီထွင်သော လူ၏အပေါ်၌ ကျရောက်မည်ဖြစ်သည်။

ဒုတိယအာယသ်တော်တွင် ၎င်းတို့၏ အရှက်မဲ့ခြင်းကို ပို၍ အတိအလင်းဝါကျများဖြင့် ဤကဲ့သို့ တင်ပြမိန့်တော်မူထားပေသည်။ ၎င်းမှာ အသင်တို့သည် အမျိုးသမီးများကို လွှတ်ပြီး အမျိုးသားများနှင့်အတူ ကာမကျူးလွန်ကြသည်။ ယင်းအချက်မှညွှန်ပြနေသည်မှာ လူသား၏ ဗီဇအရနှင့် သဘာဝအရ ဖြစ်ပေါ်သော အလိုဆန္ဒကို ဖြေသိမ့်ရန်အတွက် အလ္လာဟ်အသျှင်မြတ်သည် ပိုင်သောနည်းလမ်းဖြင့် အမျိုးသမီးများနှင့် 'နေကာဟ်' ပြုရန် ချမှတ်ထားပေသည်။ ယင်းအမျိုးသမီးများနှင့် 'နေကာဟ်'ပြုလုပ်ခြင်းကို စွန့်လွှတ်ပြီး ဗီဇနှင့် ဆန့်ကျင်သော နည်းလမ်းကို ရွေးချယ်ခြင်းသည် ညစ်ညမ်းသော စိတ်ရှိခြင်းနှင့် အတွေးအခေါ်ရှိခြင်း၏ အထောက်အထားဖြစ်သည်။

ထို့ကြောင့် ဆွဟာဗာများနှင့် သာဗေအီနံများ ရှေ့ဆောင်ကြီးများသည် ယင်းပြစ်မှုကို အပြစ်များထဲမှ အဆိုးရွားဆုံးပြစ်မှုဖြစ်သည်ဟူ၍ သတ်မှတ်ထားပေသည်။ အေမာမ်အဗူဟနီဖာ (ရဟ) မိန့်ဆိုသည်မှာ ယင်းပြစ်မှုကို ကျူးလွန်သူအား လူးသ်မျိုးနွယ်စုများကို ပြစ်ဒဏ်ချမှတ်သကဲ့သို့ ပြစ်ဒဏ်ပေးရမည်ဖြစ်သည်။ ၎င်းမှာ မိုးကောင်းကင်မှ ခဲမိုးများ ရွာသွန်းပြီး မြေလှန်လိုက်၏။ ထို့ကြောင့် ယင်းအပြစ်ကျူးလွန်သူအား တောင်အမြင့်တစ်နေရာမှ ပစ်ချပြီး အပေါ်မှ ခဲဖြင့် ပစ်ပေါက်ရမည်။ မွတ်စ်နဒ်အဟ်မဒ်၊ အဗူဒါဝူးဒ်၊ သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်ကျမ်းများတွင် အိဗ်နေအဗ္ဗားစ် رضي الله عنهما ၏ ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်မြတ် ﷺ သည် ထိုလုပ်ရပ်ပြုလုပ်သူနှင့် ပတ်သက်ပြီး မိန့်တော်မူထားသည်မှာ-

فَاقْتُلُوا الْفَاعِلَ وَالْمَفْعُوْلَ بِهِ

အလိုသဘောမှာ ထိုလုပ်ရပ်ပြုလုပ်သူနှင့် ပြုလုပ်ခြင်းခံရသူနှစ်ဦးစလုံးကို သတ်ဖြတ်လိုက်ရမည်။

အာယသ်တော်၏ နောက်ဆုံးတွင် **မိန့်တော်မူ**ထားသည်မှာ-

بَلْ اَنْتُمْ قَوْمٌ مُّسْرِفُوْنَ

ဆိုလိုသည်မှာ အသင်တို့သည် လူ့ကျင့်ဝတ်၏ စည်းဘောင်ပြင် ရောက်ရှိသွားကြသောသူများ **ဖြစ်သည်။ ဆိုလို**သည်မှာ အသင်တို့၏ အရင်းခံရောဂါမှာ အသင်တို့သည် လုပ်ရပ်တိုင်း၏ စည်းဘောင်ကို ကျော်သောသူများ ဖြစ်ကြသည်။ ယာဂစိတ်နှင့် ပတ်သက်၍လည်း ထိုနည်းတူစွာ စည်းဘောင်ကျော်သူများ ဖြစ်ကြသည်။ အလ္လာဟ်အသျှင်မြတ်မှ **သတ်မှတ်ထားသော စည်း**ဘောင်ကို ကျော်၍ ဗီဇနှင့် ဆန့်ကျင်ဘက် လုပ်ရပ်များ၌ နစ်မွန်းသွားကြသူများ ဖြစ်သည်။

တတိယမြောက်အာယသ်တော်တွင် တမန်တော်လူးသ် عليه السلام ၏ ဩဝါဒတော်အပေါ်၌ ၎င်း၏ အုပ်စုများမှ ဖြေကြားချက်ကို ဤသို့ တုန့်ပြန်မိန့်တော်မူထားပေသည်။ ၎င်းမှာ ၎င်းတို့ဘက်မှ မည်သို့မျှ

မဖြေကြားနိုင်သောအခါ ဖွတ်တရွတ်ပုံစံဖြင့် အချင်းချင်း၌ ပြောဆိုကြသည်မှာ ယင်းတို့သည် မိမိကိုယ်မိမိ အလွန်သန့်ရှင်းစင်ကြယ်သူများဟူ၍ ကြွေးကြော်နေကြသည်။ ၎င်းတို့ကို ရှင်းပစ်ရန်အတွက် ရွာမှ နှင်ထုတ်လိုက်ကြရမည်။

တတိယနှင့် စတုတ္ထမြောက်အာယသ်တော်တွင် စဒ္ဒူမ်မြို့နွယ်စု၏ အရုက်မဲ့လုပ်ရပ်အပေါ် မိုးကောင်းကင်ပေါ်မှ ကျရောက်လာသော ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ တင်ပြမိန့်တော်မူထားပေသည်။ ၎င်းမှာ ထိုအုပ်စုအားလုံးအပေါ်သို့ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ 'အဇာဗ်'များ ကျရောက်လာခဲ့သည်။ တမန်တော်လူးသ် عليه السلام နှင့် ၎င်း၏ နောက်လိုက်အချို့သာ ထိုပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ကြသည်။ ကျမ်းတော်မြတ်တွင်

فَاَ نْجَيْنٰهُ وَاَهْلَهٗ

ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် လူးသ်နှင့် ၎င်း၏ မိသားစုများကို ကယ်တင်တော်မူခဲ့သည်။' ဤနေရာ၌ اَهْل ဟူသည်မှာ မည်သူများ ဖြစ်ကြသနည်း။ ယင်းအချက်နှင့် စပ်လျဉ်း၍ အချို့သဖ်စီးရ်ပညာရှင်များ၏ အဆိုမှာ မွတ်စ္လင်မ်ဖြစ်သွားသော မိန်းကလေးနှစ်ဦးဖြစ်သည်။ ဇနီးသည်လည်း မွတ်စ္လင်မ်မဖြစ်ခဲ့ပေ။ ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တွင်

فَمَاوَجَدْنَا فِيْهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِيْنَ

ဟူ၍ တင်ပြထားပေသည်။ ထိုရွာတစ်ရွာလုံးတွင် အိမ်တစ်အိမ်မှအပ မည်သူမှ မွတ်စ္လင်မ် မဖြစ်ခဲ့ကြချေ။ ထို့ကြောင့် လူးသ် عليه السلام ၏ အိမ်ရှိ လူများသာ မွတ်စ္လင်မ်ဖြစ်ခဲ့သည်မှာ ပေါ်လွင်နေပေသည်။ ယင်းလူများသည် 'အဇာဗ်'မှ လွတ်မြောက်ခဲ့ကြပေသည်။ ယင်းလူများတွင်လည်း ဇနီးသည် မပါဝင်ပေ။ အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုသည်မှာ اَهْل ၏ အလိုသဘောတွင် အားလုံး အကျုံးဝင်ပေသည်။ မိမိအိမ်သူ၊ အိမ်သားများနှင့် အခြားမွတ်စ္လင်မ်ဖြစ်သွားသော နောက်လိုက်များဖြစ်ကြသည်။ အချုပ်ဆိုရသော် အရေအတွက် အနည်းငယ်မျှသာ မွတ်စ္လင်မ်ဖြစ်ရှိခဲ့သည်။ ၎င်းတို့အား 'အဇာဗ်'မှ ကယ်တင်ရန်အတွက် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်လူးသ် عليه السلام အား အမိန့်ပေးတော်မူသည်မှာ မိမိဇနီးသည်မှအပ အခြားအိမ်သူအိမ်သားများနှင့် နောက်လိုက်များအားလုံးကို ခေါ်ဆောင်၍ ည၏ နောက်ဆုံးပိုင်းတွင် ဤရွာမှ ထွက်သွားကြကုန်။ ထိုသို့ ထွက်သွားစဉ် နောက်ပြန်လှည့်မကြည့်ရန်လည်း မိန့်တော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် အသင် ဤရွာမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် ဤရွာသူ၊ ရွာသားများအပေါ် 'အဇာဗ်'ကျရောက်လာလိမ့်မည်။

တမန်တော်လူးသ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်အပေါ် လိုက်နာကျင့်သုံးလျက် မိမိ၏ မိသားစုနှင့် နောက်လိုက်များကို ခေါ်ဆောင်လာကာ ည၏ နောက်ဆုံးပိုင်းတွင် စဒ္ဒူမ်ရွာမှ ထွက်ခွာသွားခဲ့သည်။ ဇနီးသည်နှင့် ပတ်သက်၍ ဆင့်ပြန်ချက်နှစ်ခု လာရှိထားသည်။ ဆင့်ပြန်ချက်တစ်ခုမှာ ထိုဇနီးသည်သည် အတူလိုက်ပါသွားခြင်းမရှိပေ။ အခြားဆင့်ပြန်ချက်တွင် အနည်းငယ်ဝေးလံသည်အထိ အတူသွားခဲ့သည်။

သို့သော် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ဖီဆန်၍ ကျန်ရှိသော ရွာသူရွာသားများ၏ အခြေအနေကို သိလိုစိတ်ဖြင့် နောက်ပြန် လှည့်ကြည့်မိသည့်အတွက် ယင်းဇနီးသည်အပေါ် 'အဇာဗ်'ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ကျမ်းတော်မြတ်၏ နေရာအသီးသီးတွင် ထိုဖြစ်စဉ်ကို အကျဉ်းချုံးသော်လည်းကောင်း၊ အကျယ်တဝင့်သော်လည်းကောင်း တင်ပြထားပေသည်။ ၄င်းမှာ လူးသ် عليه السلام နှင့် ၄င်း၏ နောက်လိုက်များကို 'အဇာဗ်'မှ ကယ်တင်တော်မူခဲ့သည်။ သို့သော် ၄င်းနဗီ၏ဇနီးမှာ 'အဇာဗ်'၌ ကျန်ရစ်ခဲ့သည်။ ကယ်တင်ခဲ့သည့် ပုံစံမှာ ၄င်းတို့အားလုံး ရွာမှ ထွက်ခွာသွားရမည်။ နောက်ပြန်လှည့်မကြည့်ရဟူ၍ အခြားအာယသ်တော်တွင် တင်ပြထားပေသည်။

စတုတ္ထမြောက် အာယသ်တော်တွင် ၄င်းအုပ်စုအပေါ် ကျရောက်သော 'အဇာဗ်'နှင့် စပ်လျဉ်း၍ ဝါကျများကို အတိုချုံး၍ ဤမျှသာ တင်ပြမိန့်တော်မူထားပေသည်။ ၄င်းမှာ ထိုသူများအပေါ် ထူးဆန်းသည့် မိုးတစ်မျိုး ရွာသွန်းစေခဲ့ပေသည်။ ၄င်းနောက် 'စူရာဟ်ဟူးဒ်'တွင် ထို 'အဇာဗ်'ကျရောက်ခဲ့ခြင်း၏ အခြေအနေများကို အကျယ်တဝင့် ဤသို့ တင်ပြထားပေသည်။

فَلَمَّا جَآءَ اَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَاَمْطَرْنَا عَلَيْهَا حِجَارَةً مِّنْ سِجِّيْلٍ

مَنْضُوْدٍ مُّسَوَّمَةً عِنْدَ رَبِّكَ وَمَا هِيَ مِنَ الظّٰلِمِيْنَ بِبَعِيْدٍ

အလိုသဘောမှာ 'ထို့နောက် ငါအသျှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ ငါအသျှင်မြတ်သည် ထိုမြို့ရွာကို အထက်အောက် (ပြောင်းပြန်) လှန်ပစ်တော်မူခဲ့၏။ ထို့ပြင် ယင်းမြို့ရွာပေါ်သို့ ရွှံ့စေးဖြင့်ပြီးသော ကျောက်ခဲမိုးများကို အဆက်မပြတ် ရွာသွန်းစေတော်မူခဲ့လေသည်။ (ထိုကျောက်ခဲများသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်ပါး အထူးအမှတ်တံဆိပ် ခတ်နှိပ်ပြီးဖြစ် (သောကျောက်ခဲများ ဖြစ်) ၏။ စင်စစ် ထိုမြို့ရွာသည် မတရား ပြစ်မှုကျူးလွန်ကြကုန်သော သူ (မက္ကာဟ်မြို့သား) တို့နှင့် ဝေးကွာလှသည်မဟုတ်ပေ။'

ယင်းအချက်မှ သိရှိရသည်မှာ အထက်မှ ခဲမိုးများ ရွာသွန်းပြီး အောက်မှ မြေကြီးကို ဂျိဗ္ဗရာအီးလ် عليه السلام သည် မ,ယူကာ ပြောင်းပြန်လှန်၍ ပစ်ချလိုက်သည်။ ၄င်းနောက် ရွာသွန်းလိုက်သော ခဲပုံမှာ အထပ်ထပ် ဖြစ်ရှိသွားသည်။ ဆိုလိုသည်မှာ စဉ်ဆက်မပြတ် ရွာသွန်းမှုကြောင့် အထပ်ထပ် စုပုံသွား၏။ ယင်းခဲလုံးများအပေါ် အမှတ်အသားများ ပြုလုပ်ထားပေသည်။ အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုသည်မှာ **ဖျက်ဆီးခြင်းခံရမည့်သူများ၏ တစ်ဦးချင်းအမည်ကို** ခဲလုံးတိုင်း၌ ရေးသားထားပေသည်။ 'စူရာဟ်ဟိဂ်ျရ်'၏ အာယသ်တော်များတွင် ထိုကဲ့သို့ 'အဇာဗ်'မကျရောက်မီအလျင် ဤသို့လည်း တင်ပြထားပေသည်။ ၄င်းမှာ-

فَاَخَذَتْهُمُ الصَّيْحَةُ مُشْرِقِيْنَ

၄င်းတို့အပေါ် နံနက်နေထွက်သည့်အချိန် ပြင်းထန်သည့် အသံကြီးတစ်ခု မြည်ဟိန်းလာသည်။ ထိုအချက်မှ သိရှိရသည်မှာ ဦးစွာပထမ ကောင်းကင်ထက်မှ ပြင်းထန်သည့် အသံတစ်သံ မြည်ဟိန်းလာပြီး တစ်ဖန် ထို့နောက်ပိုင်းတွင် အခြားပြစ်ဒဏ်တစ်ခု ကျရောက်လာသည်။ ဝါကျ၏ အပေါ်ယံအလိုသဘောမှ

သိရှိရ သည်မှာ ပြင်းထန်သည့်အသံ ထွက်ပေါ်လာပြီးနောက် ဦးစွာပထမ မြေကြီးကို လှန်ပစ်လိုက်သည်။ ထို့နောက်တစ်ဖန် ဤသည်ထက်ပို၍ သေးသိမ်စေရန်အတွက် ၎င်းတို့အပေါ် ခဲမိုးများ ရွာသွန်းခဲ့ပေသည်။ ၎င်းနောက် ဖြစ်နိုင်ချေရှိသည်မှာ ဦးစွာပထမ မိုးများရွာသွန်းချပြီးနောက်မှ မြေကို လှန်လိုက်ခြင်းလည်း ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်၏ တင်ပြထားသည့်အတိုင်း ပထမတင်ပြထားသော အရာသည် ဦးစွာ ကျရောက်ခဲ့ပါသည်ဟူ၍ ကောက်ချက်ချရန် အရေးမကြီးပေ။

တမန်တော်လူးသ် ﷺ ၏ မျိုးနွယ်စုများအပေါ် ကျရောက်ခဲ့သော ကြောက်မက်ဖွယ်ရာကောင်းသည့် 'အဇာဗ်'များထဲမှ မြေလှန်လိုက်သော ဖြစ်ဒဏ်သည် ထိုသူများ၏ အရုက်ကင်းမဲ့သော လုပ်ရပ်နှင့် အတူ ဆက်စပ်မှုရှိပေသည်။ ၎င်းမှာ ထိုသူများသည် သဘာဝနှင့် ဆန့်ကျင်၍ အပြစ်ကျူးလွန်ခဲ့ကြ၏။ စူရာဟ်ဟူဒ်၏ အဆုံးသတ်တော်များနောက်ဆုံးတွင် ကျမ်းတော်မြတ်သည် အာရဗ်လူမျိုးများအား ထပ်လောင်း၍ သတိပေး မိန့်ကြားတော်မူသည်မှာ-

وَمَا هِيَ مِنَ الظّٰلِمِيْنَ بِبَعِيْدٍ

ဆိုလိုသည်မှာ ဤသို့ ပြောင်းပြန်လှန်ခြင်းခံရသော ရွာများသည် ထိုကျူးလွန်သူများနှင့် မဝေးကွာလှပေ။ ဆီးရီးယားနိုင်ငံဘက်သို့ ခရီးထွက်ရာလမ်းပေါ်တွင် အချိန်တိုင်းလိုလို ၎င်းတို့ ရင်ဆိုင်ရလျက်ရှိသည်။ သို့သော် အံ့သြစရာကောင်းသည်မှာ ထိုသူများသည် ယင်းသို့ ရင်ဆိုင်ရလျက် သံဝေဂတရားရယူခြင်း မရှိကြချေ။

ဤမြင်ကွင်းသည် ကျမ်းတော်မြတ် ကျရောက်သည့်ခေတ်၌ မဆိုထားနှင့် ယခုအချိန်အထိလည်း တည်ရှိလျက်ရှိသည်။ ၎င်းမှာ 'ဗိုင်သွလ်မိုကဒ္ဒတ်စ်'နှင့် 'အွရ်ဒွန်'မြစ်ကြား၌ ဤမြေကွက်သည် 'လူးသ်ပင်လယ်' (သို့) 'ပင်လယ်သေ'ဟူသော အမည်ဖြင့် ကျော်ကြားလျက်ရှိပေသည်။ ၎င်းမြေကြီးသည် ပင်လယ်ရေမျက်နှာပြင်နှင့် အလွန်နိမ့်ကျသည်။ ၎င်း၏ ထူးခြားချက်မှာ အလွန်အံ့သြစရာကောင်းသော ရေတစ်မျိုးဖြစ်သည်။ ယင်းရေတွင် ငါး၊ ဖား စသည့်သတ္တဝါများ အသက်မရှင်နိုင်ကြပေ။ ထို့ကြောင့် ၎င်းအား 'ပင်လယ်သေ'ဟု ခေါ်ဆိုပေသည်။ ဤနေရာကိုပင် 'စဒ္ဒူမ်'မြို့နေရာဟူ၍ တင်ပြကြပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا ۚ قَالَ يَٰقَوْمِ اعْبُدُوا اللَّهَ
مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ قَدْ جَاءَتْكُم بَيِّنَةٌ مِّن
رَّبِّكُمْ ۖ فَأَوْفُوا الْكَيْلَ وَالْمِيزَانَ وَلَا تَبْخَسُوا النَّاسَ
أَشْيَاءَهُمْ وَلَا تُفْسِدُوا فِي الْأَرْضِ بَعْدَ إِصْلَاحِهَا ۚ
ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ ﴿٨٥﴾

၇ : ၈၅ ။ ။ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) 'မဒ်ယန်' (မြို့သားများထံ) သို့ ၎င်းတို့၏ ညီအစ်ကိုသားချင်းဖြစ်သော (နဗီတမန်တော်) ရှုအိုက်ဗ်ကို (စေလွှတ်တော်မူခဲ့လေသည်။) ထို (နဗီတမန်တော်) ရှုအိုက်ဗ်သည် (မိမိအမျိုးသား

တို့အား ဤသို့) ပြောဆို (ဆုံးမ) ခဲ့လေသည်။ 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့၌ ထိုအသျှင်မြတ်အပြင် အခြားဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပေ။ ဧကန်စင်စစ် အသင်တို့ထံသို့ ထိုအသျှင်မြတ်ထံတော်မှ ထင်ရှားလှစွာသော သက်သေသာဓကသည် ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် (တောင်း၊ တင်း၊ ခွက် အစရှိသော) ပမာဏအခြင်အတွယ် (များ) ကိုလည်းကောင်း၊ အလေးချိန် (များ) ကိုလည်းကောင်း (ချိန်တွယ်ရာတွင် တရားမျှတစွာဖြင့်) အပြည့်အဝ (ချိန်တွယ်) ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် လူတို့အား ၎င်းတို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် လျှော့၍ပေးခြင်း (ဖြင့် ဆုံးရှုံးစေခြင်း) ကိုလည်း မပြုကြလေနှင့်။ ထို့ပြင် အသင်တို့သည် ကမ္ဘာမြေပြင် တင့်တယ်ကောင်းမွန်လာပြီးနောက် ထိုကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြလေနှင့်။ အသင်တို့သည် အကယ်စင်စစ် မုအ်မင်နံသက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျှင် ဤ (အချက်) သည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ချေသည်။

وَلَا تَقْعُدُوا
بِكُلِّ صِرَاطٍ تُوعِدُونَ وَتَصُدُّونَ عَن سَبِيلِ اللَّهِ
مَنْ آمَنَ بِهِ وَتَبْغُونَهَا عِوَجًا ۚ وَاذْكُرُوا إِذْ كُنتُمْ
قَلِيلًا فَكَثَّرَكُمْ ۖ وَانظُرُوا كَيْفَ كَانَ عَاقِبَةُ
الْمُفْسِدِينَ ﴿٨٦﴾

၇ : ၈၆ ။ ။ ထို့ပြင် အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်ကို ယုံကြည်သောသူတို့အား) ခြိမ်းခြောက်ခြင်း၊ ထိုအသျှင်မြတ်၏ လမ်းတော်မှ (ထိုသူတို့အား) ပိတ်ပင်တားဆီးခြင်း၊ (ထိုအသျှင်မြတ်၏ လမ်းတော်၌) ကွေ့ကောက်မှုကို ရှာဖွေခြင်း (တည်းဟူသော လမ်းများအနက်) မည်သည့်လမ်းပေါ်၌မျှ မထိုင်ကြလေနှင့်။ ထို့ပြင် အသင်တို့သည် (လူဦးရေ) အနည်းငယ်မျှသာ ရှိခဲ့ကြသောအခါ ထိုအသျှင်မြတ်သည် အသင်တို့အား တိုးပွားများပြားစေတော်မူခဲ့သည်ကိုလည်း ပြန်လည်သတိရကြလေကုန်။ ထို့ပြင် အသင်တို့သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သော သူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့ ဖြစ်(ပျက်) ခဲ့သည်ကိုလည်း ကြည့်ရှုကြလေကုန်။

وَإِن كَانَ طَائِفَةٌ مِّنكُمْ آمَنُوا
بِالَّذِي أُرْسِلْتُ بِهِ وَطَائِفَةٌ لَّمْ يُؤْمِنُوا فَاصْبِرُوا
حَتَّىٰ يَحْكُمَ اللَّهُ بَيْنَنَا ۚ وَهُوَ خَيْرُ الْحَاكِمِينَ ﴿٨٧﴾

၇ : ၈၇ ။ ။ ထို့ပြင် အကယ်၍ အသင်တို့အနက်မှ အုပ်စုတစ်စုသည် ငါ (၏ အသျှင်မြတ်ထံတော်မှ) မှာကြားစေလွှတ်ခြင်းခံရသော အမိန့်ပညတ်တော်များကို သက်ဝင်ယုံကြည်ခဲ့ကြပြီး အုပ်စုတစ်စုကမူ မယုံကြည်ဘဲ နေခဲ့ကြပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ငါတို့၏ စပ်ကြားဝယ် စီရင်ဆုံးဖြတ်ပေးတော်မူသည်အထိ အသင်တို့သည် သည်းခံစောင့်ဆိုင်း၍ နေကြလေကုန်။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်သာလျှင် အကောင်းဆုံး စီရင်ဆုံးဖြတ်ပေးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းနောက် ငါအသျှင်မြတ်သည် မဒ်ယန်မြို့သူမြို့သားများဘက်သို့ ငှင်းတို့၏ ညီနောင်တစ်ဦးဖြစ်သူ ရှိုက်ခ်အိုင်ဗ် عليه السلام ကို နဗီအဖြစ် စေလွှတ်တော်မူခဲ့၏။ ငှင်းနဗီသည် မဒ်ယန်မြို့သူ၊ မြို့သားများအား မိန့်ကြားသည်မှာ 'ကျွန်ုပ်၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြလေကုန်။ ထိုအသျှင်မြတ်မှတစ်ပါး အခြားမည်သူမျှ အသင်တို့၏ ကိုးကွယ်ခံထိုက်သူဟူ၍ မရှိပေ။ အလ္လာဟ်အသျှင်မြတ်ဘက်မှ အသင်တို့ထံတို့ ကျွန်ုပ်နဗီဖြစ်ကြောင်းအပေါ် အတိအလင်း အထောက်အထားအဖြစ် 'မုအ်ဂျေဇာဟ်' ကျရောက်လာပြီးဖြစ်သည်။ ကျွန်ုပ်၏ နဗီဖြစ်ခြင်းမှာ မှန်ကန်သောကြောင့် တရားတော်၏ ပြဋ္ဌာန်းချက်များအား ကျွန်ုပ်တင်ပြသည့်အတိုင်း လက်ခံကြကုန်။ သို့ရှိရာ ကျွန်ုပ်ပြောလိုသည်မှာ ချိန်တွယ်သည့်နေရာတွင် ပြည့်ပြည့်ဝဝ ချိန်တွယ်ကြကုန်။ လူများ၏ ပစ္စည်းများ၌ နစ်နာမှုမရှိစေနှင့်။ အသင်တို့၏ ဓလေ့အတိုင်း မလုပ်ဆောင်ကြနှင့်။ 'သောင်ဟီးဒ်' တရားနှင့် ရစူလ်စေလွှတ်ခြင်းအပေါ် ငှင်းနောက် တရားမျှတမှုနှင့် ချိန်တွယ်ရာ၌ မှန်မှန်ကန်ကန် ချိန်တွယ်ရန် သင်ကြားပြသပြီး ပြုပြင်ပြောင်းလဲပြီးသည့်နောက် အသင်တို့အနေနှင့် မြေပထဝီပေါ်တွင် ပြဿနာများ မလုပ်ကြပါနှင့်။ ဆိုလိုသည်မှာ ထိုပညတ်ချက်များနှင့် ဆန့်ကျင်ဘက်ပြုကာ ဖီဆန်ခြင်း မပြုလုပ်ကြပါနှင့်။ ကျွန်ုပ်ပြောသည့်အတိုင်း လိုက်နာကျင့်သုံးကြမည်ဆိုလျှင် နှစ်ဌာနစလုံး၌ အကျိုးရှိမည်။ အထောက်အထားများရှိသည့်အတိုင်း အကယ်၍ ကျွန်ုပ်အား ထောက်ခံကြမည်ဆိုလျှင်သော်လည်းကောင်း၊ ထိုသို့ ထောက်ခံပြီး ကျင့်သုံးမည်ဆိုလျှင်သော်လည်းကောင်း ဖော်ပြပါအချက်များသည် နှစ်ဌာနစလုံးအတွက် အကျိုးရှိမည်ဖြစ်သည်။ တမလွန်တွင် အောင်မြင်မှု ရရှိမည်မှာ သေချာပေသည်။ တရားတော်အတိုင်း လိုက်နာကျင့်သုံးခြင်းကြောင့် လောကီတွင် ငြိမ်းချမ်းသာယာမှုကို ဖြစ်ထွန်းစေပြီး အထူးသဖြင့် မှန်မှန်ကန်ကန် ချိန်တွယ်ခြင်းကြောင့် အရောင်းအဝယ်၌ တိုးပွားမှုကို ဖြစ်စေပါသည်။

ငှင်းနောက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူလာသောသူများကို အီမာန်ယူသောကြောင့် ခြိမ်းခြောက်ပြီး အလ္လာဟ်အသျှင်မြတ်၏လမ်းမှ တားဆီးရန်ဟူသော ဆန္ဒဖြင့် လမ်းများတွင် မထိုင်နေကြပါနှင့်။ ထိုအလ္လာဟ့်လမ်းတွင် မကောင်းသောအရာများနှင့် ဒွိဟများဖြစ်စေသော အရာများကို မရှာဖွေကြပါနှင့်။ ငှင်းမှာ အချည်းအနှီးစောဒကများဖြင့် လူများကို လှည့်ဖြားခြင်း မပြုကြလေနှင့်။ ငှင်းတို့သည် ဖော်ပြပါ လမ်းမှားခြင်းများနှင့်အတူ လမ်းမှားပေါ်တွင် ထိုင်စောင့်ပြီး လူများကို လှည့်ဖြားကြသည်။ ထို့နောက် တမန်တော်ရှိုအိုက်ဗ် عليه السلام အပေါ် အီမာန်မယူလာကြနှင့်။ ယူလာပါက အသင်တို့အား သတ်ဖြတ်မည်ဟူ၍ ခြိမ်းခြောက်ထားပေသည်။ ဆိုလိုသည်မှာ ထိုအခြေအနေများကို သတိရကြကုန်။ ငှင်းမှာ အသင်တို့ထံ ပစ္စည်းဥစ္စာ အရေအတွက်မှာ နည်းပါးနေသည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား တိုးပွားမှုကို ပေးသနားတော်မူသည်။ ဤသည် အီမာန်ယူလာရန် နှိုးဆော်ခြင်းပင်ဖြစ်သည်။ ငှင်းနောက် ပြဿနာရှာကြသောသူများ၏ ရလဒ်မှာ မည်သို့ရှိသည်ကို ကြည့်ကြကုန်။ ပမာဆိုရသော်

စမူဒ်၊ အားဒ်၊ နူးဟ်စသည့် မျိုးနွယ်စုများ၏ ရလဒ်အား မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ထိုနည်းတူစွာ အသင်တို့အပေါ် 'အဇာဗ်' ကျရောက်လာမည်ကို စိုးရိမ်ရပါသည်။ ဤသည် ဖီဆန်ခြင်းအား ခြိမ်းခြောက်ထားခြင်းဖြစ်ပေသည်။ အသင်တို့သည် အကယ်၍ 'အဇာဗ်' မကျရောက်ခြင်းအား ထိုအကြောင်းကြောင့် ဒွိဟဖြစ်ကြမည်။ အကြောင်းမူကား အသင်တို့ထဲမှ အချို့သူများသည် ကျွန်ုပ်အား ပညတ်ချက်များ မိန့်ကြား၍ စေလွှတ်ခဲ့သည်ဟူသော အချက်အပေါ် အီမာန်ယူလာကြသည်။ အချို့မှာ အီမာန်မယူလာခဲ့ကြပေ။ သို့သော်ငြားလည်း ယင်းအုပ်စုနှစ်စု၏ အခြေအနေမှာ တန်းတူဖြစ်နေသည်။ ၎င်းမှာ အီမာန်မယူလာသူများအပေါ် 'အဇာဗ်' ကျရောက်ခဲ့ခြင်း မရှိပေ။ ထိုအချက်ကြောင့် သိရှိရသည်မှာ အသင် နဗီ 'အဇာဗ်' နှင့် ခြောက်လှန့်နေခြင်းမှာ အခြေအမြစ်မရှိပေ။ သို့ရှိရာ ယင်းသို့ ဒွိဟဖြစ်ခြင်း၏ အဖြေမှာ ချက်ချင်း 'အဇာဗ်' မကျရောက်ခဲ့ခြင်းကြောင့် 'အဇာဗ်' ကျရောက်မည်မဟုတ်ဟူ၍ မည်သို့ မှတ်ယူကြသနည်း။ ကျွန်ုပ်တို့၏ အုပ်စုနှစ်စုအကြား အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မကျရောက်မချင်း စောင့်ဆိုင်းကြကုန်။ ဆိုလိုသည်မှာ 'အဇာဗ်' ကျရောက်စေ၍ ကာဖိရ်များကို ဖျက်ဆီးပစ်တော်မူပြီး အီမာန်ရှင်များကို ကယ်တင်တော်မူမည်။ အမှန်စင်စစ် ထိုအသျှင်မြတ်သည် အကောင်းဆုံး ဆုံးဖြတ်သူဖြစ်ပြီး ထိုအသျှင်မြတ်၏ ဆုံးဖြတ်ချက်သည် လုံးဝ သင့်လျော်မှန်ကန်မှု ရှိပေ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နဗီတမန်တော်များ၏ ဖြစ်စဉ်များကို အထက်ဖော်ပြပါ အာယသ်တော်များမှ တစ်ဆက်တည်း တင်ပြလျက်ရှိပေသည်။ ယင်းဖြစ်စဉ်များထဲမှ ပဉ္စမမြောက်ဖြစ်စဉ်မှာ တမန်တော်ရှုအိုက်ဗ် عليه السلام ၏ မျိုးနွယ်စုအကြောင်းပင် ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ဤအာယသ်တော်၌ ဖော်ပြထားပေသည်။

တမန်တော်ရှုအိုက်ဗ် عليه السلام သည် မိုဟမ္မဒ်အိဗ်နေအိစ္စဟာက်၏ ဆင့်ပြန်ချက်နှင့်အညီ တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားတော်ဖြစ်သူ မဒ်ယာန်၏ သားသမီးများထဲမှ ဖြစ်သည်။ ၎င်းနောက် တမန်တော်လူးသ် عليه السلام ၏ ဆွေမျိုးနီးစပ်ထဲမှလည်း ဖြစ်သည်။

မဒ်ယာန်သည် တမန်တော်အိဗ္ဗရာဟီမ် عليه السلام ၏ သားတော်ဖြစ်သည်။ ၎င်း၏ သားစဉ်မြေးဆက်လည်း မဒ်ယာန်အမည်ဖြင့် ကျော်ကြားခဲ့ပေသည်။ ၎င်းတို့နေထိုင်သော ရွာကိုလည်း မဒ်ယာန်ဟူ၍ ခေါ်ဆိုကြသည်။ ပမာဆိုရသော် မဒ်ယာန်သည် မျိုးနွယ်၏ အမည်ဖြစ်သကဲ့သို့ မြို့၏ အမည်လည်း ဖြစ်ပေသည်။ ယင်းမြို့သည် ယနေ့ 'အွရ်ဒွန်' ၏ အရှေ့ဘက် 'မအာန်' မည်သော ဆိပ်ကမ်းအနီး၌ တည်ရှိပေသည်။ ကျမ်းတော်မြတ်တွင် အခြားတစ်နေရာ၌ တမန်တော်မူစာ عليه السلام ၏ ဖြစ်စဉ်၌ တင်ပြထားသည်မှာ-

وَلَمَّا وَرَدَ مَآءَ مَدْيَنَ

ယင်း၏ အလိုသဘောမှာလည်း ဖော်ပြပါမဒ်ယန်မြို့ကို ဆိုလိုခြင်း ဖြစ်ပေသည်။ တမန်တော်ရှုအိုက်ဗ် عليه السلام ကို ၎င်း၏ အပြောအဆိုကောင်းသည့်အပေါ် خَطِيبُ الْأَنْبِيَاءِ ဟူ၍ ခေါ်ဆိုပေသည်။

တမန်တော်ရှုအိုက်ဗ် عليه السلام အား စေလွှတ်ခဲ့သော မျိုးနွယ်စုများကို ကျမ်းတော်မြတ်တွင် ၎င်းတို့အား اهل مدين နှင့် اصحاب مدين ဟူသော အမည်ဖြင့် တင်ပြထားပေသည်။ အချို့နေရာများတွင် اصحاب ايكه ဟူသော အမည်ဖြင့် တင်ပြထားပါသည်။ ايكه ၏ အဓိပ္ပာယ်မှာ 'တော'ဖြစ်သည်။

အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုထားသည်မှာ ဤအုပ်စုနှစ်စုသည် သီးခြားစီဖြစ်ပြီး ရွာလည်း သီးခြားစီဖြစ်ပေသည်။ တမန်တော်ရှုအိုက်ဗ် عليه السلام အား ထိုအုပ်စုနှစ်စုထဲမှ တစ်အုပ်စုဘက်သို့ ဦးစွာပထမ စေလွှတ်တော်မူခဲ့သည်။ ယင်းအုပ်စု ပျက်စီးပြီးသည့်နောက် အခြားအုပ်စုဘက်သို့ စေလွှတ်တော်မူခဲ့သည်။ ယင်းအုပ်စုနှစ်စုလုံးအပေါ် 'အဇာဗ်'ကျရောက်ခြင်းနှင့် စပ်လျဉ်း၍ ဝါကျများမှာလည်း သီးခြားစီ ဖြစ်ပေသည်။ မဒ်ယာန်မြို့သူ၊ မြို့သားများအတွက် အချို့နေရာတွင် صيحه ဟူ၍လည်းကောင်း၊ အချို့နေရာတွင် رجفه ဟူ၍လည်းကောင်း တင်ပြထားပေသည်။ အိုင်ကာဟ်မြို့သူ၊ မြို့သားများအတွက် عذاب ظله ဟူ၍ တင်ပြထားပေသည်။ صيحه ၏ အဓိပ္ပာယ်မှာ ပြင်းထန်သောအသံဖြစ်ပြီး رجفه ၏ အဓိပ္ပာယ်မှာ လျှောင်လှုပ်ခြင်းဖြစ်သည်။ ظله ၏ အဓိပ္ပာယ်မှာ အရိပ်ဖြစ်သည်။ အိုင်ကာဟ်မြို့သူ၊ မြို့သားများအပေါ် 'အဇာဗ်'ကျရောက်သည့်ပုံစံမှာ ဦးစွာပထမ ရက်အနည်းငယ်မျှ တစ်ရွာလုံးပေါ် ပြင်းထန်သည့် အပူရှိန် ကျရောက်ခဲ့သည်။ ယင်းအပူရှိန်ကြောင့် ရွာသူ၊ ရွာသားများအားလုံး ဆူပွက်ကြကုန်သည်။ တစ်ဖန် ယင်းရွာ အနီးရှိ တောအုပ်တစ်ခုတွင် ထူထပ်သော တိမ်တိုက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ယင်းတိမ်တိုက်ကြောင့် တောတစ်ခုလုံး အရိပ်ဖြစ်သွားပြီး လေအေးများ တိုက်ခတ်လျက်ရှိသည်။ ယင်းအခြေအနေကို မြင်တွေ့ရ၍ ရွာသူ၊ ရွာသားများအားလုံး ထိုမိုးတိမ်အောက်သို့ စုရုံးရောက်ရှိသွားကြသည်။ ဤသို့ဖြင့် အလ္လာဟ်အသျှင်မြတ်၏ ရန်သူများသည် မည်သည့်သတိပေးချက်မှ မရရှိဘဲ မိမိတို့ကိုယ်တိုင် ပျက်စီးမည့်နေရာသို့ သွားရောက်ခဲ့ကြသည်။ အားလုံးစုစည်းသွားပြီးနောက် တိမ်တိုက်မှ မီးမိုးများ ရွာသွန်းစေပြီး မြေငလျှင်လှုပ် လာသည်။ ယင်းအချက်ကြောင့် အားလုံး ပျက်စီးသွားကြရသည်။

အချို့သဖ်စီးရ်ပညာရှင်များက မိန့်ဆိုသည်မှာ မဒ်ယန်မြို့သူ၊ မြို့သားများနှင့် အိုင်ကာဟ်မြို့သူ၊ မြို့သားများသည် မျိုးနွယ်စုတစ်စုတည်း၏ အမည်ဖြစ်သည်။ အထက်၌ 'အဇာဗ်'ပုံစံသုံးမျိုး တင်ပြထား ပေသည်။ သုံးမျိုးစလုံး ထိုမျိုးနွယ်စုများအပေါ်သို့ ကျရောက်ခဲ့ပေသည်။ ဦးစွာပထမ မီးမိုးများ ကျရောက် ခဲ့သည်။ တစ်ဖန် ပြင်းထန်သည့် အသံတစ်သံ ထွက်ပေါ်လာပြီး ငလျှင်လှုပ်လာပေသည်။ ယင်းအချက်ကိုပင် အိဗ်နေကသီးရ်မှ လက်ခံထားပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ယင်းအုပ်စုနှစ်စုသည် သီးခြားစီဖြစ်စေ၊ (သို့) တစ်စုတည်းဖြစ်ပြီး အမည်နှစ်ခု ဖြစ်စေ တမန်တော်ရှုအိုက်ဗ် عليه السلام ဘက်မှ ယင်းအုပ်စုများကို တရားလမ်းမှန်စကားများ မြွက်ကြားခဲ့ကြောင်း ကို ပထမအာယသ်တော်နှင့် ဒုတိယအာယသ်တော်များတွင် တင်ပြထားပေသည်။ ထိုမြွက်ကြားချက်၏ အကျယ်တဝင့်ကို မတင်ပြမီအလျှင် နားလည်သဘောပေါက်ထားရမည်မှာ နဗီတမန်တော်များအားလုံး၏

ဖိတ်ခေါ်မှုမှာ တစ်ပုံစံတည်းပင် ဖြစ်သည်။ ၄င်း၏ အကျဉ်းချုပ်မှာ ဝတ္တရားများကို ကျေပွန်ရန်ဖြစ်သည်။ တစ်ဖန် ဝတ္တရားများ၊ နှစ်မျိုးနှစ်စား ရှိပေသည်။ တစ်မျိုးမှာ အလ္လာဟ်အသျှင်မြတ်နှင့် တိုက်ရိုက်ဆက်သွယ်မှု ရှိသော ဝတ္တရားများဖြစ်သည်။ ယင်းဝတ္တရားများကို ကျေပွန်ခြင်း၊ မကျေပွန်ခြင်းသည် လူသားတို့၏ အကျိုးဖြစ်ထွန်းခြင်းနှင့် နစ်နာခြင်းများ မပတ်သက်ပေ။ ပမာဆိုရသော် နမာဇ်၊ ရိုဇာဟ် စသည်တို့ ဖြစ်သည်။ ဒုတိယဝတ္တရားမှာ ဗန္ဒာဟ်များနှင့် သက်ဆိုင်ပေသည်။ ယင်းဝတ္တရားသည် လူသားများနှင့် ဆက်စပ်နေပေသည်။ ၄င်းနောက် ဤမျိုးနွယ်စုများသည် ထိုဖော်ပြပါ ဝတ္တရားနှစ်ခုစလုံးအား သတိမမူဘဲ ဆန့်ကျင်ဘက်များသာ ပြုလုပ်လျက်ရှိကြသည်။

ယင်းလူများသည် အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်များအပေါ် အီမာန်မယူလာဘဲ حقوق الله နှင့် ဆန့်ကျင်ဘက်ပြုလုပ်လျက်ရှိသည်။ တစ်ဆက်တည်းမှာဘဲ ရောင်းဝယ်ဖောက်ကားရာ၌ ချိန်တွယ်ရာတွင် လျှော့၍ ချိန်တွယ်ပြီး လူများ၏ ဝတ္တရားများ၊ ရပိုင်ခွင့်များကို ချိုးဖောက်နစ်နာစေပေသည်။ ၄င်းနောက် ထိုသူများသည် လမ်းများပေါ်တွင် ထိုင်ပြီး လမ်းသွားလမ်းလာများကို ခြိမ်းခြောက်၍ တမန်တော်ရှုအိုက်ဗ် عليه السلام အပေါ် အီမာန်ယူလာခြင်းအား တားဆီးလျက်ရှိကြသည်။ ဤနည်းဖြင့် မြေပထဝီပေါ် ပြဿနာ ရှာလျက်ရှိခဲ့ကြသည်။ ဤသည် ၄င်းတို့၏ ပြစ်မှုကြီးများဖြစ်သည်။ ယင်းအကျင့်ဆိုးများအား ပြုပြင်ရန်အတွက် တမန်တော်ရှုအိုက်ဗ် عليه السلام ကို စေလွှတ်တော်မူခဲ့သည်။

ဖော်ပြပါအာယသ်တော်များမှ ပထမနှစ်အာယသ်တွင် ထိုမျိုးနွယ်စုအား ပြုပြင်ပြောင်းလဲရန်အတွက် တမန်တော်ရှုအိုက်ဗ် عليه السلام သည် အချက်သုံးချက်ကို မိန့်ဆိုခဲ့သည်။ ပထမအချက်မှာ

يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ

ဆိုလိုသည်မှာ အို၊ ကျွန်ုပ်၏ မျိုးနွယ်စုအပေါင်းတို့၊ အသင်တို့ အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြကုန်။ ထိုအသျှင်မြတ်မှအပ အခြားမည်သူမှ အသင်တို့၏ ကိုးကွယ်ခံထိုက်သူဟူ၍ မရှိ။ ဤသည် နဗီအပေါင်း ဖိတ်ခေါ်လေ့ရှိခဲ့သော 'တောင်ဟီးဒ်' တရား ဖြစ်သည်။ ယင်း 'တောင်ဟီးဒ်' တရားသည် ယုံကြည်ချက်များနှင့် ကျင့်ဆောင်မှုများ၏ ဝိညာဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းလူမျိုးစုများလည်း အဖန်ဆင်းခံများကို ကိုးကွယ်ခြင်း၌ နစ်မွန်းနေကြပြီး အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်နှင့် ဂုဏ်တော်များအား မေ့လျော့နေကြသည်။ ထို့ကြောင့် ၄င်းတို့ကိုလည်း အဆိုပါအတိုင်း ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ၄င်းနောက်

قَدْ جَآءَتْكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ

ဟု မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ အသင်တို့၏ အသျှင်မြတ်ထံတော်ပါးမှ တိကျသော အထောက်အထားများ အသင်တို့ထံ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဤနေရာ၌ ထင်ရှားသော အထောက်အထား ဆိုရာ၌ ထို 'မုအ်ဂျေဇာဟ်'များ ဖြစ်ပါသည်။ အကြင် 'မုအ်ဂျေဇာဟ်'များကို တမန်တော်ရှုအိုက်ဗ် عليه السلام မှ

ပြသတော်မူခဲ့သည်။ သဖ်စီးရ်ဇဟ်ရေမိုဟီးသ္ဂ်ကျမ်း၌ ယင်း 'မုအ်ဂျေဇာဟ်' များ၏ ပုံစံအသီးသီးကို တင်ပြထားပေသည်။

ဒုတိယမြွက်ကြားချက်မှာ-

فَاَوْفُوا الْكَيْلَ وَالْمِيْزَانَ وَلَا تَبْخَسُوا النَّاسَ اَشْيَآئَهُمْ

ယင်းအာယသ်တော်၌ كيل ၏အဓိပ္ပာယ်မှာ တိုင်းထွာခြင်းနှင့် ميزان ၏ အဓိပ္ပာယ်မှာ ချိန်တွယ်ခြင်း ဖြစ်သည်။ بخس ၏ အဓိပ္ပာယ်မှာ တစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်တွင် လျှော့နည်းစေပြီး နစ်နာအောင် ပြုလုပ်ခြင်း ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ အသင်တို့ ချိန်တွယ်တိုင်းထွာရာ၌ ပြည့်ပြည့်ဝဝ ချိန်တွယ်တိုင်းထွာကြကုန်။ လူများ၏ ပစ္စည်းများအား လျှော့နည်းစေပြီး နစ်နာအောင် မပြုလုပ်ကြလေနှင့်။

အဆိုပါအာယသ်တော်တွင် ဦးစွာပထမ ထူးခြားသော ပြစ်မှုတစ်ခုအား တားဆီး မိန့်တော်မူထားပေသည်။ ၎င်းမှာ ရောင်းဝယ်ဖောက်ကားချိန်၌ဖြစ်စေ၊ တိုင်းထွာချိန်တွယ်ရာ၌ဖြစ်စေ မပြည့်သည့်ပုံစံကို တင်ပြထားပေသည်။ ထို့နောက်

لَا تَبْخَسُوا النَّاسَ اَشْيَآئَهُمْ

ဟု မိန့်တော်မူပြီး ရပိုင်ခွင့်တိုင်းတွင် လျှော့နည်းခြင်းဟူသမျှကို ခြုံငုံမိန့်ဆိုထားခြင်း ဖြစ်ပေသည်။ ယင်းလုပ်ရပ်သည် ပစ္စည်းနှင့် ပတ်သက်သည့်ဖြစ်စေ၊ (သို့) သိက္ခာနှင့် ပတ်သက်သည်ဖြစ်စေ၊ (သို့) အခြားအရာတစ်ခုခုနှင့် ပတ်သက်သည်ဖြစ်စေ အားလုံး အကျုံးဝင်၏။

ယင်းအချက်မှ သိရှိရသည်မှာ ချိန်တွယ်ခြင်းနှင့် တိုင်းထွာရာ၌ လျှော့နည်းစေပြီး မှန်မှန်ကန်ကန် မချိန်တွယ်၊ မတိုင်းထွာခြင်းသည် 'ဟရာမ်'ဖြစ်၏။ ထိုနည်းတူစွာ လူသားတို့၏ ဝတ္တရားများနှင့် ပတ်သက်သည့် အခြားအရာများ၌လည်း ပေါ့လျှော့ခြင်းသည် 'ဟရာမ်'ဖြစ်သည်။ တစ်ပါးသူ၏ သိက္ခာအား ငြိုးနွမ်းအောင် လုပ်ခြင်း (သို့) တစ်ပါးသူ၏ အဆင့်အတန်းနှင့်အညီ ရိုသေသမှု မရှိခြင်း၊ အကြင်သူများ၏ အမိန့်ကို နာခံရန် 'ဝါဂျိဗ်'ဖြစ်သော ၎င်းတို့၏ အမိန့်နာခံမှု အားနည်းခြင်း (သို့) ဂုဏ်ပေးထိုက်သော သူအား ထိုက်သင့်သည့် ဂုဏ်သိက္ခာမပေးခြင်း စသည့် အကြောင်းအချက်များအားလုံးသည် ဖော်ပြပါပြစ်မှု၌ ပါဝင်ပေသည်။ ယင်းပြစ်မှုများအား တမန်တော်ရှုအိုက်ဗ် ﷺ ၏ မျိုးနွယ်စုများ ပြုလုပ်ကျူးလွန်ခဲ့ကြသည်။ နောက်ဆုံးဟဂျ်၏ မိန့်ခွန်းပြောကြားရာတွင် တမန်တော်မြတ် ﷺ သည် လူများ၏ သိက္ခာကို ၎င်းတို့၏ သွေးနှင့်အညီ ဂုဏ်ပေးရန် အရေးကြီးပြီး ထိန်းသိမ်းထိုက်သည်ဟူ၍ ချမှတ်တော်မူခဲ့ပေသည်။ ယင်းမိန့်ခွန်း၏ ရလဒ်မှာလည်း အဆိုပါအတိုင်းပင် ဖြစ်ပေသည်။

ကျမ်းတော်မြတ်တွင် مُطَفِّفِيْن နှင့် تطفيف စာလုံး တင်ပြထားသော နေရာ၌ ဖော်ပြပါအချက်များ အားလုံး ပါဝင်ပေသည်။ ဟဇရသ်ဖွာရူက်အအ်ဇမ် ﷺ သည် ပုဂ္ဂိုလ်တစ်ဦးအား လျင်မြန်စွာ ရှုကူအ်နှင့် 'စဂျ်ဒဟ်'ပြုလုပ်နေသည်ကို မြင်တွေ့ရသောအခါ قَدْ طَفَّفْتَ ဟု မိန့်တော်မူခဲ့၏။ ဆိုလိုသည်မှာ အသင်

သည် ချိန်တွယ်တိုင်းထွာရာ၌ လျှော့နည်းစေခဲ့သည်။ အလိုသဘောမှာ နမာဇ်၏ ကျင့်ဝတ်များအား အသင် မကျေပွန်ခဲ့ပေ။ ဤနေရာ၌ နမာဇ်၏ ကျင့်ဝတ်များ၏ ကျေပွန်ခြင်းကို تطفيف စာလုံးဖြင့် ဖော်ဆောင်ထားပေသည်။

အာယသ်တော်၏ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ-

وَلَا تُفْسِدُوْا فِي الْاَرْضِ بَعْدَ اِصْلَاحِهَا

ဆိုလိုသည်မှာ ပြုပြင်ပြောင်းလဲပြီးနောက် မြေထဝီပေါ် ပြဿနာများ ပြန့်ပွားအောင် မပြုလုပ်ကြလေနှင့်။ ဤဝါကျသည် ဤ 'စူရာဟ်အအ်ရာဖ်' မှာပင် အစပိုင်း၌ တင်ပြထားပြီး ဖြစ်ပေသည်။ ၎င်း၏ အကျယ်တဝင့်ကိုလည်း ထိုနေရာမှာပင် တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းမှာ မြေပထဝီပေါ် အပေါ်ယံ ပြုပြင်ပြောင်းလဲခြင်းဆိုသည်မှာ အရာတိုင်းကို သူ့နေရာနှင့်သူ သုံးစွဲခြင်း၊ အတိုင်းအတာအတွင်း ဆောင်ရွက်ခြင်း၊ တရားမျှတမှုကို ဆောက်တည်ခြင်းအပေါ် မူတည်ပေသည်။ အတွင်းပိုင်းဆိုင်ရာ ပြောင်းလဲခြင်းဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ဆက်သွယ်မှုထားခြင်း၊ ထိုအသျှင်မြတ်၏ အမိန့်များအပေါ် လိုက်နာကျင့်သုံးခြင်းတို့ ဖြစ်သည်။ ထိုနည်းတူစွာပင် မြေပထဝီအပေါ် အပြင်ပိုင်းနှင့် အတွင်းပိုင်း ပြဿနာများသည် ဖော်ပြပါ စည်းမျဉ်းများကို စွန့်လွှတ်ခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ တမန်တော်ရှုအိုက်ဗ် ﷺ ၏ မျိုးနွယ်စုများသည် ထိုအခြေခံစည်းမျဉ်းများအားလုံးကို ချက်ကွယ်ပြုထားခဲ့ကြသည်။ ထို့ကြောင့် မြေပထဝီပေါ် အပြင်ပိုင်းဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာများတွင် ပြဿနာများ ဖြစ်ခဲ့ရသည်။ ဤအတွက်ကြောင့် ၎င်းတို့အား ဆုံးမဩဝါဒပြုခဲ့သည်မှာ အသင်တို့၏ ဤလုပ်ဆောင်ချက်များသည် မြေပထဝီတစ်ခုလုံးကို ဖျက်ဆီးမည့် အရာများဖြစ်သည့်အတွက် ယင်းလုပ်ဆောင်ချက်များမှ ရှောင်ကြဉ်ကြကုန်။ တစ်ဖန်

ذٰ لِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ

ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ အကယ်၍ ကျွန်ုပ်၏စကား နားထောင်မည်။ လက်ခံမည်ဆိုလျှင် အသင်တို့အတွက် အကျိုးဖြစ်မည်။ အလိုသဘောမှာ အကယ်၍ အသင်တို့သည် မိမိတို့၏ ထိုမပိုင်သော လုပ်ရပ်များမှ ပြုပြင်၊ ရှောင်ကြဉ်လာမည်ဆိုလျှင် အသင်တို့၏ သာသနာရေးနှင့် လောကီရေး၌ အကျိုးရှိမည်ဖြစ်သည်။ သာသနာရေးနှင့် တမလွန်ရေး၌ အကျိုးဖြစ်ထွန်းခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များအပေါ် လိုက်နာကျင့်သုံးခြင်းနှင့် ပတ်သက်ပေသည်။ လောကီအကျိုး ရရှိခြင်းအကြောင်းမှာ အကြင်သူ၏ ချိန်တွယ်တိုင်းထွာခြင်း၌ သမာဓိရှိကြောင်းကို လူများ သိရှိသွားမည်ဆိုပါက ဈေးတွင် ထိုသူမှာ မျက်နှာပန်းလှပြီး စီးပွားရေးမှာလည်း တိုးတက်မှုကို ရရှိမည်ဖြစ်သည်။

တတိယအာယသ်တော်တွင် မိန့်တော်မူထားသည်မှာ အသင်တို့သည် လူများကို ခြိမ်းခြောက်ပြီး အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လျှောက်လှမ်းခြင်းအား တားဆီးရန် လမ်းများအပေါ်၌ ထိုင်နေကြသည်။ ၎င်း၏ အလိုသဘောအား သဖ်စီးရ်ပညာရှင်များက သတ်မှတ်ထားသည်မှာ ဖော်ပြပါဝါကျနှစ်ခုစလုံးသည်

အလိုသဘောတစ်ခုတည်း ဖြစ်သည်။ ၎င်းတို့သည် လမ်းများတွင် ထိုင်ပြီး တမန်တော်ရှုအိုက်ဗ် ﷺ ထံပါးသို့ သွားသောသူများကို တားဆီးရန် ခြိမ်းခြောက်ကြသည်။

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ ယင်းပြစ်မှုများမှာ သီးခြားစီဖြစ်ပေသည်။ လမ်းများပေါ်တွင် လုယက်မှုများ ပြုလုပ်ကြသည်။ ထိုနည်းတူစွာ တမန်တော်ရှုအိုက်ဗ် ﷺ အပေါ် အီမာန်ယူလာခြင်းမှ တားဆီးကြသည်။ ပထမဝါကျ၌ ပထမအကြောင်းအရာဖြစ်ပြီး ဒုတိယဝါကျ၌ ဒုတိယအကြောင်းအရာကို တင်ပြထားပေသည်။ သဖ်စီးရ်ဗဟ်ရေမိုဟီးသ်၌ အဆိုပါအချက်ကိုပင် ဦးစားပေး တင်ပြထားပေသည်။ လမ်းများပေါ်တွင် ထိုင်ပြီး လုယက်ခြင်းများနည်းတူ တရားတော်နှင့် ဆန့်ကျင်ပြီး မပိုင်သောပုံစံဖြင့် အခွန်အခကောက်ရန် လမ်းများတွင် ဂိတ်များ ပြုလုပ်ထားခြင်းများကိုပါ ထည့်သွင်းချမှတ်ထားပေသည်။

သုခမိန်ကြီးကုရ်သုဗီး (ရဟ) သခင်မိန့်ဆိုသည်မှာ လမ်းများပေါ်ထိုင်ပြီး တရားတော်နှင့် ဆန့်ကျင်ကာ မပိုင်သောပုံစံနှင့် အခွန်အခကောက်ခံသော သူများလည်း တမန်တော်ရှုအိုက်ဗ် ﷺ မျိုးနွယ်စုများကဲ့သို့ အပြစ်ထိုက်သူများ ဖြစ်ကြသည်။ သို့သာမက ၎င်းတို့ထက်ပင် သာပိုမည်ဖြစ်သည်။

အာယသ်တော်၏ နောက်ဆုံးတွင် မိန့်တော်မူထားသည်မှာ-

وَتَبۡغُونَهَا عِوَجًا

ဆိုလိုသည်မှာ အသင်တို့သည် အလ္လာဟ့်လမ်းတွင် ပြစ်ချက်များကိုသာ ရှာဖွေလျက်ရှိကြသည်။ ၎င်းမှာ လက်ညှိုးကလေးတစ်ချောင်း ထောက်ခွင့်ရသွားလျှင် စောဒကများ အမျိုးမျိုး တက်ကြပြီး လူများကို မှန်ကန်သော သာသနာတော်အား စိတ်ငြီးငြင်သွားအောင် ကြိုးပမ်းခဲ့ကြသည်။

ထို့နောက် အာယသ်တော်၏ နောက်ဆုံး၌ မိန့်တော်မူထားသည်မှာ-

وَاذۡكُرُوٓا اِذۡ كُنۡتُمۡ قَلِيۡلًا فَكَثَّرَكُمۡ وَانۡظُرُوۡا كَيۡفَ كَانَ عَاقِبَةُ الۡمُفۡسِدِيۡنَ

ယင်းအာယသ်တော်တွင် ထိုသူများကို သတိချပ်စေရန်အတွက် နှိုးဆော်ခြင်းနှင့် ခြိမ်းခြောက်ခြင်း နှစ်မျိုးစလုံးအတွက် သုံးနှုန်းထားပေသည်။ ဦးစွာပထမ နှိုးဆော်ရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ခြင်းများကို သတိပေးထား၏။ ၎င်းမှာ အသင်တို့သည် အရေအတွက်နည်းပါးခဲ့သည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ မျိုးဆက်များကို တိုးပွားစေကာ ကျယ်ပြန့်သော မျိုးနွယ်စုတစ်စုအဖြစ် ပြုပေးတော်မူခဲ့၏။ (သို့) ပစ္စည်းဥစ္စာအရ ချို့တဲ့သည့်အတွက် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား စည်းစိမ်များ ချီးမြှင့်တော်မူခဲ့သည်။ တစ်ဖန် ခြိမ်းခြောက်ရန်အတွက် မိန့်တော်မူထားသည်မှာ အသင်တို့ထက်အလျင် ပြဿနာများ ရှာခဲ့ကြသော အုပ်စုများအား တစေ့တစောင်း ကြည့်ရှုကြကုန်။ ၎င်းမှာ နူးဟ်မျိုးနွယ်စု၊ အားဒ်နှင့် စမူဒ်မျိုးနွယ်စု၊ လူးသ်မျိုးနွယ်စုများအပေါ် မည်သို့မည်ပုံ ပြစ်ဒဏ်များ ကျရောက်ခဲ့ပါသနည်း။ သို့မှသာ အသင်တို့ နားလည်သဘောပေါက်ကြမည်ဖြစ်သည်။

ပဥ္စမမြောက်အာယသ်တော်တွင် ထိုမျိုးနွယ်စုများ၏ ဒွိဟအပေါ် ဖြေကြားထားခြင်း ဖြစ်ပေသည်။ ၎င်းမှာ ရှုအိုက်ဗ် عليه السلام အနေနှင့် အီမာန်ဘက်သို့ ဖိတ်ခေါ်ပြုပြီးသည့်နောက်တွင် ၎င်း၏ မျိုးနွယ်စုအတွင်း အုပ်စုနှစ်စု ကွဲသွားသည်။ အချို့မှာ အီမာန်ယူလာကြပြီး အချို့မှာ ဖီဆန်ကြသည်။ သို့သော် အပေါ်ယံအားဖြင့် ကြည့်လျှင် ယင်းအုပ်စုနှစ်စုတွင် မည်သို့မှ ခြားနားခြင်း မရှိပေ။ 'အုပ်စုနှစ်စုစလုံး တန်းတူ စည်းစိမ်ခံစားကြရသည်။ အကယ်၍ ဖီဆန်ခြင်းသည် အပြစ်ထိုက်သည်ဆိုလျှင် ၎င်း၏ ပြစ်ဒဏ်ခံစားရမည်သာ ဖြစ်သည်။' ယင်းအချက်အား ဖြေကြားရာတွင်

فَاصْبِرُوْا حَتّٰى يَحْكُمَ اللّٰهُ بَيْنَنَا

ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ စိတ်မလောကြပါနှင့်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် ၎င်းကျူးလွန်သူများကို အချိန်ပေးထားခြင်း ဖြစ်ပေသည်။ ၎င်းကျူးလွန်သူများအနေနှင့် လုံး၀ မိုက်တွင်းနက်သွားခဲ့ကြပြီးဆိုသောအခါမှ ဆုံးဖြတ်ချက် ချမှတ်တော်မူမည်ဖြစ်သည်။ အသင်တို့၏ အခြေအနေမှာလည်း အဆိုပါအတိုင်းပင် ဖြစ်သည်။ အကယ်၍ အသင်တို့အနေနှင့် ဖီဆန်ခြင်းမှ နောက်မဆုတ်ဟုဆိုပါက ဖီဆန်သူများအပေါ် အမြန်ဆုံး 'အဓားဗ်'၏ ဆုံးဖြတ်ချက် ကျရောက်လာမည်ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၈]

၌တွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ

တတ်သိသူများအား မေးမြန်းကြလေကုန်။''